http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပါထိကဝဂ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ၂၀၀၀

ပါထိကဝဂ်ပါဠိတော် မြန်မာပြန်

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပါထိကဝဂ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ၂၀၀၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

### ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပါထိကဝဂ်ပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇) –၃ | (၁၂) –၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈) –၄ | (၁၁) –၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) –၇ | (၄၀) –၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က–ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁
(၃၄ သုတ်)

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ–မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]
(၁၅၂ သုတ်)

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ–သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)
(၇၇၆၂ သုတ်)

## ဃ–အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း
(၉၅၅၇ သုတ်)

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | |
|---|---|---|
| ၁၃.၄–၁. ၁/၅ - | ၁ ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄–၁. ၂/၅ - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄–၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | |
|---|---|---|
| ၁၈.၄–၂. ၁/၅ - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ - | ၂ ဝိဘင်း | (၁) |
| – | ၃ ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ - | ကထာဝတ္ထု (ဒု) | (၁) |
| — | ၆ ယမိုက် | x |
| — | ၇ ပဋ္ဌာန်း | x |
| | | (၅) အုပ် |

http://www.dhammadownload.com



## (ဧ-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | |
|---|---|---|---|
| ၂၃. ဧ-၃. | ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း |
| ၂၄. ဧ-၃. | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | ၁ |
| ၂၅. ဧ-၃. | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | ၁ |
| ၂၆. ဧ-၃. | ၄/၇ - | ၉ ပဋိသမ္ဘိဒါမဂ် | ၁ |
| ၂၇. ဧ-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | ၁ |
| ၂၈. ဧ-၃. | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | ၁ |
| ၂၉. ဧ-၃. | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | ၁ |
| | | ၁၄ ကျမ်း | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ပါထိကဝဂ်ပါဠိတော် မြန်မာပြန်

## မာတိကာ

---

အကြောင်းအရာ — မျက်နှာအမှတ်

### ၁-ပါထိကသုတ်


သုနက္ခတ်ရဟန်းဝတ္ထု .... ၁
ကောရခတ္တိယဝတ္ထု .... ၅
ကဠာရမဋ္ဋကတက္ကတွန်းဝတ္ထု .... ၈
ပါထိကပုတ္တတက္ကတွန်းဝတ္ထု .... ၁၀
တန်ခိုးပြာဋိဟာပြခဏ်း .... ၁၃
အစ ဟု သိအပ်သော တရားကို ပညတ်ခြင်း .... ၂၂


### ၂-ဥဒုမ္ဗရိကသုတ်


နိဂြောဓပရိဗိုဇ်ဝတ္ထု .... ၂၉
ညစ်ညူးခြင်း အမျိုးမျိုး .... ၃၄
အခွံအပွေးနှင့် တူသော စင်ကြယ်ခြင်းကို ပြဆိုရာ .... ၃၇
အခေါက်နှင့်တူသော စင်ကြယ်ခြင်းကို ပြဆိုရာ .... ၃၉
အကာနှင့်တူသော စင်ကြယ်ခြင်းကို ပြဆိုရာ .... ၄၁
အထွတ်အထိပ် အနှစ်သာရနှင့် တူသော စင်ကြယ်ခြင်းကို ပြဆိုရာ .... ၄၂
နိဂြောဓပရိဗိုဇ်၏ မှိုင်တွေခြင်း .... ၄၃
အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း .... ၄၅
ပရိဗိုဇ်တို့၏ မှိုင်တွေခြင်း .... ၄၆


### ၃-စက္ကဝတ္တိသုတ်


မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာ အဖြစ် .... ၄၉
မြတ်သော စကြာမင်းတို့၏ ကျင့်ဝတ် .... ၅၁
စကြာရတနာ ဖြစ်ပေါ်လာခြင်း .... ၅၂
ဒုတိယ စကြာမင်း စသည် အကြောင်း .... ၅၄
အသက်အဆင်း စသည် ယုတ်လျော့ခြင်း အကြောင်း .... ၅၆
ဆယ်နှစ် သက်တမ်း အချိန် .... ၆၂
အသက် အဆင်း စသည် တိုးပွါးခြင်း အကြောင်း .... ၆၃

http://www.dhammadownload.com



အကြောင်းအရာ — မျက်နှာအမှတ်

## ၃-စက္ကဝတ္တိသုတ်


| | |
|---|---|
| သင်္ခစကြာဝတေးမင်း ဖြစ်ခြင်း .... | ၆၅ |
| မေတ္တေယျဘုရား ပွင့်တော်မူခြင်း .... | ၆၅ |
| ရဟန်း၏ အသက် အဆင်း စသည် တိုးပွါးခြင်း အကြောင်း .... | ၆၇ |


## ၄-အဂ္ဂညသုတ်


| | |
|---|---|
| ဝါသေဋ္ဌနှင့် ဘာရဒွါဇ .... | ၇၁ |
| အမျိုးလေးပါး .... | ၇၂ |
| မြေဆီ ဖြစ်ပေါ်လာခြင်း .... | ၇၅ |
| လ နေ စသည်တို့ ဖြစ်ပေါ်လာခြင်း .... | ၇၆ |
| မြေလွှာ ဖြစ်ပေါ်လာခြင်း .... | ၇၇ |
| နွယ်ချို ဖြစ်ပေါ်လာခြင်း .... | ၇၇ |
| အလိုအလျောက် သလေးဆန် ဖြစ်ပေါ်လာခြင်း .... | ၇၈ |
| မိန်းမ ယောကျ်ား လိင်ထင်ရှား ဖြစ်ခြင်း .... | ၇၈ |
| မေထုန် အကျင့် .... | ၇၉ |
| သလေးဆန် ခွဲဝေခြင်း .... | ၈၀ |
| မဟာသမ္မတမင်း .... | ၈၁ |
| ပုဏ္ဏားအစု .... | ၈၂ |
| အသည် အစု .... | ၈၃ |
| သူဆင်းရဲအစု .... | ၈၄ |
| ဒုစရိုက် စသည် အကြောင်း .... | ၈၄ |


## ၅-သမ္ပသာဒနီယသုတ်


| | |
|---|---|
| အသျှင်သာရိပုတြာ၏ ရဲရင့်သော စကားသံ .... | ၈၇ |
| ကုသိုလ်တရားဒေသနာနှင့် အာယတနပညတ်ဒေသနာ .... | ၉၀ |
| အမိဝမ်း၌ ပဋိသန္ဓေယူပုံဒေသနာ .... | ၉၁ |
| တိုက်ရိုက်ညွှန်းခြင်း အစီအရင်ဒေသနာ .... | ၉၁ |
| ဉာဏ်အမြင်သို့ ရောက်ခြင်းဒေသနာ .... | ၉၂ |
| ပုဂ္ဂိုလ်ပညတ်ခြင်း ဒေသနာ-ပဓာနဗောဇ္ဈင်ဒေသနာနှင့် အကျင့်ပဋိပဒါဒေသနာ .... | ၉၄ |
| နှုတ်အကျင့်ပဋိပဒါဒေသနာနှင့် လူတို့၏ အကျင့်သီလဒေသနာ .... | ၉၅ |
| ဆုံးမနည်းဒေသနာ .... | ၉၆ |
| တပါးသူတို့ လွတ်မြောက်သော ဉာဏ်ဒေသနာ .... | ၉၇ |
| သဿတဝါဒဒေသနာ .... | ၉၇ |
| ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဒေသနာ .... | ၉၉ |

| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၅-သမ္ပသာဒနီယသုတ်** | |
| စုတူပပါတဉာဏ်ဒေသနာ | ၁၀၀ |
| ဣဒ္ဓိဝိဓဒေသနာ | ၁၀၁ |
| ဘုရားသျှင်၏ အခြားသောဂုဏ်ကို ပြခြင်း | ၁၀၃ |
| အနုယောဂအပြား | ၁၀၃ |
| အံ့ဩဖွယ်ရာ မဖြစ်ဘူးမြဲ ဖြစ်ပုံအချက် | ၁၀၅ |
| **၆-ပါသာဒိကသုတ်** | |
| နိဂဏ္ဌနာဋပုတ္တ သေပြီးစအခါ | ၁၀၇ |
| ဘုရား မဟုတ်သူ ဟောအပ်သော သာသနာ | ၁၀၈ |
| ဘုရား အစစ် ဟောအပ်သော သာသနာ | ၁၁၀ |
| တပည့်တို့ ပူပန်အပ်သော ဆရာ | ၁၁၂ |
| တပည့်တို့ မပူပန်အပ်သောဆရာ | ၁၁၂ |
| သာသနာမပြည့်စုံခြင်း စသည် | ၁၁၃ |
| သံဂါယနာ တင်အပ်သော တရား | ၁၁၈ |
| သိစေအပ်သော အစီအရင် | ၁၁၉ |
| ပစ္စည်းလေးပါး ခွင့်ပြုကြောင်း | ၁၂၀ |
| ချမ်းသာ ခံစားခြင်း အကျင့် | ၁၂၁ |
| ချမ်းသာ ခံစားခြင်း အကျင့်၏ အကျိုး အာနိသင် | ၁၂၃ |
| အာသဝေါကင်းသူ၏ မထိုက်သော အရာ | ၁၂၄ |
| အမေးနှင့် အဖြေ | ၁၂၅ |
| မဟောကြားအပ်သော အရာ | ၁၂၆ |
| ဟောကြားအပ်သော အရာ | ၁၂၈ |
| ရှေ့အဖို့ကို စွဲ၍ ဖြစ်သော မိစ္ဆာအယူ | ၁၂၈ |
| နောက်အဖို့ကို စွဲ၍ ဖြစ်သော မိစ္ဆာအယူ | ၁၃၁ |
| **၇-လက္ခဏသုတ်** | |
| သုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာ | ၁၃၅ |
| သုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော် | ၁၃၈ |
| ပါဒတလစက္က လက္ခဏာတော် | ၁၄၀ |
| အာယတပဏှိ စသော လက္ခဏာတော် သုံးပါး | ၁၄၀ |
| သတ္တုဿဒ လက္ခဏာတော် | ၁၄၂ |
| မုဒုတလုနှတ္ထပါဒ ဇာလဟတ္ထပါဒ လက္ခဏာတော် | ၁၄၃ |
| ဥဿင်္ခပါဒ ဥဒ္ဓဂ္ဂလောမ လက္ခဏာတော် | ၁၄၄ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၇-လက္ခဏသုတ်

ဇာတိဇယ် လက္ခဏာတော် .... .... .... .... .... ၁၄၅
သုခုမစ္ဆဝိ လက္ခဏာတော် .... .... .... .... .... ၁၄၇
သုဝဏ္ဏဝဏ္ဏ လက္ခဏာတော် .... .... .... .... .... ၁၄၈
ကောသောဟိတ ဝတ္ထဂုယှ လက္ခဏာတော် .... .... .... .... ၁၄၉
ပရိမဏ္ဍလ အနောနမ ဇဏ္ဏုပရိမသန လက္ခဏာတော် .... .... .... ၁၅၀
သီဟ ပုဗ္ဗဍ္ဍကာယ စသော လက္ခဏာတော် သုံးပါး .... .... .... ၁၅၁
ရသဂ္ဂသဂ္ဂိတာ လက္ခဏာတော် .... .... .... .... .... ၁၅၂
အဘိနီလနေတ္တ - ဂေါပခုမ လက္ခဏာတော် .... .... .... .... ၁၅၄
ဥဏှီသသီသ လက္ခဏာတော် .... .... .... .... .... ၁၅၅
ဧကေကလောမတာ - ဥဏ္ဏာ လက္ခဏာတော်.... .... .... .... ၁၅၆
စတ္တာလီသ သမဒန္တ အဝိရဠဒန္တ လက္ခဏာတော် .... .... .... ၁၅၇
ပဟူတဇိဝှါ - ဗြဟ္မဿရ လက္ခဏာတော် .... .... .... .... ၁၅၈
သီဟဟနု လက္ခဏာတော် .... .... .... .... .... ၁၅၉
သမဒန္တ - သုသုက္ကဒါဠ လက္ခဏာတော် .... .... .... .... ၁၆၀

## ၈-သိင်္ဂါလသုတ်

သိင်္ဂါလလုလင် .... .... .... .... .... .... ၁၆၂
ညစ်ညူးသော ကံလေးပါး .... .... .... .... .... ၁၆၄
အကြောင်းလေးပါး .... .... .... .... .... .... ၁၆၄
စည်းစိမ်ပျက်ကြောင်း ခြောက်ပါး .... .... .... ... ၁၆၅
သေရည် သေရက် သောက်ခြင်းအပြစ် ခြောက်ပါး .... .... .... ၁၆၅
အခါမဲ့သွားလာခြင်းအပြစ် ခြောက်ပါး .... .... .... .... ၁၆၅
ပွဲလမ်းသဘင် ကြည့်ရှုခြင်းအပြစ် ခြောက်ပါး .... .... .... ၁၆၆
လောင်းကစားခြင်းအပြစ် ခြောက်ပါး .... .... .... .... ၁၆၆
ခင်ပွန်းယုတ်အပြစ် ခြောက်ပါး .... ... .... .... .... ၁၆၆
ပျင်းရိခြင်းအပြစ် ခြောက်ပါး .... .... .... .... .... ၁၆၆
မိတ်ဆွေတု .... .... .... .... .... .... .... ၁၆၈
စိတ်ကောင်း နှလုံးကောင်းရှိသော မိတ်ဆွေ .... .... .... ... ၁၆၉
အရပ်ခြောက်ပါးကို လုံခြုံစေခြင်း .... .... .... .... ၁၇၁

## ၉-အာဋာနာဋိယသုတ်

ပဌမအခဏ်း .... .... .... .... .... .... ၁၇၇
ဒုတိယအခဏ်း ... .... .... .... .... .... ၁၈၅

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၁၀-သဂါထာသုတ်


| | |
|---|---|
| မင်းကွန်းသစ် | ၁၉၅ |
| ဘိန္နိဂဏ္ဌာဝတ္ထု | ၁၉၆ |
| ဧကက-တခုတည်းသော တရားစု | ၁၉၇ |
| ဒုက-တရားနှစ်ပါးစု | ၁၉၇ |
| တိက-တရားသုံးပါးစု | ၁၉၉ |
| စတုက္က-တရားလေးပါးစု | ၂၀၅ |
| ပဉ္စက-တရားငါးပါးစု | ၂၀၇ |
| ဆက္က-တရားခြောက်ပါးစု | ၂၂၄ |
| သတ္တက-တရားခုနစ်ပါးစု | ၂၃၁ |
| အဋ္ဌက-တရားရှစ်ပါးစု | ၂၃၄ |
| နဝက-တရားကိုးပါးစု | ၂၄၁ |
| ဒသက-တရားဆယ်ပါးစု | ၂၄၄ |


## ၁၁-ဒသုတ္တရသုတ်


| | |
|---|---|
| တရားတပါးစု | ၂၄၉ |
| တရားနှစ်ပါးစု | ၂၅၀ |
| တရားသုံးပါးစု | ၂၅၁ |
| တရားလေးပါးစု | ၂၅၂ |
| တရားငါးပါးစု | ၂၅၄ |
| တရားခြောက်ပါးစု | ၂၅၉ |
| တရားခုနစ်ပါးစု | ၂၆၃ |
| တရားရှစ်ပါးစု | ၂၆၆ |
| တရားကိုးပါးစု | ၂၇၅ |
| တရားဆယ်ပါးစု | ၂၇၉ |


ပါထိကဝဂ်ပါဠိတော် မြန်မာပြန်
မာတိကာပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ကြို့တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

" " ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ 'အာကာရ' ဟု သိမှတ်ရန်။

' ' ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

" ' ' " ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် သော မျဉ်းတိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက် မြွက်ဆိုရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

http://www.dhammadownload.com

http://www.dhammadownload.com

## ဒီဃနိကာယ်

# ပါထိကဝဂ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁-ပါထိကသုတ် သုနက္ခတ်ရဟန်း ဝတ္ထု

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် မလ္လတိုင်း မလ္လမင်းတို့၏ အနုပိယမည်သော နိဂုံး၌ သီတင်း သုံးနေတော်မူ၏။ ထိုစဉ်အခါ၌ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် အနုပိယနိဂုံးသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်၏—

“အနုပိယနိဂုံး၌ ဆွမ်းခံလှည့်လည်ရန် စောလွန်းသေး၏၊ ငါသည် ဘဂ္ဂဝ အနွယ်ဖြစ်သော ဘဂ္ဂဝပရိဗိုဇ်၏ အရံ ဘဂ္ဂဝပရိဗိုဇ်ရှိရာသို့ ချဉ်းကပ်ရမူ ကောင်းလေစွ”ဟု (အကြံဖြစ်၏)။

၂။ ထို့နောက် မြတ်စွာဘုရားသည် ဘဂ္ဂဝအနွယ်ဖြစ်သော ဘဂ္ဂဝပရိဗိုဇ်၏အရံ ဘဂ္ဂဝပရိဗိုဇ် ရှိရာသို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ဘဂ္ဂဝပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“မြတ်စွာဘုရား ကြွလာတော်မူပါအသျှင်ဘုရား၊ မြတ်စွာဘုရား၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည် အသျှင်ဘုရား၊ မြတ်စွာဘုရားသည် ကြာမြင့်မှ ဤအရပ်သို့ ကြွလာတော်မူရန် အလှည့်ကို ပေးတော်မူဘိ၏ အသျှင်ဘုရား၊ မြတ်စွာဘုရား ထိုင်တော်မူပါ၊ ဤနေရာကို ပြင်ထားပါသည် အသျှင်ဘုရား” ဟု (လျှောက်၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ ဘဂ္ဂဝပရိဗိုဇ်သည်လည်း နိမ့်သော ထိုင်စရာတခုကို ယူ၍ တခုသော နေရာ၌ ထိုင်၏။ တခုသော နေရာ၌ ထိုင်လျက် ဘဂ္ဂဝပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"မြတ်စွာဘုရား ယခင့်ယခင်နေ့တို့၌ လိစ္ဆဝီမင်းသား သုနက္ခတ်သည် အကျွန်ုပ်ထံသို့ ချဉ်းကပ်ပြီးလျှင် 'ဘဂ္ဂဝ ယခု ငါသည် မြတ်စွာဘုရားကို စွန့်လိုက်ပြီ၊ ယခု ငါသည် မြတ်စွာဘုရားကို (ဆရာဟု) ရည်ညွှန်း၍ မနေတော့ပါ'ဟု အကျွန်ုပ်အား ဤစကားကို ဆိုပါ၏၊ မြတ်စွာဘုရား လိစ္ဆဝီမင်းသား သုနက္ခတ်ဆိုသည့်အတိုင်း ဤစကားသည် မှန်ပါသလော"ဟု (လျှောက်၏)။

ဘဂ္ဂဝ လိစ္ဆဝီမင်းသား သုနက္ခတ်ဆိုသည့်အတိုင်း ဤစကားသည် မှန်၏—

၃။ ဘဂ္ဂဝ ယခင့် ယခင်နေ့တို့၌ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်လျက် "မြတ်စွာဘုရား ယခု အကျွန်ုပ်သည် မြတ်စွာဘုရားကို စွန့်ပါအံ့၊ ယခု အကျွန်ုပ်သည် မြတ်စွာဘုရားကို (ဆရာဟု) ရည်ညွှန်း၍ နေတော့မည် မဟုတ်ပါ" ဟု ငါ့အား ဤစကားကို ဆို၏။

ဘဂ္ဂဝ ဤသို့ဆိုသော် ငါသည် လိစ္ဆဝီမင်းသား သုနက္ခတ်အား ဤစကားကို ဆို၏။

"သုနက္ခတ် သင်လာလော့၊ ငါ့ကို (ဆရာဟု) ရည်ညွှန်း၍ နေလော့" ဟု သင့်ကို ငါ ဆိုဘူးသလော ဟု (ဆို၏)။

မဆိုဘူးပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

"မြတ်စွာဘုရား မြတ်စွာဘုရားကို (ဆရာ ဟု) ရည်ညွှန်း၍ အကျွန်ုပ် နေပါအံ့" ဟု သင်ကလည်း ငါ့ကို ဆိုဘူးသလော ဟု (ဆို၏)။

မဆိုဘူးပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

သုနက္ခတ် ငါကလည်း သင့်ကို "သုနက္ခတ် သင် လာလော့၊ ငါ့ကို (ဆရာ ဟု) ရည်ညွှန်း၍ နေလော့" ဟု မဆိုစဘူး၊ သင်ကလည်း ငါ့ကို "မြတ်စွာဘုရား မြတ်စွာဘုရားကို(ဆရာ ဟု) ရည်ညွှန်း၍ အကျွန်ုပ် နေပါအံ့" ဟု မဆိုစဘူး၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤသို့ဖြစ်လျှင် သင်သည် အဘယ်သူဖြစ်၍ အဘယ်သူကို စွန့်သနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်အဘယ်မျှ လွန်ကျူးပြစ်မှားသည်ကို ရှုဘိလော့ ဟု (ဆို၏)။

၄။ မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မမူပါ ဟု (လျှောက်၏)။

"သုနက္ခတ် သင် လာလော့၊ ငါ့ကို (ဆရာ ဟု) ရည်ညွှန်း၍နေလော့၊ သင့်ကို ငါသည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြမည်"ဟု ငါသည် သင့်ကို ဆိုဘူးသလော (ဟု ဆို၏)။

မဆိုဘူးပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



"မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါး ထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြမည်ဆိုလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားကို (ဆရာ ဟု) ရည်ညွှန်း၍ နေပါအံ့"ဟု သင်ကလည်း ငါ့အား ဆိုဘူးသလော ဟု (ဆို၏)။

မဆိုဘူးပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

သုနက္ခတ် ငါကလည်း သင့်ကို "သုနက္ခတ် သင် လာလော့ ငါ့ကို(ဆရာဟု) ရည်ညွှန်း၍နေလော့၊ သင့်ကို ငါသည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြမည်" ဟု မဆိုစဘူး၊ သင်ကလည်း ငါ့ကို "မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြမည်ဆိုလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားကို (ဆရာဟု) ရည်ညွှန်း၍ နေပါအံ့" ဟု မဆိုစဘူး၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤသို့ဖြစ်လျှင် သင်သည် အဘယ်သူ ဖြစ်၍ အဘယ်သူကို စွန့်သနည်း။ သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသည်ဖြစ်စေ မပြသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှါ ငါဟောအပ်သော ထိုတရားသည် ထိုဟောသည့်အတိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်းအကျိုးငှါ ဖြစ်သည် မဟုတ်လော ဟု (ဆို၏)။

မြတ်စွာဘုရား လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသည်ဖြစ်စေ မပြသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှါ မြတ်စွာဘုရား ဟောအပ်သော ထိုတရား သည် ထိုဟောသည့်အတိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်း အကျိုးငှါ ဖြစ်ပါ၏ ဟု (လျှောက်၏)။

သုနက္ခတ် လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသည်ဖြစ်စေ မပြသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှါ ငါဟောအပ်သော ထိုတရားသည် ထို ဟောသည့်အတိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်း အကျိုးငှါ ဖြစ်၏။ သုနက္ခတ် ဤသို့ ဖြစ်သော် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြခြင်း သည် အဘယ်မှုအံ့နည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင် အဘယ်မျှ လွန်ကျူး ဖြစ်မှားသည်ကို ရှုဘိလော့ ဟု (ဆို၏)။

၅။ မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လောက၏ အစ ဟု သိအပ်သော အဂ္ဂည တရားကို ဟောတော်မမူပါ ဟု (လျှောက်၏)။

"သုနက္ခတ် သင် လာလော့ ငါ့ကို (ဆရာဟု) ရည်ညွှန်း၍ နေလော့၊ ငါသည် လောက၏ အစဟု သိအပ်သော အဂ္ဂည တရားကို ဟောမည်"ဟု ငါသည် သင့်အား ဆိုဘူးသလော ဟု (ဆို၏)။

မဆိုဘူးပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

"မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လောက၏ အစဟု သိအပ်သော အဂ္ဂည တရားကို ဟောတော်မူမည်ဆိုလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားကို (ဆရာဟု) ရည်ညွှန်း၍ နေပါ အံ့" ဟု သင်ကလည်း ငါ့အား ဆိုဘူးသလော ဟု (ဆို၏)။

မဆိုဘူးပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

http://www.dhammadownload.com



သုနက္ခတ် ငါကလည်း သင့်ကို "သုနက္ခတ် သင် လာလော့၊ ငါ့ကို (ဆရာဟု)ရည်ညွှန်း၍ နေလော့၊ ငါသည် လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောမည်" ဟု သင့်အား မဆိုစဘူး၊ သင်ကလည်း ငါ့ကို "မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လောက၏ အစဟု သိအပ်သော အဂ္ဂည တရားကို ဟောမည်ဆိုလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားကို (ဆရာဟု)ရည်ညွှန်း၍ နေပါအံ့"ဟု မဆိုစဘူး၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤသို့ဖြစ်လျှင် သင်သည် အဘယ်သူဖြစ်၍ အဘယ်သူကို စွန့်သနည်း။ သုနက္ခတ် ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ လောက၏ အစဟု သိအပ်သော အဂ္ဂ တရားကို ဟောသည်ဖြစ်စေ မဟောသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှါ ငါဟောအပ်သော ထိုတရားသည် ထိုဟောသည့်အတိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်းအကျိုးငှါ ဖြစ်သည် မဟုတ်လော ဟု (ဆို၏)။

မြတ်စွာဘုရား လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောသည်ဖြစ်စေ မဟောသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှါ မြတ်စွာဘုရား ဟောအပ်သော ထိုတရားသည် ထိုဟောသည့်အတိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်း အကျိုးငှါ ဖြစ်ပါ၏ ဟု (လျှောက်၏)။

သုနက္ခတ် လောက၏ အစ ဟု သိအပ်သော အဂ္ဂည တရားကို ဟောသည်ဖြစ်စေ မဟောသည်ဖြစ်စေ ဆင်းရဲကုန်ခြင်းအကျိုးငှါ ငါဟောအပ်သော ထိုတရားသည် ထိုဟောသည့်အပိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်း အကျိုးငှါ ဖြစ်၏။သုနက္ခတ် ဤသို့ဖြစ်သော် လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောခြင်းသည် အဘယ်ပြုအံ့နည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်အဘယ်မျှ လွန်ကျူးပြစ်မှားသည်ကို ရှုဘိလော့၊

၆။ သုနက္ခတ် အကြောင်းအမျိုးမျိုးဖြင့် ငါ၏ဂုဏ်ကို ဝဇ္ဇီမင်းတို့၏ရွာ၌ သင်ပြောဆိုချီးကျူးဘူး၏—

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါပေ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏" ဟု (သင် ပြောဆိုချီးကျူးဘူး၏)။

သုနက္ခတ် ဤသို့လျှင် အကြောင်းအမျိုးမျိုးဖြင့် ငါ၏ဂုဏ်ကို ဝဇ္ဇီမင်းတို့၏ရွာ၌ သင်ပြောဆို ချီးကျူးဘူး၏။

သုနက္ခတ် အကြောင်းအမျိုးမျိုးဖြင့် တရားတော်၏ ဂုဏ်ကို ဝဇ္ဇီမင်းတို့၏ ရွာ၌ သင်ပြောဆို ချီးကျူးဘူး၏—

http://www.dhammadownload.com



"မြတ်စွာဘုရား ဟောအပ်သောတရားတော်သည် ကောင်းစွာဟောအပ်သော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့်ရှုလှည့် ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ကိုယ်ထည်း စိတ်တည်း၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု (သင်ပြောဆို ချီးကျူးဘူး၏)။ သုနက္ခတ် ဤသို့လျှင် အကြောင်းအမျိုးမျိုးဖြင့် တရားတော်၏ဂုဏ်ကို ဝဇ္ဇီမင်းတို့၏ရှေ့၌ သင် ပြောဆို ချီးကျူးဘူး၏။

သုနက္ခတ် အကြောင်းအမျိုးမျိုးဖြင့် သံဃာတော်၏ ဂုဏ်ကို ဝဇ္ဇီမင်းတို့၏ ရှေ့၌ သင် ပြောဆို ချီးကျူးဘူး၏—

"မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် မှန်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် လျော်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန်အတွက် ရည်ညွှန်းသော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏" ဟု (သင်ပြောဆိုချီးကျူးဘူး၏)။

ဤသို့လျှင် အကြောင်းအမျိုးမျိုးဖြင့် သံဃာတော်၏ ဂုဏ်ကို ဝဇ္ဇီမင်းတို့၏ ရှေ့၌ သင် ပြောဆို ချီးကျူးဘူး၏။

သုနက္ခတ် သင့်ကို ငါပြောကြားအံ့၊ သုနက္ခတ် သင့်ကို ငါသိစေအံ့၊ သုနက္ခတ် "လိစ္ဆဝီမင်းသား သုနက္ခတ်သည် ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကိုကျင့်ရန် မစွမ်းနိုင်သဖြင့် သိက္ခာချ၍ လူထွက်၏" ဟု သင့်ကို ကဲ့ရဲ့ကုန်လတ္တံ့ ။ သုနက္ခတ် ဤသို့လျှင် သင့်ကို ကဲ့ရဲ့ကုန်လတ္တံ့ ဟု သုနက္ခတ်အား ငါပြော၏။ ဘဂ္ဂဝ ဤသို့ ငါပြောသော်လည်း အပါယ် ငရဲ လားထိုက်သူသည် ဖဲသွားသကဲ့သို့ ဤလိစ္ဆဝီမင်းသား သုနက္ခတ်သည် ဤသာသနာတော်မှ ဖဲသွားသည်သာလျှင်တည်း။

## ကောရခတ္တိယ ဝတ္ထု

၇။ ဘဂ္ဂဝ အခါတပါး၌ ငါသည် ထူလုဇနပုဒ် ဥတ္တရကာ မည်သော နိဂုံး၌ နေ၏၊ ဘဂ္ဂဝ ထိုအခါ ငါသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် နောက်လိုက် ရဟန်း လိစ္ဆဝီမင်းသား သုနက္ခတ်နှင့်အတူ ဥတ္တရကာ နိဂုံးသို့ ဆွမ်းခံဝင်၏။ ထိုအခါ အဝတ်မဝတ်သော ကောရခတ္တိယ တက္ကတွန်းသည် ခွေးကျင့် ကျင့်၏၊ လေးဘက်ထောက်သွား၏၊ မြေ၌ ချထားသည့် အစာကို ပါးစပ်ဖြင့်သာ ဟပ်၏၊ ပါးစပ်ဖြင့်သာ စား၏၊ ဘဂ္ဂဝ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ခွေးကျင့် ကျင့်လျက် လေးဘက်ထောက် သွားနေသော မြေ၌ချထားသည့် အစာကို ပါးစပ်ဖြင့်သာ

http://www.dhammadownload.com



ဟပ်၍ ပါးစပ်ဖြင့်သာ စားနေသော အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းကိုမြင်၍ ဤသို့သော အကြံသည် ဖြစ်၏—

"အချင်းတို့ လေးဘက်ထောက်လျက် သွားသော မြေ၌ချထားသည့် အစာကို ပါးစပ်ဖြင့်သာ ဟပ်၍ ပါးစပ်ဖြင့်သာ စားသော ဤရဟန်းကား ချီးမွမ်းအံ့ဩဖွယ် ကောင်းလေစွ တကား" ဟု (အကြံဖြစ်၏)။

ဘဂ္ဂဝ ထိုအခါ ငါသည် ငါ၏ စိတ်ဖြင့် လိစ္ဆဝီမင်းသား သုနက္ခတ်၏ စိတ်အကြံကို သိ၍ လိစ္ဆဝီမင်းသား သုနက္ခတ်အား ဤစကားကို ဆို၏—

"(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် သာကီဝင် မင်းသား ဘုရား၏ တပည့်သား ရဟန်းဟု ဝန်ခံဘိ၏" ဟု (ဆို၏)။

မြတ်စွာဘုရား မြတ်စွာဘုရားသည် (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်သည် သာကီဝင် မင်းသား ဘုရား၏ တပည့်သား ရဟန်း ဟု ဝန်ခံဘိ၏" ဟု အဘယ့်ကြောင့် ဆိုတော်မူပါသနည်း ဟု (လျှောက်၏)။

သုနက္ခတ် သင်သည် ခွေးကျင့် ကျင့်လျက် လေးဘက်ထောက်သွားသော မြေ၌ချထားသည့် အစာကို ပါးစပ်ဖြင့်သာ ဟပ်၍ ပါးစပ်ဖြင့်သာစားသော ဤကောရခတ္တိယ တက္ကတွန်းကို မြင်၍ "အချင်းတို့ လေးဘက်ထောက် သွားသော မြေ၌ချထားသည့်အစာကို ပါးစပ်ဖြင့်သာဟပ်၍ ပါးစပ်ဖြင့်သာ စားသော ဤရဟန်းကား ချီးမွမ်းအံ့ဩဖွယ် ကောင်းလေစွ တကား" ဟု အကြံဖြစ်သည် မဟုတ်လော ဟု (ဆို၏)။

မှန်ပါသည် မြတ်စွာဘုရား။ မြတ်စွာဘုရားသည် အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုပါသနည်း ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် အရဟတ္တဖိုလ်ကို ဝန်မတို။ စင်စစ် သင့်အားသာလျှင် ဤယုတ်မာသော မိစ္ဆာအယူသည် ဖြစ်ပေါ်နေ၏၊ ထိုအယူကို စွန့်လော့။ သင့်အား ကြာမြင့်စွာ အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်စေလင့်။ သုနက္ခတ် အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းကို "ဤရဟန်းကား ချီးမွမ်းအံ့ဩဖွယ် ကောင်းလေစွတကား" ဟု သင် ထင်ဘိ၏၊ ထိုသူသည် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနှင့်သော ရောဂါဖြင့် သေလတ္တံ့၊ သေပြီးသော် အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာ မည်သော အသုရာ ဖြစ်လတ္တံ့။ သေပြီးသော် ထိုသူကို ပြိတ်မြက်တောရှိသော သင်းချိုင်း၌ စွန့်ကုန်လတ္တံ့။ သုနက္ခတ် သင်အလိုရှိခဲ့လျှင် အဝတ်မဝတ်သော ကောရခတ္တိယ တက္ကတွန်းထံသို့ ချဉ်းကပ်၍ "အဝတ်မဝတ်သော ငါ့သျှင် ကောရခတ္တိယ မိမိလားရာကို သိ၏လော" ဟု မေးလော့။ သုနက္ခတ် အဝတ်မဝတ်သော ကောရခတ္တိယတက္ကတွန်းသည် "ငါ့သျှင် သုနက္ခတ် မိမိလားရာကို သိပါ၏၊ အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာ အသုရာ ဖြစ်နေ၏" ဟု ဖြေလတ္တံ့သော အကြောင်းသည် ရှိ၏ ဟု (ဆို၏)။

ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် အဝတ်မဝတ်သော ကောရခတ္တိယ တက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဤစကားကို ဆို၏ "ငါ့သျှင် ကောရခတ္တိယ 'အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းသည် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနှင့်သော ရောဂါဖြင့် သေလတ္တံ့၊ သေပြီးသော် အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာ မည်သော အသုရာဖြစ်လတ္တံ့၊ သေပြီးသော

http://www.dhammadownload.com



ထိုသူကို ပြိတ်မြက်တောရှိသော သင်းချိုင်း၌ စွန့်ကုန်လတ္တံ့'ဟု ရဟန်းဂေါတမသည် ပြောထား၏၊ ငါ့သျှင် ကောရခတ္တိယ ယင်းသို့ ဖြစ်သောကြောင့် ရဟန်းဂေါတမ၏ စကား လွဲမှားစေခြင်းငှါ အတိုင်းအရှည်နှင့်ယှဉ်၍ အစာကို စားလော့၊ အတိုင်းအရှည်နှင့်ယှဉ်၍ ရေကို သောက်လော့" ဟု (ဆို၏)။

၇။ ဘဂ္ဂဝ ထိုနောက် လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ၏ စကားကို မယုံသည်ဖြစ်၍ တရက် နှစ်ရက် ဟု ဆို၍ ခုနစ်ရက်တို့တိုင်အောင် ရေတွက်၏။

ဘဂ္ဂဝ စင်စစ်သော်ကား အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းသည် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနင့်သော ရောဂါဖြင့် သေလေ၏၊ သေပြီးသော် အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာ မည်သော အသုရာ ဖြစ်၏၊ သေပြီးသော် ထိုသူကို ပြိတ်မြက်တောရှိသော သင်းချိုင်း၌ စွန့်ကြကုန်၏။

၉။ ဘဂ္ဂဝ လိစ္ဆဝီမင်းသား သုနက္ခတ်သည် "အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းကို စားပိုးနင့်သော ရောဂါဖြင့် သေ၍ ပြိတ်မြက်တောရှိသော သင်းချိုင်း၌ စွန့်ထားသည်" ဟု ကြား၏။ ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ပြိတ်မြက်တောရှိသော သင်းချိုင်း၌ အဝတ်မဝတ်သော ကောရခတ္တိယ တက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင် ကောရခတ္တိယ မိမိလားရာကို သိ၏လော" ဟု လက်ဖြင့် သုံးကြိမ်ပုတ်၍ အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းကို မေး၏။ ဘဂ္ဂဝ ထိုအခါ အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းသည် လက်ဖြင့်ကျောကို ပွတ်လျက် ထပြီးလျှင် "ငါ့သျှင် သုနက္ခတ် မိမိ လားရာကို သိပါ၏၊ အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာ မည်သော အသုရာ ဖြစ်နေပါ၏" ဟု ဆို၍ ထိုနေရာ၌ပင်လျှင် ပက်လက်လည်းလေ၏။

၁၀။ ဘဂ္ဂဝ ထိုနောက် လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်၏။ ဘဂ္ဂဝ တခုသောနေရာ၌ ထိုင်ပြီးသော လိစ္ဆဝီမင်းသား သုနက္ခတ်အား ငါသည် ဤစကားကို ဆို၏—

"သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊ အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းကို အကြောင်းပြု၍ ငါပြောကြားသည့် အတိုင်း ထိုစကား၏ အကျိုးသည် ဖြစ်သလော၊ သို့မဟုတ် တနည်းတဖုံအားဖြင့် ဖြစ်သလော" ဟု (ဆို၏)။

မြတ်စွာဘုရား အဝတ် မဝတ်သော ကောရခတ္တိယ တက္ကတွန်းကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ထိုစကား၏ အကျိုးသည် ဖြစ်ပါ၏၊ တနည်းတဖုံအားဖြင့် မဖြစ်ပါ ဟု (လျှောက်၏)။

သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ယင်းသို့ ဖြစ်သော် လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသည် မည်သလော၊ မပြသည် မည်သလော ဟု (ဆို၏)။

မြတ်စွာဘုရား ဤသို့ ဖြစ်သော် လူတို့၏ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို စင်စစ် ပြသည် မည်ပါ၏၊ မပြ သည် မမည်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ဤသို့ ပြသော ငါ့ကို "မြတ်စွာဘုရား မြတ်စွာဘုရားသည်

http://www.dhammadownload.com



အကျွန်ုပ်အား လူတို့၏ ကာယိလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မမူ" ဟု သင်ဆိုဘိ၏။ (မဂ်ဖိုလ်မှ)အချည်းနှီးဖြစ်သောယောကျ်ား သင် အဘယ်မျှ လွန်ကျူး ဖြစ်မှားသည်ကို ရှုဘိလော့ ဟု (ဆို၏)။

ဘဂ္ဂဝ ဤသို့ပင် ငါဆိုသော်လည်း အပါယ်ငရဲလားထိုက်သူသည် ဖဲသွားသကဲ့သို့ လိစ္ဆဝီ မင်းသား သုနက္ခတ်သည် ဤသာသနာတော်မှ ဖဲသွားသည်သာလျှင်တည်း။

## ကဠာရမဋ္ဋကတက္ကတွန်း ဝတ္ထု

၁၁။ ဘဂ္ဂဝ ငါသည် အခါတပါး၌ ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ နေ၏။ ထိုစဉ်အခါ၌ အဝတ် မဝတ်သော ကဠာရမဋ္ဋက တက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ရွာ၌ လာဘ်များခြင်း အခြံအရံများခြင်း အထွတ်အထိပ်သို့ ရောက်၍နေ၏။ သူသည် ကျင့်ဝတ်ခုနစ်မျိုးတို့ကို ဆောက်တည် ကျင့်သုံး၏။

(၁) အသက်ထက်ဆုံး အဝတ်မဝတ်သူ ဖြစ်အံ့၊ အဝတ်ကို မဝတ်အံ့။

(၂) အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်သူဖြစ်အံ့၊ မေထုန်အကျင့်ကို မမှီဝဲအံ့။

(၃) အသက်ထက်ဆုံး သေ အသားတို့ဖြင့်သာ မျှတအံ့၊ ထမင်း မုံ့ကို မစားအံ့။

(၄) ဝေသာလီပြည်၏ အရှေ့အရပ် ဥဒေနစေတီ(နတ်ကွန်း)ကို လွန်၍ မသွားအံ့။

(၅) ဝေသာလီပြည်၏ တောင်အရပ် ဂေါတမကစေတီ (နတ်ကွန်း)ကို လွန်၍ မသွားအံ့။

(၆) ဝေသာလီပြည်၏ အနောက်အရပ် သတ္တမ္ဗစေတီ(နတ်ကွန်း)ကို လွန်၍ မသွားအံ့။

(၇) ဝေသာလီပြည်၏ မြောက်အရပ် ဗဟုပုတ္တစေတီ(နတ်ကွန်း)ကို လွန်၍ မသွားအံ့။ ဟု (ဆောက်တည်ကျင့်သုံး၏)။

ထိုသူသည် ဤကျင့်ဝတ် ခုနစ်မျိုးတို့ကို ဆောက်တည်ကျင့်သုံးသောကြောင့် ဝဇ္ဇီမင်းတို့၏ ရွာ၌ လာဘ်များခြင်း အခြံအရံများခြင်း အထွတ်အထိပ်သို့ ရောက်၍နေ၏။

၁၂။ ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် အဝတ် မဝတ်သော ကဠာရမဋ္ဋက တက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် အဝတ် မဝတ်သော ကဠာရမဋ္ဋက တက္ကတွန်းအား ပြဿနာကို မေး၏။

ထိုသုနက္ခတ် မေးလတ်သော် အဝတ် မဝတ်သော ကဠာရမဋ္ဋက တက္ကတွန်းသည် ပြဿနာကို မဖြေနိုင်။ မဖြေနိုင်သောကြောင့် အမျက်ထွက်မှု စိတ်ပျက်မှု မနှစ်သက်မှုကို ဖော်ပြ၏။

ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်အား ဤသို့ အကြံဖြစ်၏—

"အချင်းတို့ ချီးမွမ်းအံ့ဩဖွယ် ကောင်းသော ရဟန္တာကို ထိပါးမိလေစွတကား၊ ငါတို့အား ကြာမြင့်စွာ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်စေလင့်" ဟု (အကြံဖြစ်၏)။

၁၃။ ဘဂ္ဂဝ ထိုနောက် လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်၏။ ဘဂ္ဂဝ တခုသောနေရာ၌ ထိုင်ပြီးသော လိစ္ဆဝီမင်းသား သုနက္ခတ်ကို ငါသည် ဤသို့ဆို၏၊ "(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် သာကီဝင် မင်းသား ဘုရား၏ တပည့်သား ရဟန်းဟု ဝန်ခံဘိ၏" ဟု (ဆို၏)။

http://www.dhammadownload.com



မြတ်စွာဘုရား မြတ်စွာဘုရားသည် "(မင်ဖိုလ်မှ)အချည်းနှီးဖြစ်သောယောကျ်ား သင်သည် သာကီဝင်မင်းသား ဘုရား၏တပည့်သား ရဟန်းဟု ဝန်ခံဘိ၏" ဟု အဘယ့်ကြောင့် မိန့်တော်မူပါ သနည်း ဟု (လျှောက်၏)။

သုနက္ခတ် သင်သည် အဝတ်မဝတ်သော ကဋ္ဌာရမဒ္ဒက တက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် ပြဿနာမေး၏၊ သင် မေးလတ်သော် အဝတ်မဝတ်သော ကဋ္ဌာရမဒ္ဒက တက္ကတွန်းသည် ပြဿနာကို မဖြေနိုင်၊ မဖြေနိုင်သောကြောင့် အမျက်ထွက်မှု စိတ်ပျက်မှု မနှစ်သက်မှုများကို ဖော်ပြသည် မဟုတ်လော၊ ထိုပြင် "အချင်းတို့ ချီးမွမ်းအံ့ဩဖွယ်ကောင်းသော ရဟန္တာကို ထိပါးမိလေစွတကား၊ ငါတို့အား ကြာမြင့်စွာ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ မဖြစ်ပါစေလင့်" ဟု သင့်အား အကြံသည် ဖြစ်သည် မဟုတ်လော ဟု (ဆို၏)။

မှန်ပါသည် မြတ်စွာဘုရား။ မြတ်စွာဘုရားသည် အဘယ့်ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုဘိသနည်း ဟု (လျှောက်၏)။

(မင်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ငါသည် အရဟတ္တဖိုလ်ကို ဝန်မတို၊ စင်စစ် သင့်အားသာလျှင် ဤယုတ်မာသော မိစ္ဆာအယူသည် ဖြစ်ပေါ်နေ၏၊ ထိုအယူကို စွန့်လော့။ သင့်အား ကြာမြင့်စွာ အစီးအပွါးမဲ့ခြင်းငှါ မဖြစ်စေလင့်။ သုနက္ခတ် သင်သည် အဝတ်မဝတ်သော ကဋ္ဌာရမဒ္ဒက တက္ကတွန်းကို "ဤရဟန်းကား ချီးမွမ်းအံ့ဩဖွယ်ကောင်း၏" ဟု ထင်၏၊ ထိုသူသည် မကြာမီပင် လူ့အဝတ်ကိုဝတ်လျက် ခင်ပွန်းမနှင့်အတူ လှည့်လည်ကာ ထမင်း မှုံကို စားပြီးလျှင် အားလုံးသော ဝေသာလီပြည်ရှိ စေတီနတ်ကွန်းတို့ကို လွန်၍ အခြံအရံ ဆုတ်ယုတ်လျက် သေလတ္တံ့ ဟု (ငါဆို၏)။

ဘဂ္ဂဝ ထိုနောက် မကြာမီပင် ကဋ္ဌာရမဒ္ဒက တက္ကတွန်းသည် လူဝတ်ကို ဝတ်၍ ခင်ပွန်းမနှင့် အတူ လှည့်လည်ကာ ထမင်းမုံကို စားပြီးလျှင် အားလုံးသော ဝေသာလီပြည်ရှိ စေတီနတ်ကွန်းတို့ကို လွန်၍ အခြံအရံ ဆုတ်ယုတ်လျက် သေလေ၏။

၁၄။ ဘဂ္ဂဝ လိစ္ဆဝီမင်းသား သုနက္ခတ်သည် "အဝတ် မဝတ်သော ကဋ္ဌာရမဒ္ဒက တက္ကတွန်းသည် လူဝတ်ကို ဝတ်၍ ခင်ပွန်းမနှင့်အတူ လှည့်လည်ကာ ထမင်းမှုံကို စားပြီးလျှင် အားလုံးသော ဝေသာလီပြည်ရှိ စေတီနတ်ကွန်းဟို့ကို လွန်၍ အခြံအရံ ဆုတ်ယုတ်လျက် သေလေသတတ်" ဟု ကြားလေ၏။ ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်၏။ ဘဂ္ဂဝ တခုသောနေရာ၌ ထိုင်သော လိစ္ဆဝီမင်းသား သုနက္ခတ်အား ငါသည် ဤစကားကို ဆို၏။

"သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊ အဝတ် မဝတ်သော ကဋ္ဌာရမဒ္ဒက တက္ကတွန်းကို အကြောင်းပြု၍ ငါပြောကြားသည့်အတိုင်း ထိုစကား၏ အကျိုးသည် ဖြစ်သလော၊ သို့မဟုတ် တမျိုးတဖုံအားဖြင့် ဖြစ်သလော" ဟု (ဆို၏)။

မြတ်စွာဘုရား အဝတ် မဝတ်သော ကဋ္ဌာရမဒ္ဒက တက္ကတွန်းကို အကြောင်းပြု၍ မြတ်စွာဘုရား ပြောကြားတော်မူသည့်အတိုင်း ထိုစကား၏ အကျိုးသည် ဖြစ်ပါ၏၊ တမျိုးတဖုံအားဖြင့် မဖြစ်ပါ ဟု (လျှောက်၏)။

သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ယင်းသို့ဖြစ်သော် လူတို့၏ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသည် မည်သလော၊ မပြသည် မည်သလော ဟု (ဆို၏)။

http://www.dhammadownload.com



မြတ်စွာဘုရား ဤသို့ဖြစ်သော် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို စင်စစ်ပြသည်မည်ပါ၏၊ မပြသည် မမည်ပါ ဟု (လျှောက်၏)။

(မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ဤသို့ပြသော ငါ့ကို "မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မမူပါ" ဟု သင်ဆို၏။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင် အဘယ်မျှ လွန်ကျူး ပြစ်မှားသည်ကို ရှုဘိလော့ ဟု (ဆို၏)။

ဘဂ္ဂဝ ဤသို့ပင် ငါဆိုသော်လည်း အပါယ်ငရဲ လားထိုက်သူသည် ဖဲသွားသကဲ့သို့ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ဤသာသနာတော်မှ ဖဲသွားသည်သာလျှင်တည်း။

## ပါထိကပုတ္တတက္ကတွန်း ဝတ္ထု

၁၅။ ဘဂ္ဂဝ အခါတပါး၌ ငါသည် ထိုဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ပင်နေ၏။ ထိုအခါ အဝတ်မဝတ်သော ပါထိကပုတ္တ တက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ရွာ၌ လာဘ်များခြင်း အခြံအရံများခြင်း အထွတ်အထိပ်သို့ ရောက်၍နေ၏။ ထိုသူသည် ဝေသာလီပြည် ပရိသတ်၌ ဤသို့သော စကားကို ပြော၏။

"ရဟန်းဂေါတမသည် သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏၊ ငါသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ သဗ္ဗညုတဉာဏ်ကို ဝန်ခံသော ပုဂ္ဂိုလ်သည် သဗ္ဗညုတဉာဏ်ကို ဝန်ခံသော ပုဂ္ဂိုလ်နှင့် လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သောတန်ခိုးပြာဋိဟာကို ပြရန် ထိုက်၏။ ရဟန်းဂေါတမသည် ခရီးထက်ဝက်သို့ လာလျှင် ငါသည်လည်း ခရီးထက်ဝက်သို့ သွားအံ့။ ထိုနေရာ၌ ထို(ငါတို့) နှစ်ဦးလုံး လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြကြကုန်အံ့။ အကယ်၍ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ တခုကိုပြလျှင် ငါသည် နှစ်ခုပြအံ့။ ရဟန်းဂေါတမသည် လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ နှစ်ခုကို ပြလျှင် ငါသည် လေးခုပြအံ့။ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ လေးခုကိုပြလျှင် ငါသည် ရှစ်ခုပြအံ့။ လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ရဟန်းဂေါတမ ပြတိုင်းပြတိုင်းထက် ငါသည် ဤသို့ နှစ်ဆ နှစ်ဆ တက်၍ပြအံ့" ဟု (ပြော၏)။

၁၆။ ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်၍ ငါ့အား ဤစကားကို လျှောက်၏။

မြတ်စွာဘုရား အဝတ်မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ ရွာ၌ လာဘ်များခြင်း အခြံအရံများခြင်း အထွတ်အထိပ်သို့ ရောက်၍ နေ၏၊ ထိုသူသည် ဝေသာလီပြည် ပရိသတ်၌ ဤသို့သော စကားကို ဆိုပါ၏။ "ရဟန်းဂေါတမသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏၊ ငါသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ သဗ္ဗညုတဉာဏ်ကို ဝန်ခံသော ပုဂ္ဂိုလ်သည် သဗ္ဗညုတဉာဏ်ကို ဝန်ခံသော ပုဂ္ဂိုလ်နှင့် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်ထိုက်၏။ ရဟန်းဂေါတမသည် ခရီးထက်ဝက်သို့လာလျှင် ငါသည်လည်း ခရီးထက်ဝက်သို့ သွားအံ့။ ထိုနေရာ၌ ထို(ငါတို့) နှစ်ဦးလုံး လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်

http://www.dhammadownload.com



ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြကုန်အံ့။ **အကယ်၍ ရဟန်းဂေါတမသည် လူတို့၏** ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ တခုကိုပြလျှင် ငါသည် နှစ်ခု ပြအံ့၊ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုး ပြာဋိဟာ နှစ်ခုကိုပြလျှင် ငါသည် လေးခုပြအံ့။ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ လေးခုကိုပြလျှင် ငါသည် ရှစ်ခုပြအံ့။ လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ရဟန်းဂေါတမ ပြတိုင်းပြတိုင်း ထက် ငါသည် ဤသို့ နှစ်ဆနှစ်ဆ တက်၍ပြအံ့” ဟု (ပြောပါသည်ဟူ၍ လျှောက်၏)။

ဘဂ္ဂဝ ဤသို့လျှောက်သော် ငါသည် လိစ္ဆဝီမင်းသား သုနက္ခတ်အား ဤစကားကို ဆို၏——

“သုနက္ခတ် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်။ ‘ထိုစကားကို မရုပ်သိမ်း မူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့’ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ ကျရာ၏” ဟု (ဆို၏)။

၁၇။ မြတ်စွာဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို စောင့်စည်းတော် မူပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို စောင့်စည်း တော်မူပါ ဟု (လျှောက်၏)

သုနက္ခတ် သင်သည် အဘယ့်ကြောင့် ဤစကားကို ဆိုသနည်း “မြတ်စွာဘုရား ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် ဤစကားကို စောင့်စည်းတော်မူပါ၊ ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို စောင့်စည်းတော်မူပါ” ဟု (ဆိုသနည်း ဟု မေး၏)။

မြတ်စွာဘုရား မြတ်စွာဘုရားသည် ဤစကားကို မုချအားဖြင့် ဆိုတော်မူ၏၊ “ပါထိကပုတ္တ တက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက် သို့ လာရန် မထိုက်။ ‘ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်း ဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့’ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏” ဟု ဆိုတော်မူ၏။ မြတ်စွာဘုရား အဝတ်မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ပြောင်းလွဲသောရုပ်ဖြင့် မြတ်စွာဘုရား မျက်မှောက်သို့ လာခဲ့သော် မြတ်စွာဘုရား၏ ထိုစကားသည် မှားရာ၏ ဟု (လျှောက်၏)။

၁၈။ သုနက္ခတ် ဘုရားသည် နှစ်ခွဖြစ်သော စကားကို ပြောရာသလော ဟု (ဆို၏)။

မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် “ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်၊ ‘ထိုစကားကို မရုပ်သိမ်း မူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့’ ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ ကျရာ၏” ဟု အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်း၏ စိတ်ကို မြတ်စွာဘုရား၏ စိတ်ဖြင့် ပိုင်းခြား ၍ သိတော်မူပါသလော။

သို့မဟုတ် ထိုအကြောင်းကို နတ်တို့သော်လည်း မြတ်စွာဘုရားအား လျှောက်ထားပါကုန် သလော၊ “မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍

http://www.dhammadownload.com



ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ မြတ်စွာဘုရား၏ မျက်မှောက်သို့ လာရန်မထိုက်၊ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏" ဟု (လျှောက်ထားပါကုန်သလော ဟု လျှောက်၏)။

၁၉။ သုနက္ခတ် "အဝတ် မဝတ်သော ပါထိက ပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့'ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏" ဟု ပါထိကပုတ္တ၏ စိတ်ကို ငါ၏စိတ်ဖြင့် ပိုင်းခြား၍လည်း သိ၏၊ ထိုအကြောင်းကို နတ်တို့သည်လည်း လျှောက်ထားကုန်၏၊ "မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ မြတ်စွာဘုရား၏ မျက်မှောက်သို့ လာရန် မထိုက်ပါ။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့'ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏"ဟု (လျှောက်ထားကုန်၏)။

အဇိတ မည်သော လိစ္ဆဝီ စစ်သူကြီးသည် သေလွန်၍ ယခုတာဝတိံသာဘုံ၌ ဖြစ်နေ၏။ ထိုသူသည်လည်း ငါ့ထံသို့ ချဉ်းကပ်၍ "မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် အရှက် မရှိသူ ဖြစ်ပါ၏၊ မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် မုသားပြောတတ်သူ ဖြစ်ပါ၏၊ မြတ်စွာဘုရား ပါထိကပုတ္တတက္ကတွန်းသည် အကျွန်ုပ်ကိုလည်း 'အဇိတလိစ္ဆဝီ စစ်သူကြီးသည် ကြီးစွာသော ငရဲ၌ ဖြစ်၏' ဟု အဝတ် မဝတ်သော ပါထိကပုတ္တ တက္ကတွန်းသည် ဝဇ္ဇီမင်းတို့၏ ရွာ၌ ပြောကြားပါ၏။ မြတ်စွာဘုရား အကျွန်ုပ်သည် ကြီးစွာသော ငရဲ၌ မဖြစ်ပါ၊ တာဝတိံသာဘုံ၌ ဖြစ်ပါ၏။ မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် အရှက် မရှိသူဖြစ်ပါ၏၊ မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် မုသားပြောတတ်သူ ဖြစ်ပါ၏၊ "မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ မြတ်စွာဘုရား၏ မျက်မှောက်သို့ လာရန် မထိုက်ပါ။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့'ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏" ဟု လျှောက်၏။

သုနက္ခတ် ဤသို့လျှင် အဝတ် မဝတ်သော ပါကထိပုတ္တ တက္ကတွန်းသည် "ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ ကျရာ၏" ဟု ပါထိကပုတ္တ၏ စိတ်ကို ငါ၏ စိတ်ဖြင့် ပိုင်းခြား၍လည်းသိ၏။ ထိုအကြောင်းကို နတ်တို့သည်လည်း လျှောက်ထားကုန်၏။ "မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ မြတ်စွာဘုရား၏ မျက်မှောက်သို့ လာရန် မထိုက်ပါ။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍

http://www.dhammadownload.com



ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်၍ကျရာ၏" ဟု (လျှောက်ထားကုန်၏)။

သုနက္ခတ် ငါသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှ ဖဲခဲ့လျက် နေ့သန့်စင်နေခြင်းငှါ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်း၏ အရံသို့ ချဉ်းကပ်အံ့၊ သုနက္ခတ် ယခု သင်ပြောကြားလိုသူကို ပြောကြားလော့ ဟု (ငါဆို၏)။

## တန်ခိုးပြာဋိဟာကို ပြခဏ်း

၂၀။ ဘဂ္ဂဝ ထိုနောက် ငါသည် နံနက် အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်၏၊ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှ ဖဲခဲ့လျက် နေ့သန့်စင်နေခြင်းငှါ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်း၏ အရံသို့ ချဉ်းကပ်၏။

ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် လျင်လျင်မြန်မြန် ဝေသာလီပြည်သို့ ဝင်၍ ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့ထံ ချဉ်းကပ်ပြီးလျှင် ဤစကားကို ဆို၏၊ "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှ ဖဲခဲ့လျက် နေ့သန့်စင်နေခြင်းငှါ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်း၏ အရံသို့ ချဉ်းကပ်၏။ ငါ့သျှင်တို့ သွားကြကုန်လော့၊ ငါ့သျှင်တို့ သွားကြကုန်လော့၊ ချီးမွမ်းအံ့ဖွယ် ကောင်းကုန်သော ရဟန်းတို့၏ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာသည် ဖြစ်လတ္တံ့" ဟု (ဆို၏)။

ဘဂ္ဂဝ ထိုအခါ ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့အား ဤသို့သော အကြံသည် ဖြစ်၏—

"အချင်းတို့ အံ့ဩချီးမွမ်းဖွယ် ကောင်းကုန်သော ရဟန်းတို့၏ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာသည် ဖြစ်လိမ့်သတတ်၊ အချင်းတို့ ယခု သွားကြကုန်အံ့" ဟု (အကြံဖြစ်၏)။

ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေး အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏပြာဟ္မဏတို့ထံသို့လည်း ချဉ်းကပ်၍ "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသော် ဆွမ်းခံရွာမှ ဖဲခဲ့လျက် နေ့သန့်စင်နေခြင်းငှါ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်း၏ အရံသို့ ချဉ်းကပ်၏။ ငါ့သျှင်တို့ သွားကြကုန်လော့၊ ငါ့သျှင်တို့ သွားကြကုန်လော့၊ ချီးမွမ်းအံ့ဩဖွယ် ကောင်းကုန်သော ရဟန်းတို့၏ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါး ထက် လွန်မြတ်သော တန်ခိုးပြာဋိဟာသည် ဖြစ်လတ္တံ့" ဟု ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏား သူဌေး အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏပြာဟ္မဏတို့အားလည်း ဤစကားကို ဆို၏။

ဘဂ္ဂဝ ထိုအခါ ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေး အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏပြာဟ္မဏတို့အားလည်း ဤသို့သော အကြံသည် ဖြစ်၏—

"အချင်းတို့ ချီးမွမ်းအံ့ဩဖွယ် ကောင်းကုန်သော ရဟန်းတို့၏ လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာသည် ဖြစ်လိမ့်သတတ်၊ အချင်းတို့ ယခု သွားကြကုန်အံ့" ဟု (အကြံဖြစ်၏)။

http://www.dhammadownload.com



**ဘဂ္ဂဝ ထိုအခါ** ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းများ ထင်ရှားကုန်ထင်ရှားကုန်သော **ပုဏ္ဏားသူဌေးများ** အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏဗြာဟ္မဏတို့သည် **အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်း၏အရံသို့** ချဉ်းကပ်ကြကုန်၏၊ ဘဂ္ဂဝ ထိုပရိသတ်ကား **များလှ၏၊ အရာမက အထောင်မက** ဖြစ်၏။

၂၁။ ဘဂ္ဂဝ အဝတ် မဝတ်သော ပါထိက ပုတ္တတက္ကတွန်းသည် "ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့ ကြွလာကုန်သတတ်၊ ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေးများ အမျိုးသား သူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏဗြာဟ္မဏတို့လည်း ကြွလာကုန်သတတ်၊ ရဟန်း ဂေါတမသည်လည်း ငါ၏ အရံ၌ နေသန့်စင်နေသတတ်" ဟု ကြားလေ၏။ ကြားသောကြောင့် ထိုသူ့အား ကြောက်လန့်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်း ထခြင်းသည် ဖြစ်၏။ ဘဂ္ဂဝ ထိုအခါ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ကြောက်လန့်သည် ဖြစ်၍ တုန်လှုပ်သည် ဖြစ်၍ ကြက်သီးမွေးညှင်းထသည်ဖြစ်၍ တိန္ဒုကခါဏုပရိဗိုဇ် အရံရှိရာသို့ ချဉ်းကပ်၏။

ဘဂ္ဂဝ "အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ကြောက်လန့်သည်ဖြစ်၍ တုန်လှုပ်သည် ဖြစ်၍ ကြက်သီးမွေးညှင်းထသည်ဖြစ်၍ တိန္ဒုကခါဏုပရိဗိုဇ်အရံသို့ သွားလေသတတ်" ဟု ထိုပရိသတ် **သည်** ကြားလေ၏။ ဘဂ္ဂဝ ထိုအခါ ထိုပရိသတ်သည် ယောကျ်ားတယောက်ကို စေခိုင်း၏—

အချင်းယောကျ်ား လာလော့၊ တိန္ဒုကခါဏုပရိဗိုဇ်အရံ၌ အဝတ် မဝတ်သော ပါထိကပုတ္တ တက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် အဝတ်မဝတ်သော ပါထိကပုတ္တ တက္ကတွန်းကို "ငါ့သျှင် ပါထိက ပုတ္တ ကြွလာပါလော့၊ ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် ကြွလာကြပါကုန်၏၊ ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေးများ အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန် သော သမဏဗြာဟ္မဏတို့လည်း ကြွလာကြပါကုန်၏၊ ရဟန်းဂေါတမသည်လည်း အသျှင်၏ အရံ၌ နေသန့်စင်နေပါ၏။ ငါ့သျှင် ပါထိကပုတ္တ ဝေသာလီပရိသတ်၌ သင်သည် ဤစကားကို ပြောဘူး၏၊ 'ရဟန်းဂေါတမသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏၊ ငါသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ သဗ္ဗညုတဉာဏ်ကို ဝန်ခံသော သူသည် သဗ္ဗညုတဉာဏ်ကို ဝန်ခံသောသူနှင့်အတူ လူတို့၏ ကုသိုလ်ကမ္မ ပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်ထိုက်၏။ ရဟန်းဂေါတမသည် ခရီးထက်ဝက်သို့ လာသျှင် ငါသည်လည်း ခရီးထက်ဝက်သို့ သွားအံ့။ ထိုနေရာ၌ ထို(ငါတို့)နှစ်ဦးလုံး လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြကုန်အံ့။ အကယ်၍ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ တခုကိုပြလျှင် ငါသည် နှစ်ခုပြအံ့၊ အကယ်၍ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာ နှစ်ခုကိုပြလျှင် ငါသည် လေးခုပြအံ့။ အကယ်၍ ရဟန်းဂေါတမသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုး ပြာဋိဟာ လေးခုကိုပြလျှင် ငါသည် ရှစ်ခုပြအံ့။ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ရဟန်းဂေါတမ ပြတိုင်း ပြတိုင်းထက် ငါသည် ဤသို့ နှစ်ဆ နှစ်ဆ တက်၍ ပြအံ့' ဟူသော (စကားကို သင်ပြောဘူး၏)။ ငါ့သျှင် ပါထိကပုတ္တ ခရီးထက်ဝက်တိုင် အောင်သာကြွပါ၊ ရဟန်းဂေါတမသည် ရှေးဦးစွာပင် ကြွလာ၍ အသျှင်၏ အရံ၌ နေသန့်စင်နေပါ သည်" ဟု (ပြောချေလော့ ဟူ၍ စေခိုင်း၏)။

http://www.dhammadownload.com



၂၂။ ဘဂ္ဂဝ ထိုယောကျ်ားသည် "အသျှင် ကောင်းပါပြီ"ဟု ထိုပရိသတ်အား ဝန်ခံ၍ တိန္ဒုကခါဏု ပရိဗိုဇ်အရံ၌ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းထံသို့ ချဉ်းကပ်၍ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို ဤသို့ ဆို၏—

"ငါ့သျှင် ပါထိကပုတ္တ လာပါလော့၊ ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့သည် ကြွလာပါကုန်၏၊ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေးများ အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏဗြာဟ္မဏတို့လည်း ကြွလာပါကုန်၏၊ ရဟန်းဂေါတမသည်လည်း အသျှင်၏ အရံ၌ နေ့သန့်စင်နေပါ၏။ ငါ့သျှင် ပါထိကပုတ္တ ဝေသာလီပရိသတ်၌ သင်သည် ဤစကားကို ပြောဘူး၏၊ 'ရဟန်းဂေါတမသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏၊ ငါသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ သဗ္ဗညုတဉာဏ်ကို ဝန်ခံသောသူသည် သဗ္ဗညုတဉာဏ်ကို ဝန်ခံသော သူနှင့် အတူ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်ထိုက်၏။ပ။ ငါသည် နှစ်ဆ နှစ်ဆ တက်၍ ပြုအံ့'ဟူသော (စကားကို သင်ပြောဘူး၏)။ ငါ့သျှင် ပါထိကပုတ္တ ခရီးထက်ဝက် တိုင်အောင် ကြွသာ ကြွပါ၊ ရဟန်းဂေါတမသည် ရှေးဦးစွာ ကြွလာ၍ အသျှင်၏ အရံ၌ နေ့သန့်စင်နေပါသည်" ဟု (ဆို၏)။

ဘဂ္ဂဝ ဤသို့ဆိုသော် အဝတ် မဝတ်သော ပါထိကပုတ္တ တက္ကတွန်းသည် "ငါ့သျှင် လာပါအံ့၊ ငါ့သျှင်လာပါအံ့" ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်။

ဘဂ္ဂဝ ထိုအခါ ထိုယောကျ်ားသည် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းအား "ငါ့သျှင် ပါထိကပုတ္တ သင်၏ တင်ပါးတို့သည် ထိုင်ခုံ၌ ငြိကပ်နေပါသလော၊ တိုင်ခုံသည် သင်၏ တင်ပါးတို့၌ ငြိကပ်နေပါသလော၊ 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့' ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်" ဟု ဆို၏။

ဘဂ္ဂဝ ဤသို့ပင် ဆိုသော်လည်း အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် "ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့" ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်။

၂၃။ ဘဂ္ဂဝ ထိုယောကျ်ားသည် "ဤအဝတ် မဝတ်သော ပါထိကပုတ္တ တက္ကတွန်းကား 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့'ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်၊ ရှုံးပုံပေါ်၏" ဟု သိသောအခါ ပရိသတ်ထံသို့ ပြန်လာ၍ "အသျှင်တို့ ဤအဝတ် မဝတ်သော ပါထိကပုတ္တသည် 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့' ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်၊ ရှုံးပုံပေါ်၏" ဟု ပြောကြား၏။

ဘဂ္ဂဝ ဤသို့ဆိုသော် ငါသည် ထိုပရိသတ်အား ဤစကားကို ဆို၏—

"ငါ့သျှင်တို့ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်၊ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်း သော်လည်း ပြတ်၍ကျရာ၏" ဟု (ဆို၏)။

ပဌမအခဏ်း ပြီး၏။

http://www.dhammadownload.com



၂၄။ ထိုအခါ လိစ္ဆဝီ အမတ်ကြီး တဦးသည် နေရာမှ ထ၍ ထိုပရိသတ်အား ဤစကားကို ဆို၏—

“အသျှင်တို့ သို့ဖြစ်လျှင် အကျွန်ုပ် ပြန်လာသည့်တိုင်အောင် ခဏမျှ ဆိုင်းငံ့ကြပါဦး၊ အကျွန်ုပ်သည် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို ဤပရိသတ်သို့ ခေါ်လာရန် တတ်နိုင်ကောင်း တတ်နိုင်ပါလိမ့်မည်” ဟု (ဆို၏)။

ဘဂ္ဂဝ ထို့နောက် ထိုလိစ္ဆဝီအမတ်ကြီးသည် တိန္ဒုကခါဏု ပရိဗိုဇ် အရံ၌ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းအား ဤစကားကို ဆို၏—

ငါ့သျှင် ပါထိကပုတ္တ ကြွလာပါလော့၊ ကြွလာခြင်းသည် သင်အား ကောင်းမြတ်၏၊ ထင်ရှားကုန် ထင်ရှားကုန်သော လိစ္ဆဝီမင်းတို့ ကြွလာပါကုန်၏။

ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေးများ အမျိုးသား သူဌေးများနှင့် အယူအမျိုးမျိုး ရှိကုန်သော သမဏ ဗြာဟ္မဏတို့လည်း ကြွလာပါကုန်၏။

ရဟန်းဂေါတမသည်လည်း အသင်၏ အရံ၌ နေ့သန့်စင်နေပါ၏၊ ငါ့သျှင် ပါထိကပုတ္တ ဝေသာလီ ပရိသတ်၌ သင်သည် ဤစကားကို ပြောဘူး၏၊ “ရဟန်းဂေါတမသည်လည်း သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏။ပ။ ငါသည် ဤသို့ နှစ်ဆ နှစ်ဆ တက်၍ ပြအံ့” ဟူသော (စကားကို သင်ပြောဘူး၏)။ ငါ့သျှင် ပါထိကပုတ္တ ခရီးထက်ဝက်တိုင်အောင် ကြွလာပါ။ ရဟန်းဂေါတမသည် ရှေးဦးစွာကြွလာ၍ အသျှင်၏ အရံ၌ နေ့သန့်စင်နေပါသည်၊ ငါ့သျှင် ပါထိကပုတ္တ ရဟန်းဂေါတမသည် ပရိသတ်၌ ဤစကားကို ပြော၏၊ “အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်။ ‘ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့’ ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်၍ကျရာ၏” ဟု (ဤစကားကို ပြော၏)။ ငါ့သျှင် ပါထိကပုတ္တ ကြွလာလော့၊ ကြွလာရုံဖြင့်ပင် သင့်ကို အနိုင် ရဟန်းဂေါတမကို အရှုံးပြုကြပါကုန်အံ့ ဟု (ဆို၏)။

ဘဂ္ဂဝ ဤသို့ဆိုသော် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် “ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့” ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏။ နေရာမှ ထရန်ပင် မစွမ်းနိုင်။

ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီ အမတ်ကြီးသည် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းအား “ငါ့သျှင် ပါထိကပုတ္တ သင်၏ တင်ပါးတို့သည် ထိုင်ခုံ၌ ငြိကပ်၍နေသလော၊ထိုင်ခုံသည် သင်၏ တင်ပါး၌ ငြိကပ်၍နေသလော၊ ‘ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့’ ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်” ဟု ဆို၏။

ဘဂ္ဂဝ ဤသို့ပင် ပြောသော်လည်း ပါထိကပုတ္တတက္ကတွန်းသည် “ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့” ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်။

http://www.dhammadownload.com



၂၅။ ဘဂ္ဂဝ ထိုလိစ္ဆဝီအမတ်ကြီးသည် "ဤအဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကား 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့'ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်၊ ရှုံးပုံပေါ်၏"ဟု သိသောအခါ ထိုပရိသတ် ့ါသို့ ပြန်လာ၍ "အသျှင်တို့ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကား 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့' ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏။ နေရာမှ ထရန်ပင် မစွမ်းနိုင်၊ ရှုံးပုံပေါ်၏" ဟု ပြောကြား၏။

ဘဂ္ဂဝ ဤသို့ ပြောကြားသော် ငါသည် ထိုပရိသတ်အား ဤစကားကို ဆို၏—

"ငါ့သျှင်တို့ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့လာရန် မထိုက်။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့'ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်၍ ကျရာ၏၊ အကယ်၍ ငါ့သျှင် လိစ္ဆဝီတို့အား 'ငါတို့သည် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို လွန်ကြိုးတို့ဖြင့် ချည်၍ နွားအရှဉ်းများစွာတို့ဖြင့် ဆွဲယူကုန်အံ့'ဟု ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုလွန်ကြိုးတို့သော်လည်း ပြတ်ကုန်ရာ၏၊ ပါထိကပုတ္တတက္ကတွန်းသော်လည်း ပြတ်ရာ၏၊ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန်မထိုက်။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့'ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်၍ကျရာ၏" ဟု (ဆို၏)။

၂၆။ ဘဂ္ဂဝသိုအခါ ဒါရုပတ္တိကဏ်တပည့် ဇာလိယသည် နေရာမှထ၍ ထိုပရိသတ်ကို ဤသို့ဆို၏၊ "အသျှင်တို့ သို့ဖြစ်လျှင် အကျွန်ုပ် ပြန်လာသည့်တိုင်အောင် ခဏမျှ ဆိုင်းငံ့ကြပါဦး၊ အဝတ် မဝတ်သော ပါထိကပုတ္တ တက္ကတွန်းကို ဤပရိသတ်သို့ ခေါ် လာရန် တတ်နိုင်ကောင်း တတ်နိုင်ပါလိမ့်မည်"ဟု (ဆို၏)။

ဘဂ္ဂဝ ထို့နောက် ထိုဒါရုပတ္တိကဏ်တပည့် ဇာလိယသည် တိန္ဒုကခါဏုပရိဗိုဇ်အရံ၌ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဤစကားကို ဆို၏—

ငါ့သျှင် ပါထိကပုတ္တ ကြွလာပါလော့၊ ကြွလာခြင်းသည် သင့်အား ကောင်းမြတ်၏၊ ထင်ရှားကုန် ထင်ရှားကုန်သော ပုဏ္ဏားသူဌေးများ အမျိုးသားသူဌေးများနှင့် အယူအမျိုးမျိုးရှိကုန်သော သမဏ ဗြာဟ္မဏတို့လည်း ကြွလာပါကုန်၏။ ရဟန်းဂေါတမသည်လည်း အသျှင်၏ အရံ၌ နေ့သန့်စင်နေပါ၏။ ငါ့သျှင်ပါထိကကား ဝေသာလီပရိသတ်၌ သင်သည် ဤစကားကို ပြောဘူး၏ "ဂေါတမသည်လည်း သဗ္ဗညုဘဉာဏ်ကို ဝန်ခံ၏။ပ။ ငါသည် နှစ်ဆ နှစ်ဆ တက်၍ ပြအံ့" ဟူသော(စကားကို သင်ပြောဘူး၏)။ငါ့သျှင် ပါထိကပုတ္တ ခရီးထက်ဝက် တိုင်အောင် ကြွသာ ကြွလာပါ၊ရဟန်းဂေါတမသည် ရှေးဦးစွာ ပင်လာ၍ အသျှင်၏ အရံ၌ နေ့သန့်စင်နေပါသည်၊ငါ့သျှင် ပါထိကပုတ္တ ရဟန်းဂေါတမသည် ပရိသတ်၌ ဤစကားကို ဆို၏၊ "အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု ထိုသူ့ အား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏။အကယ်၍ ငါ့သျှင်

F/2

http://www.dhammadownload.com



လိစ္ဆဝီတို့အား 'ငါတို့သည် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို လွန်ကြိုးတို့ဖြင့် ချည်၍ နွားအရှဉ်းများစွာတို့ဖြင့် ဆွဲယူကုန်အံ့'ဟု ဤသို့သော အကြံသည် ဖြစ်ငြားအံ့။ ထိုလွန်ကြိုးတို့သော်လည်း ပြတ်ကုန်ရာ၏၊ပါထိကပုတ္တသော်လည်း ပြတ်ရာ၏၊ပါထိကပုတ္တတက္ကတွန်းသည်ကား ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့'ဟု အကယ်၍ ထိုသူ့အား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်၍ကျရာ၏" ဟု (ဆို၏)။ ငါ့သျှင် ပါထိကပုတ္တ ကြွလာပါလော့၊ ကြွလာရုံဖြင့်ပင် သင့်ကို အနိုင်၊ ရဟန်းဂေါတမကို အရှုံးပြုပါကုန်အံ့ ဟု (ဆို၏)။

ဘဂ္ဂဝ ဤသို့ဆိုသော် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် "ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့" ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်။

ဘဂ္ဂဝ ထိုနောက် ဒါရုပတ္တိက၏ တပည့် ဇာလိယသည် အဝတ် မဝတ်သော ပါထိက ပုတ္တတက္ကတွန်းအား ဤစကားကို ဆို၏၊ "ငါ့သျှင် ပါထိကပုတ္တ သင်၏ တင်ပါးတို့သည် ထိုင်ခုံ၌ ငြိကပ်၍ နေသလော၊ ထိုင်ခုံသည် သင်၏ တင်ပါးတို့၌ ငြိကပ်၍ နေသလော၊ 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့' ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်" ဟု (ဆို၏)။

ဘဂ္ဂဝ ဤသို့ပင် ဆိုသော်လည်း အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် "ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့" ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန်ပင် မစွမ်းနိုင်။

၂၇။ ဘဂ္ဂဝ ဒါရုပတ္တိက၏ တပည့် ဇာလိယသည် "ဤပါထိကပုတ္တတက္ကတွန်းသည် 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့' ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှပင် ထရန် မစွမ်းနိုင်၊ ရှုံးပုံပေါ်၏" ဟု သိသောအခါ ထို(ပါထိကပုတ္တ)အား ဤစကားကို ဆို၏—

ငါ့သျှင် ပါထိကပုတ္တ ရှေး၌ဖြစ်ဘူးသည်ကား သားများဘုရင် ခြင်္သေ့မင်းအား ဤသို့သော အကြံသည် ဖြစ်၏—

"ငါသည် တောအုပ် တခုကို မှီ၍ ခိုအောင်းရာပြုအံ့၊ ထိုတောအုပ်၌ ခိုအောင်းရာပြုပြီးလျှင် ညနေချမ်း အခါ ထိုနေရာမှ ထွက်အံ့၊ ကိုယ်လက်ဆန့်တန်းပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာသို့ လှည့်လည် ကြည့်ရှုအံ့၊ ထက်ဝန်းကျင် အရပ်လေးမျက်နှာသို့ လှည့်လည် ကြည့်ရှုပြီးလျှင် ရဲရင့်သော ဟောက်ခြင်းကို သုံးကြိမ်ဟောက်အံ့၊ ရဲရင့်သော ဟောက်ခြင်းကို သုံးကြိမ် ဟောက်ပြီးလျှင် အစာရှာခြင်းငှါ ထွက်အံ့၊ ကောင်းကုန် ကောင်းကုန်သော သားအပေါင်းတို့ကို သတ်၍ နူးညံ့ကုန် နူးညံ့ကုန်သော အသားတို့ကို စားပြီးလျှင် ခိုအောင်းရာသို့သာလျှင် ကပ်အံ့၊ (ဤသို့ပြုရမူ) ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ငါ့သျှင် ထိုနောက် ထိုသားများဘုရင် ခြင်္သေ့မင်းသည် တောအုပ်တခုကို မှီ၍ ခိုအောင်းရာပြု၏၊ ထိုတောအုပ်၌ ခိုအောင်းရာ ပြုပြီးလျှင် ညနေချမ်းအခါ ခိုအောင်းရာမှ ထွက်၏၊ ခိုအောင်းရာမှ ထွက်ပြီးလျှင် ကိုယ်လက် ဆန့်တန်း၏၊ ကိုယ်လက်ဆန့်တန်းပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို လှည့်လည် ကြည့်ရှု၏၊ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို လှည့်လည် ကြည့်ရှုပြီးလျှင် ရဲရင့်သော ဟောက်ခြင်းကို သုံးကြိမ်ဟောက်၏၊ ရဲရင့်သော ဟောက်ခြင်းကို သုံးကြိမ်ဟောက်ပြီးလျှင်

http://www.dhammadownload.com



အစာရှာခြင်းငှါ ထွက်၏၊ ကောင်းကုန် ကောင်းကုန်သော သားအပေါင်းတို့ကို သတ်၍ နူးညံ့ကုန် နူးညံ့ကုန်သော အသားတို့ကို စားပြီးလျှင် ထိုခိုအောင်းရာသို့ ကပ်၏။

၂၈။ ငါ့သျှင် ပါထိကပုတ္တ ထိုသားမျိုးဘုရင် ခြင်္သေ့မင်း၏ စားကြွင်းဖြစ်သော ကြီးပွါးသော ဝလည်းဝ အားလည်းကောင်းသော မြေခွေးအိုသည် ရှိ၏၊ ငါ့သျှင် ထိုအခါ ထိုမြေခွေးအိုအား ဤသို့သော အကြံသည် ဖြစ်၏—

"ငါကား အဘယ်သူနည်း၊ သားမျိုးဘုရင် ခြင်္သေ့မင်းကား အဘယ်သူနည်း၊ ငါလည်း တောအုပ်တခုကို မှီ၍ ခိုအောင်းရာပြုအံ့၊ ထိုတောအုပ်၌ ခိုအောင်းရာပြုပြီးလျှင် ညနေချမ်းအခါ ခိုအောင်းရာမှ ထွက်အံ့၊ ခိုအောင်းရာမှ ထွက်ပြီးလျှင် ကိုယ်လက်ဆန့်တန်းအံ့၊ ကိုယ်လက် ဆန့်တန်းပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာသို့ လှည့်လည်ကြည့်ရှုအံ့၊ ထက်ဝန်းကျင် အရပ်လေးမျက်နှာသို့ လှည့်လည်ကြည့်ရှုပြီးလျှင် ရဲရင့်သော ဟောက်ခြင်းကို သုံးကြိမ် ဟောက်အံ့၊ ရဲရင့်သော ဟောက်ခြင်းကို သုံးကြိမ် ဟောက်ပြီးလျှင် အစာရှာခြင်းငှါ ထွက်အံ့၊ ကောင်းကုန် ကောင်းကုန်သော သားအပေါင်းကို သတ်၍ နူးညံ့ကုန် နူးညံ့ကုန်သော အသား တို့ကို စားပြီးလျှင် ထိုခိုအောင်းရာသို့သာ ကပ်အံ့၊ ဤသို့ ပြုရမူကောင်းလေစွ" ဟု (အကြံ ဖြစ်၏)။

ငါ့သျှင် ထို့နောက် ထိုမြေခွေးအိုသည် တောအုပ်တခုကိုမှီ၍ ခိုအောင်းရာ ပြု၏၊ ထိုတောအုပ်၌ ခိုအောင်းရာပြုပြီးလျှင် ညနေချမ်းအခါ ခိုအောင်းရာမှ ထွက်၏၊ ခိုအောင်းရာမှ ထွက်ပြီးလျှင် ကိုယ် လက် ဆန့်တန်း၏၊ ကိုယ်လက် ဆန့်တန်းပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို လှည့်လည် ကြည့်ရှု၏၊ ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့သို့ လှည့်လည် ကြည့်ရှုပြီးလျှင် ရဲရင့်သော ဟောက် ခြင်းကို "သုံးကြိမ်ဟောက်အံ့" ဟု ဟောက်သော်လည်း မြေခွေးဟောင်ခြင်းကိုသာ ဟောင်၏၊ ငှက်ဆိုးသံကိုသာ မြည်၏၊ မြေခွေးယုတ်ကား အဘယ်သူနည်း[၁]၊ ခြင်္သေ့ကား အဘယ်သူနည်း [၂]။

ငါ့သျှင် ပါထိကပုတ္တ သင်သည် ဤအတူ ဘုရားသာသနာတော်ဖြစ်သော သိက္ခာတို့၌(မှီ၍) အသက်ရှင်လျက် ဘုရား၏ စားကြွင်းများကို စားလျက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားကို ပုတ်ခတ်ထိုက်သည် ဟု ထင် ဘိ၏၊ ယုတ်သော ပါထိကပုတ္တကား အဘယ်သူနည်း[၃] ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံး စုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားတို့ကို ပုတ်ခတ်ခြင်းကား အဘယ်နည်း [၄] ဟု ဆို၏။

၂၉။ ဘဂ္ဂဝ ဒါရုပတ္တိက၏ တပည့် ဇာလိယသည် ဤဥပမာဖြင့် အဝတ် မဝတ်သော ပါထိကပုတ္တ တက္ကတွန်းကို ထိုနေရာမှ ရွှေ့အောင် မတတ်နိုင်သောအခါ ထို(ပါထိကပုတ္တ)အား ဤစကားကို ဆို၏၊

"မြေခွေးသည် မိမိကိုယ်ကို ခြင်္သေ့ ဟု ထင်သည်သာမက ငါကား သားတကာတို့၏ ဘုရင် ဖြစ်၏ ဟု ထင်၏၊ ယင်းသို့ ထင်သော်လည်း ထိုမြေခွေးသည် ထိုငယ်စဉ်ကအတိုင်း မြေခွေး

၁-၂-မြေခွေးယုတ်နှင့် ခြင်္သေ့သံကား အဘယ်မှာသက်ဆိုင်ပါအံ့နည်း။
မြေခွေးနှင့်ခြင်္သေ့သံကား မတန်မရာလေစွဟုအဓိပ္ပါယ်ရနိုင်သည်။
၃-၄-မြတ်စွာဘုရားကို ယုတ်သော ပါထိကပုတ္တ၏ ပုတ်ခတ်ခြင်းကား အဘယ်မှာထိရောက်ပါအံ့နည်း။ လပြည့်ဝန်းကို ဟောင်သကဲ့သို့သာ ရှိလေစွ ထင်အပ်လေစွ ဟု အဓိပ္ပါယ်ရနိုင်သည်။

http://www.dhammadownload.com



ဟောင်ခြင်းကိုသာ ဟောင်၏၊ မြေခွေးယုတ်ကား အဘယ်သူနည်း၊ ခြင်္သေ့သံကား အဘယ်နည်း" ဟု (ဆို၏)။

ငါ့သျှင် ပါထိကပုတ္တ သင်သည် ဤအတူ ဘုရားသာသနာတော်ဖြစ်သော သိက္ခာတို့၌(မှီ၍) အသက်ရှင်နေပါလျက် ဘုရား၏ စားကြွင်းများကို စားနေပါလျက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားကို ပုတ်ခတ်ထိုက်သည်ဟု ထင်ဘိ၏။ ယုတ်သောပါထိကပုတ္တကား အဘယ်သူနည်း၊ ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားတို့ကို ပုတ်ခတ်ခြင်းကား အဘယ်နည်း ဟု (ဆို၏)။

၃၀။ ဘဂ္ဂဝ ဒါရုပတ္တိက၏ တပည့် ဇာလိယသည် ဤဥပမာဖြင့်လည်း အဝတ် မဝတ်သော ပါထိကပုတ္တကို ထိုနေရာမှ ရွေ့အောင် မတတ်နိုင်သောအခါ ထိုပါထိကပုတ္တအား ဤစကားကို ဆို၏—

"မြေခွေးသည် သူတပါးနောက်လိုက်ဖြစ်သော မိမိကိုယ်ကို ရေကြွင်းရေကျန်၌ ကြည့်၍ မိမိကိုယ်ကို ဟုတ်မှန်သည့်အတိုင်း မမြင်သမျှ ခြင်္သေ့ဟု ထင်၏၊ ယင်းသို့ ထင်သော်လည်း ထိုမြေခွေးသည် ထိုယ်စဉ်ကအတိုင်း မြေခွေးဟောင်ခြင်းကိုသာ ဟောင်၏၊ မြေခွေးယုတ်ကား အဘယ်သူနည်း၊ ခြင်္သေ့သံကား အဘယ်နည်း" ဟု (ဆို၏)။

ငါ့သျှင် ပါထိကပုတ္တ သင်သည် ဤအတူပင် ဘုရားသာသနာတော်ဖြစ်သော သိက္ခာတို့၌(မှီ၍) အသက်ရှင်၍ နေပါလျက် ဘုရား၏ စားကြွင်းများကို စားနေပါလျက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားတို့ကို ပုတ်ခတ်ထိုက်သည်ဟု ထင်ဘိ၏ "ယုတ်သော ပါထိကပုတ္တကား အဘယ်သူနည်း၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားတို့ကို ပုတ်ခတ်ခြင်းကား အဘယ်နည်း" ဟု (ဆို၏)။

၃၁။ ဘဂ္ဂဝ ဒါရုပတ္တိက၏တပည့် ဇာလိယသည် ဤဥပမာဖြင့်လည်း အဝတ် မဝတ်သော ပါထိကပုတ္တတက္ကသွန်းကို ထိုနေရာမှ ရွေ့အောင် မတတ်နိုင်သောအခါ ထိုပါထိကပုတ္တအား ဤစကားကို ဆို၏—

"ဖားများ လယ်ကြွက်များကိုရင်း သင်းချိုင်း၌ ပစ်ထားသော အကောင်ပုပ်များကိုရင်း စား၍ တောကြီး ဆိတ်ညံ၌ ကြီးပွါးနေသော မြေခွေးသည် ငါကား ခြင်္သေ့ဟု ထင်၏၊ ယင်းသို့ ထင်သော်လည်း ထိုမြေခွေးသည် ထိုယ်စဉ်ကအတိုင်း မြေခွေးဟောင်ခြင်းကိုသာ ဟောင်၏၊ မြေခွေးယုတ်ကား အဘယ်သူနည်း၊ ခြင်္သေ့သံကား အဘယ်နည်း" ဟု (ဆို၏)။

ငါ့သျှင် ပါထိကပုတ္တ သင်သည် ဤအတူပင် ဘုရားသာသနာတော်ဖြစ်သော သိက္ခာတို့၌(မှီ၍) အသက်ရှင်နေပါလျက် ဘုရား၏ စားကြွင်းများကို စားနေပါလျက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားကို ပုတ်ခတ်ထိုက်သည်ဟု ထင်ဘိ၏၊ယုတ်သော ပါထိကပုတ္တကား အဘယ်သူနည်း၊ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားတို့ကို ပုတ်ခတ်ခြင်းကား အဘယ်နည်းဟု (ဆို၏)။

http://www.dhammadownload.com



၃၂။ ဘဂ္ဂဝ ဒါရုပတ္တိကာ၏တပည့် ဇာလိယသည် ဤဥပမာဖြင့်လည်း အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို ထိုနေရာမှ ရွေ့အောင် မတတ်နိုင်သောအခါ ထိုပရိသတ်ထံသို့ ပြန်လာ၍ "အသျှင်တို့ ဤအဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းအား 'ငါ့သျှင် လာပါအံ့၊ ငါ့သျှင် လာပါအံ့' ဟု ဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှထရန်ပင် မစွမ်းနိုင်၊ရှုံးပုံပေါ်၏" ဟု ပြောကြား၏။

၃၃။ ဘဂ္ဂဝ ဤသို့ ပြောကြားသော် ငါသည် ထိုပရိသတ်အား ဤစကားကို ဆို၏—

"ငါ့သျှင်တို့ အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည် ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန်မထိုက်။ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု အကယ်၍ ထိုသူအား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်၍ ကျရာ၏၊ အကယ်၍ ငါ့သျှင် လိစ္ဆဝီတို့အား 'ငါတို့သည် အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို လွန်ကြိုးတို့ဖြင့် ချည်၍ နွားအရှဉ်းများစွာတို့ဖြင့် ဆွဲယူကုန်အံ့'ဟု ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုလွန်ကြိုးတို့သော်လည်း ပြတ်ကုန်ရာ၏၊ ပါထိကပုတ္တသော်လည်း ပြတ်ရာ၏၊ အဝတ်မဝတ်သော ပါထိကပုတ္တတက္ကတွန်းသည်ကား ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ငါ၏မျက်မှောက်သို့ လာရန် မထိုက်၊ 'ထိုစကားကို မရုပ်သိမ်းမူ၍ ထိုစိတ်ကို မပယ်မူ၍ ထိုအယူကို မစွန့်မူ၍ ရဟန်းဂေါတမ၏ မျက်မှောက်သို့ ငါသွားအံ့' ဟု အကယ်၍ ထိုသူ့အား ဤသို့သော အကြံသည် ဖြစ်ငြားအံ့၊ ထိုသူ၏ဦးခေါင်းသော်လည်း ပြတ်၍ ကျရာ၏" ဟု (ဆို၏)။

၃၄။ ဘဂ္ဂဝ ထို့နောက် ငါသည် ထိုပရိသတ်ကိုတရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏၊ ထိုပရိတ်သတ်ကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို (ကိလေသာ)အနှောင်အဖွဲ့မှလွတ်စေ၍ (ဩဃလေးပါး)ခရီးခဲမှ ထုတ်ဆောင်ပြီးလျှင် တေဇောဓာတ်ကို ဝင်စား၍ ကောင်းကင်သို့ ထန်းခုနစ်ဆင့်တိုင်အောင်တက်၍ အထက်သို့ အခြားထန်းခုနစ်ဆင့်တိုင်အောင်လည်း မီးလျှံဖန်ဆင်း၍ ပြောင်ပြောင်တောက်စေ၍ အခိုးထွက်စေ၍ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးသို့ ပြန်၍ တည်၏ 'ရောက်၏'။

၃၅။ ဘဂ္ဂဝ ထိုအခါ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကိုရှိခိုး၍ တခုသောနေရာ၌ထိုင်၏။ ဘဂ္ဂဝ....တခုသော နေရာ၌ထိုင်သော လိစ္ဆဝီမင်းသား သုနက္ခတ်အား ဤသို့သောစကားကို ငါဆို၏—

"သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို အကြောင်းပြု၍ ငါဟောသည့်အတိုင်း ထိုစကား၏ အကျိုးသည် ဖြစ်သလော၊ သို့မဟုတ် တမျိုးတဖုံအားဖြင့် ဖြစ်သလော" ဟု (ဆို၏)။

မြတ်စွာဘုရား အဝတ် မဝတ်သော ပါထိကပုတ္တတက္ကတွန်းကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ထိုစကား၏ အကျိုးသည် ဖြစ်ပါ၏၊ တမျိုးတဖုံအားဖြင့် မဖြစ်ပါ ဟု (လျှောက်၏)။

http://www.dhammadownload.com



သုနက္ခတ် ထိုအရာကို အဘယ်သို့ ထင်သနည်း၊ယင်းသို့ ဖြစ်သော် လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသည် မည်သလော မပြသည်မည်သလော ဟု (ဆို၏)။

မြတ်စွာဘုရား ဤသို့ဖြစ်သော် လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို စင်စစ် ပြသည်မည်ပါ၏၊ မပြသည် မမည်ပါ ဟု (လျှောက်၏)။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ဤသို့ပြသော ငါ့ကို "မြတ်စွာဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မမူပါ" ဟု သင်ဆို၏။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင် အဘယ်မျှ လွန်ကျူးပြစ်မှားသည်ကို ရှုဘိလော့။ ဘဂ္ဂဝ ဤသို့ပင် ငါပြောသော်လည်း အပါယ်ငရဲ လားထိုက်သူသည် ဖဲသွားသကဲ့သို့ လိစ္ဆဝီမင်းသား သုနက္ခတ်သည် ဤသာသနာတော်မှ ဖဲသွားသည်သာလျှင်တည်း။

## အစဟုသိအပ်သော တရားကို ပညတ်ခြင်း

၃၆။ ငါသည် လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကိုလည်းသိ၏။ ထို(အဂ္ဂညတရား) ကိုလည်း သိ၏၊ ထိုထက် လွန်မြတ်သော တရားကိုလည်းသိ၏၊ ထိုသို့ သိသော်လည်း မှားသော အားဖြင့် မသုံးသပ်၊ မှားသောအားဖြင့် မသုံးသပ်သောကြောင့် ငါသည် မိမိ၌ ကိလေသာ ငြိမ်းခြင်းကို ကိုယ်တိုင်သာလျှင်သိ၏။ယင်းသို့သိသော ဘုရားသည် ဆင်းရဲခြင်းသို့ မရောက်။

၃၇။ ဘဂ္ဂဝ အစိုးရသူ ဖန်ဆင်းခြင်းဟူသော ဗြဟ္မာဖန်ဆင်းခြင်းဟူသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ငါသည် ထိုသတို့ထံသို့ ချဉ်းကပ်၍ "ငါ့သျှင်တို့ သင်တို့သည် အစိုးရသူ ဖန်ဆင်းခြင်းဟူသော ဗြဟ္မာ ဖန်ခြင်းဆင်းဟူသော ဆရာ့ဝါဒပြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်၏ ဟူသည် မှန်သလော" ဟု မေး၏။ ငါသည် ဤသို့ မေးသော် ထိုသူတို့သည်လည်း "မှန်ပါသည်" ဟု ဝန်ခံကုန်၏။ "ငါ့သျှင်တို့ အစိုးရသူ ဖန်ဆင်းခြင်းဟူသော ဗြဟ္မာ ဖန်ဆင်းခြင်းဟူသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို အဘယ်အစီအရင်ဖြင့် သင်တို့ ဟောကုန်သနည်း" ဟု ထိုသူတို့ကို ငါမေး၏။ ထိုသူတို့သည် ဤသို့ ငါမေးသော် မဖြေနိုင်ကြကုန်၊ မဖြေနိုင်ကုန်၍ ငါ့ကိုသာ ပြန်၍ မေးကြကုန်၏၊ ငါသည် မေးလတ်သော် ထိုသူတို့အား ဤသို့ ဖြေကြား၏—

၃၈။ ငါ့သျှင်တို့ ရှည်သောကာလလွန်သော် တရံတခါ၌ ဤလောကသည် ပျက်၏၊ ထိုအခါသည် ရှိသည်သာတည်း၊ လောကပျက်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရ ဘုံ၌[1] ဖြစ်ကုန်၏၊ ထိုသူတို့သည် ထိုဘုံ၌ စျာန်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း 'ပီတိ'လျှင် အစာရှိကုန်၏၊ မိမိတို့ ကိုယ်ရောင်ဖြင့် လင်းလျက် ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သောနေရာ ရှိကုန်၏၊ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

ငါ့သျှင်တို့ ရှည်သောကာလလွန်သော် တရံတခါ၌ ဤလောကသည် ဖြစ်၏၊ ထိုအခါသည် ရှိသည်သာတည်း၊ လောကဖြစ်လတ်သော် (သတ္တဝါမှ) ဆိတ်သော ဗြဟ္မာ့ဗိမာန်သည် ထင်ရှားဖြစ်ပေါ်၏၊

---

၁။ ဒုတိယစျာန်သုံးဘုံတွင် တတိယဘုံ၊ အရောင်အဝါထွက်သော ဗြဟ္မာတို့၏ နေရာ။

http://www.dhammadownload.com



ထိုအခါ တဦးတယောက်သော သတ္တဝါသည် အသက်ကုန်သောကြောင့်ဖြစ်စေ ကောင်းမှုကံကုန်သော ကြောင့် ဖြစ်စေ အာဘဿရဘုံမှ သေခဲ့၍ (သတ္တဝါမှ)ဆိတ်သော ဗြဟ္မာ့ဗိမာန်၌ ဖြစ်ပေါ်၏၊ ထို သူသည် ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်၏၊ နှစ်သိမ့်ခြင်း 'ပီတိ'လျှင် အစာရှိ၏၊ မိမိကိုယ်ရောင်ဖြင့် လင်းလျက်ရှိ၏၊ ကောင်းကင်၌ ကျက်စား၏၊ တင့်တယ်သောနေရာရှိ၏၊ ကြာရှည်စွာသော ကာလ ပတ်လုံး တည်၏။

ထိုဘုံ၌ ထိုသူသည် တယောက်ထီးတည်း ကာလရှည်စွာနေရသောကြောင့် မမွေ့လျော်သည် ဖြစ်၍ "တပါးသော သတ္တဝါတို့လည်း ဤဘုံသို့ ရောက်လာဘိမူ ကောင်းလေစွ" ဟု တောင့်တ၏။ ထိုအခါ တပါးသော သတ္တဝါတို့လည်း အသက်ကုန်သောကြောင့်ဖြစ်စေ ကောင်းမှုကံ ကုန်သော ကြောင့်ဖြစ်စေ အာဘဿရဘုံမှ သေခဲ့ကုန်၍ ထိုသတ္တဝါ၏ အပေါင်းအဖော်အဖြစ်ဖြင့် ဗြဟ္မာ့ ဘုံ၌ ဖြစ်ပေါ်ကုန်၏၊ ထိုသူတို့သည်လည်း ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း 'ပီတိ' လျှင် အစာရှိကုန်၏၊ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သောနေရာရှိကုန်၏၊ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

၃၉။ ငါ့သျှင်တို့ ထိုသတ္တဝါတို့ဘွင် ရှေးဦးဖြစ်ပေါ်နှင့်သော သတ္တဝါအား ဤသို့သော အကြံ သည် ဖြစ်၏—

"ငါသည် ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ လွှမ်းမိုးနိုင်သူဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုး နိုင်သူဖြစ်၏၊ စင်စစ် (အလုံးစုံကို) မြင်သူဖြစ်၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ အစိုးရသူ ဖြစ်၏၊ ပြုသူဖြစ်၏၊ ဖန်ဆင်းသူဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူ ဖြစ်၏၊ (ဈာန်၌)လေ့လာပြီး သူဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့၏ အဖ ဖြစ်၏၊ ဤသတ္တဝါတို့ကို ငါဖန်ဆင်းထား၏၊ အဘယ့်ကြောင့် ဆိုသော် 'တပါးသော သတ္တဝါတို့သည်လည်း ဤဘုံသို့ရောက်လာဘိမူ ကောင်းလေစွ' ဟု ငါ့အား ရှေး၌ အကြံဖြစ်ခဲ့၏၊ ဤသို့ ငါ့အားလည်း တောင့်တခြင်းသည် ဖြစ်၏၊ ဤသတ္တဝါတို့သည်လည်း ဤဗြဟ္မာ့ဘုံသို့ ရောက်လာကုန်၏" ဟု (အကြံဖြစ်၏)။

နောက်မှ ဖြစ်ပေါ်လာသော ထိုသတ္တဝါတို့အားလည်း ဤသို့သော အကြံသည် ဖြစ်၏—

"ဤအသျှင်သည် ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ လွှမ်းမိုးနိုင်သူဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏၊ စင်စစ် (အလုံးစုံကို)မြင်သူ ဖြစ်၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ အစိုးရသူ ဖြစ်၏၊ ပြုသူဖြစ်၏၊ ဖန်ဆင်းသူ ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူ ဖြစ်၏၊ (ဈာန်၌) လေ့လာပြီးသူ ဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့၏ အဖဖြစ်၏၊ ငါတို့ကို ဤအသျှင် ဗြဟ္မာဖန်ဆင်းထား၏၊ အဘယ့်ကြောင့် ဆိုသော် ဤဘုံ၌ ဤဗြဟ္မာကြီး ရှေးဦးစွာ ဖြစ်ပေါ် နေနှင့်သည်ကို ငါတို့ မြင်ရကုန်၏၊ ငါတို့သည်ကား နောက်မှ ဖြစ်ပေါ်လာကုန်၏" ဟု (အကြံ ဖြစ်၏)။

၄၀။ ငါ့သျှင်တို့ ထိုသတ္တဝါတို့တွင် ရှေးဦးစွာ ဖြစ်ပေါ်နှင့်သော ထိုသတ္တဝါသည် အသက်လည်း သာလွန်၍ ရှည်၏၊ အဆင်းလည်း သာလွန်၍ လှ၏၊ တန်ခိုးလည်း သာလွန်၍ ကြီး၏၊ နောက်မှ ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့သည်ကား (ရှေးဦးစွာ ဖြစ်ပေါ်နှင့်သော သတ္တဝါနှင့် နှိုင်းစာလျှင်) အသက်လည်း တိုကုန်၏၊ အဆင်းလည်း မလှကုန်၊ တန်ခိုးလည်း နည်းကုန်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤသို့သော အကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို (ဗြဟ္မာ့)ဘုံမှ စုတေခဲ့၍ ဤ(လူ့)ဘုံသို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန် အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သော သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည်တည်ကြည်လတ်သော် ရှေး၌ နေဘူးသော ထို(ဗြဟ္မာ) ဘဝကိုအောက်မေ့နိုင်၏၊ ထို့ထက်လွန်၍ မအောက်မေ့နိုင်။

ထိုသူသည် ဤသို့ ဆို၏—

"အကြင် အသျှင်သည် ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာ ဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏၊ စင်စစ် (အလုံးစုံကို)မြင်သူ ဖြစ်၏၊ အလို အတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ အစိုးရသူ ဖြစ်၏၊ ပြုသူဖြစ်၏၊ ဖန်ဆင်းသူ ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူ ဖြစ်၏၊ (ဈာန်၌)လေ့လာပြီးသူ ဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့၏ အဖဖြစ်၏၊ ငါတို့ကို ယင်း အသျှင်ဗြဟ္မာသည် ဖန်ဆင်းထား၏၊ ထိုဗြဟ္မာသည် (ဖြစ်ပေါ်ခြင်း မရှိမူ၍) မြဲ၏၊ (သေခြင်း မရှိ၍)ခိုင်မြဲ၏၊ (ထာဝစဉ် ရှိနေ၍) တည်မြဲ၏၊ ဖောက်ပြန်ခြင်း သဘောမရှိ၊ ထို့ကြောင့် မြဲသော အရာတို့နှင့် တူစွာ တည်မြဲတိုင်းပင် တည်လတ္တံ့၊ ထိုအသျှင်ဗြဟ္မာဖန်ဆင်းထားသော ငါတို့သည်ကား (ဖြစ်ပေါ်ခြင်းရှိ၍)မမြဲကုန်၊ (သေခြင်းရှိ၍) မခိုင်ကုန်၊ (ထာဝစဉ်မရှိ၍) မတည်မြဲကုန်၊ အသက်တိုကုန်၏၊ သေခြင်းသဘောရှိကုန်၏၊ ထို့ကြောင့် ဤလူ့ဘုံသို့ ရောက်လာကုန်၏" ဟု (ဆို၏)။

ငါ့သျှင်တို့ အစိုးရသူ ဖန်ဆင်းခြင်း ဟူသော ဗြဟ္မာဖန်ဆင်းခြင်း ဟူသော ဆရာ့ဝါဒ ဖြစ်သော လောက၏အစ ဟု သိအပ်သော အဂ္ဂညတရားကို သင်တို့သည် ဤသို့သော အစီအရင်ဖြင့်ဟောကုန်သလော ဟု (မေး၏)။

"ငါ့သျှင် ဂေါတမ ငါ့သျှင် ဂေါတမ ဟောသည့်အတိုင်း ငါတို့ ကြားဘူးကြပါကုန်၏" ဟု ထိုသူတို့သည် ဤသို့ ဆိုကြပါကုန်၏။

ဘဂ္ဂဝ ငါသည် လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကိုလည်း သိ၏၊ ထို(အဂ္ဂညတရား)ကို လည်း သိ၏၊ ထို့ထက် လွန်မြတ်သော တရားကိုလည်း သိ၏၊ ထိုသို့ သိသော်လည်း မှားသောအားဖြင့် မသုံးသပ်၊ မှားသောအားဖြင့် မသုံးသပ်သောကြောင့် ငါသည် မိမိ၌ ကိလေသာ ငြိမ်းခြင်းကို ကိုယ်တိုင်သာလျှင် သိ၏၊ ယင်းသို့ သိသော ဘုရားသည် ဆင်းရဲခြင်းသို့ မရောက်။

၄၁။ ဘဂ္ဂဝ ခိဍ္ဍာပဒေါသိက နတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော **လောက၏** အစ ဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ငါသည် ထိုသူတို့ထံသို့ ချဉ်းကပ်၍ "ငါ့သျှင်တို့ သင်တို့သည် ခိဍ္ဍာပဒေါသိကနတ်လျှင် အကြောင်းရင်း ရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်၏ ဟူသည် မှန်သလော" ဟု မေး၏။ ငါသည် ဤသို့မေးသော် ထိုသူတို့သည်လည်း "မှန်ပါသည်" ဟု ဝန်ခံကုန်၏။ "ငါ့သျှင်တို့ သင်တို့သည် ခိဍ္ဍာပဒေါသိကနတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို အဘယ် အစီအရင်ဖြင့် ဟောကုန်သနည်း" ဟု

http://www.dhammadownload.com



ထိုသူတို့ကို ငါမေး၏။ ဤသို့ ငါမေးသော် ထိုသူတို့သည် မဖြေနိုင်ကြကုန်၊ မဖြေနိုင်ကြကုန်၍ ငါ့ကိုသာ ပြန်၍ မေးကြကုန်၏၊ ငါသည် မေးလတ်သော် ထိုသူတို့အား ဤသို့ ဖြေကြား၏—

၄၂။ ငါ့သျှင်တို့ ခိဍ္ဍာပဒေါသိကနတ်မည်သော နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် အလွန် ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက် နေကုန်၍ (စားသောက်ရန်) သတိမေ့သောကြောင့် ထိုနတ်ဘဝမှ စုတေကုန်၏။

ငါ့သျှင်တို့ ဤသို့သော အကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို(နတ်)ဘုံမှ စုတေခဲ့၍ ဤ(လူ့ဘုံ) သို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့ သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ရှေး၌ နေဘူးသော ထို(နတ်)ဘဝကို အောက်မေ့နိုင်၏၊ ထို့ထက်လွန်၍ မအောက်မေ့နိုင်။

ထိုသူသည် ဤသို့ ဆို၏—

"အကြင် အသျှင် နတ်တို့သည် ခိဍ္ဍာပဒေါသိက [၁] မဟုတ်ကုန်၊ ထိုနတ်တို့သည် အလွန် ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက် မနေကုန်၍ (စားသောက်ရန်) သတိ မမေ့သောကြောင့် ထိုနတ်ဘဝမှ မစုတေကုန်၊ (ဖြစ်ပေါ်ခြင်းမရှိ၍) မြဲကုန်၏၊ (သေခြင်းမရှိ၍) ခိုင်မြဲကုန်၏၊ (ထာဝစဉ် ရှိနေ၍) တည်မြဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောမရှိကုန်၊ ထို့ကြောင့် မြဲသော အရာတို့နှင့် တူစွာ တည်မြဲတိုင်းပင် တည်ကုန်လတ္တံ့။ ခိဍ္ဍာပဒေါသိကဖြစ်သော ငါတို့သည်ကား အလွန် ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက် နေကုန်၍ (စားသောက်ရန်) သတိမေ့သောကြောင့် ထိုနတ်ဘဝမှ စုတေခဲ့ကုန်၏၊ (ဖြစ်ပေါ်ခြင်းရှိ၍) မမြဲကုန်၊ (သေခြင်းရှိ၍) မခိုင်မြဲကုန်၊ (ထာဝစဉ် မရှိ၍) မတည်မြဲကုန်၊ အသက်တိုကုန်၏၊ သေခြင်းသဘောရှိကုန်၏၊ ထို့ကြောင့် ဤလူ့ဘုံသို့ ရောက်လာကုန်၏" ဟု (ဆို၏)။

ငါ့သျှင်တို့ သင်တို့သည် ခိဍ္ဍာပဒေါသိက နတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို ဤသို့သော အစီအရင်ဖြင့် ဟောကုန်သလော ဟု (မေး၏)။

"ငါ့သျှင် ဂေါတမ ငါ့သျှင် ဂေါတမ ဟောသည့်အတိုင်း ငါတို့ ကြားဘူးပါ၏" ဟု ထိုသူတို့သည် ဤသို့ ဆိုကြကုန်၏။

ဘဂ္ဂဝ ငါသည် လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကိုလည်း သိ၏။ပ။ ယင်းသို့ သိသော ဘုရားသည် ဆင်းရဲခြင်းသို့ မရောက်။

၄၃။ ဘဂ္ဂဝ မနောပဒေါသိက [၂] နတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂည တရားကို ဟောကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့ကို ချဉ်းကပ်၍ "ငါ့သျှင်တို့ သင်တို့သည် မနောပဒေါသိကနတ်လျှင် အကြောင်းရင်း

၁။ ခိဍ္ဍာပဒေါသိက (ပါဠိ) ခိဍ္ဍာ၊ ပျော်ပါးခြင်းကြောင့်။ ပဒေါသိက၊ ပျက်စီးသောနတ်။
၂။ မနော၊ စိတ်ကြောင့်။ ပဒေါသိက၊ ပျက်စီးသောနတ်။

http://www.dhammadownload.com



ရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်၏ ဟူသည် မှန်သလော" ဟု ငါမေး၏။ ငါသည် ဤသို့မေးသော် ထိုသူတို့သည်လည်း "မှန်ပါသည်" ဟု ဝန်ခံကြကုန်၏။ "ငါ့သျှင်တို့ သင်တို့သည် မနောပဒေါသိကနတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သောလောက၏ အစဟု သိအပ်သော အဂ္ဂည တရားကိုအဘယ် အစီအရင်ဖြင့် ဟောကုန်သနည်း" ဟု ထိုသူတို့ကို ငါမေး၏၊ ထိုသူတို့သည် ဤသို့ ငါမေးသော် မဖြေနိုင်ကြကုန်၊ မဖြေနိုင်ကြကုန်၍ ငါ့ကိုသာ ပြန်၍ မေးကြကုန်၏၊ မေးလတ်သော် ထိုသူတို့အား ဤသို့ ငါဖြေကြား၏—

၄၄။ ငါ့သျှင်တို့ မနောပဒေါသိက နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ အချင်းချင်း တစိမ်းစိမ်း ကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ် ဖြစ်ကုန်၍ ကိုယ်စိတ်ပင်ပန်းသောကြောင့် ထိုနတ်ဘဝမှ စုတေကုန်၏။

ငါ့သျှင်တို့ ဤသို့သော အကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို(နတ်)ဘုံမှ စုတေခဲ့၍ ဤ(လူ့)ဘုံသို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာသော အားထုတ်ခြင်းကိုစွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန် အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ရှေး၌ နေဘူးသော ထို(နတ်)ဘဝကို အောက်မေ့နိုင်၏၊ ထို့ထက်လွန်၍ မအောက်မေ့နိုင်။

ထိုသူသည် ဤသို့ ဆို၏—

"အကြင် အသျှင်နတ်တို့သည် မနောပဒေါသိက မဟုတ်ကုန်၊ ထိုနတ်တို့သည် အလွန် ကြာမြင့်စွာ အချင်းချင်း တစိမ်းစိမ်းမကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ် မဖြစ်ကုန်၍ ကိုယ်စိတ် မပင်ပန်းကုန်သောကြောင့် ထိုနတ်ဘဝမှ မစုတေကုန်၊ (ဖြစ်ပေါ်ခြင်းမရှိ၍) မြဲကုန်၏၊ (သေခြင်းမရှိ၍) ခိုင်မြဲကုန်၏၊ (ထာဝစဉ် ရှိနေ၍) တည်မြဲကုန်၏၊ ဖောက်ပြန်ခြင်း သဘောမရှိကုန်၊ ထို့ကြောင့် မြဲသောအရာတို့နှင့်တူစွာ တည်မြဲတိုင်းပင် တည်ကုန်လတ္တံ့။ မနောပဒေါသိက ဖြစ်သော ငါတို့သည်ကား အလွန်ကြာမြင့်စွာ အချင်းချင်း တစိမ်းစိမ်း ကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ် ဖြစ်ကုန်၍ ကိုယ်စိတ်၏ ပင်ပန်းသောကြောင့် ထိုနတ်ဘဝမှ စုတေကုန်၏၊ (ဖြစ်ပေါ်ခြင်းရှိ၍)မမြဲကုန်၊ (သေခြင်းရှိ၍)မခိုင်မြဲကုန်၊ (ထာဝစဉ်မရှိ၍) မတည်မြဲကုန်၊ အသက်တိုကုန်၏၊ သေခြင်းသဘောရှိကုန်၏၊ ထို့ကြောင့် ဤလူ့ဘုံသို့ ရောက်လာကုန်၏" ဟု(ဆို၏)။

ငါ့သျှင်တို့ သင်တို့သည် မနောပဒေါသိကနတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဤသို့သော အစီအရင်ဖြင့် ဟောကုန်သလော" ဟု (မေး၏)။

"ငါ့သျှင် ဂေါတမ ငါ့သျှင် ဂေါတမ ဟောကြားသည့် အတိုင်း ငါတို့ ကြားဘူး၏" ဟု ထိုသူတို့သည် ဤသို့ ဆိုကြကုန်၏။

http://www.dhammadownload.com



ဘဂ္ဂဝ ငါသည် လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကိုလည်း သိ၏။ပ။ ယင်းသို့ သိသော ဘုရားသည် ဆင်းရဲခြင်းသို့ မရောက်။

၃၅။ ဘဂ္ဂဝ အကြောင်းမဲ့ ဖြစ်ပေါ်ခြင်း ဟူသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ငါသည် ထိုသူတို့ထံသို့ ချဉ်းကပ်၍ "ငါ့သျှင်တို့ သင်တို့သည် အကြောင်းမဲ့ ဖြစ်ပေါ်ခြင်းဟူသော ဆရာ့ဝါဒ ဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို ဟောကုန်၏ ဟူသည် မှန်သလော" ဟု မေး၏။ ငါသည် ဤသို့ မေးလတ်သော် ထိုသူတို့သည်လည်း "မှန်ပါသည်" ဟု ဝန်ခံကုန်၏။ ငါ့သျှင်တို့ သင်တို့သည် အကြောင်းမဲ့ ဖြစ်ခြင်း ဟူသော ဆရာ့ဝါဒ ဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂည တရားကို အဘယ်အစီအရင်ဖြင့် ဟောကုန်သနည်း" ဟု ထိုသူတို့ကို ငါမေး၏။ ငါဤသို့ မေးသော် ထိုသူတို့သည် မဖြေနိုင်ကြကုန်၊ မဖြေနိုင်ကြကုန်၍ ငါ့ကိုသာ ပြန်၍ မေးကြကုန်၏၊ မေးလတ်သော် ထိုသူတို့အား ဤသို့ ငါဖြေကြား၏—

၃၆။ ငါ့သျှင်တို့ အသညသတ် မည်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ထိုဗြဟ္မာတို့သည် ပဋိသန္ဓေသညာ ဖြစ်ပေါ်ခြင်းကြောင့် ထိုဗြဟ္မာ့ဘုံမှ စုတေကုန်၏။

ငါ့သျှင်တို့ ဤသို့သော အကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို (ဗြဟ္မာ့)ဘုံမှ စုတေ၍ ဤ(လူ့)ဘုံသို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန် အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့ သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်တည်ကြည်လတ်သော် ပဋိသန္ဓေသညာ ဖြစ်ပေါ်ခြင်းကို အောက်မေ့နိုင်၏၊ ထို့ထက် အလွန် မအောက်မေ့နိုင်။

ထိုသူသည် ဤသို့ ဆို၏—

"အတ္တသည်၎င်း လောကသည်၎င်း အကြောင်းမဲ့ ဖြစ်ပေါ်၏၊ အဘယ့်ကြောင့်ဆိုသော် ငါသည် ရှေး၌ မရှိခဲ့၊ ထိုငါသည် မရှိခဲ့ပဲလျက် ယခု ထင်ရှားရှိလာ၏" ဟု (ဆို၏)။

ငါ့သျှင်တို့ သင်တို့သည် အကြောင်းမဲ့ ဖြစ်ပေါ်ခြင်း ဟူသော ဆရာ့ဝါဒဖြစ်သော လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကို ဤသို့သော အစီအရင်ဖြင့် ဟောကုန်သလော ဟု (မေး၏)။

"ငါ့သျှင် ဂေါတမ ငါ့သျှင် ဂေါတမ ဟောသည့်အတိုင်း ငါတို့ ကြားဘူးပါကုန်၏" ဟု ထိုသူတို့သည် ဤသို့ ဆိုကြကုန်၏။

ဘဂ္ဂဝ ငါသည် လောက၏ အစ ဟု သိအပ်သော အဂ္ဂညတရားကိုလည်း သိ၏၊ ထို(အဂ္ဂညတရား) ကိုလည်း သိ၏၊ ထို့ထက် လွန်မြတ်သော တရားကိုလည်းသိ၏၊ ထိုသို့ သိသော်လည်း မှားသောအားဖြင့် မသုံးသပ်သောကြောင့် ငါသည် မိမိသန္တာန်၌ ကိလေသာ ငြိမ်းခြင်းကို သိ၏၊ ယင်းသို့သိသော ဘုရားသည် ဆင်းရဲခြင်းသို့ မရောက်။

၃၇။ ဘဂ္ဂဝ ဤသို့ဆိုလေ့ရှိသော ဤသို့ဟောလေ့ရှိသော ငါ့ကို အချို့သော သမဏဗြာဟ္မဏတို့သည် ထင်ရှားမရှိသော အချည်းနှီးသော ချွတ်လွဲသော မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကုန်၏၊

http://www.dhammadownload.com



"ရဟန်းဂေါတမသည် ဖောက်ပြန်သော သညာရှိ၏၊ ရဟန်းတို့သည်လည်း ဖောက်ပြန်သော သညာရှိကုန်၏၊ 'ရဟန်းဂေါတမသည် တင့်တယ်သည် ဟု ဆိုအပ်သော ဝိမောက္ခချာန် ဝင်စား၍ နေသောအခါ အလုံးစုံ (တင့်တယ် မတင့်တယ်သော အာရုံ) ကို မတင့်တယ်' ဟု သာ သိမှတ်၏ ဟူ၍ ဟော၏" ဟု စွပ်စွဲကုန်၏။

ဘဂ္ဂဝ "တင့်တယ်သည် ဟု ဆိုအပ်သော ဝိမောက္ခချာန်ကို ဝင်စား၍နေသောအခါ အလုံးစုံ (တင့်တယ် မတင့်တယ်သော အာရုံ)ကို မတင့်တယ်ဟုသာ သိမှတ်၏" ဟု ဤသို့ ငါမဟော၊ ဘဂ္ဂဝ "တင့်တယ်သည် ဟု ဆိုအပ်သော ဝိမောက္ခချာန်ကို ဝင်စား၍ နေသောအခါ တင့်တယ်၏ဟူ၍သာ သိမှတ်၏" ဟု ဤသို့သာ ငါဟော၏ (ဟု မိန့်တော်မူ၏)။

မြတ်စွာဘုရားကိုဧင်း ရဟန်းတို့ကိုဧင်း ဖောက်ပြန်သောအားဖြင့် စွပ်စွဲကြသော ထိုသူတို့သာ ဖောက်ပြန်ကုန်၏။ မြတ်စွာဘုရား မြတ်စွာဘုရား၌ အကျွန်ုပ်သည် ဤသို့ ကြည်ညိုပါ၏ "အကျွန်ုပ်သည် တင့်တယ်သည် ဟု ဆိုအပ်သော ဝိမောက္ခချာန်ကို ဝင်စား၍ နေနိုင်သည့်တိုင်အောင် မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောရန် စွမ်းနိုင်ပါ၏" ဟု (ကြည်ညိုပါ၏ ဟု လျှောက်၏)။

၄၈။ ဘဂ္ဂဝ အယူတမျိုး အလိုတမျိုး အကြိုက်တမျိုး အားထုတ်မှုတမျိုး ဆရာတမျိုး ရှိသော သင်သည် တင့်တယ်သည် ဟု ဆိုအပ်သော ထိုဝိမောက္ခချာန်ကို ဝင်စား၍ နေရန် ခဲယဉ်း၏။ ဘဂ္ဂဝ ငါတို့က်တွန်း၏၊ သင်သည် ငါ၌ ကြည်ညိုခြင်းကိုသာ ကောင်းစွာ စောင့်ထိန်းလော့ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား အယူတမျိုး အလိုတမျိုး အကြိုက်တမျိုး အားထုတ်မှုတမျိုး ဆရာတမျိုးရှိသော အကျွန်ုပ်သည် တင့်တယ်သည် ဟု ဆိုအပ်သော ထိုဝိမောက္ခချာန်ကို ဝင်စား၍နေရန် အကယ်၍ ခဲယဉ်းပါလျှင် မြတ်စွာဘုရား၌ အကျွန်ုပ်၏ ကြည်ညိုခြင်းကိုသာ အကျွန်ုပ်ကောင်းစွာ စောင့်ထိန်းပါအံ့ ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို မိန့်တော်မူ၏၊ ဘဂ္ဂဝအနွယ် ပရိဗိုဇ်သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

**ရှေးဦးစွာသော ပါထိကသုတ် ပြီး၏။**

http://www.dhammadownload.com

# ၂—ဥဒုမ္ဗရိကာသုတ်

## နိဂြောဓပရိဗိုဇ် ဝတ္ထု

၄၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ နိဂြောဓ ပရိဗိုဇ်သည် ဥဒုမ္ဗရိကာ မိဖုရား၏ ပရိဗိုဇ် အရံ၌ သုံးထောင်မျှသော များစွာသော ပရိသတ်နှင့်အတူနေ၏။ ထိုအခါ သန္ဓာနသူကြွယ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် နေမွန်းလွဲ အချိန်၌ ရာဇဂြိုဟ်မှ ထွက်ခဲ့၏၊ သို့ထွက်ခဲ့စဉ် သန္ဓာနသူကြွယ်အား ဤသို့ အကြံဖြစ်၏—

"မြတ်စွာဘုရားကို ဖူးမြော်ရန် အခါ မဟုတ်သေး၊ မြတ်စွာဘုရားသည် (ဈာန်ဝင်စားလျက်) တပါးတည်း ကိန်းအောင်းနေတော်မူ၏၊ နှလုံးကို ပွါးစေနိုင်ကုန်သော ရဟန်းတို့ကိုလည်း ဖူးမြော်ရန် အခါမဟုတ်သေး၊ နှလုံးကို ပွါးစေနိုင်ကုန်သော ရဟန်းတို့လည်း (ဈာန်ဝင်စားလျက်)တပါးတည်း ကိန်းအောင်းနေကုန်၏၊ငါသည် ဥဒုမ္ဗရိကာမိဖုရား၏ ပရိဗိုဇ် အရံ၌ နိဂြောဓ ပရိဗိုဇ်ထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထို့နောက် သန္ဓာနသူကြွယ်သည် ဥဒုမ္ဗရိကာ မိဖုရား၏ ပရိဗိုဇ်အရံ၌ နိဂြောဓပရိဗိုဇ်ထံသို့ ချဉ်းကပ်၏။

၅၀။ ထိုစဉ်အခါ၌ နိဂြောဓပရိဗိုဇ်သည် များစွာသော ဖီလာစကားကို ပြင်းပြကျယ်လောင်စွာ ပွဲတင်ထပ်မျှ ပြောဆိုနေကြသော များစွာသော ပရိဗိုဇ် ပရိသတ်နှင့်အတူ ထိုင်နေလျက် ရှိ၏၊ ဤ ဖီလာစကားတို့ကား အဘယ်နည်း—

"မင်းနှင့် စပ်သောစကား၊ခိုးသူနှင့် စပ်သောစကား၊ အမတ်ကြီးနှင့် စပ်သောစကား၊စစ်သည်နှင့် စပ်သောစကား၊ ကြောက်ဖွယ်နှင့် စပ်သောစကား၊ စစ်ထိုးခြင်းနှင့် စပ်သောစကား၊ စားဖွယ်နှင့် စပ်သောစကား၊ သောက်ဖွယ်နှင့် စပ်သောစကား၊ အဝတ်နှင့် စပ်သောစကား၊ အိပ်ရာနှင့် စပ်သောစကား၊ ပန်းနှင့် စပ်သောစကား၊ နံ့သာနှင့် စပ်သောစကား၊ ဆွေမျိုးနှင့် စပ်သောစကား၊ ယာဉ်နှင့် စပ်သောစကား၊ ရွာနှင့် စပ်သောစကား၊ နိဂုံးနှင့် စပ်သောစကား၊ မြို့နှင့် စပ်သောစကား၊ နယ်နှင့် စပ်သောစကား၊ မိန်းမနှင့် စပ်သောစကား၊ ယောကျ်ားနှင့် စပ်သောစကား၊ သူရဲကောင်းနှင့် စပ်သောစကား၊ လမ်း[၁]နှင့် စပ်သောစကား၊ ရေခပ်ဆိပ်နှင့် စပ်သောစကား၊ သေလွန်သူနှင့် စပ်သောစကား၊ အထွေထွေနှင့် စပ်သောစကား၊ လောက (အကြောင်း)နှင့် စပ်သောစကား၊ သမုဒ္ဒရာ (အကြောင်း)နှင့် စပ်သောစကား၊ ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။

၅၁။ နိဂြောဓပရိဗိုဇ်သည် လာသော သန္ဓာနသူကြွယ်ကို အဝေးမှပင် မြင်၍ မိမိပရိသတ်ကို သေဝပ်စွာနေရန် ပြောဆို၏—

---

၁။ မြို့တွင်းရှိလမ်းကိုဆိုသည်။

http://www.dhammadownload.com



"အသျှင်တို့ အသံမပြုကုန်လင့် ရဟန်းဂေါတမ၏ တပည့်ဖြစ်သော ဤသန္ဓာနသူကြွယ်သည် လာနေ၏။ ရဟန်းဂေါတမ၏ တပည့်ဖြစ်ကုန်သော အဝတ်ဖြူ[1] ဝတ်ကုန်သော အကြင်မျှလောက်သော လူတို့သည် ရာဇဂြိုဟ်ပြည်၌ နေကုန်၏၊ ဤသန္ဓာနသူကြွယ်သည် ထိုတပည့်တို့တွင် တယောက်အပါအဝင် ဖြစ်၏၊ ထိုအသျှင်တို့သည် တိတ်ဆိတ်ခြင်းကို အလိုရှိကုန်၏၊ တိတ်ဆိတ်ခြင်း၌ ဆုံးမသွန်သင်ပြီး ဖြစ်ကုန်၏၊ တိတ်ဆိတ်ခြင်းကို ချီးမွမ်းလေ့ရှိကုန်၏၊ ပရိသတ် အသံတိတ်ဆိတ်နေသည်ကို သိလျှင် ချဉ်းကပ်သင့်သည် ဟု အောက်မေ့တန်ရာ၏" ဟူ၍ (ပြောဆို၏)။

ဤသို့ ပြောဆိုသော် ထိုပရိဗိုဇ်တို့သည် တိတ်ဆိတ်စွာ နေကြကုန်၏။

၅၂။ ထိုအခါ သန္ဓာနသူကြွယ်သည် နိဂြောဓပရိဗိုဇ်ထံသို့ ချဉ်းကပ်ပြီးလျှင် နိဂြောဓပရိဗိုဇ်နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်၏။ တခုသောနေရာ၌ ထိုင်ပြီးသော သန္ဓာနသူကြွယ်သည် နိဂြောဓပရိဗိုဇ်အား ဤစကားကို ဆို၏—

"ဂိုဏ်းတပါး ဖြစ်ကုန်သော ဤအသျှင်ပရိဗိုဇ်တို့သည် မြတ်စွာဘုရားနှင့်အတူ အမူ ခြားနားသော အားဖြင့် ပေါင်းဆုံ စည်းဝေးကုန်၍ ပြင်းပြကျယ်လောင်သော အသံဖြင့် ပွဲတင်ထပ်မျှ အမျိုးမျိုးသော (မဂ်ဖိုလ်မှ) ဖီလာစကားကို ပြောဆိုလျက် နေကြကုန်၏။ ဤဖီလာစကားတို့ကား အဘယ်နည်း၊ မင်းနှင့်စပ်သောစကား။ပ။ ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားများဖြစ်၏။ သို့သော် ထိုမြတ်စွာဘုရားသည်ကား ပရိဗိုဇ်နှင့် အတူ အမူခြားနား သော ဆူညံသော အသံ နည်းကုန်သော အားဖြင့် တိုးတိုးတိတ်တိတ်အသံလည်း နည်းကုန်သော လူစော်မနံ လူတို့၏ အနှံ့အသက်မှ ကင်းကုန်သော လူဘို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါ ထိုက်ကုန်သော ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်ကုန်သော ဝေးကွာသော တောကျောင်းတို့ကို မှီဝဲနေလိုင်တော်မူ၏" ဟု (ဆို၏)။

၅၃။ ဤသို့ပြောသော် နိဂြောဓပရိဗိုဇ်သည် သန္ဓာနသူကြွယ်အား ဤစကားကို ဆို၏—

"သန္ဓာနသူကြွယ် သင် သိပါ၏လော့၊ ရဟန်းဂေါတမသည် အဘယ်သူနှင့် အတူ စကားပြောသနည်း၊ အဘယ်သူနှင့် ဆွေးနွေးသနည်း၊ အဘယ်သူနှင့် စကားယှဉ်ပြိုင်ခြင်းဖြင့် ပညာအရာ၌ ထင်ရှားခြင်းသို့ ရောက်သနည်း၊ ရဟန်းဂေါတမ၏ ပညာသည် ဆိတ်ငြိမ်ရာ၌ တပါးတည်းနေသဖြင့် ပျောက်ပျက်၏၊ ရဟန်းဂေါတမသည် ပရိသတ်ထည်း ဝင်ဝံ့သူမဟုတ်၊ စကားပြောခြင်းငှါ မစွမ်းနိုင်။ ထို (ရဟန်းဂေါတမ)သည် ဝေးကွာသော တောကျောင်းတို့ကိုသာ မှီဝဲနေထိုင်၏။ ဥပမာအားဖြင့် ကန်းသော နွားမသည် (နွားတို့၏) အစွန်အဖျား၌ ကျက်စားလေ့ရှိသည်ဖြစ်၍ အစွန်အဖျားအရပ်တို့ကိုသာ မှီဝဲသကဲ့သို့ ဤအတူသာလျှင် ရဟန်းဂေါတမ၏ ပညာသည် ဆိတ်ငြိမ်ရာ၌တပါးတည်းနေသဖြင့် ပျောက်ပျက်၏၊ ရဟန်းဂေါတမသည် ပရိသတ်ထည်း ဝင်ဝံ့သူမဟုတ်၊ စကားပြောခြင်းငှါ မစွမ်းနိုင်၊ ထိုသူသည် ဝေးကွာသော တောကျောင်းတို့ကိုသာ မှီဝဲနေထိုင်၏၊ သူကြွယ် စင်စစ်သော်ကား ရဟန်း ဂေါတမသည် ဤပရိသတ်ရှိရာသို့ လာငြားအံ့၊ ထို(ရဟန်းဂေါတမ)ကို ပြဿနာတချက်ထည်းဖြင့် ချောက်ချားစေနိုင်ကုန်ရာသည်၊ ရေမရှိသော အိုးကဲ့သို့ လှည့်ပတ် ဖွဲချည်နိုင်ကုန်ရာသည် ဟု ထင်၏" ဟူ၍ (ဆို၏)။

---

၁။ ထိုခေတ်တွင် ထိုဒေသ၌နေသော လူတို့သည် အဝတ်ဖြူကို ဝတ်လေ့ရှိ၍ ရသေ့ ရဟန်းတို့သည် ဖန်ရည်ဆိုးအဝတ်ကို ဝတ်လေ့ရှိသည်။

http://www.dhammadownload.com



၅၄။ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက်လွန်သော နား 'ဒိဗ္ဗသောတအဘိညာဉ်'ဖြင့် နိဂြောဓပရိဗိုဇ်နှင့်အတူ သန္ဓာနသူကြွယ်၏ ဤစကား ပြောဆိုခြင်းကို ကြားတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်တော်မူ၍ သုမာဂဓာ ရေကန်၏ ကမ်းနား ဥဒေါင်းတို့ကို (ဘေးမဲ့ပေး၍) အစာကျွေးရာအရပ်သို့ ချဉ်းကပ်၍ သုမာဂဓာ ရေကန်၏ ကမ်းနား ဥဒေါင်းတို့ကို (ဘေးမဲ့ပေး၍) အစာကျွေးရာ လွင်ပြင်၌ စင်္ကြံကြွတော်မူ၏။ နိဂြောဓပရိဗိုဇ်သည် သုမာဂဓာရေကန်၏ ကမ်းနား ဥဒေါင်းတို့ကို (ဘေးမဲ့ပေး၍) အစာကျွေးရာ လွင်ပြင်၌ စင်္ကြံကြွနေတော်မူသော မြတ်စွာဘုရားကို မြင်လတ်သော် "အသျှင်တို့ တိတ်ဆိတ်စွာ နေကြပါကုန်လော့၊ အသျှင်တို့ အသံမပြုပါကုန်လင့်၊ ဤရဟန်းဂေါတမသည် စင်္ကြံကြွနေ၏၊ ထို အသျှင် (ဂေါတမ)သည် တိတ်ဆိတ်ခြင်းကို အလိုရှိ၏၊ တိတ်ဆိတ်ခြင်းကို ချီးမွမ်းလေ့ရှိ၏၊ ပရိသတ် အသံ တိတ်ဆိတ်နေသည်ကိုသိလျှင် ချဉ်းကပ်သင့်သည်" ဟု အောက်မေ့တန်ရာ၏။ ရဟန်းဂေါတမ သည် ဤပရိသတ်သို့ အကယ်၍ လာငြားအံ့၊ ဤရဟန်းဂေါတမအား ထိုပြဿနာကို မေးကုန်ရာ၏—

"မြတ်စွာဘုရား မြတ်စွာဘုရားသည် ယင်းတရားဖြင့် တပည့်တို့ကို ဆုံးမဟောကြား၏၊ ယင်း တရားဖြင့် မြတ်စွာဘုရားဆုံးမဟောကြားအပ်ကုန်သော တပည့်တို့သည် (အရဟတ္တမဂ်ကို ရသည်၏ အစွမ်းဖြင့်) နှစ်သိမ့်ဝမ်းသာခြင်းသို့ ရောက်ကုန်၍ ဤကား မြတ်သော မှီရာဖြစ်သော ရှေးဟောင်း အရိယမဂ်တည်း ဟု ဝန်ခံကုန်၏၊ မြတ်စွာဘုရား ဆုံးမဟောကြားကြောင်း ဖြစ်သော ထိုတရားကား အဘယ်ပါနည်း" ဟု မေးကုန်ရာ၏ ဟု၍ ဆိုပြီးလျှင် မိမိပရိသတ်ကို သေဝပ်စွာ နေစေ၏။ ဤသို့ ဆိုသော် ထိုပရိဗိုဇ်တို့သည် တိတ်ဆိတ်စွာ နေကြကုန်၏။

၅၅။ ထိုအခါ မြတ်စွာဘုရားသည် နိဂြောဓပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ နိဂြောဓ ပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"မြတ်စွာဘုရား ကြွလာတော်မူပါ၊ အသျှင်ဘုရား မြတ်စွာဘုရား၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည်။ အသျှင်ဘုရား မြတ်စွာဘုရားသည် ကြာမြင့်မှ ဤ အရပ်သို့ ကြွလာတော်မူရန် အလှည့်ကို ပေးတော်မူဘိ၏။ အသျှင်ဘုရား မြတ်စွာဘုရား ထိုင် တော်မူပါ၊ ဤနေရာကို ခင်းထားပါသည် အသျှင်ဘုရား" ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ နိဂြောဓပရိဗိုဇ်သည်လည်း နိမ့် သော ထိုင်ခုံတခုကို ယူ၍ တခုသော နေရာ၌ ထိုင်၏။ တခုသော နေရာ၌ ထိုင်ပြီးသော နိဂြောဓ ပရိဗိုဇ်အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"နိဂြောဓ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကုန်သနည်း၊ သင်တို့ မပြီးသေးသော အကြား စကားသည်ကား အဘယ်နည်း" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် နိဂြောဓပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

မြတ်စွာဘုရား အကျွန်ုပ်တို့သည် သုမာဂဓာ ရေကန်၏ ကမ်းနား ဥဒေါင်းတို့ကို (ဘေးမဲ့ ပေး၍) အစာကျွေးရာ ဤလွင်ပြင်၌ စင်္ကြံကြွနေသော မြတ်စွာဘုရားကိုမြင်၍ ဤသို့ ဆိုပါ ကုန်၏—

"ရဟန်းဂေါတမသည် အကယ်၍ ဤပရိသတ်သို့ လာငြားအံ့၊ ဤရဟန်းဂေါတမအား ထို ပြဿနာကို မေးကုန်ရာ၏၊ 'မြတ်စွာဘုရား မြတ်စွာဘုရားသည် ယင်းတရားဖြင့် တပည့်တို့ကို

ဆုံးမပဟောကြား၏၊ ယင်းတရားဖြင့် မြတ်စွာဘုရား ဆုံးမပဟောကြားအပ်ကုန်သော တပည့်တို့သည် (အရဟတ္တမဂ်ကို ရသည်၏ အစွမ်းဖြင့်) နှစ်သိမ့်ဝမ်းသာခြင်းသို့ ရောက်ကုန်၍ ဤကား မြတ်သော မှီရာဖြစ်သော ရှေးဟောင်း အရိယမဂ်တည်း'ဟု ဝန်ခံကုန်၏။ မြတ်စွာဘုရား ဆုံးမပဟောကြားကြောင်း ဖြစ်သော ထိုတရားကား အဘယ်နည်း" ဟု မေးကုန်အံ့ဟူ၍ ဆိုပါကုန်၏။

"မြတ်စွာဘုရား အကျွန်ုပ်တို့၏ မပြီးသေးသော စကားကား ဤစကားပါတည်း၊ ထိုအခါ မြတ်စွာဘုရား ကြွရောက်တော်မူလာပါသည်" ဟု (လျှောက်၏)။

၅၆။ နိဂြောဓ ငါသည် ယင်းတရားဖြင့် တပည့်တို့ကို ဆုံးမပဟောကြား၍ ယင်းတရားဖြင့် ငါဆုံးမပဟောကြားအပ်ကုန်သော တပည့်တို့သည် (အရဟတ္တမဂ်ကို ရသည်၏ အစွမ်းဖြင့်) နှစ်သိမ့်ဝမ်းသာခြင်းသို့ ရောက်ကုန်၍ ဤကား ငါဆုံးမပဟောကြားကြောင်းဖြစ်သော ထိုတရားကို အယူဝါဒ၌ ထင်မြင်ခြင်းတမျိုး နှစ်သက်ခြင်းတမျိုး သဘောကျခြင်းတမျိုး အားထုတ်လေ့လာခြင်းတမျိုး အရာတမျိုးရှိသော သင်သည် သိနိုင်ခဲ၏၊ နိဂြောဓ သင်သည် မိမိ၏ ဆရာဝါဒဖြစ်သော အဓိဇေဂုစ္ဆာဝါဒ၌ ငါ့အား ပြဿနာကို မေးလော့ "မြတ်စွာဘုရား အဓိဇေဂုစ္ဆာဝါဒသည် အဘယ်သို့ဖြစ်လျှင် စင်ကြယ်ပါသနည်း၊ အဘယ်သို့ဖြစ်လျှင် မစင်ကြယ်ပါသနည်း" ဟု (မေးလော့ ဟု ဆို၏)။

ဤသို့ ဆိုသော် ထိုပရိဗိုဇ်တို့သည် "အချင်းတို့ ရဟန်းဂေါတမ၏ တန်ခိုးကြီးပုံ အာနုဘော်ကြီးပုံကား အံ့ဖွယ်ရှိပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ မိမိဝါဒကို ထား၍ သူတပါးဝါဒဖြင့် ဖိတ်ပါပေ၏" ဟု ပြင်းပြ ကျယ်လောင်စွာ ပွဲတင်ထပ်မျှ ကြွေးကြော်ကြကုန်၏။

၅၇။ ထိုအခါ နိဂြောဓပရိဗိုဇ်သည် ထိုပရိသတ်တို့ကို အသံတိတ်စေ၍ မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

"မြတ်စွာဘုရား အကျွန်ုပ်တို့သည် တပေါဇိဂုစ္ဆာဝါဒကို[2] နှုတ်ဖြင့် ပြောဆိုလေ့ရှိပါကုန်၏၊ တပေါဇိဂုစ္ဆာဝါဒကို စိတ်ဖြင့် အနှစ်သာရ ဟု မှတ်ယူလေ့ရှိပါကုန်၏၊ တပေါဇိဂုစ္ဆာဝါဒကို ကိုယ်ဖြင့် စွဲမြဲစွာ ကျင့်သုံးလေ့ရှိပါကုန်၏။

မြတ်စွာဘုရား တပေါဇိဂုစ္ဆာဝါဒသည် အဘယ်သို့ ဖြစ်လျှင် စင်ကြယ်ပါသနည်း၊ အဘယ်သို့ ဖြစ်လျှင် မစင်ကြယ်ပါသနည်း" ဟု (လျှောက်၏)။

နိဂြောဓ ဤလောက၌ တပဿီပုဂ္ဂိုလ်သည်[3] အဝတ် မဝတ်မူ၍ ကျင့်၏၊ လွတ်လပ်စွာ ကျင့်၏[4]၊ လက်ဖြင့် (မစင်ကို) သုတ်လေ့ရှိ၏၊ အသျှင် လာပါလော့ ဆိုသူ၏ ဆွမ်းကို မခံ၊ အသျှင် ရပ်ပါဦးလော့ ဆိုသူ၏ ဆွမ်းကိုမခံ၊ မိမိမကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကို မခံ၊ ရည်စူး၍ပြုသော ဆွမ်းကို

၁။ အားထုတ်လုံ့လဖြင့် မကောင်းမှုကို ပယ်ခြင်းဟု အဋ္ဌကထာပြု ဆိုသည်၊ စင်စစ်သော်ကား ကိလေသာကုန်ခန်းစေရန် ဆို၍ အဝတ်မဝတ်ခြင်း အစားမစားခြင်း ရေချိုးခြင်း မီးလှုံခြင်းစသည်ဖြင့် မိမိကိုယ်ကို ညှဉ်းပန်းသော အတ္တကိလမထာအကျင့်မျိုးကို စွဲယူကျင့်သုံးသော ဝါဒဖြစ်သည်။

၂။ အဓိဇေဂုစ္ဆာဝါဒနှင့် အလားတူဖြစ်သည်။

၃။ အမျိုးကောင်းသားတို့၏ အလေ့အထဟူသမျှကို ပယ်၍ ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်ခြင်း စသည်ကိုပြုခြင်းပင်တည်း။

၄။ တိတ္ထိတက္ကတွန်းများ ပရိဗိုဇ်များကို ဆိုလိုသည်။

http://www.dhammadownload.com



မခံ၊ ပင့်ဖိတ်ဆွမ်းကိုမခံ၊ အိုးဝမှ (ကော်၍လောင်းသော) ဆွမ်းကို မခံ၊ တောင်းဝမှ (ကော်၍လောင်းသော) ဆွမ်းကိုမခံ၊ တံခါးခုံခြား၍ (လောင်းသော) ဆွမ်းကိုမခံ၊ တုတ်ခြား၍ (လောင်းသော) ဆွမ်းကိုမခံ၊ ကျည်ပွေ့ခြား၍ (လောင်းသော) ဆွမ်းကိုမခံ၊ နှစ်ယောက်စားနေစဉ်မှ (လောင်းသော) ဆွမ်းကိုမခံ၊ ကိုယ်ဝန်ဆောင် မိန်းမ၏ (လောင်းသော) ဆွမ်းကိုမခံ၊ နို့တိုက်ဆဲ မိန်းမ၏ (လောင်းသော) ဆွမ်းကို မခံ၊ ယောကျ်ားနှင့် နှီးနှောနေသော မိန်းမ၏ (လောင်းသော) ဆွမ်းကိုမခံ၊ ဆော်အောစုဆောင်း၍ (လောင်းသော) ဆွမ်းတို့ကို မခံ၊ ခွေးမျှော်နေရာမှ ဆွမ်းကို မခံ၊ ယင်အုံရာမှ ဆွမ်းကို မခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက် အရက်မသောက်၊ ဖွဲ၌မြုပ်သော ဆေးရည်ကို မသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာစား၏၊ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏၊ ဆွမ်းလောင်းခွက်ငယ် တခုစာဖြင့်လည်း ရောင့်ရဲ၏၊ ဆွမ်းလောင်းခွက်ငယ် နှစ်ခုစာဖြင့်လည်း ရောင့်ရဲ၏၊ တရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာ စား၏၊ ခုနစ်ရက်ခြားလည်း အစာစား၏၊ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်းကို ကျင့်လျက်နေ၏။

သူသည် ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏၊ ပြောင်း[၁] ဆန်ကိုသော်လည်း စားနေ၏၊ ကျိတ်သီး[၂] ဆန်ကိုသော်လည်း စားနေ၏၊ သားရေဖတ်အစအနကိုသော်လည်း စားနေ၏။ မှော်ကိုသော်လည်း စားနေ၏၊ ဖွဲနု[၃] ကိုသော်လည်း စားနေ၏၊ ထမင်းရည်[၄] ကိုသော်လည်း သောက်စားနေ၏၊ နှမ်းမှုန့်ညက်ကိုလည်း စားမနေ၏၊ မြက်ကိုသော်လည်း စားနေ၏၊ နွားချေးကိုသော်လည်း စားနေ၏၊ တောသစ်မြစ် သစ်သီးကို စားလျက် မျှတ၏၊ ကြွေကျသော သစ်သီးကိုစားလျက် မျှတ၏။

သူသည် ပိုက်ဆံလျှော်အဝတ်တို့ကိုလည်း ဝတ်၏၊ ပိုက်ဆံလျှော်နှင့်ရောနှောရက်သော အဝတ်တို့ကိုလည်း ဝတ်၏၊ သူသေကောင်မှ အဝတ်တို့ကိုလည်း ဝတ်၏၊ ပံသုကူအဝတ်တို့ကိုလည်း ဝတ်၏၊ သစ်ခေါက်အဝတ်တို့ကိုလည်း ဝတ်၏၊ သစ်နက်ရေကိုလည်း ဝတ်၏၊ သစ်နက်ရေမျှင်အဝတ်ကိုလည်း ဝတ်၏၊ သမန်းမြက်အဝတ်ကိုလည်း ဝတ်၏၊ လျှော်တေအဝတ်ကိုလည်း ဝတ်၏၊ ပျဉ်ချပ်အဝတ်ကိုလည်း ဝတ်၏၊ ဆံခြည်ကမ္ဗလာကိုလည်း ဝတ်၏၊ သားမြီးကမ္ဗလာကိုလည်း ဝတ်၏၊ ခင်ပုတ်ငှက်တောင်အဝတ်ကိုလည်း ဝတ်၏၊ ဆံမုတ်ဆိတ်ကိုလည်း နုတ်၏၊ ဆံမုတ်ဆိတ်နုတ်ခြင်း အမှုကိုလည်း အားထုတ်၏၊ ထိုင်ရန်နေရာကို ပယ်၍ ရပ်လျက်လည်း နေ၏၊ ဆောင့်ကြောင့်လည်း ထိုင်နေ၏၊ ဆောင့်ကြောင့်ထိုင်နေခြင်းအမှုကိုလည်း အားထုတ်၏၊ ဆူးအခင်းပေါ်၌လည်း နေ၏၊ ဆူးအခင်းပေါ်၌ အိပ်၏၊ ပျဉ်ပြားပေါ်၌လည်း အိပ်၏၊ ကြမ်းတမ်းသော မြေပြင်၌လည်း အိပ်၏၊ နံပါးတဖက်တည်းဖြင့်လည်းအိပ်၏၊ မြူအညစ်အကြေးကိုလည်း ဆောင်၏၊ လွင်ပြင်၌လည်း နေ၏၊ ရတိုင်းသောနေရာ၌လည်း နေ၏၊ မစင်ကိုလည်း စား၏၊ မစင်စားခြင်း အမှုကိုလည်း အားထုတ်၏၊ ရေမသောက်မူ၍လည်းနေ၏၊ ရေမသောက်ခြင်း အမှုကိုလည်း အားထုတ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့သက်ဆင်းခြင်း အမှုကိုလည်း အားထုတ်၍ နေ၏။

နိဂြောဓ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ယင်းသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော မစင်ကြယ်သလော ဟု (မေးတော်မူ၏)။

---

၁။ ဂျုံဆန် သို့မဟုတ် ဆန်စိမ်းဟု အချို့မူများ၌ ပြန်၏။ ၂။ မြက်သီးဆန်သို့မဟုတ်ဆန်တမျိုးဟုအချို့မူများ၌ ပြန်၏။
၃။ ကဏောပိတဏ္ဍုလံ ပရိယောနဒ္ဓိ=ဖွဲနုသည်လည်း ဆန်ကိုမြေးရှက်၏၊ (ပါထိကဝဂ်အဋ္ဌကထာသုတ်) နှင့် အညီ ကဏကို ဖွဲနုဟု ပြန်သည်။ ၄။ ထမင်းချိုးလည်းဟူ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်စင်ကြယ်ပါ၏၊ မစင်ကြယ်သည် မဟုတ်ပါ ဟု (လျှောက်၏)။

နိဂြောဓ ဤသို့သော စင်ကြယ်သော တပေါဇိဂုစ္ဆာဝါဒ၌လည်း ညစ်ညူးခြင်းအမျိုးမျိုးတို့ကို ငါဟောအံ့ ဟု (မိန့်တော်မူ၏)။

## ညစ်ညူးခြင်း အမျိုးမျိုး

၅၀။ မြတ်စွာဘုရား ဤသို့စင်ကြယ်သော တပေါဇိဂုစ္ဆာဝါဒ၌ ညစ်ညူးခြင်းအမျိုးမျိုးတို့ကို မြတ်စွာဘုရားသည် အဘယ်သို့ ဟောပါသနည်း ဟု (လျှောက်၏)။

နိဂြောဓ ဤလောက၌ တပဿီ[၁] ပုဂ္ဂိုလ်သည် တပအကျင့်ကို[၂] ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် ဝမ်းမြောက်၏၊ ပြည့်စုံပြီ ဟု ထင်၏၊ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူအား ထို အကျင့်ဖြင့်အကြင်ဝမ်းမြောက်ခြင်း ပြည့်စုံပြီ ဟု ထင်ခြင်းသည် ဖြစ်၏၊ နိဂြောဓ ဤ (ဝမ်းမြောက်ခြင်း ပြည့်စုံပြီဟု ထင်ခြင်း)သည် တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ထို သူသည် ထိုအကျင့်ဖြင့် မိမိကို မြှင့်တင်၏၊ သူတပါးကို ရှုတ်ချ၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် တပ အကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူအား ထိုအကျင့်ဖြင့် အကြင်မိမိကို မြှင့်တင်ခြင်း သူတပါးကို ရှုတ်ချခြင်းသည် ဖြစ်၏၊ နိဂြောဓ ဤ(မိမိကိုယ်ကို မြှင့်တင်ခြင်း သူတပါးကို ရှုတ်ချခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထို သူသည် ထိုအကျင့်ဖြင့် မာန်ယစ်၏၊ တွေဝေ၏၊ မေ့လျော့ခြင်းသို့ရောက်၏၊ နိဂြောဓ တပဿီ ပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ထိုသူအား ထိုအကျင့်ဖြင့် အကြင်မာန်ယစ်ခြင်း တွေဝေခြင်း၊ မေ့လျော့ခြင်းသည် ဖြစ်၏၊ နိဂြောဓ ဤ(မာန်ယစ်ခြင်း တွေဝေခြင်း မေ့လျော့ခြင်း) သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

၅၉။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှု ဖြစ်စေ၏၊ ထိုသူသည် ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် ဝမ်းမြောက်၏၊ ပြည့်စုံပြီ ဟု ထင်၏၊ နိဂြောဓ တပဿီ ပုဂ္ဂိုလ်သည် တပ အကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေ ပြုမှု ကျော်ကြားမှုကိုဖြစ်စေ၏၊ထိုသူအား ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် အကြင်ဝမ်း မြောက်ခြင်း ပြည့်စုံပြီ ဟု ထင်ခြင်းသည် ဖြစ်၏၊ နိဂြောဓ ဤ(ဝမ်းမြောက်ခြင်း ပြည့်စုံပြီ ဟု ထင် ခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

---

၁။ တိတ္ထိတက္ကတွန်းများ ပရိဗိုဇ်များအပြင် ဤသာသနာတော်က ရဟန်းဆောင်ပုဂ္ဂိုလ်များကိုပါ ဆိုလိုသည်။
၂။ မိမိဂိုဏ်းတိုင် ပင်းပန်းဆင်းရဲစေသည့် အတ္တကိလမထအကျင့်များ ဖြိုခြင်းသော ရဟန်းအကျင့်များကို ဆိုလိုသည်။

http://www.dhammadownload.com



နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကိုဆောက်တည်၍ ကျင့်၏၊ထိုသူသည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကို ဖြစ်စေ၏၊ ထိုသူသည် ထိုလာဘ်ရမှု အရို အသေပြုမှု ကျော်ကြားမှုဖြင့် မိမိကို မြှင့်တင်၏၊ သူတပါးကို ရှုတ်ချ၏။ နိဂြောဓ တပဿီပုဂ္ဂိုလ် သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော် ကြားမှုကို ဖြစ်စေ၏၊ထိုသူအား ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် အကြင်မိမိကို မြှင့် တင်ခြင်း သူတပါးကိုရှုတ်ချခြင်းသည် ဖြစ်၏၊ နိဂြောဓ ဤ(မိမိကိုမြှင့်တင်ခြင်း သူတပါးကိုရှုတ်ချ ခြင်း) သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်း ဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူ သည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကို ဖြစ်စေ၏၊ထိုသူသည် ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် မာန်ယစ်၏၊ တွေဝေ၏၊ မေ့လျော့ခြင်းသို့ ရောက်၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကို ဖြစ်စေ၏၊ ထိုသူအား ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှု ဖြင့် အကြင်မာန်ယစ်ခြင်း တွေဝေခြင်း မေ့လျော့ခြင်းသည် ဖြစ်၏၊ နိဂြောဓ ဤ (မာန်ယစ်ခြင်း တွေဝေခြင်း မေ့လျော့ခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်း ဖြစ်၏။

၆၀။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ အစားအစာတို့၌ "ဤအစာကို ငါနှစ်သက်၏၊ ဤအစာကို ငါမနှစ်သက်" ဟု နှစ်မျိုးခွဲခြားခြင်းသို့ ရောက်၏။ ထိုသူသည် မနှစ်သက်သောအစာကို တပ်မက်ခြင်းရှိလျက် စွန့်၏၊ နှစ်သက်သော အစာကို မက်မောလျက် တွေဝေလျက် ငြိတွယ်လျက် အပြစ်ကို မရှုမူ၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မဆင်ခြင်မူ၍ သုံးဆောင်၏။ ပ။ နိဂြောဓ ဤ (မက်မောခြင်းစသည်ဖြင့် သုံးဆောင်ခြင်း)သည်လည်း တပဿီ ပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် "ဘုရင်များ အမတ်ကြီးများ မင်းမျိုးများ ပုဏ္ဏားများ သူကြွယ်များ နှင့် ဂိုဏ်းဆရာများတို့သည် ငါ့ကို ရိုသေကုန်လတ္တံ့" ဟု လာဘ်ရမှု အရို အသေပြုမှု ကျော်ကြားမှုကို တပ်နှစ်သက်ခြင်းဟူသော အကြောင်းကြောင့် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏။ပ။ နိဂြောဓ ဤ(လာဘ်ရမှု စသည်ကို တပ်နှစ်သက်ခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

၆၁။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တဦးဦးသော သမဏကိုသော်၎င်း ဗြာဟ္မဏ ကိုသော်၎င်း ရှုတ်ချကဲ့ရဲ့၏၊ "ဤသူသည် အမျိုးမျိုးအဖုံဖုံ စားသောက်လေ့ရှိ၏၊ အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့ ငါးခုမြောက် အစေ့မျိုးစေ့ ဟူသော အစာအားလုံးကို စား၏။ သို့ပါလျက် မိုးကြိုးစက်နှင့် တူသောသွားရှိသော ထိုသူကိုသမဏဗြာဟ္မဏ ဟု ခေါ်သဖြင့် အဘယ်အကျိုးရှိမည်နည်း" ဟု ရှုတ်ချကဲ့ရဲ့၏။ပ။ နိဂြောဓ ဤ(ရှုတ်ချကဲ့ရဲ့ခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် ဒါယကာတို့ အရိုအသေပြုသော အလေးပြုသော မြတ်နိုးသော ပူဇော်သော တဦးဦးသောသမဏကိုသော်၎င်း ဗြာဟ္မဏကိုသော်၎င်း မြင်၏၊ မြင်သော ကြောင့် ထိုသူအား ဤသို့သော အကြံသည် ဖြစ်၏၊ "အမျိုးမျိုးအဖုံဖုံ စားသောက်လေ့ရှိသော

http://www.dhammadownload.com



ဤသူကို ဒါယကာတို့သည် ရှိသေကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ ခြိုးခြံသော အကျင့်ရှိသော ခေါင်းပါးသော အသက်မွေးခြင်းရှိသော ငါ့ကိုကား ဒါယကာတို့သည် မရိုသေကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်”ဟု (အကြံဖြစ်၏)၊ ဤသို့ ထိုသူသည် ဒါယကာတို့၌ မနာလိုဝန်တိုစိတ်ကို ဖြစ်စေ၏။ပ။ နိဂြောဓ ဤ(မနာလိုဝန်တိုခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

၆၂။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် (ကျင့်ဝတ်ပြုဟန်ဆောင်လျက်) လူမြင်သော အရပ်၌ နေလေ့ရှိ၏။ပ။ နိဂြောဓ ဤ(မိမိအကျင့်ကို လူမြင်အောင်နေခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် “ဤသည်လည်း ငါ၏ အကျင့်ဖြစ်၏၊ ဤသည်လည်း ငါ၏အကျင့်ဖြစ်၏”ဟု ဒါယကာတို့၌ မိမိ(ဂုဏ်)ကို ပြလျက် လှည့်လည်၏။ပ။ နိဂြောဓ ဤ(မိမိဂုဏ်ကို ပြ၍ လှည့်လည်ခြင်း) သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် မည်သည့်အရာကိုမဆို လျှို့ဝှက်၍ သာလျှင် ပြုကျင့်၏၊ ထိုသူသည် “သင်ဤအရာကို နှစ်သက်သလော” ဟု မေးလျှင် မနှစ်သက်သည်ကို “နှစ်သက်၏” ဟု ဆို၏။ နှစ်သက်သည်ကို “မနှစ်သက်” ဟု ဆို၏။ ဤသို့လျှင် သိလျက် မဟုတ်မမှန်ပြောတတ်၏။ပ။ နိဂြောဓ ဤ(သိလျက် မဟုတ်မမှန်ပြောခြင်း) သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် မြတ်စွာဘုရားဖြစ်စေ မြတ်စွာဘုရား၏ တပည့်ဖြစ်စေ တရားဟောသောအခါ ဟုတ်မှန်သည်သာဖြစ်သော ဝန်ခံသင့်သောအကြောင်းကို (ဟုတ်မှန်ပါပေသည် ဟု) ဝန်မခံ။ပ။ နိဂြောဓ ဤ(ဝန်ခံသင့်သော အကြောင်းကို ဝန်မခံခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

၆၃။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် အမျက်ထွက်၏၊ ရန်ငြိုးဖွဲ့၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်အား အကြင်အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းသည်ဖြစ်၏၊ ဤ (အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် သူတပါးဂုဏ်ကို ချေဖျက်၏၊ ဂုဏ်ပြိုင်၏။ပ။ မနာလိုစိတ် ရှိ၏၊ နှမြော (ဝန်တို)၏။ စဉ်းလဲ၏၊ လှည့်စား၏၊ စိတ်ခက်ထန်၏၊ မာန်ထောင်လွှား၏။ ယုတ်မာသောအလိုရှိ၏၊ ယုတ်မာသောအလိုသို့လိုက်ပါ၏။ ကောင်းမှု မကောင်းမှု၏ အကျိုးမရှိ ဟူသော(မိစ္ဆာဒိဋ္ဌိ)အယူရှိ၏၊သေလျှင် ဆုံး၏ ပြတ်၏ ဟူသော(အန္တဂ္ဂါဟိက)အယူရှိ၏။ မိမိအယူကို မှားသောအားဖြင့် သုံးသပ်လေ့ရှိ၏၊ မှားသောအယူကို မြဲမြံစွာယူလေ့ရှိ၏။ စွန့်နိုင်ခဲ၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်အား အကြင်မိမိအယူကို မှားသောအားဖြင့် သုံးသပ်ခြင်း မှားသောအယူကို မြဲမြံစွာ ယူလေ့ရှိခြင်း စွန့်နိုင်ခဲခြင်းသည်ရှိ၏၊ နိဂြောဓ ဤ (မိမိအယူကို မှားသောအားဖြင့် သုံးသပ်ခြင်း စသည်)သည်လည်း တပဿီပုဂ္ဂိုလ်၏ ညစ်ညူးခြင်းဖြစ်၏။

နိဂြောဓ ထိုအရာကို အဘယ်သို့ထင်သနည်း၊ “ဤတပေါဇိဂုစ္ဆာဝါဒတို့သည် ညစ်ညူးကုန်သလော မညစ်ညူးကုန်သလော” ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရား ဤတပေါဇိဂုစ္ဆာဝါဒတို့သည် ကေန်ညစ်ညူးပါကုန်၏၊ မညစ်ညူးသည် မဟုတ်ပါကုန်။ မြတ်စွာဘုရား "ဤလောက၌ အချို့သော တပဿီပုဂ္ဂိုလ်သည် ဤညစ်ညူးခြင်းအားလုံးတို့နှင့်ပင် ပြည့်စုံပါမူ အခြားအခြားညစ်ညူးခြင်းနှင့် မပြည့်စုံ ဟု အဘယ်ဆိုဖွယ်ရာရှိပါမည်နည်း" ဟူသော ထိုအကြောင်းသည် ရှိပါ၏ ဟု (လျှောက်၏)။

## အခွံအပွေးနှင့်တူသော စင်ကြယ်ခြင်းကို ပြဆိုရာ

၆၄။ နိဂြောဓ ဤလောက၌ တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် ဝမ်းမမြောက်၊ ပြည့်စုံပြီ ဟုမထင်။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူအား ထိုအကျင့်ဖြင့် အကြင်ဝမ်းမမြောက်ခြင်း ပြည့်စုံပြီ ဟု မထင်ခြင်းသည်ဖြစ်၏။ ဤအကြောင်းကြောင့် ထိုသူသည် ကိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် မိမိကို မမြှင့်တင်၊ သူတပါးကို မရှုတ်ချ။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် မာန်မယစ်၊ မတွေဝေ၊ မေ့လျော့ခြင်းသို့ မရောက်။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

၆၅။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကိုဖြစ်စေ၏၊ ထိုသူသည် ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် ဝမ်းမမြောက် ပြည့်စုံပြီ ဟုမထင်။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန် ထို့ပြင်လည်း ဘပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် လိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကို ဖြစ်စေ၏၊ ထိုသူသည် ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် မိမိကို မမြှင့်တင်၊ သူတပါးကို မရှုတ်ချ။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တပအကျင့်ကို ဆောက်တည်၍ ကျင့်၏၊ ထိုသူသည် ထိုအကျင့်ဖြင့် လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကို ဖြစ်စေ၏၊ ထိုသူသည် ထိုလာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုဖြင့် မာန်မယစ်၊ မတွေဝေ၊ မေ့လျော့ခြင်းသို့ မရောက်။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

၆၆။ နိဂြောဓ တဖန် ထို့ပြင်လည်း ဘပဿီပုဂ္ဂိုလ်သည် အစား အစာတို့၌ "ဤ(အစာ)ကို ငါနှစ်သက်၏၊ ဤ(အစာ)ကို ငါမနှစ်သက်" ဟု နှစ်မျိုးခွဲခြားခြင်းသို့ မရောက်၊ ထိုသူသည် မနှစ်သက်သော အစာကို တပ်မက်ခြင်း မရှိသည်ဖြစ်၍ စွန့်၏။ နှစ်သက်သော အစာကို မမက်မော မတွေဝေ မငြိတွယ်မူ၍ အပြစ်ကို ရှုလေ့ရှိသည် ဖြစ်၍ ပစ္စဝေက္ခဏာ ဆင်ခြင်လျက် သုံးဆောင်၏။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

http://www.dhammadownload.com



နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် "ဘုရင်များ အမတ်ကြီးများ မင်းမျိုးများ ပုဏ္ဏားများ သူကြွယ်များ ဂိုဏ်းဆရာများတို့သည် ငါ့ကို ရိုသေကုန်လတ္တံ့" ဟု လာဘ်ရမှု အရိုအသေပြုမှု ကျော်ကြားမှုကို နှစ်သက်ခြင်း ဟူသော အကြောင်းကြောင့် တပအကျင့်ကို ဆောက်တည်၍ မကျင့်။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

၆၇။ နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် တဦးဦးသော သမဏကိုသော်၎င်း ဗြာဟ္မဏကိုသော်၎င်း မရှုတ်ချ မကဲ့ရဲ့ "ဤသူသည် အမျိုးမျိုး အဖုံဖုံ စားသောက်လေ့ရှိ၏၊ အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့ ငါးခုမြောက် အစေ့မျိုးစေ့ ဟူသော အစာအားလုံးကို စား၏၊ မိုးကြိုးစက်နှင့် တူသော သွားရှိသော ထိုသူကို ထိုသမဏဗြာဟ္မဏ ဟု ခေါ်သဖြင့် အဘယ် အကျိုးရှိမည်နည်း" ဟု (မရှုတ်ချ မကဲ့ရဲ့)။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် ဒါယကာတို့ အရိုအသေပြုသော အလေးပြုသော မြတ်နိုးသော ပူဇော်သော တဦးဦးသော သမဏကိုသော်၎င်း ဗြာဟ္မဏကိုသော်၎င်း မြင်၏၊ မြင်သောကြောင့် ထိုသူအား ဤသို့ အကြံမဖြစ်၊ "အမျိုးမျိုး အဖုံဖုံ စားသောက်လေ့ရှိသော ဤသူကို ဒါယကာတို့သည် ရိုသေကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ ခြိုးခြံသော အကျင့်ကို ကျင့်သော ခေါင်းပါးစွာ စားသောက်လေ့ရှိသော ငါ့ကိုကား ဒါယကာတို့သည် မရိုသေကုန်၊ မလေးစားကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်" ဟု (အကြံမဖြစ်)၊ ဤသို့ ထိုသူသည် ဒါယကာတို့၌ မနာလို ဝန်တိုစိတ်ကို မဖြစ်စေ။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

၆၈။ နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် ကျင့်ဝတ်ပြုဟန်ဆောင်၍ လူမြင်သော အရပ်၌ နေလေ့မရှိ။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် "ဤသည်လည်း ငါ၏ အကျင့်တည်း၊ ဤသည်လည်း ငါ၏ အကျင့်တည်း" ဟု ဒါယကာတို့၌ မိမိ(ဂုဏ်)ကို ပြလျက် မလှည့်လည်။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန်ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် မည်သည့်အရာကိုမဆို လျှို့ဝှက်၍ မပြုကျင့်၊ ထိုသူသည် "သင် ဤအရာကိုနှစ်သက်သလော"ဟု မေးလျှင် မနှစ်သက်သည်ကို "မနှစ်သက်" ဟု ဆို၏။ နှစ်သက်သည်ကို "နှစ်သက်၏" ဟု ဆို၏။ ဤသို့ ထိုသူသည် သိလျက် မဟုတ်မမှန်မပြော။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီ ပုဂ္ဂိုလ်သည် မြတ်စွာဘုရားသည်၎င်း မြတ်စွာဘုရား၏ တပည့်သည်၎င်း တရားဟောသောအခါ ဟုတ်မှန်သည်သာဖြစ်သော ဝန်ခံသင့်သော အကြောင်းကို (ဟုတ်မှန်ပါပေသည်) ဟု ဝန်ခံ၏။ပ။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

၆၉။ နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီ ပုဂ္ဂိုလ်သည် အမျက်မထွက်၊ ရန်ငြိုးမဖွဲ့။ နိဂြောဓ တပဿီပုဂ္ဂိုလ်အား အကြင်အမျက်မထွက်ခြင်း ရန်ငြိုးမဖွဲ့ခြင်းသည် ဖြစ်၏။ပ။ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

http://www.dhammadownload.com



နိဂြောဓ တဖန် ထို့ပြင်လည်း တပဿီပုဂ္ဂိုလ်သည် သူတပါး၏ ဂုဏ်ကို မချေဖျက် ဂုဏ်မပြိုင်။ ပ။ မနာလိုစိတ်မရှိ၊ ဝန်မတို။ မစဉ်းလဲ မလှည့်စား၊ စိတ်မခက်ထန်၊ မာန်မထောင်လွှား။ ယုတ်မာသော အလိုမရှိ ယုတ်မာသော အလိုသို့ မလိုက် ပါ။ ကောင်းမှု မကောင်းမှု၏ အကျိုးမရှိဟူသော (မိစ္ဆာဒိဋ္ဌိ)အယူမရှိ၊ သေလျှင် ဆုံး၏ ပြတ်၏ ဟူသော (အန္တဂ္ဂါဟိက) အယူမရှိ။ မိမိ အယူကို မှားသော အားဖြင့် မသုံးသပ်၊ မှားသောအယူကို မြဲမြံစွာ ယူလေ့မရှိ၊ စွန့်နိုင်လွယ်၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်အား အကြင် မိမိအယူကို မှားသော အားဖြင့် မသုံးသပ်ခြင်း မှားသောအယူကို မြဲမြံစွာ ယူလေ့မရှိခြင်း၊ စွန့်နိုင်လွယ်ခြင်းသည် ဖြစ်၏။ ဤအကြောင်းကြောင့် ထိုသူသည် ထိုအဆင့်၌ စင်ကြယ်၏။

နိဂြောဓ ထိုအရာကို အဘယ်သို့ ထင်သနည်း“ဤသို့ ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော မစင်ကြယ်သလော” ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ဤသို့ ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန် စင်ကြယ်ပါ၏၊ မစင်ကြယ်သည် မဟုတ်ပါ၊ အထွတ်အထိပ်သို့လည်း ရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက်ပါ၏ ဟု (လျှောက်၏)။

နိဂြောဓ တပေါဇိဂုစ္ဆာဝါဒသည် ဤမျှဖြင့် အထွတ်အထိပ်သို့လည်း မရောက်သေး၊ အနှစ်သာရသို့လည်း မရောက်သေး၊ စင်စစ်သော်ကား အခွံအပွေးသို့ ရောက်ရုံသာ ရှိသေး၏ ဟု (မိန့်တော်မူ၏)။

## အခေါက်နှင့်တူသော စင်ကြယ်ခြင်းကို ပြဆိုရာ

၇၀။ မြတ်စွာဘုရား တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ်အထိပ်သို့လည်း ရောက်ပါသနည်း၊ အနှစ်သာရသို့လည်း ရောက်ပါသနည်း၊ မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပေါဇိဂုစ္ဆာဝါဒ၏ အထွတ်အထိပ်သို့သာ ရောက်အောင် ဟောတော်မူပါ၊ အနှစ်သာရသို့သာ ရောက်အောင်ဟောတော်မူပါ ဟု (လျှောက်၏)။

နိဂြောဓ ဤလောက၌ တပဿီ [၁] ပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် အဘယ်သို့လျှင် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းသနည်း။ နိဂြောဓ ဤလောက၌ တပဿီပုဂ္ဂိုလ်သည် အသက်ကို မသတ်၊ အသက်ကို မသတ်စေ၊ အသက်သတ်သော သူအား အလိုမတူ။ မပေးသော ဥစ္စာကို မယူ၊ မပေးသော ဥစ္စာကို မယူစေ၊ မပေးသော ဥစ္စာကို ယူသောသူအား အလိုမတူ။ မဟုတ်မမှန်သောစကားကို မပြော၊ မဟုတ်မမှန်သောစကားကို မပြောစေ၊ မဟုတ်မမှန်သော စကားကို ပြောသောသူအား အလိုမတူ။ ကာမဂုဏ်ငါးပါးကို မခံစား၊ ကာမဂုဏ်ငါးပါးကို မခံစားစေ၊ ကာမဂုဏ်ငါးပါးကို ခံစားသောသူအား အလိုမတူ။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် ဤသို့စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၏။

နိဂြောဓ တပဿီ [၂] ပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းသောအခါ ထက်သန်သော လုံ့လရှိသည်၏ အဖြစ်ကြောင့် ဤဆိုလတ္တံ့သော လက္ခဏာသည် ဖြစ်၏၊ ထိုသူသည် (ထိုသီလကို) ပွါးစေ၏၊ လူ့ဘောင်သို့ ပြန်၍မလည်။ ထိုသူသည် ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ တောသစ်ပင်ရင်း တောင်ချောက် တောင်ခေါင်းသင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ဟူသော ဆိတ်ငြိမ်သောကျောင်း အိပ်ရာ နေရာကို မှီဝဲ၏။

---

၁။ သီလကိုလုံခြုံအောင် လုံ့လပြုသော သီလသံဝရပုဂ္ဂိုလ်ကို ဆိုလိုသည်။

၂။ ပလိဗောဓမှ ကင်းဝေးအောင် လုံ့လပြုသော ယောဂါဝစရပုဂ္ဂိုလ်ဈာန်ရပုဂ္ဂိုလ်နှင့် အဘိညာဉ်ပုဂ္ဂိုလ်များကိုဆိုလိုသည်။

http://www.dhammadownload.com



ထိုသူသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းကို ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏၊ ထိုသူသည် (ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့်နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုခြင်း 'ဒေါသ' ကို ပယ်စွန့်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုခြင်း 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည် ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဒစ္စ' နောင်တ ပူပန်ခြင်း 'ကုက္ကုစ္စ'ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည် ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဒစ္စ'နောင်တတဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏။ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည် ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည် ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

၇၁။ ထိုသူသည် စိတ်ညစ်ညူးကြောင်းဖြစ်သော ပညာအားနည်းအောင် ပြုတတ်သော ဤအပိတ်အပင် 'နီဝရဏ'ငါးမျိုးတို့ကို ပယ်ပြီး၍ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌ (ရှိသော) သတ္တဝါ အားလုံးကို မိမိနှင့် အတူ ပြု၍ သတ္တဝါ အားလုံး ပါဝင်သော သတ္တ လောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌ (ရှိသော) သတ္တဝါ အားလုံးတို့ကို မိမိနှင့် အတူပြု၍ သတ္တဝါ အားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော ဥပေက္ခာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

နိဂြောဓ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ "ဤသို့ ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော မစင်ကြယ်သလော" ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ဧကန် စင်ကြယ်ပါ၏၊ မစင်ကြယ်သည် မဟုတ်ပါ၊ အထွတ်အထိပ်သို့လည်း ရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက်ပါ၏ ဟု (လျှောက်၏)။

နိဂြောဓ ဤမျှဖြင့် တပေါဇိဂုစ္ဆာဝါဒသည် အထွတ်အထိပ်သို့လည်း မရောက်သေး၊ အနှစ်သာရသို့လည်း မရောက်သေး၊ စင်စစ်သော်ကား အခေါက်သို့ ရောက်ရုံသာ ရှိသေး၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## အကာနှင့်တူသော စင်ကြယ်ခြင်းကို ပြဆိုရာ

၇၂။ မြတ်စွာဘုရား တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ်အထိပ်သို့လည်း ရောက်ပါသနည်း၊ အနှစ်သာရသို့လည်း ရောက်ပါသနည်း၊ မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပေါဇိဂုစ္ဆာဝါဒ၏ အထွတ်အထိပ်သို့သာရောက်အောင် ဟောတော်မူပါ၊ အနှစ်သာရသို့သာ ရောက်အောင် ဟောတော်မူပါ ဟု (လျှောက်၏)။

နိဂြောဓ ဤလောက၌ တပဿီပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၏။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် အဘယ်သို့လျှင် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းသနည်း။ပ။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် ဤသို့စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းသောအခါ ထက်သန်သော လုံ့လရှိသည်၏ အဖြစ်ကြောင့် ဤဆိုလတ္တံ့သော လက္ခဏာသည် ဖြစ်၏။ ထိုသူသည် (ထိုသီလကို) ပွါးစေ၏၊ လူ့ဘောင်သို့ ပြန်၍ မလည်။ ထိုသူသည် ဆိတ်ငြိမ်သော ကျောင်း အိပ်ရာနေရာကို မှီဝဲ၏။ပ။ ထိုသူသည် စိတ်ညစ်ညူးကြောင်း ဖြစ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော ဤအပိတ်အပင် 'နီဝရဏ'ငါးမျိုးတို့ကို ပယ်ဖျောက်၍ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ။ပ။ ကရုဏာနှင့် ယှဉ်သောစိတ်ဖြင့်။ပ။ မုဒိတာနှင့် ယှဉ်သောစိတ်ဖြင့်။ပ။ ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့်ပြန့်နှံ့စေ၍ နေ၏၊ ထိုသူသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။

ဤသည်ကား အဘယ်နည်း—

တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသော ဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း "ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သောအသက် အပိုင်းအခြား ရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည် အနွယ်)နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။

နိဂြောဓ ထိုအရာကို အဘယ်သို့ ထင်သနည်း "ဤသို့ ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော မစင်ကြယ်သလော" ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်စင်ကြယ်ပါ၏၊ မစင်ကြယ်သည် မဟုတ်ပါ၊ အထွတ်အထိပ်သို့လည်းရောက်ပါ၏ အနှစ်သာရသို့လည်းရောက်ပါ၏ ဟု (လျှောက်၏)။

နိဂြောဓ ဤမျှဖြင့် တပေါဇိဂုစ္ဆာဝါဒသည် အထွတ်အထိပ်သို့လည်းမရောက်သေး၊ အနှစ်သာရသို့လည်း မရောက်သေး၊ စင်စစ်သော်ကား အကာသို့ ရောက်ရုံသာ ရှိသေး၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## အထွတ်အထိပ် အနှစ်သာရနှင့်တူသောစင်ကြယ်ခြင်းကို ပြဆိုရာ

၇၃။ မြတ်စွာဘုရား တပေါဇိဂုစ္ဆာဝါဒသည် အဘယ်မျှဖြင့် အထွတ်အထိပ်သို့လည်း ရောက်ပါသနည်း၊ အနှစ်သာရသို့လည်း ရောက်ပါသနည်း၊ မြတ်စွာဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပေါဇိဂုစ္ဆာဝါဒ၏ အထွတ်အထိပ်သို့သာ ရောက်အောင် ဟောတော်မူပါ၊ အနှစ်သာရသို့သာ ရောက်အောင် ဟောတော်မူပါ ဟု (လျှောက်၏)။

နိဂြောဓ ဤလောက၌ တပဿီပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်း၏၊ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် အဘယ်သို့လျှင် စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်းသနည်း။ပ။ နိဂြောဓ တပဿီပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းသောအခါ ထက်သန်သော လုံ့လရှိသည်၏အဖြစ်ကြောင့် ဤဆိုလတ္တံ့သော လက္ခဏာသည် ဖြစ်၏။ ထိုသူသည် (ထိုသီလကို) ပွါးစေ၏။ လူ့ဘောင်သို့ ပြန်၍ မလည်။ ထိုသူသည် ဆိတ်ငြိမ်သော အိပ်ရာ နေရာကို မှီဝဲ၏။ပ။ ထိုသူသည် စိတ်ညစ်ညူးကြောင်း ဖြစ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော ဤအပိတ်အပင် 'နီဝရဏ' ငါးမျိုးတို့ကို ပယ်ဖျောက်၍ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့်။ပ။ ပြန့်ပြောသော မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့၍ နေ၏။ ထိုသူသည် များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏။

ဤသည်ကား အဘယ်နည်း—

တဘဝကိုငင်း နှစ်ဘဝတို့ကိုငင်း သုံးဘဝတို့ကိုငင်း လေးဘဝတို့ကိုငင်း ငါးဘဝတို့ကိုငင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့၏။

ထိုသူသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစ္စရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစ္စရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစ္စရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသောကောင်းသောအကျင့် 'ဝစီသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံ ရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏" ဟု (သိ၏)။

http://www.dhammadownload.com



ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါ တို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

နိဂြောဓ ထိုအရာကို အဘယ်သို့ ထင်သနည်း "ဤသို့ ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် စင်ကြယ်သလော၊ မစင်ကြယ်သလော" ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ကေန်စင်ကြယ်ပါ၏၊ မစင်ကြယ်သည် မဟုတ်ပါ၊ အထွတ်အထိပ်သို့လည်းရောက်ပါ၏၊ အနှစ်သာရသို့လည်း ရောက်ပါ၏ ဟု (လျှောက်၏)။

၇၄။ နိဂြောဓ တပေါဇိဂုစ္ဆာဝါဒသည် ဤမျှဖြင့် အထွတ်အထိပ်သို့လည်းရောက်၏၊ အနှစ်သာရသို့လည်းရောက်၏။ နိဂြောဓ သင်သည် ငါ့အား "မြတ်စွာဘုရား မြတ်စွာဘုရားသည် ယင်းတရားဖြင့် တပည့်တို့ကို ဆုံးမဟောကြား၏၊ ယင်းတရားဖြင့် မြတ်စွာဘုရား ဆုံးမဟောကြားအပ်ကုန်သော တပည့်တို့သည် (အရဟတ္တမဂ်ကို ရသည်၏ အစွမ်းဖြင့်) နှစ်သိမ့်ဝမ်းသာခြင်းသို့ ရောက်ကုန်၍ ဤကား မြတ်သော မှီရာဖြစ်သော ရှေးဟောင်း အရိယမဂ်တည်း ဟု ဝန်ခံကုန်၏။ မြတ်စွာဘုရား ဆုံးမ ဟောကြားကြောင်း ဖြစ်သော ထိုတရားကား အဘယ်ပါနည်း" ဟု အကြင် အမေးစကားကို ဆိုခဲ့၏။ နိဂြောဓ ငါသည် ယင်းတရားဖြင့် တပည့်တို့ကို ဆုံးမဟောကြား၏၊ ယင်းတရားဖြင့် ငါဆုံးမဟောကြားအပ်ကုန်သော တပည့်တို့သည် (အရဟတ္တမဂ်ကို ရသည်၏ အစွမ်းဖြင့်) နှစ်သိမ့်ဝမ်းသာခြင်းသို့ ရောက်ကုန်၍ ဤကား မြတ်သော မှီရာဖြစ်သော ရှေးဟောင်း အရိယမဂ်တည်း ဟု ဝန်ခံကုန်၏၊ ငါ ဆုံးမဟောကြားကြောင်း ဖြစ်သော သင်မေးသည့် ထိုတရားကား (တပေါဇိဂုစ္ဆာဝါဒ၏ အထွတ်အထိပ်တရားထက်) လွန်လည်း လွန်ကဲ၏၊ မွန်လည်း မွန်မြတ်၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် "ဆရာနှင့် တကွသော ငါတို့သည် ဤ(လွန်ကဲမြင့်မြတ်သောတရား)၌ ဆုံးရှုံးကြရကုန်ပြီ၊ ငါတို့သည် ဤ(ဒိဗ္ဗစက္ခုဉာဏ်ထက်)လွန်မြတ်သော တရားကို မသိကြရကုန်" ဟု ပဲ့တင်ထပ်မျှ ပြင်းပြကျယ်လောင်စွာ ကြွေးကြော်ကြကုန်၏။

## နိဂြောဓပရိဗိုဇ်၏ မှိုင်တွေခြင်း

၇၅။ "ဂိုဏ်းတပါး ဖြစ်ကုန်သော ဤပရိဗိုဇ်တို့သည် ယခုအခါ မြတ်စွာဘုရား၏ စကားကို စင်စစ် နာကြားလိုကုန်၏၊ နားစိုက်ကုန်၏၊ သိလိုစိတ်ကို ဖြစ်စေကုန်၏" ဟု သန္ဓာနသူကြွယ်သည် သိသောအခါ ထိုနိဂြောဓပရိဗိုဇ်အား ဤစကားကို ဆို၏—

"အသျှင် နိဂြောဓ သင်သည် အကျွန်ုပ်အား ဤစကားကို ဆိုခဲ့ပါ၏၊ 'သူကြွယ် သင်သိပါ၏လော၊ ရဟန်းဂေါတမသည် အဘယ်သူနှင့်အတူ စကားပြောသနည်း၊ အဘယ်သူနှင့်ဆွေးနွေးသနည်း၊ အဘယ်သူနှင့် စကားယှဉ်ပြိုင်ခြင်းဖြင့် ပညာအရာ၌ ထင်ရှားခြင်းသို့ရောက်သနည်း၊ ရဟန်းဂေါတမ၏ ပညာသည် ဆိတ်ငြိမ်ရာ၌ တပါးတည်းနေခြင်းဖြင့် ပျောက်ပျက်၏၊ရဟန်းဂေါတမသည် ပရိသတ်ထည်းသို့ ဝင်ဝံ့သူမဟုတ်၊ စကားပြောခြင်းငှါ မစွမ်းနိုင်၊ ထို(ရဟန်းဂေါတမ)သည် အစွန်အဖျား အရပ်တို့ကိုသာ မှီဝဲ၏၊ ဥပမာအားဖြင့် ကန်းသော နွားမသည် အစွန်အဖျား၌ ကျက်စားလေ့ရှိသည်ဖြစ်၍

http://www.dhammadownload.com



အစွန်အဖျား အရပ်တို့ကိုသာ မှီဝဲသကဲ့သို့ ဤအတူ ရဟန်းဂေါတမ၏ ပညာသည် ဆိတ်ငြိမ်ရာ၌ တပါးတည်း နေခြင်းဖြင့် ပျောက်ပျက်၏၊ ရဟန်းဂေါတမသည် ပရိသတ်ထည်းသို့ ဝင်ဝံ့သူ မဟုတ်၊ စကားပြောခြင်းငှါ မစွမ်းနိုင်၊ ထို(ရဟန်းဂေါတမ)သည် အစွန်အဖျား အရပ်တို့ကိုသာ မှီဝဲ၏၊ သူကြွယ် စင်စစ်သော်ကား ရဟန်းဂေါတမသည် ဤပရိသတ်သို့ လာငြားအံ့၊ ထို(ရဟန်းဂေါတမ)ကို ပြဿနာတချက်တည်းဖြင့် ချောက်ချားစေနိုင်ကုန်ရာသည်၊ ရေမရှိသော အိုးကဲ့သို့ လှည့်ပတ်ဖွဲ့ချည် နိုင်ကုန်ရာသည် ဟု ငါထင်၏' ဟူ၍ ဆိုခဲ့ပါ၏၊ အသျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤအရပ်သို့ ရောက် လာပါပြီ၊ ထိုမြတ်စွာဘုရားကို ပရိသတ်ထည်းသို့ မဝင်ဝံ့သူဖြစ်အောင် ပြုပါလော့၊ အစွန်အဖျား၌ ကျက်စားသော နွားမကန်းကဲ့သို့ ပရိသတ် အစွန်အဖျားရောက်သွားအောင် ပြုပါလော့၊ ထို (မြတ်စွာဘုရား)ကို ပြဿနာတချက်တည်းဖြင့် ချောက်ချားအောင် ပြုပါလော့၊ ထိုမြတ်စွာဘုရား ကို ရေမရှိသော အိုးကဲ့သို့ လှည့်ပတ်ဖွဲ့ချည်ပါလော့" ဟု (ဆို၏)။

ဤသို့ဆိုသော် နိဂြောဓပရိဗိုဇ်သည် တိတ်ဆိတ်ညှိုးငယ်စွာ ဦးခေါင်းငိုက်စိုက် မျက်နှာအောက် ချ၍ မိုင်တွေလျက် စကားတုံ့မဆိုနိုင်ပဲ ထိုင်နေ၏။

၇၆။ ထိုအခါ မြတ်စွာဘုရားသည် နိဂြောဓပရိဗိုဇ်ကို တိတ်ဆိတ်ညှိုးငယ်စွာ ဦးခေါင်းငိုက်စိုက် မျက်နှာအောက်ချ၍ မှိုင်တွေလျက် စကားတုံ့မဆိုနိုင်ပဲ ထိုင်နေသည်ကို သိတော်မူ၍ နိဂြောဓ ပရိဗိုဇ်အား "နိဂြောဓ ဤစကားကို သင်ပြောဆိုခြင်းသည် မှန်သလော" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား အကျွန်ုပ်သည် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် ဤစကားကို ပြောမိသည် မှန်ပါ၏ ဟု (လျှောက်၏)။

နိဂြောဓ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ အသက်ကြီးကုန်သော အရွယ်ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပရိဗိုဇ်တို့ပြောဆိုသည်ကို သင် အဘယ်သို့ ကြားဘူး သနည်း "အတိတ်အခါ ပွင့်ကုန်ပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် ယခုအခါ ဆရာနှင့် တကွ သော သင်ကဲ့သို့ ပေါင်းဆုံစည်းဝေး၍ ပဲ့တင်ထပ်မျှ ပြင်းပြကျယ်လောင်သော အသံရှိကုန်လျက် မင်း နှင့် စပ်သောစကား ခိုးသူနှင့်စပ်သောစကား။ပ။ ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကား ဟူသော အမျိုးမျိုးသော (မဂ်ဖိုလ်မှ) ဖီလာဖြစ်သော စကားကို ပြောဆိုလျက် နေတော်မူကုန်သ လော၊ ထိုသို့ မဟုတ် ထိုမြတ်စွာဘုရားတို့သည် ယခုအခါ ငါကဲ့သို့ ဆူညံသောအသံနည်းကုန်သော တိုးတိုးတိတ်တိတ် အသံလည်း နည်းကုန်သော လူစော်မနံ 'လူတို့၏ အနံ့အသက်မှ ကင်း'ကုန်သော၊ လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါ ထိုက်ကုန်သော ကိန်းအောင်း၍ နေခြင်းငှါ လျော်ကပတ် ကုန်သော ဝေးကွာသော တောကျောင်းတို့ကို မှီဝဲနေထိုင်တော်မူကုန်သလော၊ အဘယ်သို့ ကြား ဘူးသနည်း" ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား အသက်ကြီးကုန်သော အရွယ်ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပရိဗိုဇ်တို့ ပြောဆိုကြသည်ကို ဤသို့ ကြားဘူးပါ၏၊ "အတိတ် အခါက ပွင့်ပြီးကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူကုန် သော မြတ်စွာဘုရားတို့သည် ယခုအခါ ဆရာနှင့်တကွသော အကျွန်ုပ်ကဲ့သို့ ပေါင်းဆုံစည်းဝေး၍ ပဲ့တင်

http://www.dhammadownload.com



ထပ်မျှ ပြင်းပြကျယ်လောင်သော အသံရှိကုန်လျက် မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သော စကား။ပ။ ကြီးပွါးဆုတ်ယုတ်ခြင်းနှင့်စပ်သောစကား ဟူသော အမျိုးမျိုးသော (မဂ်ဖိုလ်မှ) ဖီလာဖြစ်သောစကားကို ပြောဆိုလျက် နေတော်မမူကုန်၊ ထိုမြတ်စွာဘုရားတို့သည် ယခုအခါ မြတ်စွာဘုရားကဲ့သို့ ဆူညံသောအသံနည်းကုန်သော တိုးတိုးတိတ်တိတ် အသံလည်း နည်းကုန်သော လူစော်မနံ 'လူတို့၏ အနံ့အသက်မှ ကင်း'ကုန်သော လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါ ထိုက်ကုန်သော ကိန်းအောင်း၍ နေခြင်းငှါ လျောက်ပတ်ကုန်သော ဝေးကွာသော တောကျောင်းတို့ကို မှီဝဲနေထိုင်တော်မူကုန်၏ ဟု ကြားဘူးပါ၏" ဟု (လျှောက်၏)။

နိဂြောဓ သင်သည် ပညာရှိသူ အရွယ်ကြီးသူ ဖြစ်လျက် ဤသို့သော အကြံသည် မဖြစ်။ "ထိုမြတ်စွာဘုရားသည် (သစ္စာလေးပါးကို)သိပြီးသည်ဖြစ်၍ (သစ္စာလေးပါးကို)သိစေခြင်းငှါ တရားကို ဟော၏၊ ထိုမြတ်စွာဘုရားသည် ယဉ်ကျေးပြီးသည်ဖြစ်၍ ယဉ်ကျေးစေခြင်းငှါ တရားကို ဟော၏၊ ထိုမြတ်စွာဘုရားသည် ငြိမ်းအေးပြီးသည်ဖြစ်၍ ငြိမ်းအေးစေခြင်းငှါ တရားကို ဟော၏၊ ထိုမြတ်စွာဘုရားသည် ကူးမြောက်ပြီးသည်ဖြစ်၍ ကူးမြောက်စေခြင်းငှါ တရားကို ဟော၏။ ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်ရောက်ပြီးသည်ဖြစ်၍ နိဗ္ဗာန်သို့ရောက်စေခြင်းငှါ တရားကို ဟော၏" ဟု အကြံ မဖြစ် (ဟူ၍ မိန့်တော်မူ၏)။

## အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်း

၇၇။ ဤသို့ မိန့်တော်မူသော် နိဂြောဓပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

> "မြတ်စွာဘုရား အကျွန်ုပ်သည် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးခဲ့ပါ၏၊ မြတ်စွာဘုရားကို အကျွန်ုပ်သည် ဤသို့ ပြောမိပါ၏၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ် ဟု သည်းခံတော်မူပါ" ဟူ၍ (လျှောက်၏)။

နိဂြောဓ သင်သည် မိုက်သည့် အလျောက် တွေဝေသည့် အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုးခဲ့၏၊ သင်သည် ငါ့ကို ဤသို့ ဆိုခဲ့၏။ နိဂြောဓ သင်သည် အပြစ်ကို အပြစ် ဟု သိမြင်၍ တရားအားလျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကို အပြစ် ဟု ငါတို့ သည်းခံကုန်၏။နိဂြောဓ အကြင်သူသည် အပြစ်ကို အပြစ် ဟု မြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ (ထိုသူ၏) ဤ(ကုစားစောင့်စည်းခြင်း)သည် အရိယာ၏ ဝိနည်း'အဆုံးအမ'၌ ကြီးပွါးကြောင်းသာလျှင်ဖြစ်၏။ နိဂြောဓ ငါသည် စင်စစ် ဤသို့ မိန့်ဆို၏—

မစဉ်းလဲ မလှည့်စား ဖြောင့်မတ်သော သဘောရှိသော ပညာရှိသော ပုဂ္ဂိုလ်သည် လာပါစေ၊ ငါသည် ဆုံးမသွန်သင်အံ့၊ ငါသည် တရားဟောအံ့၊ ဆုံးမသွန်သင်သည့်အတိုင်း ကျင့်သော သူသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ထွက်၍ အမျိုးကောင်းသားတို့သည် အကြင် (အရဟတ္တဖိုလ်) အကျိုးငှါ ရဟန်းပြုကုန်၏၊ သာသနာတော်၏ အထွတ်အထိပ်ဖြစ်သော အတုမဲ့သော ထို(အရဟတ္တဖိုလ်)အကျိုးကို ခုနစ်နှစ်အတွင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရလတ္တံ့။

http://www.dhammadownload.com



နိဂြောဓ ခုနစ်နှစ်တို့ကို ထားဦး၊ မစဉ်းလဲ မလှည့်စား ဖြောင့်မတ်သော သဘောရှိသော ပညာရှိသော ပုဂ္ဂိုလ်သည် လာပါစေ၊ ငါသည် ဆုံးမသွန်သင်အံ့၊ ငါသည် တရားဟောအံ့။ ဆုံးမသွန်သင်သည့် အတိုင်း ကျင့်သောသူသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ထွက်၍ အမျိုးကောင်းသားတို့သည် အကြင် (အရဟတ္တဖိုလ်)အကျိုးငှါ ရဟန်းပြုကုန်၏၊ သာသနာတော်၏ အထွတ်အထိပ်ဖြစ်သော အတုမဲ့သောထို(အရဟတ္တဖိုလ်)အကျိုးကို ခြောက်နှစ် ငါးနှစ် လေးနှစ် သုံးနှစ် နှစ်နှစ် တနှစ် အတွင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရလတ္တံ့၊ နိဂြောဓ တနှစ်ကိုထားဘိဦး၊ မစဉ်းလဲ မလှည့်စား ဖြောင့်မတ်သော သဘောရှိသော ပညာရှိသော ပုဂ္ဂိုလ်သည် လာပါစေ၊ ငါသည် ဆုံးမသွန်သင်အံ့၊ ငါသည် တရားဟောအံ့၊ ဆုံးမသွန်သင်သည့်အတိုင်း ကျင့်သောသူသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ထွက်၍ အမျိုးကောင်းသားတို့သည် အကြင် (အရဟတ္တဖိုလ်)အကျိုးငှါ ရဟန်းပြုကုန်၏၊ သာသနာတော်၏ အထွတ်အထိပ်ဖြစ်သော အတုမဲ့သော ထို(အရဟတ္တဖိုလ်) အကျိုးကို ခုနစ်လအတွင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍နေရလတ္တံ့။

နိဂြောဓ ခုနစ်လကိုထားဘိဦး၊ ခြောက်လ ငါးလ လေးလ သုံးလ နှစ်လ တလ လဝက် အတွင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရလတ္တံ့၊ နိဂြောဓ လဝက်ကို ထားဘိဦး မစဉ်းလဲ မလှည့်စား ဖြောင့်မတ်သော သဘောရှိသော ပညာရှိသော ပုဂ္ဂိုလ်သည် လာပါစေ၊ ငါသည် ဆုံးမသွန်သင်အံ့၊ ငါသည် တရားဟောအံ့၊ ဆုံးမသွန်သင်သည့်အတိုင်း ကျင့်သောသူသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ထွက်၍ အမျိုးကောင်းသားတို့သည် အကြင် (အရဟတ္တဖိုလ်)အကျိုးငှါ ရဟန်းပြုကုန်၏၊ သာသနာတော်၏ အထွတ်အထိပ်ဖြစ်သော အတုမဲ့သော ထို(အရဟတ္တဖိုလ်) အကျိုးကို ခုနစ်ရက်အတွင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍နေရလတ္တံ့။

## ပရိဗိုဇ်တို့၏ မှိုင်တွေခြင်း

၇၅။ နိဂြောဓ "ရဟန်းဂေါတမသည် ငါတို့ကို တပည့်ခံစေလိုသဖြင့် ဤ(လာပါစေ စသော) စကားကို ဆို၏" ဟု တရံတခါ သင့်အား ဤသို့သော အကြံသည် ဖြစ်ရာ၏။ နိဂြောဓ ဤ(လာပါစေ စသော) စကားကို ဤသို့ မမှတ်အပ်။ သင်တို့၏ ဆရာသည် သာလျှင် သင်တို့၏ ဆရာဖြစ်ပါစေ။ နိဂြောဓ "ရဟန်းဂေါတမသည် ငါတို့၏ ကျမ်းစာမှ ငါတို့ကို ရွေ့ရှားစေလို၍ ဤ(လာပါစေ စသော) စကားကို ဆို၏" ဟု တရံတခါ သင့်အား ဤသို့သော အကြံသည် ဖြစ်ရာ၏၊ နိဂြောဓ ဤ(လာပါစေ စသော)စကားကို ဤသို့ မမှတ်အပ်။ သင်တို့၏ကျမ်းစာသည်သာလျှင် သင်တို့၏ ကျမ်းစာ ဖြစ်ပါစေ။ နိဂြောဓ "ရဟန်းဂေါတမသည် ငါတို့၏ ကျင့်စဉ်မှ ငါတို့ကို ရွေ့ရှားစေလို၍ ဤ(လာပါစေစသော) စကားကို ဆို၏" ဟု တရံတခါ သင့်အား ဤသို့သော အကြံသည် ဖြစ်ရာ၏။ နိဂြောဓ ဤ(လာပါစေ စသော) စကားကို ဤသို့ မမှတ်အပ်။ သင်တို့၏ ကျင့်စဉ်သည်သာလျှင် သင်တို့၏ ကျင့်စဉ် ဖြစ်ပါစေ။ နိဂြောဓ "ရဟန်းဂေါတမသည် ငါတို့ကို ဆရာနှင့်တကွသော ငါတို့၏ အကုသိုလ်တရားတို့၌ ငင်း အကုသိုလ်အစုသို့ရောက်သော တရားတို့၌ငင်း တည်စေလို၍ ဤ(လာပါစေ စသော) စကားကို ဆို၏" ဟု တရံတခါ သင့်အား ဤသို့သော အကြံသည် ဖြစ်ရာ၏။ နိဂြောဓ ဤ(လာပါစေ စသော) စကားကို ဤသို့ မမှတ်အပ်။ ထိုတရားတို့သည် ဆရာနှင့်တကွသော သင်တို့၏ အကုသိုလ်တရားတို့သည်ငင်း အကုသိုလ်အစုသို့ရောက်သော တရားတို့သည်ငင်း ဖြစ်ပါစေကုန်။ နိဂြောဓ "ရဟန်းဂေါတမ

http://www.dhammadownload.com



သည် ငါတို့ကို ဆရာနှင့်တကွသော ငါတို့၏ ကုသိုလ်တရားတို့မှရင်း ကုသိုလ်အစုသို့ရောက်သော တရားတို့မှရင်း ကင်းကွာစေလို၍ ဤ(လာပါစေ စသော) စကားကို ဆို၏” ဟု တရံတခါ သင့်အား ဤသို့သော အကြံသည် ဖြစ်ရာ၏။ နိဂြောဓ ဤ(လာပါစေ စသော) စကားကို ဤသို့ မမှတ်အပ်။ ထိုတရားတို့သည် ဆရာနှင့်တကွသော သင်တို့၏ ကုသိုလ်တရားတို့သည်ရင်း ကုသိုလ်အစုသို့ ရောက်သော တရားတို့သည်ရင်း ဖြစ်ပါစေကုန်။ နိဂြောဓ ဤသို့ သင်တို့ကို တပည့်ဖြစ်စေလို၍ ဤ(လာပါစေစသော) စကားကို ငါမဆို၊ သင်တို့၏ ကျမ်းစာမှ ရွေ့ရှားစေလို၍လည်း ဤ(လာပါစေ စသော) စကားကို ငါမဆို၊ သင်တို့၏ ကျင့်စဉ်မှ ရွေ့ရှားစေလို၍လည်း ဤ(လာပါစေ စသော) စကားကို ငါမဆို၊ ဆရာနှင့်တကွသော သင်တို့ကို အကုသိုလ်တရားတို့၌ ရင်း အကုသိုလ်အစုသို့ ရောက်သော တရားတို့၌ရင်း တည်စေလို၍လည်း ဤ(လာပါစေ စသော) စကားကို ငါမဆို၊ ဆရာနှင့်တကွသော သင်တို့ကို ကုသိုလ်တရားတို့မှရင်း ကုသိုလ်အစုသို့ ရောက်သော တရားတို့မှရင်း ကင်းကွာစေလို၍လည်း ဤ(လာပါစေစသော) စကားကို ငါ မဆို။ နိဂြောဓ စင်စစ်သော်ကား “မပယ်ရကုန်သေးသော ညစ်ညူးခြင်း (ကိလေသာ)၏ အာရုံဖြစ်ကုန်သော ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူပန်ခြင်းနှင့် ယှဉ်ကုန်သော ဆင်းရဲကျိုးကို ပေးတတ်ကုန်သော နောက်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော အကုသိုလ်တရားတို့သည် ရှိကုန်၏၊ ယင်းတရားတို့ကို ပယ်ရန် ငါသည် တရားကို ဟော၏၊ ဟောသည့်အတိုင်း ကျင့်ကုန်သော သင်တို့သည် ညစ်ညူးခြင်း (ကိလေသာ)၏ အာရုံဖြစ်သော တရားတို့ကို ပယ်ဖျောက်ကုန်လတ္တံ့၊ ဖြူစင်ခြင်းကို ဖြစ်စေတတ်သော (သမထဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ မဂ်ပညာ၏ ပြည့်စုံခြင်း ဖိုလ်ပညာ၏ ပြန့်ပြောခြင်းကိုလည်း မျက်မှောက်ဘဝ၌ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရကုန်လတ္တံ့” ဟု (မိန့်တော်မူ၏)။

၇၉။ ဤသို့ မိန့်တော်မူသော် မာရ်နတ် အနှောင့်အယှက်ခံရသည့် စိတ်ရှိသော သူတို့သည် ထိုင်နေကုန်သကဲ့သို့ ဤအတူ ထိုပရိဗိုဇ်တို့သည် တိတ်ဆိတ်ညှိုးငယ်စွာ ဦးခေါင်းငိုက်စိုက် မျက်နှာအောက်ချ၍ မှိုင်တွေကုန်လျက် စကားမဆိုနိုင်ကုန်ပဲ ထိုင်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်၏။ “(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ဤသူအားလုံးတို့သည် မာရ်နတ် ပူးဝင်နေကုန်၏။ ထို့ကြောင့် တယောက်သောသူအားမျှလည်း ဤသို့သော အကြံသည် မဖြစ်လတ္တံ့ ‘ခုနစ်ရက်အတွင်း အရဟတ္တဖိုလ် ရနိုင် မရနိုင် စုံစမ်းသိရှိရန် အလို့ငှါသော်လည်း ငါတို့သည် ရဟန်းဂေါတမထံ သာသနာတော် ‘အကျင့်မြတ်’ကို ကျင့်ကုန်အံ့၊ ခုနစ်ရက်သည် အဘယ်ပြုအံ့နည်း’ ဟု အကြံ မဖြစ်လတ္တံ့” ဟူ၍ (အကြံဖြစ်၏)။

ထို့နောက် မြတ်စွာဘုရားသည် ဥဒုမ္ဗရိကာ မိဖုရား၏ ပရိဗိုဇ်အရံ၌ (သူတပါး၏ မိစ္ဆာဒိဋ္ဌိဝါဒကို တိုက်ဖျက်၍ မိမိ၏ သမ္မာဒိဋ္ဌိဝါဒကို ထူထောင်သည့် တရားတော်ကို) ရဲရင့်သော အသံဖြင့် ကျူးရင့် မိန့်ကြားတော်မူ၍ ကောင်းကင်သို့ ပျံတက် ပြီးလျှင် ဂိဇ္ဈကုဋ်တောင်၌ တည်နေတော်မူ၏။

သန္ဓာန သူကြွယ်သည်ကား ထိုခဏ၌ပင် ရာဇဂြိုဟ်ပြည်သို့ ဝင်လေသတည်း။

နှစ်ခုမြောက် ဥဒုမ္ဗရိကသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ၃-စက္ကဝတ္တိသုတ်

## မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာအဖြစ်

၈၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း မာတုလမြို့၌ သီတင်းသုံး နေတော်မူ၏၊ ထို (မာတုလမြို့)၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟူ၍ ရိုသေစွာ ပြန်ကြား လျှောက်ထားကုန်၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သင်တို့သည် မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိကုန်သည်ဖြစ်၍ မိမိသာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍ မိမိမှ တပါးအခြားကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍ နေကုန်လော့၊ တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိကုန်သည်ဖြစ်၍ တရားသာလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍ တရားမှတပါး အခြားကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍ နေကုန်လော့။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ မိမိမှတပါး အခြားကိုးကွယ်ရာ မရှိသည်ဖြစ်၍ တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားမှတပါး အခြားကိုးကွယ်ရာမရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ် ဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ခံစားမှု 'ဝေဒနာ' တို့၌ ခံစားမှု 'ဝေဒနာ' ဟု အဖန်ဖန် ရှုလျက်။ပ။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက်။ပ။ ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် သဘောတရားတို့၌ သဘောတရား ဟု အဖန်ဖန် ရှုလျက် လောက၌ လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မိမိသာလျှင် ကျွန်းကြီး သဖွယ် မှီခိုရာရှိသည်ဖြစ်၍ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ မိမိမှတပါး အခြားကိုးကွယ်ရာမရှိသည်ဖြစ်၍ တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ တရားမှတပါး အခြား ကိုးကွယ်ရာမရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့ (သင် ချစ်သားတို့သည်) အဖ (ဘုရား)မှ လာသည့်အမွေ ဖြစ်ကုန်သော မိမိတို့ (ရဟန်းများ) ၏ ကျက်စားရာအာရုံ၌ ကျက်စားကြကုန်လော့။ ရဟန်းတို့ အဖ (ဘုရား)မှ လာသည့်အမွေဖြစ်သော မိမိတို့ (ရဟန်းများ)၏ ကျက်စားရာ အာရုံ၌ ကျက်စားကုန်သော သင် ချစ်သားတို့၏ သန္တာန်၌ (ကိလေသာစသော) မာရ်သည် အခွင့်ကို မရလတ္တံ့၊ (ကိလေသာစသော) မာရ်သည် အကြောင်းကို မရလတ္တံ့။ ရဟန်းတို့ ကုသိုလ်တရားတို့ကို ဆောက်တည်ခြင်းကြောင့် ဤဆိုခဲ့သည့်အတိုင်း ဤကုသိုလ် ဤကုသိုလ်၏ အကျိုးသည် တိုးပွါး၏။

## ဒဠှနေမိစကြဝတေးမင်း

၈၁။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား၊ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော **သမုဒ္ဒရာလေးစင်း** အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်

http://www.dhammadownload.com



သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော ဒဠှနေမိ အမည်ရှိသော စကြဝတေးမင်းသည်ရှိ၏၊ ထို(ဒဠှနေမိစကြဝတေးမင်း)အား ဤရတနာခုနစ်ပါးတို့သည် ရှိကုန်၏။ ဤ(ရတနာခုနစ်ပါး)တို့ကား အဘယ်နည်း။စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမရတနာ သူဌေးရတနာ ခုနစ်ခုမြောက် သားကြီးရတနာတို့ပေတည်း။ ထို(ဒဠှနေမိစကြဝတေးမင်း)အား ရဲရင့်သော သူရဲကောင်း ဇွဲလုံ့လမျိုးရှိကုန်သော တဖက် စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏၊ ထို(စကြဝတေးမင်း)သည် သမုဒ္ဒရာ အဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုး၏။

၈၂။ ရဟန်းတို့ ထိုအခါ ဒဠှနေမိ (စကြဝတေးမင်း)သည် များစွာသောနှစ် များစွာသောနှစ် အရာများစွာ သောနှစ် အထောင်တို့ ကုန်လွန်သောအခါ မင်းချင်းယောကျ်ားတယောက်ကို မိန့်ဆို၏—

"အချင်းယောကျ်ား မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာကို တည်နေရာမှ အနည်းငယ်မျှသော်လည်း လျှောကျ သက်ဆင်းသည်ကို သင်မြင်သောအခါ ငါ့အား ပြောကြားလော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ထို(မင်းချင်း)ယောကျ်ားသည် "မင်းမြတ် ကောင်းပါပြီ" ဟု ဒဠှနေမိ (စကြဝတေး)မင်းအား ဝန်ခံ၏။

ရဟန်းတို့ ထို(မင်းချင်း)ယောကျ်ားသည် နှစ်ပေါင်းများစွာ နှစ်အရာပေါင်းများစွာ နှစ်အထောင်ပေါင်းများစွာတို့ ကုန်လွန်သောအခါ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာကို တည်နေရာမှ အနည်းငယ် လျှောကျသက်ဆင်းသည်ကိုမြင်၏၊ မြင်လတ်သော် ဒဠှနေမိ (စကြဝတေး)မင်းထံသို့ ချဉ်းကပ်၍ ဒဠှနေမိ (စကြဝတေးမင်း)အား ဤစကားကို လျှောက်၏—

"မင်းမြတ် အံ့မှန်ပင် သိတော်မူပါလော့၊ သင် (မင်းမြတ်)၏ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင် မရှိသွားနိုင်သော) စကြာရတနာသည် တည်နေရာမှ အနည်းငယ် လျှောကျ သက်ဆင်းပါပြီ" ဟု (လျှောက်၏)။

ရဟန်းတို့ ထိုအခါ ဒဠှနေမိ (စကြဝတေး) မင်းသည် သားကြီး (အိမ်ရှေ့) မင်းသားကိုခေါ်၍ ဤစကားကို မိန့်ဆို၏—

"ချစ်သား ငါ၏ မြတ်သော(လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော)စကြာရတနာသည် တည်နေရာမှ အနည်းငယ် လျှောကျ သက်ဆင်းသတတ်၊ 'အကြင် စကြာမင်း၏ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် တည်နေရာမှ အနည်းငယ် လျှောကျသက်ဆင်း၏၊ ထိုစကြာမင်းသည် ကြာမြင့်စွာ အသက်မရှည်ရာ' ဟု ငါကြားဘူး၏။

ငါသည် လူ့စည်းစိမ် ချမ်းသာတို့ကို ခံစားခဲ့ပြီ၊ ယခုအခါ ငါသည် နတ်စည်းစိမ်ချမ်းသာတို့ကို ရှာဖွေရန် အချိန်တန်ပြီ၊ ချစ်သား လာလော့ သင်သည် သမုဒ္ဒရာလေးစင်း အဆုံးရှိသော ဤမြေကြီးကို သိမ်းဆည်း (အုပ်စိုး)လော့၊ ငါမူကား ဆံမုတ်ဆိတ်တို့ကို ရိတ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရသေ့ဘောင်သို့ ဝင်ရောက်အံ့" ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



၇၃။ ရဟန်းတို့ ထိုအခါ ဒဠှနေမိ (စကြဝတေး)မင်းသည် သားကြီး အိမ်ရှေ့မင်းသားကို မင်းအဖြစ် အုပ်ချုပ်မှု၌ ကောင်းစွာ သွန်သင်ဆုံးမပြီးလျှင် ဆံမုတ်ဆိတ်ကို ရိတ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရသေ့ဘောင်သို့ ဝင်ရောက်၏။ ရဟန်းတို့ ဒဠှနေမိ (စကြဝတေး) မင်းရသေ့သည် ရသေ့ပြုပြီး၍ ခုနစ်ရက်မြောက်နေ့၌ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ကွယ်ပျောက်လေ၏။

ရဟန်းတို့ ထိုအခါ မင်းချင်းယောကျ်ားတယောက်သည် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းထံ ချဉ်းကပ်ပြီး မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား "မင်းမြတ် အမှန်သိတော်မူပါလော့၊ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ကွယ်ပျောက်ပါပြီ" ဟု လျှောက်၏။

ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာ ကွယ်ပျောက်သည်ရှိသော် နှလုံး မသာ ဖြစ်လေ၏၊ နှလုံးမသာ ဖြစ်ခြင်းကိုလည်း (သူတပါးအား) ပြောကြားလေ၏၊ ထိုမင်းသည် မင်းရသေ့ထံ ချဉ်းကပ်၍ မင်းရသေ့အား ဤစကားကို လျှောက်၏။ "မင်းမြတ် အမှန်သိတော်မူပါလော့၊ (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ကွယ်ပျောက်ပါပြီ" ဟု (လျှောက်၏)။

ရဟန်းတို့ ဤသို့လျှောက်သော် မင်းရသေ့သည် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား ဤစကားကို ပြောကြား၏။

"ချစ်သား မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာ ကွယ်ပျောက်သောကြောင့် နှလုံးမသာ မဖြစ်လင့်၊ နှလုံးမသာ ဖြစ်ခြင်းကိုလည်း (သူတပါးအား) မပြောကြားလင့်၊ ချစ်သား မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် သင့်ဖခင်မှ ဆင်းသက်လာသော အမွေပစ္စည်းမဟုတ်၊ ချစ်သား သင်ချစ်သားသည် အပြစ်ကင်းသော စကြာမင်းတို့၏ ကျင့်ဝတ်တို့ကို ကျင့်ဘိလော့၊ တဆယ့်ငါးရက်မြောက်သော (လပြည့်)ဥပုသ်နေ့၌ ဦးခေါင်းဆေးမင်္ဂလာပြုပြီးလျှင် မြတ်သောပြာသာဒ်ထက်သို့တက်၍ ဥပုသ်ဆောက်တည်လျက် အပြစ်ကင်းသော စကြဝတေး ကျင့်ဝတ်ကို ကျင့်နေသော သင် (ချစ်သား)အား အကန့်တထောင်ရှိသော အကွပ်ပုန်တောင်းနှင့်တကွသော အခြင်းအရာ အလုံးစုံရှိသော မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ထင်ရှားဖြစ်ပေါ်လတ္တံ့သော အကြောင်းသည် ရှိသည်သာတည်း" ဟု (ပြောကြား၏)။

## မြတ်သောစကြာမင်းတို့၏ ကျင့်ဝတ်

၇၄။ မင်းမြတ် မြတ်သော စကြာမင်းတို့၏ ကျင့်ဝတ် ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

ချစ်သား သို့ဖြစ်လျှင် သင် (ချစ်သား)သည် တရားကိုသာလျှင် အမှီပြု၍ တရားကိုသာလျှင် အရိုအသေပြုလျက် တရားကိုသာလျှင် အလေးပြုလျက် တရားကိုသာလျှင် မြတ်နိုးလျက် တရားကိုသာလျှင် ပူဇော်လျက် တရားကိုသာလျှင် တုပ်ဝပ်လျက် တရားကိုသာလျှင် တန်ခွန်သဖွယ်ပြုလျက် တရားကိုသာလျှင် မှန်ကင်းကဲ့သို့ ပြုလျက် တရားကိုသာလျှင် အကြီးအမှူးပြုလျက် အတွင်းသား

http://www.dhammadownload.com



မယား စသည်၌ရှင်း စစ်သည်ဗိုလ်ပါ၌ရှင်း အရှိမင်းတို့၌ရှင်း ပုဏ္ဏားနှင့် အမျိုးသားတို့၌ရှင်း နိဂုံးဇနပုဒ်သားတို့၌ရှင်း သမဏဗြာဟ္မဏတို့၌ရှင်း သားငှက်တို့၌ရှင်း တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံစေမှုကို စီရင်လော့။

ချစ်သား သင်၏ နိုင်ငံတော်၌ အနိုင်အထက် နှိပ်စက်မှုများ မဖြစ်စေလင့်၊ ချစ်သား သင်၏ နိုင်ငံတော်၌ ပစ္စည်းဥစ္စာမရှိသူတို့အားလည်း ပစ္စည်းဥစ္စာကို ပေးကမ်းလော့၊ ချစ်သား သင်၏ နိုင်ငံတော်၌ အကြင်သမဏဗြာဟ္မဏတို့သည် မာန်ယစ်ခြင်း မေ့လျော့ခြင်းတို့မှ ရှောင်ကြဉ်ကြကုန်၏၊ သည်းခံခြင်း ကောင်းသောမွေ့လျော်ခြင်း၌ တည်ကြကုန်၏၊ မိမိ၏ စိတ်ကို ဆုံးမကြကုန်၏၊ မိမိ၏ စိတ်ကို ငြိမ်သက် စေကြကုန်၏၊ မိမိ၏ စိတ်ကို ငြိမ်းအေးစေကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့ထံ လျောက်ပတ်သောအခါ ချဉ်းကပ်၍ မေးမြန်းလေလော့ စုံစမ်းလေလော့—

"အသျှင်ဘုရားတို့ အဘယ်သည် ကုသိုလ်ပါနည်း၊ အဘယ်သည် အကုသိုလ်ပါနည်း၊ အဘယ်သည် အပြစ်ရှိပါသနည်း၊ အဘယ်သည် အပြစ်မရှိပါသနည်း၊ အဘယ်ကို မှီဝဲအပ်ပါသနည်း၊ အဘယ်ကို မမှီဝဲအပ်ပါသနည်း၊ ကျွန်ုပ် ပြုအပ်သော အဘယ်တရားသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း၊ အကျွန်ုပ် ပြုအပ်သော အဘယ်တရားသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း" ဟု (မေးမြန်းလေလော့၊ စုံစမ်းလေလော့)။ ထို(သမဏဗြာဟ္မဏ)တို့၏ စကားကို ကြားနာ၍ အကုသိုလ် တရားကို ကြဉ်ရှောင်လော့၊ ကုသိုလ်တရားကို ဆောက်တည်၍ ကျင့်လေလော့၊ ချစ်သား ဤသည်ကား စကြဝတေးမင်းတို့၏ အပြစ်ကင်းသော ကျင့်ဝတ်တည်း ဟု (ပြောကြား၏)။

## စကြာရတနာဖြစ်ပေါ်လာခြင်း

၈၅။ ရဟန်းတို့ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းသည် "မင်းမြတ် ကောင်းပါပြီ" ဟု မင်းရသေ့၏ စကားကို ဝန်ခံ၍ စကြဝတေးမင်းတို့၏ အပြစ်ကင်းသော ကျင့်ဝတ်ကို ကျင့်လေ၏။

တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာ ပြုပြီးလျှင် မြတ်သော ပြာသာဒ်(ထက်)သို တက်၍ ဥပုသ်ဆောက်တည်လျက် အပြစ်ကင်းသော စကြဝတေးကျင့်ဝတ်ကို ကျင့်သော ထိုမင်းအား အကန့်တထောင်ရှိသော အကွပ်ပုန်တောင်းနှင့်ထက္က အခြင်းအရာ အလုံးစုံရှိသော မြတ်သော(လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ဖြစ်ပေါ်လာ၏၊ (ထိုစကြာရတနာကို)မြင်လတ်သော် မင်းမျိုးဖြစ်သော အဘိသိက် သွန်းပြီးသော မင်းအား ဤသို့ အကြံဖြစ်၏—

"တဆယ့်ငါးရက်မြောက် (လပြည့်)ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာပြုပြီးလျှင် မြတ်သော ပြာသာဒ်ထက်သို့ တက်၍ ဥပုသ်ဆောက်တည်နေသော မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော 'အကြင် မင်းအား အကန့်တထောင်ရှိသော အကွပ်ပုန်တောင်းနှင့်တက္က အခြင်းအရာ အလုံးစုံ ရှိသော မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ဖြစ်ပေါ်လာငြားအံ့၊ ထိုမင်းသည် စကြဝတေးမင်း ဖြစ်၏' ဟူသော ဤစကားကို ငါကြားဘူး၏၊ ငါသည် စကြဝတေးမင်း ဖြစ်ရာသလော" ဟု (အကြံဖြစ်၏)။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းသည် နေရာမှ ထပြီးလျှင် အပေါ် ရုံစုလျားကို ပခုံးတဖက်၌ တင်၍ လက်ဝဲလက်ဖြင့် ရေကရားကို ကိုင်လျက် "အသျှင် စကြာရတနာသည် လည်စေသတည်း အသျှင် စကြာရတနာသည် အောင်စေသတည်း" ဟု (ဆို၍) စကြာရတနာကို လက်ျာလက်ဖြင့် ရေသွန်းဖျန်း၏။

ရဟန်းတို့ ထိုအခါ ထိုစကြာရတနာသည် အရှေ့အရပ်သို့ လည်သွားလေ၏၊ စစ်အင်္ဂါလေးပါးနှင့် တကွ စကြဝတေးမင်းသည်လည်း တပါတည်း လိုက်ပါသွားလေ၏၊ ရဟန်းတို့ စကြာရတနာ ရပ်တန့်ရာ အရပ်၌ စစ်အင်္ဂါလေးပါးနှင့် တကွသော စကြဝတေးမင်းသည် စခန်းချနေ၏။

ရဟန်းတို့ အရှေ့အရပ်၌ ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်းထံသို့ ချဉ်းကပ်ပြီးလျှင် "မင်းကြီး ကြွလာတော်မူပါ၊မင်းကြီး အရှင်၏ လာခြင်းသည် ကောင်းသော လာခြင်း ဖြစ်ပါသည်၊ မင်းကြီး (ဤနိုင်ငံသည်)အရှင်၏ နိုင်ငံပါတည်း၊ မင်းကြီး ဆုံးမတော်မူပါ" ဟု ဆိုကုန်၏။

စကြဝတေးမင်းသည် ဤသို့ မိန့်ဆို၏၊ "အသက်ကို မသတ်အပ်၊မပေးသည်ကို မယူအပ်၊ကာမဂုဏ် တို့၌ မှားယွင်းစွာ မကျင့်အပ်၊မဟုတ်မမှန်သော စကားကို မပြောအပ်၊သေရည်သေရက်ကို မသောက် အပ်၊ ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ အရှေ့အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်း၏ သြဇာခံမင်းတို့ ဖြစ်လေကုန်၏။

၇၆။ ရဟန်းတို့ ထိုအခါ စကြာရတနာသည် အရှေ့သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန် ပြန်တက် ပြီးလျှင် တောင်အရပ်သို့ လည်သွားလေ၏။ပ။ တောင်သမုဒ္ဒရာသို့ ဆင်းသက်၍ ,တဖန် ပြန်တက် ပြီးလျှင် အနောက်အရပ်သို့ လည်သွားလေ၏။ စစ်အင်္ဂါလေးပါးနှင့်တကွ စကြဝတေးမင်းသည်လည်း တပါတည်း လိုက်ပါသွားလေ၏။ ရဟန်းတို့ စကြာရတနာ ရပ်တန့်သော 'အရပ်၌ စစ်အင်္ဂါလေးပါးနှင့် တကွ စကြဝတေးမင်းသည် ခစန်းချနေ၏။

ထိုအနောက်အရပ်၌ ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်းထံသို့ ချဉ်းကပ်ပြီးလျှင် "မင်းကြီး ကြွလာတော်မူပါ၊ မင်းကြီး အရှင်၏ လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်၊ မင်းကြီး (ဤနိုင်ငံသည်) အရှင်၏ နိုင်ငံပါတည်း၊ မင်းကြီး ဆုံးမတော်မူပါ" ဟု ဆိုကုန်၏။

စကြဝတေးမင်းသည် ဤသို့ မိန့်ဆို၏၊ "အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြောအပ်၊ သေရည်သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲအခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ အနောက်အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်း၏ သြဇာခံမင်းတို့ ဖြစ်လေကုန်၏။

၇၇။ ရဟန်းတို့ ထိုအခါ စကြာရတနာသည် အနောက်သမုဒ္ဒရာသို့ ဆင်းသက်၍ တဖန် ပြန် တက်ပြီးလျှင် မြောက်အရပ်သို့ လည်သွားလေ၏၊ စစ်အင်္ဂါလေးပါးနှင့်တကွ စကြဝတေးမင်းသည် လည်း တပါတည်း လိုက်ပါသွားလေ၏၊ ရဟန်းတို့ စကြာရတနာ ရပ်တန့်ရာအရပ်၌ စစ်အင်္ဂါလေးပါးနှင့် တကွ စကြဝတေးမင်းသည် စခန်းချနေ၏။

http://www.dhammadownload.com



ရဟန်းတို့ မြောက်အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်းထံ ချဉ်းကပ်၍ ဤသို့ ဆိုကုန်၏ "မင်းကြီး ကြွလာတော်မူပါ၊ မင်းကြီး အရှင်၏လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်၊ မင်းကြီး (ဤနိုင်ငံသည်)အရှင်၏ နိုင်ငံပါတည်း၊ မင်းကြီး ဆုံးမတော်မူပါ" ဟု (ဆိုကုန်၏)။

စကြဝတေးမင်းသည် ဤသို့ ဆို၏၊ "အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြောဆိုအပ်၊ သေရည်သေရက်ကို မသောက်အပ်၊ ကောက်ခံမြဲ အခွန်အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြကုန်လော့" ဟု (ဆို၏)။

ရဟန်းတို့ မြောက်အရပ်၌ရှိသော ထီးပြိုင်မင်းတို့သည် စကြဝတေးမင်း၏ ဩဇာခံမင်းတို့ ဖြစ်လေကုန်၏။

ရဟန်းတို့ ထိုအခါ ထိုစကြာရတနာသည် သမုဒ္ဒရာအပိုင်းအခြားရှိသောမြေကို အောင်မြင်ပြီး၍ ထိုစကြဝတေးမင်း၏ နေပြည်တော်သို့သာလျှင် တဖန် ပြန်လည်၍ စကြဝတေးမင်း၏ နန်းတော်တံခါးလွှတ်ရုံးတော်မုတ်ဦး၌ စကြဝတေးမင်း၏ နန်းတော်ကို တင့်တယ်စေလျက် ဝင်ရိုးတပ်ထားဘိသကဲ့သို့ တည်နေ၏။

## ဒုတိယ စကြာမင်းစသည် အကြောင်း

၈၈။ ရဟန်းတို့ နှစ်ယောက်မြောက် စကြာမင်းသည်လည်း။ပ။သုံးယောက်မြောက် စကြာမင်းသည်လည်း။ လေးယောက်မြောက် စကြာမင်းသည်လည်း။ ငါးယောက်မြောက် စကြာမင်းသည်လည်း။ ခြောက်ယောက်မြောက် စကြာမင်းသည်လည်း။ ခုနစ်ယောက်မြောက် စကြာမင်းသည်လည်း နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာ ကုန်လွန်သောအခါ၌ မင်းချင်းယောကျ်ားတယောက်ကို အမိန့်ပေး၏—

"အချင်းယောကျ်ား သင်သည် မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာကို တည်နေရာမှ အနည်းငယ်လျှောကျသက်ဆင်းသည်ကို မြင်သောအခါ ငါ့အား ပြောကြားလော့" ဟု (အမိန့်ပေး၏)။

ရဟန်းတို့ ထို(မင်းချင်း)ယောကျ်ားသည် "မင်းမြတ် ကောင်းပါပြီ" ဟု စကြဝတေးမင်းအား ဝန်ခံ၏။

ရဟန်းတို့ ထို(မင်းချင်း)ယောကျ်ားသည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာ ကုန်လွန်သောအခါ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာကို တည်နေရာမှ လျှောကျသက်ဆင်းသည်ကို မြင်၏၊မြင်လတ်သော် စကြဝတေးမင်းထံ ချဉ်းကပ်၍ စကြဝတေးမင်းအား ဤစကားကို လျှောက်၏—

"မင်းမြတ် အမှန်သိတော်မူပါလော့၊ သင်(မင်းမြတ်)၏ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင် မရှိသွားနိုင်သော) စကြာရတနာသည် တည်နေရာမှ လျှောကျသက်ဆင်းပါပြီ" ဟု (လျှောက်၏)။

၈၉။ ရဟန်းတို့ ထိုအခါ စကြဝတေးမင်းသည် သားကြီး မင်းသားကိုခေါ်၍ ဤစကားကို မိန့်ဆို၏—

http://www.dhammadownload.com



"ချစ်သား ငါ၏မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် တည်နေရာမှ လျှောကျသက်ဆင်းသတတ်။ 'အကြင် စကြဝတေးမင်း၏ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် တည်နေရာမှ လျှောကျသက်ဆင်း၏၊ ထိုစကြဝတေးမင်းသည် ကြာမြင့်စွာ အသက်မရှည်ရာ' ဟု ငါကြားဘူး၏၊ ငါသည် လူ့စည်းစိမ် ချမ်းသာကို စံစားခဲ့ပြီ၊ ယခုအခါ ငါသည် နတ်စည်းစိမ်ချမ်းသာတို့ကို ရှာဖွေရန် အချိန်တန်ပြီ၊ ချစ်သား လာလော့၊ သင်သည် သမုဒ္ဒရာလေးစင်းအဆုံးရှိသော ဤမြေကြီးကို သိမ်းဆည်း (အုပ်စိုး)လော့။ ငါမူကား ဆံမုတ်ဆိတ်ကိုရိတ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရသေ့ဘောင်သို့ ဝင်ရောက်အံ့" ဟု (မိန့်ဆို၏)။

ရဟန်းတို့ ထိုအခါ စကြဝတေးမင်းသည် သားကြီးအိမ်ရှေ့မင်းသားကို မင်းအဖြစ်အုပ်စိုးမှု၌ ကောင်းစွာဆုံးမသွန်သင်ပြီးလျှင် ဆံမုတ်ဆိတ်ကိုရိတ်၍ ဖန်ရည်စွန်းသော အဝတ်ကို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရသေ့ဘောင်သို့ ဝင်ရောက်၏၊ ရဟန်းတို့ မင်းရသေ့သည် ရသေ့ပြုပြီး၍ ခုနစ်ရက် မြောက်ပြီးသောနေ့၌ မြတ်သော(လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော)စကြာရတနာသည် ကွယ်ပျောက်လေ၏။

၉၀။ ရဟန်းတို့ ထိုအခါ မင်းချင်းယောကျ်ားတယောက်သည် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းထံ ချဉ်းကပ်ပြီးလျှင် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား "မင်းမြတ် အမှန်သိတော်မူပါလော့၊ မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာသည် ကွယ်ပျောက်ပါပြီ" ဟု လျှောက်၏။

ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် မြတ်သော (လိုရာအရပ်သို့ အပိတ်အပင်မရှိ သွားနိုင်သော) စကြာရတနာ ကွယ်ပျောက်သည်ရှိသော် နှလုံးမသာ ဖြစ်လေ၏၊ နှလုံးမသာ ဖြစ်ခြင်းကိုလည်း (သူတပါးအား) ပြောကြားလေ၏၊ ထိုမင်းသည် မင်းရသေ့ထံ ချဉ်းကပ်၍ မြတ်သော စကြဝတေးမင်းတို့၏ ကျင့်ဝတ်ကို မမေး၊ ထိုမင်းသည် မိမိပညာဖြင့်သာ နိုင်ငံကို ဆုံးမအုပ်စိုး၏၊ မိမိပညာဖြင့်သာ နိုင်ငံကို ဆုံးမအုပ်စိုးသော် ထိုမင်း၏ နိုင်ငံတို့သည် မြတ်သောစကြဝတေးမင်းတို့၏ ကျင့်ဝတ်တို့ကို ကျင့်ကုန်သော ရှေးမင်းတို့၏ နိုင်ငံတို့သည် တိုးပွါးကုန်သကဲ့သို့ ရှေးနောက်ညီညွတ်စွာ မတိုးပွါးကုန်။

ရဟန်းတို့ ထိုအခါ အမှုဆောင်အမတ်များ မင်းတိုင်ပင်အမတ်များ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်များ စစ်သည်ဗိုလ်ပါများ တံခါးမှူးများ ပညာရှိ (ပုရောဟိတ်)အမတ်များတို့သည် စည်းဝေးကြကုန်၍ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား ဤစကားကို လျှောက်ကုန်၏—

"မင်းမြတ် မြတ်သော စကြဝတေးမင်းတို့၏ ကျင့်ဝတ်တို့ကို ကျင့်ကုန်သော မင်းတို့၏ ဇနပုဒ်တို့သည် တိုးပွါးကုန်သကဲ့သို့ မိမိစိတ်အလိုဖြင့် နိုင်ငံကို ဆုံးမသော သင် (မင်းမြတ်)၏ နိုင်ငံတို့သည် ရှေ့နောက် ညီညွတ်စွာ မတိုးပွါးကုန်၊ မင်းမြတ် သင် (မင်းမြတ်)၏ နိုင်ငံတော်၌ အမှုဆောင် အမတ်များ မင်းတိုင်ပင်အမတ်များ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်များ စစ်သည်ဗိုလ်ပါများ တံခါးမှူးများနှင့် ပညာရှိ(ပုရောဟိတ်)အမတ်များ ဖြစ်ကုန်သော အကျွန်ုပ်တို့သည်၎င်း တပါးသူတို့သည်၎င်း ရှိပါကုန်၏၊ အကြင် အကျွန်ုပ်တို့သည် အပြစ်ကင်းသော စကြဝတေးမင်းကျင့်ဝတ်ကို မှတ်

http://www.dhammadownload.com



သွားထားပါကုန်၏၊ မင်းမြတ် သင်(မင်းမြတ်)သည် အကျွန်ုပ်တို့အား အပြစ်ကင်းသော စကြဝတေး ကျင့်ဝတ်ကို မေးပါလော့၊ မေးသည်ရှိသော် ထိုအကျွန်ုပ်တို့သည် အပြစ်ကင်းသော စကြဝတေး ကျင့်ဝတ်ကို သင် (မင်းမြတ်)အား ဖြေကြားပါကုန်အံ့" ဟု (လျှောက်ကုန်၏)။

## အသက်အဆင်းစသည် ယုတ်လျော့ခြင်း အကြောင်း

၉၁။ ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် အမှုဆောင်အမတ်များ မင်းတိုင်ပင်အမတ်များ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်များ စစ်သည် ဗိုလ်ပါများ တံခါးမှူးများနှင့် ပညာရှိ (ပုရောဟိတ်)အမတ်များတို့ကို စည်းဝေးစေ၍ အပြစ်ကင်းသော စကြဝတေးကျင့်ဝတ်ကိုမေး၏။ မေးသည်ရှိသော် ထိုအမတ်တို့သည် အပြစ်ကင်းသော စကြဝတေး ကျင့်ဝတ်ကို ထိုမင်းအား ဖြေကြားကုန်၏။

ထိုအမတ်တို့၏ (စကားကို)ကြား၍ တရားနှင့်လျော်သော စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံ စေမှုကို စီရင်၏၊ ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကိုကား မပေး။ ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာမပေးသည်ရှိသော် ဆင်းရဲခြင်း ပွါးများလာ၏။ ဆင်းရဲခြင်း ပွါးများလာသောအခါ ယောကျ်ားတယောက်သည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ခိုးယူ၏။ ထို (ယောကျ်ား)ကို ဖမ်းကုန်၏။ ဖမ်းပြီးလျှင် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းအား "မင်းမြတ် ဤယောကျ်ားသည် သူတပါးတို့ မပေးသောဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူပါ၏ ဟု" ဆို၍ ပြကုန်၏။

ရဟန်းတို့ ဤသို့ ဆို၍ပြသော် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် ထိုယောကျ်ားအား ဤစကားကို ဆို၏၊ "အချင်းယောကျ်ား သင်သည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူ၏ ဟူသည် မှန်သလော" ဟု (ဆို၏)။

မှန်ပါသည် မင်းမြတ် ဟု (လျှောက်၏)။

အဘယ့်ကြောင့် (ခိုးယူသနည်း) ဟု (ဆို၏)။

မင်းမြတ် အသက်မွေးမှု မလုံလောက်သောကြောင့်ပါတည်း ဟု (လျှောက်၏)။

ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းသည် "ယောကျ်ား သင်သည် ဤဥစ္စာဖြင့် ကိုယ်တိုင်လည်း အသက်မွေးလော့၊ မိဘကိုလည်း ကျွေးမွေးလော့၊ သားမယား ကိုလည်း မကျွေးမွေးလော့၊ အလုပ်အကိုင်တို့ကိုလည်း လုပ်ကိုင်လော့၊ အထက် အထက်ဘုံသို့ ရောက်စေသည့် အကျိုးရှိသော ကောင်းမြတ်သော အကျိုးဆယ်ပါးကို ဖြစ်စေတတ်သော ချမ်းသာ သော အကျိုးရှိသော နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါ လော့" ဟု ဆို၍ ထိုယောကျ်ားအား ဥစ္စာကိုပေး၏။ ရဟန်းတို့ ထိုယောကျ်ားသည် "မင်းမြတ် ကောင်းပါပြီ" ဟု မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းအား ဝန်ခံ၏။

ရဟန်းတို့ ယောကျ်ားတယောက်သည်လည်း သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူ၏။ ထိုယောကျ်ားကို ဖမ်းကုန်၏၊ ဖမ်းပြီးလျှင် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား "မင်းမြတ် ဤယောကျ်ားသည် သူတပါးတို့ မပေးသောဥစ္စာကို ခိုးလို

http://www.dhammadownload.com



သောစိတ်ဖြင့် ယူပါ၏" ဟု ဆို၍ပြကုန်၏။ ရဟန်းတို့ ဤသို့ ဆို၍ ပြသော် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် ထိုယောကျ်ားအား ဤစကားကို ဆို၏။ "အချင်း ယောကျ်ား သင်သည် သူတပါးတို့မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူ၏ ဟူသည် မှန်သလော"ဟု(ဆို၏)။

မှန်ပါသည် မင်းမြတ် ဟု (လျှောက်၏)။

အဘယ့်ကြောင့် (ခိုးယူသနည်း)ဟု (ဆို၏)။

မင်းမြတ် အသက်မွေးမှု မလုံလောက်သောကြောင့်ပါတည်း ဟု (လျှောက်၏)။

ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် "ယောကျ်ား သင်သည် ဤဥစ္စာဖြင့် ကိုယ်တိုင်လည်း အသက်မွေးလော့၊ မိဘကိုလည်း ကျွေးမွေးလော့၊ သားမယားကိုလည်း ကျွေးမွေးလော့ အလုပ်အကိုင်တို့ကိုလည်း လုပ်ကိုင်လော့၊ အထက် အထက်ဘုံသို့ ရောက်စေသည့်အကျိုးရှိသော ကောင်းကျိုးကိုဖြစ်စေတတ်သော ကောင်းမြတ်သော အကျိုးဆယ်ပါးကို ဖြစ်စေတတ်သော ချမ်းသာကျိုးရှိသော နတ်ပြည်၌ ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါလော့" ဟု ဆို၍ ထိုယောကျ်ားအား ဥစ္စာကို ပေး၏။ ရဟန်းတို့ ထိုယောကျ်ားသည် "မင်းမြတ် ကောင်းပါပြီ" ဟု မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား ဝန်ခံ၏။

၉၂။ ရဟန်းတို့ လူတို့သည် "အချင်းတို့ သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူသော သူတို့အား မင်းသည် ဥစ္စာကိုပေးသတတ်" ဟု ကြားကြကုန်၏။ ယင်းသို့ ကြားသဖြင့် "ငါတို့သည်လည်း သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ရဟန်းတို့ ထိုအခါ တယောက်သော ယောကျ်ားသည် သူတပါးတို့ မပေးသောဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ယူလေ၏၊ ထိုခိုးသူယောကျ်ားကို ဖမ်းကုန်၏။ ဖမ်းပြီးလျှင် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းအား "မင်းမြတ် ဤယောကျ်ားသည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူပါ၏"ဟု ဆို၍ ပြကုန်၏။

ရဟန်းတို့ ဤသို့ဆို၍ပြသော် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် ထို(ခိုးသူ) ယောကျ်ားအား ဤစကားကို ဆို၏။ "အချင်းယောကျ်ားသင်သည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူ၏ဟူသည် မှန်သလော" ဟု (ဆို၏)။

မှန်ပါသည် မင်းမြတ် ဟု (လျှောက်၏)။

အဘယ့်ကြောင့် (ခိုးယူသနည်း) ဟု (ဆို၏)။

မင်းမြတ် အသက်မွေးမှု မလုံလောက်သောကြောင့်ပါတည်း ဟု (လျှောက်၏)။

ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းအား ဤသို့သော အကြံသည် ဖြစ်၏—

"သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူသော သူအား အကယ်၍ ငါသည် ဥစ္စာကို ပေးအံ့၊ ဤသို့ ပေးနေခဲ့လျှင် ဤခိုးမှုသည် တိုးပွါးလတ္တံ့၊ ငါသည် ဤ(ခိုးသူ)ယောကျ်ားကို

http://www.dhammadownload.com



ကောင်းစွာ နှိပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်ရမှု ကောင်းလေစွ၊ ခိုးမှု အမြစ်ပြတ်အောင် ပြုရမှု ကောင်းလေစွ ထိုသူ၏ဦးခေါင်းကို ဖြတ်ရမှု ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းသည် (မင်းချင်း) ယောကျ်ားတို့ကို အမိန့်ပေး၏။

"အချင်းတို့ ထိုသို့ဖြစ်လျှင် ဤ(ခိုးသူ)ယောကျ်ားကို မြဲမြံခိုင်ခံ့သော ကြိုးဖြင့် မြဲမြံစွာ လက်ပြန် ကြိုး တုပ်နှောင်လျက် ခေါင်းတုံးရိတ်ပြီးလျှင် အသံပြင်းသော ထက်စည်ကိုတီးကာ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ခေါ်ဆောင်ယူ၍ တောင်တံခါးမှ ထွက်ပြီးသော် မြို့၏ တောင်ဘက်၌ ကောင်းစွာ နှိပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်ကုန်လော့၊ (အဆုံးစီရင်ခြင်းဖြင့်) အမြစ်ပြတ် အောင် ပြုကုန်လော့၊ ထို(ခိုးသူ)ယောကျ်ား၏ ဦးခေါင်းကို ဖြတ်ကုန်လော့" ဟု (အမိန့်ပေး၏)။

ရဟန်းတို့ ထို(မင်းချင်း) ယောကျ်ားတို့သည် "မင်းမြတ် ကောင်းပါပြီ" ဟု မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းအား ဝန်ခံ၍ ထို(ခိုးသူ) ယောကျ်ားကို မြဲမြံခိုင်ခံ့သော ကြိုးဖြင့် မြဲမြံစွာ လက်ပြန်ကြိုးတုပ်နှောင်လျက် သင်တုံးဖြင့် ခေါင်းတုံးရိတ်ပြီးလျှင် အသံပြင်းသော ထက်စည်ကိုတီးကာ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ခေါ်ဆောင်၍ တောင်တံခါးမှ ထွက်ပြီးလျှင် မြို့၏တောင်ဘက်၌ ကောင်းစွာ နှိပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်ကုန်၏၊ (အဆုံး စီရင်ခြင်းဖြင့်)အမြစ်ပြတ်အောင် ပြုကုန်၏၊ ထို(ခိုးသူ)ယောကျ်ား၏ ဦးခေါင်းကို ဖြတ်ကုန်၏။

၉၃။ ရဟန်းတို့ လူတို့သည် "အချင်းတို့ သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူသောသူတို့ကို မင်းသည် အပြီးတိုင် နှိပ်ကွပ်၏၊ (အဆုံးစီရင်ခြင်းဖြင့်) အမြစ်ပြတ်အောင်ပြု၏ ထို(ခိုးသူ)ယောကျ်ား၏ ဦးခေါင်းကို ဖြတ်၏" ဟု ကြားကုန်၏။ ယင်းသို့ ကြားသဖြင့် "ငါတို့သည် လည်း ထက်သော လက်နက်တို့ကို ပြုလုပ်စေကုန်အံ့၊ ထက်သောလက်နက်တို့ကို ပြုလုပ်စေပြီးလျှင် အကြင်သူတို့ မပေးသောဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ခိုးယူကုန်အံ့၊ ထိုဥစ္စာရှင်တို့ကို အပြီးတိုင် နှိပ်ကွပ် ကုန်အံ့၊ (အဆုံးစီရင်ခြင်းဖြင့်) အမြစ်ပြတ်အောင် ပြုကုန်အံ့၊ ထို (ဥစ္စာရှင်) တို့၏ ဦးခေါင်းကို ဖြတ် ကုန်အံ့" ဟု အကြံဖြစ်၏။ ထိုသူတို့ကို ထက်သောလက်နက်တို့ကို ပြုလုပ်စေကုန်၏၊ ထက်သောလက် နက်တို့ကို ပြုလုပ်စေပြီးလျှင် ရွာကို လုယက်ဖျက်ဆီးခြင်းငှါလည်း အားထုတ်ကုန်၏၊ နိဂုံးကို လုယက် ဖျက်ဆီးခြင်းငှါလည်း အားထုတ်ကုန်၏၊ မြို့ကို လုယက်ဖျက်ဆီးခြင်းငှါလည်း အားထုတ်ကုန်၏၊ လမ်း၌ (စောင့်၍)လုယက်ဖျက်ဆီးခြင်းငှါလည်း အားထုတ်ကုန်၏။

ထိုသူတို့သည် အကြင်သူတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူကြကုန်၏၊ ထို(ဥစ္စာရှင်) တို့ကို အပြီးတိုင် နှိပ်ကွပ်ကုန်၏၊ (အဆုံးစီရင်ခြင်းဖြင့်) အမြစ်ပြတ်အောင် ပြုကုန်၏၊ ထို(ဥစ္စာရှင်) တို့၏ ဦးခေါင်းတို့ကို ဖြတ်ကုန်၏။

၉၄။ ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်း ပွါးများလာ၏၊ ဆင်းရဲခြင်း ပွါးများလာသော် မပေးသော ဥစ္စာကို ခိုးယူမှု ပွါးများလာ၏၊ ခိုးယူမှု ပွါးများလာသော် လက်နက်ပွါးများလာ၏၊ လက်နက်ပွါးများလာသော် အသက်သတ်မှု ပွါးများ လာ၏၊ အသက်သတ်မှု ပွါးများလာသော် ထိုသတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်လာ၏ အဆင်းသည်လည်း ဆုတ်ယုတ်လာ၏၊ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်

http://www.dhammadownload.com



လည်း ဆုတ်ယုတ်ကုန်သော အနှစ်ရှစ်သောင်း အသက်ရှည်ကုန်သော ထိုသူတို့၏ သားသမီးတို့သည် အနှစ်လေးသောင်း အသက်ရှည်ကုန်၏။

ရဟန်းတို့ အနှစ်လေးသောင်း အသက်ရှည်ကုန်သော လူတို့တွင် တယောက်သောယောကျ်ားသည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့်ယူ၏၊ ထိုခိုးသူကို ဖမ်းကုန်၏။ ဖမ်းပြီးလျှင် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းအား "မင်းမြတ် ဤယောကျ်ားသည် သူတပါးတို့ မပေးသောဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူပါ၏" ဟု ဆို၍ ပြကုန်၏။ ရဟန်းတို့ ဤသို့ဆို၍ ပြသော် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းသည် ထိုယောကျ်ားအား ဤစကားကို ဆို၏။ "အချင်းယောကျ်ား သင်သည် သူတပါးတို့ မပေးသောဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူ၏ ဟူသည် မှန်သလော" ဟု (ဆို၏)။

"မမှန်ပါ မင်းမြတ်" ဟု သိလျက် မဟုတ်မမှန်သောစကားကို ဆို၏။

၉၅။ ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်း ပွါးများလာ၏၊ ဆင်းရဲခြင်း ပွါးများလာသော် မပေးသော ဥစ္စာကို ခိုးယူမှု ပွါးများလာ၏၊ ခိုးယူမှု ပွါးများလာသော် လက်နက်ပွါးများလာ၏၊ လက်နက်ပွါးများလာသော် အသက်သတ်မှု ပွါးများလာ၏၊ အသက်သတ်မှု ပွါးများလာသော် မဟုတ်မမှန်ပြောမှု ပွါးများလာ၏၊ မဟုတ်မမှန်ပြောမှု ပွါးများလာသော် ထိုသတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်၏၊အဆင်းသည်လည်း ဆုတ်ယုတ်၏၊ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်လေးသောင်း အသက်ရှည်သော ထိုသူ၏ သားသမီးတို့သည် အနှစ်နှစ်သောင်း အသက်ရှည်ကုန်၏။

ရဟန်းတို့ အနှစ် နှစ်သောင်း အသက်ရှည်သော လူတို့တွင် တယောက်သော ယောကျ်ားသည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူ၏၊ ထိုသူကို တယောက်သော ယောကျ်ားသည် မင်းမျိုးဖြစ်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးသော မင်းအား "မင်းမြတ် ဤမည်သော ယောကျ်ားသည် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူပါ၏" ဟု ကုံးချောခြင်းကို ပြု၏။

၉၆။ ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲမှု ပွါးများလာ၏၊ ဆင်းရဲမှု ပွါးများလာသော် မပေးသော ဥစ္စာကို ခိုးယူမှုပွါးများလာ၏၊ ခိုးယူမှု ပွါးများလာသော် လက်နက်ပွါးများလာ၏၊လက်နက်ပွါးများလာသော် အသက်သတ်မှုပွါးများလာ၏၊ အသက်သတ်မှု ပွါးများလာသော် မဟုတ်မမှန်ပြောမှု ပွါးများလာ၏၊ မဟုတ်မမှန်ပြောမှု ပွါးများလာသော် ကုံးချောမှု ပွါးများလာ၏၊ ကုံးချောမှု ပွါးများလာသော် ထိုသတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏။ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်နှစ်သောင်း အသက်ရှည်ကုန်သော ထိုသူတို့၏ သားသမီးတို့သည် အနှစ် တသောင်း အသက်ရှည်ကုန်၏။

ရဟန်းတို့ အနှစ်တသောင်း အသက်ရှည်ကုန်သော လူတို့တွင် အချို့သတ္တဝါတို့သည် အဆင်းလှကုန်၏၊ အချို့သတ္တဝါတို့သည် အဆင်းမလှကုန်၊ ထိုသူတို့တွင် အဆင်းမလှသော သတ္တဝါတို့သည် အဆင်းလှသော သတ္တဝါတို့ကို တပ်မက်ကုန်၍ သူတပါးတို့၏ သားမယားတို့ကို လွန်ကျူးကုန်၏။

http://www.dhammadownload.com



၉၇။ ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲမှု ပွါးများလာ၏၊ ဆင်းရဲမှု ပွါးများလာသော် ။ပ။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွါးများလာ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွါးများလာသော် ထိုသတ္တဝါတို့၏အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏။ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်တသောင်း အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ် ငါးထောင် အသက်ရှည်ကုန်၏။

၉၈။ ရဟန်းတို့ အနှစ်ငါးထောင် အသက်ရှည်ကုန်သော လူတို့တွင် ကြမ်းတမ်းသောစကား ပြိန်ဖျင်းသောစကား ဟူသော တရားနှစ်ပါးတို့သည် ပွါးများလာကုန်၏၊ တရားနှစ်ပါးပွါးများလာကုန်သော် ထိုလူတို့၏အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏။ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်ငါးထောင် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးအချို့တို့သည် အနှစ် နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်၏၊ အချို့သောသားသမီးတို့သည် အနှစ်နှစ်ထောင် အသက်ရှည်ကုန်၏။

၉၉။ ရဟန်းတို့ အနှစ် နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်သော လူတို့၌ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ'တရားတို့ ပွါးများလာကုန်၏၊ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ'တရားတို့ ပွါးများလာကုန်သော် ထိုသတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏။ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သောအနှစ် နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်တထောင် အသက်ရှည်ကုန်၏။

၁၀၀။ ရဟန်းတို့ အနှစ်တထောင် အသက်ရှည်ကုန်သော လူတို့၌ မှားသော အယူဝါဒတို့ ပွါးများလာ၏၊ မှားသောအယူဝါဒတို့ ပွါးများလာသော် ထိုလူတို့၏ အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏၊ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်တထောင် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်ငါးရာ အသက်ရှည်ကုန်၏။

၁၀၁။ ရဟန်းတို့ အနှစ်ငါးရာ အသက်ရှည်ကုန်သော လူတို့၌ မတရားသောတပ်မက်ခြင်း 'အဓမ္မရာဂ'[၁] အလွန်အကြူးတပ်မက်ခြင်း 'ဝိသမလောဘ'[၂] မှားသော အကျင့်တရား 'မိစ္ဆာဓမ္မ'[၃] ဟူသော တရားသုံးပါးတို့ များပြားကုန်၏၊ တရားသုံးပါးတို့ များပြားကုန်သော် ထိုသတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏။ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ်ငါးရာ အသက်ရှည်ကုန်သော

---

၁။ အမိ အဒေါ် စသည်၌ တပ်မက်မှု။
၂။ သောကထုံးတမ်းအားဖြင့် သုံးဆောင်မှီဝဲသင့်သောသူတို့၌ အလွန်အကြူးလိုက်စားမှု။
၃။ ယောကျာ်းချင်း မိန်းမချင်း တပ်မက်မှု။

http://www.dhammadownload.com



ထိုလူတို့၏ သားသမီးအချို့တို့သည် အနှစ် နှစ်ရာ့ငါးဆယ် အသက်ရှည်ကုန်၏၊ အချို့သောသားသမီး တို့သည် အနှစ်နှစ်ရာ အသက်ရှည်ကုန်၏။

ရဟန်းတို့ အနှစ်နှစ်ရာ့ငါးဆယ်သော အသက်ရှည်ကုန်သောလူတို့၌—

အမိ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုခြင်း။

အဖ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုခြင်း။

သမဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို မပြုခြင်း။

ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို မပြုခြင်း။

အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု မပြုခြင်း ဟူသော ဤတရားတို့သည် ပွါးများလာကုန်၏။

၁၀၂။ ရဟန်းတို့ ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်း ပွါးများလာ၏၊ ဆင်းရဲခြင်း ပွါးများလာသော် သူတပါးတို့ မပေးသော ဥစ္စာကို ခိုးယူမှု ပွါးများလာ၏၊ ခိုးယူမှု ပွါးများလာသော် လက်နက် ပွါးများလာ၏၊ လက်နက်ပွါးများလာသော် အသက်သတ်မှု ပွါးများလာ၏၊ အသက်သတ်မှု ပွါးများလာသော် မဟုတ်မမှန်ပြောမှု ပွါးများလာ၏၊ မဟုတ်မမှန်ပြောမှု ပွါးများလာသော် ကုံးချောမှု ပွါးများလာ၏၊ ကုံးချောမှု ပွါးများလာသော် ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွါးများလာ၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွါးများလာသော် ကြမ်းတမ်းသောစကား ပြိန်ဖျင်းသောစကား တရားနှစ်ပါးတို့ ပွါးများလာကုန်၏၊ တရားနှစ်ပါးတို့ ပွါးများလာကုန်သော် လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ'တို့ ပွါးများလာကုန်၏၊ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' ပျက်စီးစေလိုခြင်း 'ဗျာပါဒ'တို့ ပွါးများလာကုန်သော် မှားသော အယူဝါဒ ပွါးများလာ၏၊ မှားသောအယူဝါဒ ပွါးများလာသော် မတရားသော တပ်မက်ခြင်း 'အဓမ္မရာဂ' အလွန်အကျူး တပ်မက်ခြင်း 'ဝိသမလောဘ' မှားသောအကျင့်တရား 'မိစ္ဆာဓမ္မ'တရားသုံးပါးတို့ ပွါးများလာကုန်၏၊ တရားသုံးပါးတို့ ပွါးများလာကုန်သော်—

အမိ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုခြင်း။

အဖ၌ ကောင်းစွာပြုသင့်သောဝတ်ကို မပြုခြင်း။

သမဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို မပြုခြင်း။

ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို မပြုခြင်း။

အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု မပြုခြင်း ဟူသော ဤတရားတို့သည် ပွါးများလာကုန်၏။

ဤတရားတို့ ပွါးများလာကုန်သော် ထိုလူတို့၏ အသက်သည်လည်း ဆုတ်ယုတ်၏၊ အဆင်းသည်လည်း ဆုတ်ယုတ်၏။ အသက်အားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အဆင်းအားဖြင့်လည်း ဆုတ်ယုတ်ကုန်သော အနှစ် နှစ်ရာ့ငါးဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်တရာ အသက်ရှည်ကုန်၏။

http://www.dhammadownload.com



## ဆယ်နှစ်သက်တမ်းအချိန်

၁၀၃။ ရဟန်းတို့ ဤလူတို့၏ သားသမီးတို့သည် ဆယ်နှစ် အသက်ရှည်အံ့သောအခါမျိုးသည် ဖြစ်လတ္တံ့။

ရဟန်းတို့ လူဘို့သည် ဆယ်နှစ်သာ အသက်ရှည်ကုန်လတ်သော် ငါးနှစ်အရွယ်ရှိ သတို့သမီး တို့သည် လက်ထပ်ထိမ်းမြားနိုင်သော အရွယ်ရောက်သူတို့ ဖြစ်ကုန်လတ္တံ့။ ရဟန်းတို့ ဆယ်နှစ် အသက် ရှည်သောလူဘို့၌ ဤမြတ်သော အရသာတို့သည် ကွယ်ပျောက်ကုန်လတ္တံ့။

ဤသည်ဘိုကား အဘယ်နည်းဟူမူ—

ထောပတ် ဆီဦ ဆီ ပျား တင်လဲ ဆား ဤသည်တို့တည်း။

ရဟန်းဘို့ ဆယ်နှစ် အသက်ရှည်ကုန်သော လူတို့၌ လူးထမင်းသည် စားဖွယ်တို့တွင် အမြတ်ဆုံး ဖြစ်လတ္တံ့။ ရဟန်းတို့ ယခုအခါ စားဖွယ်တို့တွင် အသားရောသော သလေးထမင်းသည် အမြတ်ဆုံး ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူ ဆယ်နှစ်အသက်ရှည်သောလူတို့၌ လူးထမင်းသည် စားဖွယ်တို့တွင် အမြတ်ဆုံးဖြစ်လတ္တံ့။

ရဟန်းတို့ ဆယ်နှစ် အသက်ရှည်သောလူတို့၌ ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့သည် အကြွင်းမဲ့ ကွယ်ပျောက်ကုန်လတ္တံ့။ အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့သည် အလွန်လျှင် ထွန်းပကုန် လတ္တံ့။ ရဟန်းတို့ ဆယ်နှစ်အသက်ရှည်သော လူတို့၌ ကောင်းမှုဟူသော အမည်မျှသည်လည်း မရှိလတ္တံ့၊ ကောင်းမှုကို ပြုသူကား အဘယ်မှာ ရှိလတ္တံ့နည်း။ ရဟန်းတို့ ဆယ်နှစ်အသက်ရှည်သော လူတို့တွင် အမိ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုသူ အဖ၌ကောင်းစွာပြုသင့်သောဝတ်ကို မပြုသူ သမဏတို့၌ ကောင်းစွာပြုသင့်သော ဝတ်ကိုမပြုသူ ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သော ဝတ်ကိုမပြုသူ အမျိုးတို့၌ ကြီးသောသူဘို့ကို ရိုသေတုပ်ဝပ်မှု မပြုသူတို့သည် ပူဇော်ခံထိုက်သူတို့ ဖြစ်ကုန်လတ္တံ့၊ ချီးမွမ်းခံထိုက်သူတို့ ဖြစ်ကုန်လတ္တံ့။ ရဟန်းတို့ ယခုအခါ အမိ၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုသူ အဖ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို ပြုသူ သမဏဘို့၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုသူ ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သော ဝတ်ကိုပြုသူ အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု ပြုသူ တို့သည် ပူဇော်ခံထိုက်သူ ချီးမွမ်းခံထိုက်သူတို့ ဖြစ်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူ ဆယ်နှစ် အသက် ရှည်သော လူဘို့ကား အမိ၌ကောင်းစွာပြုသင့်သောဝတ်ကို မပြုသူ အဖ၌ကောင်းစွာပြုသင့်သော ဝတ်ကို မပြုသူ သမဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို မပြုသူ ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့် သောဝတ်ကို မပြုသူ အမျိုး၌ ကြီးသောသူဘို့ကို ရိုသေတုပ်ဝပ်မှု မပြုသူတို့သည် ပူဇော်ခံထိုက်သူတို့ ဖြစ်ကုန်လတ္တံ့၊ ချီးမွမ်းခံထိုက်သူတို့ ဖြစ်ကုန်လတ္တံ့။

ရဟန်းတို့ ဆယ်နှစ်အသက်ရှည်သော လူတို့၌ အမိဟူ၍ငြင်း မိကြီး မိထွေးဟူ၍ငြင်း အရီးကြီး အရီးလေးဟူ၍ငြင်း ဆရာ့မယားဟူ၍ငြင်း အလေးအမြတ်ပြုထိုက်သူ (ဘကြီး ဘထွေးစသည်)တို့၏ မယားဟူ၍ငြင်း (ရိုသေလေးမြတ်သောစိတ်) မဖြစ်လတ္တံ့၊ ဆိတ် သိုး ကြက် ဝက် ခွေး မြေခွေးတို့ ကဲ့သို့ လောကသည် ရောယှက်ရှုပ်သွေး (စည်းကမ်းဖျက်)ခြင်းသို့ ရောက်လတ္တံ့။

ရဟန်းတို့ ဆယ်နှစ်အသက်ရှည်သော လူတို့၌ အချင်းချင်း ပြင်းထန်သောအမျက်ထွက်ခြင်း ပြင်းထန်သော ပျက်စီးစေလိုခြင်း ပြင်းထန်သော မလိုမုန်းထားခြင်း ပြင်းထန်သော သတ်လိုသည့်စိတ်

http://www.dhammadownload.com



ရှိခြင်းသည် ထင်ရှားဖြစ်လတ္တံ့။ အမိကလည်းသား၌ သားကလည်း အမိ၌၊ အဖကလည်း သား၌ သားကလည်း အဖ၌၊ မောင်ကလည်း နှမ၌ နှမကလည်း မောင်၌ ပြင်းထန်သောအမျက်ထွက်ခြင်း ပြင်းထန်သောပျက်စီးစေလိုခြင်း ပြင်းထန်သောမလိုမုန်းထားခြင်း ပြင်းထန်သောသတ်လိုစိတ်ရှိခြင်းသည် ဖြစ်ပေါ်လတ္တံ့။ ရဟန်းတို့ သားသမင်ကို တွေ့မြင်သော် သားမုဆိုးအား ပြင်းထန်သော အမျက်ထွက်ခြင်း ပြင်းထန်သောပျက်စီးစေလိုခြင်း ပြင်းထန်သော မလိုမုန်းထားခြင်း ပြင်းထန်သော သတ်လိုစိတ် ရှိခြင်းသည် ဖြစ်ပေါ် သကဲ့သို့ ရဟန်းတို့ ဤအတူ ဆယ်နှစ်အသက်ရှည်သောလူတို့၌ ထိုသတ္တဝါတို့ အချင်းချင်း ပြင်းထန်သော အမျက်ထွက်ခြင်း ပြင်းထန်သော ပျက်စီးစေလိုခြင်း ပြင်းထန်သော မလိုမုန်းထားခြင်း ပြင်းထန်သော သတ်လိုစိတ်ရှိခြင်းသည် ဖြစ်ပေါ်လတ္တံ့။ အမိကလည်း သား၌ သားကလည်း အမိ၌၊ အဖကလည်း သား၌ သားကလည်း အဖ၌၊ မောင်ကလည်းနှမ၌ နှမကလည်း မောင်၌ ပြင်းထန်သော အမျက်ထွက်ခြင်း ပြင်းထန်သော ပျက်စီးစေလိုခြင်း ပြင်းထန်သော မလိုမုန်းထားခြင်း ပြင်းထန်သော သတ်လိုစိတ်ရှိခြင်းသည် ဖြစ်ပေါ်လတ္တံ့။

၁၀၄။ ရဟန်းတို့ ဆယ်နှစ်အသက်ရှည်ကုန်သော လူတို့၌ ခုနစ်ရက်ပတ်လုံး သတ္ထန္တရကပ် ဆိုက်လတ္တံ့။ ထိုသူတို့ အချင်းချင်း သားကောင် ဟု မှတ်ကြကုန်လတ္တံ့။ ပြင်းထန်သော လက်နက်တို့သည် ထိုသူတို့၏ လက်တို့၌ ထင်ရှားဖြစ်ကုန်လတ္တံ့။ ထိုသူတို့သည် ပြင်းထန်သောလက်နက်ဖြင့် "ဤသည်ကား သားကောင်တည်း ဤသည်ကား သားကောင်တည်း" ဟု အချင်းချင်း သတ်ဖြတ်ကုန်လတ္တံ့။

ရဟန်းတို့ ထိုအခါ ထိုသတ္တဝါတို့တွင် အချို့သောသတ္တဝါတို့အား ဤသို့ အကြံဖြစ်လတ္တံ့၊ "ငါတို့သည် တစုံတယောက်ကိုမျှ မသတ်ကုန်အံ့၊ ငါတို့ကို လည်း တစုံတယောက်သည် မသတ်စေသတည်း၊ ငါတို့သည် မြက်တောသို့ရင်း ချုံနွယ်တောသို့ရင်း သစ်ပင်တောသို့ရင်း ရောက်နိုင်ခဲသော မြစ်လယ်ကျွန်းသို့ရင်း တောင်ချောက်ကြားသို့ရင်း ဝင်၍ တောသစ်မြစ် တောသစ်သီးလျှင် အစာရှိကုန်သည်ဖြစ်၍ မျှတနေရပါကုန်မူကား ကောင်းလေစွ" ဟု (အကြံဖြစ်လတ္တံ့)။ ထိုသူတို့သည် မြက်တောသို့ရင်း ချုံနွယ်တောသို့ရင်း သစ်ပင်တောသို့ရင်း ရောက်နိုင်ခဲသော မြစ်လယ်ကျွန်းသို့ရင်း တောင်ချောက်ကြားသို့ရင်း ဝင်၍ ခုနစ်ရက်ပတ်လုံး တောသစ်မြစ် တောသစ်သီးလျှင် အစာရှိကုန်သည်ဖြစ်၍ မျှတနေကုန်လတ္တံ့။ ထိုသူတို့သည် ခုနစ်ရက်လွန်သဖြင့် မြက်တော ချုံနွယ်တော သစ်ပင်တော ရောက်နိုင်ခဲသော မြစ်လယ်ကျွန်း တောချောက်ကြားမှ ထွက်ကုန်၍ အချင်းချင်း ပွေ့ဖက်ကုန်လျက် "အချင်းတို့ သတ္တဝါတို့ကို မြင်ရကုန်သေး၏၊ ငါ အသက်ရှင်သကဲ့သို့ သင်လည်း အသက်ရှင်ပေ၏၊ သတ္တဝါတို့ကို မြင်ရကုန်သေး၏၊ ငါ အသက်ရှင်သကဲ့သို့ သင်လည်း အသက်ရှင်ပေ၏" ဟု မိမိနှင့် သဘောတူသည်ကို ပြုကုန်လတ္တံ့ သက်သာခြာ ရကုန်လတ္တံ့။

## အသက် အဆင်း စသည် တိုးပွါးခြင်း အကြောင်း

၁၀၅။ ရဟန်းတို့ ထိုအခါ ထိုသတ္တဝါတို့အား ဤသို့ အကြံဖြစ်လတ္တံ့၊ "ငါတို့သည် အကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ဤသို့ သဘောရှိသော များစွာသော အဆွေအမျိုးတို့၏ ဆုံးရှုံးခြင်းသို့ရောက်ကုန်၏၊ ငါတို့သည် ကုသိုလ်ကို ပြုကြရမူ ကောင်းလေစွ၊ အဘယ်ကုသိုလ်ကို ပြုကြရပါမည်နည်း၊ ငါတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြရမူ ကောင်းလေစွ၊ ဤကုသိုလ်တရားကို ကျင့်ကြံရမူ ကောင်းလေစွ" ဟု (အကြံဖြစ်လတ္တံ့")။ ထိုသူတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်လတ္တံ့၊ ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကုန်လတ္တံ့၊ ထိုသူတို့သည် ကုသိုလ်

http://www.dhammadownload.com



တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် အသက်အားဖြင့်လည်း တိုးပွါးကုန်လတ္တံ့၊ အဆင်းအားဖြင့်လည်း တိုးပွါးကုန်လတ္တံ့၊ အသက်အားဖြင့်လည်း တိုးပွါးကုန်သော အဆင်းအားဖြင့်လည်း တိုးပွါးကုန်သော ဆယ်နှစ်အသက်ရှည်ကုန်သော ထိုသူတို့၏ သားသမီးတို့သည် အသက်နှစ်ဆယ်ရှည်ကုန်လတ္တံ့။

ရဟန်းတို့ ထိုအခါ ထိုသတ္တဝါတို့အား ဤသို့ အကြံဖြစ်လတ္တံ့၊ "ငါတို့သည် ကုသိုလ်တရားတို့ကို ဆောက်တည်ခြင်းကြောင့် အသက်အားဖြင့်လည်း တိုးပွါးကုန်၏၊ အဆင်းအားဖြင့်လည်း တိုးပွါးကုန်၏၊ ငါတို့သည် ကုသိုလ်ကို တိုးတက်ပိုမို၍ ပြုကြရမူ ကောင်းလေစွ အဘယ်ကုသိုလ်ကို ပြုကြရပါကုန်အံ့နည်း၊ ငါတို့သည် သူတပါးတို့မပေးသော ဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ကြရမူ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ကြရမူ၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ကြရမူ၊ ကုံးချောခြင်းမှ ရှောင်ကြဉ်ကြရမူ၊ ကြမ်းတမ်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြရမူ၊ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြရမူ၊ သူတပါးစည်းစိမ်၌ ရှေ့ရှုကြံခြင်းကို စွန့်ကြရမူ၊ ပျက်စီးစေလိုခြင်းကို စွန့်ကြရမူ၊ မှားသောအယူကို စွန့်ကြရမူ၊ မတရားသောတပ်မက်ခြင်း 'အဓမ္မရာဂ' အလွန်အကျူးတပ်မက်ခြင်း 'ဝိသမလောဘ' မှားသောအကျင့်တရား 'မိစ္ဆာဓမ္မ'ဟူသော တရားသုံးမျိုးတို့ကို စွန့်ကြရမူ ကောင်းလေစွ၊ ငါတို့သည် အမိ၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုကြရမူ၊ အဖ၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုကြရမူ၊ သမဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုကြရမူ၊ ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုကြရမူ၊ အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု ပြုကြရမူ၊ ဤသို့ ဆိုခဲ့သော ကုသိုလ်တရားကို ဆောက်တည်၍ ကျင့်ကြရမူ ကောင်းလေစွ" ဟု (အကြံဖြစ်လတ္တံ့)။ ထိုသူတို့သည် အမိ၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုသူတို့ ဖြစ်ကုန်လတ္တံ့၊ အဖ၌ကောင်းစွာပြုသင့်သောဝတ်ကို ပြုသူတို့ ဖြစ်ကုန်လတ္တံ့၊ သမဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုသူတို့ ဖြစ်ကုန်လတ္တံ့၊ ဗြာဟ္မဏတို့၌ ကောင်းစွာပြုသင့်သောဝတ်ကို ပြုသူတို့ဖြစ်ကုန်လတ္တံ့၊ အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု ပြုသူတို့ ဖြစ်ကုန်လတ္တံ့၊ ဤဆိုခဲ့သော ကုသိုလ်တရားကို ဆောက်တည်၍ ကျင့်ကုန်လတ္တံ့။

ထိုသူတို့သည် ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် အသက်အားဖြင့်လည်း တိုးပွါးကုန်လတ္တံ့၊ အဆင်းအားဖြင့်လည်း တိုးပွါးကုန်လတ္တံ့၊ အသက်အားဖြင့်လည်း တိုးပွါးကုန်သော အဆင်းအားဖြင့်လည်း တိုးပွါးကုန်သော အနှစ်နှစ်ဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်လေးဆယ် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်လေးဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်ရှစ်ဆယ် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်ရှစ်ဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်တရာ့ခြောက်ဆယ် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်တရာ့ခြောက်ဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်သုံးရာ နှစ်ဆယ် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်သုံးရာ့နှစ်ဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်ခြောက်ရာ့လေးဆယ် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်ခြောက်ရာ့လေးဆယ် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ် နှစ်ထောင် အသက်ရှည်ကုန်လတ္တံ့၊ အနှစ် နှစ်ထောင် အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်လေးထောင် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်လေးထောင် အသက်ရှည်ကုန်သော ထိုလူတို့၏သားသမီးတို့သည် အနှစ်ရှစ်ထောင် အသက်ရှည်ကုန်လတ္တံ့၊ အနှစ်ရှစ်ထောင် အသက်ရှည်ကုန်သော ထိုလူတို့၏သားသမီးတို့သည် အနှစ်နှစ်သောင်းအသက်ရှည်ကုန်လတ္တံ့၊ အနှစ် နှစ်သောင်း အသက်ရှည်ကုန်သော ထိုလူတို့၏ သားသမီးတို့သည် အနှစ်

http://www.dhammadownload.com



လေးသောင်း အသက်ရှည်ကုန်လတ္တံ့၊ အနှစ်လေးသောင်း အသက်ရှည်ကုန်သော လူတို့၏ သားသမီးတို့သည် အနှစ်ရှစ်သောင်း အသက်ရှည်ကုန်လတ္တံ့၊ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်ကုန်သော လူတို့၌ အနှစ်ငါးရာ အသက်ရှိသော သတို့သမီးတို့သည် လက်ထပ်ထိမ်းမြားနိုင်သော အရွယ်ရောက်သူတို့ ဖြစ်ကုန်လတ္တံ့။

## သင်္ခစကြာဝတေးမင်းဖြစ်ခြင်း

၁၀၆။ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်ကုန်သော လူတို့၌ တပ်မက်ခြင်း ဆာလောင်ခြင်း အိုခြင်း ဟူသော အနာသုံးမျိုးတို့သာ ဖြစ်ကုန်လတ္တံ့။ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်ကုန်သော လူတို့၌ ဤဇမ္ဗူဒီပါကျွန်းသည် ပြည့်စုံကြွယ်ဝလတ္တံ့၊ စည်ပင်ဝပြောလတ္တံ့၊ ရွာ နိဂုံး ဇနပုဒ် မင်းနေပြည်တို့သည် ကြက်ပျံတကျ ဖြစ်ကုန်လတ္တံ့။ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်ကုန်သော လူတို့ခေတ်၌ ဤဇမ္ဗူဒိပ်ကျွန်းသည် ကျူတောမြက်တောကဲ့သို့ လူတို့ဖြင့် အကြားမလပ် ပြည့်နှက်စည်ကားနေလတ္တံ့။ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ ဤဗာရာဏသီပြည်သည် ပြည့်စုံကြွယ်ဝသည်လည်း ဖြစ်သော စည်ပင်ဝပြောသည်လည်း ဖြစ်သော များသော လူရှိသည်လည်း ဖြစ်သော လူမျိုးစုံတို့ဖြင့် ပြွမ်းသည်လည်းဖြစ်သော အစားအစာ ပေါများသည်လည်း ဖြစ်သော ကေတုမတီ မည်သော မင်းနေပြည် ဖြစ်လတ္တံ့။ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ ဤဇမ္ဗူဒိပ်ကျွန်းဝယ် ကေတုမတီမင်းနေပြည်လျှင် အချုပ်အခြာရှိသော ရှစ်သောင်းလေးထောင်သော မြို့တို့သည် ဖြစ်ကုန်လတ္တံ့။ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ ကေတုမတီ မင်းနေပြည်ဝယ် တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော သင်္ခမည်သော စကြာဝတေးမင်း ဖြစ်လတ္တံ့၊ ထို(စကြာဝတေးမင်း)အား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ပေါ်ကုန်လတ္တံ့၊ ဤ(ရတနာခုနစ်ပါးတို့) ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမရတနာ သူဌေးရတနာ ခုနစ်ခုမြောက် သားကြီးရတနာတို့ပေတည်း၊ ထို(သင်္ခစကြာဝတေးမင်း)၌ ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ်ရှိကုန်သော တဖက် စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်လတ္တံ့၊ ထို(စကြာဝတေးမင်း)သည် သမုဒ္ဒရာအဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုးလတ္တံ့။

## မေတ္တေယျဘုရား ပွင့်တော်မူခြင်း

၁၀၇။ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူသော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူသော လောကကိုသိတော်မူသောအကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော နတ်လူတို့၏ ဆရာဖြစ်

http://www.dhammadownload.com



တော်မူသောအကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူသော (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူသော ဘုန်းတန်ခိုး ကြီး တော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူသော ငါသည် ယခုအခါ လောက၌ ပွင့်တော်မူသကဲ့သို့ ရဟန်းတို့ အနှစ်ရှစ်သောင်း အသက်ရှည်သော လူတို့ခေတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူသော (အလုံးစုံသော တရား တို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူသော လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည် တော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့် လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူသော (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူသော မေတ္တေယျ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။

ယခုအခါ ငါသည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော (နတ်) လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက် မှောက်ပြုလျက် ဟောကြားသကဲ့သို့။ ထိုမေတ္တေယျ မြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာတို့နှင့် တကွသော (နတ်)လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ ကိုယ် တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားလတ္တံ့။ ယခုအခါ ငါသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူသကဲ့သို့ အလုံးစုံ ပြည့်စုံသော စင်ကြယ်သောမြတ်သော အကျင့်ကို ပြတော်မူသကဲ့သို့။ ထိုမေတ္တေယျ မြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူလတ္တံ့၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူလတ္တံ့။ ယခုအခါ ငါသည် အရာမက များစွာသော ရဟန်းသံဃာပရိသတ်ကို ဆောင်လျက် ဒေသစာရီ ကြွသကဲ့သို့။ ထို(မေတ္တေယျမြတ်စွာဘုရား)သည် ထောင်ပေါင်းများစွာသော ရဟန်းသံဃာ ပရိသတ် ကို ဆောင်လျက် ဒေသစာရီ ကြွတော်မူလတ္တံ့။

၁၀၇။ ရဟန်းတို့ ထိုအခါ သင်္ခစကြာဝတေးမင်းသည် မဟာပနာဒမင်း၏ ဘုန်းကံကြောင့် သိကြားမင်းသည် ဝိသကြုံအား ဆောက်လုပ်စေအပ်သော ပြာသာဒ်ကို ထောက်ပေါ်စေ၍ (ထိုပြာသာဒ်၌) စိုးအုပ်နေပြီးသော် ထိုပြာသာဒ်ကို ပေးစွန့်၍ သမဏဗြာဟ္မဏ အထီးကျန်သူ ခရီးသွားညွှေ့သည် ဖုန်းတောင်းယာစကာတို့အား အလှူကိုပေးလျက် ဘုန်းတန်ခိုးနှင့် ပြည်စုံတော်မူသော မေတ္တေယျ မြတ်စွာဘုရားအထံတော်၌ ဆံမုတ်ဆိတ်ကိုရိပ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လတ္တံ့။ ဤသို့ ဝင်ရောက်ပြီးသော် ထို(ရဟန်း)သည် တပါး တည်း ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးလျှင် မမေ့မလျော့သော 'သတိ' ပြင်းစွာအားထုတ်သော 'ဝီရိယ' တည်ကြည်သော 'သမာဓိ'ရှိသည်ဖြစ်၍ နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်

http://www.dhammadownload.com



သော အမျိုးကောင်းသားများ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေရလတ္တံ့ ။

၁၀၉။ ရဟန်းတို့ မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ မိမိမှတပါးသော အခြားကိုးကွယ်ရာ မရှိသည်ဖြစ်၍ နေကြကုန်လော့။ တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားမှတပါး အခြားကိုးကွယ်ရာမရှိသည်ဖြစ်၍ နေကြကုန်လော့။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ မိမိမှတပါး အခြားကိုးကွယ်ရာမရှိသည်ဖြစ်၍ နေရမည်နည်း။ တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ တရားသာလျှင် ကိုး‌ကွယ်ရာရှိသည်ဖြစ်၍ တရားမှတပါး အခြား ကိုးကွယ်ရာမရှိသည်ဖြစ်၍ နေရမည်နည်း။ ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင်တပ်မက်ခြင်း နှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာဟု အဖန်ဖန်ရှုလျက်။ပ။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက် သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ မိမိသာလျှင်ကိုးကွယ်ရာရှိသည်ဖြစ်၍ မိမိမှတပါး အခြား ကိုးကွယ်ရာမရှိသည်ဖြစ်၍ နေ၏။ တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိသည်ဖြစ်၍ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားမှတပါး အခြား ကိုးကွယ်ရာမရှိသည်ဖြစ်၍ နေ၏။

## ရဟန်း၏ အသက် အဆင်း စသည် တိုးပွါးခြင်း အကြောင်း

၁၁၀။ ရဟန်းတို့ (သင် ချစ်သားတို့သည်) အဖ(ဘုရား)မှ လာသော မိမိတို့ (ရဟန်းများ၏) ကျက်စားရာ အာရုံ၌ ကျက်စားကြကုန်လော့။ ရဟန်းတို့ အဖ(ဘုရား)မှလာသော မိမိတို့ (ရဟန်းများ၏) ကျက်စားရာအာရုံ၌ ကျက်စားကုန်သော (သင်ချစ်သားတို့အား) အသက်အားဖြင့်လည်း တိုးပွါးကုန်လတ္တံ့။ အဆင်းအားဖြင့်လည်း တိုးပွါးကုန်လတ္တံ့။ ချမ်းသာအားဖြင့်လည်း တိုးပွါးကုန်လတ္တံ့။ စည်းစိမ်အားဖြင့်လည်း တိုးပွါးကုန်လတ္တံ့။ အားခွန်အားဖြင့်လည်း တိုးပွါးကုန်လတ္တံ့။

ရဟန်းတို့ ရဟန်းတို့၏ အသက်(တိုးပွါးခြင်း၏အကြောင်း)သည် အဘယ်နည်း။ ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဆန္ဒကြီးမှုသော သမာဓိနှင့်ရှင်း သမ္ပဓာနဝီရိယတို့နှင့်ရှင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကို ပွါးများ၏၊ စိတ်ကြီးမှုသော သမာဓိနှင့်ရှင်း သမ္ပဓာနဝီရိယနှင့်ရှင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားကို ပွါးများ၏၊ ပညာကြီးမှုသော သမာဓိနှင့်ရှင်း သမ္ပဓာနဝီရိယနှင့်ရှင်း ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ထိုရဟန်းသည် ဤ(ဣဒ္ဓိပါဒ်လေးပါး)တို့ကို ပွါးခြင်းကြောင့် အဖန်ဖန် အလေ့အလာပြုခြင်းကြောင့် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးရှင်း အာယုကပ်အကြွင်းပတ်လုံးရှင်း တည်နေရာ၏။ ရဟန်းတို့ ဤကား ရဟန်း၏ အသက် (တိုးပွါးခြင်း၏အကြောင်း)တည်း။

ရဟန်းတို့ ရဟန်း၏ အဆင်း(တိုးပွါးခြင်း၏အကြောင်း)သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံသည်ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု

http://www.dhammadownload.com



ရှုသည်ဖြစ်၍ နေ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤကား ရဟန်း၏ အဆင်း(တိုးပွါးခြင်း၏ အကြောင်း)တည်း။

ရဟန်းတို့ ရဟန်း၏ ချမ်းသာ (တိုးပွါးခြင်း၏အကြောင်း)သည် အဘယ်နည်း။ ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော (နီဝရဏ)ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ရောက်၍ နေ၏။ ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ တတိယစျာန်သို့။ စတုတ္ထစျာန်သို့ရောက်၍နေ၏။ ရဟန်းတို့ ဤကား ရဟန်း၏ ချမ်းသာ (တိုးပွါးခြင်း၏အကြောင်း)တည်း။

ရဟန်းတို့ ရဟန်း၏ စည်းစိမ် (တိုးပွါးခြင်း၏အကြောင်း)သည် အဘယ်နည်း။ ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏၊ အလုံးစုံသောအရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

သနားခြင်း'ကရုဏာ'နှင့် ယှဉ်သောစိတ်ဖြင့်။ပ။

ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သောစိတ်ဖြင့်။ပ။

လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသောအရပ်မျက်နှာတို့၌ ရှိသောသတ္တဝါအားလုံးကို မိမိနှင့် အတူ ပြု၍ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသောသတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအရှည်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ရဟန်းတို့ ဤကား ရဟန်း၏ စည်းစိမ်(တိုးပွါးခြင်း၏ အကြောင်း)တည်း။

ရဟန်းတို့ ရဟန်း၏ ခွန်အား (တိုးပွါးခြင်းအကြောင်း)သည် အဘယ်နည်း။ ရဟန်းတို့ ဤ(သာသနာတော်)၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကိုယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ရဟန်းတို့ ဤကား ရဟန်း၏ ကိုယ်အား ဉာဏ်အား (တိုးပွါးခြင်း၏ အကြောင်း)တည်း။

ရဟန်းတို့ နှိပ်ကွပ်အောင်မြင်နိုင်ခဲသော ဤ(ဒေဝပုတ္တ စသော)မာရ်၏ ခွန်အားနှင့်တူသော အခြားသော တခုသော ခွန်အားကိုမျှလည်း ငါမြင်တော်မမူ။ အရဟတ္တဖိုလ်ခွန်အားသည်

http://www.dhammadownload.com



သာလျှင် (ဒေဝပုတ္တစသော)မာရ်၏ ခွန်အားကို နှိပ်ကွပ်အောင်မြင်နိုင်၏။ ရဟန်းတို့ ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် ဤ(ဆိုခဲ့သည့်) အတိုင်း ဤကုသိုလ် ဤကုသိုလ်၏ အကျိုးသည် တိုးပွါး၏။

မြတ်စွာဘုရားသည် ဤတရားကိုဟောတော်မူ၏၊ ရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

**သုံးခုမြောက် စက္ကဝတ္တိသုတ် ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၄—ဓေဠုညသုတ်

## ဝါသေဋ္ဌနှင့် ဘာရဒွါဇ

၁၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ 'ဝိသာခါ' ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ရဟန်းတို့ထံ၌ ရဟန်း အဖြစ်ကို တောင့်တကုန်သည်ဖြစ်၍ နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ၌ (သမာ ပတ် ဝင်စားလျက်) တပါးတည်း ကိန်းအောင်းတော်မူရာမှ ထ၍ ပြာသာဒ်မှ သက်ဆင်းတော်မူပြီး လျှင် ပြာသာဒ်ရိပ် လွင်တီးခေါင်၌ စင်္ကြံ ကြွတော်မူ၏။

၁၁၂။ ဝါသေဋ္ဌသည် ညချမ်းအခါ၌ (သမာပတ်ဝင်စားလျက်) တပါးတည်းကိန်းအောင်းတော် မူရာမှ ထ၍ ပြာသာဒ်မှ သက်ဆင်းတော်မူပြီးလျှင် ပြာသာဒ်ရိပ် လွင်တီးခေါင်၌ စင်္ကြံ ကြွနေတော် မူသော မြတ်စွာဘုရားကို မြင်လေ၏၊ မြင်သောကြောင့် ဘာရဒွါဇအား ပြော၏—

"ငါ့သျှင် ဘာရဒွါဇ မြတ်စွာဘုရားသည် ညချမ်းအခါ၌ (သမာပတ်ဝင်စားလျက်) တပါး တည်း ကိန်းအောင်းတော်မူရာမှ ထ၍ ပြာသာဒ်မှ သက်ဆင်းပြီးလျှင် ပြာသာဒ်ရိပ် လွင်တီး ခေါင်၌ စင်္ကြံ ကြွနေတော်မူ၏။ ငါ့သျှင်ဘာရဒွါဇ သွားကုန်စို့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ ကုန်စို့၊ မြတ်စွာဘုရားအထံတော်မှ တရားစကားနာရန် ရကောင်းရရာ၏" ဟု (ပြော၏)။

"ငါ့သျှင် ကောင်းပါပြီ" ဟု ဘာရဒွါဇသည် ဝါသေဋ္ဌအား ဝန်ခံ၏။

၁၁၃။ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာ ဘုရားကို ရှိခိုးကြပြီးလျှင် စင်္ကြံ ကြွတော်မူသော မြတ်စွာဘုရားသို့ နောက်မှ လိုက်၍ စင်္ကြံ သွားကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဝါသေဋ္ဌအား မေးတော်မူ၏—

"ဝါသေဋ္ဌ ပုဏ္ဏားဇာတ်ရှိကုန်သော ပုဏ္ဏားအမျိုးကောင်း ဖြစ်ကုန်သော သင်တို့သည် ပုဏ္ဏားမျိုးမှထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏၊ ဝါသေဋ္ဌ အသို့နည်း သင်တို့ကို ပုဏ္ဏားတို့သည် မဆဲရေးကုန်သလော၊ မရေရွတ်ကုန်သလော" ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား စင်စစ်အားဖြင့် ပုဏ္ဏားတို့သည် အကျွန်ုပ်တို့ကို မိမိအလိုအားလျော်သော ပြည့်စုံ စေ့စပ်သော ဆဲရေးရေရွတ်ခြင်းဖြင့် ဆဲရေးကြပါကုန်၏၊ ရေရွတ်ကြပါကုန်၏ ဟု (လျှောက်၏)။

ဝါသေဋ္ဌ ပုဏ္ဏားတို့သည် သင်တို့ကို မိမိ၏အလိုအားလျော်သော ပြည့်စုံစေ့စပ်သော ဆဲရေး ရေရွတ်ခြင်းဖြင့် အဘယ်သို့ ဆဲရေးကြကုန်သနည်း၊ အဘယ်သို့ ရေရွတ်ကြကုန်သနည်း ဟု (မေး တော်မူ၏)။

မြတ်စွာဘုရား ပုဏ္ဏားတို့သည် ဤသို့ ဆိုကြပါကုန်၏—

"ပုဏ္ဏားမျိုးသာလျှင် မြတ်၏၊ တပါးသော အမျိုးတို့သည် ယုတ်ကုန်၏၊ ပုဏ္ဏားမျိုးသာလျှင် ဖြူစင်၏၊ တပါးသော အမျိုးတို့သည် မည်းနက်ကုန်၏၊ ပုဏ္ဏားတို့သာလျှင် (အမျိုးအနွယ်

http://www.dhammadownload.com



စသည်အားဖြင့်) စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သော သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သာလျှင် ဗြဟ္မာ၏ ရင်၌ ဖြစ်ကုန်သော ဗြဟ္မာခံတွင်းမှ ဖွားကုန်သော ဗြဟ္မာကြောင့် ဖြစ်ကုန်သော ဗြဟ္မာဖန်ဆင်းကုန်သော ဗြဟ္မာ့အမွေခံ ဖြစ်ကုန်သော ဗြဟ္မာ၏သားတို့တည်း။

သင်တို့သည် မြတ်သော (ပုဏ္ဏား)အမျိုးကို စွန့်၍ မာရ်မင်း၏ အသင်းဝင် ဖြစ်ကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ဖွားသော သားဖြစ်ကုန်သော ဇာတ်နိမ့်ကုန်သော မည်းညစ်ကုန်သော ဦးပြည်းရဟန်းညံ့တို့ထံသို့ ကပ်ရောက်ခြင်းသည် မကောင်းသည်သာတည်း။

သင်တို့သည် မြတ်သောပုဏ္ဏားမျိုးကိုစွန့်၍ မာရ်မင်း၏ အသင်းဝင်ဖြစ်ကုန်သော ဗြဟ္မာ့ခြေဖမိုးမှ ဖွားသောသားဖြစ်ကုန်သော ဇာတ်နိမ့်ကုန်သော မည်းညစ်ကုန်သော ဦးပြည်းရဟန်းညံ့တို့ထံသို့ ကပ်ရောက်ခြင်းသည် မလျောက်ပတ်သည်သာတည်း”ဟု (ဆိုကြပါကုန်၏)။

မြတ်စွာဘုရား ပုဏ္ဏားတို့သည် ဤသို့လျှင် အကျွန်ုပ်တို့ကို မိမိ၏ အလိုအားလျော်သော ပြည့်စုံစေစပ်သော ဆဲရေး ရေရွတ်ခြင်းဖြင့် နှိပ်စက်၍ ဆဲရေးကြပါကုန်၏၊ ရေရွတ်ကြပါကုန်၏ ဟု(လျှောက်၏)။

၁၁၄။ ဝါသေဋ္ဌ စင်စစ်အားဖြင့် ပုဏ္ဏားတို့သည် ရှေးလောကဖြစ်စဉ်ကို မအောက်မေ့နိုင်ကုန်၍သာ ဤသို့ ဆိုကုန်၏။

“ပုဏ္ဏားမျိုးသာလျှင် မြတ်၏၊ တပါးသော အမျိုးတို့သည် ယုတ်ကုန်၏၊ ပုဏ္ဏားမျိုးသာလျှင် ဖြူစင်၏၊ တပါးသော အမျိုးတို့သည် မည်းနက်ကုန်၏။ ပုဏ္ဏားတို့သာလျှင် စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်။ ပုဏ္ဏားတို့သာလျှင် ဗြဟ္မာ၏ရင်၌ ဖြစ်ကုန်သော ဗြဟ္မာ၏ခံတွင်းမှ ဖွားကုန်သော ဗြဟ္မာကြောင့် ဖြစ်ကုန်သော ဗြဟ္မာဖန်ဆင်းအပ်ကုန်သော ဗြဟ္မာ၏ အမွေခံ ဖြစ်ကုန်သော သားတို့တည်း” ဟု (ဆိုကုန်၏)။ ဝါသေဋ္ဌ ပုဏ္ဏားတို့၏ကြင်ရာ ပုဏ္ဏေးမတို့ ဥတုလာသည်ကိုရင်း ကိုယ်ဝန်ဆောင်သည်ကိုရင်း သားဖွားသည်ကိုရင်း နို့တိုက်သည်ကိုရင်း သိမြင်ရကုန်၏။ ထိုပုဏ္ဏားတို့သည် အင်္ဂါဇာတ်မှ မွေးဖွားသည်ဖြစ်ကုန်လျက် “ပုဏ္ဏားမျိုးသာလျှင် မြတ်၏။ တပါးသော အမျိုးတို့သည် ယုတ်ကုန်၏၊ ပုဏ္ဏားမျိုးသာလျှင် ဖြူစင်၏၊တပါးသော အမျိုးတို့သည် မည်းနက်ကုန်၏၊ ပုဏ္ဏားတို့သည်သာလျှင် စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်။ ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာ၏ရင်၌ ဖြစ်ကုန်သော ဗြဟ္မာ၏ခံတွင်းမှ ဖွားကုန်သော ဗြဟ္မာကြောင့် ဖြစ်ကုန်သော ဗြဟ္မာဖန်ဆင်းအပ်ကုန်သော ဗြဟ္မာ၏ အမွေခံ ဖြစ်ကုန်၏” ဟု ဆိုကြကုန်၏၊ ထိုပုဏ္ဏားတို့သည် ဗြဟ္မာကိုလည်း ရွတ်ချရာရောက်ကုန်၏၊ မမှန်သောစကားကိုလည်း ဆိုရာရောက်ကုန်၏၊ များစွာသော မကောင်းမှုကိုလည်း ပွါးစေရာရောက်ကုန်၏။

## အမျိုးလေးပါး

၁၁၅။ ဝါသေဋ္ဌ မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးအားဖြင့် ဤလေးပါးသော အမျိုးတို့သည် ရှိကုန်၏။

ဝါသေဋ္ဌ ဤလူ့ပြည်၌ အချို့မင်းမျိုးသည်လည်း အသက်ကို သတ်လေ့ရှိ၏၊ သူတပါး မပေးသည်ကို ယူ လေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သည်ကို ဆိုလေ့ရှိ၏၊ ဂုံးစကားကို ပြောတတ်၏၊ ကြမ်းတမ်းသောစကားကို ပြောတတ်၏၊ ပြိန်ဖျင်းသောစကားကို ပြောလေ့

http://www.dhammadownload.com



ရှိ၏၊ မက်မောခြင်းများ၏၊ ပျက်စီးစေလိုသောစိတ်ရှိ၏၊ မှားသောအယူဝါဒရှိ၏။ ဝါသေဋ္ဌ ဤသို့လျှင် အကုသိုလ်ဖြစ်ကုန်သော အကုသိုလ်ဟု ဆိုအပ်ကုန်သော အပြစ်ရှိကုန်သော အပြစ်ရှိသည်ဟု ဆိုအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ်ဟု ဆိုအပ်ကုန်သော အရိယာ မဖြစ်နိုင်ကုန်သော အရိယာမဖြစ်နိုင်ဟု ဆိုအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်(ဆင်းရဲ)သော အကျိုးရှိကုန်သော ပညာရှိတို့ ကဲ့ရဲ့အပ်ကုန်သော တရားတို့သည် ရှိကုန်၏။ ယင်းတရားတို့ကို ဤလူ့ပြည်၌အချို့သော မင်းမျိုး၌လည်း တွေ့မြင်ရကုန်၏။ ဝါသေဋ္ဌ ဤလူ့ပြည်၌ ပုဏ္ဏားမျိုးသည်လည်း။ပ။ ဝါသေဋ္ဌ ဤလူ့ပြည်၌ အချို့လယ်လုပ် ကုန်သည် မျိုးသည်လည်း။ပ။ ဝါသေဋ္ဌ ဤလူ့ပြည်၌ အချို့ဆင်းရဲသားမျိုးသည်လည်း အသက်ကို သတ်လေ့ရှိ၏၊ သူတပါး မပေးသည်ကို ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာကျင့်လေ့ရှိ၏၊ မဟုတ်မမှန်သည်ကို ဆိုလေ့ရှိ၏၊ ဂုံးစကားကို ပြောတတ်၏၊ ကြမ်းတမ်းသောစကားကို ပြောတတ်၏၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိ၏၊ မက်မောခြင်းများ၏၊ ပျက်စီးစေလိုသောစိတ်ရှိ၏၊ မှားသော အယူဝါဒရှိ၏။ ဝါသေဋ္ဌ ဤသို့လျှင် အကုသိုလ်ဖြစ်ကုန်သော အကုသိုလ်ဟု ဆိုအပ်ကုန်သော။ပ။ မည်းညစ်ကုန်သော မည်းညစ် (ဆင်းရဲ)သော အကျိုးရှိကုန်သော ပညာရှိတို့ ကဲ့ရဲ့အပ်ကုန်သော တရားတို့သည် ရှိကုန်၏၊ ယင်းတရားတို့ကို ဤလူ့ပြည်၌ အချို့ဆင်းရဲသားမျိုး၌လည်း တွေ့မြင်ရကုန်၏။

ဝါသေဋ္ဌ ဤလူ့ပြည်၌ အချို့သောမင်းမျိုးသည်လည်း အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါး မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန်စကား ပြောခြင်းမှ ရှောင်ကြဉ်၏၊ ဂုံးစကားမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ မက်မောခြင်းမများ၊ ပျက်စီးစေလိုသောစိတ်မရှိ၊ မှန်သော အယူဝါဒရှိ၏။

ဝါသေဋ္ဌ ဤသို့လျှင် ကုသိုလ်ဖြစ်ကုန်သော ကုသိုလ်ဟု ဆိုအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိဟု ဆိုအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲအပ်သည်ဟု ဆိုအပ်ကုန်သော အရိယာဖြစ်နိုင်ကုန်သော အရိယာဖြစ်နိုင်သည်ဟု ဆိုအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင်(ချမ်းသာ)သော အကျိုးရှိကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော တရားတို့သည် ရှိကုန်၏။ ယင်းတရားတို့ကို ဤလူ့ပြည်၌ အချို့သောမင်းမျိုး၌လည်း တွေ့မြင်ရကုန်၏။ ဝါသေဋ္ဌ ဤလူ့ပြည်၌ အချို့သောပုဏ္ဏားမျိုးသည်လည်း။ပ။ ဝါသေဋ္ဌ ကုန်သည်မျိုးသည်လည်း။ပ။ ဝါသေဋ္ဌ ဤလောက၌ အချို့သော ဆင်းရဲသားမျိုးသည်လည်း အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မက်မောခြင်းမများ၊ ပျက်စီးစေလိုသောစိတ်မရှိ၊ မှန်သော အယူဝါဒရှိ၏။

ဝါသေဋ္ဌ ဤသို့လျှင် ကုသိုလ်ဖြစ်ကုန်သော ကုသိုလ်ဟု ဆိုအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိ ဟု ဆိုအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲအပ်သည်ဟု ဆိုအပ်ကုန်သော အရိယာဖြစ်နိုင်ကုန်သော အရိယာဖြစ်နိုင်သည်ဟု ဆိုအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင် (ချမ်းသာ)သော အကျိုးရှိကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော တရားတို့သည် ရှိကုန်၏။ ယင်းတရားတို့ကို ဤလူ့ပြည်၌ အချို့သော ဆင်းရဲသားမျိုး၌လည်း တွေ့မြင်ရကုန်၏။

၁၁၆။ ဝါသေဋ္ဌ ဤအမျိုးလေးပါးတို့၌ ဤသို့ ပညာရှိတို့ ကဲ့ရဲ့အပ်သည်လည်း ဖြစ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်သည်လည်း ဖြစ်ကုန်သော အမည်း အဖြူဖြစ်ကုန်သော တရားနှစ်ပါးတို့ ရောပြွမ်းသည် ဖြစ်ပါလျက် ပုဏ္ဏားတို့သည် ဤသို့ဆိုကုန်၏—

http://www.dhammadownload.com



"ပုဏ္ဏားမျိုးသည် သာလျှင် မြတ်၏၊ တပါးသောအမျိုးတို့သည ယုတ်ကုန်၏၊ ပုဏ္ဏားမျိုးသည် သာလျှင် ဖြူစင်၏၊ တပါးသောအမျိုးတို့သည် မည်းနက်ကုန်၏၊ ပုဏ္ဏားတို့သာလျှင် (အမျိုး အနွယ် စသည်ဖြင့်) စင်ကြယ်ကုန်၏၊ တပါးသော သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သာလျှင် ဗြဟ္မာ၏ ရင်၌ဖြစ်ကုန်သော ဗြဟ္မာ၏ခံတွင်းမှ ဖွားကုန်သော ဗြဟ္မာကြောင့် ဖြစ်ကုန်သော ဗြဟ္မာဖန်ဆင်းအပ်ကုန်သော ဗြဟ္မာ၏ အမွေခံဖြစ်ကုန်သော သားတို့တည်း" ဟု (ဆိုကုန်၏)။ ထို(ပုဏ္ဏား)တို့၏ ထိုစကားကို (ပညာရှိတို့သည်) ဝန်မခံကြကုန်၊ အဘယ့်ကြောင့်ဆိုသော်—

ဝါသေဋ္ဌ ဤအမျိုးလေးပါးတို့တွင် အကြင် ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ အာသဝေါတရား ကုန်ပြီးဖြစ်၏၊ (မဂ်အကျင့်ကို) ကျင့်သုံးပြီးဖြစ်၏၊ (မဂ်ကိစ္စကို)ပြုပြီးဖြစ်၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးဖြစ်၏၊ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏၊ ကောင်းစွာ သိ၍ လွတ်မြောက်ပြီးဖြစ်၏၊ ထို(ရဟန်း) ကို (အမျိုးလေးပါး)တို့တွင် အမြတ်ဆုံးဟူ၍ တရားသဖြင့်သာလျှင် ဆိုအပ်၏၊ မတရားသဖြင့် မဆိုအပ်။

ဝါသေဋ္ဌ ဤသတ္တလောက၌ တရားသည်သာလျှင် ဤလောက၌၎င်း တပါးသောလောက၌၎င်း အမြတ်ဆုံးဖြစ်၏။

၁၁၇။ ဝါသေဋ္ဌ အကြင် အကြောင်းကြောင့် ဤလူ့အပေါင်း၌ တရားသဘောသည်သာလျှင် မျက်မှောက်ဘဝ၌၎င်း တမလွန်ဘဝ၌ ၎င်း အမြတ်ဆုံးဖြစ်၏၊ ထို(တရား)၏ အမြတ်ဆုံးအဖြစ်ကို ဤသို့ သိလတ္တံ့သော အကြောင်းဖြင့်လည်း သိအပ်၏။

ဝါသေဋ္ဌ "မိမိထက် လွန်မြတ်သူ မရှိသော ရဟန်းဂေါတမသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြု၏" ဟူ၍ ပသေနဒီကောသလမင်းသည် စင်စစ်သိ၏၊ ဝါသေဋ္ဌ သာကီဝင်မင်းမျိုးတို့သည် ပသေနဒီကောသလမင်း၏ အလိုသို့ လိုက်ကြရကုန်၏။ ဝါသေဋ္ဌ သာကီဝင် မင်းမျိုးတို့သည် ပသေနဒီကောသလမင်း၌ နှိမ့်ချခြင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်း ကို ပြုကြရကုန်၏၊ ဝါသေဋ္ဌ ဤသို့လျှင် သာကီဝင်မင်းမျိုးတို့သည် ပသေနဒီကောသလမင်း၌ အကြင် နှိမ့်ချခြင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းကို ပြုကြရကုန်၏၊ ပသေနဒီကောသလမင်းသည် ထိုနှိမ့်ချခြင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်းကို မြတ်စွာဘုရား၌ ပြု၏။

"ရဟန်းဂေါတမသည် ကောင်းမြတ်သော ဇာတ်ရှိ၏၊ ငါသည် ယုတ်ညံ့သော ဇာတ်ရှိ၏၊ ရဟန်းဂေါတမသည် အားနှင့်ပြည့်စုံ၏၊ ငါသည် အားနှင့်မပြည့်စုံ၊ ရဟန်းဂေါတမသည် ကြည်ညိုဖွယ်ရှိ၏၊ ငါသည် ကြည်ညိုဖွယ်မရှိ၊ ရဟန်းဂေါတမသည် ကြီးကျယ်သော ဘုန်းတန်ခိုးရှိ၏၊ ငါသည် အနည်းငယ်သော ဘုန်းတန်ခိုးရှိ၏" ဟု (နှလုံးသွင်း၍ ပြု၏)။

စင်စစ်သော်ကား တရားကိုသာလျှင် အရိုအသေပြုသည်ဖြစ်၍ တရားကိုသာလျှင် အလေးအမြတ်ပြုသည်ဖြစ်၍ တရားကိုသာလျှင် မြတ်နိုးသည်ဖြစ်၍ တရားကိုသာလျှင် ပူဇော်သည်ဖြစ်၍ တရားကိုသာလျှင် တုပ်ဝပ်ခြင်းပြုသည်ဖြစ်၍ ဤသို့ ပသေနဒီကောသလမင်းသည် ငါ၌ ထိုနှိမ့်ချခြင်း ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်းကိုပြု၏။

ဝါသေဋ္ဌ အကြင့်ကြောင့် ဤသတ္တလောက၌ တရားသည်သာလျှင် ဤလောက၌၎င်း တပါးသောလောက၌၎င်း အမြတ်ဆုံးဖြစ်၏၊ (တရား၏) အမြတ်ဆုံးအဖြစ်ကို ဤဆိုအပ်ပြီးသော အကြောင်းဖြင့်လည်း သိအပ်၏။

http://www.dhammadownload.com



**၁၁၈။ ဝါသေဋ္ဌ အသီးသီးသောဇာတ် အသီးသီးသောအမည် အသီးသီးသောအနွယ် အသီးသီးသော အမျိုးရှိကုန်သော သင်တို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏။ ယင်းသို့ ဖြစ်သော်လည်း သင်တို့သည် "အဘယ်သူတို့နည်း" ဟု မေးကြကုန်သော် ငါတို့သည် "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့တည်း" ဟူ၍ ဝန်ခံကြကုန်လော့။**

ဝါသေဋ္ဌ စင်စစ် အကြင်သူ၏ ယုံကြည်ခြင်းသည် မြတ်စွာဘုရား၌ မတုန်မလှုပ်တည်၏၊မင်္ဂလာအမြင် ပေါ်ခြင်းကြောင့် ဖြစ်၏၊ ထိုမဂ်အမြင်ဖြင့် တည်၏၊ မြဲမြံ၏၊ ရဟန်းသည်ရင်း ပုဏ္ဏားသည်ရင်း နတ်သည်ရင်း မာရ်သည်ရင်း ဗြဟ္မာသည်ရင်း လောက၌ တစုံတယောက်သောသူသည်ရင်း လှုပ်ရှားခြင်းငှါ မတတ်နိုင်၊ ထိုသူသည် ထိုအခါ ငါသည် (ရင်၌တည်၍ ခံတွင်းမှထွက်သော တရား၏ အစွမ်းဖြင့် တည်သောကြောင့်) "မြတ်စွာဘုရား၏ ရင်မှဖြစ်သော မြတ်စွာဘုရား၏ ခံတွင်းမှဖွားသော တရားကြောင့်ဖြစ်သော တရားသည် ဖန်ဆင်းအပ်သော တရားအမွေခံတည်း" ဟု ဆိုခြင်းငှါ သင့်၏၊ အဘယ့်ကြောင့်ဆိုခြင်းငှါ သင့်သနည်း၊ ဝါသေဋ္ဌ "ဓမ္မကာယ ဗြဟ္မကာယ ဓမ္မဘူတ ဗြဟ္မဘူတ"ဟူသော ဤအမည်သည် ငါ၏ အမည်ဖြစ်သောကြောင့်တည်း။

၁၁၉။ ဝါသေဋ္ဌ ရှည်သောကာလလွန်လတ်သော် တရံတခါ၌ ဤလောကသည်ပျက်၏၊ ထိုအခါသည် မှိုသည်သာတည်း၊ လောကပျက်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံ[၁]၌ ဖြစ်ကုန်၏၊ထိုသူတို့သည် ထို(ဘုံ)၌ (ဈာန်)စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း 'ပီတိ' လျှင် အစာရှိကုန်၏၊ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သော နေရာရှိကုန်၏၊ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

ဝါသေဋ္ဌ ရှည်သောကာလလွန်လတ်သော် တရံတခါ၌ ဤလောကသည်တည်၏၊ ထိုအခါသည် ရှိသည် သာတည်း၊ လောကဖြစ်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံမှ စုတေ၍ ဤ(လူ့ဘုံ)သို့ လာကုန်၏။ ထိုသူတို့သည် ဤလူ့ဘုံ၌ (ဥပစာရဈာန်) စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း 'ပီတိ'လျှင် အစာရှိကုန်၏၊ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သောနေရာရှိကုန်၏၊ ကြာရှည်စွာသောကာလပတ်လုံး တည်ကုန်၏။

## မြေဆီဖြစ်ပေါ်လာခြင်း

၁၂၀။ ဝါသေဋ္ဌ ထိုအခါ (စကြာဝဠာကုဋေတသိန်းလုံးသည်)တခုတည်းသော ရေပြင်ကြီးသာ ဖြစ်၏၊ မှောင်အတိဖြစ်၏၊ တခဲနက်မှောင်အတိဖြစ်၏၊ လနေတို့သည် ထင်ရှားမရှိကုန်၊ နက္ခတ်တာရာ သဏ္ဍာန်တို့သည် ထင်ရှားမရှိကုန်၊ ညဉ့်နေ့တို့သည် ထင်ရှားမရှိကုန်၊ လ လခွဲတို့သည် ထင်ရှားမရှိကုန်၊ ဥတု နှစ်တို့သည် ထင်ရှားမရှိကုန်၊ မိန်းမ ယောကျ်ားတို့သည် ထင်ရှားမရှိကုန်၊ သတ္တဝါတို့သည် သတ္တဝါ ဟူ၍သာ ခေါ်ဝေါ်ခြင်းသို့ ရောက်ကုန်၏။

ဝါသေဋ္ဌ ရှည်သောကာလလွန်လတ်သော် တရံတခါ၌ ထိုသတ္တဝါတို့အား အရသာနှင့် ပြည့်စုံသော မြေဆီသည် ရေ၌ ထက်ဝန်းကျင် အနှံ့တည်၏၊ ဥပမာ ပူသောနို့သည် အေးသည်ရှိသော် အထက်၌ အမြှေးဖြစ်သကဲ့သို့ ဤအတူ မြေဆီသည် ထင်ရှားဖြစ်၏၊ ထို(မြေဆီ)သည် အဆင်းနှင့်

---

၁။ ရုပ်ဈာန်သုံးဘုံတွင် အရောင်အဝါထွက်သော ဗြဟ္မာတို့၏နေရာ တတိယဘုံ။

http://www.dhammadownload.com



ပြည့်စုံ၏၊ အနံ့နှင့်ပြည့်စုံ၏၊ အရသာနှင့်ပြည့်စုံ၏၊ ထောပတ်ဆီဦးသည် (အဆင်းနှင့်)ပြည့်စုံသကဲ့သို့ ဤအတူ အဆင်းနှင့်ပြည့်စုံ၏၊ (ပျားချေးစသည်)အပြစ်ကင်းသော ပျားငယ်ရည်သည် အရသာနှင့် ပြည့်စုံသကဲ့သို့ ဤအတူ အရသာနှင့် ပြည့်စုံ၏။

ဝါသေဋ္ဌ ထိုအခါ လျှပ်ပေါ် သောသဘောရှိသော သတ္တဝါတယောက်သည် "အချင်းတို့ ဤအရာသည် အဘယ်သို့ အရသာ ဖြစ်လိမ့်မည်နည်း" ဟု မြေဆီကို လက်ချောင်းဖြင့် (ယူ၍) လျက်၏၊ မြေဆီကို လက်ချောင်းဖြင့် (ယူ၍)လျက်သော ထိုသတ္တဝါအား (အရသာသည် ခုနစ်ထောင်သော အကြောတို့ကို) ပျံ့နှံ့ ၍ တည်၏၊ ထိုသတ္တဝါအား တပ်ခြင်းတဏှာသည်လည်း ဖြစ်၏။ ဝါသေဋ္ဌ တပါးသောသတ္တဝါတို့သည်လည်း ထိုသတ္တဝါကို အတုလိုက်၍ မြေဆီကို လက်ချောင်းဖြင့် (ယူ၍) လျက်ကုန်၏၊ မြေဆီကို လက်ချောင်းဖြင့် (ယူ၍) လျက်ကုန်သော ထိုသတ္တဝါတို့အား (အရသာသည် ခုနစ်ထောင်သော အကြောတို့ကို)ပျံ့နှံ့၍ တည်၏၊ ထိုသတ္တဝါတို့အား တပ်ခြင်း တဏှာသည်လည်း ဖြစ်၏။

## လနေစသည်တို့ ဖြစ်ပေါ်လာခြင်း

၁၂၁။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် မြေဆီကို လက်တို့ဖြင့် အလုတ်အလွေးပြု၍ စားရန် အားထုက်ကုန်၏၊ ဝါသေဋ္ဌ ထိုသတ္တဝါတို့သည် မြေဆီကို လက်တို့ဖြင့် အလုတ်အလွေးပြု၍ စားရန် အားထုတ်ကြသောအခါ ထိုသတ္တဝါတို့အား မိမိတို့ ကိုယ်ရောင်သည် ကွယ်၏၊ မိမိတို့ ကိုယ်ရောင် ကွယ်သည်ရှိသော် လနေတို့ ထင်ရှားဖြစ်ကုန်၏၊ လနေတို့ ထင်ရှားဖြစ်ကုန်သော် နက္ခတ်တာရာတို့ ထင်ရှားဖြစ်ကုန်၏၊ နက္ခတ်တာရာသဏ္ဍာန်တို့ ထင်ရှားဖြစ်ကုန်သော် ညဥ့်နေ့တို့ ထင်ရှားဖြစ်ကုန်၏၊ ညဥ့်နေ့တို့ ထင်ရှားဖြစ်ကုန်သော် လ လခွဲတို့ ထင်ရှားဖြစ်ကုန်၏၊ ဥတု နှစ်တို့ ထင်ရှားဖြစ်ကုန်၏။ ဝါသေဋ္ဌ ဤမျှသော အပိုင်းအခြားဖြင့် ဤလောကသည် တဖန် ဖြစ်၏။

၁၂၂။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် မြေဆီကို စားကုန်လျက် ထိုမြေဆီလျှင် အစာရှိကုန်လျက် ထိုမြေဆီလျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။ ဝါသေဋ္ဌ ထိုသတ္တဝါတို့သည် အကြင် အကြင်အခြင်းအရာဖြင့် မြေဆီကို စားကုန်လျက် ထိုမြေဆီလျှင် အစာရှိကုန်လျက် ထိုမြေဆီလျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏၊ ဝါသေဋ္ဌ ထိုထိုအခြင်းအရာအားဖြင့် မြေဆီကို စားကုန်သော ထိုသတ္တဝါတို့၏ ကိုယ်၌ ကြမ်းတမ်းခြင်းသည်လည်း ဖြစ်၏၊ အဆင်းဖောက်ပြန်ခြင်းသည်လည်း ထင်၏။

အချို့သတ္တဝါတို့သည် အဆင်းလှကုန်၏၊ အချို့သတ္တဝါတို့သည် အဆင်းမလှကုန်၊ ထိုသတ္တဝါတို့တွင် အဆင်းလှသော သတ္တဝါတို့သည် အဆင်းမလှသော အတ္တဝါတို့ကို "ငါတို့သည် ဤသတ္တဝါတို့ထက် ပိုလွန်၍ အဆင်းလှကုန်၏၊ ဤသတ္တဝါတို့သည် ငါတို့ထက် ပိုလွန်၍ အရုပ်ဆိုးကုန်၏" ဟု အလွန် မာန်မူကုန်၏၊ အဆင်းလှခြင်းကိုစွဲ၍ အလွန်မာန်မူသော အကြောင်းကြောင့် အလွန်မာန်မူတတ်သော သဘောရှိကုန်သော ထိုသတ္တဝါတို့အား မြေဆီသည် ကွယ်လေ၏၊ မြေဆီကွယ်သည်ရှိသော် စည်းဝေးကုန်၏၊ စည်းဝေးကုန်ပြီး၍ "အဟောရသံ အဟောရသံ မြေဆီကွယ်ခဲ့ပြီတကား၊ မြေဆီကွယ်ခဲ့ပြီတကား" ဟု ညည်းတွားကြကုန်၏၊ ထိုစကားကို (စွဲ၍)ယခုအခါ၌လည်း လူတို့သည် တစုံတခုသော အရသာကောင်းကို ရလတ်သောအခါ "အဟောရသံ အဟောရသံ" ဟု ဆိုကြကုန်၏၊

http://www.dhammadownload.com



ထို(အဟောရသံ အဟောရသံ ဟူသော) ရှေးကျသော ဦးစွာသိအပ်သောစကားကိုသာ အတုလိုက်၍ ဆိုကြကုန်သော်လည်း ထိုစကား၏ အနက်အဓိပ္ပါယ်ကိုကား မသိကြကုန် ။

## မြေလွှာဖြစ်ပေါ်လာခြင်း

၁၂၃။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့အား အရသာနှင့် ပြည့်စုံသော မြေဆီကွယ်သည်ရှိသော် မြေလွှာသည် ထင်ရှားဖြစ်၏၊ မှိုသည် ထင်ရှားဖြစ်သကဲ့သို့ ဤအတူ မြေလွှာသည် ထင်ရှားဖြစ်၏။ ထို(မြေလွှာ)သည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ ထောပတ်ဆီဉသည် အဆင်းနှင့်ပြည့်စုံသကဲ့သို့ ဤအတူ အဆင်းနှင့်ပြည့်စုံ၏၊ အပြစ်ကင်းသော ပျားငယ်ရည်သည် အရသာနှင့်ပြည့်စုံသကဲ့သို့ ဤအတူ အရသာနှင့် ပြည့်စုံ၏။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် မြေလွှာကို စားရန် အားထုတ်ကုန်၏။ ထို(သတ္တဝါ)တို့သည် ထို(မြေလွှာ)ကို စားကုန်လျက် ထိုမြေလွှာလျှင် အစာရှိကုန်လျက် ထိုမြေလွှာလျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

ဝါသေဋ္ဌ အကြင်အကြင် အခြင်းအရာအားဖြင့် ထိုသတ္တဝါတို့သည် ထိုမြေလွှာကို စားကုန်လျက် ထိုမြေလွှာလျှင် အစာရှိကုန်လျက် ထိုမြေလွှာလျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။ထိုထိုအခြင်းအရာအားဖြင့် ထိုသတ္တဝါတို့၏ ကိုယ်၌ ရှေးကထက် ပို၍ ကြမ်းတမ်းသည်၏ အဖြစ်သည်လည်း ကျရောက်၏၊ အဆင်းဖောက်ပြန်ခြင်းသည်လည်း ထင်ရှား၏၊ အချို့သတ္တဝါတို့သည် အဆင်းလှကုန်၏၊ အချို့သတ္တဝါတို့သည် အဆင်း မလှကုန်၊ ထိုသတ္တဝါတို့တွင် အဆင်းလှသော သတ္တဝါတို့သည် အဆင်းမလှသော သတ္တဝါတို့ကို "ငါတို့သည် ဤသူတို့ထက် ပိုလွန်၍ အဆင်းလှကုန်၏၊ ဤသူတို့သည် ငါတို့ထက် ပိုလွန်၍ အရုပ်ဆိုးကုန်၏" ဟု အလွန်မာန်မူကြကုန်၏၊ အဆင်းလှချင်းကို(စွဲ၍) အလွန်မာန်မူသောအကြောင်းကြောင့် အလွန်မာန်မူခြင်း သဘောရှိကုန်သော ထိုသတ္တဝါတို့အား မြေလွှာသည် ကွယ်လေ၏။

## နွယ်ချိုဖြစ်ပေါ်လာခြင်း

၁၂၄။ မြေလွှာ ကွယ်သည်ရှိသော် အလွန် ချိုသောနွယ်သည် ထင်ရှားဖြစ်၏၊ အလွန်ချိုသော ကန်စွန်းနွယ်သည် ထင်ရှားဖြစ်သကဲ့သို့ ဤအတူ ထင်ရှားဖြစ်၏၊ ထို(နွယ်)သည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ ဥပမာ ထောပတ် ဆီဉသည် အဆင်းနှင့် ပြည့်စုံသကဲ့သို့ ဤအတူ အဆင်းနှင့် ပြည့်စုံ၏၊ အပြစ်ကင်းသော ပျားငယ်ရည်သည် အရသာနှင့် ပြည့်စုံသကဲ့သို့ ဤအတူ အရသာနှင့် ပြည့်စုံ၏။

ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် အလွန်ချိုသောနွယ်ကို စားရန် အားထုတ်ကုန်၏၊ ထို(သတ္တဝါ)တို့သည် ထို(အလွန်ချိုသောနွယ)ကို စားကုန်လျက် ထိုအလွန်ချိုသောနွယ်လျှင် အစာရှိကုန်လျက် ထိုအလွန်ချိုသောနွယ်လျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။ ဝါသေဋ္ဌ အကြင်အကြင် အခြင်းအရာအားဖြင့် ထိုသတ္တဝါတို့သည် ထိုအလွန်ချိုသော နွယ်ကို စားကုန်လျက် ထိုအလွန်ချိုသောနွယ်လျှင် အစာရှိကုန်လျက် ထိုအလွန်ချိုသောနွယ်လျှင် အာဟာရ ရှိကုန်လျက် ရှည်စွာသောကာလပတ်လုံး တည်ကုန်၏။ ထိုထိုအခြင်းအရာအားဖြင့် ထိုသတ္တဝါတို့၏ ကိုယ်၌ ရှေးကထက်ပို၍ ကြမ်းတမ်းသည်၏ အဖြစ်သည်လည်း ကျရောက်၏၊ အဆင်းဖောက်ပြန်ခြင်းသည်လည်း ထင်ရှား၏။

http://www.dhammadownload.com



အချို့သော သတ္တဝါတို့သည် အဆင်းလှကုန်၏၊ အချို့သောသတ္တဝါတို့သည် အဆင်းမလှကုန်၊ ထိုသတ္တဝါတို့တွင် အဆင်းလှသောသတ္တဝါတို့သည် အဆင်းမလှသောသတ္တဝါတို့ကို "ငါတို့သည် ဤသူတို့ထက် အဆင်းလှကုန်၏၊ ဤသူတို့သည် ငါတို့ထက် ပိုလွန်၍ အရုပ်ဆိုးကုန်၏" ဟု အလွန်မာန်မူကုန်၏၊ အဆင်းကိုစွဲ၍ မာန်မူသောအကြောင်းကြောင့် အလွန်မာန်မူခြင်းသဘောရှိကုန်သော ထိုသတ္တဝါတို့အား အလွန်ချိုသော နွယ်သည် ကွယ်လေ၏။

အလွန်ချိုသောနွယ် ကွယ်သည်ရှိသော် စည်းဝေးကြကုန်၏၊ စည်းဝေးကြ၍ကုန်ပြီးသော် "အဟုဝတ နော- အဟာယိ ဝတ နော- ငါတို့အား ချိုသောနွယ်သည် ဖြစ်ခဲ့၏တကား၊ ချိုသောနွယ်သည် ငါတို့အား ကွယ်ခဲ့ပြီတကား" ဟု ညည်းတွားကြကုန်၏။ ထိုစကားကို(စွဲ၍)ယခုအခါ၌လည်း လူတို့သည် တစုံတခု ဆင်းရဲနှင့် တွေ့ကြကုန်လတ်သော် "ငါတို့အား (ချမ်းသာမှုသည်)ဖြစ်ခဲ့၏တကား၊ ငါတို့အား (ချမ်းသာမှုသည်) ကွယ်ခဲ့ပြီတကား" ဟု ဆိုကြကုန်၏၊ ထိုအဟုဝတနော-အဟာယိဝတနော ဟူသော ရှေးကျသော ဦးစွာသိအပ်သော စကားကို အတုလိုက်၍ ဆိုကြသော်လည်း ထိုစကား၏ အနက် အဓိပ္ပါယ်ကိုကား မသိကြကုန်။

## အလိုအလျောက် သလေးဆန်ဖြစ်ပေါ်လာခြင်း

၁၂၅။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့အား အလွန်ချိုသောနွယ် ကွယ်သည်ရှိသော် ထွန်းဖြင့် မချက်ရသော ဖွဲနုမပါသော ဖွဲမပါသော ဖြူစင်သော ကောင်းသောအနံ့ရှိသော ဆန်လုံးသာအသီးရှိသော သလေးပင်သည် ထင်ရှားဖြစ်၏။

အကြင်(သလေးဆန်)ကို ညအခါ ညစာအလို့ငှါ ဆောင်ယူကုန်၏၊ ထို(သလေးဆန်)သည် နံနက်အခါ မှည့်သျှက် တဖန်ပေါက်၏၊ အကြင် (သလေးဆန်)ကို နံနက်အခါ နံနက်စာ အလို့ငှါ ဆောင်ယူကုန်၏၊ ထိုသလေးဆန်သည် ညဦးအခါမှည့်သည်ဖြစ်၍ တဖန် ပေါက်၏၊ ယူရာအရပ်သည် မထင်၊ ဝါသေဋ္ဌ ထိုအခါ သတ္တဝါတို့သည် ထွန်းဖြင့် မချက်ရသော သလေးဆန်ကို စားကုန်လျက် ထိုသလေးဆန်လျှင် အစာရှိကုန်လျက် ထိုသလေးဆန်လျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

## မိန်းမယောကျ်ား ထင်ထင်ရှားဖြစ်ခြင်း

၁၂၆။ ဝါသေဋ္ဌ အကြင် အကြင် အခြင်းအရာအားဖြင့် ထိုသတ္တဝါတို့သည် ထွန်းဖြင့်မချက်ရသော သလေးဆန်ကို စားကုန်လျက် ထိုသလေးဆန်လျှင် အစာရှိကုန်လျက် ထိုသလေးဆန်လျှင် အာဟာရရှိကုန်လျက် ရှည်စွာသောကာလပတ်လုံး တည်ကုန်၏၊ ထိုထိုအခြင်းအရာအားဖြင့် ရှေးကထက် ပိုမို၍ ထိုသတ္တဝါတို့၏ ကိုယ်၌ ကြမ်းတမ်းခြင်း အဖြစ်သည်လည်း ကျရောက်၏၊ အဆင်းဖောက်ပြန်ခြင်းသည်လည်း ထင်ရှား၏၊ မိန်းမအားလည်း မိန်းမလိင်သည် ထင်ရှားဖြစ်၏၊ ယောကျ်ားအားလည်း ယောကျ်ားလိင်သည် ထင်ရှားဖြစ်၏၊ မိန်းမသည်လည်း ယောကျ်ားကို တစိမ်းစိမ်းကြည့်၏၊ ယောကျ်ားသည်လည်း မိန်းမကို တစိမ်းစိမ်း ကြည့်၏၊ အချင်းချင်း တစိမ်းစိမ်းကြည့်ကုန်သော ထိုမိန်းမ ယောကျ်ားတို့အား ပြင်းစွာ တပ်မက်ခြင်း 'ရာဂ'သည် ထင်ရှားဖြစ်လေ၏၊ ရာဂကြောင့်ဖြစ်သော ပူပန်ခြင်းသည် ကိုယ်၌ ကျရောက်၏၊ ထို(မိန်းမယောကျ်ား)တို့သည် ရာဂကြောင့်ဖြစ်သော ပူပန်ခြင်းကြောင့် မေထုန်အကျင့်ကို မှီဝဲကုန်၏။

http://www.dhammadownload.com



ဝါသေဋ္ဌ ထိုအခါ မေထုန်အကျင့်မှီဝဲသောသူတို့ကို မြင်ကြသောအခါ တပါးသောသူတို့သည် "ညစ်သောသူ ပျက်လေလော့၊ ညစ်သောသူ ပျက်လေလော့၊ သတ္တဝါတယောက်သည် သတ္တဝါတယောက်အား ဤသို့သော အမှုကို အဘယ်ကြောင့် ပြုရသနည်း" ဟု ဆို၍ မြေမှုန့်ဖြင့် ပစ်ကုန်၏၊ တပါးသောသူတို့သည် ပြာဖြင့် ပစ်ကုန်၏၊ တပါးသောသူတို့သည် နွားချေးဖြင့် ပစ်ကုန်၏၊ ယခုအခါ၌လည်း လူတို့သည် အချို့သောဇနပုဒ်တို့၌ သတို့သမီးကိုဆောင်ယူလတ်သော် မြေမှုန့်ဖြင့် ပစ်ကုန်၏၊ အချို့လူတို့သည် ပြာဖြင့်ပစ်ကုန်၏၊ အချို့လူတို့သည် နွားချေးဖြင့် ပစ်ကုန်၏။ ရှေးကျသော ဦးစွာသိအပ်သော ထိုအကျင့်အမှုကို အတုလိုက်၍ ပြုလုပ်ကြသော်လည်း ထိုအကျင့်အမှု၏ အနက်အဓိပ္ပါယ်ကိုကား မသိကြကုန်။

## မေထုန်အကျင့်

၁၂၇။ ဝါသေဋ္ဌ ထို(ကမ္ဘာတည်စ)အခါ၌ ထို(အိမ်ထောင်မှု)ကို အဓမ္မဟူ၍ သမုတ်အပ်၏၊ ယခုအခါ ထို(အိမ်ထောင်မှု)ကို ဓမ္မဟူ၍ သမုတ်အပ်၏။ ဝါသေဋ္ဌ ထို(ကမ္ဘာတည်စ)အခါ၌ အကြင်သတ္တဝါတို့သည် မေထုန်အကျင့်ကို မှီဝဲကုန်၏၊ ထိုသတ္တဝါတို့သည် တလလုံးလုံးငှင်း နှစ်လလုံးလုံးငှင်း ရွာနိဂုံးသို့ ဝင်ခွင့်မရကြကုန်။ ဝါသေဋ္ဌ အကြင်(ကမ္ဘာတည်စ)အခါ၌ ထိုသတ္တဝါတို့သည် ထိုမေထုန်အကျင့်၌ အပိုင်းအခြားမရှိ မှီဝဲခြင်းသို့ရောက်ကုန်၏၊ ထိုအခါ ထိုမေထုန်အကျင့်ကို ဖုံးကွယ်ရန်အလို့ငှါ အိမ်ဆောက်ရန် အားထုတ်ကြကုန်၏။ ဝါသေဋ္ဌ ထိုအခါ ပျင်းရိသောသဘောရှိသော သတ္တဝါတယောက်အား ဤသို့သောအကြံသည် ဖြစ်၏၊ "အချင်းတို့ ငါသည် သလေးဆန်ကို ညဉ့်အခါ ညဉ့်စာ နံနက်အခါ နံနက်စာအလို့ငှါ ယူလျက် အဘယ့်ကြောင့် ပင်ပန်းခံနေမည်နည်း၊ ငါသည် သလေးဆန်ကို ထကြိမ်တည်းဖြင့်သာ ညဉ့်စာ နံနက်စာ အလို့ငှါ ဆောင်ရမှု ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ဝါသေဋ္ဌ ထိုအခါ ထိုသဘ္တဝါသည် သလေးဆန်ကို တကြိမ်တည်းဖြင့်သာ ညဉ့်စာ နံနက်စာအလို့ငှါ ဆောင်ယူ၏။ ဝါသေဋ္ဌ ထိုအခါ တပါးသောသတ္တဝါသည် ထိုသတ္တဝါထံ ချဉ်းကပ်၍ ထိုသတ္တဝါအား "အချင်း လာလော့၊ သလေးဆန်ယူရန် သွားကုန်အံ့" ဟု ဆို၏။ အချင်းလူ တော်ပြီ၊ ငါသည် သလေးဆန်ကို တကြိမ်တည်းဖြင့်သာ ညဉ့်စာ နံနက်စာအလို့ငှါ ယူခဲ့ပြီဟု ဆို၏။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါသည် ထိုသဘ္တဝါအတုကိုလိုက်၍ အချင်းလူ ဤသို့(နှစ်ရက်စာ ယူထားခြင်းသည်)လည်း ကောင်း၏ဟု သလေးဆန်ကို တကြိမ်ဘည်းဖြင့်သာ နှစ်ရက်စာအလို့ငှါ ဆောင်ယူ၏။

ဝါသေဋ္ဌ ထိုအခါ တပါးသောသတ္တဝါသည် ထိုသတ္တဝါထံ ချဉ်းကပ်၍ "အချင်းလူ လာလော့၊ သလေးဆန်ကို ယူရန် သွားကုန်အံ့" ဟု ဆို၏။ အချင်းလူ တော်ပြီ၊ ငါသည် သလေးဆန်ကို တကြိမ်တည်းဖြင့်သာ နှစ်ရက်စာယူခဲ့ပြီ ဟု ဆို၏။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါသည် ထိုသတ္တဝါအတုကိုလိုက်၍ အချင်းလူ ဤသို့ (လေးရက်စာယူထားခြင်းသည်)လည်းကောင်း၏ဟု သလေးဆန်ကို တကြိမ်တည်းဖြင့်သာ လေးရက်စာအလို့ငှါ ဆောင်ယူ၏။

ဝါသေဋ္ဌ ထိုအခါ တပါးသောသတ္တဝါသည် ထိုသတ္တဝါထံ ချဉ်းကပ်၍ "အချင်းလူ လာလော့၊ သလေးဆန်ယူရန် သွားကုန်အံ့" ဟု ဆို၏။ အချင်းလူ တော်ပြီ၊ ငါသည် သလေးဆန်ကို တကြိမ်တည်းဖြင့်သာ လေးရက်စာယူခဲ့ပြီဟု ဆို၏။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါသည် ထိုသတ္တဝါအတုကိုလိုက်၍ အချင်းလူ ဤသို့(ရှစ်ရက်စာယူထားခြင်းသည်)လည်းကောင်း၏ဟု သလေးဆန်ကို တကြိမ်တည်းဖြင့်သာ ရှစ်ရက်စာအလို့ငှါ ဆောင်ယူ၏။

http://www.dhammadownload.com



ဝါသေဋ္ဌ အကြင်အခါ ထိုသတ္တဝါတို့သည် သလေးဆန်ကို သိုမှီး၍ စားရန် အားထုတ်ကုန်၏၊ ထိုအခါ ဖွဲ့နုသည်လည်း ဆန်ကိုမြှေးယှက်၏၊ ဖွဲသည်လည်း ဆန်ကိုဖုံးအုပ်၏၊ ရိုးပြတ်သည်လည်း ပြန်၍မစည်ပင် ဖြတ်ရာအရပ်သည် ထင်ရှား၏၊ သလေးပင်တို့သည် အစုလိုက် အစုလိုက် တည်ကုန်၏။

## သလေးဆန် ခွဲဝေခြင်း

၁၂၈။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် စည်းဝေးကြကုန်၏၊ စည်းဝေးကြကုန်ပြီးသော် ညည်းတွားကြကုန်၏၊ "အချင်းတို့ သတ္တဝါတို့၌ အယုတ်တရားတို့သည် ထင်ရှားဖြစ်ခဲ့ကုန်ပြီတကား၊ ငါတို့သည် ရှေးက (ဥပစာရစျာန်)စိတ်ဖြင့် ပြီးကုန်၏၊ နှစ်သိမ့်ခြင်း 'ပီတိ'လျှင် အစာရှိကုန်၏၊ မိမိတို့ကိုယ်ရောင်ဖြင့် တောက်ပကုန်၏၊ ကောင်းကင်၌ သွားလာနိုင်ကုန်၏၊ တင့်တယ်သောနေရာရှိကုန်၏၊ ရှည်စွာသောကာလပတ်လုံး တည်ကုန်၏။ ရှည်စွာသောကာလလွန်လတ်သော် တရံရောအခါ၌ ထိုငါတို့အား အရသာနှင့်ပြည့်စုံသော မြေဆီသည် ရေ၌ ထက်ဝန်းကျင်အနှံ့ တည်၏၊ ထိုမြေဆီသည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ ထိုငါတို့သည် မြေဆီကို လက်တို့ဖြင့် အလုတ်အလွေးပြု၍ စားရန် အားထုတ်ခဲ့ကုန်၏၊ မြေဆီကို လက်တို့ဖြင့် အလုတ်အလွေးပြုကာ စား ရန် လုံ့လပြုကုန်သော ထိုငါတို့အား မိမိတို့ ကိုယ်ရောင်သည် ကွယ်ခဲ့၏၊ မိမိတို့ ကိုယ်ရောင်ကွယ်သည်ရှိသော် လနေတို့ ထင်ရှားဖြစ်ကုန်၏၊ လနေတို့ ထင်ရှားဖြစ်သော် နက္ခတ် တာရာတို့ ထင်ရှားဖြစ်ကုန်၏၊ နက္ခတ် တာရာသဏ္ဌာန်တို့ ထင်ရှားဖြစ်ကုန်သော် ညဉ့်နေ့တို့ ထင်ရှားဖြစ်ကုန်၏၊ ညဉ့်နေ့တို့ ထင်ရှားဖြစ်ကုန်သော် လ လခွဲတို့ ထင်ရှားဖြစ်ကုန်၏၊ လ လခွဲတို့ ထင်ရှားဖြစ်ကုန်သော် ဥတုတို့ နှစ်တို့သည် ထင်ကုန်၏၊ ထိုငါတို့သည် မြေဆီကို စားကုန်လျက် ထိုမြေဆီလျှင် အစာရှိကုန်လျက် ထိုမြေဆီလျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ခဲ့ကြကုန်၏။

ထိုငါတို့အား ယုတ်ညံ့သော အကုသိုလ်တရားတို့ ထင်ရှားဖြစ်ခြင်းကြောင့် မြေဆီသည် ကွယ်ခဲ့၏၊မြေဆီကွယ်သည်ရှိသော် မြေလွှာသည် ထင်ရှားဖြစ်ခဲ့၏၊ ထိုမြေလွှာသည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ ထိုငါတို့သည် မြေလွှာကိုစားရန် အားထုတ်ခဲ့ကြကုန်၏၊ ထိုငါတို့သည် ထိုမြေလွှာကို စားကုန်လျက် ထိုမြေလွှာလျှင် အစာရှိကုန်လျက် ထိုမြေလွှာလျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ခဲ့ကြကုန်၏။

ယုတ်ညံ့သော အကုသိုလ်တရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် ထိုငါတို့အား မြေလွှာသည် ကွယ်ခဲ့၏၊ မြေလွှာကွယ်သည်ရှိသော် ချိုသောနွယ်သည် ထင်ရှားဖြစ်ခဲ့၏၊ ထို(ချိုသောနွယ်)သည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ ထိုငါတို့သည် ချိုသောနွယ်တို့ကို စားရန် အားထုတ်ခဲ့ကြကုန်၏၊ ထိုငါတို့သည် ချိုသောနွယ်ကို စားကုန်လျက် ထိုချိုသောနွယ်လျှင် အစာရှိကုန်လျက် ထိုချိုသောနွယ်လျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ခဲ့ကြကုန်၏။

ထိုငါတို့အား ယုတ်ညံ့သော အကုသိုလ်တရားတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့် ချိုသောနွယ်သည် ကွယ်ခဲ့၏၊ ချိုသောနွယ် ကွယ်သည်ရှိသော် ထင်းဖြင့် မချက်ရသော ဆန်ကွဲမရှိသော ဖွဲမရှိသော စင်ကြယ်သော ကောင်းသောအနံ့ရှိသော ဆန်လုံးသာသီးသော သလေးပင်သည် ထင်ရှားဖြစ်ခဲ့၏။ အကြင်(သလေးဆန်)ကို ညဉ့်အခါ ညဉ့်စာအလို့ငှါ ယူကုန်၏၊ နံနက်အခါ ထို(သလေးဆန်)သည် မှည့်သည် ဖြစ်၍ တဖန်ပေါက်၏၊ အကြင် သလေးဆန်ကို နံနက်အခါ နံနက်စာအလို့ငှါ ယူကုန်၏၊ ည

http://www.dhammadownload.com



အခါ ထို(သလေးဆန်)သည် မှည့်သည်ဖြစ်၍ တဖန် ပေါက်၏၊ ရိတ်ဖြတ်(ယူ)ရာအရပ်သည် မထင်ကုန်။ ထိုငါတို့သည် ထင်းဖြင့် မချက်ရသော သလေးဆန်ကို စားကုန်လျက် ထိုသလေးဆန်လျှင် အစာရှိကုန်လျက် ထိုသလေးဆန်လျှင် အာဟာရရှိကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ခဲ့ကြကုန်၏။

ထိုငါတို့အား ယုတ်ညံ့သော အကုသိုလ်တရားတို့ ထင်ရှားဖြစ်ခြင်းကြောင့် ဖွဲနုသည်လည်း ဆန်ကိုမြှေးယှက်၏၊ ဖွဲသည်လည်း ဆန်ကိုဖုံးအုပ်၏၊ ရိုးဖြတ်သည်လည်း တဖန် မစည်ပင် ဖြတ်ရာယူရာအရပ်သည် ထင်ရှားလေ၏၊ သလေးပင်တို့သည် အစုလိုက် အစုလိုက် တည်ကုန်၏။ "ငါတို့သည် သလေးပင်ကို ဝေကြရမူ အပိုင်းအခြား ထားကြရမူ ကောင်းလေစွ" ဟု (ညည်းတွားကြကုန်၏)။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် သလေးပင်ကို ဝေကုန်၏၊ အပိုင်းအခြားကို ထားကုန်၏။

၁၂၉။ ဝါသေဋ္ဌ ထိုအခါ လျှပ်ပေါ်သောသဘောရှိသော သတ္တဝါတယောက်သည် မိမိအဖို့ကို စောင့်ရှောက်၍ သူတပါးအဖို့ကို မပေးပဲ ယူ၍ သုံးစား၏၊ ထိုသူကို ဖမ်းကုန်၏၊ ဖမ်းပြီးသော် ဤသို့ ဆိုကုန်၏—

"အချင်းသတ္တဝါ သင်သည် ယုတ်ညံ့သောအမှုကို ပြုဘိ၏တကား၊ သင်သည် မိမိအဖို့ကို စောင့်ရှောက်၍ သူတပါးအဖို့ကို မပေးပဲယူ၍ သုံးစားဘိ၏၊ အချင်းသတ္တဝါ သင်သည် နောက်တဖန် ဤသို့သောအမှုကို မပြုလင့် ဟု" (ဆိုကုန်၏)။

ဝါသေဋ္ဌ ထိုသတ္တဝါသည် "အရှင်တို့ ကောင်းပါပြီ" ဟု ထိုသတ္တဝါတို့အား ဝန်ခံ၏၊ ဝါသေဋ္ဌ ထိုသတ္တဝါသည် နှစ်ကြိမ်မြောက်လည်း။ပ။ ဝါသေဋ္ဌ ထိုသတ္တဝါသည် သုံးကြိမ်မြောက်လည်း မိမိအဖို့ကို စောင့်ရှောက်၍ သူတပါးဥစ္စာအဖို့ကို မပေးပဲယူ၍ သုံးစား၏၊ ထိုသူကို ဖမ်းကုန်၏၊ ဖမ်းပြီးသော် ဤသို့ ဆိုကုန်၏—

"အချင်းသတ္တဝါ သင်သည် ယုတ်ညံ့သောအမှုကို ပြုဘိ၏တကား၊ သင်သည် မိမိအဖို့ကို စောင့်ရှောက်၍ သူတပါးအဖို့ကို မပေးပဲယူ၍ သုံးစားဘိ၏၊ အချင်းသတ္တဝါ သင်သည် နောက်တဖန် ဤသို့သောအမှုကို မပြုလင့်" ဟု (ဆိုကုန်၍)တပါးသောသူတို့သည် ထိုခိုးသောသူကို လက်ဖြင့် ပုတ်ခတ်ကုန်၏၊ အချို့သူတို့သည် ခဲဖြင့်ပေါက်ကုန်၏၊ အချို့သူတို့သည် တုတ်ဖြင့်ရိုက်ကုန်၏။ ဝါသေဋ္ဌ ထိုအခါက အစပြု၍ မပေးသည်ကို ယူခြင်းသည် ထင်ရှား၏၊ ကဲ့ရဲ့ခြင်းသည် ထင်ရှား၏၊ မဟုတ်မမှန်ပြောခြင်းသည် ထင်ရှား၏၊ တုတ်(လက်နက်)ကိုင်ခြင်းသည် ထင်ရှား၏။

## မဟာသမ္မတမင်း

၁၃၀။ ဝါသေဋ္ဌ ထိုအခါ သတ္တဝါတို့သည် စည်းဝေးကုန်၏၊ စည်းဝေးကုန်ပြီးသော် ညည်းတွားကြကုန်၏—

"အချင်းတို့ သတ္တဝါတို့၌ အယုတ်တရားတို့သည် ထင်ရှားဖြစ်ကုန်ပြီတကား၊ အကြင့်ကြောင့် မပေးပဲယူခြင်းသည် ထင်ရှား၏၊ ကဲ့ရဲ့ခြင်းသည် ထင်ရှား၏၊ မဟုတ်မမှန်ပြောခြင်းသည် ထင်ရှား၏၊ တုတ်ကိုင်ခြင်းသည် ထင်ရှား၏၊ ထို့ကြောင့် ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချသော ကဲ့ရဲ့ထိုက်သူကိုတရားသဖြင့် ကဲ့ရဲ့သော နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်သော တယောက်သော

http://www.dhammadownload.com



သူကို ငါတို့ သမုတ်ကုန်အံ့၊ ထို့ပြင် ငါတို့သည် ထိုသူအား သလေးဆန်တို့၏ အဖို့အစုကို ပေးကုန်အံ့" ဟု (ညည်းတွားပြောဆိုကြကုန်၏)။

ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့သည် ထိုသတ္တဝါတို့တွင် အလွန် အဆင်းလှသော အလွန်ရှုချင်ဖွယ်ရှိသော အလွန်ကြည်ညိုဖွယ်ရှိသော အလွန်တန်ခိုးကြီးသောသတ္တဝါထံ ချဉ်းကပ်၍ ဤစကားကို ဆိုကြကုန်၏—

"အရှင်လူ လာပါလော့၊ ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချပါလော့၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့ပါလော့၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်ပါလော့၊ အကျွန်ုပ်တို့ကား သင့်အား သလေးဆန်တို့၏ အဖို့အစုကို ပေးပါကုန်အံ့" ဟု (ဆိုကြကုန်၏)။

ဝါသေဋ္ဌ ထိုသတ္တဝါသည် "အချင်းတို့ ကောင်းပါပြီ" ဟု ထိုသတ္တဝါတို့အား ဝန်ခံ၍ ရှုတ်ချထိုက်သူကို တရားသဖြင့် ရှုတ်ချ၏၊ ကဲ့ရဲ့ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့၏၊ နှင်ထုတ်ထိုက်သူကို တရားသဖြင့် နှင်ထုတ်၏၊ ထိုသူတို့သည်ကား ထိုသူအား သလေးဆန်တို့၏ အဖို့အစုကို ပေးကြကုန်၏။

၁၃၁။ ဝါသေဋ္ဌ လူအများတို့သည် သမုတ်အပ်သောကြောင့် "မဟာသမ္မတ မဟာသမ္မတ" ဟူသော ပဌမဝေါဟာရ 'ရှေးဦးစွာခေါ် ဆိုခြင်း' သည် ဖြစ်၏၊ ဝါသေဋ္ဌ လယ်မြေတို့၏ အရှင်ဖြစ်သောကြောင့် "ခတ္တိယ ခတ္တိယ" ဟူသော ဒုတိယဝေါဟာရ 'နှစ်ဆင့်မြောက် ခေါ် ဆိုခြင်း' သည် ဖြစ်၏။ ဝါသေဋ္ဌ တရားဖြင့် သူတပါးတို့ကို နှစ်သက်စေတတ်သောကြောင့် "ရာဇာ ရာဇာ" ဟူသော တတိယဝေါဟာရ 'သုံးဆင့်မြောက်ခေါ် ဆိုခြင်း' သည် ဖြစ်၏။ ဝါသေဋ္ဌ ဤသို့လျှင် ရှေးကျသော ရှေးဦးစွာ သိအပ်သော ထိုမင်းမျိုး၏ အမည်သည် ဖြစ်လေ၏၊ ထိုသတ္တဝါတို့၏သာလျှင် (ထိုအမည်သည်) ဖြစ်၏၊ တပါးသောသတ္တဝါတို့၏ (အမည်) မဖြစ်၊ တူသောသတ္တဝါတို့၏သာလျှင် (အမည်) ဖြစ်၏၊ မတူသော သတ္တဝါတို့၏ (အမည်) မဖြစ်၊ တရားသဖြင့်သာလျှင် (အမည်) ဖြစ်၏၊ မတရားသဖြင့် (အမည်) မဖြစ်၊ ဝါသေဋ္ဌ မှန်၏၊ ဤလူအပေါင်း၌ တရားသည်သာလျှင် မျက်မှောက်ဘဝ၌၎င်း တမလွန်ဘဝ၌၎င်း အမြတ်ဆုံး ဖြစ်၏။

## ပုဏ္ဏားအစု

၁၃၂။ ဝါသေဋ္ဌ ထိုအခါ ထိုသတ္တဝါတို့တွင် အချို့သတ္တဝါတို့အား ဤသို့သော အကြံသည် ဖြစ်၏—

"အချင်းတို့ သတ္တဝါတို့၌ အယုတ်တရားတို့သည် ထင်ရှားဖြစ်ကုန်ပြီတကား၊ အကြင့်ကြောင့် မပေးပဲ ယူခြင်းသည် ထင်ရှား၏၊ ကဲ့ရဲ့ခြင်းသည် ထင်ရှား၏၊ မဟုတ်မမှန်ပြောခြင်းသည် ထင်ရှား၏၊ တုတ်ကိုင်ခြင်းသည် ထင်ရှား၏၊ နှင်ထုတ်ခြင်းသည် ထင်ရှား၏၊ ငါတို့သည် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မျှောကြရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။ ထိုသတ္တဝါတို့သည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကို မျှောကြကုန်၏။ ဝါသေဋ္ဌ ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မျှောကြသောကြောင့် "ဗြာဟ္မဏ ဗြာဟ္မဏ" ဟူသော ပဌမဝေါဟာရ 'ရှေးဦးစွာ ခေါ် ဆိုခြင်း' သည် ဖြစ်၏၊ ထို (ဗြာဟ္မဏ) တို့သည် တောအရပ်၌ သစ်ရွက်မိုးကျောင်းတို့ကို ပြု၍ သစ်ရွက်မိုးကျောင်းတို့၌ ဈာန်ဝင်စားကုန်၏၊ (ချက်ပြုတ်၍ စားခြင်း မရှိသောကြောင့်) မီးခဲ မီးခိုးမှ ကင်းကုန်သည်ဖြစ်၍ (ထောင်း၍ ချက်ပြုတ်ဖွယ် မရှိသောကြောင့်) ကျည်ပွေ့တို့ကို ချထားကုန်သည်ဖြစ်၍ ညဥ့်အခါ ညဥ့်စာအလို့ငှါ နံနက်အခါ နံနက်စာအလို့ငှါ ရွာနိဂုံး မင်းနေပြည်တို့သို့ အစာရှာရန် ဝင်ကုန်၏။

http://www.dhammadownload.com



ထို(ဗြာဟ္မဏ)တို့သည် အစာကို ရသော် တောအရပ် သစ်ရွက်မိုးကျောင်းတို့၌ တဖန် ဈာန် ဝင်စားကုန်၏၊ ထိုသူကို လူတို့မြင်လတ်သော် ဤသို့ ဆိုကုန်၏—

"အချင်းတို့ ဤသတ္တဝါတို့သည် တောအရပ်၌ သစ်ရွက်မိုးကျောင်းတို့ကို ပြု၍ သစ်ရွက်မိုး ကျောင်းတို့၌ ဈာန်ဝင်စားကုန်၏၊ (ချက်ပြုတ်၍ စားခြင်းမရှိသောကြောင့်) မီးခဲ မီးခိုးမှ ကင်းကုန် သည်ဖြစ်၍ (ထောင်း၍ ချက်ပြုတ်ဖွယ်မရှိသောကြောင့်)ကျည်ပွေ့တို့ကို ချထားကုန်သည်ဖြစ်၍ ညဥ့်အခါ ညဥ့်စာအလို့ငှါ နံနက်အခါ နံနက်စာအလို့ငှါ ရွာနိဂုံး မင်းနေပြည်တို့သို့ အစာရှာရန် ဝင် ကုန်၏၊ ထိုသတ္တဝါတို့သည် အစာကို ရကုန်၍ တဖန်လျှင် တောအရပ် သစ်ရွက်မိုးကျောင်းတို့၌ ဈာန်ဝင်စားကုန်၏" ဟု (ဆိုကုန်၏)။ ဝါသေဋ္ဌ ဤသို့ဈာန်ဝင်စားသောကြောင့်သာလျှင် "ဈာယက ဈာယက"ဟူသော ဒုတိယဝေါဟာရ 'နှစ်ဆင့်မြောက်ခေါ် ဆိုခြင်း'သည် ဖြစ်၏။

ဝါသေဋ္ဌ ထို (သတ္တဝါ) တို့တွင် အချို့သတ္တဝါတို့သည် တောအရပ်သစ်ရွက်မိုး ကျောင်းတို့၌ ထို ဈာန်ကို မရနိုင်ကုန်သည်ဖြစ်၍ ရွာနိဂုံးအနီးသို့ဝင်ကာ ဝေဒကျမ်းတို့ကို ပြုစုပို့ချလျက် နေကြကုန်၏။ ထိုသူတို့ကို လူတို့မြင်သော် ဤသို့ ဆိုကုန်၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် တောအရပ် သစ် ရွက်မိုးကျောင်းတို့၌ ထိုဈာန်ကို မရနိုင်ကုန်သည်ဖြစ်၍ ရွာနိဂုံးသို့ဝင်ကာ ဝေဒကျမ်းတို့ကို ပြုစုပို့ချ လျက် နေကြကုန်၏၊ ယခုအခါ၌ ဤသူတို့သည် ဈာန်မရနိုင်ကုန်" ဟု (ဆိုကုန်၏)။ ဝါသေဋ္ဌ ယခု အခါ ဤသူတို့သည် ဈာန်မရနိုင်သောကြောင့် "အဇ္ဈာယက အဇ္ဈာယက"ဟူသော တတိယ ဝေါဟာရ 'သုံးဆင့်မြောက် ခေါ် ဆိုခြင်း'သည် ဖြစ်၏။

ဝါသေဋ္ဌ ရှေးအခါက ထိုဝေဒကျမ်းများ ပို့ချပြုစုမှုကို ယုတ်သည်ဟု သမုတ်၏၊ ယခုအခါ ထို ဝေဒကျမ်းများ ပြုစုပို့ချမှုကို မြတ်သည်ဟု သမုတ်၏။ ဝါသေဋ္ဌ ဤသို့လျှင် ထိုပုဏ္ဏားမျိုး၏ ရှေးကျ သော ရှေးဦးစွာသိအပ်သော ဝေါဟာရဖြင့် (ဗြာဟ္မဏ ဈာယက အဇ္ဈာယကဟူသော) အမည်သည် ဖြစ်လေ၏၊ ထိုသတ္တဝါတို့၏သာလျှင်(ထိုအမည်သည်)ဖြစ်၏၊တပါးသောသတ္တဝါတို့၏(အမည်)မဖြစ်၊ တူသောသတ္တဝါတို့၏သာလျှင် (အမည်)ဖြစ်၏၊ မတူသောသတ္တဝါတို့၏ (အမည်) မဖြစ်၊ တရား သဖြင့် သာလျှင် (အမည်)ဖြစ်၏၊ မတရားသဖြင့် (အမည်) မဖြစ်။ ဝါသေဋ္ဌ မှန်၏၊ ဤလူအပေါင်း၌ တရားသည်သာလျှင် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း အမြတ်ဆုံးဖြစ်၏။

## အသည်အစု

၁၃၃။ ဝါသေဋ္ဌ ထိုသတ္တဝါတို့တွင် အချို့သတ္တဝါတို့သည် အိမ်ထောင်ပြုကုန်၍ အသီးအခြား (ကုန်သွယ်ခြင်း နွားမွေးခြင်း လယ်လုပ်ခြင်း စသည့်)အလုပ်တို့ကို အားထုတ်ကုန်၏၊ ဝါသေဋ္ဌ အိမ် ထောင်ပြုကုန်၍ အသီးအခြား (ကုန်သွယ်ခြင်း နွားမွေးခြင်း လယ်လုပ်ခြင်း စသော)အလုပ်တို့ကို အားထုတ်ခြင်းကြောင့် "ဝေဿ ဝေဿ"ဟူသော ဝေါဟာရ 'ခေါ်ဝေါ်ခြင်း'သည် ဖြစ်၏။

ဝါသေဋ္ဌ ဤသို့လျှင် ဤအသည်မျိုး၏ ရှေးကျသော ဦးစွာသိအပ်သော ဝေါဟာရဖြင့် ဝေဿ ဟူသောအမည်သည် ဖြစ်လေ၏၊ ထိုသတ္တဝါတို့၏သာလျှင် (ထိုအမည်သည်)ဖြစ်၏၊ တပါးသော သတ္တဝါတို့၏ (အမည်) မဖြစ်။ တူသောသတ္တဝါတို့၏သာလျှင် (အမည်) ဖြစ်၏၊ မတူသော သတ္တဝါ တို့၏(အမည်)မဖြစ်။ တရားသဖြင့်သာလျှင် (အမည်) ဖြစ်၏၊ မတရားသဖြင့် (အမည်) မဖြစ်။ ဝါသေဋ္ဌ မှန်၏၊ ဤလူအပေါင်း၌ တရားသည်သာလျှင် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း အမြတ်ဆုံး ဖြစ်၏။

http://www.dhammadownload.com



## သူဆင်းရဲအစ

၁၃၄။ ဝါသေဋ္ဌ ထိုသတ္တဝါတို့တွင် အကြင်သတ္တဝါတို့သည် ကြွင်းကျန်ကုန်၏၊ ထို(ကြွင်းကျန်သော သတ္တဝါ)တို့သည် ကြမ်းသောအလုပ်ဖြင့် အသက်မွေးမှုရှိကုန်၏၊ သေးနုတ်သောအလုပ်ဖြင့် အသက်မွေးမှုရှိကုန်၏။ ဝါသေဋ္ဌ ကြမ်းသောအလုပ်ဖြင့် အသက်မွေးမှု သေးနုတ်သောအလုပ်ဖြင့် အသက်မွေးမှု ရှိကြသောကြောင့်"သုဒ္ဒ သုဒ္ဒ"ဟူသော အမည်သည် ဖြစ်၏။

ဝါသေဋ္ဌ ဤသို့လျှင် ထိုသူဆင်းရဲမျိုး၏ ရှေးလောကဖြစ်စဉ် အမည်ဖြစ်သောကြောင့် ထိုသတ္တဝါတို့၏သာလျှင်(ထိုအမည်သည်)ဖြစ်၏၊တပါးသော သတ္တဝါတို့၏(အမည်)မဖြစ်။တူသောသတ္တဝါတို့၏သာလျှင်(အမည်)ဖြစ်၏၊ မတူသော သတ္တဝါတို့၏ (အမည်) မဖြစ်၊ တရားသဖြင့်သာလျှင် (အမည်) ဖြစ်၏၊ မတရားသဖြင့် (အမည်) မဖြစ်။ ဝါသေဋ္ဌ မှန်၏၊ ဤလူအပေါင်း၌ တရားသည်သာလျှင် မျက်မှောက်ဘဝ၌၎င်း တမလွန်ဘဝ၌၎င်း အမြတ်ဆုံးဖြစ်၏။

၁၃၅။ ဝါသေဋ္ဌ အကြင်အခါ၌ မင်းမျိုးသည်လည်း မိမိတို့၏ ကျင့်ဝတ်တရားကို ကဲ့ရဲ့လျက် "ငါသည် ရဟန်းဖြစ်အံ့"ဟု လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

ဝါသေဋ္ဌ ပုဏ္ဏားမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ အသည်မျိုးသည်လည်း။ပ။

ဝါသေဋ္ဌ သူဆင်းရဲမျိုးသည်လည်း မိမိတို့၏ ကျင့်ဝတ်တရားကို ကဲ့ရဲ့လျက် "ငါသည် ရဟန်းဖြစ်အံ့" ဟု လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုအခါသည် ရှိသည်သာတည်း။

ဝါသေဋ္ဌ ဤအမျိုးလေးပါးတို့မှ ရဟန်းမျိုး၏ အမည်သည် ဖြစ်သောကြောင့် ထိုသတ္တဝါတို့၏ (အမည်)သာလျှင် ဖြစ်၏၊ တပါးသောသတ္တဝါတို့၏ (အမည်)မဖြစ်၊ တူသောသတ္တဝါတို့၏(အမည်) သာလျှင် ဖြစ်၏၊ မတူသော သတ္တဝါတို့၏ (အမည်)မဖြစ်။ တရားသဖြင့် သာလျှင် (အမည်) ဖြစ်၏၊ မတရားသဖြင့် (အမည်)မဖြစ်၊ ဝါသေဋ္ဌ မှန်၏၊ ဤသတ္တလောက၌ တရားသည်သာလျှင် မျက်မှောက်ဘဝ၌၎င်း တမလွန်ဘဝ၌၎င်း အမြတ်ဆုံးဖြစ်၏။

## ဒုစ္စရိုက်စသည်အကြောင်း

၁၃၆။ ဝါသေဋ္ဌ မင်းမျိုးသည်လည်း ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစ္စရိုက်'ကို ကျင့်၍ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစ္စရိုက်'ကို ကျင့်၍ စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစ္စရိုက်'ကို ကျင့်၍ မှားသော အယူဝါဒရှိ၏၊ မှားသော အယူဝါဒဖြင့် ပြုသောကံရှိ၏၊ မှားသောအယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲသို့ရောက်ရ၏။

ဝါသေဋ္ဌ ပုဏ္ဏားမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ အသည်မျိုးသည်လည်း။ပ။

ဝါသေဋ္ဌ သူဆင်းရဲမျိုးသည်လည်း။ပ။

http://www.dhammadownload.com



ဝါသေဋ္ဌ ရဟန်းမျိုးသည်လည်း ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစ္စရိုက်' ကို ကျင့်၍ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစ္စရိုက်'ကို ကျင့်၍ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစ္စရိုက်' ကို ကျင့်၍ မှားသော အယူဝါဒရှိ၏၊ မှားသော အယူဝါဒဖြင့် ပြုသောကံရှိ၏၊ မှားသောအယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီ သည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ရောက်ရ၏။

ဝါသေဋ္ဌ မင်းမျိုးသည်လည်း ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'ကို ကျင့်၍ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' ကို ကျင့်၍ စိတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'ကို ကျင့်၍ မှန်သောအယူဝါဒရှိ၏၊ မှန်သောအယူဝါဒဖြင့် ပြုသောကံရှိ၏၊ မှန်သောအယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏။

ဝါသေဋ္ဌ ပုဏ္ဏားမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ အသည်မျိုးသည်လည်း။ပ။

ဝါသေဋ္ဌ သူဆင်းရဲမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ ရဟန်းမျိုးသည်လည်း ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' ကို ကျင့်၍ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'ကိုကျင့်၍ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'ကို ကျင့်၍ မှန်သောအယူဝါဒရှိ၏၊ မှန်သောအယူဝါဒဖြင့်ပြုသောကံရှိ၏၊ မှန်သောအယူဝါဒဖြင့် ပြုသောကံကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရ၏။

၁၃၇။ ဝါသေဋ္ဌ မင်းမျိုးသည်လည်း ကိုယ်ဖြင့် (သုစရိုက် ဒုစ္စရိုက်) နှစ်မျိုးစုံကို ကျင့်လေ့ရှိ၏၊ နှုတ်ဖြင့် (သုစရိုက် ဒုစ္စရိုက်)နှစ်မျိုးစုံကို ကျင့်လေ့ရှိ၏၊ စိတ်ဖြင့် (သုစရိုက် ဒုစ္စရိုက်)နှစ်မျိုးစုံကို ကျင့်လေ့ရှိ၏၊ (သမ္မာအယူ မိစ္ဆာအယူ) နှစ်မျိုးစုံရောသော အယူရှိ၏၊ (သမ္မာအယူ မိစ္ဆာအယူ) နှစ်မျိုးစုံရောသောအယူဖြင့် ဆောက်တည်အပ်သောကံရှိ၏၊ (သမ္မာအယူ မိစ္ဆာအယူ)နှစ်မျိုးစုံ ရောသောအယူဖြင့် ဆောက်တည်အပ်သောကံကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာဆင်းရဲကို ခံစားရ၏။

ဝါသေဋ္ဌ ပုဏ္ဏားမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ အသည်မျိုးသည်လည်း။ပ။

ဝါသေဋ္ဌ သူဆင်းရဲမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ ရဟန်းမျိုးသည်လည်း ကိုယ်ဖြင့် (သုစရိုက် ဒုစ္စရိုက်)နှစ်မျိုးစုံကို ကျင့်လေ့ရှိ၏၊ နှုတ်ဖြင့်(သုစရိုက် ဒုစ္စရိုက်)နှစ်မျိုးစုံကို ကျင့်လေ့ရှိ၏၊ စိတ်ဖြင့် (သုစရိုက် ဒုစ္စရိုက်) နှစ်မျိုးကိုစုံ ကျင့်လေ့ရှိ၏၊ (သမ္မာအယူ မိစ္ဆာအယူ) နှစ်မျိုးစုံရောသောအယူ ရှိ၏၊(သမ္မာအယူ မိစ္ဆာအယူ) နှစ်မျိုးစုံ ရောသော အယူဖြင့် ဆောက်တည်အပ်သောကံ ရှိ၏၊ (သမ္မာအယူ မိစ္ဆာအယူ) နှစ်မျိုးစုံရောသော အယူဖြင့် ဆောက်တည်အပ်သောကံကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာဆင်းရဲကို ခံစားရ၏။

http://www.dhammadownload.com



## ဗောဓိပက္ခိယတရား ပွါးများခြင်း

၁၃၈။ ဝါသေဋ္ဌ မင်းမျိုးသည်လည်း ကိုယ်ဖြင့်စောင့်စည်းသည်ဖြစ်၍ နှုတ်ဖြင့် စောင့်စည်းသည်ဖြစ်၍ စိတ်ဖြင့်စောင့်စည်းသည်ဖြစ်၍ ခုနစ်ပါးသောဗောဓိပက္ခိယတရားတို့ကို ပွါးများအားထုတ်၍ ဤမျက်မှောက်ဘဝ၌ပင် ကိလေသပရိနိဗ္ဗာန်ပြု၏။

ဝါသေဋ္ဌ ပုဏ္ဏားမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ အသည်မျိုးသည်လည်း။ပ။

ဝါသေဋ္ဌ သူဆင်းရဲမျိုးသည်လည်း။ပ။

ဝါသေဋ္ဌ ရဟန်းမျိုးသည်လည်း ကိုယ်ဖြင့်စောင့်စည်းသည်ဖြစ်၍ နှုတ်ဖြင့်စောင့်စည်းသည်ဖြစ်၍ စိတ်ဖြင့်စောင့်စည်းသည်ဖြစ်၍ ခုနစ်ပါးသောဗောဓိပက္ခိယတရားတို့ကို ပွါးများ အားထုတ်၍ ဤမျက်မှောက်ဘဝ၌ပင် ကိလေသပရိနိဗ္ဗာန်ပြု၏။

၁၃၉။ ဝါသေဋ္ဌ ဤအမျိုးလေးပါးတို့တွင် အကြင် ရဟန်းသည် ပုဂ္ဂိုလ်အထူးကို ခံထိုက်၏၊ အာသဝေါတရား ကုန်ပြီးဖြစ်၏၊ (မဂ်အကျင့်ကို) ကျင့်သုံးပြီးဖြစ်၏၊ (မဂ်ကိစ္စကို) ပြုပြီးဖြစ်၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးဖြစ်၏၊ ဘဝသံယောဇဉ်ကုန်ပြီးဖြစ်၏၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီးဖြစ်၏၊ ထို(ရဟန်း)ကို ထိုအမျိုးလေးပါးတို့တွင် တရားသဖြင့် သာလျှင် မြတ်၏ဟူ၍ ဆိုအပ်၏၊ မတရားသဖြင့် (မြတ်၏ဟူ၍) မဆိုအပ်။ ဝါသေဋ္ဌ မှန်၏၊ ဤလူအပေါင်း၌ တရားသည် မျက်မှောက်ဘဝ၌ရင်း တမလွန်ဘဝ၌ရင်း အမြတ်ဆုံးဖြစ်၏။

၁၄၀။ ဝါသေဋ္ဌ သနင်္ကုမာရဗြဟ္မာသည်လည်း ဤဂါထာကိုဆို၏—

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း၌ (အကြင်သူသည်)အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ' နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏"ဟု (ဆို၏)။

ဝါသေဋ္ဌ သနင်္ကုမာရဗြဟ္မာသည် ထိုဂါထာကို ကောင်းစွာသီဆိုပေ၏၊ မကောင်းသဖြင့် သီဆိုသည် မဟုတ်ပေ၊ ကောင်းစွာရွတ်ဆိုပေ၏၊ မကောင်းသဖြင့် ရွတ်ဆိုသည် မဟုတ်ပေ၊ အကျိုးနှင့် စပ်ပေ၏၊ အကျိုးနှင့်မစပ်သည် မဟုတ်ပေ၊ ငါသဘောတူ၏၊ ဝါသေဋ္ဌ ငါသည်လည်း ဤအတူပင် ဆို၏—

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း၌ (အကြင်သူသည်) အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ' နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏" ဟု (ဆို၏)။

မြတ်စွာဘုရားသည် ဤ တရားတော်ကို ဟောတော်မူ၏၊ ဝါသေဋ္ဌ နှင့် ဘာရဒွါဇတို့သည် မြတ်စွာဘုရား ဟောတော်မူသောတရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။

**လေးခုမြောက် အဂ္ဂညသုတ် ပြီး၏။**

http://www.dhammadownload.com

# ၅—သမ္ပသာဒနီယသုတ်

## အသျှင်သာရိပုတြာ၏ ရဲရင့်သောစကားသံ

၁၄၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်ပြီးသော အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

"မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၌ ဤသို့ ကြည်ညိုပါ၏၊ (အလုံးစုံသောတရားတို့ကို) ပိုင်းခြား၍ သိတော်မူခြင်း၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသောသမဏ သည်ဖြစ်စေ ဗြာဟ္မဏသည်ဖြစ်စေ (ရှေးကလည်း) မရှိစဘူး (နောင်လည်း) မရှိလတ္တံ့၊ ယခုလည်းမရှိ၊ ဤသို့ကြည်ညိုပါ၏" ဟု (လျှောက်၏)။

၁၄၂။ သာရိပုတြာ ချီးမွမ်းအပ်သော တုန်လှုပ်ခြင်းမရှိသော ဤစကားကို ဆိုပေ၏၊ ကိုယ်တိုင် သိသကဲ့သို့ ဧကန္တ သန္နိဋ္ဌာန်စကားကို ဆိုပေ၏၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို ကြုံးဝါးပေ၏၊ မြတ်စွာဘုရား မြတ်စွာဘုရား၌ အကျွန်ုပ်သည် ဤသို့ ကြည်ညိုပါ၏၊ (အလုံးစုံသောတရားတို့ကို) ပိုင်း ခြား၍ သိတော်မူခြင်း၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသောသမဏ— သည်ဖြစ်စေ ဗြာဟ္မဏသည်ဖြစ်စေ (ရှေးကလည်း) မရှိစဘူး (နောင်လည်း)မရှိလတ္တံ့၊ ယခုလည်း မရှိ (ဤသို့ ကြည်ညိုပါ၏ ဟု ရဲရင့်သောစကားကို ဆိုဘိ၏)။

သာရိပုတြာ ရှေးလွန်ပြီးသောအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူကုန်သော အကြင်မြတ်စွာဘုရားတို့သည် ပွင့်တော်မူခဲ့ကုန်၏၊ အလုံးစုံကုန်သော ထိုမြတ်စွာဘုရားတို့ကို (သင်၏) စိတ်ဖြင့် (ထိုဘုရားသျှင်တို့၏)စိတ်ကို ပိုင်းခြား၍ သင်သိသလော။ "ထို(ပွင့်တော်မူပြီးသော)မြတ်စွာဘုရားတို့သည် ဤသို့သောသီလရှိကုန်၏" ဟူ၍ ဖြစ်စေ "ထို(ပွင့်တော်မူပြီးသော)မြတ်စွာဘုရားတို့သည် ဤသို့သော (သမာဓိ) တရားရှိကုန်၏" ဟူ၍ ဖြစ်စေ "ထို(ပွင့်တော်မူပြီးသော)မြတ်စွာဘုရားတို့သည် ဤသို့သောပညာရှိကုန်၏" ဟူ၍ဖြစ်စေ "(ထိုပွင့် တော်မူပြီးသော) မြတ်စွာဘုရားတို့သည် ဤသို့သောနေခြင်း ရှိကုန်၏" ဟူ၍ဖြစ်စေ "ထို(ပွင့်တော်မူပြီး သော) မြတ်စွာဘုရားတို့သည် ဤသို့သော လွတ်မြောက်ခြင်း ရှိကုန်၏" ဟူ၍ဖြစ်စေ (ပိုင်းခြား၍ သင်သိသလော ဟု မိန့်တော်မူ၏)။

ဤသို့ မသိပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

သာရိပုတြာ သို့ဖြစ်လျှင် နောင်အခါ၌ ပူဇော်အထူးကိုခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော အကြင်မြတ်စွာဘုရားတို့သည် ပွင့်တော်မူကုန် လတ္တံ့၊ အလုံးစုံသော ထိုမြတ်စွာဘုရားတို့ကိုကား (သင်၏)စိတ်ဖြင့် (ထိုဘုရားသျှင်တို့၏) စိတ်ကို

http://www.dhammadownload.com



ပိုင်းခြား၍ သင်သိသလော။ "ထို(ပွင့်တော်မူလတ္တံ့ကုန်သော) မြတ်စွာဘုရားတို့သည် ဤသို့သော သီလရှိကုန်လတ္တံ့" ဟူ၍ရင်း "ဤသို့သော (သမာဓိ)တရားရှိကုန်လတ္တံ့" ဟူ၍ရင်း "ဤသို့သော ပညာရှိကုန်လတ္တံ့" ဟူ၍ရင်း "ဤသို့သော နေခြင်းရှိကုန်လတ္တံ့" ဟူ၍ရင်း "ထို(ပွင့်တော်မူလတ္တံ့ကုန်သော) မြတ်စွာဘုရားတို့သည် ဤသို့သောလွတ်မြောက်ခြင်း ရှိကုန်လတ္တံ့"ဟူ၍ရင်း (ပိုင်းခြား၍ သင်သိသလော ဟု မိန့်တော်မူ၏)။

ဤသို့ မသိပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

သာရိပုတြာ သို့ဖြစ်လျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ယခုထင်ရှားရှိသော ငါ့ကို သင်၏စိတ်ဖြင့် (ငါ၏)စိတ်ကို ပိုင်းခြား၍ သင်သိသလော "မြတ်စွာဘုရားသည် ဤသို့သော သီလရှိတော်မူ၏" ဟူ၍ရင်း "ဤသို့သော (သမာဓိ) တရားရှိတော်မူ၏" ဟူ၍ရင်း "ဤသို့သော ပညာရှိတော်မူ၏"ဟူ၍ရင်း "ဤသို့သော နေခြင်းရှိတော်မူ၏" ဟူ၍ရင်း "မြတ်စွာဘုရားသည် ဤသို့သောလွတ်မြောက်ခြင်း ရှိတော်မူ၏" ဟူ၍ရင်း (ပိုင်းခြား၍ သင်သိသလော ဟု မိန့်တော်မူ၏)။

ဤသို့ မသိပါ မြတ်စွာဘုရား (ဟု လျှောက်၏)။

သာရိပုတြာ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ဤမြတ်စွာဘုရားတို့၌ မြတ်စွာဘုရားတို့၏ စိတ်ကို ပိုင်းခြား၍ သိသောဉာဏ်သည် သင့်အား မရှိ။ သာရိပုတြာ ထိုသို့ မရှိပါပဲလျက် အဘယ့်ကြောင့် သင်သည် မြတ်သော တုန်လှုပ်ခြင်း မရှိသောစကားကို ဆိုဘိသနည်း၊ ကိုယ်တိုင်သိသကဲ့သို့ သန္နိဋ္ဌာန် ကေန္တစကားကို ဆိုဘိသနည်း၊ ရဲရင့်သောစကားကို ကြုံးဝါးဘိသနည်း။

"မြတ်စွာဘုရား မြတ်စွာဘုရား၌အကျွန်ုပ်သည် ဤသို့ကြည်ညိုပါ၏၊ (အလုံးစုံသော တရားတို့ကို) ပိုင်းခြား၍ သိတော်မူခြင်း၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသော်သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း (ရှေးကလည်း) မရှိစဘူး၊ (နောင်လည်း)မရှိလတ္တံ့၊ ယခုလည်းမရှိ၊ ဤသို့ ကြည်ညိုပါ၏" ဟု (ရဲရင့်သောစကားကို ကြုံးဝါးဘိသနည်း ဟု မိန့်တော်မူ၏)။

၁၄၃။ မြတ်စွာဘုရား ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော မြတ်စွာဘုရားတို့၌ ဤမြတ်စွာဘုရား၏စိတ်ကို ပိုင်းခြား၍ သိသောဉာဏ်သည် အကျွန်ုပ်အား မရှိပါ။ မြတ်စွာဘုရား ယင်းသို့မရှိသော်လည်း ဟောအပ်သောတရားအစဉ်ကို လျှောက်၍ အကျွန်ုပ်သိပါ၏။

မြတ်စွာဘုရား ဥပမာအားဖြင့် မြဲသောတန်တိုင်းခြေရှိသော မြဲသောတန်တိုင်း မြဲသောတံခါးတိုင်ရှိသော တံခါးတခုတည်းသာရှိသော နယ်ခြားမြို့သည် မင်းအားရှိရာ၏၊ ထိုမြို့၌ ပညာရှိသော လိမ္မာသော ထက်မြက်သော မသိသော (သူစိမ်းပြင်ပ)တပါးသူတို့ကို တားမြစ်တတ်သော သိသော သူတို့ကို ဝင်စေတတ်သော တံခါးစောင့်သည် ရှိရာ၏။ ထိုတံခါးစောင့်သည် ထိုမြို့၏ထက်ဝန်းကျင်၌ [illegible]လမ်းကို လှည့်လည်သည်ရှိသော် တန်တိုင်းအဆက်အစပ်လပ်ရာကိုရင်း တန်တိုင်း ကျိုးပေါက် [illegible] ကြောင်ထွက်လောက်ရုံမျှကိုသော်လည်း မတွေ့ရာ။

http://www.dhammadownload.com



ထိုတံခါးစောင့်အား ဤသို့သော အကြံသည် ဖြစ်ရာ၏၊ "ခပ်သိမ်းကုန်သော ကြီးသောသတ္တဝါတို့သည် ဤမြို့သို့ဝင်သည်ဖြစ်စေ ထွက်သည်ဖြစ်စေ ဤတံခါးပေါက်ဖြင့်သာ ဝင်ကုန်ထွက်ကုန်ရာ၏" ဟု (အကြံဖြစ်ရာ၏)။

မြတ်စွာဘုရား ဤအတူသာလျှင် ဟောအပ်သောတရားအစဉ်ကို လျှောက်၍ အကျွန်ုပ်သိပါ၏။

မြတ်စွာဘုရား ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော အကြင်မြတ်စွာဘုရားတို့သည် လွန်ပြီးသောအခါ၌ ပွင့်တော်မူခဲ့ကုန်၏။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိကုန်သည်ဖြစ်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သည့်အတိုင်း ပွါးများကုန်၍ မိမိထက်လွန်သော ဉာဏ်မရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို သိတော်မူခဲ့ကုန်၏။

မြတ်စွာဘုရား ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူကုန်သော အကြင်မြတ်စွာဘုရားတို့သည် လာလတ္တံ့သောအခါ၌ ပွင့်တော်မူကုန်လတ္တံ့။ ခပ်သိမ်းသော ထိုမြတ်စွာဘုရားတို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သော စိတ်ရှိကုန်သည်ဖြစ်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သည့်အတိုင်း ပွါးများကုန်၍ မိမိထက်လွန်သော ဉာဏ်မရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို သိတော်မူကုန်လတ္တံ့။

မြတ်စွာဘုရားပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ယခုပွင့်တော်မူဆဲ မြတ်စွာဘုရားသည်လည်း စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော အပိတ်အပင်'နီဝရဏ'တရားငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာတည်သောစိတ်ရှိသည်ဖြစ်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သည့်အတိုင်း ပွါးများ၍ မိမိထက်လွန်သော ဉာဏ်မရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယခုအခါ၌ သိတော်မူ၏၊ (ဤသို့ လျှောက်၍သိပါ၏)။

၁၄၄။ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံ တရားနာရန် ချဉ်းကပ်ပါ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် အဆင့်ဆင့် မြင့်သည်ထက် မြင့်သော မြတ်သည်ထက် မြတ်သော မည်းညစ်သော 'သံကိလေသ'တရား ဖြူစင်သော 'ဝေါဒါန'တရားများ၏ (ပယ်အပ်ပယ်တတ်သည်၏ အဖြစ်ဖြင့်)ဆန့်ကျင်ဘက်ရှိသည်ကို (ပြု၍)ထိုအကျွန်ုပ်အား တရားကို ဟောတော်မူပါ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် အကြင် အကြင်အခြင်းအရာဖြင့် အကျွန်ုပ်အား အဆင့်ဆင့် မြင့်သည်ထက် မြင့်သော မြတ်သည်ထက် မြတ်သော မည်းညစ်သော 'သံကိလေသ'ဖြူစင်သော 'ဝေါဒါန'တရားတို့၏ (ပယ်အပ် ပယ်တတ်သည်၏ အဖြစ်ဖြင့်) ဆန့်ကျင်ဘက်ရှိသည်ကို (ပြု၍)

http://www.dhammadownload.com



တရားကိုဟောတော်မူပါ၏၊ ထိုထိုအခြင်းအရာအားဖြင့် ဟောအပ်သော ထိုတရား၌ အချို့(သာဝက ဉာဏ်)တရားကို ထူးသောဉာဏ်ဖြင့် သိ၍ သစ္စာတရားတို့၌ အထွတ်အထိပ်သို့ရောက်သောကြောင့် "မြတ်စွာဘုရားသည် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူအပ်၏၊ တပည့်သားသံဃာတော်သည် ကောင်းစွာ ကျင့်တော်မူ၏" ဟု နှလုံးသွင်း၍ မြတ်စွာဘုရား၌ ကြည်ညိုပါ၏။

## ကုသိုလ်တရားဒေသနာ

၁၄၅။ မြတ်စွာဘုရား ထို့ပြင်လည်း မြတ်စွာဘုရားသည် အကြင်ဒေသနာအားဖြင့် ကုသိုလ် တရားတို့၌ တရားကိုဟောတော်မူ၏၊ ထိုဒေသနာသည် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။ ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်တို့ကား ကုသိုလ်တရားတို့တည်း။ဤကုသိုလ်တရားတို့ ဟူသည် အဘယ်နည်းဟူမူ—

သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင် ခုနစ်ပါး မြတ်သောမဂ္ဂင်ရှစ်ပါးတို့တည်း။

မြတ်စွာဘုရား ဤသာသနာတော်၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သည့် (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

မြတ်စွာဘုရား ကုသိုလ်တရားတို့၌ ဤဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ မြတ်စွာဘုရားသည် ထိုဒေသနာကို အကြွင်းမဲ့ သိတော်မူ၏၊ ထိုဒေသနာကို အကြွင်းမဲ့ သိတော်မူသော မြတ်စွာဘုရားအား ပိုလွန်၍ သိအပ်သော တရားသည် မရှိ၊ ကုသိုလ် (ဗောဓိပက္ခိယ)တရားတို့၌ (အသျှင်ဘုရားတို့ မသိအပ်သော တရားကို) သိသော မြတ်စွာဘုရားထက် လွန်ကဲသော တပါးသော သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း မရှိပါ။

## အာယတနပညတ်ဒေသနာ

၁၄၆။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာအားဖြင့် အာယတနကို သိစေခြင်းတို့၌ တရားကိုဟော၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ မြတ်စွာ ဘုရား အဇ္ဈတ္တိကာယတန ဗာဟိရာယတနတို့သည် ဤခြောက်ပါးတို့ပါတည်း။

မျက်စိအကြည် 'စက္ခုပသာဒ' အဆင်း 'ရူပါရုံ'၊
နားအကြည် 'သောတပသာဒ' အသံ 'သဒ္ဒါရုံ'၊
နှာခေါင်းအကြည် 'ဃာနပသာဒ' အနံ့ 'ဂန္ဓာရုံ'၊
လျှာအကြည် 'ဇိဝှါပသာဒ' အရသာ 'ရသာရုံ'၊
ကိုယ်အကြည် 'ကာယပသာဒ' အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'၊
အသိ 'မနောဝိညာဉ်' သဘောတရား 'ဓမ္မာရုံ'တို့တည်း။

မြတ်စွာဘုရား အာယတနကို သိစေခြင်းတို့၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ ထိုဒေသနာကို မြတ်စွာဘုရားသည် အကြွင်းမဲ့ သိတော်မူ၏၊ ထိုဒေသနာကို အကြွင်းမဲ့သိ

http://www.dhammadownload.com



သော မြတ်စွာဘုရားအား (ထို့ထက်)ပိုလွန်၍ သိအပ်သော တရားသည် မရှိ၊ အာယတနကို သိစေခြင်းတို့၌ (အသျှင်ဘုရားတို့ မသိအပ်သောတရားကို)သိသောမြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း မရှိပါ။

## အမိဝမ်း၌ ပဋိသန္ဓေယူပုံဒေသနာ

၁၄၇။ မြတ်စွာဘုရား ထို့ပြင် အကြင်ဒေသနာဖြင့် မြတ်စွာဘုရားသည် အမိဝမ်းဝယ် ပဋိသန္ဓေနေခြင်းတို့၌ တရားကိုဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ မြတ်စွာဘုရား အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတို့သည် ဤလေးပါးတို့တည်း။

မြတ်စွာဘုရား ဤလူ့ပြည်၌ အချို့သူသည် မသိမူ၍ (တွေဝေလျက်) အမိဝမ်းသို့ သက်ဝင်၏၊ မသိမူ၍ (တွေဝေလျက်)အမိဝမ်း၌ တည်နေ၏၊ မသိမူ၍ (တွေဝေလျက်) အမိဝမ်းမှ ထွက်ခွါ၏၊ ဤသည်ကား ရှေးဦးစွာ အမိဝမ်း၌ ပဋိသန္ဓေ နေခြင်းတည်း။

မြတ်စွာဘုရား တဖန်ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သူသည် သိလျက် (မတွေဝေမူ၍) အမိဝမ်းသို့ သက်ဝင်၏၊ မသိမူ၍ (တွေဝေလျက်) အမိဝမ်း၌ တည်နေ၏၊ မသိမူ၍ (တွေဝေလျက်) အမိဝမ်းမှ ထွက်ခွါ၏၊ ဤသည်ကား နှစ်ကြိမ်မြောက် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သူသည် သိလျက် (မတွေဝေမူ၍) အမိဝမ်းသို့ သက်ဝင်၏၊ သိလျက် (မတွေဝေမူ၍) အမိဝမ်း၌ တည်နေ၏၊ မသိမူ၍ (တွေဝေလျက်) အမိဝမ်းမှ ထွက်ခွါ၏၊ ဤသည်ကား သုံးကြိမ်မြောက် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သူသည် သိလျက် (မတွေဝေမူ၍) အမိဝမ်းသို့သက်ဝင်၏၊ သိလျက်(မတွေဝေမူ၍) အမိဝမ်း၌ တည်နေ၏၊ သိလျက်(မတွေဝေမူ၍) အမိဝမ်းမှ ထွက်ခွါ၏၊ ဤသည်ကား လေးကြိမ်မြောက် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။ မြတ်စွာဘုရား အမိဝမ်း၌ပဋိသန္ဓေနေခြင်းတို့၌ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## တိုက်ရိုက်ညွှန်းခြင်း အစီအရင်ဒေသနာ

၁၄၈။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် တရားကိုဟော၏၊ သူတပါး၏ စိတ်ကို ထုတ်ဖော်ပြောဆိုခြင်း အစီအရင်တို့၌ ဖြစ်၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။ မြတ်စွာဘုရား ဤဆိုလတ္တံ့သည်တို့ကား သူတပါး၏ စိတ်ကို ထုတ်ဖော်ပြောဆိုခြင်း အစီအရင်လေးပါးတို့တည်း။

မြတ်စွာဘုရား ဤလူ့ပြည်၌ အချို့သူသည် နိမိတ်ဖြင့် "သင်၏ စိတ်သည် ဤသို့ ကြံနေ၏၊ သင်၏စိတ်၌ ဤသို့ အကြံရှိ၏၊ သင်၏စိတ်သည် ဤသို့ သဘောရှိ၏" ဟု ညွှန်း၏။ ထိုသူသည် များစွာ ဟောစေကာမူ ထိုအကြောင်းသည် ဟောသည့်အတိုင်းသာလျှင် ဖြစ်၏ (မှန်၏)၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ် (အမှားမရှိ)၊ ဤသည်ကား ရှေးဦးစွာသော တိုက်ရိုက်ဟောခြင်း အစီအရင်တည်း။

http://www.dhammadownload.com



မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သူသည် နိမိတ်ဖြင့်မဟော။ စင်စစ်သော်ကား လူတို့၏ငှင်း ဘီလူးရက္ခိုသ်တို့၏ငှင်း နတ်တို့၏ငှင်း အသံကိုကြား၍ "သင်၏ စိတ်သည် ဤသို့ ကြံနေ၏၊ သင်၏စိတ်၌ ဤသို့ အကြံရှိ၏၊ သင်၏စိတ်သည် ဤသို့သဘော၏"ဟု တိုက်ရိုက်ဟော၏၊ ထိုသူသည် များစွာဟောစေကာမူ ထိုအကြောင်းသည် ထိုဟောသည့်အတိုင်းသာလျှင် ဖြစ်၏ (မှန်၏)၊ တပါးသောအခြင်းအရာအားဖြင့် မဖြစ် (အမှားမရှိ)၊ဤသည်ကား နှစ်ကြိမ်မြောက် တိုက်ရိုက်ဟောခြင်း အစီအရင်တည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သူသည် နိမိတ်ဖြင့်လည်း မဟော၊ လူ ဘီလူး ရက္ခိုသ် နတ်ဘို၏ အသံကို နားထောင်၍လည်း မဟော၊ စင်စစ်သော်ကား ကြံစည်စဉ်းစားသောသူ၏ ပျံ့လွင့်သော အကြံအစည်ကြောင့် ဖြစ်သောအသံကို ကြား၍ "သင်၏ စိတ်သည် ဤသို့ ကြံနေ၏၊ သင်၏ စိတ်၌ ဤသို့ အကြံရှိ၏၊သင်၏ စိတ်သည် ဤသို့ သဘောရှိ၏"ဟု တိုက်ရိုက်ဟော၏။ ထိုသူသည် များစွာဟောစေကာမူ ထိုအကြောင်းသည် ထိုဟောသည့်အတိုင်းသာလျှင် ဖြစ်၏ (မှန်၏)၊ တပါးသောအခြင်းအရာအားဖြင့် မဖြစ် (အမှားမရှိ)၊ ဤသည်ကား သုံးကြိမ်မြောက် တိုက်ရိုက်ဟောခြင်း အစီအရင်တည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သူသည် နိမိတ်ဖြင့်လည်းမဟော၊ လူ ဘီလူး ရက္ခိုသ် နတ်ဘို၏ အသံကို နားထောင်၍ လည်း မဟော၊ ကြံစည်စဉ်းစားသောသူ၏ ပျံ့လွင့်သော အကြံအစည်ကြောင့် ဖြစ်သော အသံကို နားထောင်၍လည်းမဟော၊ စင်စစ်သော်ကား ကြံစည် ခြင်း 'ဝိတက်'ဆင်ခြင်ခြင်း 'ဝိစာရ'မှ ကင်းသော သမာဓိသို့ရောက်သော ပုဂ္ဂိုလ်၏ စိတ်ဖြင့် (သူတပါး၏) စိတ်သို့ ပိုင်းခြား၍ "ဤအသျှင်သည် (နီဝရဏတို့ကို ပယ်ဖျောက်၍) မနောသင်္ခါရ (ဝေဒနာသညာ)တို့ကို ကောင်းစွာ ထားအပ်သည့်အတိုင်း ဤ(ဘာဝနာ)စိတ်၏ အခြားမဲ့၌ ဤ မည်သော (ပဌမစျာန်စသည့်) စိတ်ကို ဖြစ်စေလတ္တံ့"ဟု သိ၏။ ထိုသူသည် များစွာဟောစေကာမူ ထိုအကြောင်းသည် ထိုဟောသည့်အတိုင်းသာလျှင် ဖြစ်၏ (မှန်၏)၊ တပါးသော အခြင်းအရာ အားဖြင့် မဖြစ် (အမှားမရှိ)၊ ဤသည်ကား လေးကြိမ်မြောက် တိုက်ရိုက်ဟောခြင်း အစီအရင်တည်း။ မြတ်စွာဘုရား တိုက်ရိုက်ဟောခြင်း အစီအရင်တို့၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## ဉာဏ်အမြင်သို့ ရောက်ခြင်းဒေသနာ

၁၄၉။ မြတ်စွာဘုရား မြတ်စွာဘုရားသည် ဉာဏ်အမြင်(ဈာန်မဂ် အဆင့်ဆင့်)သို့ ရောက်ခြင်း တို့၌ အကြင်ဒေသနာအားဖြင့် တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ မြတ်စွာဘုရား ဉာဏ်အမြင် (ဈာန်မဂ်အဆင့်ဆင့်)သို့ ရောက်ခြင်းတို့သည် ဤလေးပါး တို့တည်း။

မြတ်စွာဘုရား ဤလူ့ပြည်၌ အချို့သော သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း လုံ့လကို စွဲ၍ ဝီရိယကိုစွဲ၍ အားထုတ်ခြင်းကို စွဲ၍ မမေ့မလျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်း ခြင်းကို စွဲ၍ ထို(ကောဋ္ဌာသကို သိခြင်း)အား လျောက်ပတ်သော ပဌမစျာန် သမာဓိကို ရ၏၊ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ခြေဘဝါးအပြင်မှ အထက်၌၊ ဆံဖျားမှ အောက်၌၊ အရေပါး အဆုံးရှိ သော အထူးထူး အပြားပြားသော အညစ်အကြေးဖြင့် ပြည့်သော ဤကိုယ်ကိုသာလျှင် ဆင်ခြင်၏။

http://www.dhammadownload.com



"ဤငါ၏ကိုယ်၌ ဆံ အမွေး လက်သည်း ခြေသည်း သွား အရေ အသား အကြော အရိုး ခြင်ဆီ အညှို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်တို့သည် ရှိကုန်၏" ဟု (စူးစိုက်ဆင်ခြင်၏)။ ဤသည်ကား (ဆံအစရှိသည်ကို စက်ဆုပ်ဖွယ် ဟု ရှုသဖြင့် ဖြစ်သော) ရှေးဦး စွာသော ဉာဏ်အမြင် (ဈာန်မဂ် အဆင့်ဆင့်)သို့ ရောက်ခြင်းတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလောက၌ အချို့သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍။ပ။ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏၊ ယင်းသို့ စိတ် တည်ကြည်လတ်သော် ခြေဘဝါးအပြင်မှ အထက်၌၊ ဆံဖျားမှ အောက်၌၊ အရေပါး အဆုံးရှိသော အထူးထူးအပြားပြားသော အညစ်အကြေးဖြင့်ပြည့်သော ဤကိုယ်ကိုသာလျှင် စူးစိုက်ဆင်ခြင်၏။

"ဤ ငါ၏ ကိုယ်၌ ဆံအမွေး ခြေသည်း လက်သည်း။ပ။ အစေး ကျင်ငယ်တို့သည် ရှိကုန်၏" ဟု (စူးစိုက်ဆင်ခြင်၏)။ ပုဂ္ဂိုလ်၏ အရေ အသား အသွေး ကို လွန်၍လည်း အရိုးကို ဆင်ခြင်၏။ ဤ သည်ကား (အရိုးကို စက်ဆုပ်ဖွယ် ဟု ရှုသဖြင့် ဖြစ်သော) နှစ်ခုမြောက်သော ဉာဏ်အမြင် (ဈာန်မဂ်အဆင့်ဆင့်)သို့ ရောက်ခြင်းတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလောက၌ အချို့သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍။ပ။ ထိုသို့သဘောရှိသော စိတ်တည်ကြည်မှုကိုရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ခြေဘဝါးအပြင်မှ အထက်၌၊ ဆံဖျားမှအောက်၌၊ အရေပါး အဆုံးရှိသော အထူးထူးအပြားပြားသော အညစ်အကြေးဖြင့် ပြည့်သော ဤကိုယ်ကိုသာလျှင် စူးစိုက် ဆင်ခြင်၏။

"ဤ ငါ၏ ကိုယ်၌ ဆံအမွေး။ပ။ အစေးကျင်ငယ်တို့သည် ရှိကုန်၏" ဟု (စူးစိုက် ဆင်ခြင်၏)။ ပုဂ္ဂိုလ်၏ အရေ အသား အသွေး ကိုလွန်၍လည်း အရိုးကို ဆင်ခြင်၏။ ဤပစ္စုပ္ပန်လောက၌၎င်း တမလွန်လောက၌၎င်း တည်သော နှစ်ပါးစုံအားဖြင့် မပြတ်သောပုဂ္ဂိုလ်၏ ဝိညာဉ်ကိုလည်း သိ၏၊ ဤသည်ကား သုံးကြိမ်မြောက် ဉာဏ်အမြင် (ဈာန်မဂ်အဆင့်ဆင့်)သို့ ရောက်ခြင်းတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလောက၌ အချို့သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍။ပ။ ထိုသို့သဘောရှိသော စိတ်တည်ကြည်မှုကိုရ၏၊ ယင်းသို့ စိတ် တည်ကြည်လတ်သော် ခြေဘဝါးအပြင်မှ အထက်၌၊ ဆံဖျားမှအောက်၌ အရေပါး အဆုံးရှိသော အထူး ထူး အပြားပြားသော အညစ်အကြေးဖြင့်ပြည့်သော ဤကိုယ်ကိုသာလျှင် စူးစိုက်ဆင်ခြင်၏၊ "ဤ ငါ၏ ကိုယ်၌ ဆံအမွေး။ပ။ အစေး ကျင်ငယ်တို့သည် ရှိကုန်၏" ဟု (စူးစိုက်ဆင်ခြင်၏)။ ပုဂ္ဂိုလ်၏ အရေ အသား အသွေးကို လွန်၍လည်း အရိုးကို စူးစိုက် ဆင်ခြင်၏၊ ဤပစ္စုပ္ပန် လောက၌၎င်း တမလွန်လောက၌၎င်း မတည်သော နှစ်ပါးစုံအားဖြင့် ပြတ်သော ပုဂ္ဂိုလ်၏ ဝိညာဉ် ကိုလည်း သိ၏။ ဤသည်ကား လေးကြိမ်မြောက် ဉာဏ်အမြင် (ဈာန်မဂ်အဆင့်ဆင့်)သို့ ရောက် ခြင်းတည်း။ မြတ်စွာဘုရား ဉာဏ်အမြင် (ဈာန်မဂ်အဆင့်ဆင့်)သို့ ရောက်ခြင်းတို့၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

http://www.dhammadownload.com



## ပုဂ္ဂိုလ်ကိုပညတ်ခြင်း ဒေသနာ

၁၅၀။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် ပုဂ္ဂိုလ်ကို သိစေခြင်းတို့၌ တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ပုဂ္ဂိုလ်တို့သည် ဤခုနစ်ပါးတို့တည်း။

အရူပသမာပတ် မဂ်ပညာနှစ်ပါးစုံဖြင့် ကိလေသာမှ လွတ်မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်၊ မဂ်ပညာဖြင့်သာ ကိလေသာမှ လွတ်မြောက်သော 'ပညာဝိမုတ္တ'ပုဂ္ဂိုလ်၊ နာမကာယဖြင့် ဝိမောက္ခရှစ်ပါးသို့ ရောက်၍ နိရောဓသစ္စာကို မျက်မှောက်ပြုသော 'ကာယသက္ခိ'ပုဂ္ဂိုလ်၊ ဤကား ဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါးတရားကို ကောင်းစွာသိခြင်းသို့ရောက်သော 'ဒိဋ္ဌိပတ္တ' ပုဂ္ဂိုလ်၊ ဤကား ဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါးတရားကို သက်ဝင်ယုံကြည်၍ ကိလေသာမှ လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ'ပုဂ္ဂိုလ်၊ ပညာရှေ့ဆောင်၍ အရိယမဂ်ကို ဖြစ်စေသော 'ဓမ္မာနုသာရီ'ပုဂ္ဂိုလ်၊ သဒ္ဓါရှေ့ဆောင်၍ အရိယမဂ်ကိုဖြစ်စေသော 'သဒ္ဓါနုသာရီ'ပုဂ္ဂိုလ် (ဤခုနစ်ပါးတို့တည်း)။

မြတ်စွာဘုရား ပုဂ္ဂိုလ်ကို သိစေခြင်းတို့၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## ပဓာနဗောဇ္ဈင် ဒေသနာ

၁၅၁။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင် ဒေသနာဖြင့် ပဓာန ဟူကုန်သော မဂ်ဉာဏ်၏ အကြောင်းဖြစ်ကုန်သော ဗောဇ္ဈင်တရားတို့၌ တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ဗောဇ္ဈင်တရားတို့သည် ဤခုနစ်ပါးတို့တည်း။

မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အောက်မေ့ခြင်း 'သတိသမ္ဗောဇ္ဈင်'၊ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော တရားသဘောကို စူးစမ်းဆင်ခြင်ခြင်း 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အားထုတ်ခြင်း 'ဝီရိယသမ္ဗောဇ္ဈင်'၊ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိသမ္ဗောဇ္ဈင်'၊ မဂ်ဉာဏ်၏အကြောင်းဖြစ်သော ကိုယ်စိတ်၏ ငြိမ်းအေးခြင်း 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'၊ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော တည်ကြည်ခြင်း 'သမာဓိသမ္ဗောဇ္ဈင်'၊ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အညီအမျှရှုခြင်း 'ဥပေက္ခာသမ္ဗောဇ္ဈင်' (ဤခုနစ်ပါးတို့တည်း)။

မြတ်စွာဘုရား ပဓာန ဟူကုန်သော မဂ်ဉာဏ်၏ အကြောင်း ဖြစ်ကုန်သော ဗောဇ္ဈင်တရားတို့၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## အကျင့်ပဋိပဒါ ဒေသနာ

၁၅၂။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် 'ပဋိပဒါ'တို့၌ တရားကို ဟောတော်မူ၏၊ ဤဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ပဋိပဒါတို့သည် ဤလေးပါးတို့တည်း။

ဆင်းရဲစွာကျင့်ရ၍ နှေးသောအသိဉာဏ် ဖြစ်ပေါ်သော 'ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ'၊ ဆင်းရဲစွာ ကျင့်ရသော်လည်း လျင်သော အသိဉာဏ် ဖြစ်ပေါ်သော 'ဒုက္ခပဋိပဒါခိပ္ပါဘိညာ'၊ ချမ်းသာစွာ ကျင့်ရသော်လည်း နှေးသော အသိဉာဏ် ဖြစ်ပေါ်သော 'သုခပဋိပဒါ ဒန္ဓာဘိညာ'၊ ချမ်းသာစွာ ကျင့်ရ၍ လျင်သော အသိဉာဏ် ဖြစ်ပေါ်သော 'သုခပဋိပဒါခိပ္ပါဘိညာ'၊ (ဤလေးပါးတို့တည်း)။

မြတ်စွာဘုရား ထို(ပဋိပဒါလေးပါး)တို့တွင် အကြင်ပဋိပဒါသည် ဆင်းရဲ၏၊ အသိဉာဏ်သည် နှေး၏၊ မြတ်စွာဘုရား ဤပဋိပဒါကို ဆင်းရဲသည်၏ အဖြစ်ကြောင့်ငှင်း နှေးသည်၏ အဖြစ်ကြောင့် ငှင်း နှစ်ပါးစုံသော အကြောင်းကြောင့်ပင် ယုတ်ညံ့၏ ဟူ၍ ဆိုအပ်၏။

မြတ်စွာဘုရား ထို(ပဋိပဒါလေးပါး)တို့တွင် အကြင် ပဋိပဒါသည် ဆင်းရဲ၏၊ အသိဉာဏ်သည် လျင်၏၊ မြတ်စွာဘုရား ဤပဋိပဒါကို ဆင်းရဲသည်၏ အဖြစ်ကြောင့် ယုတ်ညံ့၏ ဟူ၍ ဆိုအပ်၏။

မြတ်စွာဘုရား ထို(ပဋိပဒါလေးပါး)တို့တွင် အကြင် ပဋိပဒါသည် ချမ်းသာ၏၊ အသိဉာဏ်သည် နှေး၏၊ မြတ်စွာဘုရား ဤပဋိပဒါကို နှေးသည်၏ အဖြစ်ကြောင့် ယုတ်ညံ့၏ ဟူ၍ ဆိုအပ်၏။

မြတ်စွာဘုရား ထို(ပဋိပဒါလေးပါး)တို့တွင် အကြင် ပဋိပဒါသည် ချမ်းသာ၏၊ အသိဉာဏ် လျင်၏၊ မြတ်စွာဘုရား ဤပဋိပဒါကို ချမ်းသာသည်၏ အဖြစ်ကြောင့်ငှင်း လျင်သည်၏ အဖြစ်ကြောင့် ငှင်း နှစ်ပါးစုံသော အကြောင်းကြောင့် မြင့်မြတ်၏ ဟူ၍ ဆိုအပ်၏။

မြတ်စွာဘုရား နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ပဋိပဒါတို့၌ ထိုဒေသနာသည် မိမိထက် အလွန် အကဲမရှိ မြင့်မြတ်ပါ၏။

## နှုတ်အကျင့် ပဋိပဒါဒေသနာ

၁၅၃။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် ကောင်းသောနှုတ် အကျင့်၌ တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ဤလောက၌ အချို့သူသည် မုသာဝါဒနှင့်စပ်သော စကားကို မဆို၊ ကွဲပြား စေတတ်သော စကားကို မဆို၊ ဂုံးချောသော စကားကို မဆို၊ အမျက်ညှိုးဆဲချုပ်ချယ်သော စကား ကိုမဆို၊ အောင်နိုင်ခြင်းသို့ ရွေရှုသည်ဖြစ်၍ မဆို၊ ပညာဖြင့် ဆင်ခြင်၍ နှလုံး၌ ထားသင့်သော စကားကို လျောက်ပတ်သောအခါ၌ ဆို၏။

မြတ်စွာဘုရား ကောင်းသောနှုတ်အကျင့်၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့် မြတ်ပါ၏။

## လူတို့၏ အကျင့် သီလဒေသနာ

မြတ်စွာဘုရား မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် လူတို့၏ သီလအကျင့်၌ တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ဤလောက၌ အချို့သူသည် မှန်သောစကား ရှိသည်လည်း ဖြစ်ရာ၏၊ သဒ္ဓါနှင့် ပြည့်စုံသည်လည်း ဖြစ်ရာ၏၊ လာဘ်အလို့ငှါ အံ့ဖွယ်ကိုလည်း မဖြစ်စေတတ်၊ မြှောက်ပင့်၍လည်း

http://www.dhammadownload.com



မပြောတတ်၊ အရိပ်အခြည်လည်း မပြတတ်၊ အတင်းအကြပ်လည်း မပြုတတ်၊ လာဘ်ဖြင့် လာဘ်ကို လည်း မရှာမှီးတတ်၊ ဣန္ဒြေတို့၌ ပိတ်ထားသောတံခါးရှိ၏၊ အစာ၌ အတိုင်းအရှည်ကိုသိ၏၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် ဖြောင့်မတ်စွာကျင့်လေ့ရှိ၏၊ နိုးကြားခြင်း၌ ဘာဝနာနှင့် အမြဲယှဉ်လျက်နေ၏၊ ပျင်းရိထိုင်းမှိုင်းခြင်း မရှိ၊ ပြင်းစွာ အားထုတ်အပ်သော လုံ့လရှိ၏၊ ဈာန်ဝင်စားလေ့ရှိ၏၊ သတိရှိ၏၊ သာယာသောစကားရှိ၏၊ မရောက်သေးသော တရားကို ရောက်စေနိုင်သော ပညာရှိ၏၊ သင်ဘူး ကြားဘူးသော တရားကို ဆောင်စွမ်းနိုင်သော ပညာရှိ၏၊ ချိန်ဆနိုင်သော ပညာရှိ၏၊ ကာမတို့၌ မတပ်မက်၊ သတိနှင့်လည်း ပြည့်စုံ၏၊ ရင့်ကျက်သော ပညာနှင့်လည်း ပြည့်စုံ၏။

မြတ်စွာဘုရား လူတို့၏ သီလအကျင့်၌ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ် ပါ၏။

## ဆုံးမနည်း ဒေသနာ

၁၅၄။ မြတ်စွာဘုရား ထို့ပြင် အကြင်ဒေသနာဖြင့် မြတ်စွာဘုရားသည် ဆုံးမနည်းတို့၌ တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ဆုံးမနည်းတို့သည် ဤလေးပါးတို့တည်း။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက် မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏လည်း ခေါင်းပါးသောကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသော ပုဂ္ဂိုလ် ကို "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဘို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘော မရှိသော အနာဂါမ် ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသော ပုဂ္ဂိုလ် ကို "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သည့် (အရ ဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ ပြည့်စုံစေ၍ နေသော ရဟန္တာ ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား ဆုံးမနည်းတို့၌ ထိုဒေသနာသည် မိမိထက် အလွန် အကဲမရှိ မြင့်မြတ်ပါ၏။

http://www.dhammadownload.com



## တပါးသူတို့ ထွတ်မြောက်သောဥာဏ် ဒေသနာ

၁၅၅။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် တပါးသော ပုဂ္ဂိုလ်တို့၏ မဂ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်သောဥာဏ်၌ တရားကို ဟောတော်မူ၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက် မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် (ဘ)ပါးသော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ခြင်းကြောင့် တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ'တို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်းအဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်(ဗြဟ္မာ့ဘုံ၌)ဥပပါတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ် ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား မြတ်စွာဘုရားသည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သည့် (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသော ဥာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေသော ရဟန္တာ ဖြစ်လတ္တံ့" ဟု သိ၏။

မြတ်စွာဘုရား တပါးသော ပုဂ္ဂိုလ်တို့၏ ထိုထိုမဂ်ဖြင့် ကိလေသာတို့မှ လွတ်သောဥာဏ်၌ ထို ဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## သဿတဝါဒ ဒေသနာ

၁၅၆။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် သဿတအယူဝါဒတို့၌ တရားကိုဟော၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်၏ပါ။

မြတ်စွာဘုရား သဿတ အယူဝါဒတို့သည် ဤသုံးမျိုးတို့တည်း—

မြတ်စွာဘုရား ဤလူ့ပြည်၌ အချို့သောသမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍။ပ။ ထိုသို့သဘောရှိသော စတုတ္ထစျာန်သမာဓိကို ရ၏။ ယင်းသို့ (စတုတ္ထစျာန်သမာဓိဖြင့်) စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌နေဘူးသောဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

http://www.dhammadownload.com



တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း ဘဝရာပေါင်းများစွာတို့ကိုင်း ဘဝထောင်ပေါင်းများစွာတို့ကိုင်း ဘဝသိန်းပေါင်းများစွာတို့ကိုင်း "ထို (ဘဝ)၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သောအသက်အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏။

ထိုသူသည် ဤသို့ ဆို၏—

"လောကသည် ပျက်လည်းပျက်ခဲ့၏၊ ဖြစ်လည်းဖြစ်ခဲ့၏ ဟု အတိတ်ကာလကိုလည်း ငါသိ၏၊ လောကသည် ပျက်လည်းပျက်လတ္တံ့၊ ဖြစ်လည်းဖြစ်လတ္တံ့ ဟု အနာဂတ်ကာလကိုလည်း ငါသိ၏။ အတ္တသည်၎င်း လောကသည်၎င်း မြဲ၏ မြဲ၏၊ တောင်ထွတ်ကဲ့သို့တည်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထိုသတ္တဝါတို့သည်ပင်လျှင် တဘဝမှ တဘဝသို့ ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသောအရာတို့နှင့်တူစွာ အမြဲရှိနေသည်သာတည်း" ဟု (ဆို၏)။ ဤကား ရှေးဦးစွာသော သဿတဝါဒတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍။ပ။ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်း (စတုတ္ထစျာန်) သမာဓိကို ရ၏၊ ယင်းသို့ (စတုတ္ထစျာန်)သမာဓိဖြင့် စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

တခုသော ပျက်ကပ် ဖြစ်ကပ်ကိုင်း နှစ်ခုသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း သုံးခုသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း လေးခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း ငါးခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း ဆယ်ခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း "ထို(ဘဝ)၌ (ငါသည်)ဤသို့သောအမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သောအစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏" ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏။

ထိုသူသည် ဤသို့ ဆို၏—

"လောကသည် ပျက်လည်းပျက်ခဲ့၏၊ ဖြစ်လည်း ဖြစ်ခဲ့၏ ဟု အတိတ်ကာလကိုလည်း ငါသိ၏၊ လောကသည် ပျက်လည်းပျက်လတ္တံ့၊ ဖြစ်လည်း ဖြစ်လတ္တံ့ ဟု အနာဂတ်ကာလကိုလည်း ငါသိ၏။ အတ္တသည်၎င်း လောကသည်၎င်း မြဲ၏ မြဲ၏၊ တောင်ထွတ်ကဲ့သို့တည်၏၊ ခိုင်မြဲသော တံခါး

http://www.dhammadownload.com



တိုင်ကဲ့သို့ တည်၏၊ ထိုသတ္တဝါတို့သည်ပင်လျှင် တဘဝမှ တဘဝသို့ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်)မြဲသောအရာတို့နှင့်တူစွာ အမြဲရှိနေသည်သာတည်း" ဟု (ဆို၏)။ မြတ်စွာဘုရား ဤကား နှစ်ခုမြောက်သော သဿတဝါဒတည်း။

မြတ်စွာဘုရား တဖန် ထို့ပြင်လည်း ဤလူ့ပြည်၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍။ပ။ ထိုသို့သဘောရှိသော စိတ်၏ တည်ကြည်ခြင်း (စတုတ္ထစျာန်) သမာဓိကိုရ၏။ ယင်းသို့ (စတုတ္ထစျာန်) သမာဓိဖြင့် စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏။ ဤသည်တို့ကား အဘယ်နည်း—

ဆယ်ခုသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်၎င်း နှစ်ဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း သုံးဆယ်သော ပျက်ကပ် ဖြစ်ကပ်တို့ကို၎င်း လေးဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း "ထိုဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏" ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည် အနွယ်နှင့်တကွ များပြားသော ရှေး၌နေဘူးသောဘဝကို အောက်မေ့နိုင်၏။

ထိုသူသည် ဤသို့ဆို၏—

'လောကသည် ပျက်လည်းပျက်ခဲ့၏၊ ဖြစ်လည်း ဖြစ်ခဲ့၏ ဟု အတိတ်ကာလကိုလည်း ငါသိ၏၊ လောကသည် ပျက်လည်း ပျက်လတ္တံ့၊ ဖြစ်လည်း ဖြစ်လတ္တံ့ ဟု အနာဂတ်ကာလကိုလည်း ငါသိ၏။ အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့တည်၏၊ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့ တည်၏။ ထိုသတ္တဝါတို့သည်ပင်လျှင် တဘဝမှ တဘဝသို့ ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသောအရာတို့နှင့်တူစွာ အမြဲရှိနေသည်သာတည်း ဟု (ဆို၏)။ မြတ်စွာဘုရား ဤကား သုံးခုမြောက်သော သဿတဝါဒတည်း။

မြတ်စွာဘုရား သဿတဝါဒတို့၌ မြတ်စွာဘုရားဟောကြားသော ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒေသနာ

၁၅၇။ မြတ်စွာဘုရား ထို့ပြင် မြတ်စွာဘုရားသည် ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်၌ အကြင်ဒေသနာဖြင့် တရားကို ဟော၏၊ ဤဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍။ပ။ ထိုသို့သဘောရှိသော စိတ်၏တည်ကြည်ခြင်း (စတုတ္ထစျာန်)သမာဓိကို ရ၏၊ ယင်းသို့ (စတုတ္ထစျာန်သမာဓိဖြင့်)စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

http://www.dhammadownload.com



တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များစွာသော ပျက်ကပ်တို့ကိုရင်း များစွာသော ဖြစ်ကပ်တို့ကိုရင်း များစွာသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း "ထို(ဘဝ)၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏။ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်ခဲ့၏" ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ နေခဲ့ဘူးသော ဘဝကို အောက်မေ့နိုင်၏။

မြတ်စွာဘုရား အသက်ကို ဂဏန်းချ၍ ရေတွက်ခြင်းအားဖြင့်ရင်း စိတ်ဖြင့် ရေတွက်ခြင်းအားဖြင့်ရင်း အကြင်ဗြဟ္မာတို့၏ အသက်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ကုန်၊ ထိုဗြဟ္မာတို့သည် ရှိပါကုန်၏။ စင်စစ်သော်ကား ရုပ်ရှိသောဘဝ (အတ္တဘော)၌ဖြစ်စေ နာမ်ရှိသောဘဝ (အတ္တဘော)၌ ဖြစ်စေ သညာရှိသောဘဝ (အတ္တဘော)၌ ဖြစ်စေ သညာမရှိသောဘဝ (အတ္တဘော)၌ဖြစ်စေ ထင်ရှားသော သညာကား မရှိ သိမ်မွေ့သောသညာ မရှိသည် မဟုတ်သောဘဝ (အတ္တဘော)၌ ဖြစ်စေ အကြင် အကြင် (ဘဝ)အတ္တဘော၌ အကယ်၍ နေခဲ့ဘူးသည်ဖြစ်အံ့၊ (ဤသို့ဖြစ်သော်) ထိုထိုဘဝ (အတ္တဘော)၌ ဤသို့ ဤသို့သော အမည်ရှိခဲ့၏ စသည်ဖြင့် အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌နေခဲ့ဘူးသောဘဝကို အောက်မေ့နိုင်၏။

မြတ်စွာဘုရား ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာ နုဿတိ' ဉာဏ်၌ မြတ်စွာဘုရား ဟောကြားခဲ့သော ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## စုတူပပါတဉာဏ် ဒေသနာ

၁၅၈။ မြတ်စွာဘုရား ထို့ပြင် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ' ဉာဏ်၌ မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် တရားကိုဟော၏၊ ဤဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

မြတ်စွာဘုရား ဤလောက၌ အချို့သော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍။ပ။ ထိုစုတူပပါတဉာဏ်အား လျောက်ပတ်သော (စတုတ္ထဈာန်)သမာဓိကိုရ၏၊ ယင်းသို့(စတုတ္ထဈာန် သမာဓိဖြင့်)စိတ်သည် တည်ကြည်လတ်သော်(တည်မြဲသောအယူ ပြတ်စဲသောအယူတို့မှ)စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါတို့ကို မြင်၏၊ ယုတ်ကုန်သော မြတ်ကုန်သော အဆင်းလှကုန်သော အဆင်းမလှကုန်သော ကောင်းသောလားရာရှိကုန်သော မကောင်းသောလားရာ ရှိကုန်သော ကံအားလျော်စွာ ဖြစ်ပေါ်ကုန်သော သတ္တဝါတို့ကိုသိ၏၊ "အသျှင်တို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစ္စရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစ္စရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'မနော ဒုစ္စရိုက်' နှင့် ပြည့်စုံကုန်၏။ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊

http://www.dhammadownload.com



မှားသောအယူဖြင့် ပြုသောကံရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။အသျှင်တို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသောကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသောကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏" ဟု သိ၏။

ဤနည်းဖြင့် (တည်မြဲသောအယူ ပြတ်စဲသောအယူတို့မှ) စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါတို့ကို မြင်၏၊ ယုတ်ကုန်သော မြတ်ကုန်သော အဆင်းလှကုန်သော အဆင်းမလှကုန်သော ကောင်းသော လားရာရှိကုန်သော မကောင်းသောလားရာရှိကုန်သော ကံအားလျော်စွာ ဖြစ်ပေါ်ကုန်သော သတ္တဝါတို့ကို သိ၏။

မြတ်စွာဘုရား သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ' ဉာဏ်၌ မြတ်စွာဘုရား ဟောကြားတော်မူသော ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏။

## ဉက္ကဋ္ဌိတ္ထိမ ဒေသနာ

၁၅၉။ မြတ်စွာဘုရား ထို့ပြင် တန်ခိုးအစီအရင်တို့၌ မြတ်စွာဘုရားသည် အကြင်ဒေသနာဖြင့် တရားကိုဟော၏၊ ထိုဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ မြတ်စွာဘုရား တန်ခိုး အစီအရင်တို့သည် ဤနှစ်ပါးတို့ပါတည်း။

မြတ်စွာဘုရား "အပြစ်နှင့်တကွဖြစ်သော ဘေးရန်နှင့်တကွဖြစ်သော မြတ်၏"ဟု မဆိုအပ်သော တန်ခိုးသည် ရှိ၏။

မြတ်စွာဘုရား "အပြစ်နှင့် တကွ မဖြစ်သော ဘေးရန်နှင့်တကွမဖြစ်သော မြတ်၏" ဟု ဆိုအပ် သော တန်ခိုးသည် ရှိ၏။

မြတ်စွာဘုရား "အပြစ်နှင့်တကွဖြစ်သော ဘေးရန်နှင့်တကွဖြစ်သော မြတ်၏"ဟု မဆိုအပ်သော တန်ခိုးသည် အဘယ်ပါနည်း။

မြတ်စွာဘုရား ဤလူ့ပြည်၌ အချို့သောသမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ် ခြင်းကို စွဲ၍။ပ။ ထိုသို့သဘောရှိသော (စတုတ္ထဈာန်)သမာဓိကို ရ၏၊ ယင်း(စတုတ္ထဈာန် သမာဓိ ဖြင့်) စိတ်သည် တည်ကြည်လတ်သော် များပြားသော တန်ခိုးအစီအရင်ကို ခံစား၏။

တယောက်ဘည်းဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများ ဖြစ်လျက်လည်း တယောက် တည်း ဖြစ်လာ၏၊ ကိုယ်ထင်ရှား ဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင် တဖက်ကို မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏။ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိ သော ငှက်ကဲ့သို့သွား၏။ ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့်

http://www.dhammadownload.com



သုံးသပ်၏ ဆုပ်ကိုင်၏။ ပြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။ မြတ်စွာဘုရား ဤကား အပြစ်နှင့်တကွဖြစ်သော ဘေးရန်နှင့်တကွဖြစ်သော မြတ်၏ဟု မဆိုအပ်သော တန်ခိုးပါတည်း။

မြတ်စွာဘုရား "အပြစ်မရှိသော ဘေးရန်မရှိသော မြတ်၏" ဟု ဆိုအပ်သော တန်ခိုးကား အဘယ်ပါနည်း။

မြတ်စွာဘုရား ဤလောက၌ ရဟန်းသည် "စက်ဆုပ်ဖွယ် အာရုံ၌ မစက်ဆုပ်ဖွယ် ဟု အမှတ်ရှိသည်ဖြစ်၍ နေအံ့" ဟု အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ထိုစက်ဆုပ်ဖွယ်အာရုံ၌ မစက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏ [၁]။

"မစက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ် ဟု အမှတ်ရှိသည်ဖြစ်၍ နေအံ့" ဟု အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ထိုမစက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ် ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏ [၂]။

"စက်ဆုပ်ဖွယ်အာရုံ၌၎င်း မစက်ဆုပ်ဖွယ်အာရုံ၌၎င်း စက်ဆုပ်ဖွယ် မဟုတ် ဟု အမှတ်ရှိသည် ဖြစ်၍ နေအံ့" ဟု အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ထိုစက်ဆုပ်ဖွယ်အာရုံ မစက်ဆုပ်ဖွယ်အာရုံ၌ မစက်ဆုပ်ဖွယ် ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏။

"စက်ဆုပ်ဖွယ်အာရုံ၌၎င်း မစက်ဆုပ်ဖွယ်အာရုံ၌၎င်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေအံ့" ဟု အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ထိုစက်ဆုပ်ဖွယ်အာရုံ မစက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေ၏။

"စက်ဆုပ်ဖွယ်အာရုံ မစက်ဆုပ်ဖွယ်အာရုံ ထိုနှစ်ပါးစုံကိုကြဉ်၍ အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက် နေအံ့" ဟု အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ထိုနှစ်ပါးစုံသော အာရုံ၌ အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက်နေ၏ [၃]။

မြတ်စွာဘုရား ဤကား "အပြစ်မရှိသော ဘေးရန်မရှိသော မြတ်၏" ဟု ဆိုအပ်သော တန်ခိုး ပါတည်း။

မြတ်စွာဘုရား တန်ခိုးအစီအရင် 'ဣဒ္ဓိဝိဓ'တို့၌ မြတ်စွာဘုရားဟောကြားတော်မူသော ထို ဒေသနာသည် မိမိထက် အလွန်အကဲမရှိ မြင့်မြတ်ပါ၏၊ မြတ်စွာဘုရားသည် ထိုဒေသနာကို အကြွင်းမဲ့ ပိုင်းခြား၍ သိတော်မူ၏၊ ထိုဒေသနာကို ပိုင်းခြား၍ သိတော်မူသော မြတ်စွာဘုရားအား ထို့ထက် ပိုလွန်၍ သိဖွယ်သည် မရှိပါ။

တရားကို တန်ခိုးအစီအရင် 'ဣဒ္ဓိဝိဓဉာဏ်'တို့၌ (အသျှင်ဘုရားတို့ မသိအပ်သော တရားကို) သိသောမြတ်စွာဘုရားထက် လွန်ကဲသောအသိဉာဏ်ရှိသော တပါးသော သမဏသည်၎င်း ဗြာဟ္မဏ သည်၎င်း မရှိပါ။

---

၁။ စက်ဆုပ်ဖွယ်သတ္တဝါတို့၌ မေတ္တာပွါး၍ စက်ဆုပ်ဖွယ်သင်္ခါရဝတ္ထု၌ ဓာတု (ဓာတ်မျှ) ဟု နှလုံးသွင်း၍ နေ၏ဟု အဋ္ဌကထာ၌ ဆိုသည်။

၂။ မစက်ဆုပ် (နှစ်သက်) ဖွယ်သတ္တဝါ၌၎င်း သင်္ခါရဝတ္ထု၌၎င်း အသုဘဘာဝနာဖြင့် ပွါး၍၎င်း၊ အနိစ္စဟုဆင်ခြင်၍၎င်း နေ၏ဟု အဋ္ဌကထာ၌ ဆိုသည်။

၃။ စက်ဆုပ်ဖွယ်အာရုံ၌ အမျက်မထွက်မူ၍ မစက်ဆုပ်(နှစ်သက်)ဖွယ်အာရုံတို့၌ မတပ်မက်မူ၍ သတိရှိလျက် ဆင်ခြင်လျက် အမျှရှုလျက် နေ၏ဟု အဋ္ဌကထာ၌ ဆိုသည်။

http://www.dhammadownload.com



## ဘုရားသျှင်၏ အခြားသောဂုဏ်ကိုပြခြင်း

၁၆၀။ မြတ်စွာဘုရား မလျော့သော လုံ့လရှိသော ခိုင်မြဲသောလုံ့လရှိသော ဘုရားလောင်းတို့၏ အားထုတ်ခြင်းရှိသော ဘုရားလောင်းတို့၏ ဆောင်အပ်သောဝန်ကို ဆောင်စွမ်းနိုင်သော သဒ္ဓါတရား ရှိသော ဘုရားလောင်းတို့ ရောက်အပ်သော လောကုတ္တရာတရားသည် ရှိပါ၏၊ မြတ်စွာဘုရားသည် ထိုလောကုတ္တရာတရားသို့ အစဉ်ရောက်တော်မူအပ်ပါပြီ။

မြတ်စွာဘုရား မြတ်စွာဘုရားသည် ယုတ်သောရွာသူတို့ အကျင့်ဖြစ်သော ပုထုဇဉ်တို့ မှီဝဲသော အပြစ်မကင်းသော အကျိုးစီးပွါးနှင့် မစပ်သော ဝတ္ထုကာမတို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိလျက် အားထုတ်ပြုကျင့်မှုကို ပြုကျင့်တော်မမူပါ။

ဆင်းရဲခြင်းရှိသော အပြစ်မကင်းသော အကျိုးစီးပွါးနှင့်မစပ်သော မိမိကိုယ်ထို ပင်ပန်း ဆင်းရဲအောင် အားထုတ်ပြုကျင့်မှုကို အားထုတ်ပြုကျင့်တော်မမူပါ။

မြတ်စွာဘုရားသည် ကာမာဝစရစိတ်ကို လွန်၍ တည်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းရှိကုန်သော လေးပါးသော ရူပါဝစရဈာန်တရားတို့ကို အလိုရှိသည့်အတိုင်း ရတော်မူ၏၊ ခက်ခဲခြင်းမရှိ ရတော်မူ၏၊ ပင်ပန်းခြင်းမရှိ ရတော်မူ၏။

## အနုယောဂဒါန အပြား

၁၆၁။ မြတ်စွာဘုရား အကျွန်ုပ်ကို အကယ်၍ ဤသို့ မေးငြားအံ့—

"ငါ့သျှင် သာရိပုတြာ အသို့နည်း သစ္စာလေးပါးတရားကိုသိရာ အလုံးစုံသောတရားကိုသိရာ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ် ရှိကုန်သော တပါးသောသမဏတို့သည်၎င်း ဗြာဟ္မဏတို့သည်၎င်း လွန်လေပြီးသောအခါက ရှိဘူးကုန်သလော" ဟု (အကယ်၍ မေးငြားအံ့)၊ ဤသို့ မေးသည်ရှိသော် အသျှင်ဘုရား "မရှိဘူးပါ" ဟု အကျွန်ုပ် ဖြေပါအံ့။

ငါ့သျှင် သာရိပုတြာ အသို့နည်း သစ္စာလေးပါး တရားကို သိရာ အလုံးစုံသောတရားကိုသိရာ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိကုန်သော တပါးသော သမဏတို့သည်၎င်း ဗြာဟ္မဏတို့သည်၎င်း နောင်အခါ ရှိကုန်လတ္တံ့လော ဟု (အကယ်၍ မေးငြားအံ့)၊ ဤသို့ မေးသည်ရှိသော် အသျှင်ဘုရား "မရှိလတ္တံ့ပါ" ဟု အကျွန်ုပ် ဖြေပါအံ့။

ငါ့သျှင် သာရိပုတြာ အသို့နည်း သစ္စာလေးပါးတရားကို သိရာ အလုံးစုံသော တရားကိုသိရာ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ယခုအခါ ရှိသလော ဟု (အကယ်၍ မေးငြားအံ့)၊ ဤသို့ မေးသည်ရှိသော် အသျှင်ဘုရား "မရှိပါ"ဟု အကျွန်ုပ် ဖြေပါအံ့။

မြတ်စွာဘုရား အကျွန်ုပ်ကို အကယ်၍ ဤသို့ မေးငြားအံ့—

"ငါ့သျှင် သာရိပုတြာ အသို့နည်း အလုံးစုံသောတရားတို့ကို သိသော (သမ္ဗောဓိ)ဉာဏ်၌ မြတ်စွာဘုရားနှင့်တူမျှကုန်သော တပါးသောသမဏတို့သည်၎င်း ဗြာဟ္မဏတို့သည်၎င်း လွန်လေပြီးသောအခါက ဖြစ်ဘူးကုန်သလော"ဟု (အကယ်၍မေးငြားအံ့)၊ ဤသို့မေးသည်ရှိသော် အသျှင်ဘုရား "မှန်ပါ ရှိကုန်၏" ဟု အကျွန်ုပ် ဖြေပါအံ့။

http://www.dhammadownload.com



"ငါ့သျှင် သာရိပုတြာ အသို့နည်း အလုံးစုံသော တရားတို့ကို သိသော(သဗ္ဗညုတ)ဉာဏ်၌ မြတ်စွာဘုရားနှင့် တူမျှကုန်သော တပါးသောသမဏတို့သည်ငင်း ဗြာဟ္မဏတို့သည်ငင်း နောင်အခါ ဖြစ်ကုန်လတ္တံ့လော" ဟု (အကယ်၍ မေးငြားအံ့)၊ ဤသို့ မေးသည်ရှိသော် အသျှင်ဘုရား "မှန်ပါ ရှိကုန်လတ္တံ့" ဟု အကျွန်ုပ် ဖြေပါအံ့။

"ငါ့သျှင် သာရိပုတြာ အသို့နည်း အလုံးစုံသော တရားတို့ကိုသိသော (သဗ္ဗညုတ)ဉာဏ်၌ မြတ်စွာဘုရားနှင့်တူမျှကုန်သော တပါးသောသမဏတို့သည်ငင်း ဗြာဟ္မဏတို့သည်ငင်း ယခုအခါ၌ ရှိကုန်သလော" ဟု (အကယ်၍ မေးငြားအံ့)၊ ဤသို့ မေးသည်ရှိသော် အသျှင်ဘုရား "မရှိပါ" ဟူ၍ အကျွန်ုပ် ဖြေပါအံ့။

မြတ်စွာဘုရား အကျွန်ုပ်ကို အကယ်၍ ဤသို့ မေးငြားအံ့—

"အသျှင်သာရိပုတြာသည် အဘယ့်ကြောင့် အချို့ကို ဝန်ခံသနည်း၊ အချို့ကို ဝန်မခံသနည်း" ဟု မေးငြားအံ့၊ ဤသို့မေးသည်ရှိသော် အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့ဖြေပါအံ့—

"ငါ့သျှင် သစ္စာလေးပါးကိုသိရာ အလုံးစုံသောတရားတို့ကိုသိရာ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)၌ ငါနှင့်တူမျှကုန်သော 'ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့သည် လွန်လေပြီးသောအခါက ရှိဘူးကုန်၏' ဟူသော စကားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏၊ မျက်မှောက်မှ ခံယူခဲ့ရ၏။

သစ္စာလေးပါးကိုသိရာ အလုံးစုံသော တရားတို့ကို သိရာ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်)၌ ငါနှင့်တူမျှကုန်သော 'ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူကုန်သော မြတ်စွာဘုရားတို့သည် နောင်အခါ ဖြစ်ကုန်လတ္တံ့' ဟူသော စကားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏၊ မျက်မှောက်တော်မှ ခံယူခဲ့ရ၏။

'တခုသော လောကဓာတ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း ပွင့်ရာသောအကြောင်းသည် မရှိ၊ ထိုဘုရားနှစ်ဆူ ပြိုင်တူပွင့်ရာသော အကြောင်းသည် မရှိ' ဟူသော ထိုစကားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏၊ မျက်မှောက်တော်မှ ခံယူခဲ့ရ၏" ဟု (ဖြေပါအံ့)။

အသျှင်ဘုရား အသို့ပါနည်း ဤသို့ မေးသည်ဖြစ်၍ ဤသို့ ဖြေသည်ရှိသော် အကျွန်ုပ်သည် မြတ်စွာဘုရား၏ တရားတော်ကို ဆိုသောသူလည်း ဖြစ်ပါသလော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲရာလည်း မရောက်ရာသလော၊ လောကုတ္တရာတရားအား လျော်သော အကျင့်တရားများကို ဖြေကြားသည်လည်း ဖြစ်ပါသလော၊ အကြောင်းယုတ္တိရှိသော တစုံတခုသော အယူဝါဒသည် ကဲ့ရဲ့နိုင်သော အခွင့်သို့ မရောက်ပါလော ဟု (လျှောက်ထား၏)။

သာရိပုတြာ ဤသို့မေးသည်ဖြစ်၍ ဤသို့ဖြေသည်ရှိသော် အမှန်အားဖြင့် သင်သည် ဘုရား၏ တရားတော်ကို ဆိုသူလည်းဖြစ်၏၊ ဘုရားကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာလည်းမရောက်၊ လော

http://www.dhammadownload.com



ကုတ္တရတရားအား လျော်သော အကျင့်တရားကို ဖြေကြားသည်လည်းဖြစ်၏၊ အကြောင်းယုတ္တိရှိသော တစုံတခုသော အယူဝါဒသည် ကဲ့ရဲ့နိုင်သော အခွင့်သို့လည်းမရောက် ဟု (မိန့်တော်မူ၏)။

## အံ့ဩဖွယ်ရာ မဖြစ်ဘူးမြဲ ဖြစ်ပုံအချက်

၁၆၂။ ဤသို့ မိန့်တော်မူသော် အသျှင်ဥဒါယီသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"မြတ်စွာဘုရား၏ အလိုနည်းခြင်းသည် ရောင့်ရဲလွယ်ခြင်းသည် ကိလေသာခေါင်းပါးခြင်းသည် အံ့ဖွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်ဘုရား၊ မြတ်စွာဘုရားသည် ဤသို့ ကြီးသော တန်ခိုးရှိပါလျက် ကြီးသောအာနုဘော်ရှိပါလျက် မိမိဂုဏ်ကို ထင်ရှားပြုတော်မမူ။ မြတ်စွာဘုရား ဤဂုဏ်အပေါင်းမှ ဂုဏ်တခုခုကိုသော်လည်း တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် မိမိ၌ မြင်ကုန်ငြားအံ့၊ ထိုပရိဗိုဇ်တို့သည် ထိုဂုဏ်မျှဖြင့်ပင် တံခွန်ထူ၍ လှည့်လည်ကုန်ရာ၏။ မြတ်စွာဘုရား၏ အလိုနည်းခြင်းသည် ရောင့်ရဲလွယ်ခြင်းသည် ကိလေသာခေါင်းပါးခြင်းသည် အံ့ဖွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်ဘုရား၊ မြတ်စွာဘုရားသည် ဤသို့ ကြီးသော တန်ခိုးရှိပါလျက် ကြီးသော အာနုဘော်ရှိပါလျက် မိမိဂုဏ်ကို ထင်ရှားပြုတော်မမူ" ဟု(လျှောက်၏)။

ဥဒါယီ သင်သည် မြတ်စွာဘုရား၏ အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာခေါင်းပါးခြင်းကို ရှုလော့၊ မြတ်စွာဘုရားသည် ဤသို့ ကြီးသော တန်ခိုးရှိပါလျက် ကြီးသော အာနုဘော်ရှိပါလျက် မိမိဂုဏ်ကို ထင်ရှားပြုတော်မမူ။ ဥဒါယီ ဤဂုဏ်အပေါင်းမှ ဂုဏ်တခုခုကိုသော်လည်း တပါးသော အယူရှိသော ပရိဗိုဇ်တို့သည် မိမိ၌ မြင်ကုန်ငြားအံ့၊ ထိုပရိဗိုဇ်တို့သည် ထိုဂုဏ်မျှဖြင့်ပင် တံခွန်ထူ၍ လှည့်လည်ကုန်ရာ၏၊ ဥဒါယီ သင်သည် မြတ်စွာဘုရား၏ အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာခေါင်းပါးခြင်းကို ရှုလော့၊ မြတ်စွာဘုရားသည် ဤသို့ ကြီးသောတန်ခိုးရှိပါလျက် ကြီးသော အာနုဘော်ရှိပါလျက် မိမိဂုဏ်ကို ထင်ရှားပြုတော်မမူ ဟု (မိန့်တော်မူ၏)။

၁၆၃။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို မိန့်တော်မူ၏။ "သာရိပုတြာ ဤတရားတော်ကို ရဟန်းယောကျ်ားတို့အားငှါး ရဟန်းမိန်းမတို့အားငှါး ဒါယကာတို့အားငှါး ဒါယိကာမတို့အားငှါး သင်သည် မပြတ်ဟောကြားလေလော့။

သာရိပုတြာ(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်ကုန်သော အကြင်ယောကျ်ားတို့အား မြတ်စွာဘုရား၌ ယုံမှားခြင်း တွေးတောခြင်းသည် ဖြစ်လတ္တံ့၊ ထိုယောကျ်ားတို့အား ဤတရားဒေသနာတော်ကို နာရ၍ မြတ်စွာဘုရား၌ ထိုယုံမှားတွေးတောခြင်းသည် (အလိုလို)ပျောက်လတ္တံ့၊ (ထို့ကြောင့် မပြတ်ဟောကြားလေလော့ ဟု မိန့်တော်မူ၏)။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် အသျှင်သာရိပုတြာသည် မြတ်စွာဘုရား မျက်မှောက်တော်၌ ကြည်ညိုခြင်းကို (အကြင်ကြောင့်) ပြောကြား၏၊ ထို့ကြောင့် ဤအမေးအဖြေနှင့်တကွ ဟောအပ်သောတရားတော်၏ အမည်သည် သမ္ပသာဒနီယ ဟု တွင်သတည်း။

**ငါးခုမြောက် သမ္ပသာဒနီယသုတ် ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၆-ပါသာဒိကသုတ်

၁၆၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ဝေဓည မည်သော သာကီဝင် မင်းမျိုးတို့၏ သရက်ဥယျာဉ်ပြာသာဒ်၌ သီတင်းသုံးနေတော်မူ၏။

## နိဂဏ္ဌ နာဋပုတ္တ သေပြီးစအခါ

ထိုအခါ နာဋ၏သား နိဂဏ္ဌသည် ပါဝါပြည်၌ သေပြီးခါစ ဖြစ်၏၊ ထိုသူ၏ သေခြင်းကြောင့် သူ၏ တပည့် တက္ကတွန်းတို့သည် ကွဲကုန်၏၊ နှစ်စုဖြစ်ကုန်၏၊ ဆန့်ကျင်သောစိတ်ရှိကုန်၏၊ ငြင်းခုံခြင်း သို့ ရောက်ကုန်၏၊ ခိုက်ရန်ဖြစ်ကုန်၏၊ အချင်းချင်း နှုတ်လှံထိုး၍ နေကုန်၏။

"သင်သည် ဤဓမ္မဝိနယ [1]ကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယကို အသို့ သိနိုင်အံ့နည်း၊ သင်သည် မှားသော အကျင့်ရှိသူဖြစ်၏၊ ငါသည် မှန်သောအကျင့်ရှိသူဖြစ်၏၊ ငါ၏ စကားသည် စေ့စပ်၏၊ သင်၏ စကားသည် မစေ့စပ်၊ (သင်သည်) ရှေးဦးစွာ ဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်ကြာမြင့်စွာလေ့လာထားသော ဝါဒသည် ပြောင်းလဲလေပြီ၊ သင့်အယူ၌ ရှိသောအပြစ်ကို ငါတင်ပြပြီ၊ သင် အရေးနိမ့်ပြီ၊ (ငါတင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင် (ယခုပင်)ဖြေရှင်းလော့" ဟု အချင်းချင်း နှုတ်လှံထိုးလျက် နေကုန်၏။

စင်စစ်သော်ကား နာဋပုတ္တ၏တပည့် နိဂဏ္ဌတို့၌ အချင်းချင်း သတ်ဖြတ်သည်၏ အစွမ်းဖြင့် သေသည်ဟုပင် ထင်ရ၏။

မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိစေအပ်သော ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော ဘုရားမဟုတ်သူ ဟောအပ်သော ထောက်တည်ရာမရှိသော မှီခိုရာမရှိသော သာသနာ [2]၌ ငြီးငွေ့ခြင်းသဘော အကြည်ညိုကင်းခြင်းသဘော အရိုအသေ ဆုတ်ယုတ်ခြင်းသဘော ရှိကုန်သကဲ့သို့ ဤအတူ နာဋပုတ္တ၏ တပည့်ဖြစ်ကုန်သော အဝတ်ဖြူဝတ်ကုန်သော လူတို့သည်လည်း နာဋပုတ္တ၏တပည့် နိဂဏ္ဌတို့၌ ငြီးငွေ့ခြင်းသဘော ရှိကုန်၏၊ အကြည်ညိုကင်းခြင်းသဘော ရှိကုန်၏၊ အရိုအသေဆုတ်ယုတ်ခြင်းသဘော ရှိကုန်၏။

၁၆၅။ ထိုအခါ စုန္ဒ သမဏုဒ္ဒေသသည် ပါဝါပြည်၌ ဝါကျွတ်ပြီးသော် သာမမည်သောရွာ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်၏၊ တခုသော အရပ်၌ ထိုင်ပြီးသော စုန္ဒသမဏုဒ္ဒေသသည် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

---

၁။ ပါထိကဝဂ်ဋီကာ၌ "ဓမ္မဝိနယန္တိ ပါဝစနံ သိဒ္ဓန္တံ"ဟု ဖွင့်ပြသည်၊ နာဋ၏သား နိဂဏ္ဌဟောပြောသော အယူဝါဒနှင့် ကျင့်ဝတ်ဥပဒေများပါဝင်သည့် သိဒ္ဓန္တကျမ်းမျိုးကို ဆိုသည်။

၂။ ဘုရားအတုအယောင် မိစ္ဆာဝါဒီတို့၏ ဓမ္မဝိနယဖြင့် တည်ထောင်ထားအပ်သော မဂ်ဖိုလ်အကျိုးငှါ မဟုတ်သော အနိယျာနိကသာသနာကို ဆိုသည်။

http://www.dhammadownload.com



"အသျှင်ဘုရား နာဋပုတ္တ၏သား နိဂဏ္ဌသည် ပါဝါပြည်၌ သေပြီးခါစ ဖြစ်ပါ၏၊ ထိုနာဋပုတ္တ၏သား နိဂဏ္ဌ သေခြင်းကြောင့် နိဂဏ္ဌတို့သည် ကွဲပါကုန်၏၊ နှစ်စုဖြစ်ပါကုန်၏။ပ။ ထောက်တည်ရာ မရှိသော မှီခိုရာမရှိသော သာသနာ၌ ငြီးငွေ့ခြင်း အရှိအသေကင်းခြင်း သဘောရှိကုန်သကဲ့သို့ ဤအတူ နာဋပုတ္တ၏တပည့် ဖြစ်ကုန်သော အဝတ်ဖြူ ဝတ်ကုန်သော လူတို့သည်လည်း နာဋပုတ္တ၏တပည့် နိဂဏ္ဌတို့၌ ငြီးငွေ့ခြင်းသဘော အကြည်ညိုကင်းခြင်းသဘော အရှိအသေ ဆုတ်ယုတ်ခြင်း သဘော ရှိပါကုန်၏" ဟု (လျှောက်၏)။

ဤသို့လျှောက်သော် အသျှင်အာနန္ဒာသည် စုန္ဒသမဏုဒ္ဒေသအား ဤစကားကို ဆို၏—

"ငါ့သျှင် စုန္ဒ ဤအကြောင်းအရာကား မြတ်စွာဘုရားကို ဖူးမြော်ရန် စကား အခြေခံတည်း ငါ့သျှင် စုန္ဒ သွားကြကုန်အံ့၊ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကုန်အံ့" ဟု (ဆို၏)။

စုန္ဒသမဏုဒ္ဒေသသည် "ကောင်းပါပြီ အသျှင်ဘုရား" ဟု အသျှင်အာနန္ဒာအား ဝန်ခံ၏။

ထိုအခါ အသျှင်အာနန္ဒာနှင့် စုန္ဒသမဏုဒ္ဒေသသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောအရပ်၌ ထိုင်ကုန်၏၊ တခုသောအရပ်၌ ထိုင်ပြီးသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့သောစကားကိုလျှောက်၏—

"မြတ်စွာဘုရား ဤစုန္ဒသမဏုဒ္ဒေသသည် ဤသို့ ပြောဆိုပါ၏၊ အသျှင်ဘုရား နာဋပုတ္တ၏သား နိဂဏ္ဌသည် ပါဝါပြည်၌ သေပြီးခါစ ဖြစ်၏၊ ထိုနာဋပုတ္တ၏သား နိဂဏ္ဌသေခြင်းကြောင့် နိဂဏ္ဌတို့သည် ကွဲကုန်၏။ပ။ ထောက်တည်ရာ မရှိသော မှီခိုရာ မရှိသော သာသနာ၌ ငြီးငွေ့ခြင်းသဘော အကြည်ညိုကင်းခြင်းသဘော အရှိအသေဆုတ်ယုတ်ခြင်းသဘော ရှိကုန်သကဲ့သို့ ဤအတူ နာဋပုတ္တ၏ တပည့် ဖြစ်ကုန်သော အဝတ်ဖြူ ဝတ်ကုန်သော လူတို့သည်လည်း နာဋပုတ္တ၏တပည့် နိဂဏ္ဌတို့၌ ငြီးငွေ့ခြင်းသဘော အကြည်ညို ကင်းခြင်းသဘော အရှိအသေ ဆုတ်ယုတ်ခြင်း သဘော ရှိကုန်၏" ဟု ပြောဆိုပါ၏ ဟူ၍ (လျှောက်၏)။

## ဘုရားမဟုတ်သူ ဟောအပ်သော သာသနာ

၁၆၆။ စုန္ဒ မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိစေအပ်သော ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော ကိလေသာ ငြိမ်းမှုကို မဖြစ်စေတတ်သော ဘုရားမဟုတ်သူ ဟောအပ်သော ထောက်တည်ရာ မရှိသော မှီခိုရာမရှိသော သာသနာ၌ ဤသို့ ငြီးငွေ့ခြင်း စသည် ဖြစ်မြဲပေတည်း။

စုန္ဒ ဤလောက၌ ဆရာသည်လည်း အလုံးစုံသောတရားကို ကိုယ်တိုင်မှန်စွာသိသူမဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောအပ်သောတရားဖြစ်၏၊ မကောင်းသဖြင့် သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားမဟုတ်၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားမဟုတ်၊ ဘုရားမဟုတ်သူ ဟောအပ်သော တရားဖြစ်၏။

http://www.dhammadownload.com



သို့သော် တပည့်သည်ကား ထိုသာသနာ၌ ထိုဆရာဟောအပ်သော ဝိမုတ္တိဓမ္မ အားလျော်သော အကျင့်ကို ကျင့်၍မနေ၊ ရိုသေစွာ ကျင့်၍ မနေ၊ ထိုဆရာ၏ တရားနှင့်အညီ ကျင့်၍မနေ၊ ထိုတရားမှ ရှောင်ဖယ်၍ ရှောင်ဖယ်၍ ကျင့်၏။

ထိုတပည့်ကို ဤသို့ ဆိုအပ်၏၊ "ငါ့သျှင် ထိုသင်သည် အရတော်လေစွ၊ ထိုသင်သည် ကောင်းစွာ ရလေစွ၊ သင်၏ဆရာသည်လည်း အလုံးစုံသောတရားကို ကိုယ်တိုင်မှန်စွာသိသူမဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောအပ်သော တရားဖြစ်၏၊ မကောင်းသဖြင့် သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားမဟုတ်၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားမဟုတ်၊ ဘုရားမဟုတ်သူ ဟောအပ်သောတရားဖြစ်၏၊ သို့သော် သင်သည်ကား ထိုသာသနာ၌ ထိုဆရာဟော အပ်သော ဝိမုတ္တိဓမ္မအားလျော်သော အကျင့်ကို ကျင့်၍မနေ၊ ရိုသေစွာ ကျင့်၍မနေ၊ ထိုဆရာ၏ တရားနှင့် အညီ ကျင့်၍မနေ၊ ထိုတရားမှ ရှောင်ဖယ်၍ ရှောင်ဖယ်၍ ကျင့်၏" ဟု (ဆိုအပ်၏)။

စုန္ဒ စင်စစ်ဤဆိုခဲ့ပြီးသည့်အတိုင်း ထိုသာသနာ၌ ဆရာကိုလည်း ကဲ့ရဲ့အပ်၏၊ ထိုသာသနာ၌ တရားကိုလည်း ကဲ့ရဲ့အပ်၏၊ သို့သော် ထိုသာသနာ၌ တပည့်ကိုကား ဤဆိုခဲ့သည့်အတိုင်း ချီးမွမ်း အပ်၏။

စုန္ဒ အကြင် ဆရာသည် ဤသို့ သဘောရှိသော တပည့်ကို ဤသို့ ဆိုရာ၏၊ "ငါ့သျှင် လာလော့၊ အကြင်အခြင်းအရာဖြင့် သင်၏ဆရာသည် တရားကို ဟောအပ်၏၊ ပညတ်အပ်၏၊ ထိုအခြင်းအရာဖြင့် ကျင့်လော့" ဟု (ဆိုရာ၏)။

အကြင် ဆရာသည် ဆောက်တည်စေအပ်၏၊ အကြင်တပည့်ကို ဆောက်တည်စေ၏၊ ဆောက် တည်စေအပ်သော အကြင်တပည့်သည် ထိုဆရာဆောက်တည်စေအပ်သည့်အတိုင်း ဖြစ်ခြင်းငှါ ကျင့်၏၊ အလုံးစုံသော ထိုဆရာတပည့်တို့သည် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေကုန်၏။

စုန္ဒ အဘယ့်ကြောင့်ဆိုသော် မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိစေအပ်သော မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း မဟုတ်သော ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော ဘုရားမဟုတ်သူ ဟောအပ်သော သာသနာ၌ ဤသို့လျှင် မကောင်းမှု ဖြစ်ပွါးတတ်သောကြောင့် တည်း။

၁၆၇။ စုန္ဒ ထို့ပြင် ဤလောက၌ ဆရာသည်လည်း အလုံးစုံသော တရားကို ကိုယ်တိုင်မှန်စွာ သိသူမဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောအပ်သောတရားဖြစ်၏၊ မကောင်းသဖြင့် သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားမဟုတ်၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားမဟုတ်၊ ဘုရားမဟုတ်သူ ဟောအပ်သော တရားဖြစ်၏။

တပည့်သည်လည်း ထိုသာသနာ၌ ထိုဆရာဟောအပ်သည့် ဝိမုတ္တိဓမ္မ အားလျော်သော အကျင့်ကို ကျင့်၍ နေ၏၊ ရိုသေစွာကျင့်၍နေ၏၊ ထိုဆရာ၏ တရားနှင့်အညီကျင့်၍နေ၏၊ ထိုတရားကို ဆောက် တည်၍ ကျင့်၏။

ထိုတပည့်ကို ဤသို့ ဆိုအပ်၏၊ "ငါ့သျှင် ထိုသင်သည် အရမတော်လေစွ၊ ထိုသင်သည် မကောင်း သဖြင့် ရအပ်လေစွ၊ သင်၏ဆရာသည်လည်း အလုံးစုံသောတရားကို ကိုယ်တိုင်မှန်စွာသိသူမဟုတ်၊ တရားသည်လည်း မကောင်းသဖြင့် ဟောအပ်သော တရားဖြစ်၏၊ မကောင်းသဖြင့် သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားမဟုတ်၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော

http://www.dhammadownload.com



တရားမဟုတ်၊ ဘုရားမဟုတ်သူ ဟောအပ်သောတရားဖြစ်၏၊ သင်သည်လည်း ထိုသာသနာ၌ ထိုဆရာဟောအပ်သော ဝိမုတ္တိမဂ္ဂအားလျော်စွာ ကျင့်၍နေ၏၊ ရိုသေစွာ ကျင့်၍နေ၏၊ ထိုဆရာ၏ တရားနှင့်အညီကျင့်၍နေ၏၊ ထိုတရားကို ဆောက်တည်၍ ကျင့်၏" ဟု (ဆိုအပ်၏)။

စုန္ဒ စင်စစ် ဤဆိုခဲ့သည့်အတိုင်း ထိုသာသနာ၌ ဆရာကိုလည်း ကဲ့ရဲ့အပ်၏၊ ထိုသာသနာ၌ တရားကိုလည်း ကဲ့ရဲ့အပ်၏၊ ထိုသာသနာ၌ တပည့်ကိုလည်း ဤဆိုခဲ့သည့်အတိုင်း ကဲ့ရဲ့အပ်၏။

စုန္ဒ အကြင်ဆရာသည် ဤသို့သဘောရှိသော တပည့်ကို ဤသို့ဆိုရာ၏ "အသျှင်သည် ဝိမုတ္တိမဂ္ဂသို့ ရောက်ကြောင်း အသိဉာဏ်အကျိုးငှါ ကျင့်၍နေ၏၊ စင်စစ် ဝိမုတ္တိမဂ္ဂသို့ရောက်ကြောင်း အသိဉာဏ်သည် ပြီးဆုံးခြင်းသို့ ရောက်စေလတ္တံ့" ဟု (ဆိုရာ၏)။

အကြင် ဆရာသည်လည်း ချီးမွမ်း၏၊ အကြင်တပည့်ကိုလည်းချီးမွမ်း၏၊ အကြင်တပည့်သည် လည်း ချီးမွမ်းအပ်သည်ဖြစ်၍ အတိုင်းထက် အလွန် လုံ့လကို အားထုတ်၏၊ အလုံးစုံကုန်သော ထိုသူ တို့သည် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေကုန်၏။

စုန္ဒ အဘယ့်ကြောင့်ဆိုသော် မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိစေအပ် သော မဂ်ဖိုလ်ဆိုက်ရောက်ကြောင်းမဟုတ်သော ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော ဘုရား မဟုတ်သူဟောအပ်သော သာသနာ၌ ဤသို့ မကောင်းမှု ဖြစ်ပွါးစေတတ်သောကြောင့်တည်း။

## ဘုရားအစစ် ဟောအပ်သော သာသနာ

၁၆၇။ စုန္ဒ ဤသာသနာ၌ကား ဆရာသည်လည်း (အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိသူဖြစ်၏၊ တရားသည်လည်း ကောင်းစွာဟောအပ်သောတရားဖြစ်၏၊ ကောင်းစွာသိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားဖြစ်၏၊ ဘုရား စင်စစ် ဟောအပ်သောတရားဖြစ်၏။

သို့သော် တပည့်သည်ကား ထိုသာသနာ၌ မဂ်ဖိုလ်တရားအားလျော်စွာ အကျင့်ကို ကျင့်၍မနေ၊ ရိုသေစွာကျင့်၍မနေ၊ တရားနှင့်အညီကျင့်၍မနေ၊ ထိုတရားမှ ရှောင်ဖယ်၍ ရှောင်ဖယ်၍ ကျင့်၏။

ထိုတပည့်ကို ဤသို့ ဆိုအပ်၏၊ "ငါ့သျှင် ထိုသင်သည် အရ မတော်လေစွ၊ ထိုသင်သည် မကောင်းသဖြင့် ရအပ်လေစွ၊ သင်၏ဆရာသည်လည်း အလုံးစုံသော တရားကို ကိုယ်တိုင်မှန်စွာ သိသော ဘုရားစင်စစ် ဖြစ်၏၊ တရားသည်လည်းကောင်းစွာ ဟောအပ်သော တရားဖြစ်၏၊ ကောင်းစွာ သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေ တတ်သော တရားဖြစ်၏၊ ဘုရားစင်စစ် ဟောအပ်သောတရားဖြစ်၏၊ သို့သော် သင်သည်ကား ထို သာသနာ၌ မဂ်ဖိုလ်တရားအားလျော်သောအကျင့်ကို ကျင့်၍မနေ၊ ရိုသေစွာ ကျင့်၍မနေ၊ တရားနှင့် အညီ ကျင့်၍မနေ၊ ထိုတရားမှ ရှောင်ဖယ်၍ ရှောင်ဖယ်၍ ကျင့်၏" ဟု (ဆိုအပ်၏)။

စုန္ဒ စင်စစ် ဤဆိုခဲ့ပြီးသည့်အတိုင်း ထိုသာသနာ၌ ဆရာကိုလည်း ချီးမွမ်းအပ်၏၊ ထိုသာသနာ၌ တရားကိုလည်း ချီးမွမ်းအပ်၏၊ သို့သော် ထိုသာသနာ၌ တပည့်ကိုကား ဤဆိုခဲ့သည့်အတိုင်း ကဲ့ရဲ့ အပ်၏။

http://www.dhammadownload.com



စုန္ဒ အကြင် ဆရာသည် ဤသို့ သဘောရှိသော တပည့်ကို ဤသို့ဆိုရာ၏။ "ငါ့သျှင် လာလော့၊ အကြောင်းအခြင်းအရာအားဖြင့် သင်၏ဆရာသည့် တရားကိုဟော၏ ပညတ်၏၊ ထိုအခြင်းအရာအားဖြင့် ကျင့်လော့" ဟု (ဆိုရာ၏)။

အကြင်ဆရာသည်လည်း ဆောက်တည်စေ၏၊ အကြင်တပည့်ကိုလည်း ဆောက်တည်စေ၏၊ ဆရာ ဆောက်တည်စေအပ်သော အကြင်တပည့်သည်လည်း ထိုဆရာဆောက်တည်စေအပ်သည့်အတိုင်း ဖြစ်ခြင်းငှါ ကျင့်၏၊ အလုံးစုံသော ထိုသူတို့သည် များစွာသော ကောင်းမှုကို ဖြစ်ပွါးစေကုန်၏။

စုန္ဒ အဘယ့်ကြောင့်ဆိုသော် ကောင်းစွာဟောအပ်သော ကောင်းစွာသိစေအပ်သော မဂ်ဖိုလ် ဆိုက်ရောက်ကြောင်းဖြစ်သော ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော ဘုရားစင်စစ်ဟောအပ်သော သာသနာ၌ ဤသို့ ကောင်းမှုဖြစ်ပွါးစေတတ်သောကြောင့်တည်း။

၁၆၉။ စုန္ဒ ဤသာသနာ၌ကား ဆရာသည်လည်း (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသော ဘုရားစင်စစ် ဖြစ်၏၊ တရားသည်လည်းကောင်းစွာ ဟောသောတရားဖြစ်၏၊ ကောင်းစွာ သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေ တတ်သော တရားဖြစ်၏၊ ဘုရားစင်စစ် ဟောအပ်သောတရားဖြစ်၏။

တပည့်သည်လည်း ထိုသာသနာ၌ မဂ်ဖိုလ်တရားအားလျော်သော အကျင့်ကို ကျင့်၍နေ၏ ရိုသေစွာကျင့်၍နေ၏၊ တရားနှင့်အညီကျင့်၍နေ၏၊ ထိုတရားကို ဆောက်တည်၍ကျင့်၏။

ထိုတပည့်ကို ဤသို့ ဆိုအပ်၏၊ "ငါ့သျှင် ထိုသင်သည် အရတော်လေစွ၊ ထိုသင်သည် ကောင်းစွာ ရအပ်လေစွ၊ သင်၏ဆရာသည်လည်း (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသောဘုရား စင်စစ် ဖြစ်၏၊ တရားသည်လည်းကောင်းစွာဟောအပ်သောတရားဖြစ်၏၊ ကောင်းစွာသိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်းတရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရား ဖြစ်၏၊ ဘုရားစင်စစ်ဟောအပ်သောတရားဖြစ်၏။ သင်သည်လည်း ထိုသာသနာ၌ မဂ်ဖိုလ်တရား အားလျော်သောအကျင့်ကို ကျင့်၍နေ၏၊ ရိုသေစွာ ကျင့်၍နေ၏၊ တရားနှင့်အညီ ကျင့်၍နေ၏၊ ထိုတရားကို ဆောက်တည်၍ ကျင့်၏" ဟု (ဆိုအပ်၏)။

စုန္ဒ စင်စစ် ဤဆိုခဲ့သည့်အတိုင်း ထိုသာသနာ၌ ဆရာကိုလည်း ချီးမွမ်းအပ်၏၊ ထိုသာသနာ၌ တရားကိုလည်း ချီးမွမ်းအပ်၏၊ ထိုသာသနာ၌ တပည့်ကိုလည်း ဤဆိုခဲ့သည့်အတိုင်း ချီးမွမ်းအပ်၏။

စုန္ဒ အကြင်ဆရာသည် ဤသို့သဘောရှိသော တပည့်ကို ဤသို့ ဆိုရာ၏၊ "အသျှင်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ်ဉာဏ်အကျိုးငှါကျင့်၍နေ၏၊ နိဗ္ဗာန်သို့ရောက်ကြောင်း မဂ်ဉာဏ်ကို ကြိုးဆုံးခြင်းသို့ ရောက်စေလတ္တံ့" ဟု (ဆိုရာ၏)။

အကြင်ဆရာသည်လည်း ချီးမွမ်း၏၊ အကြင်တပည့်ကိုလည်း ချီးမွမ်း၏၊ အကြင်တပည့်သည် လည်း ချီးမွမ်းအပ်သည်ဖြစ်၍ အတိုင်းထက် အလွန် လုံ့လကို အားထုတ်၏၊ အလုံးစုံသော ထိုဆရာ တပည့်တို့သည် များစွာသောကောင်းမှုကို ဖြစ်ပွါးစေကုန်၏။

စုန္ဒ အဘယ့်ကြောင့်ဆိုသော် ကောင်းစွာ ဟောအပ်သော ကောင်းစွာ သိစေအပ်သော မဂ်ဖိုလ် ဆိုက်ရောက်ကြောင်းဖြစ်သော ကိလေသာ ငြိမ်းမှုကို ဖြစ်စေတတ်သော ဘုရားစင်စစ်ဟောအပ် သော သာသနာ၌ ဤသို့ကောင်းမှု ဖြစ်ပွါးစေတတ်သောကြောင့်တည်း။

http://www.dhammadownload.com



## တပည့်တို့ ပူပန်အပ်သော ဆရာ

၁၇၀။ စုန္ဒ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူ၏၊ တရားသည်လည်း ကောင်းစွာဟောအပ်သော တရားဖြစ်၏၊ ကောင်းစွာသိစေအပ်သောတရားဖြစ်၏၊ ဝဋ်မှ ထွက်မြောက်ကြောင်းတရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သော တရားဖြစ်၏၊ ဘုရား စင်စစ် ဟောအပ်သောတရားဖြစ်၏။

သို့သော် ထိုမြတ်စွာဘုရား၏ သာသနာ၌ ထိုမြတ်စွာဘုရား၏ တပည့်တို့သည်ကား သစ္စာလေးပါးတရားကို သိခြင်းသို့ မရောက်ကြကုန်သေး၊ ထိုတပည့်တို့အား အလုံးစုံ ပြည့်စုံသော မြတ်သောအကျင့်ကို ထင်ရှားအောင် မပြုအပ်သေး၊ ပေါ်လွင်အောင် မပြုအပ်သေး၊ အလုံးစုံသော သာသနာတော်၏ သဘောကို ပေါင်းစုသော ပုဒ်တို့ဖြင့် တပေါင်းတည်း မပြုအပ်သေး၊ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်သော တရားနှင့်တကွ မပြုအပ်သေး၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာမပြုအပ်သေး၊ ထိုအခါ ထိုတပည့်တို့၏ ဆရာသည်ကွယ်လွန်၏။

စုန္ဒ ဤသို့သဘောရှိသော ဆရာကွယ်လွန်သည်ရှိသော် တပည့်တို့အား ပူပန်ခြင်းဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည်လည်း ထင်ရှားပွင့်တော်မူ၏၊ တရားသည်လည်း ကောင်းစွာ ဟောအပ်သောတရားဖြစ်၏၊ ကောင်းစွာသိစေအပ်သော တရားဖြစ်၏၊ ဝဋ်မှ ထွက်မြောက်ကြောင်းတရား ဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သောတရားဖြစ်၏၊ ဘုရားစင်စစ် ဟောအပ်သောတရားဖြစ်၏၊ သို့သော် ငါတို့သည်ကား သာသနာ၌ သစ္စာလေးပါး တရားကို သိခြင်းသို့ မရောက်ကြကုန်သေး၊ ငါတို့အား အလုံးစုံပြည့်စုံသော မြတ်သောအကျင့်ကို ထင်ရှားအောင် မပြုအပ်သေး၊ ပေါ်လွင်အောင် မပြုအပ်သေး၊ အလုံးစုံသော သာသနာ၏ သဘောကို ပေါင်းစုသောပုဒ်တို့ဖြင့် တပေါင်းတည်း မပြုအပ်သေး၊ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်သောတရားနှင့်တကွ မပြုအပ်သေး၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာ မပြုအပ်သေး၊ ထိုအခါ ငါတို့၏ ဆရာသည် ကွယ်လွန်၏၊ ဤသို့ ဆရာကိုမှီ၍ ရောက်အပ်သောတရားကို မရောက်ရသေးသောကြောင့် အားမရ မကျေနပ်ဖြစ်၏၊ ထို့ကြောင့်ပေတည်း။

စုန္ဒ ဤသို့သဘောရှိသော ဆရာကွယ်လွန်သည်ရှိသော် တပည့်တို့အား ပူပန်ခြင်းဖြစ်၏။

## တပည့်တို့ မပူပန်အပ်သော ဆရာ

၁၇၁။ စုန္ဒ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူ၏၊ တရားသည်လည်း ကောင်းစွာဟောအပ်သောတရားဖြစ်၏၊ ကောင်းစွာသိစေအပ်သောတရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သောတရားဖြစ်၏၊ ဘုရားစင်စစ် ဟောအပ် သော တရားဖြစ်၏။

http://www.dhammadownload.com



ထိုမြတ်စွာဘုရား၏ သာသနာ၌ ထိုမြတ်စွာဘုရား၏ တပည့်တို့သည်လည်း သစ္စာလေးပါးတရားကို သိခြင်းသို့ရောက်ကြပြီ၊ ထိုတပည့်တို့အား အလုံးစုံ ပြည့်စုံသော မြတ်သောအကျင့်ကို ထင်ရှားအောင် ပြုအပ်ပြီ၊ ပေါ်လွင်အောင် ပြုအပ်ပြီ၊ အလုံးစုံသောသာသနာ၏ သဘောကို ပေါင်းစုသော ပုဒ်တို့ဖြင့် တပေါင်းတည်း ပြုအပ်ပြီ၊ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်သော တရားနှင့်တကွ ပြုအပ်ပြီ၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာပြအပ်ပြီ၊ ထိုအခါ ထိုတပည့်တို့၏ ဆရာသည် ကွယ်လွန်၏။

စုန္ဒ ဤသို့သဘောရှိသော ဆရာ ကွယ်လွန်သည်ရှိသော် တပည့်တို့အား ပူပန်ခြင်းမဖြစ်။

အဘယ့်ကြောင့်ဆိုသော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ထင်ရှားပွင့်တော်မူ၏။ တရားသည်လည်း ကောင်းစွာ ဟောအပ်သောတရားဖြစ်၏၊ ကောင်းစွာသိစေအပ်သော တရားဖြစ်၏၊ ဝဋ်မှ ထွက်မြောက်ကြောင်း တရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သောတရားဖြစ်၏၊ ဘုရားစင်စစ် ဟောအပ်သော တရားဖြစ်၏၊ ငါတို့သည်လည်း သစ္စာလေးပါးတရားကို သိခြင်းသို့ ရောက်ကြပြီ၊ ငါတို့အား အလုံးစုံပြည့်စုံသော မြတ်သောအကျင့်ကို ထင်ရှားအောင် ပြုအပ်ပြီ၊ ပေါ်လွင်အောင် ပြုအပ်ပြီ၊ အလုံးစုံသော သာသနာ၏ သဘောကို ပေါင်းစုသော ပုဒ်တို့ဖြင့် တပေါင်းတည်းပြုအပ်ပြီ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်သည်ကို ပြုအပ်ပြီ၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာပြအပ်ပြီ၊ ထိုအခါ ငါတို့ဆရာသည် ကွယ်လွန်၏၊ ဤသို့ ဆရာကို မှီ၍ ရောက်အပ်သော တရားသို့ ရောက်ပြီးသောကြောင့် အားရကျေနပ်၏၊ ထို့ကြောင့်ပေတည်း။

စုန္ဒ ဤသို့ သဘောရှိသော ဆရာကွယ်လွန်သည်ရှိသော် တပည့်တို့အား ပူပန်ခြင်း မဖြစ်။

## သာသနာမပြည့်စုံခြင်း စသည်

၁၇၂။ စုန္ဒ သာသနာသည် ဤဆိုခဲ့ပြီးသော သွာက္ခာတစသော အင်္ဂါတို့နှင့် ပြည့်စုံစေကာမူ ဆရာသည် မြဲမြံတည်တံ့ကြောင်း သီလက္ခန္ဓ စသော 'ထေရ'ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းဝါရင့်သော ရဟန်းသက်ရှည်သော ရှေးမှီသော အဆုံးအရွယ်သို့ ရောက်လျက်ရှိသော ဆရာမဟုတ်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် ထိုသာသနာသည် ထိုအင်္ဂါကြောင့် မပြည့်စုံ။

စုန္ဒ သို့သော် အကြင်အခါ၌ သာသနာသည် ဤဆိုခဲ့ပြီးသော သွာက္ခာတစသော အင်္ဂါတို့နှင့်လည်း ပြည့်စုံ၏၊ ဆရာသည်လည်း မြဲမြံတည်တံ့ကြောင်း သီလက္ခန္ဓစသော 'ထေရ'ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းဝါရင့်သော ရဟန်းသက်ရှည်သော ရှေးမှီသော အဆုံးအရွယ်သို့ရောက်လျက်ရှိသော ဆရာဖြစ်၏၊ ဤသို့ ဖြစ်သည်ရှိသော် ထိုသာသနာသည် ထိုအင်္ဂါကြောင့် ပြည့်စုံ၏။

၁၇၃။ စုန္ဒ သာသနာသည် ဤဆိုခဲ့ပြီးသော သွာက္ခာတစသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဆရာသည် မြဲမြံတည်တံ့ကြောင်း သီလက္ခန္ဓစသော 'ထေရ'ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းဝါရင့်သော ရဟန်းသက်ရှည်သော ရှေးမှီသော အဆုံးအရွယ်သို့ ရောက်လျက်ရှိသော ဆရာဖြစ်၏၊ ယင်းသို့ ဖြစ်သော်လည်း ထိုဆရာ၏တပည့် သီတင်းကြီး ရဟန်းတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး၊ ဆုံးမအပ်ပြီး မဟုတ်ကြကုန်သေး၊ ရဲရင့်ခြင်းသို့ မရောက်ကြကုန်သေး၊ ယောဂ၏ကုန်ရာ

http://www.dhammadownload.com



အရဟတ္တဖိုလ်သို့ မရောက်ကြကုန်သေး၊ သူတော်ကောင်းတရားကို ကောင်းစွာဟောရန် မစွမ်းနိုင်ကြကုန်သေး၊ ဖြစ်ပေါ်လာသော သူတပါးအယူကို အကြောင်းနှင့် လျော်စွာ ကောင်းစွာ ဖိနှိပ်ချေပခြင်းဖြင့် ဖိနှိပ်ချေပ၍ ဝဋ်မှထွက်မြောက်စေသောတရားကို ဟောရန် မစွမ်းနိုင်ကြကုန်သေး။ ဤသို့ ဖြစ်သည်ရှိသော် ထိုသာသနာသည် ထိုအင်္ဂါကြောင့် မပြည့်စုံ။

စုန္ဒ သို့သော် အကြင်အခါ၌ သာသနာသည် ထိုဆိုခဲ့ပြီးသော သဒ္ဓါကွာတစသော အင်္ဂါတို့နှင့်လည်း ပြည့်စုံ၏၊ ဆရာသည်လည်း မြဲမြံတည်တံ့ကြောင်း ဖြစ်သော သီလက္ခန္ဓ စသော 'ထိရ' ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်းဝါရင့်သော ရဟန်းသက်ရှည်သော ရှေးမှီသော အဆုံးအရွယ်သို့ရောက်လျက်ရှိသော ဆရာဖြစ်၏၊ ထိုဆရာ၏ တပည့် သီတင်းကြီးရဟန်းတို့သည်လည်း မဂ်၏ အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ကောင်းစွာဆုံးမအပ်ပြီးကုန်ပြီ၊ ရဲရင့်ခြင်းသို့ ရောက်ကြကုန်ပြီ၊ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီးကုန်ပြီ၊ သူတော်ကောင်းတရားကို ကောင်းစွာဟောရန် စွမ်းနိုင်ကြကုန်ပြီ၊ ဖြစ်ပေါ်လာသော သူတပါးအယူကို အကြောင်းနှင့်လျော်စွာ ကောင်းသော ဖိနှိပ်ချေပခြင်းဖြင့် ဖိနှိပ်ချေပ၍ ဝဋ်မှ ထွက်မြောက်စေသော တရားကိုဟောရန် စွမ်းနိုင်ကုန်ပြီ။ ဤသို့ ဖြစ်သည်ရှိသော် ထိုသာသနာသည် ထိုအင်္ဂါကြောင့် ပြည့်စုံ၏။

၁၇၄။ စုန္ဒ သာသနာသည် ဤဆိုခဲ့ပြီးသော သဒ္ဓါကွာတ စသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဆရာသည်လည်း မြဲမြံတည်တံ့ကြောင်းဖြစ်သော သီလက္ခန္ဓ စသော 'ထိရ'ဂုဏ်နှင့် ပြည့်စုံသော ရဟန်းဝါရင့်သော ရဟန်းသက်ရှည်သော ရှေးမှီသော အဆုံးအရွယ်သို့ ရောက်လျက်ရှိသော ဆရာဖြစ်၏၊ ထိုဆရာ၏တပည့် သီတင်းကြီးရဟန်းတို့သည်လည်း မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ကောင်းစွာ ဆုံးမအပ်ပြီးကုန်ပြီ၊ ရဲရင့်ခြင်းသို့ ရောက်ကြကုန်ပြီ၊ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီးကုန်ပြီ၊ သူတော်ကောင်းတရားကို ကောင်းစွာဟောစွမ်းနိုင်ကုန်ပြီ၊ ဖြစ်ပေါ်လာသော သူတပါးအယူကို အကြောင်းနှင့်လျော်စွာ ကောင်းသော ဖိနှိပ်ချေပခြင်းဖြင့် ဖိနှိပ်ချေပ၍ ဝဋ်မှ ထွက်မြောက်စေသော တရားကို ဟောရန် စွမ်းနိုင်ကြကုန်ပြီ။ပ။ သို့သော် ထိုဆရာ၏တပည့် သီတင်းလတ်ရဟန်းတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် သီတင်းလတ် ရဟန်းတို့သည်လည်း မဂ်၏ အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏တပည့် သီတင်းငယ်ရဟန်းတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် သီတင်းငယ်ရဟန်းတို့သည်လည်း မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏တပည့် သီတင်းကြီးရဟန်းမိန်းမတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် သီတင်းကြီးရဟန်းမိန်းမတို့သည်လည်း မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် သီတင်းလတ်ရဟန်းမိန်းမတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် သီတင်းလတ် ရဟန်းမိန်းမတို့သည်လည်း မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏တပည့် သီတင်းငယ် ရဟန်းမိန်းမတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် သီတင်းငယ် ရဟန်းမိန်းမတို့သည်လည်း မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော မြတ်သော အကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် အဝတ်ဖြူ ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့သည်လည်း မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော ကာမဂုဏ်ခံစားသေးကုန်သော လူဥပါသကာတို့သည်ကား မဂ်၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော ကာမဂုဏ်ခံစားသေးကုန်သော လူဥပါသကာတို့သည်လည်း

http://www.dhammadownload.com



မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏ တပည့် အဝတ်ဖြူ ဝတ်ကုန်သော မြတ်သော အကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့သည်ကား မင်္ဂ၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ သို့သော် ထိုဆရာ၏တပည့် အဝတ်ဖြူ ဝတ်ကုန်သော ကာမဂုဏ် ခံစားသေးကုန်သော လူဥပါသိကာမ တို့သည်ကား မင်္ဂ၏အစွမ်းဖြင့် မလိမ္မာကြကုန်သေး။ပ။ ထိုဆရာ၏တပည့် အဝတ်ဖြူ ဝတ်ကုန်သော ကာမဂုဏ် ခံစားသေးကုန်သော လူဥပါသိကာမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ။ ယင်းသို့ဖြစ်သော်လည်း ထိုဆရာ၏ သာသနာသည်ကား ဖွံ့ဖြိုးလည်း မဖွံ့ဖြိုးသေး၊ စည်ပင်လည်း မစည်ပင်သေး၊ ပြန့်နှံ့လည်း မပြန့်နှံ့သေး၊ သတ္တဝါအများလည်း မသိသေး၊ ကြီးကျယ်သည့်အဖြစ်သို့လည်း မရောက်သေး၊လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာ ပြလည်း မပြအပ်သေး။ပ။ ထိုဆရာ၏ သာသနာသည် ဖွံ့ဖြိုးလည်း ဖွံ့ဖြိုးပြီ၊ စည်ပင်လည်း စည်ပင်ပြီ၊ ပြန့်နှံ့လည်း ပြန့်နှံ့ပြီ၊ သတ္တဝါအများလည်း သိပြီ၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာ ပြလည်း ပြအပ်ပြီ။ ယင်းသို့ ဖြစ်သော်လည်း လာဘ်များခြင်းအထွတ်အထိပ် အခြံအရံများခြင်းအထွတ်အထိပ်သို့ကား မရောက်သေး၊ ဤသို့ဖြစ်သည်ရှိသော် ထိုသာသနာသည် ထိုအင်္ဂါကြောင့် မပြည့်စုံ။

စုန္ဒ သို့သော် အကြင်အခါ၌ သာသနာသည် ထိုဆိုခဲ့ပြီးသော သွာက္ခာတစသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဆရာသည်လည်း တည်ဘွဲ့မြဲမြံကြောင်း သိလက္ခဏစသော 'ထိရ'ဂုဏ်နှင့်ပြည့်စုံသော ရဟန်းဝါရင့်သော ရဟန်းသက်ရှည်သော ရှေးမှီသော အဆုံးအရွယ်သို့ရောက်လျက်ရှိသော ဆရာဖြစ်၏၊ ထိုဆရာ၏တပည့် သီတင်းကြီး ရဟန်းတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ကောင်းစွာ ဆုံးမအပ်ကုန်ပြီ၊ ရဲရင့်ခြင်းသို့ရောက်ကြကုန်ပြီ၊ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီးကုန်ပြီ၊ သူတော်ကောင်းတရားကို ကောင်းစွာဟောရန် စွမ်းနိုင်ကုန်ပြီ၊ ဖြစ်ပေါ်လာသော သူတပါး အယူကို အကြောင်းနှင့်လျော်စွာ ကောင်းသော ဖိနှိပ်ချေပခြင်းဖြင့် ဖိနှိပ်ချေပ၍ ဝဋ်မှ ထွက်မြောက်စေသော တရားကိုဟောရန် စွမ်းနိုင်ကုန်ပြီ။ ထိုဆရာ၏တပည့် သီတင်းလတ် ရဟန်းတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ။ ထိုဆရာ၏တပည့် သီတင်းငယ်ရဟန်းတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် သီတင်းကြီး ရဟန်းမိန်းမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် သီတင်းလတ် ရဟန်းမိန်းမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် သီတင်းငယ် ရဟန်းမိန်းမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော ဥပါသကာတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော ကာမဂုဏ်ခံစားသေးကုန်သော ဥပါသကာတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ၊ ထိုဆရာ၏တပည့် အဝတ်ဖြူဝတ်ကုန်သော ကာမဂုဏ်ခံစားသေးကုန်သော လူဥပါသိကာမတို့သည်လည်း မင်္ဂ၏အစွမ်းဖြင့် လိမ္မာကြကုန်ပြီ။ ထိုဆရာ၏သာသနာသည်လည်း ဖွံ့ဖြိုးလည်း ဖွံ့ဖြိုးပြီ၊ စည်ပင်လည်း စည်ပင်ပြီ၊ ပြန့်နှံ့လည်း ပြန့်နှံ့ပြီ၊ သတ္တဝါအများလည်း သိပြီ၊ ကြီးကျယ်လည်း ကြီးကျယ်ပြီ၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင် ကောင်းစွာ ပြလည်းပြအပ်ပြီ၊ လာဘ်များခြင်း အထွတ်အထိပ် အခြံအရံများခြင်း အထွတ်အထိပ်သို့လည်းရောက်ပြီ။ ဤသို့ ဖြစ်သည်ရှိသော် ထိုသာသနာသည် ထိုအင်္ဂါကြောင့် ပြည့်စုံ၏။

http://www.dhammadownload.com



၁၇၅။ စုန္ဒ ယခုအခါ ငါသည် ပူဇော်အထူးကို ခံထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာသိသော ဆရာအဖြစ်ဖြင့် လောက၌ ဖြစ်ပေါ်လာ၏၊ တရားသည်လည်းကောင်းစွာ ဟောအပ်သော တရားဖြစ်၏၊ ကောင်းစွာသိစေအပ်သောတရားဖြစ်၏၊ မဂ်ဖိုလ်ဆိုက်ရောက်ကြောင်း တရားဖြစ်၏၊ ကိလေသာငြိမ်းမှုကို ဖြစ်စေတတ်သောတရားဖြစ်၏၊ ဘုရားစင်စစ် ဟောအပ် သော တရားဖြစ်၏။

ငါ၏ တပည့်တို့သည်လည်း သာသနာ၌ သစ္စာလေးပါးတရားကို သိခြင်းသို့ ရောက်ကြပြီ ထိုတပည့်တို့အား အလုံးစုံ ပြည့်စုံသော မြတ်သောအကျင့်ကို ထင်ရှားအောင်ပြုအပ်ပြီ၊ ပေါ်လွင် အောင်ပြုအပ်ပြီ၊ အလုံးစုံသော သာသနာ၏သဘောကို ပေါင်းစုသောပုဒ်တို့ဖြင့် တပေါင်းတည်းပြု အပ်ပြီ၊ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်သော တရားနှင့်တကွ ပြုအပ်ပြီ၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့ အောင် ကောင်းစွာပြုအပ်ပြီ။

စုန္ဒ ယခုအခါ ဆရာဖြစ်သော ငါသည် မြဲမြံတည်တံ့ကြောင်း သီလက္ခန္ဓစသော 'ထိရ'ဂုဏ်နှင့် ပြည့်စုံ၏၊ ရဟန်းဝါရင့်၏၊ ရဟန်းသက်ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။

စုန္ဒ ယခုအခါ မဂ်၏အစွမ်းဖြင့် လိမ္မာကြကုန်သော ဆုံးမအပ်ပြီးဖြစ်ကုန်သော ရဲရင့်ခြင်းသို့ ရောက်ကြကုန်သော ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်ကုန်သော သူတော်ကောင်း တရားကို ကောင်းစွာဟောရန် စွမ်းနိုင်ကုန်သော ဖြစ်ပေါ်လာသော သူတပါးအယူကို အကြောင်းနှင့် သျော်စွာ ကောင်းသောဖိနှိပ်ချေပခြင်းဖြင့် ဖိနှိပ်ချေပ၍ ဝဋ်မှ ထုတ်ဆောင်သောတရားကို ဟောရန် စွမ်းနိုင်ကုန်သော ငါ၏တပည့် သီတင်းကြီး ရဟန်းတို့သည် ရှိကုန်သည်သာလျှင်တည်း။ စုန္ဒ ယခုအခါ ငါ၏ တပည့် သီတင်းလတ် ရဟန်းတို့သည် ရှိကုန်သည်သာလျှင်တည်း။ စုန္ဒ ယခုအခါ ငါ၏ တပည့်သီတင်းငယ် ရဟန်းတို့သည် ရှိကုန်သည်သာလျှင်တည်း။ စုန္ဒ ယခုအခါ ငါ၏ တပည့် သီတင်းကြီး ရဟန်းမိန်းမတို့သည် ရှိကုန်သည်သာလျှင်တည်း။ စုန္ဒ ယခုအခါ ငါ၏တပည့် သီတင်းလတ် ရဟန်းမိန်းမတို့သည် ရှိကုန်သည်သာလျှင်တည်း။ စုန္ဒ ယခုအခါ ငါ၏ တပည့် သီတင်းငယ် ရဟန်းမိန်းမတို့သည် ရှိကုန်သည်သာလျှင်တည်း။ စုန္ဒ ယခုအခါ ငါ၏ တပည့် အဝတ်ဖြူ ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့သည် ရှိကုန်သည် သာလျှင်တည်း၊ စုန္ဒ ယခုအခါ ငါ၏တပည့် အဝတ်ဖြူ ဝတ်ကုန်သော ကာမဂုဏ်ခံစားသေးကုန် သော လူဥပါသိကာမတို့သည် ရှိကုန်သည်သာတည်း။ စုန္ဒ ယခုအခါ ငါ၏တပည့် အဝတ်ဖြူ ဝတ်ကုန်သော မြတ်သော အကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့သည် ရှိကုန်သည်သာတည်း။ စုန္ဒ ယခုအခါ ငါ၏တပည့် အဝတ်ဖြူ ဝတ်ကုန်သော ကာမဂုဏ်ခံစားသေးကုန်သော လူဥပါသိ ကာမတို့သည် ရှိကုန်သည်သာတည်း။ စုန္ဒ ယခုအခါ ငါ၏ သာသနာသည် ဖွံ့ဖြိုးလည်း ဖွံ့ဖြိုး ပြီ၊ စည်ပင်လည်း စည်ပင်ပြီ၊ပြန့်နှံ့လည်း ပြန့်နှံ့ပြီ၊ သတ္တဝါအများ သိလည်းသိပြီ၊ ကြီးကျယ်လည်း ကြီးကျယ်ပြီ၊ လူ့ပြည်မှ နတ်ပြည်အထိ ပြန့်နှံ့အောင်ကောင်းစွာ ပြုလည်းပြုအပ်ပြီ။

၁၇၆။ စုန္ဒ ယခုအခါ အကြင်မျှလောက်ကုန်သော ဆရာတို့သည် လောက၌ ဖြစ်ပေါ်ကုန်၏၊ စုန္ဒ ထိုဆရာတို့တွင် ငါသည် လာဘ်များခြင်း အထွတ်အထိပ် အခြံအရံများခြင်း အထွတ်အထိပ် သို့ရောက်သကဲ့သို့ ဤအတူ လာဘ်များခြင်းအထွတ်အထိပ် အခြံအရံများခြင်းအထွတ်အထိပ်သို့ ရောက်သော အခြားတဦးသော ဆရာကိုမျှလည်း ငါမြင်တော်မမူ။

http://www.dhammadownload.com



စုန္ဒ ယခုအခါ အကြင်မျှလောက်သော သံဃာသည်၎င်း ဂိုဏ်းသည်၎င်း လောက၌ ဖြစ်၏၊ စုန္ဒ ထိုဂိုဏ်းသံဃာတို့တွင် ဤ(ငါ၏တပည့်သား)ရဟန်းသံဃာသည် လာဘ်များခြင်း အထွတ်အထိပ် အခြံအရံများခြင်း အထွတ်အထိပ်သို့ရောက်သကဲ့သို့ ဤအတူ လာဘ်များခြင်းအထွတ်အထိပ် အခြံအရံများခြင်းအထွတ်အထိပ်သို့ ရောက်သော အခြားတခုသော ဂိုဏ်းသံဃာကိုမျှလည်း ငါ မြင်တော်မမူ။

စုန္ဒ "သာသနာသည် အလုံးစုံသော ပြည့်စုံဖွယ်အကြောင်းနှင့် ပြည့်စုံ၏၊ အလုံးစုံသော ပြည့်စုံဖွယ် အကြောင်းနှင့် ထက်ဝန်းကျင် ပြည့်စုံ၏၊ အယုတ်အလွန်မရှိ စင်စစ် အပြည့်အစုံ ကောင်းစွာ ဟောအပ်၏၊ ကောင်းစွာ ပြအပ်၏" ဟု အကြင်သာသနာကို ဟုတ်မှန်သော အကြောင်းယုတ္တိဖြင့် ဆိုလိုလျှင် ဤငါ့သာသနာတော်ကိုသာလျှင် "သာသနာသည် အလုံးစုံသော ပြည့်စုံဖွယ် အကြောင်းနှင့် ပြည့်စုံ၏။ပ။ ကောင်းစွာပြအပ်၏" ဟု ဆိုရာ၏။

စုန္ဒ ရာမ၏သား ဥဒကသည် "မြင်လျက် မမြင်" ဟူသော စကားကို ဆို၏။

အဘယ်ကို မြင်လျက် မမြင်သနည်းဟူမူ—

ထက်စွာ သွေးထားသော သင်ခုန်း၏ အရွက်ကို မြင်၏၊ ထိုသင်ခုန်း၏အသွားကိုကား မမြင်၊ စုန္ဒ ဤ(သင်ခုန်းအရွက်ကို မြင်လျက် အသွားကို မမြင်ခြင်း)ကို "မြင်လျက် မမြင်" ဟု (ရာမ၏သား ဥဒကသည်) ဆို၏။

စုန္ဒ ရာမ၏သား ဥဒက ဆိုအပ်သော စကားသည် ယုတ်ညံ့၏၊ ရွာသူတို့ အလေ့အကျက် ဖြစ်၏၊ ပုထုဇဉ်တို့သာပြော၏၊ အရိယာပုဂ္ဂိုလ်တို့ကား မပြော၊ အကျိုးစီးပွါးနှင့် မစပ်။

စုန္ဒ "မြင်လျက် မမြင်"ဟူသော အကြင်စကားကို ဟုတ်မှန်စွာ ဆိုလိုသော ပုဂ္ဂိုလ်သည် ဤ သာသနာကိုသာလျှင် "မြင်လျက် မမြင်" ဟု ဟုတ်မှန်စွာ ဆိုရာ၏။

အဘယ်ကို မြင်လျက် မမြင်သနည်းဟူမူ—

ဤဆိုခဲ့တိုင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို ရရန် အလုံးစုံသော ပြည့်စုံဖွယ် အကြောင်းနှင့် ပြည့်စုံသော အလုံးစုံသော ပြည့်စုံဖွယ်အကြောင်းနှင့် ထက်ဝန်းကျင် ပြည့်စုံသော အယုတ်အလွန်မရှိ စင်စစ် အပြည့်အစုံ ကောင်းစွာဟောအပ်သော ကောင်းစွာပြအပ်သောသာသနာသည်ရှိ၏၊ ထို့ကြောင့် ထိုသာသနာကို မြင်၏။

ဤသာသနာ၌ ထိုအချက်ကို ပယ်နှုတ်ရာ၏၊ ဤသို့ ပယ်နှုတ်လျှင် ထိုသာသနာသည် စင်ကြယ်သည်ထက် စင်ကြယ်ရာ၏၊ ဤသို့လျှင် ထိုပယ်နှုတ်ဖွယ်အချက်ကိုမမြင်။

ဤသာသနာ၌ ဤအချက်ကို ဖြည့်စွက်ရာ၏၊ ဤသို့ ဖြည့်စွက်လျှင် ထိုသာသနာသည် ပြည့်စုံသည်ထက် ပြည့်စုံရာ၏၊ ဤသို့လျှင် ဖြည့်စွက်ဖွယ် အချက်ကို မမြင်။

ဤ(သာသနာကိုမြင်၍ ပယ်နှုတ်ဖွယ် ဖြည့်စွက်ဖွယ်ကို မမြင်ခြင်း) ကို "မြင်လျက် မမြင်" ဟု ဆိုအပ်၏။

စုန္ဒ "သာသနာသည် အလုံးစုံသော ပြည့်စုံဖွယ်အကြောင်းနှင့် ပြည့်စုံ၏။ပ။ ကောင်းစွာ ပြအပ်၏"ဟု တစုံတခုသောသာသနာကို မှန်စွာဆိုလိုသော် ဤသာသနာတော်ကိုသာလျှင် "သာသ

http://www.dhammadownload.com



နာသည့် အလုံးစုံသော ပြည့်စုံဖွယ်အကြောင်းနှင့်ပြည့်စုံ၏၊ အလုံးစုံသောပြည့်စုံဖွယ်အကြောင်းနှင့် ထက်ဝန်းကျင်ပြည့်စုံ၏၊ အယုတ်အလွန်မရှိ၊ စင်စစ် အပြည့်အစုံ ကောင်းစွာဟောအပ်၏၊ ကောင်းစွာ ပြအပ်၏" ဟု မှန်စွာဆိုရာ၏။

## သံဂါယနာ တင်အပ်သောတရား

၁၇၇။ စုန္ဒ ထို့ကြောင့် ဤသာသနာတော်၌ အကြင်တရားတို့ကို သင်ချစ်သားတို့အား ငါသည် ထူးကဲလွန်မြတ်သော 'သဗ္ဗညုတ'ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်ကုန်၏၊ ထိုတရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် စည်းဝေးကုန်၍ အတူတကွ လာရောက်ကုန်၍ ဤသာသနာတော် အရှည်ခန့်၍ ကြာမြင့်စွာတည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို၊ သဒ္ဒါဖြင့် သဒ္ဒါကို ညီညွတ်စေလျက် ရွတ်ဆို(သံဂါယနာတင်)အပ်၏၊ မငြင်းခုံအပ်။

ထို(သံဂါယနာတင်ခြင်း)သည် လူအများ၏ အစီးအပွါးအလို့ငှါ လူအများ၏ ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာသုခအလို့ငှါ ဖြစ်ရာ၏။

စုန္ဒ သင်တို့အား ငါသည် အကြင်တရားတို့ကို ထူးကဲလွန်မြတ်သော 'သဗ္ဗညုတ' ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်ကုန်၏၊ ထိုတရားတို့ကား အဘယ်တို့နည်း။

အကြင်တရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် စည်းဝေးကုန်၍ အတူတကွ လာရောက်ကုန်၍ ဤသာသနာတော် အရှည်ခန့်၍ ကြာမြင့်စွာ တည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို၊ သဒ္ဒါဖြင့် သဒ္ဒါကို (ညီညွတ်စေလျက်)ရွတ်ဆို(သံဂါယနာတင်)အပ်၏၊ မငြင်းခုံအပ်။

ထို(သံဂါယနာတင်ခြင်း)သည် လူအများ၏ အစီးအပွါးအလို့ငှါ လူအများ၏ ချမ်းသာသုခ အလိုငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာသုခအလို့ငှါ ဖြစ်ရာ၏။

ထိုတရားတို့သည် အဘယ်နည်းဟူမူ—

သတိပဋ္ဌာန် လေးပါး။

သမ္မပ္ပဓာန်လေးပါး။

ဣဒ္ဓိပါဒ်လေးပါး။

ဣန္ဒြေငါးပါး။

ဗိုလ်ငါးပါး။

ဗောဇ္ဈင် ခုနစ်ပါး။

အရိယမဂ္ဂင်ရှစ်ပါး တရားတို့တည်း။

စုန္ဒ ဤတရားတို့ကို ငါသည် လွန်ကဲထူးမြတ်သော 'သဗ္ဗညုတ'ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်ကုန်၏၊ အကြင်တရားတို့၌ အလုံးစုံသော သင်ချစ်သားတို့သည် စည်းဝေးကုန်၍ အတူတကွ လာရောက်ကြကုန်၍ ဤသာသနာတော်အရှည်ခန့်၍ ကြာမြင့်စွာတည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို၊ သဒ္ဒါဖြင့် သဒ္ဒါကို (ညီညွတ်စေလျက်) ရွတ်ဆို(သံဂါယနာတင်)အပ်၏၊ မငြင်းခုံအပ်။

ထို(သံဂါယနာတင်ခြင်း)သည် လူအများ၏ အစီးအပွါးအလို့ငှါ လူအများ၏ ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာသုခ အလို့ငှါ ဖြစ်ရာ၏။

http://www.dhammadownload.com



## သိစေအပ်သော အစီအရင်

၁၇၂။ ဥန္န ညီညွတ်ကုန်သော အချင်းချင်း ဝမ်းမြောက်ကုန်သော မငြင်းခုံကြကုန်သော အကျင့်သိက္ခာကို လိုလားကုန်သော သင်ချစ်သားတို့တွင် သီတင်းသုံးဖော်တဦးသည် သံဃာ (အလယ်)၌ အကာယ်၍ တရားဟောငြားအံ့။

ထိုဟောရာ၌ "ဤအသျှင်သည် အနက်ကိုလည်း မှားယွင်းစွာယူ၏၊ သဒ္ဒါကိုလည်း မှားယွင်းစွာ တင်ပြ၏" ဟု သင်တို့အား အထင် အမြင် ဖြစ်ရာ၏၊ ယင်းသို့ ဖြစ်သော် ထို (အသျှင်)၏ စကားကို နှစ်သက်လက်ခံခြင်းလည်း မပြုအပ်၊ ကဲ့ရဲ့ငြင်းပယ်ခြင်းလည်း မပြုအပ်၊ "ငါ့သျှင် ဤအနက်၏ သဒ္ဒါတို့သည် ဤသဒ္ဒါတို့ ဖြစ်ကုန်သလော၊ ထိုသဒ္ဒါတို့ဖြစ်ကုန်သလော၊ အဘယ်သဒ္ဒါတို့သည် သာလွန်၍ သင့်မြတ်ကုန်သနည်း၊ ဤသဒ္ဒါတို့၏ အနက်သည် ဤအနက်ဖြစ်သလော ထိုအနက် ဖြစ်သလော အဘယ်အနက်သည် သာလွန်၍ သင့်မြတ်ပါသနည်း" ဟု ဆိုအပ်၏။

ထိုအသျှင်သည် "ငါ့သျှင်တို့ ဤအနက်၏ သဒ္ဒါတို့တွင် ဤသဒ္ဒါတို့သာလျှင် သာလွန်၍ သင့်မြတ်ကုန်၏၊ ဤသဒ္ဒါဘို့ကိုပင် ငါဆိုအပ်၏၊ ဤသဒ္ဒါတို့၏ အနက်တွင် ဤအနက်သည်သာလျှင် သာလွန်၍ သင့်မြတ်၏၊ ဤအနက်ကိုပင် ငါဆိုအပ်၏" ဟု အကယ်၍ ဆိုငြားအံ့၊ ထို(အသျှင်)ကို မြှင့်တင်ချီးမွမ်းခြင်းလည်း မပြုအပ်၊ နှိမ့်ချ ခြိမ်းခြောက်ခြင်းလည်း မပြုအပ်၊ မြှင့်တင်ချီးမွမ်းခြင်း နှိမ့်ချ ခြိမ်းခြောက်ခြင်း မပြုမူ၍ ထိုအနက်ကိုရင်း ထိုသဒ္ဒါတို့ကိုရင်း စူးစမ်းဆင်ခြင်ရန် ထို(အသျှင်)ကိုပင် ကောင်းစွာ သိစေအပ်၏။

၁၇၉။ စုန္ဒ တပါးသော သီတင်းသုံးဖော်သည်လည်း သံဃာ(အလယ်)၌ အကယ်၍ တရားဟောငြားအံ့၊ ထိုတရားဟောရာ၌ "ဤအသျှင်သည် အနက်ကို မှားယွင်းစွာယူ၏၊ သဒ္ဒါတို့ကိုကား ဟုဘ်မှန်စွာတင်ပြ၏" ဟု သင်တို့အား အထင်အမြင် ဖြစ်ရာ၏။

ယင်းသို့ ဖြစ်သော် ထိုအသျှင်၏စကားကို နှစ်သက်လက်ခံခြင်းလည်း မပြုအပ်၊ ကဲ့ရဲ့ငြင်းပယ်ခြင်းလည်း မပြုအပ်၊ နှစ်သက်လက်ခံခြင်း ကဲ့ရဲ့ငြင်းပယ်ခြင်းကို မပြုမူ၍ ထိုအသျှင်ကို "ငါ့သျှင် ဤသဒ္ဒါတို့၏ အနက်သည် ဤအနက်ဖြစ်သလော၊ ထိုအနက် ဖြစ်သလော၊ အဘယ်အနက်သည် သာလွန်၍ သင့်မြတ်သနည်း" ဟု ဆိုအပ်၏။

ထို(အသျှင်)သည် "ငါ့သျှင်တို့ ထိုသဒ္ဒါတို့၏ အနက်တို့တွင် ဤအနက်သည်သာလျှင် သာလွန်၍ သင့်မြတ်၏" ဟု အကယ်၍ ဆိုငြားအံ့၊ ထို(အသျှင်)ကို မြှင့်တင်ချီးမွမ်းခြင်းလည်း မပြုအပ်၊ နှိမ့်ချ ခြိမ်းခြောက်ခြင်းလည်း မပြုအပ်၊ မြှင့်တင်ချီး မွမ်းခြင်း နှိမ့်ချခြိမ်းခြောက်ခြင်းမပြုမူ၍ ထိုအနက်ကိုသာလျှင် စူးစမ်းဆင်ခြင်ရန် ထို(အသျှင်)ကိုပင် ကောင်းစွာသိစေအပ်၏။

၁၈၀။ စုန္ဒ တပါးသော သီတင်းသုံးဖော် ပုဂ္ဂိုလ်သည်လည်း သံဃာ(အလယ်)၌ အကယ်၍ တရားဟောငြားအံ့၊ ထိုဟောရာ၌ "ဤအသျှင်သည် အနက်ကိုသာလျှင် ဟုတ်မှန်စွာယူ၏၊ သဒ္ဒါတို့ကိုကား မှားယွင်းစွာ တင်ပြ၏" ဟု သင်တို့အား အထင်အမြင် ဖြစ်ရာ၏၊ ထို(အသျှင်)၏ စကားကို နှစ်သက်လက်ခံခြင်းလည်း မပြုအပ်၊ ကဲ့ရဲ့ငြင်းပယ်ခြင်းလည်း မပြုအပ်၊ နှစ်သက်လက်ခံခြင်း ကဲ့ရဲ့ငြင်းပယ်ခြင်းမပြုမူ၍ ထိုအသျှင်ကို "ငါ့သျှင် ဤအနက်၏ သဒ္ဒါတို့သည် ဤသဒ္ဒါတို့ ဖြစ်ကုန်သလော၊ ထိုသဒ္ဒါဘို့ ဖြစ်ကုန်သလော၊ အဘယ်သဒ္ဒါဘို့သည် သာလွန် သင့်မြတ်ကုန်သနည်း" ဟု ဆိုအပ်၏၊

http://www.dhammadownload.com



ထို(အသျှင်)သည် "ငါ့သျှင်တို့ ဤအနက်၏ သဒ္ဒါတို့တွင် ဤသဒ္ဒါတို့သည် သာလွန်၍ သင့်မြတ်ကုန်၏" ဟု ဆိုငြားအံ့၊ ထို(အသျှင်)ကို မြှင့်တင် ချီးမွမ်းခြင်းလည်း မပြုအပ်၊ နှိမ့်ချ ခြိမ်းခြောက်ခြင်းလည်း မပြုအပ်၊ မြှင့်တင်ချီးမွမ်းခြင်း နှိမ့်ချခြိမ်းခြောက်ခြင်း မပြုမူ၍ ထိုသဒ္ဒါတို့ကိုသာလျှင် စူးစမ်းဆင်ခြင်ရန် ထို(အသျှင်)ကိုပင် ကောင်းစွာ သိစေအပ်၏။

၁၇၁။ စုန္ဒ တပါးသော သီတင်းသုံးဖော်သည်လည်း သံဃာ(အလယ်)၌ အကယ်၍ တရားဟောငြားအံ့၊ ထိုတရားဟောရာ၌ "ဤအသျှင်သည် အနက်ကိုလည်း ဟုတ်မှန်စွာယူ၏၊ သဒ္ဒါတို့ကိုလည်း ဟုတ်မှန်စွာ တင်ပြ၏"ဟု သင်တို့အား အထင်အမြင် ဖြစ်ရာ၏၊ထိုသို့ ဖြစ်သော် ထို(အသျှင်)၏ စကားကို "ကောင်း၏" ဟု နှစ်သက်လက်ခံအပ်၏၊ ဝမ်းမြောက်နှမော် သာဓုခေါ်အပ်၏၊ ထို(ပုဂ္ဂိုလ်)၏ စကားကို "ကောင်း၏" ဟု နှစ်သက်လက်ခံကာ ဝမ်းမြောက်နှမော် သာဓုခေါ်ပြီးသော် ထို(အသျှင်)ကို "ငါ့သျှင် ငါတို့သည် အရတော်လေစွ၊ ငါ့သျှင် ငါတို့သည် ကောင်းစွာ ရအပ်လေစွ၊ အကြင် ငါတို့သည် ဤသို့ အနက်ကို တတ်သိသော ဤသို့ သဒ္ဒါကို တတ်သိသော ထိုသို့သဘောရှိသော သီတင်းသုံးဖော် အသျှင်မြတ်တို့ကို မြင်ကြရကုန်၏" ဟု ဆိုအပ်၏။

## ပစ္စည်းလေးပါး ခွင့်ပြုကြောင်း

၁၇၂။ စုန္ဒ ပစ္စုပ္ပန်လောက၌ ဖြစ်သော အာသဝေါတရားတို့ကို ပိတ်ပင်တားမြစ်ရန်သာ ငါသည် သင်တို့အား တရားဟောသည်မဟုတ်။

စုန္ဒ တမလွန်လောက၌ ဖြစ်တတ်သော အာသဝေါတရားတို့ကို ပယ်ဖျောက်ရန်သာ ငါသည် သင်တို့အား တရားဟောသည်မဟုတ်။

စုန္ဒ ပစ္စုပ္ပန်လောက၌ ဖြစ်တတ်သော အာသဝေါတရားတို့ကို ပိတ်ပင်တားမြစ်ရန်ငှါး တမလွန်လောက၌ ဖြစ်တတ်သော အာသဝေါတရားတို့ကို ပယ်ဖျောက်ရန်ငှါး ငါသည် သင်တို့အား တရားကို ဟော၏။

စုန္ဒ ထို့ကြောင့် ဤသာသနာတော်၌ သင်တို့အား ငါသည် အကြင်သင်္ကန်းကို ခွင့်ပြုအပ်၏၊ ထိုသင်္ကန်းသည် သင်တို့၏ အချမ်းကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ အပူကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ အရှက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းရန် စွမ်းနိုင်၏၊ (ဤသို့ အချမ်း အပူ ဖျောက်ခြင်းစသည်ကို ပြု၍ ရဟန်းတရားကို အားထုတ်ကျင့်ဆောင်လတ္တံ့ ဟု ရည်ရွယ်၍ ထိုသင်္ကန်းကို ငါခွင့်ပြုအပ်၏)။

သင်တို့အား ငါသည် အကြင် ဆွမ်းကို ခွင့်ပြုအပ်၏၊ ထိုဆွမ်းသည် ဤခန္ဓာကိုယ်ကို ကြာမြင့်စွာ တည်စေရန် စွမ်းနိုင်၏၊ မျှတစေရန် စွမ်းနိုင်၏၊ ဝေဒနာဆာလောင်ခြင်းကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ သာသနာတော်ကို ချီးမြှောက်ရန် စွမ်းနိုင်၏၊ ဤဆွမ်းကို မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းများကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်များကိုလည်း မဖြစ်စေအံ့၊ ငါ့အား ဣရိယာပုထ် မျှတခြင်းသည်လည်း ဖြစ်လတ္တံ့၊ အပြစ်မရှိခြင်းသည်လည်း ဖြစ်လတ္တံ့၊ ချမ်းသာစွာနေရခြင်းသည်လည်း ဖြစ်လတ္တံ့၊ (ဤသို့ နှလုံးသွင်း၍ ရဟန်းတရားကို အားထုတ်ကျင့်ဆောင်လတ္တံ့ ဟု ရည်ရွယ်၍ ထိုဆွမ်းကို ငါခွင့်ပြုအပ်၏)။

http://www.dhammadownload.com



သင်တို့အား ငါသည် အကြင် ကျောင်းကို ခွင့်ပြုအပ်၏၊ ထိုကျောင်းသည် သင်တို့အား အချမ်းကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ အပူကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ ဥတုကြောင့် ဖြစ်သော ဘေးရန်တို့ကို ပယ်ဖျောက်ရန် ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်ရန် စွမ်းနိုင်၏၊ (ဤသို့ အချမ်း အပူ ပယ်ဖျောက်ခြင်း စသည်ကိုပြု၍ ရဟန်းတရားကို အားထုတ် ကျင့်ဆောင်လတ္တံ့ ဟု ရည်ရွယ်၍ ထိုကျောင်းကို ငါခွင့်ပြုအပ်၏)။

သင်တို့အား ငါသည် အနာ၏ ဆန့်ကျင်ဘက် အသက်၏အရံအကာ အဆောက်အဦး ဖြစ်သော အကြင် ဆေးကို ခွင့်ပြုအပ်၏၊ ထိုဆေးသည် သင်တို့၏ ဓာတ်ချောက်ချားမှုကြောင့် ဖြစ်သော ဆင်းရဲဝေဒနာတို့ကို ပယ်ဖျောက်ရန် စွမ်းနိုင်၏၊ ရောဂါဆင်းရဲ မရှိစေရန် စွမ်းနိုင်၏၊ (ဤသို့ ဆင်းရဲ ဝေဒနာ ပယ်ဖျောက်ခြင်း စသည်ကိုပြု၍ ရဟန်းတရားကို အားထုတ်ကျင့်ဆောင်လတ္တံ့ ဟု ရည်ရွယ်၍ ထိုဆေးကို ငါခွင့်ပြုအပ်၏)။

## ချမ်းသာခံစားခြင်း အကျင့်

၁၇၃။ စုန္ဒ "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့သည် ချမ်းသာခံစားခြင်း အကျင့်ကို အားထုတ်လျက်နေကြကုန်၏" ဟု သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ ဆိုသော အကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို "ငါ့သျှင်တို့ ထိုချမ်းသာခံစားခြင်း အကျင့်ဟူသည် အဘယ်နည်း၊ ချမ်းသာခံစားခြင်း အကျင့်တို့သည် များကုန်၏၊ များသော အစီရင် ရှိကုန်၏၊ အထူးထူး အပြားပြား များကုန်၏" ဟု ဆိုအပ်ကုန်၏။

စုန္ဒ ဤ(ဆိုလတ္တံ့သော)လေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့သည် ယုတ်ညံ့ကုန်၏၊ ရွာနေသူတို့၏ အကျင့်ဖြစ်ကုန်၏၊ ပုထုဇဉ်တို့သာ မှီဝဲအပ်ကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ မမှီဝဲအပ်ကုန်၊ အကျိုးစီးပွါးနှင့် မစပ်ကုန်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ၌ခွဲမက်ခြင်းကင်းရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲချုပ်ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲငြိမ်းရန် မဖြစ်ကုန်၊သစ္စာလေးပါးကို ထိုးထွင်း၍ သိရန် မဖြစ်ကုန်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရန် မဖြစ်ကုန်၊ နိဗ္ဗာန်ရောက်ရန် မဖြစ်ကုန်။

အဘယ်လေးပါးတို့နည်းဟူမူ—

စုန္ဒ ဤလောက၌ အချို့သော လူမိုက်သည် သတ္တဝါတို့ကို သတ်၍ သတ်၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤသည်ကား ရှေးဦးစွာသော ချမ်းသာ ခံစားခြင်း အကျင့်တည်း။

စုန္ဒ တပါးတုံလည်း ဤလောက၌ အချို့သော လူမိုက်သည် မပေးသည်ကို ယူ၍ယူ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤသည်ကား နှစ်ခုမြောက် ချမ်းသာ ခံစားခြင်း အကျင့်တည်း။

စုန္ဒ တပါးတုံလည်း ဤလောက၌ အချို့သော လူမိုက်သည် မဟုတ်မမှန်သော စကားကို ပြော၍ ပြော၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏။ ဤသည်ကား သုံးခုမြောက် ချမ်းသာ ခံစားခြင်း အကျင့်တည်း။

http://www.dhammadownload.com



စုန္ဒ တပါးတုံလည်း ဤလောက၌ အချို့သော လူမိုက်သည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစား၏။ ဤသည်ကား လေးခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

စုန္ဒ ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့သည် ယုတ်ညံ့ကုန်၏၊ ရွာနေသူတို့၏ အလေ့အကျင့် ဖြစ်ကုန်၏၊ ပုထုဇဉ်တို့သာ မှီဝဲအပ်ကုန်၏၊ အရိယာပုဂ္ဂိုလ်တို့ မမှီဝဲအပ်ကုန်၊ အကျိုးစီးပွါးနှင့် မစပ်ကုန်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်းကင်းရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ ချုပ်ရန် မဖြစ်ကုန်၊ ဝဋ်ဆင်းရဲ ငြိမ်းရန် မဖြစ်ကုန်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိရန် မဖြစ်ကုန်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရန် မဖြစ်ကုန်၊ နိဗ္ဗာန်ရောက်ရန် မဖြစ်ကုန်။

စုန္ဒ "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့သည် ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်ကို အားထုတ်လျက်နေကုန်၏" ဟု သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

သင်တို့သည် ထိုပရိဗိုဇ်တို့ကို "ဤသို့ မဆိုကုန်လင့်" ဟု ဆိုကုန်ရာ၏၊ ထိုပရိဗိုဇ်တို့သည် သင်တို့ကို ဟုတ်မှန်စွာ ဆိုလိုသည်ဖြစ်၍ ဆိုသည်မမည်ကုန်ရာ၊ မဟုတ်မမှန်သောအားဖြင့် စွပ်စွဲပြောဆိုသည် မည်ကုန်ရာ၏။

၁၇၄။ စုန္ဒ ဤဆိုလတ္တံ့သော လေးပါးသော ချမ်းသာခံစားခြင်း အကျင့်ကို အားထုတ်ခြင်းတို့သည် စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်းကင်းရန် ဝဋ်ဆင်းရဲချုပ်ရန် ဝဋ်ဆင်းရဲ ငြိမ်းရန် သစ္စာလေးပါးကို ထိုးထွင်း၍သိရန် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရန် နိဗ္ဗာန်ရောက်ရန် ဖြစ်ကုန်၏။

အဘယ်လေးပါးတို့ နည်းဟူမူ—

စုန္ဒ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွသော ကာမဂုဏ်တို့မှ၎င်း အကုသိုလ်တို့မှ၎င်း ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ရောက်၍နေ၏။ ဤသည်ကား ရှေးဦးစွာသော ချမ်းသာခံစားခြင်း အကျင့်တည်း။

စုန္ဒ တပါးတုံလည်း ရဟန်းသည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့် ဒုတိယဈာန်သို့ ရောက်၍နေ၏။ ဤသည်ကား နှစ်ခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

စုန္ဒ တပါးတုံလည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'၏ လည်း ကင်းခြင်းကြောင့် တတိယဈာန်သို့ ရောက်၍နေ၏။ ဤသည်ကား သုံးခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

စုန္ဒ တပါးတုံလည်း ရဟန်းသည် ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် စတုတ္ထဈာန်သို့ရောက်၍နေ၏။ ဤသည်ကား လေးခုမြောက် ချမ်းသာခံစားခြင်း အကျင့်တည်း။

စုန္ဒ ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့သည် စင်စစ် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်း ကင်းရန် ဝဋ်ဆင်းရဲ ချုပ်ရန် ဝဋ်ဆင်းရဲငြိမ်းရန် သစ္စာလေးပါးကို ထိုးထွင်း၍ သိရန် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရန် နိဗ္ဗာန်ရောက်ရန် ဖြစ်ကုန်၏။

http://www.dhammadownload.com



စုန္ဒ "သာကီဝင်မင်းသား ဘုရားသားတော်တို့သည် ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့ကို အားထုတ်ကြကုန်လျက် နေကုန်၏" ဟု သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

သင်တို့သည် ပရိဗိုဇ်တို့ကို "မှန်ပေ၏" ဟု ဆိုကုန်ရာ၏၊ ထိုပရိဗိုဇ်တို့သည် သင်တို့ကို ဟုတ်မှန်စွာ ဆိုလိုသည်ဖြစ်၍ ဆိုသည် မည်ကုန်ရာ၏၊ ထိုပရိဗိုဇ်တို့သည် သင်တို့ကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲပြောဆိုသည် မမည်ကုန်ရာ။

## ချမ်းသာခံစားခြင်းအကျင့်၏ အကျိုးအာနိသင်

၁၇၅။ စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် ငါ့သျှင်တို့ ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့ကို အားထုတ်လျက်နေကုန်သော ပုဂ္ဂိုလ်တို့အား အဘယ်မျှသော အကျိုး အဘယ်မျှသော အာနိသင်တို့ကို အလိုရှိအပ်ကုန်သနည်း ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ ဆိုလေ့ရှိကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏။

"ငါ့သျှင်တို့ ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့ကို အားထုတ်လျက် နေကုန်သော ပုဂ္ဂိုလ်တို့အား လေးပါးသော အကျိုးတို့ကို အလိုရှိအပ်ကုန်၏၊ လေးပါးသော အာနိသင်တို့ကို အလိုရှိအပ်ကုန်၏။

အဘယ်လေးပါးတို့နည်းဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏။ ဤသည်ကား ရှေးဦးစွာသော အကျိုးအာနိသင် တည်း။

ငါ့သျှင်တို့ တပါးဘိုလည်း ရဟန်းသည် သုံးပါးသော သံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် တပ်မက်ခြင်း'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ'တို့၏ လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်၏။ ဤသည်ကား နှစ်ခုမြောက် အကျိုးအာနိသင်တည်း။

ငါ့သျှင်တို့ တပါးတို့လည်း အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်းအဖို့ရှိသော ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌ သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ် ဖြစ်၏။ ဤသည်ကား သုံးခုမြောက် အကျိုးအာနိသင်တည်း။

ငါ့သျှင်တို့ တပါးတို့လည်း ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရားကင်းသော လွတ်မြောက်သည့်(အရဟတ္တဖိုလ်)စိတ်နှင့်လွတ်မြောက်သည့်(အရဟတ္တဖိုလ်)ပညာ

http://www.dhammadownload.com



ကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာ ဖြစ်၏။ ဤသည်ကား လေးခုမြောက် အကျိုးအာနိသင်တည်း။

ငါ့သျှင်တို့ ဤလေးပါးသော ချမ်းသာခံစားခြင်း အကျင့်တို့ကို အားထုတ်လျက်နေကုန်သော ပုဂ္ဂိုလ်တို့အား ဤလေးပါးသော အကျိုးအာနိသင်တို့ကို အလိုရှိအပ်ကုန်၏” ဟု ဆိုကုန်ရာ၏။

## အာသဝေါကင်းသူ၏ မထိုက်သောအရာ

၁၈၆။ စုန္ဒ “သာကီဝင်မင်းသား ဘုရားသားတော်တို့သည် အယူဝါဒ၌ မတည်တံ့သော သဘောရှိကုန်သည်ဖြစ်၍ နေကုန်၏” ဟု သာသနာတော်မှတပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည် ။

စုန္ဒ ဤသို့ ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏—

“ငါ့သျှင်တို့ သိတော်မူ မြင်တော်မူ၍ ပုဗ္ဗေသိအထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည်တပည့်တို့အား ဟောကြားပညတ် အပ်ကုန်သော အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်သော တရားတို့သည် ရှိကုန်သည်သာတည်း၊ ငါ့သျှင်တို့ မြေသို့ နက်စွာဝင်သော မြဲစွာစိုက်အပ်သော ကျောက်တိုင်သည်ရင်း သံတိုင်သည်ရင်း မရွေ့ရှား မတုန်လှုပ်သကဲ့သို့ ငါ့သျှင်တို့ ဤအတူ သိတော်မူ မြင်တော်မူ၍ ပုဗ္ဗေသိအထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရား သည် တပည့်တို့အား ဟောကြားပညတ်အပ်ကုန်သော အသက်ထက်ဆုံး မလွန်ကျူးအပ်ကုန်သော တရားတို့သည် မရွေ့ရှား မတုန်လှုပ်ကုန်။

ငါ့သျှင်တို့ အကြင်ရဟန်းသည် ပုဗ္ဗေသိအထူးကို ခံထိုက်၏၊ အာသဝေါ ကုန်ပြီးဖြစ်၏၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ ပြုပြီးသော မဂ်ကိစ္စရှိ၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ ရောက်ပြီးသော အရဟတ္တဖိုလ်ဟူသော မိမိအကျိုးရှိ၏၊ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်ပြီးဖြစ်၏၊ ထိုရဟန်းသည် ကိုးပါးသော အရာတို့ကို လွန်ကျူး၍ ကျင့်ခြင်းငှါ မထိုက်။

ငါ့သျှင်တို့ အာသဝေါကင်းပြီးသော ရဟန်းသည် သေစေလို၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ ချခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် မပေးသည်ကို ခိုးလိုသောစိတ်ဖြင့် ခိုးယူခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် သိလျက် မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် ရှေးလူဖြစ်စဉ်အခါက ပြုလုပ်သကဲ့သို့ ဝတ္ထုကာမ ကိလေသာကာမတို့ကို စုဆောင်း သိုမှီး၍ သုံးဆောင်ခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် ချစ်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် မုန်းသဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

http://www.dhammadownload.com



အာသဝေါကင်းပြီးသော ရဟန်းသည် မသိသဖြင့် မလားအပ်သည့်အရာသို့ လားခြင်းငှါ မထိုက်။

အာသဝေါကင်းပြီးသော ရဟန်းသည် ကြောက်သဖြင့် မလားအပ်သည့် အရာသို့ လားခြင်းငှါ မထိုက်။

ငါ့သျှင်တို့ အကြင် ရဟန်းသည် ပုဇော်အထူးကို ခံထိုက်၏၊ အာသဝေါကုန်ပြီးဖြစ်၏၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးဖြစ်၏၊ ပြုပြီးသောမဂ်ကိစ္စရှိ၏၊ ခန္ဓာဝန်ကို ချပြီးဖြစ်၏၊ ရောက်ပြီးသော အရဟတ္တဖိုလ်ဟူသည်းဟူသော မိမိအကျိုးရှိ၏၊ ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်ပြီးဖြစ်၏၊ ထိုရဟန်းသည် ဤဆိုပြီးသော ကိုးပါးသော အရာတို့ကို လွန်ကျူး၍ ကျင့်ခြင်းငှါ မထိုက်”ဟု ဆိုကုန်ရာ၏။

## အမေးနှင့် အဖြေ

၁၇၇။ စုန္ဒ “ရဟန်းဂေါတမသည် လွန်ပြီးသော အဘိတ်ကာလကို အကြောင်းပြု၍ အပိုင်းအခြားမရှိ များစွာသော ဉာဏ်အမြင်ကို ဖော်ပြ၏၊ လာလတ္တံ့သော အနာဂတ်ကာလကို အကြောင်းပြု၍ အပိုင်းအခြားမရှိ များစွာသော ဉာဏ်အမြင်ကိုကား မဖော်ပြ၊ ထိုမဖော်ပြခြင်းသည် အဘယ်သို့နည်း၊ ထိုမဖော်ပြခြင်းသည် အဘယ့်ကြောင့်နည်း” ဟု သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ ဆိုရာသော အကြောင်းသည် ရှိသည်သာတည်း။

သာသနာတော်မှ တပါးသော အယူရှိကုန်သော ထိုပရိဗိုဇ်တို့သည် မိုက်ကုန် မလိမ္မာကုန်သော သူတို့ကဲ့သို့ အာရုံတပါးကို သိသောဉာဏ်အမြင်ဖြင့် အာရုံတပါးကို သိသော ဉာဏ်အမြင်ကို အတူပြု၍ ဖော်ပြသင့်သည် ဟု အောက်မေ့ကြကုန်၏။

စုန္ဒ လွန်ပြီးသော အတိတ်ကာလကို အကြောင်းပြု၍ ပုဗ္ဗေနိဝါသာနုဿတိနှင့် ယှဉ်သော ဉာဏ်သည် မြတ်စွာဘုရားအား ဖြစ်၏၊ ထိုမြတ်စွာဘုရားသည် အကြင်မျှလောက်သော အာရုံကို အလိုရှိ၏၊ ထိုမျှလောက်သော အာရုံကို အောက်မေ့နိုင်၏။

လာလတ္တံ့သော အနာဂတ်ကာလကို အကြောင်းပြု၍ “ဤဘဝသည် အဆုံးစွန် ဘဝဖြစ်၏၊ ယခုအခါ တဖန် ဖြစ်ခြင်း (ဘဝသစ်)မရှိတော့ပြီ” ဟု ဗောဓိပင်ရင်း၌ အရိယမဂ်ဉာဏ်ကြောင့် ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်သည် မြတ်စွာဘုရားအားဖြစ်၏။

စုန္ဒ အတိတ်အကြောင်းသည် အကယ်၍ မဟုတ်မမှန် အကျိုးနှင့် မစပ်သည် ဖြစ်အံ့၊ ထိုအတိတ်အကြောင်းကို မြတ်စွာဘုရားသည် မဖြေဆို။

စုန္ဒ အတိတ် အကြောင်းသည် ဟုတ်မှန်သော်လည်း အကယ်၍ အကျိုးနှင့် မစပ်သည်ဖြစ်အံ့၊ ထိုအတိတ်အကြောင်းကိုလည်း မြတ်စွာဘုရားသည် မဖြေဆို။

စုန္ဒ အတိတ်အကြောင်းသည် အကယ်၍ ဟုတ်မှန်သည် အကျိုးနှင့် စပ်သည်ဖြစ်အံ့၊ ထိုအရာ၌ ထိုပြဿနာကို ဖြေဆိုခြင်းငှါ မြတ်စွာဘုရားသည် အခါကို သိတော်မူ၏။

စုန္ဒ အနာဂတ် အကြောင်းသည် အကယ်၍ မဟုတ်မမှန် အကျိုးနှင့် မစပ်သည် ဖြစ်အံ့၊ ထို အနာဂတ်အကြောင်းကို မဖြေဆို။မ။

http://www.dhammadownload.com



စုန္ဒ ပစ္စုပ္ပန်အကြောင်းသည် အကယ်၍ မဟုတ်မမှန် အကျိုးနှင့် မစပ်သည် ဖြစ်အံ့၊ ထိုပစ္စုပ္ပန် အကြောင်းကို မြတ်စွာဘုရားသည် မဖြေဆို။

စုန္ဒ ပစ္စုပ္ပန် အကြောင်းသည် ဟုတ်မှန်သော်လည်း အကယ်၍ အကျိုးနှင့် မစပ်သည် ဖြစ်အံ့၊ ထိုပစ္စုပ္ပန် အကြောင်းကိုလည်း မြတ်စွာဘုရားသည် မဖြေဆို။

စုန္ဒ ပစ္စုပ္ပန် အကြောင်းသည် အကယ်၍ ဟုတ်မှန်သည် အကျိုးနှင့် စပ်သည် ဖြစ်အံ့၊ ထိုအရာ၌ ထိုပြဿနာကို ဖြေဆိုခြင်းငှါ မြတ်စွာဘုရားသည် အခါကို သိတော်မူ၏။

၁၈၈။ စုန္ဒ ဤသို့ အတိတ် အနာဂတ် ပစ္စုပ္ပန် တရားတို့၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ဆိုလေ့ရှိ၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ ဆုံးမခြင်းနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ ထို့ကြောင့် (ငါ့ကို) "တထာဂတ"ဟူ၍ ဆိုအပ်၏။

စုန္ဒ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော ဤနတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော ဤလူ့လောက၌ အကြင်အာရုံကို မြင်အပ်၏၊ ကြားအပ်၏၊ တွေ့အပ်၏၊ သိအပ်၏၊ ရောက်အပ်၏၊ ရှာမှီးအပ်၏၊ စိတ်ဖြင့် အဖန်ဖန် ကြံစည်အပ်၏၊ ထိုအလုံးစုံသော အာရုံကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏၊ ထို့ကြောင့် (ငါ့ကို) "တထာဂတ"ဟူ၍ ဆိုအပ်၏။

စုန္ဒ အကြင်ညဉ့်၌ မြတ်စွာဘုရားသည် အတုမရှိသော သမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ အကြင်ညဉ့်၌ ခန္ဓာ နာမ် ရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထို(သမ္ဗောဓိဉာဏ် ရသော ညဉ့်နှင့် ပရိနိဗ္ဗာန်ပြုတော်မူသောညဉ့်)အတွင်း၌ အကြင်တရားကို ဟော၏၊ ပြော၏၊ ညွှန်ပြ၏၊ ထိုအလုံးစုံသော တရားသည် ထိုဟောပြောညွှန်ပြသည့်အတိုင်း ဖြစ်သည်သာတည်း၊ အခြားတနည်း တဖုံအားဖြင့် မဖြစ်၊ ထို့ကြောင့် (ငါ့ကို) "တထာဂတ"ဟူ၍ ဆိုအပ်၏။

စုန္ဒ မြတ်စွာဘုရားသည် ဆိုလေ့ရှိသည့်အတိုင်း ပြုလေ့ရှိ၏၊ ပြုလေ့ရှိသည့်အတိုင်း ဆိုလေ့ရှိ၏၊ ဤသို့ ဆိုလေ့ရှိသည့်အတိုင်း ပြုလေ့ရှိ၍ ပြုလေ့ရှိသည့်အတိုင်း ဆိုလေ့ရှိသောကြောင့် (ငါ့ကို) "တထာဂတ" ဟူ၍ ဆိုအပ်၏။

စုန္ဒ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော ဤနတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤလူ့လောက၌ မြတ်စွာဘုရားသည် သူတပါးကို လွှမ်းမိုးနိုင်သူဖြစ်၏၊ သူတပါးတို့က မလွှမ်းမိုးနိုင်သူဖြစ်၏၊ စင်စစ် မြင်နိုင်သူ ဖြစ်၏၊ အလိုသို့ လိုက်စေနိုင်သူ ဖြစ်၏၊ ထို့ကြောင့် (ငါ့ကို) "တထာဂတ"ဟူ၍ ဆိုအပ်၏။

## မဟောကြားအပ်သောအရာ

၁၈၉။ စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ အသို့နည်း၊ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်သလော၊ ဤအယူသည်သာလျှင် မှန်သလော၊ တပါးသော အယူသည် အချည်းနှီးလော" ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏၊ "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသောအယူသည် အချည်းနှီးတည်း ဟု မြတ်စွာဘုရားသည် ဟောတော်မမူ"ဟူ၍ (ဆိုကုန်ရာ၏)။

http://www.dhammadownload.com



စုန္ဒ အယူဘမျိုးရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ မဖြစ်သလော၊ ဤအယူသာလျှင် မှန်သလော၊ တပါးသော အယူသည် အချည်းနှီးလော" ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ ဆိုကုန်သော သာသနာတော်မှတပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏၊ "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ မဖြစ်၊ ဤအယူသည်သာလျှင်မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း ဟု ဤသို့လည်း မြတ်စွာဘုရားသည် ဟောတော်မမူ" ဟူ၍ (ဆိုကုန်ရာ၏)။

စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်လည်း ဖြစ်သလော၊ မဖြစ်လည်း မဖြစ်သလော၊ ဤအယူသည်သာလျှင် မှန်သလော၊တပါးသော အယူသည် အချည်းနှီးလော" ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏၊ "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်လည်း ဖြစ်၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း ဟု မြတ်စွာဘုရားသည် ဟောတော်မမူ" ဟူ၍ (ဆိုကုန်ရာ၏)။

စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်သလော၊ ဤအယူသည်သာလျှင် မှန်သလော၊ တပါးသောအယူသည် အချည်းနှီးလော" ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ ဆိုကုန်သော သာသနာတော်မှ တပါးသောအယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏၊ "ငါ့သျှင်တို့ သတ္တဝါသည် သေသည့်နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသာလျှင် မှန်၏၊ တပါးသောအယူသည် အချည်းနှီးတည်း ဟု ဤသို့လည်း မြတ်စွာဘုရားသည် ဟောတော်မမူ" ဟူ၍ (ဆိုကုန်ရာ၏)။

စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည်"ငါ့သျှင်တို့ အဘယ့်ကြောင့် ရဟန်းဂေါတမသည် ဤစကားကို မဟောသနည်း" ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏၊ "ငါ့သျှင်တို့ ဤစကားသည် (ပစ္စုပ္ပန် တမလွန်) အကျိုးနှင့် မစပ် (လောကုတ္တရာ) တရားနှင့် မစပ်၊ သာသနာတော် အကျင့်မြတ်၏ အစ အဦးမဟုတ်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် မဖြစ်၊ ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်း ကင်းရန် မဖြစ်၊ ဝဋ်ဆင်းရဲ ချုပ်ရန် မဖြစ်၊ ဝဋ်ဆင်းရဲ ငြိမ်းရန် မဖြစ်၊ သစ္စာ လေးပါးကို ထိုးထွင်းသိရန် မဖြစ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရန် မဖြစ်၊ နိဗ္ဗာန်ရောက်ရန် မဖြစ်၊ ထို့ကြောင့် ထိုစကားကို မြတ်စွာဘုရားသည် ဟောတော်မမူ" ဟု (ဆိုကုန်ရာ၏)။

http://www.dhammadownload.com



## ဟောကြားအပ်သောအရာ

၁၉၀။ စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ ရဟန်းဂေါတမသည် အဘယ်တရားကို ဟောအပ်သနည်း"ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏။

"ငါ့သျှင်တို့ ဤတရားသဘောသည် ဒုက္ခတည်း" ဟု ဤစကားကို မြတ်စွာဘုရားသည် ဟောဘော်မူ၏။

"ငါ့သျှင်တို့ ဤတရားသဘောသည် ဒုက္ခဖြစ်ကြောင်းတည်း" ဟု ဤစကားကို မြတ်စွာဘုရားသည် ဟောဘော်မူ၏။

"ငါ့သျှင်တို့ ဤတရားသဘောသည် ဒုက္ခချုပ်ရာတည်း" ဟု ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

"ငါ့သျှင်တို့ ဤတရားသဘောသည် ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းတည်း" ဟု ဤစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏ ဟု (ဆိုကုန်ရာ၏)။

စုန္ဒ သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ အဘယ့်ကြောင့် ဤစကားကို ရဟန်းဂေါတမသည် ဟောတော်မူသနည်း" ဟု ဆိုရာသော ဤအကြောင်းသည် ရှိသည်သာတည်း။

စုန္ဒ ဤသို့ ဆိုကုန်သော သာသနာတော်မှ တပါးသော အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ဆိုကုန်ရာ၏—

"ငါ့သျှင်တို့ ဤစကားသည် ပစ္စုပ္ပန် အကျိုး တမလွန် အကျိုးနှင့် စပ်၏၊ ဤစကားသည် လောကုတ္တရာ တရားနှင့် စပ်၏၊ ဤစကားသည် သာသနာတော်၏ အစအဦး ဖြစ်၏၊ ဝဋ်ဆင်းရဲ၌ စင်စစ်ငြီးငွေ့ရန် ဖြစ်၏၊ ဝဋ်ဆင်းရဲ၌ စွဲမက်ခြင်းကင်းရန် ဖြစ်၏၊ ဝဋ်ဆင်းရဲချုပ်ရန် ဖြစ်၏၊ ဝဋ်ဆင်းရဲငြိမ်းရန်ဖြစ်၏၊ သစ္စာလေးပါး ကို ထိုးထွင်း၍ သိရန် ဖြစ်၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရန်ဖြစ်၏၊ နိဗ္ဗာန် ရောက်ရန် ဖြစ်၏၊ ထို့ကြောင့် ထိုစကားကို မြတ်စွာဘုရား ဟောတော်မူ၏"ဟူ၍ (ဆိုကုန်ရာ၏)။

## ရှေးအဖို့ကို စွဲ၍ဖြစ်သော မိစ္ဆာအယူ

၁၉၁။ စုန္ဒ ရှေးအဖို့ကိုစွဲ၍ ဖြစ်ကုန်သော အကြင်မိစ္ဆာအယူတို့သည် ရှိကုန်၏၊ (ထိုမိစ္ဆာအယူတို့တွင်)အကြင်မိစ္ဆာအယူတို့ကို အကြင်အခြင်းအရာအားဖြင့် သင်တို့အား ဟောကြားအပ်ကုန်၏၊ ထိုမိစ္ဆာအယူဘို့ကို ငါသည် သင်တို့အား ဟောတော်မူ၏၊ ထိုမိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့်ကား သင်တို့အား မဟောကြားအပ်ကုန်၊ ထိုမိစ္ဆာအယူတို့ကို ငါသည် သင်တို့အား အဘယ့်ကြောင့် ဟောရအံ့နည်း။

http://www.dhammadownload.com



စုန္ဒ နောက်အဖို့ကိုစွဲ၍ ဖြစ်ကုန်သော အကြင်မိစ္ဆာအယူတို့သည် ရှိကုန်၏။ (ထိုမိစ္ဆာအယူတို့တွင်) အကြင်မိစ္ဆာအယူတို့ကို အကြင်အခြင်းအရာအားဖြင့် သင်တို့အား ဟောအပ်ကုန်၏၊ ထိုမိစ္ဆာအယူတို့ကို ငါသည် သင်တို့အား ဟောတော်မူ၏၊ အကြင် မိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့် သင်တို့အား မဟောအပ်ကုန်၊ ထိုမိစ္ဆာအယူတို့ကို သင်တို့အား ငါသည် အဘယ့်ကြောင့် ဟောရအံ့နည်း။

စုန္ဒ အကြင် မိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့် သင်တို့အား ဟောအပ်ကုန်၏၊ ထိုမိစ္ဆာအယူတို့ကို ငါသည် ဟောတော်မူ၏၊ အကြင်မိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့် သင်တို့အား မဟောအပ်ကုန်၊ ထိုမိစ္ဆာအယူတို့ကို သင်တို့အား ငါသည် အဘယ့်ကြောင့် ဟောရအံ့နည်း။

ရှေ့အဖို့ကို စွဲ၍ ဖြစ်ကုန်သော ထိုမိစ္ဆာအယူတို့ကား အဘယ်တို့နည်းဟူမူ—

စုန္ဒ "အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

စုန္ဒ "အတ္တသည်၎င်း လောကသည်၎င်း မမြဲ။ပ။

အတ္တသည်၎င်း လောကသည်၎င်း မြဲလည်းမြဲ၏၊ မမြဲလည်းမမြဲ။

အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်းမဟုတ် မမြဲသည်လည်း မဟုတ်။

အတ္တကို၎င်း လောကကို၎င်း မိမိပြုအပ်၏။

အတ္တကို၎င်း လောကကို၎င်း သူတပါးပြုအပ်၏။

အတ္တကို၎င်း လောကကို၎င်း မိမိလည်း ပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏။

အတ္တကို၎င်း လောကကို၎င်း မိမိလည်း မပြုအပ် သူတပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏၊ ဤအယူသည်သာလျှင်မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

"ချမ်းသာ ဆင်းရဲသည် မြဲ၏၊ ချမ်းသာ ဆင်းရဲသည် မမြဲ၊ ချမ်းသာ ဆင်းရဲသည် မြဲလည်းမြဲ၏၊ မမြဲလည်း မမြဲ၊ ချမ်းသာ ဆင်းရဲသည် မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်းမဟုတ်၊ ချမ်းသာ ဆင်းရဲကို မိမိပြုအပ်၏၊ ချမ်းသာ ဆင်းရဲကို သူတပါး ပြုအပ်၏၊ ချမ်းသာဆင်းရဲကို မိမိလည်း ပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏၊ ချမ်းသာ ဆင်းရဲကို မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

၁၉၂။ စုန္ဒ ထိုသမဏဗြာဟ္မဏတို့တွင် "အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့ကို ချဉ်းကပ်၍ ငါသည် ဤသို့ ဆို၏၊ "ငါ့သျှင်တို့ အတ္တသည်၎င်း လောကသည်၎င်း မြဲ၏ ဟူသော အကြင် စကားကို(သင်တို့သည်)ဆိုကုန်၏၊ ဤစကားသည် ရှိသလော" ဟု (ဆို၏)၊ ထိုသမဏဗြာဟ္မဏတို့သည် "ဤအယူသည်သာလျှင် မှန်၏၊ တပါးသော

http://www.dhammadownload.com



အယူသည် အချည်းနှီးသာတည်း" ဟု အကြင် စကားကို ဆိုကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ထိုစကားကိုလည်း ငါသည် ဝန်မခံ၊ ထိုသို့ ဝန်မခံခြင်းသည် အဘယ့်ကြောင့်နည်း၊ စုန္ဒ ဤပြဿနာ၌ မှားသော အယူရှိကုန်သော အချို့သောသတ္တဝါတို့ရှိသောကြောင့်တည်း။

စုန္ဒ ဤမိစ္ဆာအယူကို ဟုတ်မှန်သောအတိုင်း သိစေခြင်း၌ ငါသည် မိမိနှင့်တူသော သူကို မမြင်၊ သာလွန်သော သူကိုကား အဘယ်မှာ မြင်အံ့နည်း၊ စင်စစ် အကြင် ခန္ဓာစသော အဘိဓမ္မတရားကို သိစေခြင်းသည် ရှိ၏၊ ထိုခန္ဓာစသော အဘိဓမ္မတရားကို သိစေခြင်း၌ ငါသည် သာလျှင် သာလွန်၏။

၁၉၃။ စုန္ဒ ထိုသမဏ ဗြာဟ္မဏတို့တွင် "အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ အတ္တသည်၎င်း လောကသည်၎င်း မမြဲ၊ အတ္တသည်၎င်း လောကသည်၎င်း မြဲလည်းမြဲ၏၊ မမြဲလည်း မမြဲ၊ အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်းမဟုတ် မမြဲသည်လည်းမဟုတ်။

အတ္တကို၎င်း လောကကို၎င်း မိမိပြုအပ်၏၊ အတ္တကို၎င်း လောကကို၎င်း သူတပါးပြုအပ်၏၊ အတ္တကို၎င်း လောကကို၎င်း မိမိလည်း ပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏၊ အတ္တကို၎င်း လောကကို၎င်း မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏။

ချမ်းသာ ဆင်းရဲသည် မြဲ၏။ ချမ်းသာဆင်းရဲသည် မမြဲ။ ချမ်းသာ ဆင်းရဲသည် မြဲလည်း မြဲ၏၊ မမြဲလည်းမမြဲ။ ချမ်းသာ ဆင်းရဲသည် မြဲသည်လည်း မဟုတ်၊ မမြဲသည်လည်း မဟုတ်။ ချမ်းသာ ဆင်းရဲကို မိမိပြုအပ်၏။ ချမ်းသာဆင်းရဲကို သူတပါး ပြုအပ်၏။ ချမ်းသာ ဆင်းရဲကို မိမိလည်း ပြုအပ်၏၊ သူတပါးလည်း ပြုအပ်၏။ ချမ်းသာ ဆင်းရဲကို မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်။ အကြောင်းကို မစွဲမူ၍ ဖြစ်၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့ကို ချဉ်းကပ်၍ ငါသည် ဤသို့ ဆို၏၊ "ငါ့သျှင်တို့ ချမ်းသာ ဆင်းရဲကို မိမိလည်း မပြုအပ်၊ သူတပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏ဟု အကြင်စကားကို ဆိုအပ်၏၊ ဤစကားသည် ရှိသလော" ဟု (ဆို၏)၊ ထိုသမဏ ဗြာဟ္မဏတို့သည် "ဤအယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု အကြင်စကားကို ဆိုကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ထိုစကားကို ငါသည် ဝန်မခံ၊ ထိုသို့ ဝန်မခံခြင်းသည် အဘယ့်ကြောင့်နည်း၊ စုန္ဒ ဤလောက၌ မှားသော မိစ္ဆာအယူရှိကုန်သော အချို့သော သတ္တဝါတို့ ရှိသောကြောင့်တည်း။

စုန္ဒ ဤမိစ္ဆာအယူကို ဟုတ်မှန်သောအတိုင်း သိစေခြင်း၌ ငါသည် မိမိနှင့်တူသော သူကို မမြင်၊ သာလွန်သော သူကိုကား အဘယ်မှာ မြင်အံ့နည်း၊ စင်စစ် အကြင် ခန္ဓာ စသော အဘိဓမ္မ တရားကို သိစေခြင်းသည်ရှိ၏၊ ထိုခန္ဓာစသော အဘိဓမ္မ တရားကို သိစေခြင်း၌ ငါသည် သာလျှင် သာလွန်၏။

စုန္ဒ ဤဆိုခဲ့သော မိစ္ဆာအယူတို့ကား ရှေးအဖို့ကိုစွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့တည်း၊ ထိုမိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့် ငါသည် သင်တို့အား ဟောအပ်ကုန်၏၊ ထိုမိစ္ဆာအယူတို့ကို ငါသည် သင်တို့အား ဟောတော်မူ၏၊ ထိုမိစ္ဆာအယူတို့ကို အကြင် အခြင်း အရာအားဖြင့် ငါသည် သင်တို့အား မဟောအပ်ကုန်၊ ထိုမိစ္ဆာအယူတို့ကို ထိုအခြင်းအရာအား ဖြင့် ငါသည် သင်တို့အား အဘယ်ကြောင့် ဟောရအံ့နည်း။

http://www.dhammadownload.com



## နောက်အဖို့ကို စွဲ၍ဖြစ်သော မိစ္ဆာအယူ

၁၉၄။ စုန္ဒ အကြင် မိစ္ဆာ အယူတို့ကို အကြင် အခြင်းအရာအားဖြင့် ငါသည် သင်တို့အား ဟောအပ်ကုန်၏၊ ထိုမိစ္ဆာအယူတို့ကို ငါသည် သင်တို့အား ဟောတော်မူ၏၊ ထိုမိစ္ဆာအယူတို့ကို အကြင်အခြင်းအရာအားဖြင့် ငါသည် သင်တို့အား မဟောအပ်ကုန်၊ ထိုမိစ္ဆာအယူတို့ကို ထို အခြင်းအရာအားဖြင့် ငါသည် သင်တို့အား အဘယ့်ကြောင့် ဟောရအံ့နည်း။ နောက်အဖို့ကို စွဲ၍ ဖြစ်ကုန်သော ထိုမိစ္ဆာအယူတို့ကား အဘယ်တို့နည်းဟူမူ—

စုန္ဒ "အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက်၌ မြဲ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူ သည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏။

စုန္ဒ ထို့ပြင် "အတ္တသည် ရုပ်မရှိ၊ အတ္တသည် ရုပ်ရှိလည်း ရှိ၏၊ ရုပ်မရှိလည်း မရှိ၊ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်။

အတ္တသည် သညာရှိ၏။အတ္တသည် သညာမရှိ။အတ္တသည် သညာရှိသည်လည်း မဟုတ်၊ သညာ မရှိသည်လည်း မဟုတ်။အတ္တသည် သေလျှင် ပြတ်၏၊ ပျက်စီး၏၊ သေသည်မှနောက်၌ မဖြစ်။ ဤအယူ သည်သာလျှင် မှန်၏။ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

စုန္ဒ ထိုသမဏဗြာဟ္မဏတို့တွင် "အတ္တသည် ရုပ်ရှိ၏၊ အတ္တသည် သေသည့်နောက်၌ မြဲ၏၊ ဤအယူသည်သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့ကို ချဉ်းကပ်၍ ငါသည် ဤသို့ ဆို၏၊ "ငါ့သျှင်တို့ အတ္တသည် ရုပ်ရှိ၏၊ သေသည်မှ နောက်၌ မြဲ၏ ဟု အကြင်စကားကို သင်တို့ ဆို၏၊ ဤ စကားသည် ရှိသလော" ဟု (ဆို၏)၊ ထိုသမဏဗြာဟ္မဏတို့သည် "ဤအယူသည်သာလျှင်မှန်၏၊ တပါး သော အယူသည် အချည်းနှီးသာတည်း" ဟု အကြင် စကားကို ဆိုကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ထိုစကားကို ငါသည် ဝန်မခံ၊ ထိုသို့ ဝန်မခံခြင်းသည် အဘယ့်ကြောင့်နည်း၊ စုန္ဒ ဤလောက၌ မှားသော မိစ္ဆာအယူရှိကုန်သော အချို့သော သတ္တဝါတို့ ရှိသောကြောင့်တည်း။

စုန္ဒ ဤမိစ္ဆာအယူကို ဟုတ်မှန်သောအတိုင်း သိစေခြင်း၌ ငါသည် မိမိနှင့်တူသော သူကို မမြင်၊ သာလွန်သော သူကိုကား အဘယ်မှာ မြင်အံ့နည်း၊ စင်စစ် အကြင် ခန္ဓာ စသော အဘိဓေယျ တရားကို သိစေခြင်းသည်ရှိ၏၊ ထို ခန္ဓာ စသော အဘိဓေယျ တရားကို သိစေခြင်း၌ ငါသည် သာလျှင် သာလွန်၏။

၁၉၅။ စုန္ဒ ထိုသမဏဗြာဟ္မဏတို့တွင် "အတ္တသည် ရုပ်မရှိ။ အတ္တသည် ရုပ်ရှိလည်းရှိ၏၊ ရုပ် မရှိလည်း မရှိ။ အတ္တသည် ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်။ အတ္တသည် သညာ ရှိ၏၊ အတ္တသည် သညာမရှိ။အတ္တသည် သညာရှိသည်လည်း မဟုတ်။သညာမရှိသည်လည်း မဟုတ်။ အတ္တသည် သေလျှင်ပြတ်၏၊ ပျက်စီး၏၊ သေသည်မှနောက်၌ မဖြစ်။ ဤအယူသည်သာလျှင် မှန်၏၊

http://www.dhammadownload.com



တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့ကို ချဉ်းကပ်၍ ငါသည် ဤသို့ ဆို၏၊ "ငါ့သျှင်တို့ အတ္တသည် သေလျှင် ပြတ်၏၊ပျက်စီး၏၊သေသည်မှနောက်၌ မဖြစ် ဟူသော အကြင် စကားကို သင်တို့ ဆို၏၊ ဤစကားသည် ရှိသလော" ဟု (ဆို၏)၊ထိုသမဏဗြာဟ္မဏတို့သည် "ဤအယူသည် သာလျှင် မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု အကြင် စကားကို ဆိုကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ထိုစကားကို ငါသည် ဝန်မခံ၊ ထိုသို့ ဝန်မခံခြင်းသည် အဘယ့်ကြောင့်နည်း၊ စုန္ဒ ဤလောက၌ မှားသော မိစ္ဆာအယူရှိကုန်သော အချို့သော သတ္တဝါတို့ ရှိသောကြောင့်တည်း။

စုန္ဒ ဤမိစ္ဆာအယူကို ဟုတ်မှန်သောအတိုင်း သိစေခြင်း၌ ငါသည် မိမိနှင့်တူသော သူကို မမြင်၊ သာလွန်သော သူကိုကား အဘယ်မှာ မြင်အံ့နည်း၊ စင်စစ် အကြင် ခန္ဓာ စသော အဘိညေယျ တရားကို သိစေခြင်းသည်ရှိ၏၊ ထိုခန္ဓာစသော အဘိညေယျတရားကို သိစေခြင်း၌ ငါသည် သာလျှင် သာလွန်၏။

စုန္ဒ ဤဆိုခဲ့သော မိစ္ဆာအယူတို့သည် နောက်အဖို့ကိုစွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့တည်း၊ (ထိုမိစ္ဆာအယူတို့တွင်)အကြင် မိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့် သင်တို့အား ဟော အပ်ကုန်၏၊ ထိုမိစ္ဆာအယူတို့ကို ငါသည် သင်တို့အား ဟော၏၊ အကြင် မိစ္ဆာအယူတို့ကို အကြင် အခြင်းအရာအားဖြင့် သင်တို့အား မဟောအပ်ကုန်၊ ထိုမိစ္ဆာအယူတို့ကို ထိုအခြင်းအရာအားဖြင့် ငါသည် သင်တို့အား အဘယ့်ကြောင့် ဟောရအံ့နည်း။

၁၉၆။ စုန္ဒ ရှေးအဖို့ကိုစွဲ၍ ဖြစ်ကုန်သော ဤမိစ္ဆာအယူတို့ကိုငှါး နောက်အဖို့ကိုစွဲ၍ ဖြစ်ကုန်သော ဤမိစ္ဆာအယူတို့ကိုငှါး ပယ်ခြင်းငှါ လွန်မြောက်ခြင်းငှါ ဤသို့သော နည်းဖြင့် ငါသည် သတိပဋ္ဌာန်လေးပါးတို့ကို ဟောအပ်ကုန်၏၊ ထားအပ်ကုန်၏။

အဘယ်လေးပါးတို့ နည်းဟူမူ—

စုန္ဒ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍ နေ၏။

ခံစားမှုဝေဒနာတို့၌ ခံစားမှု ဝေဒနာ ဟု အဖန်ဖန် ရှုလျက်။ပ။ စိတ်၌ စိတ်ဟု အဖန်ဖန် ရှုလျက် ။ပ။ သဘောတရားတို့၌ သဘောတရား ဟု အဖန်ဖန် ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင် တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။

စုန္ဒ ရှေးအဖို့ကို စွဲ၍ ဖြစ်ကုန်သော ဤမိစ္ဆာအယူတို့ကိုငှါး နောက်အဖို့ကိုစွဲ၍ ဖြစ်ကုန်သော ဤမိစ္ဆာအယူတို့ကိုငှါး ပယ်ခြင်းငှါ လွန်မြောက်ခြင်းငှါ ဤသို့သော နည်းဖြင့် ငါသည် ဤသတိ ပဋ္ဌာန် လေးပါးတို့ကို ဟောအပ်ကုန်၏၊ ထားအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

၁၉၇။ ထိုအခါ အသျှင်ဥပဝါဏသည် မြတ်စွာဘုရား၏နောက်မှ မြတ်စွာဘုရားကို ယပ်ခတ်လျက် နေ၏၊ ထိုအခါ အသျှင်ဥပဝါဏသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏-မြတ်စွာ ဘုရား အံ့ဖွယ်ရှိပါပေစွ၊ မြတ်စွာဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ မြတ်စွာဘုရား ဤတရားဒေသနာသည်

http://www.dhammadownload.com



ကြည်ညိုဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရား ဤတရားဒေသနာသည် အလွန်ကြည်ညိုဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရား ဤတရားဒေသနာသည် အဘယ်အမည်ရှိပါသနည်း ဟု (လျှောက်၏)။

ဥပဝါဏ ဤတရားဒေသနာကို ကြည်ညိုဖွယ် ပါသာဒိကဂုဏ် ရှိသောကြောင့် ဤသာသနာတော်၌ ပါသာဒိက ဒေသနာ ဟူ၍သာ မှတ်ဒလလော့၊ မြတ်စွာဘုရားသည် ဤတရားတော်ကို မိန့်တော်မူ၏၊ အသျှင်ဥပဝါဏသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

**ခြောက်ခုမြောက် ပါသာဒိကသုတ် ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

# ၇-လက္ခဏာသုတ်

## သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာ

၁၉၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏။

ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟူ၍ မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏။

၁၉၉။ ရဟန်းတို့ ယောကျ်ားမြတ်၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် 'မဟာပုရိသ' လက္ခဏာတို့သည် ရှိကုန်၏၊ အကြင် လက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်ပါးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားတပါးသော အဖြစ်တို့သည် မရှိကုန်။

အကယ်၍ လူ့ဘောင်၌နေသော် တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာ လေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်၏၊ ထို(စကြဝတေးမင်း)အား ဤရတနာ ခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဤ(ရတနာ ခုနစ်ပါး)တို့ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမမြတ်ရတနာ သူဌေးရတနာ ခုနစ်ခုမြောက်သော သားကြီးရတနာတို့တည်း။ ထို(စကြဝတေးမင်း)အား ရဲရင့်ကုန်သော သူရဲကောင်းဇာတိရုပ်လမျိုး ရှိကုန်သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏။ ထို(စကြဝတေးမင်း)သည် သမုဒ္ဒရာအဆုံးရှိသော ဤမြေကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း မရှိပဲ တရားသဖြင့် အောင်မြင်၍ အုပ်စိုး၏။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ)အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

၂၀၀။ အကြင် လက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ်မရှိကုန်၊ အကယ်၍ လူ့ဘောင်၌ နေသော် စကြဝတေးမင်း ဖြစ်၏။ပ။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ)အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

ရဟန်းတို့ ယောကျ်ားမြတ်၏ သုံးဆယ့်နှစ်ပါးသော ထိုယောကျ်ားမြတ် လက္ခဏာတို့ ဟူသည် အဘယ်တို့နည်းဟူမူ—

ရဟန်းတို့ ဤလောက၌ ယောကျ်ားမြတ်သည် အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိ၏၊ ရဟန်းတို့ ယောကျ်ားမြတ်သည် အကြင် အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိ၏၊ ရဟန်းတို့

http://www.dhammadownload.com



ဤအညီအညွတ် ကောင်းစွာ ထိသော ခြေဖဝါးရှိခြင်းသည်လည်း ယောကျ်ားမြတ်၏ မဟာပုရိသ လက္ခဏာပေတည်း (၁)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ယောကျ်ားမြတ်၏ အောက်ခြေ ဖဝါးပြင်တို့၌ အကန့်တထောင် ရှိကုန်သော အကွပ်ပုံတောင်းတို့နှင့်တကွ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံကုန်သော စက်ဝန်းတို့သည် ဖြစ်ပေါ်လျက် ရှိကုန်၏၊ ရဟန်းတို့ ယောကျ်ားမြတ်၏ ခြေဖဝါးပြင်တို့၌ အကန့်တထောင်ရှိကုန်သော အကွပ်ပုံတောင်းနှင့်တကွ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံကုန်သော အကြင် စက်ဝန်းတို့သည် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ဤ(စက်ဝန်းတို့ ဖြစ်ပေါ်ခြင်း)သည်လည်း ယောကျ်ားမြတ်၏ မဟာပုရိသ လက္ခဏာပေတည်း။ (၂)

ရဟန်းတို့ တဖန် ထို့ပြင်လည်း ယောကျ်ားမြတ်သည် ရှည်သော ဖနှောင့်ရှိ၏။ပ။ (၃)

ရှည်သွယ်သော လက်ချောင်း ခြေချောင်းရှိ၏။ (၄)

နူးညံ့ နုနယ်သော လက်ဖဝါး ခြေဖဝါးရှိ၏။ (၅)

ကွန်ရက်ပမာ ညီညာသော လက်ချောင်း ခြေချောင်း ရှိ၏။ (၆)

ဖမျက်မြင့်သော ခြေရှိ၏။ (၇)

ဧဏီသားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့ သော သလုံးမြင်းခေါင်းရှိ၏။ (၈)

မကိုင်း မညွတ်ပဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်နိုင်၏။ (၉)

အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသ နိမိတ်ရှိ၏။ (၁၀)

ရွှေအဆင်းရှိ၏၊ ရွှေနှင့်တူသော (အသား)အရေရှိ၏။ (၁၁)

ချောမွေ့သော အသားအရေရှိ၏၊ အသားအရေ ချောမွေ့သောကြောင့် မြူအညစ်အကြေး မလိမ်းကျံ (မငြိကပ်)။ (၁၂)

တပင်ချင်းပေါက်သော မွေးညှင်းရှိ၏၊ မွေးညှင်းပေါက်တို့၌ တပင် တပင်သော မွေးညှင်းတို့ သာလျှင် ပေါက်ကုန်၏။ (၁၃)

အထက်သို့ ကော့တက်သော မွေးညှင်းရှိ၏၊ မျက်စဉ်းညိုအဆင်းရှိကုန်သော မွေးညှင်းတို့သည် ဖက်နားတောင်း သဏ္ဌာန် လကျ်ာရစ်လည်၍ အထက်သို့ ကော့တက်လျက် ပေါက်ကုန်၏။ (၁၄)

ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ်ရှိ၏။ (၁၅)

အရပ်ခုနစ်ပါး၌ (အသား)ဖြိုးမောက်ခြင်း ရှိ၏။ (၁၆)

ခြသေ့်ကိုယ် ရှေ့ပိုင်းနှင့် တူသော ကိုယ်ရှိ၏။ (၁၇)

လက်ပြင်နှစ်ဖက်အကြား၌ (တပြင်တည်းညီလျက်)ပြည့်ဖြိုးသော ကျောပြင်ရှိ၏။ (၁၈)

ပညောင်ပင်ကဲ့သို့ ဝန်းသောကိုယ်ရှိ၏၊ ထို(ယောကျ်ားမြတ်)၏ အလံသည် ကိုယ်အရပ်မြင့် သလောက် ကျယ်ပြန့်၏၊ ကိုယ်အရပ်သည်လည်း အလံကျယ်ပြန့်သလောက် မြင့်၏။ (၁၉)

http://www.dhammadownload.com



ညီညာစွာ လုံးသော လည်ပင်း လည်တိုင် ရှိ၏။ (၂၀)
အရသာကို ဆောင်သော အလွန်ကောင်းမြတ်သော အကြောရှိ၏။ (၂၁)
ခြင်္သေ့၏ မေးနှင့်တူသော မေးရှိ၏။ (၂၂)
လေးဆယ်သော သွားရှိ၏။ (၂၃)
ညီညွတ်သော သွားရှိ၏။ (၂၄)
မကျဲသော သွားရှိ၏။ (၂၅)
အလွန်ဖြူစင်သော အစွယ် (လေးချောင်း)ရှိ၏။ (၂၆)
ကြီးမားရှည်လျားနူးညံ့သော လျှာရှိ၏။ (၂၇)
ဗြဟ္မာ့အသံနှင့် တူသောအသံရှိ၏၊ ကရဝိက်ငှက်အသံနှင့်တူသော အသံရှိ၏။ (၂၈)
အလွန်ညိုသော မျက်လုံးရှိ၏။ (၂၉)
နွားငယ်မျက်တောင်နှင့်တူသော မျက်တောင်ရှိ၏။ (၃၀)

ရဟန်းတို့ ယောကျ်ားမြတ်၏ မျက်မှောင်နှစ်ခုအကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော ဥဏ္ဏာလုံမွေးရှင်သည် ပေါက်လျက်ရှိ၏၊ ရဟန်းတို့ ယောကျ်ားမြတ်၏ မျက်မှောင်နှစ်ခု အကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော အကြင် ဥဏ္ဏာလုံမွေးရှင် ပေါက်လျက်ရှိ၏၊ ရဟန်းတို့ ဤ(ဥဏ္ဏာလုံ မွေးရှင်ပေါက်လျက်ရှိခြင်း)သည်လည်း ယောကျ်ားမြတ်၏ မဟာပုရိသ လက္ခဏာပေတည်း။ (၃၁)

ရဟန်းတို့ ဤယောကျ်ားမြတ်သည် သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏၊ ရဟန်းတို့ ယောကျ်ားမြတ်သည် အကြင် သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏၊ ရဟန်းတို့ ဤ (သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိခြင်း) သည်လည်း ယောကျ်ားမြတ်၏ မဟာပုရိသ လက္ခဏာပေတည်း။ (၃၂)

ရဟန်းတို့ ယောကျ်ားမြတ်၏ ထိုသုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့သည် ဤသည်တို့ပေတည်း။ ယင်း (လက္ခဏာ)တို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ်တို့ကား မရှိကုန်။

(ထိုယောကျ်ားမြတ်သည်)အကယ်၍ လူ့ဘောင်၌ နေသော် တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းဖြစ်၏။ပ။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော လောက၌(ကိလေသာ)အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီး ပြီးသော ဘုရားဖြစ်၏။

ရဟန်းတို့ ယောကျ်ားမြတ်၏ ဤသုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာတို့ကို သာသနာပ ရသေ့တို့သည်လည်း ကျက်မှတ်ထားကုန်၏၊ ထိုသူတို့သည် ဤကံကို ပြုခြင်းကြောင့် ဤလက္ခဏာကို ရ၏ ဟူ၍ကား မသိကုန်။

http://www.dhammadownload.com



## (၁) သုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်

၂၀၁။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက ကုသိုလ်တရားတို့၌ မြဲမြံစွာဆောက်တည်၏၊မဆုတ်မနစ် ဆောက်တည်၏၊ ကာယ သုစရိုက် ဝစီသုစရိုက် မနောသုစရိုက်၌၎င်း ပေးကမ်းဝေဘန်ခြင်း၌၎င်း သီလဆောက်တည်ခြင်း၌၎င်း ဥပုသ်စောင့်သုံးခြင်း၌၎င်း အမိ၌ ပြုဖွယ်ဝတ်ကိုပြုခြင်း အဖ၌ ပြုဖွယ်ဝတ်ကိုပြုခြင်း ရဟန်း၌ ပြုဖွယ်ဝတ်ကိုပြုခြင်း ပုဏ္ဏား၌ ပြုဖွယ်ဝတ်ကိုပြုခြင်း အမျိုး၌ ကြီးသူတို့ကို အရိုအသေပြုခြင်း၌၎င်း တပါးသော လွန်မြတ်သော ကုသိုလ်တရားတို့၌၎င်း မြဲမြံစွာ ဆောက်တည်၏၊ မဆုတ်မနစ် ဆောက်တည်၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် ထိုကံ၏ များသည်၏ အဖြစ်ကြောင့် ပြန့်ပြောသည်၏ အဖြစ်ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်၌ဖြစ်၏။

ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်၌ တပါးသော နတ်တို့ကို နတ်၌ဖြစ်သောအသက် နတ်၌ဖြစ်သော အဆင်း နတ်၌ဖြစ်သောချမ်းသာ နတ်၌ဖြစ်သော အခြံအရံ နတ်၌ဖြစ်သော အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ နတ်၌ဖြစ်သောသဒ္ဒါရုံ နတ်၌ဖြစ်သော ဂန္ဓာရုံ နတ်၌ဖြစ်သော ရသာရုံ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ဟု ဆိုအပ်သော ဆယ်ပါးသော အရာဌာနတို့ဖြင့် သာလွန်၏ (လွှမ်းမိုး၍တည်၏)။

ထိုမြတ်စွာဘုရားသည် ထို နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသ လက္ခဏာကို ရ၏။ အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိ၏၊ ခြေကို မြေ၌ အညီအညွတ်ချ၏၊ ခြေကို မြေမှ အညီအညွတ်ကြွ၏၊ အလုံးစုံသော ခြေဖဝါးအပြင်တို့ဖြင့် အညီအညွတ်မြေကို ထိ၏။

၂၀၂။ ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုသူသည် အကယ်၍ လူ့ဘောင်၌ နေသော် တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒါလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းဖြစ်၏၊ ထို (စကြဝတေးမင်း)အား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဤ(ရတနာခုနစ်ပါး)တို့ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမမြတ်ရတနာ သူဌေးရတနာ ခုနစ်ခုမြောက် သားကြီးရတနာတို့တည်း။ ထို(စကြဝတေးမင်း)အား ရဲရင့်ကုန်သော သူရဲကောင်း ဇွဲလုံ့လမျိုး ရှိကုန်သော တဖက် စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏၊ ထို(စကြဝတေးမင်း)သည် သမုဒ္ဒါအဆုံးရှိသော ဤမြေကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း မရှိပဲ တရားသဖြင့် အောင်မြင်၍ ခိုးသား ဓားပြ ကင်းသော ပြည့်စုံကြွယ်ဝသော ဥပဒ်ဘေးရန် မရှိသော ငြိမ်းချမ်းသော နိုင်ငံတော်ကြီးကို အုပ်စိုး၏။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ဆန့်ကျင်ဘက် ဖြစ်သော ရန်သူဖြစ်သော တစုံတယောက်သော လူသားဖြစ်သူသည် ထိုမင်းကို မပိတ်ပင် မတားမြစ်နိုင်။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

http://www.dhammadownload.com



အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော (ကိလေသာ) အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

လောက၌ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ရန်သူ ဖြစ်ကုန်သော အတွင်းအပဖြစ်ကုန်သော ရာဂသည်ရင်း ဒေါသသည်ရင်း မောဟသည်ရင်း သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း နတ်သည်ရင်း မာရ်သည်ရင်း ဗြဟ္မာသည်ရင်း တစုံတယောက်သောသူသည်ရင်း ထိုဘုရားကို မပိတ်ပင် မတားမြစ်နိုင်။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းအရာကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၀၃။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) ထိုမြတ်စွာဘုရားသည် သစ္စာစောင့်ခြင်း၌ရင်း ကုသိုလ်ကမ္မပထတရားဆယ်ပါး၌ရင်း ဣန္ဒြေကို ဆုံးမခြင်း၌ရင်း ကိုယ်နှုတ်နှလုံးကို စောင့်ခြင်း၌ရင်း ကိုယ်နှုတ်နှလုံးကို ဖြူစင်စွာပြုခြင်း သမထဝိပဿနာ၏တည်ရာ သီလကိုစောင့်ခြင်း ဥပုသ်ကျင့်သုံးခြင်းတို့၌ရင်း အလှူပေးခြင်း၌ရင်း သတ္တဝါတို့ကို မညှဉ်းဆဲခြင်း၌ရင်း သတ္တဝါတို့ကို အနိုင်အထက် မပြုခြင်း၌ရင်း မွေ့လျော်သည်ဖြစ်၍ မြဲမြံစွာ ဆောက်တည်လျက် ပြည့်စုံစွာ ကျင့်၏။

ထိုမြတ်စွာဘုရားသည် ထိုကံကြောင့် နတ်ပြည်သို့ လားရ၏. နတ်ပြည်ချမ်းသာကိုရင်း ပျော်ရွှင်မွေ့လျော်ခြင်းတို့ကိုရင်း ခံစားရ၏၊ ထိုနတ်ပြည်မှ စုတေ၍ တဖန် ဤလူ့ပြည်သို့ လာသည်ရှိသော် ညီညွတ်သောခြေတို့ဖြင့် မြေကိုထိ၏။

လက္ခဏာဖတ်ပုဏ္ဏားတို့သည် အညီအညွတ်စည်းဝေးကုန်၍ ပြောကြားကုန်၏၊ အညီအညွတ်မြေကိုထိသောခြေရှိသော သတို့သားကို လူသည်ရင်း ရဟန်းသည်ရင်း ပိတ်ပင်တားမြစ်ခြင်းငှါ မတတ်နိုင်၊ ထိုလက္ခဏာသည် ထိုအကျိုးကို ပြ၏။

ဤသတို့သားသည် အိမ်၌ နေသည်ဖြစ်အံ့၊ ထိုသစ္စာစောင့်ခြင်း စသော ကံ၏ အကျိုးအားဖြင့် ထိုသတို့သားကို တစုံတယောက်သော သူသည် မပိတ်ပင် မတားမြစ်နိုင်၊ သူတပါးတို့ကို လွှမ်းမိုးနိုင်၏၊ ရန်သူတို့သည် မနှိပ်စက်နိုင်၊ ဤလောက၌ တစုံတယောက်သော လူသားဖြစ်သူသည် မပိတ်ပင် မတားဆီးနိုင်။

ထိုလက္ခဏာနှင့် ပြည့်စုံသော သတို့သားသည် အကယ်၍ ရဟန်းပြုအံ့၊ လောကနယ်မှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုရလိုခြင်း 'နေက္ခမ္မဆန္ဒ'၌မွေ့လျော်သော ပညာအဆင်အခြင်နှင့်ပြည့်စုံသော ဘုရားဖြစ်၏၊ သတ္တဝါတို့ထက် မြတ်သော ထိုဘုရားသည် စင်စစ် ပိတ်ပင်တားဆီးအပ်သည်၏ အဖြစ်သို့ မရောက်နိုင်၊ ဤသို့ ဖြစ်ခြင်းသည်ကား ထို(သုပ္ပတိဋ္ဌိတ ပါဒလက္ခဏာ)၏ သဘောတည်း။

http://www.dhammadownload.com



## (၂) ပါဒတလစက္ကလက္ခဏာတော်

၂၀၄။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ'ဇာတိ' ရှေးဖြစ်ခဲ့ရာ'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက လူအများ၏ ချမ်းသာကို ဆောင်ခဲ့၏၊ ထိတ်လန့် တုန်လှုပ်ဖွယ်ဘေးကို ပယ်ဖျောက်ခဲ့၏၊ တရားနှင့်လျော်စွာ စောင့်ရှောက်မှု ကာကွယ်မှု လုံခြုံစေမှုကိုလည်း စီရင်ခဲ့၏၊ အခြံအရံနှင့်တကွသော အလှူကိုလည်း ပေးလှူခဲ့၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် ထိုကံ၏ များသည်၏ အဖြစ်ကြောင့် ပြန့်ပြောသည်၏ အဖြစ်ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်၏။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသ လက္ခဏာကို ရ၏။ အောက်ခြေဖဝါးအပြင်တို့၌ အကန့်တထောင်ရှိကုန်သော အကွပ်ပုံတောင်းနှင့်တကွ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံကုန်သော ကောင်းစွာ ပြတ်သားခြားနားသော စက်ဝန်းတို့ ဖြစ်ပေါ်လျက် ရှိကုန်၏၊ ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် အကယ်၍ အိမ်၌ နေအံ့၊ စကြဝတေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

များသော အခြံအရံရှိ၏၊ ထိုစကြဝတေးမင်းအား အခြံအရံတို့သည် များကုန်၏၊ ထိုအခြံအရံတို့သည်ကား ပုဏ္ဏားများ သူဌေးသူကြွယ်များ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲများ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များအတိုင်ပင်ခံအမတ်များ လက်အောက်ခံ ဘုရင်များ မြို့စား နယ်စားများ မင်းညီမင်းသားများတို့ ဖြစ်ကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။

အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော (ကိလေသာ)အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

များသောအခြံအရံရှိ၏၊ ထိုမြတ်စွာဘုရားအား အခြံအရံတို့သည် များကုန်၏၊ ထိုအခြံအရံတို့သည်ကား ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ားများ ဥပါသိကာမိန်းမများ နတ်များ လူများ အသုရာများ နဂါးများ ဂန္ဓဗ္ဗများတို့ ဖြစ်ကုန်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၀၅။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) ရှေးကာလ ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက လူအများတို့၏ ချမ်းသာကို ဆောင်ခဲ့၏၊ ထိတ်လန့်တုန်လှုပ်ဖွယ်ဘေးကို ပယ်ဖျောက်ခဲ့၏၊ လုံခြုံစေမှု စောင့်ရှောက်မှု ကာကွယ်မှုတို့၌ အားထုတ်ခဲ့၏။

http://www.dhammadownload.com



(၂) ထိုမြတ်စွာဘုရားသည် ထိုကံကြောင့် နတ်ပြည်သို့ လားရ၏၊ နတ်ချမ်းသာကိုလည်း ပျော်ရွှင်မွေ့လျော်ခြင်းတို့ကိုလည်း ခံစားရ၏၊ ထိုနတ်ပြည်မှ စုတေ၍ တဖန် ဤလူ့ပြည်သို့ လာသည်ရှိသော် နှစ်ဖက်သော ခြေအပြင်တို့၌ အလုံးစုံထက်ဝန်းကျင် အကွပ်နှင့်တကွ အကန့် တထောင်ရှိသော စက်ဝန်းတို့ကိုရ၏။

(၃) လက္ခဏာဖတ် ပုဏ္ဏားတို့သည် အညီအညွတ် စည်းဝေးကုန်၍ များစွာသော ကောင်းမှုကြောင့် ဖြစ်သည့် လက္ခဏာရှိသော သတို့သားကိုမြင်သော် ထိုသတို့သားသည် အခြံအရံများသည် ဖြစ်လတ္တံ့၊ ရန်သူကို နှိပ်နင်းနိုင်သည် ဖြစ်လတ္တံ့ ဟု ပြောကြားကုန်၏။

(၄) ထို့ကြောင့်သာလျှင် အလုံးစုံ ထက်ဝန်းကျင် အကွပ်နှင့်တကွသော စက်ဝန်းတို့ကို ရရှိသော ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုသတို့သားသည် အကယ်၍ ရဟန်းမပြုသော် စကြာရတနာကို လည်စေနိုင်၏၊ မြေပြင်အားလုံးကို ဆုံးမအုပ်စိုးနိုင်၏၊ ဤလောက၌ရှိသော မင်းတို့သည် ထိုစကြာမင်း၏ အရံမင်းများ ဖြစ်ကုန်၏၊ လူအပေါင်းတို့သည် ကြီးသော ဘုန်းတန်ခိုးရှိသော ထိုစကြာမင်းကို ထက်ဝန်းကျင် ကောင်းစွာ ခြံရံကြကုန်၏။

(၅) ထိုသို့ လက္ခဏာနှင့် ပြည့်စုံသော သတို့သားသည် အကယ်၍ ရဟန်းပြုသော် လောကနယ်မှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရလိုခြင်း 'နေက္ခမ္မဆန္ဒ'၌ မွေ့လျော်၏၊ပညာအဆင်အခြင်နှင့် ပြည့်စုံ၏၊ နတ် လူ အသုရာ သိကြား ရက္ခိုသ်တို့သည်လည်း ဂန္ဓဗ္ဗနတ်နှင့် နဂါးတို့သည် လည်း ငှက်တို့သည်လည်း အခြေလေးချောင်းရှိသော သတ္တဝါတို့သည်လည်း နတ်လူတို့ပူဇော်ထိုက်သော အတုမရှိသော ကြီးမားသော တန်ခိုးရှိသော ထိုဘုရားကို ထက်ဝန်းကျင် ကောင်းစွာ ခြံရံကြကုန်၏။

## (၃-၅) အာယတပဏှိစသော လက္ခဏာတော်သုံးပါး

၂၀၆။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ'ဇာတိ' ရှေးဖြစ်ခဲ့ရာ'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ တုတ်ကို ချထားပြီးဖြစ်ခဲ့၏၊ လက်နက်ကို ချထားပြီးဖြစ်ခဲ့၏၊ မကောင်းမှုမှ ရှက်တတ်၏၊ သနားခြင်းနှင့် ပြည့်စုံ၏၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးတို့ကို လိုလား၍ နေခဲ့၏။

ထို မြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် ထိုကံ၏ များသည်၏ အဖြစ်ကြောင့် ပြန့်ပြောသည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤသုံးပါးသော မဟာပုရိသလက္ခဏာတို့ကို ရ၏၊ ရှည်သော ဖနှောင့်လည်းရှိ၏၊ ရှည်သော လက်ချောင်း ခြေချောင်းလည်းရှိ၏၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ်လည်းရှိ၏။

ထိုလက္ခဏာတော်နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေအံ့၊ စကြဝတေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ —

ရှည်သော အသက်ရှိ၏၊ ကြာမြင့်စွာတည်၏၊ ရှည်သော အသက်ကို စောင့်၏၊ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူဖြစ်သော တစုံတယောက်သော လူသည် ပဋိသန္ဓေနှင့် စုတိအကြား၌ ထိုစကြာမင်း၏ အသက်ကို သတ်ခြင်းငှါ မတတ်နိုင်။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ပ။

http://www.dhammadownload.com



ဘုရားဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

ရှည်သောအသက်ရှိ၏၊ ကြာမြင့်စွာတည်၏၊ ရှည်သောအသက်ကိုစောင့်၏၊ လောက၌ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ရန်သူဖြစ်ကုန်သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း နတ်သည်၎င်း မာရ်သည်၎င်း ဗြဟ္မာသည်၎င်း တစုံတယောက်သော သူသည်၎င်း ပဋိသန္ဓေနှင့် စုတိအကြား၌ ထိုဘုရား၏ အသက်ကို သတ်ခြင်းငှါ မတတ်နိုင်ကုန်။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၀၇။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မိမိ၏ သေခြင်းမှ ကြောက်ခြင်းကို သိ၍ (အသက်သတ်ခြင်းမှ)ရှောင်ကြဉ်၏၊ ထို ကောင်းမှုကြောင့် သေသည့်နောက်၌ နတ်ပြည်သို့ ရောက်၏၊ ကောင်းမှု၏ အကျိုးဝိပါက်ကို ခံစားရ၏။

(၂) နတ်ပြည်မှ စုတေ၍ တဖန် ဤလူ့ပြည်သို့ လာသည်ရှိသော် ဤလူ့ပြည်၌ ဤမဟာ ပုရိသလက္ခဏာ သုံးပါးတို့ကို ရ၏၊ ဖွံ့ဖြိုးရှည်လျားသော ဖနှောင့်ရှိ၏၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ် တင့်တယ်သော ကောင်းမြတ်သော ကိုယ်ရှိ၏။

(၃) နုပျိုသော ပုံသဏ္ဌာန်ကျသော ကောင်းမြတ် တင့်တယ်သော လက်ရုံးရှိ၏၊ ထိုမြတ်စွာ ဘုရားအား နူးညံ့သိမ်မွေ့ကုန်သော လက်ချောင်း ခြေချောင်းများ ရှိကုန်၏၊ သုံးပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံသော ဘတို့သားကို ကြာမြင့်စွာ အသက်ရှည်လတ္တံ့ဟု လက္ခဏာဖတ် ပုဏ္ဏားတို့သည် ညွှန်ပြပြောဆိုကြကုန်၏။

(၄) အကယ်၍ လူဖြစ်အံ့၊ ကြာမြင့်စွာ အသက်ရှည်၏၊ အကယ်၍ ရဟန်းပြုအံ့၊ ထို့ထက် ပိုလွန်၍ ကြာမြင့်စွာ အသက်ရှည်၏၊ လေ့လာပြီးသည့် 'ဝသီဘော်'အဖြစ်သို့ ရောက်သော ဣဒ္ဓိပါဒ်ကို ပွါးခြင်းဖြင့် ကြာမြင့်စွာ အသက်ရှည်စေနိုင်၏၊ဤသို့ ထိုလက္ခဏာသုံးပါးသည် ဤသို့ အသက်ရှည်ခြင်း၏ အကြောင်းဖြစ်၏။

## (၆) သတ္တုဿဒလက္ခဏာတော်

၂၀၈။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက မြတ်သော အရသာရှိသော ခဲဖွယ် စားဖွယ် သာယာဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို ပေးလှူခဲ့၏၊ ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။

ထိုမြတ်စွာဘုရားသည် နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာ ပုရိသ လက္ခဏာကို ရ၏၊ အရပ်ခုနစ်ပါး၌ (အသား)ဖြိုးမောက်ခြင်း ရှိ၏၊ လက်နှစ်ဖက် ခြေနှစ်ဖက် ပခုံးစွန်း နှစ်ဖက် လည်ကုပ် (ဤ)အရပ်ခုနစ်ပါးတို့၌ အသားဖြိုးမောက်ခြင်း ရှိကုန်၏။

ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေအံ့၊ စကြာဝတေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

မြတ်သော အရသာရှိသော ခဲဖွယ် စားဖွယ် သာယာဖွယ် လျက်ဖွယ် သောက်ဖွယ် တို့ကို ရ၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

http://www.dhammadownload.com



ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

မြတ်သော အရသာရှိသော ခဲဖွယ် စားဖွယ် သာယာဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို ရ၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏၊ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၀၉။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် မြတ်သောအရသာကို ပေးလှူတတ်သူ ဖြစ်ခဲ့၍ မြတ်သော ခဲဖွယ် စားဖွယ် လျက်ဖွယ် သာယာဖွယ်တို့ကို ရ၏၊ ထိုမြတ်စွာဘုရားသည် ကောင်းစွာ ပြုသော ထို ကောင်းမှုကံကြောင့် နန္ဒဝန်ဥယျာဉ်၌ ကြာမြင့်စွာ မွေ့လျော်ရ၏။

(၂) မြတ်စွာဘုရားသည် ဤလူ့ပြည်တွင် အရပ်ခုနစ်ပါး၌(အသား)ဖြိုးမောက်ခြင်းကိုရ၏၊ လက်ခြေနူးညံ့ခြင်းကိုလည်း ရ၏၊ လက္ခဏာဖတ်အရာ၌ လိမ္မာကုန်သော ပုဏ္ဏားတို့သည် ထို သတ္တဝါကို မြတ်သော ခဲဖွယ် စားဖွယ်ကို ရလွယ်၏ ဟု ဆိုကုန်၏။

(၃) အကြင်ကောင်းမှုသည် လူဖြစ်သော သတ္တဝါအား ထိုအကျိုးကို ပြီးစေ၏၊ ရဟန်း ပြုသော်လည်း ထိုအကျိုးကိုရ၏၊ ထို့ကြောင့် အလုံးစုံသော လူ့ဘောင် အနှောင်အဖွဲ့ကို ဖြတ်ပြီးသော ဘုရားသည်လည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို ရလွယ်၏။

## (၇-၈)မုဒုတလုနဟတ္ထပါဒ-ဇာလဟတ္ထပါဒလက္ခဏာတော်

၂၁၀။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက သင်္ဂဟတရားလေးပါးတို့ဖြင့် လူအပေါင်းကို ချီးမြှောက်ခဲ့၏။

ထိုသင်္ဂဟတရား လေးပါးတို့သည်ကား—

(၁) ပေးကမ်းစွန့်ကြဲခြင်း။

(၂) ချစ်ဖွယ်သောစကားကို ဆိုခြင်း။

(၃) အကျိုးစီးပွါးကို ကျင့်ဆောင်ခြင်း။

(၄) မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်းတို့တည်း။

ထိုမြတ်စွာဘုရားသည် ထိုကောင်းမှုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။

ထိုမြတ်စွာတုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာ ပုရိသ လက္ခဏာ နှစ်ပါးကို ရ၏၊ နူးညံ့ နုနယ်သော လက်ဖဝါး ခြေဖဝါးလည်း ရှိ၏၊ ကွန်ရက်ပမာ အရေးအကြောင်း ညီညာသော လက်ခြေလည်းရှိ၏။

ထိုလက္ခဏာတို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေအံ့၊ စကြဝ တေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ကောင်းစွာ စည်းလုံးညီညွတ်သော ပရိသတ်ရှိ၏၊ ထိုမင်း၏ပရိသတ်တို့သည် ကောင်းစွာ စည်း လုံး ညီညွတ်ကုန်၏။ ထိုပရိသတ်တို့သည်ကား ပုဏ္ဏားများ သူဌေးသူကြွယ်များ မြို့သူမြို့သား နယ်သူ

http://www.dhammadownload.com



နယ်သားများ ဘဏ္ဍာရေး အမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင် အမတ်များ အတိုင်ပင်ခံ အမတ်များ လက်အောက်ခံဘုရင်များ မြို့စား နယ်စားများ မင်းညီမင်းသားများဘို့ ဖြစ်ကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ကောင်းစွာ စည်းလုံးညီညွတ်သော ပရိသတ်ရှိ၏၊ ထိုမြတ်စွာဘုရား၏ ပရိသတ်တို့သည် ကောင်းစွာ စည်းလုံးညီညွတ်ကုန်၏၊ ထိုပရိသတ်တို့သည်ကား ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ားများ ဥပါသိကာမိန်းမများ နတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗများဖြစ်ကုန်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၁၁။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) ပေးလှူခြင်း အကျိုးစီးပွါးကို ကျင့်ဆောင်ခြင်း ချစ်ဖွယ်သောစကားကို ဆိုခြင်း မိမိနှင့် ထပ်တူညီမျှသော ဆက်ဆံခြင်းတို့ကိုပြုလျက် များစွာသော လူတို့အား ဤချီးမြှောက်ခြင်းကို ကျင့်ဆောင်၍ ချီးမွမ်းအပ်သောဂုဏ်ကြောင့် နတ်ပြည်သို့ လားရ၏။

(၂) နတ်ပြည်မှ စုတေခဲ့၍ တဖန် လူ့ပြည်သို့ လာသည်ရှိသော် ငယ်ရွယ်နုပျိုသော သတို့သားသည် အလွန်နုစ်သက်ဖွယ် အလွန်တင့်တယ်၍ ရှုချင်ဖွယ်ရှိသော နူးညံ့သော လက်ဖဝါး ခြေဖဝါးကိုရင်း ကွန်ရက်ပမာ အရေးအကြောင်း ညီညာသော လက်ခြေတို့ကိုရင်း ရ၏။

(၃) ဤမြေပြင် (လောက)ကို အုပ်စိုး၍နေသော် စကားကို လိုက်နာသော အမှုကြီးငယ်ကို စီရင်တတ်သော စည်းရုံးညီညွတ်သော ပရိသတ်ရှိ၏၊ ချစ်ဖွယ်သောစကားကို ဆိုသည်ဖြစ်၍ သတ္တဝါတို့ စီးပွါးချမ်းသာကို ရှာမှီးလျက် အလွန်နှစ်သက်အပ်သော ကောင်းမှုကုသိုလ်ကို ကျင့်ဆောင်တတ်၏။

(၄) အလုံးစုံသော ကာမဂုဏ်ခံစားခြင်းကို အကယ်၍ စွန့်ခဲ့သော် ဘုရားဖြစ်၍ လူအပေါင်းအား မှန်သောတရားကို ဟောတတ်၏၊ ထိုဘုရား၏ စကားကို လိုက်နာကြသူ လူအများသည် တရားကို နာရ၍ အလွန်ကြည်ညိုကြပြီးလျှင် လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်ကုန်၏။

## (၉-၁၀) ဥဿင်္ခပါဒ-ဥဒ္ဓဂ္ဂလောမလက္ခဏာတော်

၂၁၂။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက အကျိုးနှင့်စပ်သော ကုသိုလ်တရားနှင့်စပ်သော စကားကို ဆိုတတ်၏၊ လူအများအား ထိုတရားတို့ကို ထင်ရှားအောင် ပြတတ်၏၊ သတ္တဝါတို့၏ အစီးအပွါးကို ဆောင်တတ်၏၊ တရား အလှူကို ပေးတတ်၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထို မြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာ နှစ်ပါးကို

http://www.dhammadownload.com



ရ၏၊ ဖမျက်မြင့်သော ခြေရှိ၏၊ အထက်သို့ ကော့တက်သော မွေးညှင်းရှိ၏၊ ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ——

လောကီလူသား အပေါင်းတို့တွင် အကြီးမြတ်ဆုံးဖြစ်၏၊ အချီးမွမ်းအပ်ဆုံး ဖြစ်၏၊ အချုပ်ဆုံး ဖြစ်၏၊ အပြဋ္ဌာန်းဆုံး ဖြစ်၏၊ အနှစ်သက်အပ်ဆုံး ဖြစ်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ——

အားလုံးသော သတ္တဝါတို့တွင် အကြီးမြတ်ဆုံး ဖြစ်၏၊ အချီးမွမ်းအပ်ဆုံးဖြစ်၏၊ အချုပ်ဆုံး ဖြစ်၏၊ အပြဋ္ဌာန်းဆုံးဖြစ်၏၊ အနှစ်သက်အပ်ဆုံးဖြစ်၏၊ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၁၃။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏——

(၁) ရှေးရှေးဘဝ၌ အကျိုးနှင့်စပ်သော ကုသိုလ်တရားနှင့်စပ်သော စကားကို ဟောလျက် လူအများ၏ အစီးအပွါးကို ပြခဲ့၏၊ သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်ခဲ့၏၊ ဝန်တိုမှု ကင်းခဲ့၏၊ တရားအလှူ ဟူသော ယဇ်ကို ပူဇော်ခဲ့၏။

(၂) ထိုမြတ်စွာဘုရားသည် ကောင်းစွာ ကျင့်သော ထိုကောင်းမှုကြောင့် နတ်ပြည်သို့ လားရ၏၊ ထိုနတ်ပြည်၌ မွေ့လျော်ရ၏၊ ဤလူ့ပြည်သို့ လာသည်ရှိသော် အမြင့်အမြတ် အခေါင် အထွတ်ဖြစ်ခြင်းအလို့ငှါ မဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရ၏။

(၃) ထို မြတ်စွာဘုရားသည် အထက်သို့ ကော့တက်သော မွေးညှင်းရှိ၏၊ အသားအသွေးနှင့် ပြည့်စုံသော အရေတို့ဖြင့်ဖုံးလွှမ်းသော ခြေဖမျက်ဘို့သည် ကောင်းစွာ တည်ကုန်၏၊ ခြေ၏ အထက်၌ အလွန် တင့်တယ်ကုန်၏။

(၄) ထိုသို့သဘောရှိသော သတို့သားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် လောကီ လူသားတို့တွင် အမြတ်ဆုံး (မင်း) အဖြစ်သို့ ရောက်၏၊ ထိုသတို့သားထက် လွန်သောသူမရှိ၊ ဇမ္ဗူဒိပ်ကျွန်းကို လွှမ်းမိုး အုပ်စိုးရ၏။

(၅) တောထွက်၍ ရဟန်းပြုခဲ့သော် အလုံးစုံသော သတ္တဝါတို့တွင် အမြတ်ဆုံး(ဘုရား) အဖြစ်သို့ရောက်၏၊ ထိုဘုရားထက် လွန်သောသူမရှိ၊ အလုံးစုံသော သတ္တလောကကို လွှမ်းမိုး၍ နေရ၏။

## (၁၁) ဇေဏီဇင်္ဃ လက္ခဏာတော်

၂၁၄။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဋ္ဌာန' တို့၌ လူဖြစ်စဉ်အခါက "ဤသူတို့သည် အဘယ်သို့လျှင် လျင်စွာသိကုန်အံ့နည်း၊ ဤသူတို့သည် အဘယ်သို့လျှင် လျင်စွာ ကျင့်ကုန်အံ့နည်း၊ ကြာမြင့်စွာ မပင်မပန်း ကုန်အံ့နည်း" ဟု ကြံစည်၍ သိပ္ပအတတ်ကိုဖြစ်စေ ဝိဇ္ဇာအတတ်ကိုဖြစ်စေ အကျင့်သီလကိုဖြစ်စေ ကမ္မသကတာပညာကိုဖြစ်စေ ရိုသေစွာ ပို့ချခဲ့၏ 'သင်ကြားပေးခဲ့၏'။

F/10

http://www.dhammadownload.com



ထို မြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာကို ရ၏၊ ဏေဏီသားကဲ့သို့ (ပြေပြစ်သော) မြင်းခေါင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုလက္ခဏာနှင့် ပြည့်စုံ၍ လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

မင်းတို့အား ထိုက်ကုန်သော မင်းတို့ အင်္ဂါဖြစ်ကုန်သော မင်းတို့ အသုံးအဆောင် ဖြစ်ကုန်သော မင်းတို့အား လျောက်ပတ်ကုန်သော အကြင် ဆင်ယာဉ် မြင်းယာဉ်စသည်တို့ ရှိကုန်၏၊ ထိုဆင်ယာဉ် မြင်းယာဉ်စသည်တို့ကို လျင်စွာရ၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ရဟန်းတို့အား ထိုက်ကုန်သော ရဟန်း၏ အစုအရုံးဖြစ်ကုန်သော ရဟန်းတို့ အသုံးအဆောင် ဖြစ်ကုန်သော ရဟန်းတို့အား လျောက်ပတ်ကုန်သော အကြင်ပစ္စည်းပရိက္ခရာနှင့် ပရိသတ်လေးပါး စသည်တို့ ရှိကုန်၏၊ ထိုပစ္စည်းပရိက္ခရာနှင့် ပရိသတ်လေးပါးစသည်တို့ကို လျင်စွာရ၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၁၅။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် သိပ္ပအတတ်တို့၌ရင်း ဝိဇ္ဇာအတတ်တို့၌ရင်း အကျင့်သီလတို့၌ရင်း ကမ္မဿကတာပညာတို့၌ရင်း "အဘယ်သို့လျှင် (ဤသူတို့သည်) လျင်စွာသိကုန်အံ့နည်း" ဟု အလိုရှိ၏၊ အကြင် အတတ်သည် တစုံတယောက်သောသူအား ညှဉ်းဆဲရန် မဖြစ်၊ ထိုအတတ်ကို လျင်စွာ သင်ပေး၏၊ ကြာမြင့်စွာ မပင်မပန်းစေ။

(၂) ထို မြတ်စွာဘုရားသည် ချမ်းသာခြင်း အကျိုးကို ဖြစ်စေတတ်သော ထိုကောင်းမှု ကံကိုပြုခဲ့၍ နှစ်သက်ဖွယ် ရှိကုန်သော ကောင်းသော သဏ္ဌာန်ရှိကုန်သော ကောင်းသောအမျိုး အစားဖြစ်ကုန်သော အစဉ်အတိုင်း အထက်သို့တက်၍ ပြည့်ဖြိုးလုံးဝန်းကုန်သော အထက်သို့ ကော့တက်သည့် အမွေးရှိကုန်သော ချောမွေ့သော အရေတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော သလုံး မြင်းခေါင်းတို့ကို ရ၏။

(၃) ထိုသတို့သားကို ဏေဏီသားကောင်၏ သလုံးမြင်းခေါင်းကဲ့သို့သော သလုံးမြင်းခေါင်း 'ဏေဏီဇင်္ဃလက္ခဏာ' ရှိသောသူ ဟု ပညာရှိတို့ ဆိုကုန်၏၊ ဤဏေဏီဇင်္ဃလက္ခဏာသည် လိုလေ ရာရာ လျင်စွာပြည့်စုံခြင်း၏ လက္ခဏာဖြစ်၏၊ ရဟန်းမပြုသော် လူတို့နှင့် သင့်လျော်ကုန်သော တိုင်းပြည်နိုင်ငံ စည်းစိမ်ချမ်းသာတို့ကို အလိုရှိသောအခါ လျင်စွာရ၏။

ထို ဏေဏီဇင်္ဃလက္ခဏာနှင့် ပြည့်စုံသောသတို့သားသည် အကယ်၍ ရဟန်းပြုသော် လောက နယ်မှလွတ်မြောက်ရာ နိဗ္ဗာန်ကို ရလိုခြင်း 'နေက္ခမ္မဆန္ဒ'၌ မွေ့လျော်၏၊ ပညာ အဆင်အခြင် နှင့်ပြည့်စုံ၏၊ ရဟန်းအား လျောက်ပတ်သော ပစ္စည်းပရိက္ခရာ ပရိသတ် စသည်ကို အလိုရှိသော အခါ လျင်စွာရ၏၊ မဆုတ်မနစ် မြတ်သောလုံ့လနှင့်ပြည့်စုံ၏။

http://www.dhammadownload.com



## (၁၂) သုခုမဋ္ဌဝိ လက္ခဏာတော်

၂၁၆။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက သမဏကိုဇင်း ဗြာဟ္မဏကိုဇင်း ချဉ်းကပ်၍ အဖန်ဖန်မေးခဲ့၏။

"အသျှင်ဘုရား အဘယ်သဘောသည် ကုသိုလ်မည်ပါသနည်း၊ အဘယ်သဘောသည် အကုသိုလ်မည်ပါသနည်း၊ အဘယ်သဘောသည် အပြစ်ရှိပါသနည်း၊ အဘယ်သဘောသည် အပြစ်ကင်းပါသနည်း၊ အဘယ်တရားကို မှီဝဲအပ်ပါသနည်း၊ အဘယ်တရားကို မမှီဝဲအပ်ပါသနည်း၊ အကျွန်ုပ်ပြုအပ်သော အဘယ်တရားသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ရပါသနည်း၊ အကျွန်ုပ်ပြုအပ်သော အဘယ်တရားသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရပါသနည်း" ဟု အဖန်ဖန်မေးခဲ့၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထို နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည် ရှိသော် ဤမဟာပုရိသ လက္ခဏာကို ရ၏၊ ချောမွေ့သော အသားအရေရှိ၏၊ အသားအရေ ချောမွေ့သောကြောင့် ကိုယ်၌ မြူအညစ်အကြေး မငြိကပ်၊ ထိုမြတ်စွာဘုရားသည် ထိုလက္ခဏာနှင့် ပြည့်စုံ၍ လူ့ဘောင်၌ အကယ်၍နေခဲ့သော် စကြဝတေးမင်း ဖြစ်၏။

မင်းဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

ကြီးသောပညာရှိ၏၊ လောကီလူသားတို့တွင် ပညာအရာ၌ ထိုမင်းနှင့်တူသော တစုံတယောက်သောသူသည်ဇင်း ထိုမင်းထက်မြတ်သော တစုံတယောက်သောသူသည်ဇင်း မရှိ။ မင်းဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ကြီးသောပညာရှိ၏၊ များသော ပညာရှိ၏၊ ရွှင်သော ပညာရှိ၏၊ လျင်သော ပညာရှိ၏၊ ထက်သော ပညာရှိ၏၊ ထိုးထွင်း၍ သိနိုင်သော ပညာရှိ၏၊ အလုံးစုံသော သတ္တဝါတို့တွင် ပညာအရာ၌ ထိုဘုရားနှင့်တူသော တစုံတယောက်သော သူသည်ဇင်း ထိုဘုရားထက်မြတ်သော တစုံတယောက်သော သူသည်ဇင်း မရှိ။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၁၇။ ထိုနေရာ၌ သံဂါယနာတင်မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ သိလို၍ အဖန်ဖန် မေးခဲ့၏၊ ပညာရှိတို့ စကားကို လိုက်နာခဲ့၏၊ ပညာရှိရဟန်းကို ဆည်းကပ်ခဲ့၏၊ အကျိုးစီးပွါးကို အလိုရှိသည်ဖြစ်၍ အကျိုးစီးပွါးနှင့်ယှဉ်သော စကားကို စုံစမ်းခဲ့၏။

(၂) ပညာရခြင်းငှါ ပြုခဲ့သော ကောင်းမှုကံကြောင့် လူဖြစ်သောအခါ ချောမွေ့သော အသားအရေ 'သုခုမဋ္ဌဝိလက္ခဏာ' ရှိ၏၊ ထိုလက္ခဏာကြောင့် ထိုသတို့သားသည် သိမ်မွေ့ နက်နဲသော အနက်သဘောတို့ကို ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်လတ္တံ့ ဟု နိမိတ်ဖတ်အရာ လိမ္မာကုန်သော ဆရာတို့ ပြောကြားကုန်၏။

http://www.dhammadownload.com



(၃) ထိုသို့ သဘောရှိသော သတ္တဝါသည် အကယ်၍ ရဟန်းမပြုသည် ဖြစ်အံ့၊ စကြာရတနာကို လည်စေနိုင်၏၊ မြေပြင်အလုံးကို အုပ်စိုးနိုင်၏၊ အကျိုးအကြောင်းကို ဆုံးမရာတို့၌ ၎င်း၊ အရာ ဟုတ် မဟုတ် ဆင်ခြင်ရာတို့၌၎င်း ထိုမင်းနှင့်တူသော သူသည်၎င်း ထိုမင်းထက်မြတ်သောသူသည်၎င်း မရှိ။

(၄) ထိုသို့ သဘောရှိသော သတ္တဝါသည် အကယ်၍ ရဟန်းပြုခဲ့သော် ဝဋ်ဆင်းရဲမှထွက်မြောက်လိုခြင်း 'နေက္ခမ္မဆန္ဒ'၌ အလွန်မွေ့လျော်၏၊ ပညာအဆင်အခြင်နှင့် ပြည့်စုံ၏၊ ထူးမြတ်သော (အရဟတ္တမဂ်) ဉာဏ်ကို ရ၏၊ အတုမရှိသော (သဗ္ဗညုတ) ဉာဏ်သို့ ရောက်၏၊ မြတ်သော မြေကြီးအထုနှင့်တူသော ပညာရှိ၏။

## (၁၃) သုဝဏ္ဏဝဏ္ဏ လက္ခဏာတော်

၂၁၈။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက အမျက်မထွက်ခဲ့၊ စိတ်ပင်ပန်းခြင်း မများခဲ့၊ များစွာဆိုသော်လည်း ဒေါသအစွမ်းဖြင့် အငြိုးအစွန်းမရှိခဲ့၊ အမျက်မထွက်ခဲ့၊ စိတ်မနာခဲ့၊ ရန်ငြိုးမသိုခဲ့၊ အမျက်ထွက်ခြင်းကို၎င်း ပြစ်မှားခြင်းကို၎င်း နှလုံးမသာခြင်းကို၎င်း ထင်ရှား မပြခဲ့။

ခုံချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော ဝါချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော ပိုးချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော သိုးမွေး 'ကမ္ဗလာ' ချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော သိမ်မွေ့နူးညံ့ကုန်သော ခင်းနှီးဝတ်ရုံတို့ကို ပေးလှူခဲ့၏၊ ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာကို ရ၏၊ ရွှေအဆင်းရှိ၏၊ ရွှေနှင့်တူသောအသားအရေရှိ၏၊ ထိုလက္ခဏာနှင့်ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်း ဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ခုံချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော ဝါချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော ပိုးချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော သိုးမွေး 'ကမ္ဗလာ' ချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော သိမ်မွေ့နူးညံ့သော ခင်းနှီးဝတ်ရုံတို့ကို ရ၏။ မင်းဖြစ်သော် ဤအကျိုးကို ရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ခုံချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော ဝါချည်ချောဖြင့် ယက်လုပ်အပ်ကုန်သော ပိုးချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော သိုးမွေး 'ကမ္ဗလာ' ချည်ချောဖြင့် ရက်လုပ်အပ်ကုန်သော သိမ်မွေ့နူးညံ့ကုန်သော ခင်းနှီးဝတ်ရုံတို့ကို ရ၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၁၉။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ လူ့အဖြစ် တည်နေစဉ်အခါက အမျက်မထွက်ခြင်းကို ဆောက်တည်ခဲ့၏၊ အလှူအတန်းကိုလည်း ပေးခဲ့၏၊ သိမ်မွေ့ကုန်သော ကောင်းသော အဆင်းရှိကုန်သော အဝတ်အထည်တို့ကိုလည်း မြေပြင်အနှံ့ သည်းထန်စွာ ရွာသောမိုးကဲ့သို့ စွန့်ကြဲ ပေးလှူခဲ့၏။

http://www.dhammadownload.com



ထိုကောင်းမှုကို ပြုသောကြောင့် ဤလူ့ပြည်မှ စုတေခဲ့သော် နတ်ပြည်၌ ဖြစ်၍ ကောင်းမှုကံ၏ အကျိုးကို ခံစားရ၏၊ ရွှေသားပကာတိနှင့်တူသော ကိုယ်ရှိ၏၊ နတ်တကာတို့ထက် မြတ်သော သိကြားမင်းကဲ့သို့ ဤနတ်ပြည်၌ လွှမ်းမိုးအုပ်စိုးရ၏။

လူ့ပြည်သို့ရောက်လာပြန်သော် ဤသူသည် ရဟန်းမပြုလို၍ လူ့ဘောင်၌ အကယ်၍ နေခဲ့သော် ကျယ်စွာသောမြေပြင်အသုံးကို လွှမ်းမိုး၍ ဆုံးမအုပ်စိုးနိုင်၏၊ (စကြဝတေးမင်း ဖြစ်၏)၊ အလွန်ထူးမြတ်သော အဝတ်တန်ဆာကိုရ၏၊ အညစ်အကြေးကင်း၍ စင်ကြယ်သန့်ရှင်းသော အရေအဆင်းကိုလည်း ရ၏။

အကယ်၍ ရဟန်းဘောင်သို့ ချဉ်းကပ်အံ့၊ သည်းခံခြင်း ဂုဏ်နှင့်ပြည့်စုံသော ထိုရဟန်းသည် သင်းပိုင် ကေသီ ဒုကုဋ် ဟူသော အဝတ်သင်္ကန်းနှင့်တကွ မြတ်သော ကော်ဇောအခင်း စသည်တို့ကို ရလွယ်၏၊ ပြုအပ်သောကောင်းမှု၏ ပျက်စီးခြင်းသည် မဖြစ်။

## (၁၄) ကောသောဟိတဝတ္ထုဂုယှ လက္ခဏာတော်

၂၂၀။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက ကြာမြင့်စွာ ပျောက်ကွယ်နေကုန်သော ကြာမြင့်စွာ ကွဲကွာနေကုန်သော အမျိုးအဆွေတို့ကိုဂုဏ်း အလွန်ချစ်အပ်သော အဆွေခင်ပွန်းတို့ကိုဂုဏ်း ပေါင်းဆုံညီညွတ်စေခဲ့၏။

သားနှင့် အမိကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
အမိနှင့်သားကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
သားနှင့်အဖကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
အဖနှင့်သားကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
ညီနှင့်အစ်ကို အစ်ကိုနှင့်ညီကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
နှမနှင့် မောင်ကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
မောင်နှင့် နှမကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
ညီမနှင့် အစ်မ အစ်မနှင့် ညီမကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏။
ပေါင်းဆုံညီညွတ်ခြင်းကိုပြု၍ ဝမ်းမြောက်စေခဲ့၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာကို ရ၏၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိ၏၊ ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍နေခဲ့သော် စကြဝတေးမင်းဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

များသော သားရှိ၏၊ ထိုစကြဝတေးမင်းအား အထောင်မကသော သားတို့သည် ရှိကုန်၏၊ ရဲရင့်ကုန်၏၊ သူရဲကောင်း ဇွဲ လုံ့လမျိုး ရှိကုန်၏၊ တဖက်ရန်သူတို့ကို နှိမ်နင်းနိုင်ကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ပ။

http://www.dhammadownload.com



ဘုရားဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

များသောသားရှိ၏၊ ထိုမြတ်စွာဘုရားအား အထောင်မကသော သားတို့သည်ရှိကုန်၏၊ ရဲရင့်ကုန်၏၊ သူရဲကောင်း ဇွဲလုံ့လမျိုးရှိကုန်၏၊ တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၂၁။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ရှေးရှေးဘဝတို့၌ ကြာမြင့်စွာ ပျောက်ကွယ်နေကုန်သော ကြာမြင့်စွာ ကွဲကွာနေကုန်သော ဆွေမျိုးတို့ကိုလည်း အလွန်ချစ်အပ်သော အဆွေခင်ပွန်းတို့ကိုလည်း ပေါင်းဆုံညီညွတ်စေခဲ့၏၊ ပေါင်းဆုံညီညွတ်ခြင်းကို ပြု၍ ဝမ်းမြောက်စေခဲ့၏။

(၂) ထိုမြတ်စွာဘုရားသည် ထိုကောင်းမှုကြောင့် နတ်ပြည်သို့ လားရ၏၊ နတ်ချမ်းသာကိုလည်း ပျော်ရွှင်မွေ့လျော်ခြင်းတို့ကိုလည်း ခံစားရ၏၊ ထိုနတ်ပြည်မှ စုတေ၍ တဖန် လူ့ပြည်သို့ လာရောက်သည်ရှိသော် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို ရ၏။

(၃) ထိုသို့သဘောရှိသော စကြဝတေးမင်းသည် များသော သားရှိ၏၊ အထောင်မကသော သားတို့သည်ရှိကုန်၏၊ ရဲရင့်ကုန်၏၊ သူရဲကောင်း ဇွဲလုံ့လမျိုးရှိကုန်၏၊ ရန်သူကို နှိမ်နင်းနိုင်ကုန်၏၊ လူအပေါင်းအား နှစ်သက်ခြင်းကို ဖြစ်စေနိုင်ကုန်၏၊ချစ်ဖွယ်သောစကားကို ဆိုတတ်ကုန်၏။

(၄) ရဟန်းအဖြစ်သို့ ရောက်သော မြတ်စွာဘုရားအား စကားကို လိုက်နာကုန်သော များစွာကုန်သော သားတို့သည် ရှိကုန်၏၊ လူအားလည်း ရဟန်းအားလည်း ထိုလက္ခဏာသည် ထိုအကျိုးကို ညွှန်ပြ၏။

ပဉ္စမအခန်း ပြီး၏။

---

## (၁၅-၁၆) ပရိမဏ္ဍလ-အနောနမဇဏ္ဏု ပရိမသန လက္ခဏာတော်

၂၂၂။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက လူအများအား ချီးမြှောက်မှုကို ကြည့်ရှုဆင်ခြင် လတ်သော် မည်သူသည် မည်သည့်အရာနှင့် တူသည်ကိုသိ၏၊ မိမိကိုယ်တိုင်သိ၏၊ "ဤသူသည် ဤအလှူကို ခံထိုက်၏၊ ဤသူသည် ဤအလှူကိုခံထိုက်၏" ဟု ပုဂ္ဂိုလ်မြတ်ကိုသိ၏၊ ပုဂ္ဂိုလ်ထူးကိုသိ၏။

ရှေးအခါ ထိုထိုသို့သော ဘဝ၌ ပုဂ္ဂိုလ်ထူးကို သိ၍ ထိုက်တန်သည့် အလျောက်ပေးလှူခြင်းစသည်ကိုပြုခဲ့၏၊ ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာနှစ်ပါးတို့ကို ရ၏၊ ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ်ရှိ၏၊ မကိုင်းမညွတ်ပဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးအပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်၏။

ထိုလက္ခဏာတို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍နေခဲ့သော် စကြဝတေးမင်းဖြစ်၏။ပ။

http://www.dhammadownload.com



မင်းဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

အသုံးအဆောင် ကြွယ်ဝ၏၊ မြေ၌မြှုပ်၍ထားသော များသော ဥစ္စာရှိ၏၊ နေ့စဉ်သုံးများသော စည်းစိမ်ဥစ္စာရှိ၏၊ များစွာသော ရွှေ ငွေ ရတနာရှိ၏၊ နှစ်သက်ဖွယ်ရာ များစွာသော အဆင်တန်ဆာရှိ၏၊ နေ့စဉ်ထုတ်၍သုံးစွဲသော များစွာသော ဥစ္စာစပါးရှိ၏။ ပြည့်သောကျီကြရှိ၏၊ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော အဘယ်ကိုရသနည်းဟူမူ—

ဥစ္စာကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသောအသုံးအဆောင်ရှိ၏၊ ထိုမြတ်စွာဘုရားအား ဤဥစ္စာတို့သည် ဖြစ်ကုန်၏၊ ဤဥစ္စာတို့သည် အဘယ်နည်း။

ယုံကြည်ခြင်း 'သဒ္ဓါ'ဥစ္စာ၊ အကျင့် 'သီလ'ဥစ္စာ၊ မကောင်းမှုမှ ရှက်ခြင်း 'ဟိရီ' ဥစ္စာ၊မကောင်းမှုမှလန့်ခြင်း 'ဩတ္တပ္ပ'ဥစ္စာ၊ အကြားအမြင်များခြင်း 'ဗဟုသုတ' ဥစ္စာ၊ စွန့်ကြဲခြင်း 'စာဂ' ဥစ္စာ၊အပြားအားဖြင့် သိခြင်း 'ပညာ' ဥစ္စာတို့တည်း။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၂၃။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ရှေးအခါ ထိုထိုဘဝတို့၌ လူအများအား ချီးမြှောက်မှုကို နှိုင်းဆဆင်ခြင်၍ ဤသူသည် ဤအလှူကို ခံထိုက်၏ ဟူ၍ ကောင်းစွာ ကြည့်ရှုလျက် ပုဂ္ဂိုလ်ထူးကို သိ၍ ထိုက်သင့်သည့်အလျောက် ပေးလှူခြင်းစသည်ကို ပြုခဲ့၏။

(၂) ထိုကောင်းမှုကြောင့် မြတ်စွာဘုရားသည် မကိုင်းမညွတ်ပဲ မြေ၌ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးအပြင် တို့ဖြင့် ပုဆစ် ဒူးဝန်းတို့ကို ထိကိုင် သုံးသပ်နိုင်၏၊ ကြွင်းသော ကုသိုလ်ကံ၏ အကျိုးကြောင့် ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ်ရှိ၏။

(၃-၄) အထူးထူး အပြားပြား များသော လက္ခဏာကို သိကုန်သော အလွန်သိမ်မွေ့သော ပညာရှိကုန်သော ပုဏ္ဏားတို့သည် "ငယ်ရွယ်နုပျိုသော ဤသတို့သားသည် လူတို့အား ထိုက်ကုန်သော အထူးထူး အပြားပြား များကုန်သော ဥစ္စာပစ္စည်းတို့ကို ရ၏၊ ဤလူ့ပြည်၌ အကယ်၍ မြေပြင်အလုံးကို အစိုးရသော မင်းဖြစ်အံ့၊ ထိုမင်းအား လူတို့နှင့် လျော်ကုန်သော လောကီစည်းစိမ်တို့သည် များစွာ ဖြစ်ကုန်၏၊ အလုံးစုံသော လောကီစည်းစိမ်ကို အကယ်၍ စွန့်အံ့၊ အတုမရှိ အမြတ်ဆုံး (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟူသော)ဥစ္စာကို ရ၏" ဟု ပြောကြားကုန်၏။

## (၁၇-၁၉) သီဟပုဗ္ဗစုကာယ စသော လက္ခဏာသုံးပါး

၂၂၄။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက လူအများ၏ အကျိုးကို အလိုရှိ၏၊ အကျိုးစီးပွားကို အလိုရှိ၏၊ ချမ်းသာကို အလိုရှိ၏၊ ယောဂကုန်ခြင်းကို အလိုရှိ၏၊ "အသို့လျှင် ဤသူတို့ကို ယုံကြည်မှု 'သဒ္ဓါ' တရားဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ အကျင့် 'သီလ'ဖြင့် ပွါးစေကုန်ရအံ့နည်း၊ တရားစာပေသင်ကြားမှုဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ စွန့်ကြဲလှူဒါန်းမှုဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ သစ္စာတရားဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ အသိဉာဏ်ဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ ဥစ္စာစပါးဖြင့် တိုးပွါးစေကုန်

http://www.dhammadownload.com



ရအံ့နည်း၊ လယ်ယာကိုင်းကျွန်းဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ အခြေနှစ်ချောင်း အခြေလေးချောင်း တိရစ္ဆာန်တို့ဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ သားမယားတို့ဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ အစေအပါး အလုပ်သမားတို့ဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ ဆွေမျိုးဉာတိတို့ဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ မိတ်သင်္ဂဟတို့ဖြင့် တိုးပွါးစေကုန်ရအံ့နည်း၊ အဆက်အနွယ်တို့ဖြင့် တိုးပွါးစေကုန်ရအံ့နည်း" ဟု အလိုရှိ၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထို နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာ သုံးပါးကို ရ၏၊ ခြင်္သေ့ကိုယ် ရှေ့ပိုင်းနှင့်တူသော ကိုယ်ရှိ၏၊ လက်ပြင်နှစ်ဖက်အကြား၌ (တပြင်တည်းညီလျက်) ပြည့်ဖြိုးသော အသားရှိ၏၊ ညီညာစွာ လုံးသော လည်ပင်းလည်တိုင်ရှိ၏၊ ထိုလက္ခဏာတို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်းဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

မဆုတ်ယုတ်သော သဘောရှိ၏၊ ဥစ္စာစပါး လယ်ယာ ကိုင်းကျွန်း အခြေနှစ်ချောင်း အခြေလေးချောင်း သတ္တဝါများ သားမယား အစေအပါး အလုပ်သမား ဆွေမျိုးဉာတိ မိတ်သင်္ဂဟ အနွယ် အဆက်တို့မှ မဆုတ်ယုတ်၊ အလုံးစုံပြည့်စုံခြင်းမှ မဆုတ်ယုတ်။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

မဆုတ်ယုတ်သော သဘောရှိ၏၊ သဒ္ဓါ သီလ သုတ စာဂ ပညာတို့မှ မဆုတ်ယုတ်၊ အလုံးစုံ ပြည့်စုံခြင်းမှ မဆုတ်ယုတ်။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရား သည်ဟောတော်မူ၏။

၂၂၅။ ထိုနေရာ၌ သံဂါယနာတင်မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁-၂) မြတ်စွာဘုရားသည် သဒ္ဓါ သီလ သုတစာဂ ပညာ သစ္စာတရားနှင့် များစွာသော မြတ်သောဂုဏ်တို့မှလည်း ဥစ္စာ စပါး လယ်ယာ သားမယား အခြေနှစ်ချောင်း အခြေလေး ချောင်း သတ္တဝါ ဆွေမျိုး ဉာတိ မိတ်သင်္ဂဟ အနွယ်အဆက်နှင့် ခွန်အားမှလည်း နှစ်ပါးစုံသော အရုပ်အဆင်းနှင့် ချမ်းသာခြင်းတို့မှလည်း သူတပါးတို့သည် အသို့လျှင် မဆုတ်ယုတ်ပဲ ရှိပါကုန် အံ့နည်း ဟု အလိုရှိ၏၊ အကျိုးစီးပွါးများခြင်း အောင်မြင်ခြင်းကိုသာလျှင် တောင့်တ၏။

(၃) မြတ်စွာဘုရားသည် ရှေးဘဝတို့၌ ကောင်းစွာ ပြုအပ်သော ထိုကောင်းမှုကြောင့် ခြင်္သေ့ကိုယ် ရှေ့ပိုင်းနှင့် တူသော ကောင်းသော ကိုယ်သဏ္ဌာန်ရှိ၏၊ ညီညာစွာလုံးသော လည်ပင်း လည်တိုင်ရှိ၏၊ လက်ပြင်နှစ် ဖက်အကြား၌ (တပြင်တည်းညီလျက်)ပြည့်ဖြိုးသော အသားရှိ၏၊ ထို(မြတ်စွာဘုရား)၏ ထို(ခြင်္သေ့ကိုယ် ရှေ့ပိုင်းနှင့်တူသော ကိုယ်ရှိခြင်းစသော လက္ခဏာသုံးပါး) သည် (သဒ္ဓါတရား ဥစ္စာ စပါး စသည်၏) မဆုတ်ယုတ်ကြောင်း ပုဗ္ဗ နိမိတ်တည်း။

(၄) ထိုသတို့သားသည် လူဖြစ်သော် ဥစ္စာ စပါး သားမယား အခြေနှစ်ချောင်း အခြေလေး ချောင်း သတ္တဝါတို့ဖြင့် တိုးပွါး၏၊ ကြောင့်ကြတွယ်တာမှု ကင်းသော ရဟန်းဖြစ်ခဲ့သော် အတူ မရှိသော မဆုတ်ယုတ်သော သဘောရှိသော သမ္ဗောဓိဉာဏ်သို့ ရောက်၏။

http://www.dhammadownload.com



## (၂၀) ရသဂ္ဂသဂ္ဂိတာ လက္ခဏာတော်

၂၂၆။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက လက်ဖြင့်သော်၎င်း တုတ်ဖြင့်သော်၎င်း လက်နက်ဖြင့်သော်၎င်း သတ္တဝါတို့ကို ညှဉ်းဆဲခြင်း သဘောမရှိ။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာကို ရ၏၊ အရသာကို ဆောင်သော အလွန်ကောင်းမြတ်သော အကြောရှိ၏၊ လျှာဖျား၌ တင်အပ်သော နှမ်းတလုံးမျှလောက်သော အစာကို တကိုယ်လုံး ပြန့်နှံ့အောင် ဆောင်နိုင်ကုန်သော အလွန်ကောင်းမြတ်ကုန်သော ရသဟရဏီကြောတို့သည် ထိုမြတ်စွာဘုရား၏ လည်ပင်း လည်တိုင်၌ ရှိကုန်၏၊ ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်းဖြစ်၏။ပ။

မင်း ဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်းသော အညီအညွတ်အစာကို ကြေစေနိုင်သော ဝမ်းမီးနှင့် ပြည့်စုံ၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

အနာကင်း၏၊ ရောဂါကင်း၏၊ ကမ္မဋ္ဌာန်းအားထုတ်ရန်ခံ့သော အစာကို ကြေစေနိုင်သော မအေးလွန်း မပူလွန်းသော အလယ်အလတ်ဖြစ်သော ဝမ်းမီးနှင့် ပြည့်စုံ၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၂၇။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် လက်ဖြင့်သော်၎င်း တုတ်ဖြင့်သော်၎င်း ထိုမှတပါး ခဲဖြင့်သော်၎င်း လက်နက်ဖြင့်သော်၎င်း အသေသတ်စေခြင်းဖြင့်သော်၎င်း ထိုမှတပါး ထောင်ချခြင်းဖြင့်သော်၎င်း ကြိမ်းမောင်းခြောက်လှန့်ခြင်းဖြင့်သော်၎င်း လူအပေါင်းကို မညှဉ်းဆဲခဲ့၊ မညှဉ်းဆဲတတ်သူ ဖြစ်ခဲ့၏။

(၂) ထိုမြတ်စွာဘုရားသည် ထိုကောင်းမှုကံကြောင့် သုဂတိဘုံသို့ရောက်၍ မွေ့လျော်ရ၏၊ ကောင်းကျိုးချမ်းသာကို ပေးသောကံကို ပြုခြင်းကြောင့် ကောင်းကျိုးချမ်းသာတို့ကိုရ၏၊ ဤလူ့ပြည်သို့ရောက်လာသော် အလွန်ကောင်းမြတ်သော အရသာကို ဆောင်သော အကြောရှိခြင်းကိုရ၏၊ နှမ်းတလုံးမျှသော အစာကို တကိုယ်လုံးပြန့်နှံ့စေနိုင်ကုန်သော အရသာကို ဆောင်သော အကြောတို့သည် လည်ပင်း လည်တိုင်၌ ကောင်းစွာ တည်ကုန်၏။

(၃) ထိုလက္ခဏာကြောင့် ထိုမြတ်စွာဘုရားကို ဤသတို့သားသည် ချမ်းသာများသည် ဖြစ်လတ္တံ့၊ လူအားရင်း ရဟန်းအားရင်း ထိုလက္ခဏာသည် ထိုအကျိုးကို ပြ၏ ဟု အလွန်သိမ်မွေ့ကုန်သော ပညာရှိတို့သည် ပြောကြားကုန်၏။

http://www.dhammadownload.com



## (၂၁-၂၂) အဘိနီလနေတ္တ-ဂေါပခုမ လက္ခဏာတော်

၂၂၇။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေ့ဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက သူတပါးကို အမျက်ထွက်သဖြင့် မျက်လုံးပြူး၍ မကြည့်တတ်၊ မျက်စောင်းထိုး၍ မကြည့်တတ်၊ လျှို့ဝှက်၍ မကြည့်တတ်၊ ရိုးဖြောင့်သော စိတ်ရှိသည်ဖြစ်၍ ရိုးဖြောင့်စွာ ကြည့်တတ်၏၊ မေတ္တာစေတ ကိန်းသော မျက်စိဖြင့် လူအများ'ကို ကြည့်ခဲ့၏၊ ထို မြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာ နှစ်ပါးတို့ကိုရ၏၊ အလွန်ညိုသော မျက်လုံးလည်းရှိ၏၊ နွားငယ် မျက်တောင်နှင့်တူသော မျက်တောင်လည်းရှိ၏၊ ထို လက္ခဏာတို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေး မင်းဖြစ်၏။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ထိုမင်းကို လူအများသည် ချစ်ခင်နှစ်သက်စွာရှုကြည့်အပ်၏၊ ပုဏ္ဏားများ သူဌေး သူကြွယ်များ မြို့သူ မြို့သား နယ်သူနယ်သားများ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲ မြင်းစီး သူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များ အတိုင်ပင်ခံ အမတ်များ လက်အောက်ခံဘုရင်များ မြို့စားနယ်စားများ မင်းညီမင်းသားများတို့သည် ချစ်ခင်မြတ်နိုးအပ်ကုန်၏။ မင်းဖြစ်ခဲ့သော် ဤ အကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

ထိုမြတ်စွာဘုရားကို သတ္တဝါအများသည် နှစ်သက်ကြည်ညိုစွာ ဖူးမြော်အပ်၏၊ ရဟန်း ယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ားများ ဥပါသိကာ မိန်းမများ နတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗနတ်များတို့သည် နှစ်သက်မြတ်နိုးအပ်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏ ။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၂၈။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် သူတပါးကို အမျက်ထွက်သဖြင့် မျက်လုံးပြူး၍ မကြည့်တတ်၊ မျက်စောင်းထိုး၍ မကြည့်တတ်၊ လျှို့ဝှက်၍ မကြည့်တတ်၊ ရိုးဖြောင့်သော စိတ်ရှိသည်ဖြစ်၍ ရိုးဖြောင့်စွာကြည့်တတ်၏၊ မေတ္တာစေတကိန်းသော မျက်စိဖြင့်လူအများကို ကြည့်ခဲ့၏။

(၂) ထိုမြတ်စွာဘုရားသည် ကောင်းမှုအကျိုးကို နတ်ပြည်တို့၌ ခံစားရ၏၊ ထိုနတ်ပြည်၌ မွေ့လျော်ရ၏၊ ဤလူ့ပြည်၌ကား နွားငယ်၏ မျက်တောင်နှင့်တူသော မျက်တောင်ရှိ၏၊ အလွန်ညိုသော မျက်လုံးရှိ၏၊ အလွန်ရှုချင်ဖွယ်ရှိ၏။

(၃) သိမ်မွေ့သော ပညာရှိသည်လည်းဖြစ်ကုန်သော လက္ခဏာကျမ်းတတ်သည်လည်း ဖြစ်ကုန်သော နိမိတ်ကျမ်း၌ ကျွမ်းကျင်သည်လည်း ဖြစ်ကုန်သော သိမ်မွေ့သောမျက်စိ၌ လိမ္မာ သည်လည်း ဖြစ်ကုန်သော များစွာကုန်သောလူတို့သည် (ထိုသတို့သားကို)လူအများ ချစ်ခင် နှစ်သက်စွာ ရှုကြည့်အပ်သူ ဟူ၍ ပြဋ္ဌာန်းပြောဆိုကြကုန်၏။

(၄) သတို့သားသည် လူဖြစ်သော် လူအများ ချစ်ခင်နှစ်သက်စွာ ရှုကြည့်အပ်သူဖြစ်၏၊ လူအများ ချစ်ခင်မြတ်နိုးအပ်၏၊ လူအဖြစ် မပယ်မူ၍ ရဟန်းဖြစ်သော် သတ္တဝါအများနှစ်သက်

http://www.dhammadownload.com



ကြည်ညိုအပ်၏၊ သတ္တဝါအများ၏ စိုးရိမ်ခြင်းကို ဖျောက်ဖျက်နိုင်၏ ဟု ပြည့်နှင်းပြောကြားကုန်၏။

## (၂၃) ဥဏှီသသီသ လက္ခဏာတော်

၂၃၀။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက ကုသိုလ်တရားတို့တွင် ကောင်းသောကိုယ်အကျင့် 'ကာယသုစရိုက်' ကောင်းသော နှုတ်အကျင့် 'ဝစီသုစရိုက်'ကောင်းသော စိတ်အကျင့် 'မနောသုစရိုက်' လှူဒါန်းခြင်း ပေးကမ်းစွန့်ကြဲခြင်း သီလဆောက်တည်ခြင်း ဥပုသ်စောင့်သုံးခြင်း အမိကို ချစ်မြတ်နိုးခြင်း အဖကို ချစ်မြတ်နိုးခြင်း သမဏကို ကြည်ညိုလေးစားခြင်း ဗြာဟ္မဏကို ကြည်ညိုလေးစားခြင်း အမျိုးတွင် ကြီးသောသူတို့ကို ရိုသေခြင်းတို့၌၎င်း တပါးပါးသော လွန်မြတ်သော ကုသိုလ်တရားတို့၌၎င်း လူအများ၏ အကြီးအမှူး ရှေ့သွားခေါင်းဆောင် ဖြစ်၏၊ ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည် ရှိသော် ဤမဟာပုရိသလက္ခဏာကို ရ၏၊ သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိ၏၊ ထိုလက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်း ဖြစ်၏။ပ။

မင်း ဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ထိုမင်းအား အလိုသို့လိုက်သော တိုင်းသူပြည်သားသည် များ၏၊ ထိုသူတို့ကား အဘယ်တို့နည်း ဟူမူ-ပုဏ္ဏားများ သူဌေးသူကြွယ်များ မြို့သူမြို့သား နယ်သူနယ်သားများ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များ အတိုင်ပင်ခံ အမတ်များ လက်အောက်ခံဘုရင်များ မြို့စား နယ်စားများ မင်းညီမင်းသားများ ဖြစ်ကြကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ထိုမြတ်စွာဘုရားအား အလိုသို့လိုက်သော ဝေနေယျသည်များ၏၊ ထိုဝေနေယျတို့ကား အဘယ် တို့နည်းဟူမူ-ရဟန်းယောကျာ်းများ ရဟန်းမိန်းမများ ဥပါသကာယောကျာ်းများ ဥပါသိကာ မိန်းမများနတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗနတ်များ ဖြစ်ကြကုန်၏။ ဘုရားဖြစ် ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၃၁။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ကောင်းသော အကျင့်သုစရိုက်တရားတို့၌ အကြီးအမှူးဖြစ်ခဲ့၏၊ တရားကိုကျင့်ခြင်း၌ မွေ့လျော်၏၊ ထိုမြတ်စွာဘုရားအား အလိုသို့လိုက်သော လူအများရှိခဲ့၏၊ ကောင်းမှုအကျိုးကို နတ်ပြည်၌ ခံစားခဲ့ရ၏။

(၂) ထို မြတ်စွာဘုရားသည် ကောင်းသော အကျင့် သုစရိုက်၏ အကျိုးကို ခံစားပြီး၍ ဤလူ့ပြည်၌ သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိသည်အဖြစ်ကို ရ၏၊ ဤသတို့ သားသည် လူအများ၏ အကြီးအမှူးဖြစ်လတ္တံ့ ဟု နိမိတ်လက္ခဏာပတ်တတ်ကုန်သော သူတို့ သည် ပြောကြားကုန်၏။

http://www.dhammadownload.com



(၃) ရှေးဘဝနတ်ပြည်၌ကဲ့သို့ ဤလူ့ပြည်၌ ထိုသတ္တိသားအား အလုပ်အကျွေး အခြံအရံတို့သည် များကုန်လတ္တံ့၊ အကယ်၍ မင်းမျိုးဖြစ်အံ့၊ မြေပြင်အလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်လတ္တံ့၊ လူအများ၏ သစ္စာစောင့်သိရှိသေစွာ တာဝန်ထမ်းဆောင်မှုကို ရလတ္တံ့ ဟု ယယ်စဉ်အခါကပင် လက္ခဏာဖတ် ဆရာတို့က ပြောကြားကုန်၏။

(၄) သတ္တိသားသည် အကယ်၍ ရဟန်းဖြစ်အံ့၊ ဈာန်သမာပတ်တရားတို့၌ ကျွမ်းကျင်၏၊ လေ့လာအပ်သော ဝသီဘော်ရှိသော ဘုရားဖြစ်၏၊ လူအများသည် ထိုဘုရား၏ အဆုံးအမ အကျင့်တရားဘို့၌ မွေ့လျော်၏၊ အလိုတော်အတိုင်း လိုက်နာ၏ ဟု ပြောကြားကုန်၏။

## (၂၄-၂၅) ဧကေကလောမတာ-ဥဏ္ဏာ လက္ခဏာတော်

၂၃၂။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေ့ခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက မမှန်သောစကားကို ပြောခြင်းကိုပယ်၍ မမှန်သောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ မှန်သောစကားကို ဆိုလေ့ရှိ၏၊ မှန်သောစကားချင်း စေ့စပ်တတ်၏၊ မြဲမြံတည်တံ့သောစကား ရှိ၏၊ ယုံကြည်ရသော စကားရှိ၏၊ လူအများကို မလှည့်စားတတ်၊ ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာ နှစ်ပါးတို့ကိုရ၏၊ တပင်ချင်း ပေါက်သော မွေးညှင်းရှိ၏၊ မျက်မှောင်နှစ်ဖက်အကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော 'ဥဏ္ဏာလုံ' မွေးရှင်ပေါက်၏၊ ထိုလက္ခဏာများနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် ဤလူ့ဘောင်၌ အကယ်၍နေခဲ့သော် စကြဝတေးမင်းဖြစ်၏။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

လူအများသည် ထိုမင်း၏ အလိုသို့လိုက်ရ၏၊ လူအများဟူသည် အဘယ်တို့နည်းဟူမူ-ပုဏ္ဏားများ သူဌေးသူကြွယ်များ မြို့သူမြို့သား နယ်သူနယ်သားများ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များ အတိုင်ပင်ခံအမတ်များ လက်အောက်ခံဘုရင်များ မြို့စား နယ်စားများ မင်းညီမင်းသားများ ဖြစ်ကြကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

သတ္တဝါအများသည် ထိုဘုရား၏ အလိုသို့လိုက်ရ၏၊ သတ္တဝါအများဟူသည် အဘယ်တို့နည်းဟူမူ-ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ားများ ဥပါသိကာမိန်းမများ နတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗနတ်များ ဖြစ်ကြကုန်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၃၃။ ထိုနေရာ၌ သံဂါယနာတင်မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ရှေးဘဝတို့၌ မှန်သော ကတိပဋိညာဉ်ရှိခဲ့၏၊ စကားနှစ်ခုမရှိခဲ့၊ ချွတ်ယွင်းသောစကားကို ကြဉ်ရှောင်ခဲ့၏၊ ထိုမြတ်စွာဘုရားသည် တစုံတယောက်ကိုမျှလည်း မလှည့်စားခဲ့၊ ဟုတ်မှန်သေချာသော စကားကိုသာ ဆိုခဲ့၏။

http://www.dhammadownload.com



(၂) ထိုကောင်းမှုကြောင့် မျက်မှောင်နှစ်ဖက်တို့၏ အကြား၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သော 'ဥဏ္ဏာလုံ' မွေးရှင်ပေါက်လျက်ရှိ၏၊ မွေးညှင်းတွင်းတို့၌ မွေးညှင်းနှစ်ပင်မပေါက်ကုန်၊ မွေးညှင်းတွင်းတခုတခု၌ တပင်စီ တပင်စီသာပေါက်သော မွေးညှင်းတို့ဖြင့် စီထားအပ်သကဲ့သို့သော ကိုယ်ရှိ၏။

(၃) လက္ခဏာကျမ်းတတ် နိမိတ်ဖတ်ခြင်း၌ လိမ္မာကုန်သော များစွာသော ပုဏ္ဏားတို့သည် အညီအညွတ်စည်းဝေးကုန်၍ အကြင်သတ္တဝါ၌ 'ဥဏ္ဏာလုံ' မွေးရှင်သည်ငှင်း မွေးညှင်းတွင်း တခုဘခု၌ တပင်စီသာ ပေါက်သော မွေးညှင်းဘို့သည်ငှင်း ကောင်းစွာတည်ကုန်၏၊ လူအများသည် ဤသို့သောသဘို့သား၏ အလိုသို့ လိုက်၏။

(၄) "ရှေးဘဝ၌ ပြုဘူးသောကောင်းမှုကြောင့် လူ(စကြဝတေးမင်း)ဖြစ်သော် လူအများသည် ထိုမင်း၏ အလိုသို့လိုက်၏။ ရာဂစသည် အညစ်အကြေးကင်းသော ရဟန်း ပြုသော် အတုမရှိသော ဘုရားဖြစ်၍ သတ္တဝါအများသည် ထိုဘုရား၏ အလိုသို့လိုက်၏"ဟု ပြောကြားကုန်၏။

## (၂၆-၂၇) စတ္တာလီသသမဒန္တ အဝိရဠဒန္တ လက္ခဏာတော်

၂၃၄။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'ဘို့၌ လူဖြစ်စဉ်အခါက ကုံးစကားပြောခြင်းကိုပယ်၍ ကုံးစကားပြောခြင်းမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍(ထိုသူနှင့်)ဤသူဘို့ ကွဲပြားခြင်းငှါ ထိုသူ့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူနှင့်) ထိုသူဘို့ ကွဲပြားခြင်းငှါ မပြောတတ်၊ ထိုသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကိုပြုသော စကားကို ဆိုတတ်၏။

ထိုမြတ်စွာဘုရားသည် ထိုကံကို ပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရ၏၊ လေးဆယ်သော သွားလည်းရှိ၏၊ မကြဲသောသွားလည်းရှိ၏၊ ထိုလက္ခဏာတို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍နေခဲ့သော် စကြဝတေးမင်းဖြစ်၏။ပ။

မင်းဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

မခွဲဖျက်နိုင်သော ပရိသတ်ရှိ၏၊ ထိုစကြဝတေးမင်း၏ပရိသတ်သည် မကွဲပျက်နိုင်၊ ထိုပရိသတ်တို့သည် အဘယ်တို့နည်းဟူမူ-ပုဏ္ဏားများ သူဌေးသူကြွယ်များ မြို့သူမြို့သား နယ်သူနယ်သားများ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များ အဘိုင်ပင်ခံအမတ်များ လက်အောက်ခံဘုရင်များ မြို့စားနယ်စားများ မင်းညီမင်းသားများ ဖြစ်ကြကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

မခွဲဖျက်နိုင်သော ပရိသတ်ရှိ၏၊ ထိုမြတ်စွာဘုရား၏ ပရိသတ်တို့သည် မကွဲပျက်နိုင်ကုန်၊ ထိုပရိသတ်တို့သည် အဘယ်တို့နည်းဟူမူ-ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ာများ ဥပါသိကာမိန်းမများ နတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗနတ်များ ဖြစ်ကြကုန်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

http://www.dhammadownload.com



၂၃၅။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ရှေးဘဝ၌ ညီညွတ်သူ (မိတ်ဆွေ) တို့အား ကွဲပြားခြင်းကို ပြုတတ်သော ကွဲပြားခြင်း တိုးပွါး၍ ခိုက်ရန်ဖြစ်ပွါးခြင်းကို ပြုတတ်သော ခိုက်ရန်ဖြစ်ပွါးခြင်း တိုးပွါး၍ မပြုသင့်သည်ကို ပြုတတ်သော ညီညွတ်သူ(မိတ်ဆွေ)တို့၏ ကွဲပြားခြင်းကို ဖြစ်စေတတ်သော ဂုံးချောစကားကို မဆိုခဲ့။

(၂) ခိုက်ရန်ဖြစ်ခြင်းကို မတိုးပွါးအောင် ပြုတတ်သော ကွဲပြားခြင်းကို စေ့စပ်အောင် ဖြစ်စေတတ်သော ကောင်းသော စကားကို ဆိုခဲ့၏၊ လူအပေါင်း၏ ခိုက်ရန်ဖြစ်ခြင်းကို ပယ်ဖျောက်ခဲ့၏၊ ညီညွတ်စေခဲ့၏၊ ညီညွတ်သူ(မိတ်ဆွေ)တို့နှင့် နှစ်သိမ့်ခဲ့၏၊ ဝမ်းမြောက်ခဲ့၏။

(၃) ထိုမြတ်စွာဘုရားသည် ကောင်းမှု၏အကျိုးကို နတ်ပြည်၌ ခံစားရ၏၊ ထိုနတ်ပြည်၌ မွေ့လျော်ရ၏၊ ဤလူ့ပြည်၌ ထိုသဘာ့သွားအား မကြဲကုန်သော ညီညွတ်ကုန်သော သွားတို့သည် ရှိကုန်၏၊ သေးဆယ်ဒသာ သွားဘို့သည် ကောင်းစွာတည်ကုန်၏။

(၄) ထိုသဘာ့သွားသည် အကယ်၍ မင်းမျိုးဖြစ်အံ့၊ မြေပြင်အလုံးကို အစိုးရသော (စကြဝတေး)မင်း ဖြစ်၏၊ ထိုမင်းအား သူတပါးတို့ မခွဲဖျက်နိုင်သော ပရိသတ်ရှိ၏၊ အကယ်၍ ရဟန်းဖြစ်အံ့၊ ကိလေသာမြူကင်းသော ကိလေသာ အညစ်အကြေးကင်းသော ဘုရားဖြစ်၏၊ ထိုဘုရားအား မလှုပ်ရှားသော အဆုံးအမကို လိုက်နာသော ပရိသတ်ရှိ၏။

## (၂၈-၂၉) ပဟူတဇိဝှါ-ဗြဟ္မဿရ လက္ခဏာတော်

၂၃၆။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန'တို့၌ လူဖြစ်စဉ်အခါက ကြမ်းသော စကားပြောခြင်းကိုပယ်၍ ကြမ်းသောစကားပြောခြင်းမှ ရှောင်ကြဉ်၏၊ အကြင် စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့သဘောရှိသောစကားကို ဆို၏။

ထိုမြတ်စွာဘုရားသည် ထိုကံကိုပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရ၏၊ ကြီးမားရှည်လျားနူးညံ့သော လျှာရှိ၏၊ ဗြဟ္မာ့အသံနှင့် တူသောအသံရှိ၏၊ ကရဝိက်ငှက် အသံနှင့်တူသောအသံရှိ၏၊ ထိုလက္ခဏာတို့နှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြာဝတေးမင်း ဖြစ်၏။

မင်းဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

နာယူလက်ခံအပ်သော စကားရှိ၏၊ ထိုမင်း၏စကားကို ပုဏ္ဏားများ သူဌေးသူကြွယ်များ မြို့သူမြို့သား နယ်သူနယ်သားများ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲများ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များ အတိုင်ပင်ခံအမတ်များ လက်အောက်ခံဘုရင်များ မှူးစား နယ်စားများ မင်းညီ မင်းသားများဘို့သည် နာယူလက်ခံကြကုန်၏။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

http://www.dhammadownload.com



ဘုရားဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

နာယူလက်ခံအပ်သော စကားရှိ၏၊ ထိုဘုရား၏ စကားကို ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ားများ ဥပါသိကာ မိန်းမများ နတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗနတ်များတို့သည် နာယူလက်ခံကြကုန်၏။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၃၇။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) ရဟန်းတို့ မြတ်စွာဘုရားသည် ဆဲရေးခြင်း ခိုက်ရန်ဖြစ်ခြင်း ညှဉ်းဆဲခြင်းကို ပြုတတ်သော စိတ်၏နာကြည်းခြင်းကို ဖြစ်စေတတ်သော လူအများအား ဖိနှိပ်ခြင်းကို ပြုတတ်သော ခက်ထန်ကြမ်းကြုတ်သော စကားကို မဆိုခဲ့၊ ချိုသာနူးညံ့သော ချစ်နှစ်သက်ဖွယ်နှင့် စပ်သော စကားကိုသာ ဆိုခဲ့၏။

(၂) ထိုမြတ်စွာဘုရားသည် စိတ်ကို နှစ်သိမ့်စေတတ်ကုန်သော နှလုံးသို့သက်ဝင်ကုန်သော နားချမ်းသာကုန်သော စကားကို ဆိုခဲ့၏၊ ထို့ကြောင့် နတ်ပြည်တို့၌ ကောင်းမှုအကျိုးကို ခံစားရပြီ၊ ကောင်းစွာ ဆိုအပ်သော စကား၏ အကျိုးကို ခံစားရပြီ။

(၃) ထိုမြတ်စွာဘုရားသည် ကောင်းသောအကျင့် 'သုစရိုက်'၏ အကျိုးကို ခံစားပြီး၍ ဤလူ့ပြည်၌ ဗြဟ္မာ့အသံနှင့်တူသော အသံရှိခြင်းကိုရ၏၊ ထိုမြတ်စွာဘုရားအား ရှည်သောလျှာရှိ၏၊ နာယူအပ်သော စကားရှိ၏။

(၄) လူ(စကြဝတေးမင်း)ဖြစ်သော် ထိုမင်း၏စကားသည် အောင်မြင်သကဲ့သို့ ထိုလူသည် ရဟန်းပြု၍ ဘုရားဖြစ်သော် ထိုဘုရား၏စကားသည် အောင်မြင်၏၊ သတ္တဝါအများအား ကောင်းစွာ ဟောအပ်သော များစွာသော ထိုဘုရား၏ စကားတော်ကို သတ္တဝါအများတို့သည် နာယူလက်ခံကုန်၏။

## (၁၀) သီဟဟနု လက္ခဏာတော်

၂၃၈။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက ပြိန်ဖျင်းသောစကား ပြောခြင်းကို ပယ်၍ ပြိန်ဖျင်းသောစကား ပြောခြင်းမှ ရှောင်ကြဉ်၏၊ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော)အခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့်စပ်သော မှတ်သားလောက်သော စကားကိုသာ ဆို၏။

ထိုမြတ်စွာဘုရားသည် ထိုကံကိုပြုအပ်သည်၏ အဖြစ်ကြောင့်။ပ။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည်ရှိသော် ဤမဟာပုရိသလက္ခဏာကိုရ၏၊ ခြင်္သေ့မေးနှင့်တူသော မေးရှိ၏၊ ထိုလက္ခဏာနှင့်ပြည့်စုံသော ထိုမြတ်စွာဘုရားသည် လူ့ဘောင်၌ အကယ်၍ နေခဲ့သော် စကြဝတေးမင်း ဖြစ်၏။ပ။

http://www.dhammadownload.com



မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

ဆန့်ကျင်ဘက်ဖြစ်သော ရန်သူဖြစ်သော တစုံတယောက်သောသူသည် မဖျက်ဆီးနိုင်။ မင်းဖြစ်ခဲ့သော် ဤအကျိုးကို ရ၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ—

လောက၌ အတွင်း အပ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ရန်သူဖြစ်ကုန်သော ရာဂသည်ငှင်း ဒေါသသည်ငှင်း မောဟသည်ငှင်း သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း နတ်သည်ငှင်း မာရ်သည်ငှင်း ဗြဟ္မာသည်ငှင်း တစုံတယောက်သောသူသည်ငှင်း မဖျက်ဆီးနိုင်။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၃၉။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) မြတ်စွာဘုရားသည် ပြိန်ဖျင်းသော စကားကို မဆိုခဲ့၊ မိုက်မဲသော စကားကို မဆိုခဲ့၊ ဘုရားလောင်းတို့၏ စကားကဲ့သို့သော စကားရှိခဲ့၏၊ အစီးအပွါးမဲ့သော စကားကိုလည်း ပယ်၏၊ အစီးအပွါးနှင့်စပ်သော စကားကိုငှင်း လူအများ ချမ်းသာနှင့် စပ်သော စကားကိုငှင်း ဆိုခဲ့၏။

(၂) ထိုမြတ်စွာဘုရားသည် ထိုကောင်းမှုကိုပြု၍ ဤလူ့ပြည်မှ စုတေသော် နတ်ပြည်၌ ဖြစ်၏၊ (ထိုနတ်ပြည်၌)ကောင်းမှု၏ အကျိုးကို ခံစားရ၏၊ (ထိုနတ်ပြည်မှ)စုတေခဲ့၍ တဖန် လူ့ပြည်သို့ လာရောက်သော် အခြေလေးချောင်းရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးသော ခြင်္သေ့၏ မေးနှင့်တူသော မေးရှိခြင်းကို ရ၏။

(၃-၄) ထိုမြတ်စွာဘုရားသည် ထိုကောင်းမှုကြောင့် သူတပါးတို့ မဖျက်ဆီးနိုင်သော လူတို့ကိုအစိုးရသော လူတို့အရှင်ဖြစ်သော မင်းဖြစ်၏၊ သိကြားမင်းကဲ့သို့ ကြီးသော အာနုဘော်ရှိ၏၊ ထိုသို့သဘော (သီဟဟနုလက္ခဏာ) ရှိသော သတ္တဝါသည် အကယ်၍ ရဟန်းပြု၍ ဘုရားဖြစ်အံ့၊ ဂန္ဓဗ္ဗ အသုရာ ဘီလူး ရက္ခိုက်တို့သည် နတ်တို့ထက် မြတ်သော သိကြားမင်းကို မဖျက်ဆီးနိုင်သကဲ့သို့ ထိုအတူ ထိုဘုရားကို ဤလောကဝယ် တူရူလေးမျက်နှာ ဖီလာနှစ်မျက်နှာ အထောင့် လေးမျက်နှာအားဖြင့် အရပ်ဆယ်မျက်နှာ၌ရှိသော သတ္တဝါတို့သည် မဖျက်ဆီးနိုင်။

## (၃၁-၃၂) သမဒန္တ-သုသုက္ကဒါဠာ လက္ခဏာတော်

၂၄၀။ ရဟန်းတို့ မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာ 'ဇာတိ' ရှေးဖြစ်ခဲ့ရာ 'ဘဝ' ရှေးနေခဲ့ရာ 'ဘုံဌာန' တို့၌ လူဖြစ်စဉ်အခါက မကောင်းသော အသက်မွေးခြင်းကိုပယ်၍ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးခဲ့၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ချင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်ခဲ့၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း ခရီးသွားတို့ကို လုယက်ခြင်း ပြည်ရွာကို ဖျက်ဆီးခြင်း အနိုင်အထက် နှိပ်စက်ခြင်းမှ ရှောင်ကြဉ်ခဲ့၏။

ထိုမြတ်စွာဘုရားသည် ထိုထံကို ပြုအပ်သည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်သည်၏ အဖြစ်ကြောင့် ထိုကံ၏ များသည်၏အဖြစ်ကြောင့် ပြန့်ပြောသည်၏အဖြစ်ကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာနတ်ပြည်၌ ဖြစ်၏၊ ထိုမြတ်စွာဘုရားသည် ထိုနတ်

http://www.dhammadownload.com



ပြည့်၌ တပါးသော နတ်တို့ကို ဆယ်ပါးသော အရာဌာနတို့ဖြင့် သာလွန်၏၊ (လွှမ်းမိုး၍တည်၏)။ နတ်၌ဖြစ်သော အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာများခြင်း အခြံအရံ ပေါများခြင်း အစိုးရခြင်းဖြင့်၎င်း နတ်၌ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်၎င်း သာလွန်၏၊ လွှမ်းမိုး၍ တည်၏။ ထိုမြတ်စွာဘုရားသည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်သို့ လာရောက်သည် ရှိသော် ဤမဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရ၏၊ ညီညွတ်သော သွားလည်းရှိ၏၊ အလွန်ဖြူစင်သော စွယ်တော်လေးချောင်းလည်း ရှိ၏။

ထိုလက္ခဏာနှင့်ပြည့်စုံသော ထိုမြတ်စွာဘုရားသည် အကယ်၍ လူ့ဘောင်၌ နေသော် တရား စောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒြာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကိုအောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်၏၊ ထို(စကြဝတေး)မင်းအား ဤရတနာ ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ ဤသည်တို့ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမမြတ် ရတနာ ခုနစ်ခုမြောက် သားကြီးရတနာ တို့တည်း။ ထို(စကြဝတေးမင်း)အား ရဲရင့်ကုန်သော သူရဲကောင်းဇာတ်လို့လမျိုးရှိကုန်သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏။ထို(စကြဝတေးမင်း)သည် သမုဒြာအဆုံးရှိသော ဤမြေကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း မရှိပဲ တရားသဖြင့် အောင်မြင်၍ ခိုးသား ဓားပြကင်းသော ပြည့်စုံကြွယ်ဝသော ဥပဒ်ဘေးရန်မရှိသော ငြိမ်းချမ်းသော နိုင်ငံတော်ကြီးကို အုပ်စိုး၏။

မင်းဖြစ်ခဲ့သော် အဘယ်ကို ရသနည်းဟူမူ —

စင်ကြယ်သော အခြံအရံရှိ၏၊ ထိုစကြဝတေးမင်း၏ အခြံအရံတို့သည် စင်ကြယ်ကုန်၏၊ ထို အခြံအရံတို့သည်ကား ပုဏ္ဏားများ သူဌေးသူကြွယ်များ မြို့သူမြို့သား နယ်သူနယ်သားများ ဘဏ္ဍာရေး အမတ်များ အမတ်ချုပ်ကြီးများ ဆင်စီးသူရဲ မြင်းစီးသူရဲများ တံခါးမှူးများ အမှုဆောင်အမတ်များ အဆိုင်ပင်ခံ အမတ်များ မြို့စားနယ်စားများ လက်အောက်ခံဘုရင်များ မင်းညီမင်းသားများတို့ တည်း။ မင်းဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။

လူ့ဘောင်မှ ရဟန်းဘောင်သို့ အကယ်၍ ဝင်ရောက်သော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ ကိလေသာ အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ဘုရားဖြစ်၏။

ဘုရားဖြစ်ခဲ့သော် အဘယ်ကိုရသနည်းဟူမူ—

စင်ကြယ်သော အခြံအရံရှိ၏၊ ထိုမြတ်စွာဘုရား၏ အခြံအရံတို့သည် စင်ကြယ်ကုန်၏၊ ထိုအခြံအရံတို့သည်ကား ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ ဥပါသကာယောကျ်ားများ ဥပါသိကာ မိန်းမများ နတ်များ လူများ အသုရာများ နဂါးများနှင့် ဂန္ဓဗ္ဗနတ်များတို့တည်း။ ဘုရားဖြစ်ခဲ့သော် ဤအကျိုးကိုရ၏။ ဤအကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

၂၄၁။ ထိုနေရာ၌ သံဂါယနာတင် မထေရ်တို့သည် ဤဂါထာကို ဆိုအပ်၏—

(၁) ထိုမြတ်စွာဘုရားသည် မကောင်းသော အသက်မွေးခြင်းကို စွန့်ခဲ့၏၊ တရားနှင့်ညီသော စင်ကြယ်စွာသော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ဖြစ်စေခဲ့၏၊ အစီးအပွါးမရှိသည်ကို ပယ်ခဲ့၏၊ အစီးအပွါးကို၎င်း လူအများ၏ ချမ်းသာကို၎င်း ကျင့်ခဲ့၏။

http://www.dhammadownload.com



ထိုမြတ်စွာဘုရားသည် လူဖြစ်စဉ်အခါက သိမ်မွေ့ကုန်သော ပညာရှိကုန်သော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော ကောင်းမှုကံတို့ကိုပြု၍ နတ်ပြည်၌ ချမ်းသာသော အကျိုးတို့ကို ခံစားရ၏၊ ထိုနတ်ပြည်၌ သိကြားမင်းကဲ့သို့ မွေ့လျော်ပျော်ရွှင်ဖွယ်ဘို့နှင့် ပြည့်စုံသည်ဖြစ်၍ အလွန် မွေ့လျော် ပျော်ရွှင်ရ၏။

ထိုနတ်ပြည်မှ စုတေသော် ကောင်းမှုကံ အကြွင်းဖြင့် ကောင်းမှု၏ အကျိုးဖြစ်သော လူ့ဘဝကိုရ၍ ညီညွတ်သော သွားကိုရင်း အလွန်ဖြူစင်သောအစွယ် (လေးချောင်း)ကိုရင်း ရ၏။

ထိုသတ္တိသားကို ပညာရှိ ဟု သမုတ်အပ်ကုန်သော များစွာသော လက္ခဏာဖတ် ပုဏ္ဏားတို့သည် အညီအညွတ် စည်းဝေးကုန်၍ "ညီညွတ်သောသွား အလွန်ဖြူစင်တင့်တယ်သည့် အစွယ်ရှိသော သတ္တိသားသည် စင်ကြယ်သော အခြံအရံပရိသတ်ရှိသည့် စကြဝတေးမင်းဖြစ်၏။

များစွာသော လူအပေါင်းသည် ကြီးကျယ်သောမြေပြင်အလုံးကိုဆုံးမအုပ်စိုးသော ထိုစကြဝတေးမင်း၏ သန့်ရှင်းစင်ကြယ်သော ပရိသတ်ဖြစ်၏၊ ထိုမင်း၏ နိုင်ငံတော်အလုံးအား အခြားတနိုင်ငံက နှိပ်စက်ညှဉ်းပန်းမှုမရှိ၊ နိုင်ငံတော်ရှိလူအများသည် မိမိတို့အချင်းချင်း၏အစီးအပွါး ချမ်းသာကောင်းကျိုးကို ကျင့်ဆောင်ကုန်၏။

သတ္တိသားသည် အကယ်၍ ရဟန်းပြုအံ့၊ မကောင်းမှုကင်းသော ကိလေသာမြူတို့ကို ငြိမ်းဝပ်စေပြီးသော ကိလေသာ အပိတ်အပင်ကို ဖွင့်လှစ်ဖျက်ဆီးပြီးသော ပူလောင်ပင်ပန်းခြင်းကင်းသော ဘုရားဖြစ်၍ ဤပစ္စုပ္ပန်လောကကိုရင်း တမလွန်လောကကိုရင်း မြင်၏။

ထိုဘုရား၏ အဆုံးအမကို လိုက်နာကုန်သော များစွာသော လူတို့သည်ရင်း ရဟန်းတို့သည်ရင်း မစင်ကြယ်သော်ကဲ့ရဲ့အပ်သော မကောင်းမှုကို ဖျက်ဆီးကြကုန်၏၊ ထိုစကားသည် မှန်၏၊ အညစ်အကြေး အမှိုက်သရိုက်သဖွယ် ဖြစ်ကုန်သော ရာဂဒေါသစသည့် အလုံးစုံသော ကိလေသာတို့ကို ပယ်ပြီးကုန်သော စင်ကြယ်သော ရဟန္တာတို့သည် ထိုဘုရားကို ထက်ဝန်းကျင် ခြံရံအပ်၏" ဟု ပြောကြားကုန်၏။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော ထိုတရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

**ခုနစ်ခုမြောက် လက္ခဏာသုတ် ပြီး၏။**

http://www.dhammadownload.com

# ၈—သိင်္ဂါလသုတ်

## သိင်္ဂါလလုလင်

၂၄၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ သူကြွယ်သား သိင်္ဂါလသည် စောစောထ၍ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသော အဝတ် စိုသောဆံပင်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ် (ဟူသော)များစွာသော အရပ်တို့ကို ရှိခိုး၏။

၂၄၃။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူ၏။ စောစောထ၍ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသော အဝတ် စိုသော ဆံပင်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ် (ဟူသော) များစွာသော အရပ်တို့ကို ရှိခိုးနေသော သူကြွယ်သား သိင်္ဂါလကို မြင်တော်မူသော် သူကြွယ်သားသိင်္ဂါလအား ဤသို့သော စကားကို မိန့်တော်မူ၏—

"သူကြွယ်သား သင်သည် စောစောထ၍ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသောအဝတ် စိုသော ဆံပင်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ် (ဟူသော)များစွာသော အရပ်တို့ကို အဘယ့်ကြောင့် ရှိခိုးဘိသနည်း" ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ဖခင်သည် သေခါနီးလတ်သော် အကျွန်ုပ်ကို "ချစ်သား (သင်သည်)အရပ် မျက်နှာတို့ကို ရှိခိုးလော့" ဟု မှာခဲ့ပါ၏။ မြတ်စွာဘုရား ထိုအကျွန်ုပ်သည် ဖခင်စကားကို အရိုအသေ ပြုလျက် အလေးပြုလျက် မြတ်နိုးလျက် ပူဇော်လျက် စောစောထကာ ရာဇဂြိုဟ်ပြည်မှ ထွက်ပြီးလျှင် စိုသောအဝတ် စိုသောဆံပင်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် အရှေ့အရပ်။ပ။ အထက်အရပ် (ဟူသော)များစွာသော အရပ်တို့ကို ရှိခိုးပါ၏ ဟု (လျှောက်၏)။

## အရပ်ခြောက်မျက်နှာ

၂၄၄။ သူကြွယ်သား အရိယာတို့၏ သာသနာ၌ အရပ်ခြောက်ပါးတို့ကို ဤသို့ ရှိမခိုးအပ် ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ထိုသို့ ရှိမခိုးအပ်သော် အဘယ်သို့လျှင် အရိယာတို့၏ သာသနာ၌ အရပ်ခြောက် ပါးတို့ကို ရှိခိုးအပ်ပါသနည်း။ မြတ်စွာဘုရား အကျွန်ုပ်တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အရိယာ တို့၏ သာသနာ၌ ရှိခိုးအပ်သော အရပ်ခြောက်ပါးတို့ကို ဟောတော်မူပါလော့ ဟု (လျှောက်၏)။

http://www.dhammadownload.com



သူကြွယ်သား သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ ဟု (မိန့်တော်မူ၏)။

"မြတ်စွာဘုရား ကောင်းပါပြီ"ဟု သူကြွယ်သား သိင်္ဂါလသည် မြတ်စွာဘုရားအား ဝန်ခံ၏။

မြတ်စွာဘုရားသည် ဤသို့သော စကားကို မိန့်တော်မူ၏—

သူကြွယ်သား အရိယာသာဝကသည် ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်ကုန်၏၊ လေးပါးသောအကြောင်းတို့ဖြင့် မကောင်းမှုကိုမပြု၊ စည်းစိမ်ပျက်စီးကြောင်း ခြောက်ပါးတို့ကို မမှီဝဲ၊ ထို(အရိယာသာဝက)သည် ဤသို့ တဆယ့်လေးပါးသော မကောင်းမှု ကင်းသည်ဖြစ်၍ အရပ်ခြောက်ပါးတို့ကို လုံခြုံစေလျက် လောကနှစ်ပါးကို အောင်ခြင်းငှါ ကျင့်၏၊ ထို(အရိယာသာဝက)သည် ဤပစ္စုပ္ပန်လောကကိုင်း တမလွန်လောကကိုင်း နှစ်သက်အပ်၏၊ ထိုအရိယာသာဝကသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ရောက်၏။

## ညစ်ညူးသောကံလေးပါး

၂၄၅။ ထိုအရိယာသာဝကသည် အဘယ်ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်သနည်းဟူမူ—

"သူကြွယ်သား အသက်သတ်ခြင်းသည် ညစ်ညူးသော ကံမည်၏၊ မပေးသည်ကိုယူခြင်းသည် ညစ်ညူးသောကံမည်၏၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းသည် ညစ်ညူးသောကံမည်၏၊ မဟုတ်မမှန်ပြောခြင်းသည် ညစ်ညူးသောကံမည်၏၊ ထိုအရိယာသာဝကသည် ဤညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်ကုန်၏"ဟု ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ထိုမှတပါး ဤဆိုလတ္တံ့သော ဂါထာစကားကို မိန့်တော်မူ၏—

> "သူကြွယ်သား အသက်သတ်ခြင်းကိုင်း မပေးသည်ကို ယူခြင်းကိုင်း မဟုတ်မမှန်ပြောခြင်းကိုင်း သူတပါး၏ မယား၌ သွားလာခြင်းကိုင်း (ညစ်ညူးသောကံဟု)ဆိုအပ်၏၊ (ထိုညစ်ညူးသောကံနှင့်ပြည့်စုံသူတို့ကို) ပညာရှိတို့သည် မချီးမွမ်းကုန်"ဟု (မိန့်တော်မူ၏)။

## အကြောင်းလေးပါး

၂၄၆။ အဘယ်လေးပါးသောအကြောင်းတို့ဖြင့် မကောင်းမှုကို မပြုသနည်း၊ ဆန္ဒာဂတိ 'ချစ်သဖြင့်မလိုက်အပ်သည်'သို့လိုက်၍ မကောင်းမှုကိုပြု၏၊ ဒေါသာဂတိ 'မုန်းသဖြင့် မလိုက်အပ်သည်'သို့လိုက်၍မကောင်းမှုကိုပြု၏၊ မောဟာဂတိ 'မသိသဖြင့် မလိုက်အပ်သည်'သို့ လိုက်၍ မကောင်းမှုကိုပြု၏၊ ဘယာဂတိ 'ကြောက်သဖြင့် မလိုက်အပ်သည်'သို့ လိုက်၍ မကောင်းမှုကိုပြု၏။

သူကြွယ်သား စင်စစ်သော်ကား၊ အရိယာသာဝကသည် အကြင့်ကြောင့် ဆန္ဒာဂတိသို့မလိုက်၊ ဒေါသာဂတိသို့မလိုက်၊ မောဟာဂတိသို့မလိုက်၊ ဘယာဂတိသို့မလိုက်။ ထို့ကြောင့် ဤလေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကို မပြုရဟု ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ထိုမှတပါး ဤဆိုလတ္တံ့သော ဂါထာစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com



" သူကြွယ်သား အကြင်သူသည် ချစ်ခြင်းကြောင့်၎င်း မုန်းခြင်းကြောင့်၎င်း ကြောက်ခြင်းကြောင့်၎င်း မသိခြင်းကြောင့်၎င်း တရားကို လွန်ကျူး၍ ကျင့်၏။ ထိုသူ၏ အခြံအရံအကျော်အစောသည် လဆုတ်ပက္ခ၌ လမင်းကဲ့သို့ တနေ့တခြားဆုတ်ယုတ်၏။

အကြင်သူသည် ချစ်ခြင်းကြောင့်၎င်း မုန်းခြင်းကြောင့်၎င်း ကြောက်ခြင်းကြောင့်၎င်း မသိခြင်းကြောင့်၎င်း တရားကိုလွန်ကျူး၍ မကျင့်၊ ထိုသူ၏ အခြံအရံ အကျော်အစောသည် လဆန်းပက္ခ၌ လမင်းကဲ့သို့ တနေ့တခြား ပြည့်စုံ၏" ဟု (မိန့်တော်မူ၏)။

## စည်းစိမ်ပျက်ကြောင်း ခြောက်ပါး

၂၄၇။ အရိယာသာဝကသည် အဘယ်ခြောက်ပါးသော စည်းစိမ်ပျက်ကြောင်းတို့ကို မမှီဝဲသနည်းဟူမူ—

သူကြွယ်သား မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက် သောက်လေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်းတည်း။

အခါမဲ့ ခရီးသွားလာလေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်းတည်း။

ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်းတည်း။

မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်းတည်း။

မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်းတည်း။

ပျင်းရိလေ့ရှိခြင်းသည် စည်းစိမ်ပျက်ကြောင်းတည်း။

## သေရည်သေရက် သောက်ခြင်း အပြစ်ခြောက်ပါး

၂၄၈။ သူကြွယ်သား မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက် သောက်လေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

ဥစ္စာဆုတ်ယုတ်ခြင်းသည် ကိုယ်တွေ့မျက်မြင် ဖြစ်ရာ၏၊ ခိုက်ရန်ဖြစ်ပွါးတတ်၏၊ အနာရောဂါ၏ အကြောင်း ဖြစ်၏၊ အရှိန်အစော်မဲ့တတ်၏၊ လျို့ဝှက်အပ်သည်ကို ဖော်ပြတတ်၏၊ ပညာ၏ အားနည်းသည်ကို ပြုခြင်းသည် ခြောက်ခုမြောက် အကြောင်းဖြစ်၏။ သူကြွယ်သား မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက် သောက်လေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

## အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

၂၄၉။ သူကြွယ်သား အခါမဲ့ ခရီးသွားလာလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

ထိုသူ၏ ကိုယ်သည်လည်း အကာအကွယ် အစောင့်အရှောက် ကင်း၏၊ ထိုသူ၏ သားမယားတို့သည်လည်း အကာအကွယ် အစောင့်အရှောက်ကင်း၏၊ ထိုသူ၏ ဥစ္စာနှစ်သည်လည်း အကာအကွယ် အစောင့်အရှောက်ကင်း၏၊ (သူတပါးပြုသော)မကောင်းမှုတို့၌ (ဤသူပြုမည် ဟု)ယုံမှားအပ်၏၊

http://www.dhammadownload.com



ထိုသူ၌ မဟုတ်မမှန် စွပ်စွဲသော စကားလည်း ကျရောက်တတ်၏၊ များစွာသော ဆင်းရဲတရားတို့၏ ရှေ့သွားဖြစ်၏။ သူကြွယ်သား အခါမဲ့ ခရီးသွားလာလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါး တို့တည်း။

## ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ်ခြောက်ပါး

၂၅၀။ သူကြွယ်သား ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါး တို့တည်း။

အဘယ်မှာ ကပွဲရှိသနည်း၊ အဘယ်မှာ သီဆိုပွဲရှိသနည်း၊ အဘယ်မှာ တီးမှုတ်ပွဲ ရှိသနည်း၊ အဘယ်မှာ စာဟောပွဲရှိသနည်း၊ အဘယ်မှာ လက်ခုပ်တီးပွဲရှိသနည်း၊ အဘယ်မှာ စည်တီးပွဲရှိသနည်း ဟု မေး၍ သွား၏။ သူကြွယ်သား ပွဲလမ်းသဘင် ကြည့်ရှုလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါး တို့တည်း။

## လောင်းကစားခြင်း အပြစ်ခြောက်ပါး

၂၅၁။ သူကြွယ်သား မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

နိုင်သော် ရန်ပွါး၏၊ ရှုံးသော် ဥစ္စာအတွက် ပူပန်ရ၏၊ ကိုယ်တွေ့မျက်မြင် ဥစ္စာဆုတ်ယုတ်၏၊ တရားရုံး၌ ထိုသူ၏ စကားသည် မတည်၊ အဆွေခင်ပွန်းတို့သည် မထေမဲ့မြင် ပြုအပ်၏၊ "ဤသူသည် ကစားသမားတည်း၊ မယားကို ကျွေးမွေးရန် မစွမ်းနိုင်" ဟု သမီးပေး သားယူ ပြုလိုကုန်သော သူတို့သည် အလိုမရှိအပ်။ သူကြွယ်သား မေ့လျော့ကြောင်း ဖြစ်သော လောင်းကစားခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

## ခင်ပွန်းယုတ် အပြစ်ခြောက်ပါး

၂၅၂။ သူကြွယ်သား မကောင်းသောသူတို့ကို အဆွေခင်ပွန်းပြုလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

အကြင်သူတို့သည် လောင်းကစားကြူးကုန်၏၊ အကြင်သူတို့သည် ကာမဂုဏ် ကြူးကုန်၏၊ အကြင်သူတို့သည် သေသောက်ကြူးကုန်၏၊ အကြင်သူတို့သည် အတုပြု၍ လှည့်ပတ်တတ်ကုန်၏၊ အကြင်သူတို့သည် မာယာဖြင့် လှည့်ပတ်တတ်ကုန်၏၊ အကြင်သူတို့သည် အနိုင်အထက် ပြုတတ်ကုန်၏၊ ထိုသူတို့သည်သာလျှင် ထိုသူ၏ အဆွေခင်ပွန်း အပေါင်းအဖော်ဖြစ်ကုန်၏။ ထို့ကြောင့် ပစ္စုပ္ပန်၌၎င်း တမလွန်၌၎င်း ပျက်စီးခြင်းသို့ရောက်၏။ သူကြွယ်သား မကောင်းသောသူတို့ကို အဆွေခင်ပွန်းပြုလေ့ ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။

## ပျင်းရိခြင်း အပြစ်ခြောက်ပါး

၂၅၃။ သူကြွယ်သား ပျင်းရိလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့ပေတည်း။

အေးလွန်းသည် ဟု အမှုကိစ္စကို မပြု၊ ပူလွန်းသည် ဟု အမှုကိစ္စကို မပြု၊ မိုးချုပ်လွန်းသည် ဟု အမှုကိစ္စကိုမပြု၊ စောလွန်းသည် ဟု အမှုကိစ္စကိုမပြု၊ ဆာလွန်းသည် ဟု အမှုကိစ္စကိုမပြု၊ ဝလွန်းသည်

http://www.dhammadownload.com



ဟု အမှုကိစ္စထို မပြု၊ ဤသို့ မခိုင်လုံသော ကိစ္စများကို ယိုးမယ်ဖွဲ့၍ နေသော ထိုသူအား မဖြစ်သေးသော စည်းစိမ်တို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော စည်းစိမ်တို့သည်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏။ သူကြွယ်သား ပျင်းရိလေ့ရှိခြင်း၌ အပြစ်တို့သည် ဤခြောက်ပါးတို့တည်း။ ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ဤဂါထာစကားကို မိန့်တော်မူ၏—

"သေရည်ဆိုင်၌သာ အဖော်ဖြစ်သော သူသည် သောက်ဖော် သောက်ဖက် မိတ်ဆွေမည်၏၊ အဆွေ အဆွေ ဟု ခေါ် ၍ မျက်မှောက်၌သာ အဖော်သဟဲ ဖြစ်လျက် မျက်ကွယ်၌ ရန်သူသဖွယ် ဖြစ်သော သူသည် ဟန်ဆောင်မိတ်ဆွေမည်၏၊ အကြင်သူသည် အကြောင်းကိစ္စ ဖြစ်ပေါ်လတ်သော် အဖော် သဟဲ ဖြစ်၏၊ ထိုသူသည် မိတ်ဆွေစစ်မည်၏။

နေမြင့်အောင် အိပ်ခြင်းငှင်း သူတပါးမယားကို မှီဝဲခြင်းငှင်း ရန်သူများခြင်းငှင်း အကျိုးမဲ့ပြုခြင်းငှင်း မကောင်းသောအဆွေခင်ပွန်းရှိခြင်းငှင်း အလွန်စေးနဲခြင်းငှင်း ဤအကြောင်းခြောက်ပါးတို့သည် လူကို ဖျက်ဆီးတတ်ကုန်၏။

မကောင်းသော မိတ်ဆွေခင်ပွန်းရှိသူသည်ငှင်း မကောင်းသော အပေါင်းအဖော် ရှိသူသည်ငှင်း မကောင်းသော အလေ့အကျင့် မကောင်းသော ကျက်စားရာ ရှိသူသည်ငှင်း ဤလောကမှငှင်း တမလွန်လောကမှငှင်း နှစ်ပါးစုံသော လောကမှ (ပျက်စီးခြင်းသို့) လျှော့ကျတတ်၏။

လောင်းကစားလေ့ရှိခြင်းငှင်း မိန်းမလိုက်စားခြင်းငှင်း သေရည်သေရက်သောက်လေ့ရှိခြင်းငှင်း ကခြင်း သီခြင်းကို ကြည့်ရှုနားထောင်လေ့ရှိခြင်းငှင်း နေ့၌အိပ်လေ့ရှိခြင်းငှင်း အခါမဲ့၌ ခရီးသွားလာလေ့ရှိခြင်းငှင်း မကောင်းသူတို့ကို အဆွေခင်ပွန်းဖွဲ့လေ့ရှိခြင်းငှင်း အလွန်စေးနဲခြင်းငှင်း ဤခြောက်ပါးသော အကြောင်းတို့သည် လူကို ဖျက်ဆီးတတ်ကုန်၏။

အကြင်သူတို့သည် ကြွေအန်တို့ဖြင့် လောင်းကစားကုန်၏၊ သေရည်သေရက်သောက်ကုန်၏၊ သူတပါးတို့၏ အသက်နှင့်တူကုန်သော သူယုတ်မာတို့သာ မှီဝဲအပ်ကုန်သော ပညာရှိတို့မမှီဝဲအပ်ကုန်သော သူတပါးမယားတို့ကို သွားလာကုန်၏၊ ထိုသူတို့၏ စည်းစိမ်အခြံအရံသည် လဆုတ်ပက္ခ၌ လမင်းကဲ့သို့ ဆုတ်ယုတ်၏။

မရှိဆင်းရဲသော မွတ်သိပ်သော အကြင်အရက်သမားသည် သောက်လိုသည်ဖြစ်၍ အရက်ဆိုင်သို့ သွား၏၊ ထိုအရက်သမားသည် ရေ၌ ကျောက်ခဲ နစ်မြုပ်သကဲ့သို့ ကြွေး၌ နစ်မြုပ်လတ္တံ့၊ မိမိ၏ ဆွေမျိုးမရှိ အထီးကျန်သူ အဖြစ်ကို လျင်စွာပြုလတ္တံ့။

နေ့၌ အိပ်လေ့ရှိသော ညဥ့်၌ထလေ့မရှိသော အမြဲမူးယစ်သော ကာမဂုဏ်လိုက်စားသော သူသည် အိမ်ကိုအုပ်စိုး၍ နေခြင်းငှါ မတတ်နိုင်။

အေးလွန်းသည် ပူလွန်းသည် မိုးချုပ်လွန်းသည် ဟု (ပြောဆို၍) အမှုကိစ္စတို့ကို မပြုလုပ်ပဲ စွန့်လွှတ်ကုန်သော သူတို့ကို အကျိုးစီးပွါးတို့သည် ကျော်လွန်၍ သွားကုန်၏။

ဤလောက၌ အကြင်သူသည် အအေးကိုငှင်း အပူကိုငှင်း မြက်ထက်လွန်၍ မအောက်မေ့ ထိုသူသည် လူ့ကိစ္စတို့ကို ပြုသည်ဖြစ်၍ စီးပွါးချမ်းသာကို မစွန့်" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## မိတ်ဆွေတု

၂၅၄။ သူကြွယ်သား မိတ်ဆွေစစ် မဟုတ်သော ဤမိတ်ဆွေတု လေးယောက်တို့ကို သိအပ်ကုန်၏။ စင်စစ် ယူသာ ယူတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏၊ နှုတ်မျှဖြင့်သာ လျှင် ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏၊ အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏၊ ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ်မဟုတ်သော မိတ်ဆွေတုကို သိအပ်၏။

၂၅၅။ သူကြွယ်သား စင်စစ် ယူသာယူတတ်သော မိတ်ဆွေစစ်မဟုတ်သော မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏။

စင်စစ် ယူသာ ယူတတ်၏၊ နည်းသော ဥစ္စာဖြင့် များစွာသောဥစ္စာကို အလိုရှိ၏၊ (မိမိ၌) ဘေးဖြစ်လတ်သော် ထိုသူ၏ ကိစ္စကို ပြုတတ်၏၊ အကျိုးကို ရလိုသောကြောင့် ဆည်းကပ်၏။

သူကြွယ်သား ဤလေးပါးသောအကြောင်းတို့ဖြင့် စင်စစ် ယူသာ ယူတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို သိအပ်၏။

၂၅၆။ သူကြွယ်သား နှုတ်မျှဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏။

လွန်ပြီးသောအရာဖြင့် ချီးမြှောက်၏၊ မဖြစ်သေးသောအရာဖြင့် ချီးမြှောက်၏၊ အချည်းနှီး လောကွတ်မျှဖြင့် ချီးမြှောက်၏၊ ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကိုပြ၏။

သူကြွယ်သား ဤလေးပါးသောအကြောင်းတို့ဖြင့် နှုတ်မျှဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေစစ်မဟုတ်သော မိတ်ဆွေတုကို သိအပ်၏။

၂၅၇။ သူကြွယ်သား အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေစစ် ပဟုတ်သော မိတ်ဆွေတုကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏။

ထိုသူအား မကောင်းမှုကိုလည်း ခွင့်ပြု၏၊ ထိုသူအား ကောင်းမှုကို လည်း ခွင့်ပြု၏၊ ထိုသူ၏ မျက်မှောက်၌ ချီးမွမ်းစကားကို ဆို၏၊ ထိုသူ၏ မျက်ကွယ်၌ ကဲ့ရဲ့စကားကို ဆို၏။

သူကြွယ်သား ဤလေးပါးသောအကြောင်းတို့ဖြင့် အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေစစ်မဟုတ်သော မိတ်ဆွေတုကို သိအပ်၏။

၂၅၈။ သူကြွယ်သား ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေစစ် မဟုတ်သော မိတ်ဆွေတုကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

မူးယစ်မေ့လျော့ကြောင်း သေရည်သေရက်သောက်ခြင်း၌ အပေါင်းအဖော်ဖြစ်၏၊ အခါမဲ့ ခရီးသွားလာခြင်း၌ အပေါင်းအဖော်ဖြစ်၏၊ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌ အပေါင်းအဖော် ဖြစ်၏၊ မေ့လျော့ကြောင်းဖြစ်သော လောင်းကစားလေ့ရှိခြင်း၌ အပေါင်းအဖော်ဖြစ်၏။ သူကြွယ်သား ဤအကြောင်းလေးပါးတို့ဖြင့် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတုကို သိအပ်၏၊ ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။

http://www.dhammadownload.com



၂၅၉။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ထိုမှတပါး ဤဂါထာစကားကို မိန့်တော်မူ၏—

"အကြင် မိတ်ဆွေသည် စင်စစ် ယူသာ ယူတတ်၏၊ အကြင် မိတ်ဆွေသည် နှုတ်မျှဖြင့်သာ လျှင် ပေးတတ်၏၊ အကြင် မိတ်ဆွေသည် အကြိုက်ကိုသာ လိုက်၍ ပြောဆိုတတ်၏၊ အကြင် မိတ်ဆွေသည် ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်၏။

မိတ်ဆွေစစ် မဟုတ်သော ဤလေးယောက်တို့ကို ပညာရှိသည် ဤသို့ ဆိုခဲ့တိုင်းသိ၍ ဘေးရန် ရှိသော ခရီးကို ဝေးစွာ ရှောင်ကြဉ်သကဲ့သို့ ဝေးစွာ ရှောင်ကြဉ်ရာ၏" ဟု (မိန့်တော်မူ၏)။

## စိတ်ကောင်းနှလုံးကောင်းရှိသော မိတ်ဆွေ

၂၆၀။ သူကြွယ်သား ကောင်းသော စိတ်နှလုံးရှိသော ဤမိတ်ဆွေ လေးယောက်တို့ကို သိအပ် ကုန်၏၊ ကျေးဇူးပြုတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို သိအပ်၏၊ ချမ်းသာ အတူ ဆင်းရဲအတူ ဖြစ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို သိအပ်၏၊ အကျိုး စီးပွါးကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံး ရှိသော မိတ်ဆွေစစ်ကို သိအပ်၏၊ အစဉ် သနားတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို သိအပ်၏။

၂၆၁။ သူကြွယ်သား ကျေးဇူးပြုတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို လေးပါးသောအကြောင်းတို့ဖြင့် သိအပ်၏။

မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်တတ်၏။

မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်၏။

ကြောက်ရွံ့သော မိတ်ဆွေ၏ အားကိုးရာဖြစ်၏။

ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လတ်သော် ထိုပြောသည်ထက် နှစ်ဆသော စည်းစိမ်ကို ပေးတတ်၏။

သူကြွယ်သား ဤလေးပါးသောအကြောင်းတို့ဖြင့် ကျေးဇူးပြုတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို သိအပ်၏။

၂၆၂။ သူကြွယ်သား ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

ထိုမိတ်ဆွေအား လျှို့ဝှက်သော အမှုကို ပြောကြား၏။

ထိုမိတ်ဆွေ၏ လျှို့ဝှက်သောအမှုကို လျှို့ဝှက်၏။

ဘေးရန် ဖြစ်လတ်သော် မစွန့်ပစ်။

http://www.dhammadownload.com



ထိုမိတ်ဆွေ၏ အကျိုးငှါ အသက်ကိုသော်လည်း စွန့်၏။

သူကြွယ်သား ဤလေးပါးသော အကြောင်းတို့ဖြင့် ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို သိအပ်၏။

၂၆၃။ သူကြွယ်သား အကျိုးစီးပွါးကို ပြောကြားတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

မကောင်းမှုမှ တားမြစ်တတ်၏။

ကောင်းမှု၌ သက်ဝင်စေ၏။

မကြားဘူးသော တရားစကားကို ပြောကြားတတ်၏။

နတ်ပြည်ခရီးကို ပြောကြားတတ်၏။

သူကြွယ်သား ဤလေးပါးသောအကြောင်းတို့ဖြင့် အကျိုးစီးပွါးကို ပြောကြားတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို သိအပ်၏။

၂၆၄။ သူကြွယ်သား အစဉ်သနားတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို လေးပါးသော အကြောင်းတို့ဖြင့် သိအပ်၏။

ထိုမိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်။

ထိုမိတ်ဆွေ၏ ဖြစ်ထွန်းဘိုးတက်ခြင်းကို နှစ်သက်၏။

ထိုမိတ်ဆွေအား ကဲ့ရဲ့စကားပြောသူကို ကန့်ကွက်တားမြစ်တတ်၏။

ထိုမိတ်ဆွေအား ချီးမွမ်းစကားပြောသူကို ထောက်ခံချီးမွမ်းတတ်၏။

သူကြွယ်သား ဤလေးပါးသောအကြောင်းတို့ဖြင့် အစဉ်သနားတတ်သော ကောင်းသောစိတ်ရှိသောမိတ်ဆွေစစ်ကို သိအပ်၏။

၂၆၅။ ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ထိုမှတပါး ဤဂါထာစကားကို မိန့်တော်မူ၏—

"(သူကြွယ်သား) အကြင် မိတ်ဆွေသည် ကျေးဇူးပြုတတ်၏၊ အကြင် မိတ်ဆွေသည် ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်၏၊ အကြင် မိတ်ဆွေသည် အကျိုးစီးပွါးကို ပြောကြားတတ်၏၊ အကြင်မိတ်ဆွေသည် အစဉ် သနားတတ်၏။

ပညာရှိသောသူသည် ဤမိတ်ဆွေစစ်လေးယောက်တို့ကို ဤဆိုခဲ့တိုင်းသိ၍ အမိသည် ရင်၌ဖြစ်သောသားသို့ ချဉ်းကပ်သကဲ့သို့ ရိုသေစွာ ချဉ်းကပ်ရာ၏။

သီလနှင့် ပြည့်စုံသော ပညာရှိသည် တောက်လောင်သော မီးကဲ့သို့ ထွန်းလင်းတင့်တယ်၏၊ ပျားသည် (ပန်းပွင့်ကို မထိခိုက်စေမူ၍ ဝဘ်ရည်ကိုသာ စုတ်ယူလျက်) ပျားလဘိုကို အားထုတ်ဆောက်လုပ်သကဲ့သို့ (မိမိကိုရင်း သူတပါးကိုရင်း မညှဉ်းဆဲ မထိခိုက်စေမူ၍ တရားသဖြင့်) ဥစ္စာ

http://www.dhammadownload.com



ပစ္စည်းကို စုဆောင်းရှာမှီးသော သူ၏ ဥစ္စာစည်းစိမ်တို့သည် ခြတောင်ပို့ ကြီးပွါးသကဲ့သို့ ကြီးပွါးခြင်းသို့ ရောက်ကုန်၏။

အိမ်ထောင်သည် ဘဝကို တည်ဆောက်နိုင်သော အမျိုးသားသည် ဤသို့ ဥစ္စာစည်းစိမ်တို့ကို ကောင်းစွာ စုဆောင်း၍ စည်းစိမ်တို့ကို လေးဖို့ခွဲဝေရာ၏။ (ဤသို့ ခွဲဝေသော်)ထိုသူသည် မိတ်ဆွေခင်ပွန်းတို့ကို မကွဲအောင် စည်းရုံးနိုင်၏။

တဖို့ဖြင့် စည်းစိမ်ကို ခံစားရာ၏၊ နှစ်ဖို့တို့ဖြင့် ကုန်သွယ်မှုစသည် ပြုလုပ်ရာ၏၊ လေးခု မြောက် အဖို့ကိုကား ဘေးရန်ဖြစ်လတ်သော် အသုံးစရိတ် ဖြစ်လတ္တံ့ ဟု သိုမှီးထားရာ၏" ဟု (မိန့်တော်မူ၏)။

## အရပ်ခြောက်ပါးကို လုံခြုံစေခြင်း

၂၆၆။ သူကြွယ်သား အရိယာသာဝကသည် အရပ်ခြောက်ပါးတို့ကို အသို့လျှင် လုံခြုံစေ သနည်းဟူမူ—

သူကြွယ်သား အရပ်ခြောက်ပါးတို့ကို သိအပ်ကုန်၏၊ အမိ အဖ တို့ကို အရှေ့အရပ် ဟု သိအပ်ကုန် ၏၊ ဆရာသမားတို့ကို တောင်အရပ် ဟု သိအပ်ကုန်၏၊ သားမယားတို့ကို အနောက်အရပ် ဟု သိအပ် ကုန်၏၊ ချစ်သော အဆွေ ခင်ပွန်းတို့ကို မြောက်အရပ် ဟု သိအပ်ကုန်၏၊ အစေအပါး အလုပ်သမား တို့ကို အောက်အရပ် ဟု သိအပ်ကုန်၏၊ သမဏဗြာဟ္မဏတို့ကို အထက် အရပ် ဟု သိအပ်ကုန်၏။

၂၆၇။ သူကြွယ်သား ငါးပါးသောအကြောင်းတို့ဖြင့် သားသမီးသည် အရှေ့အရပ်မည်သော မိဖတို့ကို ပြုစုအပ်ကုန်၏။

(ငါ့ကို ငါ့မိဖတို့)မွေးမြူအပ်၏၊ (ငါသည်)ထိုမိဖတို့ကို ပြန်၍ မွေးမြူအံ့။

ထိုမိဖတို့၏ အမှုကိစ္စကို ပြုအံ့။

မိဖတို့၏ ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း အစဉ်အဆက်မှလာသော ကုသိုလ်ဝတ်ကို ပြုခြင်းဖြင့် အမျိုးအနွယ်ကို တည်စေအံ့။

အမွေခံထိုက်အောင် (မိဖတို့၏ အဆုံးအမကို)ကျင့်ကြံ လိုက်နာအံ့။

ထိုမှတပါး ကွဲကွာသေလွန်သော မိဖတို့၏ အလို့ငှါ အလှူပေးအံ့ ဟု (ပြုစုအပ်ကုန်၏)။

သူကြွယ်သား သားသမီးသည် ဤငါးပါးသောအကြောင်းတို့ဖြင့် လုပ်ကြွေးအပ်ကုန်သော အရှေ့အရပ်မည်သော မိဖတို့သည် အကြောင်းငါးပါးတို့ဖြင့် သားသမီးတို့ကို စောင့်ရှောက်ကုန်၏။

မကောင်းမှုမှ တားမြစ်ကုန်၏။

ကောင်းမှု၌ သက်ဝင်စေကုန်၏။

အတတ်ကို သင်စေကုန်၏။

လျောက်ပတ်သော မယားနှင့် ထိမ်းမြားပေးကုန်၏။

http://www.dhammadownload.com



လျှောက်ပတ်သော အချိန်၌ အမွေဥစ္စာကို အပ်နှင်းကုန်၏။

သူကြွယ်သား သားသမီးသည် ငါးပါးသောအကြောင်းတို့ဖြင့် ဝတ်ပြုအပ်သော အရှေ့အရပ်မည်သော မိဖတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် သားသမီးကို စောင့်ရှောက်ကုန်၏၊ ထိုသားသမီးသည်ဤသို့ လုပ်ကျွေးသည် ရှိသော် ထိုအရှေ့အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

၂၆၈။ သူကြွယ်သား ငါးပါးသောအကြောင်းတို့ဖြင့် တပည့်သည် တောင်အရပ်မည်သော ဆရာတို့ကိုပြုစုအပ်ကုန်၏။

နေရာမှထ၍ ခရီးဦးကြိုခြင်းဖြင့်ရင်း။

ခစား'ဆည်းကပ်ခြင်းဖြင့်ရင်း။

(စကားကို)နာယူခြင်းဖြင့်ရင်း။

အရိုအသေလုပ်ကျွေးခြင်းဖြင့်ရင်း။

အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက်သင်ခြင်းဖြင့်ရင်း (ပြုစုအပ်ကုန်၏)။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် တပည့်သည် ဝတ်ပြုအပ်ကုန်သော တောင်အရပ်မည်သော ဆရာတို့သည် ငါးပါးသောအကြောင်းတို့ဖြင့် တပည့်ကို အစဉ်စောင့်ရှောက်ကုန်၏။

ကောင်းစွာ ဆုံးမသင့်သော အရာကို ဆုံးမကုန်၏။

ကောင်းစွာ သင်သင့်သော အရာကို သင်စေကုန်၏။

အလုံးစုံသော အတတ်ကို ပြောကြား သင်ကြားကုန်၏။

ကောင်းသော အဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းကုန်၏။

ခပ်သိမ်းသော အရပ်တို့၌ အစောင့်အရှောက်ကို ပြုကုန်၏။

သူကြွယ်သား တပည့်သည် ဤငါးပါးသောအကြောင်းတို့ဖြင့် လုပ်ကျွေးအပ်ကုန်သော တောင်အရပ်မည်သော ဆရာတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် တပည့်ကို စောင့်ရှောက်ကုန်၏၊ ထိုတပည့်သည်ဤသို လုပ်ကျွေးသည်ရှိသော် ထိုတောင်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

၂၆၉။ သူကြွယ်သား ငါးပါးသောအကြောင်းတို့ဖြင့် လင်သည် အနောက်အရပ်မည်သော မယားကိုပြုစုအပ်၏။

အမြတ်တနိုး ခေါ်ဆိုခြင်းဖြင့်ရင်း ။

နှိမ့်ချ၍ မခေါ်ဆိုခြင်းဖြင့်ရင်း။

မိမိမယားကို လွန်၍ အခြားမိန်းမတို့၌ မပျော်ပါးခြင်းဖြင့်ရင်း။

စဖိုဆောင် အုပ်စိုးမှုကို လွှဲအပ်ခြင်းဖြင့်ရင်း။

အဝတ်တန်ဆာကို ပေးခြင်းဖြင့်ရင်း (ပြုစုအပ်ကုန်၏)။

http://www.dhammadownload.com



သူကြွယ်သား လင်သည် ဤငါးပါးသောအကြောင်းတို့ဖြင့် ပြုစုအပ်သော အနောက်အရပ်မည်သောမယားသည် ငါးပါးသော အကြောင်းဘို့ဖြင့် လင်ဖြစ်သူကို စောင့်ရှောက်၏။

အမှုကြီးငယ်ကိုလည်း ကောင်းစွာ စီရင်၏။
နှစ်ဖက်သော ဆွေမျိုးကိုလည်း ချီးမြှောက်၏။

မိမိလင်မှ တပါး အခြား ယောကျ်ား၌ လွန်ကျူးသော အကျင့်မှ ကင်း၏။

ရှာဖွေစုဆောင်းခဲ့သော ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်၏။

အသုံးစုံသော ကိစ္စတို့၌ လိမ္မာ၍ ပျင်းရိခြင်း ကင်း၏။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် လင်သည် ပြုစုအပ်သော အနောက်အရပ်မည်သောမယားသည် ဤငါးပါးသောအကြောင်းတို့ဖြင့် လင်ကိုစောင့်ရှောက်၏၊ ဤသို့ ပြုစုသည်ရှိသော်ဤအနောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

၂၇၀။ သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့ကို ပြုစုအပ်ကုန်၏။

ပေးကမ်းစွန့်ကြဲခြင်းဖြင့်၎င်း။

ချစ်ဖွယ်သော စကားကို ဆိုခြင်းဖြင့်၎င်း။

အကျိုး စီးပွါးကို ကျင့်ဆောင်ခြင်းဖြင့်၎င်း။

မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်းဖြင့်၎င်း။

မချွတ်မယွင်း ပြောဆိုပေးကမ်းခြင်းဖြင့်၎င်း (ပြုစုအပ်ကုန်၏)။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကိုစောင့်ရှောက်ကုန်၏။

မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်ကုန်၏။

မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ကုန်၏။

ကြောက်ရွံ့သော မိတ်ဆွေ၏ အားကိုးရာဖြစ်ကုန်၏။

ဘေးရန် ဖြစ်လတ်သော် မစွန့်ပစ်။

ထိုမိတ်ဆွေ၏ သားမြေးအဆက်ဆက်တို့ကိုလည်း တုံ့ပြန် ချီးမြှောက်ကုန်၏။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏၊ ဤသို့ ပြုစုသည်ရှိသော် ထိုမြောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

http://www.dhammadownload.com



၂၇၁။ သူကြွယ်သား ငါးပါးသောအကြောင်းတို့ဖြင့် အရှင်သခင်သည် အောက်အရပ်မည်သော အစေအပါး အလုပ်သမားတို့ကို ပြုစုအပ်ကုန်၏။

ခွန်အား အလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်းဖြင့်၎င်း။
ထမင်းရိက္ခာ ပေးခြင်းဖြင့်၎င်း။

မကျန်းမာသောအခါ ပြုစုခြင်းဖြင့်၎င်း။

ထူးဆန်းသော အရသာများကို ခွဲဝေပေးခြင်းဖြင့်၎င်း။

အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း အဝတ်တန်ဆာ စသည်ပေးခြင်းဖြင့်၎င်း (ပြုစုအပ်ကုန်၏)။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အရှင်သခင်သည် ပြုစုအပ်ကုန်သော အောက်အရပ်မည်သော အစေအပါး အလုပ်သမားဘို့သည် ငါးပါးသော အကြောင်းတို့ဖြင့် အရှင်ကို စောင့်ရှောက်ကုန်၏။

(အရှင်၏)ရှေးဦးစွာ အိပ်ရာမှ ထလေ့ရှိကုန်၏။

(အရှင်အိပ်သည်မှ)နောက်၌ အိပ်လေ့ရှိကုန်၏။

ပေးသည်ကိုသာ ယူလေ့ရှိကုန်၏။

အမှုကိစ္စကို ကောင်းစွာ ပြုလုပ်ကုန်၏။

(အရှင်၏) ဂုဏ်သတင်းကို ဆောင်ကုန်၏။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အရှင်သခင်သည် ပြုစုအပ်ကုန်သော အောက်အရပ်မည်သော အစေအပါ· အလုပ်သမားတို့သည် အရှင်သခင်ကို စောင့်ရှောက်ကုန်၏၊ ဤသို့ ကောင်းစွာပြုစုသည်ရှိသော် ထိုအောက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ ဘေးကင်း၏။

၂၇၂။ သူကြွယ်သား ငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် အထက်အရပ်မည်သော သမဏဗြာဟ္မဏဘို့ကို ပြုစုအပ်ကုန်၏။

မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့်၎င်း။

မေတ္တာနှင့် ယှဉ်သော ဝစီကံမှုဖြင့်၎င်း။

မေတ္တာနှင့် ယှဉ်သော မနောကံမှုဖြင့်၎င်း။

(အမြဲမပြတ် လှူဒါန်းလိုသော အလေ့ာဘ)တံခါးကို ဖွင့်၍ထားခြင်းဖြင့်၎င်း။

ဆွမ်း စသော အာမိသတို့ကို ပေးလှူခြင်းဖြင့်၎င်း (ပြုစုအပ်ကုန်၏)။

သူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော အထက်အရပ် မည်သော သမဏဗြာဟ္မဏတို့သည် ခြောက်ပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားကိုစောင့်ရှောက်ကုန်၏။

http://www.dhammadownload.com



မကောင်းမှုမှ တားမြစ်ကုန်၏။

ကောင်းမှု၌ သက်ဝင်စေကုန်၏။

ကောင်းသော စိတ်ဖြင့် စောင့်ရှောက်ကုန်၏။

မကြားဘူးသော တရားစကားကို ဟောကြားကုန်၏။

ကြားဘူးသော တရားစကားကို ဖြူစင်စေကုန်၏။

နတ်ပြည်ခရီးကို ပြောကြားကုန်၏။

သူကြွယ်သား ဤခြောက်ပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်သော အထက် အရပ်မည်သော သမဏဗြာဟ္မဏတို့သည် ဤခြောက်ပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏၊ ဤသို့ ပြုစုသည်ရှိသော် ဤအထက်အရပ်သည် လုံခြုံ၏၊ ငြိမ်းချမ်း၏၊ဘေးကင်း၏။

၂၇၃။ ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုဏ္ဏိယစကားကို မိန့်တော်မူပြီး၍ ထို့မှတပါး ဤဂါထာစကားကိုလည်း မိန့်တော်မူ၏—

"အမိ အဖတို့သည် အရှေ့အရပ်မည်ကုန်၏၊ ဆရာတို့သည် တောင်အရပ်မည်ကုန်၏၊ သားမယားတို့သည် အနောက်အရပ် မည်ကုန်၏၊ အဆွေခင်ပွန်းတို့သည် မြောက်အရပ် မည်ကုန်၏။

အစေ အပါး အလုပ်သမားတို့သည် အောက်အရပ်မည်ကုန်၏၊ သမဏဗြာဟ္မဏတို့သည် အထက် အရပ် မည်ကုန်၏၊ အိမ်ကိုအုပ်စိုး၍ နေထိုင်သော အမျိုးကောင်းသားသည် ဤအရပ်ခြောက်ပါးတို့ကို ရှိခိုးရာ၏။

အကြင်သူသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌ အသိမ္မာရှိ၏၊ သီလနှင့်ပြည့်စုံ၏၊သိမ်မွေ့နက်နဲသော ပညာဉာဏ်ရှိ၏၊ နှိမ့်ချခြင်းရှိ၏၊ ခက်ထန်ခြင်းမရှိ၊ ထိုသို့သောသူသည် အကျော်အစောကို ရ၏။

(အကြင်သူသည်)ထကြွမှုရှိ၏၊ ပျင်းရိခြင်းမရှိ၊ ဘေးရန်တို့ ဖြစ်ပေါ်လတ်သော် မတုန်လှုပ်မပြဘ်အားထုတ်အပ်သော အသက်မွေးမှုရှိ၏၊ အရာအားလျော်စွာ ပညာရှိ၏၊ ထိုသို့သောသူသည် အကျော်အစောကို ရ၏။

(အကြင်သူသည်)ချီးမြှောက်တတ်၏၊ အဆွေခင်ပွန်းကောင်းကို ရှာတတ်၏၊ ကျေးဇူးကိုသိတတ်၏၊ ဝန်တိုမှုမရှိ အကျိုးဆောင်တတ်၏၊ အကြောင်းပြ၍ ဆုံးမတတ်၏၊ ခေါင်းဆောင်တတ်၏၊ ထိုသို့သော သဘောရှိသူသည် အကျော်အစောကို ရ၏။

ကျင့်ဝတ်တရားတို့၌ အကြင်ပေးကမ်းစွန့်ကြဲခြင်းသည်၎င်း အကြင် ချစ်ဖွယ်သော စကားကို ဆိုခြင်းသည်၎င်း အကြင်အကျိုးစီးပွါးကို ကျင့်ဆောင်ခြင်းသည်၎င်း ကိစ္စအားလျော်စွာ အကြင်မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်းသည်၎င်း ရှိ၏၊ ထိုထိုပုဂ္ဂိုလ်၌ ထိုက်သည့်အားလျော်စွာ

http://www.dhammadownload.com



ထို (ပေးကမ်းခြင်း စသော) သင်္ဂဟတရားတို့သည် ဤလောက၌ သွားနေသော ရထား၏ နားစောင့်ကဲ့သို့ ဖြစ်ကုန်၏။

လောက၌ ထိုသင်္ဂဟတရားတို့သည် (အကယ်၍) မရှိကုန်အံ့၊ အမိသည် သားပြုအပ်သော မြတ်နိုးခြင်းကိုဂင်း ပူဇော်ခြင်းကိုဂင်း မရရာ၊ အဖသည် သားပြုအပ်သော မြတ်နိုးခြင်းကိုဂင်း ပူဇော်ခြင်းကိုဂင်း မရရာ။

ထိုသင်္ဂဟတရားတို့ကို (ပြုအပ်၏ဟု) ပညာရှိတို့ မှတ်ယူကုန်သောကြောင့် ကြီးမြတ်သည့် အဖြစ်သို့ ရောက်ကုန်၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်ကုန်၏" ဟု (မိန့်တော်မူ၏)။

၂၇၄။ ဤသို့ မိန့်တော်မူသော် သူကြွယ်သား သိင်္ဂါလသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ဂင်၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ဂင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ဂင်း၊ "မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ဂင်း၊ အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ဘုရား တရား သံဃာကို) ကိုးကွယ်ဆည်းကပ်သော 'ဥပါသကာ' ဟု မှတ်တော်မူပါ"ဟူ၍ (လျှောက်ထားလေသတည်း)၊.

**ရှစ်ခုမြောက် သိင်္ဂါလသုတ် ပြီး၏။**

http://www.dhammadownload.com

# ၉-အာဋာနာဋိယသုတ်

## ပဌမအခန်း

၂၇၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည် ဘီလူးစစ်သည် များစွာဖြင့်၎င်း ဂန္ဓဗ္ဗစစ်သည် များစွာဖြင့်၎င်း ကုမ္ဘဏ်စစ်သည် များစွာဖြင့်၎င်း နဂါးစစ်သည် များစွာဖြင့်၎င်း မြို့တံခါးအတွင်း အရပ်လေးမျက်နှာ၌ ကိုယ်ရံတော်တပ်ချထား၍ မြို့တံခါးအနီး အရပ်လေးမျက်နှာ၌ တပ်ပေါင်းစု မြို့စောင့်တပ်ချထား၍ မြို့တံခါးအပြင်ဘက် အရပ်လေးမျက်နှာ၌ ကင်းထောက်တပ်ချထား၍ ညဉ့်ဦးယံ လွန်ပြီးသော သန်ကောင်ယံအခါ၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဂိဇ္ဈကုဋ်တတောင်လုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏။

ထိုနတ်တို့တွင် အချို့သော နတ်တို့သည် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏။

အချို့သော နတ်တို့သည် မြတ်စွာဘုရားဆီသို့ လက်အုပ်ချီလျက် တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် (မိမိတို့)အမည် အနွယ်ကို ပြောကြား၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် တိတ်ဆိတ်စွာ တခုသော နေရာ၌ ထိုင်နေကုန်၏။

၂၇၆။ တခုသော နေရာ၌ ထိုင်နေပြီးသော ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား မြတ်စွာဘုရားအား မကြည်ညိုသော တန်ခိုးကြီးသော ဘီလူးတို့သည် ရှိပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားအား ကြည်ညိုသော တန်ခိုးကြီးသော ဘီလူးတို့သည် ရှိပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားအား မကြည်ညိုသော တန်ခိုးအလတ်စား ရှိသော ဘီလူးတို့သည် ရှိပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားအား ကြည်ညိုသော တန်ခိုးအလတ်စားရှိသော ဘီလူးတို့သည် ရှိပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားအား မကြည်ညိုသော တန်ခိုးအနိမ့်စား ရှိသော ဘီလူးတို့သည် ရှိပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားအား ကြည်ညိုသော တန်ခိုးအနိမ့်စားရှိသော ဘီလူးတို့သည် ရှိပါကုန်၏။ အသျှင်ဘုရား များသောအားဖြင့် ဘီလူးတို့သည် မြတ်စွာဘုရားအား မကြည်ညိုကြပါကုန်။

အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၄ါ တရားကို ဟောတော်မူ၏။

မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၄ါ တရားကို ဟောတော်မူ၏။

http://www.dhammadownload.com



ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၄ါ တရားကို ဟောတော်မူ၏။

မဟုတ်မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၄ါ တရားကို ဟောတော်မူ၏။

မူးယစ်မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၄ါ တရားကို ဟောတော်မူ၏။

အသျှင်ဘုရား ဘီလူးတို့သည် များသောအားဖြင့် အသက်သတ်ခြင်းမှ မရှောင်ကြဉ်ကြကုန်၊ မပေးသောဥစ္စာကို ခိုးယူခြင်းမှ မရှောင်ကြဉ်ကြကုန်၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ မရှောင်ကြဉ်ကြကုန်၊ မဟုတ် မမှန်သောစကားကို ပြောခြင်းမှ မရှောင်ကြဉ်ကြကုန်၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်ကြကုန်၊ ထိုနတ်ဘီလူးတို့သည် ထိုတရားတော်ကို မနှစ်သက် မမြတ်နိုးကြပါ။

အသျှင်ဘုရား မြတ်စွာဘုရား၏ တပည့်တို့သည် အသံနည်းကုန်သော ပြည်ရွာတွန်သံ မရှိကုန်သော လူတို့၏ အငွေ့အသက် ကင်းကုန်သော လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်း၄ါ ထိုက်ကုန်သော ကိန်းအောင်း၍ နေခြင်း၄ါ လျောက်ပတ်ကုန်သော ဝေးကွာသော တောကျောင်းတို့ကို မှီဝဲနေထိုင်ပါကုန်၏။ ထိုကျောင်းတို့၌ နေသော တန်ခိုးကြီးသော ဘီလူးတို့သည် ရှိပါကုန်၏။ အကြင်ဘီလူးတို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ မကြည်ညိုကုန်၊ ထိုဘီလူးတို့ကို ကြည်ညိုစေရန် မြတ်စွာဘုရားသည် အာဋာနာဋိယ မည်သော ပရိတ်အရံအတားကို ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်း၄ါ သင်ပေးတော်မူပါလော့” ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ ထိုအခါ၌ အာဋာနာဋိယ မည်သော ဤအစောင့်အရှောက် (ဂါထာ)ကို ရွတ်ဆိုလျှောက်ထား၏။

၂၇၇။ စက္ခုငါးပါးရှိတော်မူသော ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ သတ္တဝါအားလုံးကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

ကိလေသာကို စင်ကြယ်စေပြီးသော ခြိုးခြံသော အကျင့်ရှိတော်မူသော ဝေဿဘူမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ မာရ်စစ်သည်ကို ဖျက်ဆီးတတ်သော ကကုသန် မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

မကောင်းမှုကို အပပြုတော်မူပြီးသော ကျင့်သုံးပြီးသော မဂ္ဂဗြဟ္မစရိယရှိတော်မူသော ကောဏာဂုံ မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အခါခပ်သိမ်း ဝိမုတ္တိငါးပါး၏ အစွမ်းဖြင့် လွတ်မြောက်တော်မူသော ကဿပမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

အကြင် သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်တတ်သော ဤအာဋာနာဋိယ ပရိတ်တရားတော်ကို ဟောတော်မူ၏၊ ကိုယ်တော်မှ

http://www.dhammadownload.com



ထွက်သော ရောင်ခြည်ရှိတော်မူသော ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူသော သာကီဝင်မင်းသား ဖြစ်တော်မူသော ထို(ဂေါတမ)မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

လောက၌ ကိလေသာ ငြိမ်းတော်မူကုန်ပြီးသော အကြင် (ဝိပဿီစသော)မြတ်စွာဘုရားတို့သည် (အလုံးစုံသော တရားတို့ကို)ဟုတ်မှန်စွာ သိမြင်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ဂုံးစကားကို မဆိုကုန်၊ ကြီးမြတ်တော်မူကုန်၏၊ ကြောက်ရွံ့ခြင်း ကင်းတော်မူကုန်၏။

နတ် လူတို့၏ အကျိုးစီးပွါးကို ဆောင်တော်မူတတ်သော အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော အကြင်ဂေါတမမြတ်စွာဘုရားကို (နတ်လူတို့သည်)ရှိခိုးကြကုန်၏၊ (ထိုဂေါတမမြတ်စွာဘုရားအားငင်း ထိုဝိပဿီစသော မြတ်စွာဘုရားအားငင်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း)။

၂၇၇။ အကြင် အရပ်မှ အလွန်ထွန်းလင်းတောက်ပသော ကြီးကျယ်သော အဝန်းရှိသော နေမင်းသည် ထွက်လာ၏၊ အကြင်နေအဖို့၌ နေမင်းထွက်လာသည်ရှိသော် ညဉ့်သည်လည်း ကွယ်ပျောက်၏၊ အကြင်နေအဖို့၌ နေထွက်လာသည်ရှိသော် နေ့ဟူ၍ ဆိုအပ်၏။

ထိုနေထွက်ရာအရပ်၌ မြစ်ကြီး မြစ်ငယ်တို့မှ သက်ဝင်သောရေရှိသော စီးသွားသော နက်စွာသော ရေအထုသည်လည်းရှိ၏၊ ထိုနေထွက်ရာအရပ်က ရေအထုကို မြစ်ကြီး မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော သမုဒ္ဒရာ ဟူ၍ (လူတို့)သိပါကုန်၏။

ဤစည်းဝေးရာအရပ်မှ ထိုအရပ်သည် အရှေ့အရပ် မည်၏၊ များသော အခြံအရံရှိသော ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော အမည်အားဖြင့် ဓတရဋ္ဌ ဟု ခေါ်သော နတ်မင်းကြီးသည် အကြင်အရပ်ကို စောင့်၏၊ ထိုအရပ်ကို လူတို့သည် အရှေ့အရပ် ဟု ခေါ်ပါကုန်၏၊ ထိုဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ထို ဓတရဋ္ဌနတ်မင်းကြီး၏ သားတို့သည် များပါကုန်၏၊ အမည်ချင်း တူကုန်၏ ဟု အကျွန်ုပ်သည် ကြားရဘူးပါ၏၊ ကိုးကျိပ်တယောက် ရှိပါ၏၊ ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော မြတ်စွာဘုရားကိုမြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါအားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါကုန်၏။

"သင်တို့သည် မာရ်ငါးပါးကိုအောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကုန်သလော" ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ်ငါးပါးကို

http://www.dhammadownload.com



အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ရှိခိုးကုန်၏" ဟု ဆိုပါကုန်၏၊ အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။

၂၇၉။ သေပြီးသူတို့ကိုလည်းကောင်း ဂုံးစကားပြောသူတို့ကိုလည်းကောင်း လျှို့ဝှက်သောအမှု ပြုသူတို့ကိုလည်းကောင်း (တံစိုးစားသူတို့ကိုလည်းကောင်း)သူ့ အသက်သတ်လေ့ရှိသူတို့ကိုလည်းကောင်း အလိုကြီးသူတို့ကိုလည်းကောင်း ခိုးသူတို့ကိုလည်းကောင်း ကြမ်းတမ်းသောအမှု ပြုသူတို့ကိုလည်းကောင်း အကြင်အရပ်မျက်နှာအဖို့ဖြင့် (ထုတ်လေကုန်လော့ ဟူ၍) ဆိုအပ်ကုန်၏။

ဤစည်းဝေးရာအရပ်မှ ထိုအရပ်သည် တောင်အရပ် မည်ပါ၏၊ များသော အခြံအရံရှိသော ကုမ္ဘဏ်နတ်တို့ကို အစိုးရသော အမည်အားဖြင့် ဝိရုဠ္ဌက ဟု ခေါ်သော နတ်မင်းကြီးသည် အကြင်အရပ်ကို စောင့်၏၊ ထိုအရပ်ကို လူတို့သည် တောင်အရပ် ဟူ၍ ခေါ်ပါကုန်၏၊ ထိုဝိရုဠ္ဌက နတ်မင်းကြီးသည် ကုမ္ဘဏ်နတ်တို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ထိုဝိရုဠ္ဌကနတ်မင်း၏ သားတို့သည် များပါကုန်၏၊ အမည်ချင်းတူကုန်၏ ဟု အကျွန်ုပ်သည် ကြားရဘူးပါ၏၊ ကိုးကျိပ်တယောက် ရှိပါ၏၊ ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော မြတ်စွာဘုရားကိုမြင်သော် အဝေးက ပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ား အာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါ အားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါကုန်၏။

"သင်တို့သည် မာရ်ငါးပါးကိုအောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကုန်သလော" ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ရှိခိုးကုန်၏" ဟု ဆိုကြပါကုန်၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။

၂၈၀။ အကြင် အရပ်၌ အလွန် ထွန်းလင်းတောက်ပသော ကြီးကျယ်သော အဝန်းရှိသော နေမင်းသည် ဝင်၏၊ အကြင်အရပ်၌ နေဝင်သွားသည်ရှိသော် နေ့သည်လည်း ကွယ်ပျောက်၏၊ အကြင်နေဝင်သွားသည်ရှိသော် ညဉ့်ဟူ၍ ဆိုအပ်၏။

နေဝင်ရာ အရပ်၌ မြစ်ကြီးမြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော နက်စွာသော ရေအထုသည်လည်းရှိ၏၊ ထိုနေဝင်ရာအရပ်က ထိုရေအထုကို မြစ်ကြီးမြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော သမုဒ္ဒရာ ဟူ၍ (လူတို့)သိပါကုန်၏။

ဤစည်းဝေးရာအရပ်မှ ထိုအရပ်သည် အနောက်အရပ်မည်၏၊ များသောအခြံအရံရှိသော နတ်နဂါးတို့ကို အစိုးရသော အမည်အားဖြင့် ဝိရူပက္ခ ဟု ခေါ်သော နတ်မင်းကြီးသည် အကြင်

http://www.dhammadownload.com



အရပ်ကိုစောင့်၏၊ ထိုအရပ်ကို လူတို့သည် အနောက်အရပ် ဟူ၍ ခေါ်ပါကုန်၏၊ ထိုဝိရူပက္ခနတ်မင်းကြီးသည် နဂါးတို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ဝိရူပက္ခနတ်မင်းကြီး၏ သားတို့သည် များပါကုန်၏၊ အမည်ချင်းတူကုန်၏ ဟု အကျွန်ုပ်သည် ကြားရဘူးပါ၏၊ ကိုးကျိပ်တယောက် ရှိပါ၏၊ ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေ ဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော မြတ်စွာဘုရားကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ား အာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါအားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါကုန်၏။

"သင်တို့သည် မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကုန်သလော" ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ရှိခိုးကုန်၏" ဟု ဆိုပါကုန်၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။

၂၇၁။ အကြင် အရပ်မျက်နှာ၌ ဥတ္တရကုရု မည်သော မြောက်ကျွန်းသည်ရှိ၏၊ မြင်းမိုရ်တောင်သည် ရွှေရောင်တောက်၏၊ ထိုမြောက်ကျွန်း၌ ဖြစ်ကုန်သော လူတို့သည် ငါ၏ ဥစ္စာ ဟု စွဲလမ်းခြင်း မရှိကြကုန်၊ ငါ၏မယား ဟု သိမ်းပိုက်ခြင်း မရှိကြကုန်။

ထိုမြောက်ကျွန်းသူဘို့သည် မျိုးစေ့ကို မစိုက်ပျိုးကုန်၊ ထွန်တုံးတို့ကို (လယ်သို့)မဆောင်ကုန်၊ (မထွန်မယက်သော လယ်ပြင်၌)အလိုလိုပေါက်သော သလေးဆန်ကို စားကုန်၏။

ဆန်ကွဲ ဖွဲမရှိသော စင်ကြယ်သော ကောင်းသော အနံ့လှိုင်သော ဆန်သီးကို ထမင်းအိုး၌ ချက်၍ ထိုထမင်းအိုးမှ ထမင်းကိုသာလျှင် စားကုန်၏။

(ထိုမြောက်ကျွန်း၌ ဝေဿဝဏ်နတ်မင်းကြီး၏ အခြံအရံတို့သည်) နွားကို မြင်းယာဉ်ကဲ့သို့ ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏၊ နွားမှတပါးသော သားကောင်ကို မြင်းယာဉ်ကဲ့သို့ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏။

မိန်းမကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏၊ ယောကျ်ားကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏။

လုံမပျိုကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏၊ လုလင်ပျိုကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏။

ထိုဝေဿဝဏ်နတ်မင်းကြီး၏ အလုပ်အကျွေးတို့သည် ထိုယာဉ်တို့ကို စီးကုန်လျက် အရပ်မျက်နှာ အသုံးစုံတို့သို့ လှည့်လည်သွားလာကြကုန်၏။

http://www.dhammadownload.com



များသော အခြံအရံရှိသော ဝေဿဝဏ်နတ်မင်းကြီးအား ဆင်ယာဉ် မြင်းယာဉ် နတ်၌ ဖြစ်သော ယာဉ်သည် ဖြစ်ပေါ်လာ၏၊ ပြာသာဒ်ထမ်းစင်တို့သည်လည်း ဖြစ်ပေါ်လာကုန်၏။

ထိုဝေဿဝဏ်နတ်မင်းကြီးအား ကောင်းကင်၌ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော အာဋာနာဋမြို့ ကုသိနာဋမြို့ ပရကုသိနာဋမြို့ နာဋသုရိယမြို့ ပရကုသိနာဋမြို့တို့သည်လည်း ရှိကုန်၏။

မြောက်အရပ်၌ ကသိဝန္တမြို့ ဇနောဃမြို့ရှိ၏၊ ထို့မှတပါး နဝနဝုတိယမြို့ အမ္ဗရအမ္ဗရဝတိယမြို့သည် ရှိ၏၊ အာဠကမန္ဒာ မည်သော မြို့ကား မင်းနေပြည်ဖြစ်၏။

အသျှင်ဘုရား ကုဝေရနတ်မင်းကြီးအား ဝိသာဏာမည်သော မင်းနေပြည်သည် ရှိပါ၏၊ ထို့ကြောင့် ကုဝေရနတ်မင်းကြီးကို ဝေဿဝဏ်နတ်မင်းကြီးဟု ဆိုအပ်ပါ၏။

အကြင်ဘီလူးတို့သည် (သတင်းစကားကို) အသီးအသီး ရှာမှီးစုဆောင်းလျက် (ထိုဝေဿဝဏ် နတ်မင်းကြီးအား) ပြသပြောကြားကုန်၏၊ ထိုဘီလူးတို့သည်ကား တတောလာ တတ္တလာ တတောတလာ ဩဇသိ တေဇသိ တတောဇသိ သူရ ရာဇာ အရိဋ္ဌ နေမိတို့တည်း။

ထိုအရပ်၌ ဓရဏီ မည်သော လေးထောင့်ရေကန်ကြီးသည်လည်း ရှိပါ၏၊ အကြင်လေးထောင့်ရေကန်ကြီးမှ (ရေကိုယူ၍)မိုးတို့သည် ရွာပါကုန်၏၊ (မိုးရွာလတ်သော်)အကြင်လေးထောင့်ရေကန်ကြီးမှ မိုးရေဟောင်းတို့သည် လျှံထွက်ပါကုန်၏၊ ထိုလေးထောင့်ရေကန်ကြီးအနီး၌ သာလဝတီ မည်သော ရတနာ မဏ္ဍပ်သည်လည်း ရှိပါ၏။

အကြင် အရပ်၌ ဘီလူးတို့သည် စည်းဝေးပါကုန်၏၊ ထိုအရပ်၌ အမြဲတမ်း သီးပွင့်သော သစ်ပင်ကြီးများ ရှိပါကုန်၏၊ အမျိုးမျိုးသော ငှက်အုပ်တို့၏ ပျံသန်းလှည့်လည်ခြင်းတို့ဖြင့် ပြွမ်းလျက်ရှိပါကုန်၏၊ အသံသာသော ဥဒေါင်းကိုးကြာနှင့် ဥဩငှက် စသည်တို့သည် မြည်တွန်ကြွေးကြော်ကြပါကုန်၏။

ဤလေးထောင့်ရေကန်ကြီး၌ "အသက်ရှည်ပါစေ၊ အသက်ရှည်ပါစေ" ဟု မြည်တမ်းသော (ဇီဝဇိုး)ငှက်သံရှိပါ၏၊ ထို့မှတပါး "ဥဋ္ဌေဟိ စိတ္တ ဥဋ္ဌေဟိ စိတ္တ" ဟု မြည်သော ငှက်တို့လည်း ရှိပါကုန်၏၊ တောကြက် ရွှေပုဇွန်လုံးတို့လည်း ရှိပါကုန်၏၊ ကြာတော၌ ပေါက္ခရသာတက မည်သော ငှက်တို့လည်း ရှိပါကုန်၏။

ဤ လေးထောင့်ရေကန်ကြီး၌ ကျေးသာလိကာတို့၏ မြည်သံများလည်း ရှိပါကုန်၏၊ လူ၏ မျက်နှာကဲ့သို့ မျက်နှာရှိသော တုတ်ထောက်ငှက်တို့လည်း ရှိပါကုန်၏၊ ကုဝေရနတ်မင်း၏ ကြာပဒုမာ အိုင်ဖြစ်သော ထိုဓရဏီ ရေကန်ကြီးသည် အခါခပ်သိမ်း တင့်တယ်ပါ၏။

ထိုအရပ်သည် ဤစည်းဝေးရာ အရပ်မှ မြောက်အရပ် မည်၏၊ များသောအခြံအရံရှိသော ဘီလူးတို့ကို အစိုးရသော အမည်အားဖြင့် ကုဝေရ ဟု ခေါ်သော နတ်မင်းကြီးသည် အကြင်အရပ်ကိုစောင့်၏၊ ထိုအရပ်ကို လူအများတို့သည် မြောက်အရပ် ဟု ခေါ်ပါကုန်၏၊ ထိုကုဝေရနတ်မင်းကြီးသည် ဘီလူးတို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ထိုကုဝေရနတ်မင်းကြီး၏ သားတို့သည် များကုန်၏၊ အမည်ချင်း တူကုန်၏ ဟု အကျွန်ုပ် သည် ကြားရဘူးပါ၏၊ ကိုးကျိပ်တယောက် ရှိပါ၏၊ ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

http://www.dhammadownload.com



ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏အဆွေ ဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော ထိုမြတ်စွာဘုရားကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ား အာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါအားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါကုန်၏။

"သင်တို့သည် မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကုန်သလော" ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ရှိခိုးကုန်၏" ဟု ဆိုပါကုန်၏၊ အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏" ဟု (ရွတ်ဆိုလျှောက်ထား၏)။

အသျှင်ဘုရား ဤအာဋာနာဋိယ ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ မပင်ပန်း မဆင်းရဲခြင်းငှါ ဖြစ်ပါ၏။

၂၈၂။ အသျှင်ဘုရား တစုံတယောက်သော ရဟန်းယောကျ်ားသည်၎င်း ရဟန်းမိန်းမသည်၎င်း ဥပါသကာယောကျ်ားသည်၎င်း ဥပါသိကာ မိန်းမသည်၎င်း ဤအာဋာနာဋိယ ပရိတ်အရံအတားကို ကောင်းစွာ သင်ယူအပ်သော် ပြည့်စုံစွာ အဖန်ဖန်လေ့လာအပ်သော် လူမဟုတ်သော ဘီလူးသည်၎င်း ဘီလူးမသည်၎င်း ဘီလူးကလေးသည်၎င်း ဘီလူးမကလေးသည်၎င်း ဘီလူးအမတ်ကြီးသည်၎င်း အခြံအရံဘီလူးသည်၎င်း အလုပ်အကျွေးဘီလူးသည်၎င်း ဂန္ဓဗ္ဗနတ်သည်၎င်း ဂန္ဓဗ္ဗနတ်သမီးသည်၎င်း ဂန္ဓဗ္ဗနတ်ကလေးသည်၎င်း ဂန္ဓဗ္ဗနတ်သမီးကလေးသည်၎င်း ဂန္ဓဗ္ဗအမတ်ကြီးသည်၎င်း အခြံအရံ ဂန္ဓဗ္ဗနတ်သည်၎င်း အလုပ်အကျွေး ဂန္ဓဗ္ဗနတ်သည်၎င်း ကုမ္ဘဏ်သည်၎င်း ကုမ္ဘဏ်မသည်၎င်း ကုမ္ဘဏ်ကလေးသည်၎င်း ကုမ္ဘဏ်မကလေးသည်၎င်း ကုမ္ဘဏ်အမတ်ကြီးသည်၎င်း အခြံအရံ ကုမ္ဘဏ်သည်၎င်း အလုပ်အကျွေးကုမ္ဘဏ်သည်၎င်း နဂါးသည်၎င်း နဂါးမသည်၎င်း နဂါးကလေးသည်၎င်း နဂါးမကလေးသည်၎င်း နဂါးအမတ်ကြီးသည်၎င်း အခြံအရံနဂါးသည်၎င်း အလုပ်အကျွေးနဂါးသည်၎င်း ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်းယောကျ်ားကိုသော်၎င်း ရဟန်းမိန်းမကိုသော်၎င်း ဥပါသကာယောကျ်ားကိုသော်၎င်း ဥပါသိကာမိန်းမကိုသော်၎င်း သွားနေစဉ် လိုက်၍ သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။ အသျှင်ဘုရား ဤဘီလူးသည် ရွာတို့၌၎င်း နိဂုံးတို့၌၎င်း အရိုအသေပြုခြင်းကို၎င်း အလေးအမြတ် ပြုခြင်းကို၎င်း မရရာ။ အသျှင်ဘုရား ဤဘီလူးသည် အာဠကမန္ဒာ မင်းနေပြည်၌ ဗိမာန်အိမ်ရာကို၎င်း ပါမြဲနေခြင်းကို၎င်း မရရာ။ အသျှင်ဘုရား ဤဘီလူးသည် ဘီလူးတို့ အစည်းအဝေးသို့ တက်ခွင့်ကို မရရာ။ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက သမီးယူဆောင်၍ လက်ထပ်ခြင်း သမီးပေး၍ လက်ထပ်ခြင်းကိုလည်း မပြုကုန်ရာ။ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက (မျက်လုံးပြူးသူ သွားခေါသူ စသည်ဖြင့်) ကိုယ်နှင့်စပ်ကုန်သော ဘီလူးတို့၏

http://www.dhammadownload.com



ဆဲခရေးခြင်း မျိုးစုံဘို့ဖြင့် ဆဲရေးလည်း ဆဲရေးကုန်ရာ၏။ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက သူ၏ ဦးခေါင်း၌ သံခွက်လွှတ်ကို မှောက်ထားလည်း မှောက်ထားကုန်ရာ၏။ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက ထိုဘီလူး၏ ဦးခေါင်းကို ခုနစ်စိတ်ခွဲလည်း ခွဲကုန်ရာ၏။

အသျှင်ဘုရား အမျက်ဒေါသကြီးကုန်သော နှောင့်ယှက်တတ်ကုန်သော နှိပ်စက်တတ်ကုန်သော ဘီလူးတို့သည် ရှိပါကုန်၏။ ထိုဘီလူးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူး စစ်သူကြီး တို့၏ (စကားကို) မနာယူကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ မင်းချင်းတို့၏(စကားကို)မနာယူကြပါကုန်။ အသျှင်ဘုရား ထိုဘီလူးတို့ကို အခြားဘီလူးများက နတ်မင်းကြီးတို့၏ ဆန့်ကျင်ဖက် ရန်သူတို့ ဟူ၍ ဆိုအပ်ပါကုန်၏။

အသျှင်ဘုရား ဥပမာအားဖြင့် မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ နိုင်ငံ၌ ခိုးသူကြီးတို့ ရှိပါကုန်၏။ ထိုခိုးသူကြီးတို့သည် မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ (စကားကို)မနာယူကြပါကုန်၊ မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ (စကားကို) မနာယူကြပါကုန်၊ မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်။ အသျှင်ဘုရား ထိုခိုးသူကြီးတို့ကို မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ ဆန့်ကျင်ဖက် ရန်သူတို့ဟူ၍ ဆိုအပ်ပါကုန်၏။ အသျှင်ဘုရား ဤအတူ အမျက်ဒေါသကြီးကုန်သော နှောင့်ယှက်တတ်ကုန်သော နှိပ်စက်တတ်ကုန်သော ဘီလူးတို့သည် ရှိပါကုန်၏။ ထိုဘီလူးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ (စကားကို)မနာယူကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို)မနာယူကြပါကုန်။ အသျှင်ဘုရား ထိုဘီလူးတို့ကို အခြားဘီလူးတို့က နတ်မင်းကြီးတို့၏ ဆန့်ကျင်ဖက် ရန်သူတို့ ဟူ၍ ဆိုအပ်ပါကုန်၏။

အသျှင်ဘုရား တစုံတယောက်သော ဘီလူးသည်ငှင်း ဘီလူးမသည်ငှင်း။ပ။ ဂန္ဓဗ္ဗနတ်သည်ငှင်း ဂန္ဓဗ္ဗနတ်သမီးသည်ငှင်း။ပ။ ကုမ္ဘဏ်သည်ငှင်း ကုမ္ဘဏ်မသည်ငှင်း။ပ။ နဂါးသည်ငှင်း နဂါးမသည်ငှင်း နဂါးကလေးသည်ငှင်း နဂါးမကလေးသည်ငှင်း နဂါးအမတ်ကြီးသည်ငှင်း အခြံအရံနဂါးသည်ငှင်း အလုပ်အကျွေးနဂါးသည်ငှင်း ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်းယောကျာ်းကိုသော်ငှင်း ရဟန်းမိန်းမကိုသော်ငှင်း ဥပါသကာယောကျာ်းကိုသော်ငှင်း ဥပါသိကာမိန်းမကိုသော်ငှင်း သွားနေစဉ် လိုက်၍သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။ ဤနတ်များ ဘီလူးများ ဤနတ်ကြီး ဘီလူးကြီးများ စစ်သူကြီးများ စစ်မဟာသေနာပတိကြီးများတို့ကို သိစေအပ် တိုင်တမ်းအပ် ပြောကြားအပ်၏၊ "ဤဘီလူးသည် ဤသူကို ဖမ်းစား၏၊ ဤဘီလူးသည် ပူးဝင်၏၊ ဤဘီလူးသည် နှိပ်စက်၏၊ ဤဘီလူးသည် ညှဉ်းဆဲ၏၊ ဤဘီလူးသည် ဆင်းရဲစေ၏၊ ဤဘီလူးသည် ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို" ဟု (သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏)။

၂၈၃။ အဘယ်မည်သော နတ်များ ဘီလူးများ နတ်ကြီး ဘီလူးကြီးများ စစ်သူကြီးများ စစ်မဟာသေနာပတိကြီးများ တို့ကို သိစေအပ်သနည်းဟူမူ—

ဣန္ဒ, သောမ, ဝရုဏ, ဘာရဒွါဇ, ပဇာပတိ, စန္ဒန, ကာမသေဋ္ဌ, ကိန္နုဃဏ္ဍု, နိဃဏ္ဍု။

ပနာဒ, ဩပမညု, နတ်တို့၏ထမင်း မာတလိ, ဂန္ဓဗ္ဗ, တောင်၌နေသော စိတ္တသေန, နဠောရာဇာ, ဇနေသဘ, ။

http://www.dhammadownload.com



သာတာဂိရိ, ဟေမဝတ, ပုဏ္ဏက, ကရတိယ, ဂုဠ, သိဝက, မုစလိန္ဒ, ဝေဿာမိတ္တ, ယုဂန္ဓရ,။

ဂေါပါလ, သုပ္ပရောဓ, ဟိရိ, နေတ္တိ, မန္ဒိယ,။

ပဉ္စာလ, စဏ္ဍ, အာဠဝက, ပဇ္ဇုန္န, သုမန, သုမုခ, ဒဓိမုခ, မဏိ, မာဏိဝရ, ဒီဃ, ဟူသော ဘီလူးများ နတ်များ နှင့်တကွ သေရိသက နတ်တို့တည်း။

ဤနတ်များ ဘီလူးများ နတ်ကြီး ဘီလူးကြီးများ ဘီလူးစစ်သူကြီးများ စစ်မဟာသေနာပတိကြီးများ တို့ကို သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏၊ "ဤဘီလူးသည် ဤသူကို ဖမ်းစား၏၊ ဤဘီလူးသည် ပူးဝင်၏၊ ဤဘီလူးသည် နှိပ်စက်၏၊ ဤဘီလူးသည် ညှဥ်းဆဲ၏၊ ဤဘီလူးသည် ဆင်းရဲစေ၏၊ ဤဘီလူးသည် ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို" ဟု (သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏)။

အသျှင်ဘုရား ဤအာဋာနာဋိယ ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် အလို့ငှါ မပင်ပန်း မဆင်းရဲခြင်းငှါ ချမ်းသာစွာနေရခြင်းငှါ ဖြစ်ပါ၏။

အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့သည် သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် ကိစ္စများပါကုန်၏၊ အကျွန်ုပ်တို့သည် ပြုဖွယ်များပါကုန်၏ ဟု (လျှောက်ထား၏)။

နတ်မင်းကြီးတို့ ယခုအခါ၌သွားရန် အချိန်ကို သင်တို့သိကုန်၏၊ (သွားရန်မှာ သင်တို့၏ အလိုအတိုင်း ဖြစ်၏) ဟု (မိန့်တော်မူ၏)။

၂၇၄။ ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။ ထိုနတ်တို့တွင် အချို့သောနတ်တို့သည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် အရိုအသေပြု၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။ အချို့သော နတ်တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ ထိုထိုအရပ်၌ပင် ကွယ်ကုန်၏။ အချို့သော နတ်တို့သည် မြတ်စွာဘုရားဆီသို့ လက်အုပ်ချီမိုး ရှိခိုးလျက် ထိုအရပ်၌ပင် ကွယ်ကုန်၏။ အချို့သော နတ်တို့သည် (မိမိတို့) အမည်အနွယ်ကို ပြောကြား၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။ အချို့သော နတ်တို့သည် တိတ်ဆိတ်စွာ ထိုအရပ်၌ပင် ကွယ်ကုန်၏။

ပဌမအခဏ်း ပြီး၏။

---

## ဒုတိယအခဏ်း

၂၇၅။ ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့် လွန်သောအခါ ရဟန်းတို့ကို မိန့်တော်မူ၏—

ရဟန်းတို့ ဤညဉ့်၌ နတ်မင်းကြီး လေးယောက်တို့သည် ဘီလူးစစ်သည်များစွာတို့ဖြင့်၎င်း ဂန္ဓဗ္ဗစစ်သည်များစွာတို့ဖြင့်၎င်း ကုမ္ဘဏ်စစ်သည် များစွာတို့ဖြင့်၎င်း နဂါးစစ်သည် များစွာတို့ဖြင့်၎င်း မြို့တံခါးအတွင်းအရပ်လေးမျက်နှာ၌ ကိုယ်ရံတော်တပ် ချထား၍ မြို့တံခါးအနီးအရပ်လေးမျက်နှာ၌ တပ်ပေါင်းစု မြို့စောင့်တပ် ချထား၍ မြို့တံခါး အပြင်ဖက် အရပ် လေးမျက်နှာ၌ ကင်းစောင့်တပ်

http://www.dhammadownload.com



ချထား၍ ညွှတ်ဦးယံ လွန်ပြီးသော သန်ကောင်ယံ အခါ၌ အလွန် နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဂိဇ္ဈကုဋ် တတောင်လုံးကို ထွန်းလင်းစေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရိုသေစွာရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကုန်၏။

ရဟန်းတို့ ထိုနတ်တို့တွင် အချို့သော နတ်တို့သည် ငါ့ကိုရှိခိုးလျက် တခုသောအရပ်၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် ငါနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် ငါ့ဆီသို့ လက်အုပ်ချီလျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် (မိမိတို့)အမည်အနွယ်ကိုပြောကြား၍ တခုသောနေရာ၌ ထိုင်နေကုန်၏၊ အချို့သော နတ်တို့သည် တိတ်ဆိတ်စွာ တခုသောနေရာ၌ ထိုင်နေကုန်၏။

၂၈၆။ ရဟန်းတို့ တခုသောနေရာ၌ထိုင်နေပြီးသော ဝေဿဝဏ်နတ်မင်းကြီးသည် ငါ့အား ဤစကားကိုလျှောက်၏—

မြတ်စွာဘုရား မြတ်စွာဘုရားအား မကြည်ညိုသော တန်ခိုးကြီးသော ဘီလူးတို့သည် ရှိပါကုန်၏၊ မြတ်စွာဘုရား။ပ။ ရှိပါကုန်၏၊ မြတ်စွာဘုရားအား ကြည်ညိုကုန်သော တန်ခိုးအနိမ့်စား ဘီလူးတို့သည် ရှိပါကုန်၏။ မြတ်စွာဘုရား များသောအားဖြင့် ဘီလူးတို့သည် မြတ်စွာဘုရားအား မကြည်ညိုကြပါကုန်။

အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရား မြတ်စွာဘုရားသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားဟောတော်မူပါ၏။ပ။ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းငှါ တရားဟောတော်မူပါ၏။ မြတ်စွာဘုရား ဘီလူးတို့သည် များသောအားဖြင့် အသက်သတ်ခြင်းမှ မရှောင်ကြဉ်ကြကုန်သည်သာတည်း။ပ။ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက် သောက်ခြင်းမှ မရှောင်ကြဉ်ကြကုန်သည်သာတည်း၊ ထိုဘီလူးတို့သည် ထိုတရားတော်ကို မနှစ်သက် မမြတ်နိုးကြပါကုန်။

မြတ်စွာဘုရား၏ တပည့်တို့သည် အသံနည်းကုန်သော ပြည်ရွာတွန်သံ မရှိကုန်သော လူတို့၏ အငွေ့အသက် ကင်းကုန်သော လူတို့၏ လျှို့ဝှက်သောအမှုကို ပြုခြင်းငှါထိုက်ကုန်သော ကိန်းအောင်း၍ နေခြင်းငှါလျောက်ပတ်ကုန်သော ဝေးကွာသော တောကျောင်းတို့ကို မှီဝဲနေထိုင်ပါကုန်၏။ ထိုကျောင်းတို့၌နေသော တန်ခိုးကြီးသော ဘီလူးတို့သည် ရှိပါကုန်၏၊ အကြင်ဘီလူးတို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ မကြည်ညိုကုန်၊ ထိုဘီလူးတို့ကို ကြည်ညိုစေရန် မြတ်စွာဘုရားသည် အာဋာနာဋိယ မည်သော ပရိတ်အရံအတားကို ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ မပင်ပန်းခြင်းငှါ ချမ်းသာစွာနေရခြင်းငှါ သင်ပေးတော်မူပါလော့ ဟု (လျှောက်၏)။

ရဟန်းတို့ ငါသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ရဟန်းတို့ ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် ငါ၏ လက်ခံတော်မူခြင်းကို သိ၍ ထိုအချိန်၌ ဤအာဋာနာဋိယ မည်သော ပရိတ်အရံအတား (ဂါထာ)ကို ရွတ်ဆိုလျှောက်ထား၏။

http://www.dhammadownload.com



၂၇၇။ စက္ကူငါးပါး ရှိတော်မူသော ဘုန်းကြက်သရေနှင့်ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ သတ္တဝါအားလုံးကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရားအားလည်း အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

ကိလေသာကို စင်ကြယ်စေပြီးသော ခြိုးခြံသော အကျင့်ရှိတော်မူသော ဝေဿဘူ မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ မာရ်စစ်သည်ကို ဖျက်ဆီးတတ်သော ကကုသန်မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

မကောင်းမှုကို အပပြုတော်မူပြီးသော ကျင့်သုံးပြီးသော မဂ္ဂဗြဟ္မစရိယ ရှိတော်မူသော ကောဏာဂုံမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အခါခပ်သိမ်း ဝိမုတ္တိငါးပါး၏ အစွမ်းဖြင့် လွတ်မြောက်တော်မူသော ကဿပမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

အကြင်သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်တတ်သော ဤအာဋာနာဋိယ ပရိတ်တရားတော်ကိုဟောတော်မူ၏၊ ကိုယ်တော်မှ ထွက်သော ရောင်ခြည်ရှိတော်မူသော ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူသော သာကီဝင်မင်းသား ဖြစ်တော်မူသော ထို (ဂေါတမ) မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

လောက၌ ကိလေသာ ငြိမ်းတော်မူပြီးသော အကြင် (ဝိပဿီ စသော) မြတ်စွာဘုရားတို့သည် (အလုံးစုံသောတရားတို့ကို) ဟုတ်မှန်စွာ သိမြင်တော်မူကြကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ဂုံးစကားကို မဆိုကုန်၊ ကြီးမြတ်တော်မူကုန်၏၊ ကြောက်ရွံ့ခြင်းကင်းတော်မူကုန်၏။

နတ်လူတို့ အကျိုးစီးပွါးကို ဆောင်တော်မူတတ်သော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော အကြင် ဂေါတမမြတ်စွာဘုရားကို (နတ်လူတို့သည်) ရှိခိုးကြကုန်၏၊ (ထိုဂေါတမမြတ်စွာဘုရားအားငှင်း ထိုဝိပဿီစသော မြတ်စွာဘုရားတို့အားငှင်း အကျွန်ုပ်၏ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း)။

၂၇၈။ အကြင်အရပ်မှ အလွန်ထွန်းလင်း တောက်ပသော ကြီးကျယ်သော အဝန်းရှိသော နေမင်းသည်ထွက်လာ၏၊ အကြင်နေ့အဖို့၌ နေမင်းထွက်လာသည်ရှိသော် ညဉ့်သည်လည်း ကွယ်ပျောက်၏။ အကြင်နေ့အဖို့၌ နေထွက်လာသည်ရှိသော် နေ့ဟူ၍ဆိုအပ်၏။

ထိုနေထွက်ရာအရပ်၌ မြစ်ကြီး မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော စီးသွားသော နက်စွာသောရေအထုသည်လည်း ရှိ၏၊ ထိုနေထွက်ရာအရပ်က ရေအထုကို မြစ်ကြီး မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော သမုဒ္ဒရာဟူ၍ (လူတို့)သိပါကုန်၏။

ဤစည်းဝေးရာ အရပ်မှ ထိုအရပ်သည် အရှေ့အရပ်မည်၏၊ များသော အခြံအရံရှိသော ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော အမည်အားဖြင့် ဓတရဋ္ဌဟု ခေါ်သောနတ်မင်းကြီးသည် အကြင်အရပ်ကိုစောင့်၏၊ ထိုအရပ်ကိုလူတို့သည် အရှေ့အရပ်ဟု ခေါ်ပါကုန်၏၊ ထိုဓတရဋ္ဌ နတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့်မွေ့လျော်၏။

http://www.dhammadownload.com



ထိုတရေဋ္ဌ နတ်မင်းကြီး၏ သားတို့သည် များပါကုန်၏၊ အမည်ချင်းတူကုန်၏ ဟု အကျွန်ုပ်သည် ကြားရဘူးပါ၏၊ ကိုးကျိပ်တယောက်ရှိပါ၏၊ ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော မြတ်စွာဘုရားကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ား အာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါအားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါကုန်၏။

"သင်တို့သည် မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးပါကုန်သလော" ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ရှိခိုးကုန်၏" ဟု ဆိုပါကုန်၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ'တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။

၂၇၉။ သေပြီးသူတို့ကိုငင်း ဂုံးစကားပြောသူတို့ကိုငင်း လျှို့ဝှက်သော အမှုပြုသူတို့ကိုငင်း (တံစိုးစားသူတို့ကိုငင်း)သူ့ အသက် သတ်လေ့ရှိသူတို့ကိုငင်း အလိုကြီးသူတို့ကိုငင်း ခိုးသူတို့ကိုငင်း ကြမ်းတမ်းသောအမှုပြုသူတို့ကိုငင်း အကြင်အရပ်မျက်နှာအဖို့ဖြင့် (ထုတ်လေကုန်လော့ ဟူ၍) ဆိုအပ်ကုန်၏။

ဤစည်းဝေးရာအရပ်မှ ထိုအရပ်သည် တောင်အရပ်မည်ပါ၏၊ များသော အခြံအရံရှိသော ကုမ္ဘဏ်နတ်တို့ကို အစိုးရသော အမည်အားဖြင့် ဝိရူဠ္ဌ ဟု ခေါ်သော နတ်မင်းကြီးသည် အကြင်အရပ်ကို စောင့်၏၊ ထို အရပ်ကို လူတို့သည် တောင်အရပ်ဟူ၍ ခေါ်ပါကုန်၏၊ ထို ဝိရူဠ္ဌနတ်မင်းကြီးသည် ကုမ္ဘဏ်နတ်တို့ ခြံရံလျက် ကခုန် သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ထိုဝိရူဠ္ဌ နတ်မင်း၏ သားတို့သည် များပါကုန်၏၊ အမည်ချင်းတူကုန်၏ ဟု အကျွန်ုပ်သည် ကြားရဘူးပါ၏၊ ကိုးကျိပ် တယောက်ရှိပါ၏၊ ဣန္ဒ အမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်း ကင်းတော်မူသော မြတ်စွာဘုရားကို မြင်သော် အဝေးကပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါအားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါကုန်၏။

http://www.dhammadownload.com



"သင်တို့သည် မာရ် ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကုန်သလော" ဟူသော ထို အမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ရှိခိုးကုန်၏" ဟုဆိုပါကုန်၏။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို သိတော်မူသော ဂေါတမ မြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။

၂၉၀။ အကြင် အရပ်၌ အလွန် ထွန်းလင်း တောက်ပသော ကြီးကျယ်သော အဝန်းရှိသော နေမင်းသည် ဝင်၏၊ အကြင်အရပ်၌ နေဝင်သွားသည်ရှိသော် နေ့သည်လည်း ကွယ် ပျောက်၏၊ အကြင်အရပ်၌ နေဝင်သွားသည်ရှိသော် ညဉ့်ဟူ၍ ဆိုအပ်၏။

ထိုနေဝင်ရာ အရပ်၌ မြစ်ကြီး မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော နက်စွာသော ရေ အထုသည်လည်း ရှိ၏၊ ထိုနေဝင်ရာ အရပ်က ထိုရေအထုကို မြစ်ကြီး မြစ်ငယ်တို့မှ သက်ဝင်သော ရေရှိသော သမုဒ္ဒရာဟူ၍ (လူတို့) သိပါကုန်၏။

ဤစည်းဝေးရာ အရပ်မှ ထိုအရပ်သည် အနောက်အရပ်မည်၏၊ များသော အခြံအရံရှိသော နတ်နဂါးတို့ကို အစိုးရသော အမည် အားဖြင့် ဝိရူပက္ခဟုခေါ်သော နတ်မင်းကြီးသည် အကြင် အရပ်ကို စောင့်၏၊ ထိုအရပ်ကို လူတို့သည် အနောက်အရပ်ဟူ၍ ခေါ်ပါကုန်၏၊ ထိုဝိရူပက္ခ နတ်မင်းကြီးသည် နဂါးတို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ထိုဝိရူပက္ခနတ်မင်းကြီး၏ သားတို့သည် များပါကုန်၏၊ အမည်ချင်းတူကုန်၏ ဟု အကျွန်ုပ် သည်ကြားရဘူးပါ၏၊ ကိုးကျိပ် တယောက်ရှိပါ၏၊ ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါ ကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို သိတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော မြတ်စွာဘုရားကို မြင်သော် အဝေး ကပင်လျှင် ရှိခိုးပါကုန်၏။

ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ် တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏၊ (အသျှင်ဘုရားသည်) သဗ္ဗညုတဉာဏ်တော်ဖြင့် (သတ္တဝါ အားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထို အသျှင်ဘုရားကို ရှိခိုး ပါကုန်၏။

"သင်တို့သည် မာရ်ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုးကြ ကုန်သလော" ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ် ငါးပါးကို အောင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ရှိခိုးကုန်၏" ဟု ဆိုပါကုန်၏။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာ လေးပါးကို သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏။

၂၉၁။ အကြင်အရပ်မျက်နှာ၌ ဥတ္တရကုရုမည်သော မြောက်ကျွန်းသည်ရှိ၏၊ မြင်းမိုရ်တောင် သည် ရွှေရောင်တောက်၏၊ ထိုမြောက်ကျွန်း၌ ဖြစ်ကုန်သော လူတို့သည် ငါ၏ ဥစ္စာဟု စွဲ လမ်းခြင်းမရှိကြကုန်၊ ငါ၏ မယားဟု သိမ်းပိုက်ခြင်းမရှိကြကုန်။

http://www.dhammadownload.com



ထိုမြောက်ကျွန်းသူတို့သည် မျိုးစေ့ကို မစိုက်ပျိုးကြကုန်၊ ထွန်တုံးတို့ကို (လယ်သို့) မဆောင်ကုန်၊ မထွန် မယက်သောမြေပြင်၌ အလိုလိုပေါက်သော သလေးဆန်ကိုစားကုန်၏။

ဆန်ကွဲမရှိ ဖွဲမရှိသော စင်ကြယ်သော ကောင်းသော အနံ့လှိုင်သော ဆန်သီးကို ထမင်းအိုး၌ ချက်၍ ထိုထမင်းအိုးမှ ထမင်းကိုသာလျှင် စားကုန်၏။

(ထိုမြောက်ကျွန်း၌ ဝေဿဝဏ် နတ်မင်းကြီး၏ အခြံအရံတို့သည်) နွားကို မြင်းယာဉ်ကဲ့သို့ ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏၊ နွားမှ တပါးသော သားကောင်တို့ကို မြင်းယာဉ်ကဲ့သို့ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏။

မိန်းမကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏၊ ယောကျ်ားကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏။

လုံမပျိုကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏၊ လုလင်ပျိုကို ယာဉ်ပြုလျက် အရပ်ရပ်သို့ လှည့်လည်သွားလာကြကုန်၏။

ထိုဝေဿဝဏ်နတ်မင်းကြီး၏ အလုပ် အကျွေးတို့သည် ထိုယာဉ်တို့ကို စီးကုန်လျက် အရပ်မျက်နှာ အလုံးစုံတို့သို့ လှည့်လည်သွားလာကြကုန်၏။

များသော အခြံအရံရှိသော ဝေဿဝဏ်နတ်မင်းကြီးအား ဆင်ယာဉ် မြင်းယာဉ် နတ်၌ဖြစ်သော ယာဉ်သည် ဖြစ်ပေါ်လာ၏၊ ပြာသာဒ်ထမ်းစင်တို့သည်လည်း ဖြစ်ပေါ်လာကုန်၏။

ထိုဝေဿဝဏ်နတ်မင်းကြီးအား ကောင်းကင်၌ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော အာဋာနာဋမြို့၊ ကုသိနာဋမြို့၊ ပရကုသိနာဋမြို့၊ နာဋသုရိယမြို့၊ ပရကုသိနာဋမြို့တို့သည်လည်း ရှိကုန်၏။

မြောက်အရပ်၌ ကသိဝန္တမြို့၊ ဇနောဃမြို့ရှိ၏၊ ထိုမှတပါးသော နဝနဝုတိယမြို့၊ အမ္ဗရအမ္ဗရဝတိယမြို့သည်ရှိ၏၊ အာဠကမန္ဒာမည်သော မြို့ကား မင်းနေပြည်ဖြစ်၏။

အသျှင်ဘုရား ကုဝေရနတ်မင်းကြီးအား ဝိသာဏာမည်သော မင်းနေပြည်သည်ရှိပါ၏၊ ထို့ကြောင့် ကုဝေရနတ်မင်းကြီးကို ဝေဿဝဏ်နတ်မင်းကြီးဟု ဆိုအပ်ပါ၏။

အကြင်ဘီးလူး တို့သည် (သတင်းစကားကို) အသီးအသီး ရှာမှီးစုဆောင်းလျက်(ထိုဝေဿဝဏ်နတ်မင်းကြီးအား) ပြသပြောကြားကုန်၏၊ ထိုဘီးလူးတို့သည်ကား တတောလာ တတ္တလာ တတောတလာ ဩဇသိ တေဇသိ တတောဇသိ သူရ ရာဇာ အရိဋ္ဌ နေမိတို့တည်း။

ထိုအရပ်၌ ဓရဏီမည်သောလေးထောင့်ရေကန်ကြီးသည်လည်း ရှိပါ၏၊ အကြင်လေးထောင့်ရေကန်ကြီးမှ (ရေကိုယူ၍) မိုးတို့သည်ရွာပါကုန်၏၊ (မိုးရွာလတ်သော်) အကြင်လေးထောင့်ရေကန်ကြီးမှ မိုးရေဟောင်းတို့သည် လျှံထွက်ပါကုန်၏၊ ထိုလေးထောင့်ရေကန်ကြီးအနီး၌ သာလဝတီ မည်သော ရာဇာနာ မဏ္ဍပ်သည်လည်းရှိပါ၏။

အကြင်အရပ်၌ ဘီလူးတို့သည် စည်းဝေးပါကုန်၏၊ ထိုအရပ်၌ အမြဲတမ်းသီးပွင့်သော သစ်ပင်များရှိပါကုန်၏၊ အမျိုးမျိုးသောငှက်အုပ်တို့၏ ပျံသန်းလှည့်လည်ခြင်းတို့ဖြင့် ပြွမ်းလျက်

http://www.dhammadownload.com



ရှိပါကုန်၏၊ အသံသာကုန်သော ဥဒေါင်း ကြိုးကြာနှင့် ဥဩငှက် စသည်ထိုသည် မြည်တွန် ကြွေးကြော်ကြပါကုန်၏။

ဤလေးထောင့်ရေကန်ကြီး၌ "အသက်ရှည်ပါစေ အသက်ရှည်ပါစေ" ဟု မြည်တမ်းသော ဇီဝဇိဝ်း ငှက်သံ ရှိပါ၏၊ ထိုမှတပါး "ဥဋ္ဌေဟိ စိတ္တ ဥဋ္ဌေဟိ စိတ္တ"မြည်သော ငှက်တို့လည်း ရှိပါကုန်၏၊ တောကြက် ရွှေပုဇွန်လုံးတို့လည်း ရှိပါကုန်၏၊ ကြာတော၌ ပေါက္ခရသာတက မည်သော ငှက်တို့လည်းရှိပါကုန်၏။

ဤလေးထောင့် ရေကန်ကြီး၌ ကျေးသာလိကာတို့မြည်သံများလည်း ရှိပါကုန်၏၊ လူ၏ မျက်နှာကဲ့သို့ မျက်နှာရှိသော တဘ်သောဘ်ငှက်လည်း ရှိပါကုန်၏၊ ကုဝေရ နတ်မင်း၏ ကြာ ပဒုမာအိုင်ဖြစ်သော ထို ရေဏီ ရေကန်ကြီးသည် အခါခပ်သိမ်း တင့်တယ်ပါ၏။

ထိုအရပ်သည် ဤစည်းဝေးရာအရပ်မှ မြောက်အရပ်မည်ပါ၏၊ များသော အခြံအရံရှိသော ဘီလူးတို့ကို အစိုးရသော အမည်အားဖြင့် ကုဝေရဟု ခေါ်သော နတ်မင်းကြီးသည် အကြင် အရပ်ကို စောင့်၏၊ ထိုအရပ်ကို လူအများတို့သည် မြောက်အရပ်ဟု ခေါ်ပါကုန်၏၊ ထိုကုဝေရ နတ်မင်းကြီးသည် ဘီလူးတို့ခြံရံလျက် ကခုန် သီဆိုပွဲ တို့ဖြင့် မွေ့လျော်၏။

ထိုကုဝေရနတ်မင်းကြီး၏ သားတို့သည် များကုန်၏၊ အမည်ချင်းတူပါကုန်၏ဟု အကျွန်ုပ် သည် ကြားရဘူးပါ၏၊ကိုးကျိပ် တယောက်ရှိပါ၏၊ဣန္ဒအမည်ရှိပါကုန်၏၊ ခွန်အားကြီးပါကုန်၏။

ထိုသားတို့သည်လည်း သစ္စာလေးပါးကို ပိုင်းခြား၍ သိတော်မူသော နေမင်း၏ အဆွေ ဖြစ် တော်မူသော ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်း ကင်းတော်မူသော မြတ်စွာဘုရားကို မြင်သော် အဝေးကပင်လျှင် ရှိခိုးကြပါကုန်၏။

ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ် တို့သည်) ရှိခိုးပါကုန်၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား (အကျွန်ုပ်တို့သည်) ရှိခိုးပါကုန်၏။ (အသျှင်ဘုရားသည်) သဗ္ဗညုတ ဉာဏ်တော်ဖြင့် (သတ္တဝါ အားလုံးကို) ရှုကြည့်တော်မူပေ၏ ဟု ဆို၍ နတ်တို့သည်လည်း ထိုအသျှင်ဘုရားကို ရှိခိုးပါ ကုန်၏။

"သင်တို့သည် မာရ် ငါးပါးကို အောင်မြင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ရှိခိုး ကုန်သလော"ဟူသော ထိုအမေးစကားကို မပြတ်ကြားရပါကုန်၏၊ ထို့ကြောင့် "မာရ်ငါးပါးကို အောင်မြင်တော်မူသော ဂေါတမမြတ်စွာဘုရားကို ငါတို့ ရှိခိုးကုန်၏" ဟု ဆိုပါကုန်၏၊ "အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' တရားတို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးကို ပိုင်းခြား၍ သိတော်မူသော ဂေါတမမြတ်စွာဘုရားကို အကျွန်ုပ်တို့သည် ရှိခိုးပါကုန်၏" ဟု (ရွတ်ဆိုလျှောက်ထား၏)။

၂၉၂။ အသျှင်ဘုရား ဤ အာဋာနာဋိယ ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်း မိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ မပင်ပန်း မဆင်းရဲစေခြင်းငှါ ချမ်းသာစွာ နေရခြင်းငှါဖြစ်ပါ၏။

အသျှင်ဘုရား တစုံတယောက်သော ရဟန်းယောကျ်ားသည်၎င်း ရဟန်းမိန်းမသည်၎င်း ဥပါ သကာ ယောကျ်ားသည်၎င်း ဥပါသိကာမိန်းမသည်၎င်း ဤအာဋာနာဋိယ ပရိတ်အရံအတားကို

http://www.dhammadownload.com



ကောင်းစွာ သင်ယူအပ်သော် ပြည့်စုံစွာ အဖန်ဖန် လေ့လာအပ်သော် လူမဟုတ်သော ဘီလူး သည်ရင်း ဘီလူးမသည်ရင်း။ပ။ ဂန္ဓဗ္ဗနတ်သည်ရင်း ဂန္ဓဗ္ဗ နတ်သမီးသည်ရင်း။ပ။ ကုမ္ဘဏ်သည်ရင်း ကုမ္ဘဏ်မသည်ရင်း။ပ။ နဂါးသည်ရင်း နဂါးမသည်ရင်း နဂါးကလေးသည်ရင်း နဂါးမကလေး သည်ရင်း နဂါးအမတ်ကြီးသည်ရင်း အခြား အရံနဂါးသည်ရင်း အလုပ်အကျွေးနဂါးသည်ရင်း ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်း ယောကျ်ားကိုသော်ရင်း ရဟန်းမိန်းမကိုသော်ရင်း ဥပါသကာ ယောကျ်ားကိုသော်ရင်း ဥပါသိကာ မိန်းမကိုသော်ရင်း သွားနေစဉ် လိုက်၍ သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။ အသျှင်ဘုရား ဤဘီလူးသည် ရွာတို့၌ရင်း နိဂုံးတို့၌ရင်း အရိုအသေပြုခြင်းကိုရင်း အလေးအမြတ် ပြုခြင်းကိုရင်း မရရာ။ အသျှင်ဘုရား ဤဘီလူးသည် အာဠကမန္ဒာ မင်းနေပြည်၌ ဗိမာန်အိမ်ရာကိုရင်း အမြဲနေခြင်းကိုရင်း မရရာ။ အသျှင်ဘုရား ဤဘီလူးသည် ဘီလူးတို့၏ အစည်းအဝေးသို့ တက်ခွင့် မရရာ။ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက သမီးယူဆောင်၍ လက်ထပ်ခြင်း သမီး ပေး၍ လက်ထပ်ခြင်းကိုလည်း မပြုကြကုန်ရာ။ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက (မျက်လုံးပြူးသူ သွားခေါသူ စသည်ဖြင့်) ကိုယ်နှင့် စပ်ကုန်သော ဘီလူးတို့၏ ဆဲရေးခြင်းမျိုးစုံ တို့ဖြင့် ဆဲရေးလည်း ဆဲရေးရာ၏၊ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူးများက သူ၏ ဦးခေါင်း၌ သံခွက်လွတ်ကို မှောက်ထားလည်း မှောက်ထားကုန်ရာ၏၊ အသျှင်ဘုရား ထိုဘီလူးကို အခြားဘီလူး များက သူ၏ ဦးခေါင်းကို ခုနစ်စိတ်ခွဲလည်း ခွဲကုန်ရာ၏။

အသျှင်ဘုရား အမျက်ဒေါသ ကြီးကုန်သော နှောင့်ယှက်တတ်ကုန်သော နှိပ်စက်တတ်ကုန် သော ဘီလူးတို့သည် ရှိပါကုန်၏၊ ထိုဘီလူးကြီးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူကြ ပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ (စကားကို) မနာယူကြပါကုန်၊ နတ်မင်းကြီး တို့၏ ဘီလူးစစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်၊ အသျှင်ဘုရား ထိုဘီလူး တို့ကို အခြားဘီလူးများက နတ်မင်းကြီးတို့၏ ဆန့်ကျင်ဖက် ရန်သူများဟူ၍ ဆိုအပ်ပါကုန်၏။

အသျှင်ဘုရား ဥပမာအားဖြင့် မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ နိုင်ငံ၌ ခိုးသူကြီးတို့ရှိပါ ကုန်၏၊ ထိုခိုးသူကြီးတို့သည် မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ (စကားကို) မနာယူကြပါကုန်၊ မဂဓတိုင်းကိုအစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏(စကားကို) မနာယူကြပါကုန်၊ မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ စစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်၊ အသျှင် ဘုရား ထိုခိုးသူကြီးတို့ကို မဂဓတိုင်းကို အစိုးရသော မင်းကြီး၏ ဆန့်ကျင်ဖက်ရန်သူတို့ဟူ၍ ဆိုအပ် ပါကုန်၏၊ အသျှင်ဘုရား ဤအတူ အမျက်ဒေါသကြီးကုန်သော နှောင့်ယှက်တတ်ကုန်သော နှိပ်စက် တတ်ကုန်သော ဘီလူးတို့သည် ရှိပါကုန်၏၊ ထိုဘီလူးတို့သည် နတ်မင်းကြီးတို့၏ (စကားကို) မနာယူ ကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏(စကားကို)မနာယူကြပါကုန်၊ နတ်မင်းကြီးတို့၏ ဘီလူးစစ်သူကြီးတို့၏ မင်းချင်းတို့၏ (စကားကို) မနာယူကြပါကုန်၊ အသျှင်ဘုရား ထိုဘီလူးတို့ကို အခြားဘီလူးတို့က နတ်မင်းကြီးတို့၏ ဆန့်ကျင်ဖက် ရန်သူတို့ဟူ၍ ဆိုအပ်ပါကုန်၏။

အသျှင်ဘုရား တစုံတယောက်သောဘီလူးသည်ရင်း ဘီလူးမသည်ရင်း။ပ။ ဂန္ဓဗ္ဗနတ်သည်ရင်း ဂန္ဓဗ္ဗ နတ်သမီးသည်ရင်း။ပ။ ကုမ္ဘဏ်သည်ရင်း ကုမ္ဘဏ်မသည်ရင်း။ပ။ နဂါးသည်ရင်း နဂါးမသည် ရင်း။ပ။ ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ရဟန်းယောကျ်ားကိုသော်ရင်း ရဟန်းမိန်းမကိုသော်ရင်း ဥပါသကာယောကျ်ားကိုသော်ရင်း ဥပါသိကာမိန်းမကိုသော်ရင်း သွားနေစဉ် လိုက်၍သွားငြားအံ့၊ ရပ်နေစဉ် ကပ်၍ ရပ်ငြားအံ့၊ ထိုင်နေစဉ် ကပ်၍ထိုင်ငြားအံ့၊ အိပ်နေစဉ် ကပ်၍ အိပ်ငြားအံ့။ ဤနတ်

http://www.dhammadownload.com



များ ဘီလူးများ၊ ဤနတ်ကြီး ဘီလူးကြီးများ၊စစ်သေနာပတိကြီးများတို့ကို သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏၊ "ဤဘီလူးသည် (ဤသူကို) ဖမ်းစား၏၊ ဤဘီလူးသည် ပူးဝင်၏၊ ဤဘီလူးသည် နှိပ်စက်၏၊ ဤဘီလူးသည် ညှဥ်းဆဲ၏၊ ဤဘီလူးသည် ဆင်းရဲစေ၏၊ ဤဘီလူးသည် ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို" ဟု သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏။

၂၉၃။ အဘယ်မည်သော နတ်များ ဘီလူးများ နတ်ကြီး ဘီလူးကြီးများ စစ်သူကြီးများ စစ်မဟာသေနာပတိကြီးများ တို့ကို သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်သနည်းဟူမူ—

ဣန္ဒ, သောမ, ဝရုဏ, ဘာရဒွါဇ, ပဇာပတိ, စန္ဒန, ကာမသေဋ္ဌ, ကိန္နုဃဏ္ဍု, နိဃဏ္ဍု,။

ပနာဒ, ဩပမည, နတ်တို့ဘမန်မာတလိ, ဂန္ဓဗ္ဗ တောင်၌ နေကုန်သော စိတ္တသေန, နဠော ရာဇာ, ဇနေသဘ,။

သာတာဂိရိ, ဟေမဝတ, ပုဏ္ဏက, ကရတိယ, ဂုဠ, သီဝက, မုစလိန္ဒ, ဝေဿာမိတ္တ, ယုဂန္ဓရ,။

ဂေါပါလ, သုပ္ပရောဓ, ဟိရိ, နေတ္တိ, မန္ဒိယ,။

ပဉ္စာလ, စဏ္ဍ, အာဠဝက, ပဇ္ဇုန္န, သုမန, သုမုခ, ဒဓိမုခ, မဏိ, မာဏိဝရ, ဒီဃ, ဟူသော ဘီလူးများနတ်များနှင့် တကွ သေရိသက နတ်တို့တည်း။

ဤနတ်များ ဘီလူးများ နတ်ကြီး ဘီလူးကြီးများ စစ်သူကြီးများ စစ်မဟာသေနာပတိကြီးများတို့ကို သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏၊ "ဤဘီလူးသည် (ဤသူကို)ဖမ်းစား၏၊ ဤဘီလူးသည် ပူးဝင်၏၊ ဤဘီလူးသည် နှိပ်စက်၏၊ ဤဘီလူးသည် ညှဥ်းဆဲ၏၊ ဤဘီလူးသည် ဆင်းရဲစေ၏၊ဤဘီလူးသည် ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို" ဟု သိစေအပ် တိုင်တန်းအပ် ပြောကြားအပ်၏။

အသျှင်ဘုရား ဤအာဋာနာဋိယ ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက်အလို့ငှါ မပင်ပန်း မဆင်းရဲစေခြင်းငှါ ချမ်းသာစွာနေရခြင်းငှါ ဖြစ်ပါ၏။ အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် ကိစ္စများကုန်၏၊ အကျွန်ုပ်တို့သည် ပြုဖွယ်များပါကုန်၏ ဟူ၍ (လျှောက်ထား၏)။

နတ်မင်းကြီးတို့ ယခုအခါ၌ သွားရန် အချိန်ကို သင်တို့ သိကုန်၏၊ (သွားရန်မှာ သင်တို့၏ အလိုအတိုင်းပင်ဖြစ်၏) ဟု (ငါမိန့်ဆို၏)။

၂၉၄။ ရဟန်းတို့ ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည် နေရာမှထကာ ငါ့ကို ရှိသေစွာ ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ကုန်၏။ ရဟန်းတို့ ထိုနတ်တို့တွင် အချို့သော နတ်တို့သည် နေရာမှ ထကုန်၍ ငါ့ကို ရှိသေစွာ ရှိခိုးလျက် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ကုန်၏၊ အချို့နတ်တို့သည် ငါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီး၍ ထိုအရပ်၌ပင် ကွယ်ကုန်၏၊ အချို့နတ်တို့သည် ငါ့ဆီသို့ လက်အုပ်ချီမိုး ရှိခိုးကြလျက် ထိုအရပ်၌ပင် ကွယ်ကုန်၏၊ အချို့နတ်တို့သည် (မိမိတို့)အမည် အနွယ်များကို ပြောကြား၍ ထိုအရပ်၌ပင် ကွယ်ကုန်၏၊ အချို့နတ်တို့သည် တိတ်ဆိတ်စွာ ထိုအရပ်၌ပင် ကွယ်ကုန်၏။

F/13

http://www.dhammadownload.com



၂၉၅။ ရဟန်းတို့ အာဋာနာဋိယ မည်သော ပရိတ်အရံအတားကို သင်ယူကြကုန်လော့၊ ရဟန်းတို့ အာဋာနာဋိယမည်သော ပရိတ်၏အရံအတားကို အဖန်ဖန်လေ့လာကြကုန်လော့၊ရဟန်းတို့ အာဋာနာဋိယ မည်သော ပရိတ်အရံအတားကို ဆောင်ကြကုန်လော့၊ ရဟန်းတို့ အာဋာနာဋိယ မည်သော ပရိတ်အရံအတားသည် အကျိုးစီးပွါးနှင့်စပ်၏၊ အာဋာနာဋိယမည်သော ပရိတ်အရံ အတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှါ မဆင်းရဲ မပင်ပန်းခြင်းငှါ ချမ်းသာစွာနေရခြင်းငှါ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဤတရားတော်ကို မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြ လေကုန်သတည်း။

**ကိုးခုမြောက် အာဋာနာဋိယသုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၈–သင်္ဂီတိသုတ်

၂၉၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ မလ္လတိုင်း၌ ဒေသစာရီကြွတော်မူသော် မလ္လတိုင်း ပါဝါမည်သော ပြည်သို့ရောက်တော်မူ၍ ထိုပါဝါပြည်၌ ရွှေပန်းထိမ်သည်သား စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

## မင်းကွန်းသစ်

၂၉၇။ ထိုအခါ ပါဝါပြည်သား မလ္လာမင်းတို့၏ မင်းကွန်း အသစ်သည်ရှိ၏၊ (ထိုမင်းကွန်း၌) သမဏသည်ငြင်း ဗြာဟ္မဏသည်ငြင်း တစုံတယောက်သော သူသည် မနေဘူးသေး၊ ပြုလုပ်ပြီး၍ မကြာသေး၊ ဥဗ္ဗတကအမည်ရှိ၏။

"မြတ်စွာဘုရားသည် ငါးရာ မျှသော များစွာသောရဟန်းသံဃာနှင့် အတူ မလ္လတိုင်း၌ ဒေသစာရီ ကြွတော်မူရာ ပါဝါပြည် ရွှေပန်းထိမ်သည်သား စုန္ဒ၏ သရက်ဥယျာဉ်၌ နေတော်မူ၏" ဟု ပါဝါပြည်သား မလ္လာမင်းတို့သည် ကြားကုန်၏။

ထိုအခါ ပါဝါပြည်သား မလ္လာမင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော ပါဝါပြည်သား မလ္လာမင်းတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

"မြတ်စွာဘုရား ဤအရပ်၌ သမဏသည်ငြင်း ဗြာဟ္မဏသည်ငြင်း တစုံတယောက်သော သူသည် မနေဘူးသေးသော ပြုလုပ်ပြီး၍ မကြာသေးသော အလွန်မြင့်သော ပါဝါပြည်သား၊ မလ္လာမင်းတို့၏ မင်းကွန်း အသစ်သည်ရှိပါ၏။ မြတ်စွာဘုရားသည် ထိုမင်းကွန်းအသစ်ကို ရှေးဦးစွာ သုံးဆောင်တော်မူပါ မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ရှေးဦးစွာ သုံးဆောင်ပြီးသော မင်းကွန်း အသစ်ကို ပါဝါပြည်သား မလ္လာမင်းတို့သည် နောက်မှ သုံးဆောင်ကြပါလိမ့်မည်၊ ထိုမြတ်စွာဘုရား သုံးဆောင်ခြင်းသည် ပါဝါပြည်သား မလ္လာမင်းတို့၏ ရှည်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ ပါ၏" ဟု (လျှောက်ကုန်၏)။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၂၉၈။ ထိုအခါ ပါဝါပြည်သား မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ မင်းကွန်း အသစ်ဆီသို့ ချဉ်းကပ်ကြပြီးသော် မင်းကွန်း အသစ်၌ ခင်းနှီးအပြည့်ခင်း၍ မြတ်စွာဘုရား၏ ထိုင်နေစရာတို့ကို ချခင်း၍ ရေပြည့်အိုးကြီးကို တည်ထား၍ ဆီမီးတင်ထား၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြန်ကုန်၏၊ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ရပ်ပြီးသော် ပါဝါပြည်သား မလ္လာမင်းတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏။

"အသျှင်ဘုရား မင်းကွန်း၌ ခင်းနှီးအပြည့် ခင်းပြီးပါပြီ၊ ထိုင်နေစရာတို့ကိုလည်း ချခင်းပြီး ပါပြီ၊ ရေပြည့်အိုးကြီးကိုလည်း တည်ထ..ပြီးပါပြီ၊ ဆီမီးကိုလည်း တင်ထားပြီးပါပြီ၊ အသျှင်

http://www.dhammadownload.com



ဘုရား ယခုအခါ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်၊ (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင်ဖြစ်ပါသည်)" ဟု (လျှောက်ကုန်၏)။

၂၉၉။ ထိုအခါ မြတ်စွာဘုရားသည် (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့် အတူ မင်းကွန်းဆီသို့ ချဉ်းကပ် တော်မူပြီးလျှင် ခြေဆေးတော်မူ၍ မင်းကွန်းသို့ ဝင်ပြီးသော် အလယ်တိုင်ကိုမှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။

ရဟန်းသံဃာသည်လည်း ခြေဆေး၍ မင်းကွန်းသို့ ဝင်ပြီးလျှင် အနောက်ဘက် နံရံကိုမှီလျက် အရှေ့ အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာ ရှေ့ထား၍ ထိုင်နေ၏။

ပါဝါပြည်သား မလ္လာမင်းတို့သည်လည်း ခြေဆေးကုန်၍ မင်းကွန်းသို့ ဝင်ကုန်ပြီးသော် အရှေ့ နံရံကိုမှီလျက် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ထိုင်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပါဝါပြည်သား မလ္လာမင်းတို့ကို များစွာသော ညဉ့်အချိန်ပတ်လုံး အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက် သန်ရွှင်လန်းစေပြီးနောက် တိုက်တွန်းတော်မူ၏—

"ဝါသေဋ္ဌ အနွယ် မလ္လာမင်းတို့ ညဉ့်ဦးယာမ် အချိန်လွန်ပြီ၊ ယခုအခါ၌ သွားရန်အချိန်ကို သင်တို့သိကုန်၏၊ (သွားရန်မှာ သင်တို့ အလိုအတိုင်းပင်ဖြစ်၏)" ဟု (တိုက်တွန်းတော်မူ၏)။

"မြတ်စွာဘုရား ကောင်းပါပြီ" ဟု ပါဝါပြည်သား မလ္လာမင်းတို့သည် မြတ်စွာဘုရားအား ဝန်ခံ၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွားကြကုန်၏။

၃၀၀။ ထိုအခါ မြတ်စွာဘုရားသည် ပါဝါပြည်သား မလ္လာမင်းတို့ ဖဲခွါသွား၍ မကြာမီ ဆိတ်ဆိတ် နေသော ရဟန်းသံဃာကို တစောင်းကြည့်ရှုတော်မူ၍ အသျှင်သာရိပုတ္တရာကို မိန့်တော်မူ၏—

"သာရိပုတ္တရာ ရဟန်းသံဃာသည် ထိုင်းမှိုင်းခြင်းကင်း၏၊ သာရိပုတ္တရာ (သင့် ဉာဏ်၌) ရဟန်းတို့အား တရားစကားသည် ထင်စေလော့၊ ငါ၏ ကျောက်ကုန်းသည် ညောင်း၏၊ ငါသည် ကျောက်ကုန်းဆန့်အံ့" ဟု (မိန့်တော်မူ၏)။

"မြတ်စွာဘုရား ကောင်းပါပြီ" ဟု အသျှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ စကားကို နာခံ၏။

ထိုအခါ မြတ်စွာဘုရားသည် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ် ခေါက်ကာ ခင်း၍ (လက်ျာ) ခြေပေါ်၌ (လက်ဝဲ) ခြေကိုစဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် (မည်သည့် အချိန်၌) ထအံ့ ဟု ပိုင်းခြားလျက် လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော် မူ၏။

### ဘိန္နနိဂဏ္ဌဝတ္ထု

၃၀၁။ ထိုအခါ (ပါဝါပြည်၌) နာဋပုတ္တ၏သား နိဂဏ္ဌသည် သေစပင်ဖြစ်၏ 'သေပြီးခါစ ဖြစ်၏'၊ ထိုသူ၏ သေခြင်းကြောင့် (သူ၏ တပည့်) တက္ကတွန်း တို့သည် ကွဲကုန်၏၊ နှစ်စုဖြစ်ကုန်၏၊ ငြင်း ခုံကုန်၏၊ ခိုက်ရန်ဖြစ်ကုန်၏၊ ဝါဒကွဲခြင်းသို့ ရောက်ကုန်၏၊ အချင်းချင်း နှုတ်လှံထိုး၍ နေကုန်၏။

http://www.dhammadownload.com



"သင်သည် ဤဓမ္မဝိနယ[1] ကိုမသိ၊ ငါသည် ဤဓမ္မဝိနယကိုသိ၏၊ သင်သည် ဤဓမ္မဝိနယကို အသို့ သိနိုင်အံ့နည်း၊ သင်သည် မှားသော အကျင့်ရှိသူ ဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူ ဖြစ်၏၊ ငါ၏ စကားသည် စေ့စပ်၏၊ သင်၏ စကားသည် မစေ့စပ်။ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏။ သင်၏ ကြာမြင့်စွာလေ့လာသားသော စကားသည် (သင့်ဆီသို့) ပြန်လှည့်၍ တည်လေ၏၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါတင်ပြပြီ၊ သင် အရေးနိမ့်ပြီ၊ (ငါတင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ဖြေရှင်းလော့" ဟု (နှုတ်လှံထိုး၍ နေကုန်၏)။

နာဋပုတ္တ၏တပည့် နိဂဏ္ဌဘက္ကတွန်းတို့၌ ပျက်စီးခြင်းသာလျှင် ဖြစ်ယောင်တကား။

နိဂဏ္ဌနာဋပုတ္တ၏ တပည့်ဖြစ်ကုန်သော အဝတ်ဖြူဝတ်ကုန်သော လူတို့သည်လည်း နိဂဏ္ဌနာဋပုတ္တ၌ ငြီးငွေ့သော သဘောရှိကုန်၏၊ ငဲ့ခြင်းကင်းသော သဘောရှိကုန်၏၊ အရို အသေ ကင်းသော သဘောရှိကုန်၏။ ဥပမာအားဖြင့် မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိစေအပ်သော ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော ကိလေသာငြိမ်းမှုကို မဖြစ်စေတတ်သော ဘုရားဟော မဟုတ်သော ပျက်သော ကိုးကွယ်ရာရှိသော မှီခိုရာမရှိသော ဓမ္မဝိနယ၌ ငြီးငွေ့သော စိတ်ရှိကုန်သကဲ့သို့တည်း။

၃၀၂။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို မိန့်ဆို၏၊ "ငါ့သျှင်တို့ နာဋ၏သား နိဂဏ္ဌသည် ပါဝါပြည်၌ ယခု သေပြီးခါစဖြစ်၏၊ ထိုသူ၏ သေခြင်းကြောင့် နိဂဏ္ဌတို့သည် ကွဲကုန်၏၊ နှစ်စု ဖြစ်ကုန်၏။ပ။ ပျက်သောကိုးကွယ်ရာရှိသော မှီခိုရာမရှိသော ဓမ္မဝိနယ၌ ငြီးငွေ့သောစိတ်ရှိကုန်သကဲ့သို့တည်း။

ငါ့သျှင်တို့ ဤသို့ဆိုခဲ့သည့် အတိုင်း မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိစေအပ်သော ဝဋ်မှ ထွက်မြောက်ကြောင်းမဟုတ်သော ကိလေသာငြိမ်းခြင်းကို မဖြစ်စေတတ်သော ဘုရားဟော မဟုတ်သော ဓမ္မဝိနယ၌ ဤအကြောင်းသည် ဖြစ်၏။

ငါ့သျှင်တို့ ငါတို့၏ မြတ်စွာဘုရားသည် ဤတရားကို ကောင်းစွာ ဟောတော်မူအပ်၏၊ ကောင်းစွာသိစေတော်မူအပ်၏၊ (ထိုတရားသည်) ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်၏၊ ကိလေသာငြိမ်းခြင်းကို ဖြစ်စေတတ်၏၊ ဘုရားဟော ဖြစ်၏။

ထိုတရား၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံအပ်၊ ယင်းသို့ ရွတ်ဆိုအပ်သော် ဤသာသနာတော်သည် အရှည်ခံ့သည် ကြာမြင့်စွာတည်သည် ဖြစ်ရာ၏၊ ထိုသို့ ဖြစ်ခြင်းသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်ရန်အလို့ငှါ နတ် လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏။

ငါ့သျှင်တို့ ငါတို့၏ မြတ်စွာဘုရားသည် ဤတရားကို ကောင်းစွာ ဟောတော်မူအပ်၏၊ ကောင်းစွာ သိစေတော်မူအပ်၏၊ (ထိုတရားသည်) ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်၏၊ ကိလေသာငြိမ်းခြင်းကို ဖြစ်စေတတ်၏၊ ဘုရားဟော ဖြစ်၏။

---

၁။ ဓမ္မ၊ တရား၊ ဝိနယ၊ အဆုံးအမ။

http://www.dhammadownload.com



အကြင်တရား၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံအပ်၊ ယင်းသို့ ရွတ်ဆိုအပ်သော် ဤသာသနာတော်သည် အရှည်ခံ့သည် ကြာမြင့်စွာတည်သည် ဖြစ်ရာ၏၊ ထိုသို့ ဖြစ်ခြင်းသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်ရာ၏၊ ထိုသို့သော တရားသည် အဘယ်နည်းဟူမူ—

## ဧကက—တခုတည်းသောတရားစု

၃၀၃။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာ ဘုရားသည် တခုတည်းသော ဤတရားကို ကောင်းစွာ ဟောတော်မူအပ်၏။

ထိုတခုတည်းသော တရား၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်း ခုံအပ်၊ ယင်းသို့ ရွတ်ဆိုအပ်သော် ဤသာသနာတော်သည် အရှည်ခံ့သည်၊ ကြာမြင့်စွာ တည်သည် ဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် လူအများ၏ စီးပွါးချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်ရာ၏။

အဘယ် တခုတည်းသော တရားနည်းဟူမူ—

အလုံးစုံသော သတ္တဝါတို့သည် အစာအာဟာရလျှင် တည်ရာရှိကုန်၏။ အလုံးစုံသော သတ္တဝါ တို့သည် သင်္ခါရလျှင် တည်ရာရှိကုန်၏။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် တခုတည်းသော ဤတရားကို ကောင်းစွာ ဟောတော်မူအပ် ၏။ ထိုတခုတည်းသောတရား၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံ အပ်၊ ယင်းသို့ ရွတ်ဆိုအပ်သော် ဤသာသနာတော်သည် အရှည်ခံ့သည် ကြာမြင့်စွာတည်သည် ဖြစ်ရာ၏၊ ထိုသို့ ဖြစ်ခြင်းသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်ရာ၏။

## ဒုက—တရားနှစ်ပါးစု

၃၀၄။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာ ဘုရားသည် ကောင်းစွာဟောတော်မူအပ်သော နှစ်ပါးသော တရားတို့သည် ရှိကုန်၏၊ ထိုနှစ်ပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်ရာ၏။

အဘယ်တရား နှစ်ပါးတို့နည်းဟူမူ—

နာမ်တရားငှင်း ရုပ်တရားငှင်းတည်း၊ (၁) ဖုံးကွယ်တတ်သော 'အဝိဇ္ဇာ' တရားငှင်း ဘဝ၌ တပ် မက်သော 'ဘဝတဏှာ' ငှင်းတည်း။ (၂) ဘဝမြဲ၏ဟူသော မိစ္ဆာအယူငှင်း သေလျှင်ဘဝပြတ်၏ ဟူ သော မိစ္ဆာအယူငှင်းတည်း။ (၃) မရှက်ခြင်းငှင်း မကြောက်ခြင်းငှင်းတည်း။ (၄) ရှက်ခြင်းငှင်း ကြောက်ခြင်းငှင်းတည်း။ (၅) ဆုံးမခက်ခြင်းငှင်း မကောင်းသော အဆွေခင်ပွန်းရှိခြင်းငှင်းတည်း။ (၆) ဆုံးမလွယ်ခြင်းငှင်း ကောင်းသောအဆွေခင်ပွန်းရှိခြင်းငှင်းတည်း။ (၇) အာပတ်၌လိမ္မာခြင်း ငှင်း အာပတ်မှ ထခြင်း၌ လိမ္မာခြင်းငှင်းတည်း။ (၈) သမာပတ်၌လိမ္မာခြင်းငှင်း သမာပတ်မှထခြင်း၌

http://www.dhammadownload.com



လိမ္မာခြင်းရင်းတည်း။ (၉) ခေတ်၌လိမ္မာခြင်းရင်း နှလုံးသွင်းခြင်း၌လိမ္မာခြင်းရင်းတည်း။ (၁၀) အာယတန၌လိမ္မာခြင်းရင်း ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာခြင်းရင်းတည်း။ (၁၁) အကြောင်းဟုတ်သည်၌ လိမ္မာခြင်းရင်း အကြောင်းမဟုတ်သည်၌လိမ္မာခြင်းရင်းတည်း။ (၁၂) ဖြောင့်မတ်ခြင်းရင်း နူးညံ့သိမ်မွေ့ခြင်းရင်းတည်း။ (၁၃) သည်းခံခြင်းရင်း တရား၌မွေ့လျော်ခြင်းရင်းတည်း။ (၁၄) သိမ်မွေ့ပြေပြစ်ခြင်းရင်း စေ့စပ်ခြင်းရင်းတည်း။ (၁၅) မညှဉ်းဆဲခြင်းရင်း စင်ကြယ်ခြင်းရင်းတည်း။ (၁၆) လွတ်သောသတိရှိခြင်းရင်း ပညာအဆင်အခြင်မရှိခြင်းရင်းတည်း။ (၁၇) သတိရှိခြင်းရင်း ပညာအဆင်အခြင်ရှိခြင်းရင်းတည်း။ (၁၈) ဣန္ဒြေတို့၌ မလုံသောတံခါးရှိခြင်းရင်း အစားအစာ၌ အတိုင်းအရှည်မသိခြင်းရင်းတည်း။ (၁၉) ဣန္ဒြေတို့၌ လုံသောတံခါးရှိခြင်းရင်း အစားအစာ၌ အတိုင်းအရှည်သိခြင်းရင်းတည်း။ (၂၀) ဆင်ခြင်ခြင်းအားရင်း ပွါးများခြင်းအားရင်းတည်း။ (၂၁) သတိအားရင်း သမာဓိအားရင်းတည်း။ (၂၂) သမထတရားရင်း ဝိပဿနာတရားရင်းတည်း။ (၂၃) သမထအာရုံရင်း ဝီရိယအာရုံရင်းတည်း။ (၂၄) ဝီရိယတရားရင်း မပျံ့လွင့်ခြင်းရင်းတည်း။ (၂၅) သီလပျက်ခြင်းရင်း အယူပျက်ခြင်းရင်းတည်း။ (၂၆) သီလနှင့်ပြည့်စုံခြင်းရင်း အယူနှင့်ပြည့်စုံခြင်းရင်းတည်း။ (၂၇) သီလစင်ကြယ်ခြင်းရင်း အယူစင်ကြယ်ခြင်းရင်းတည်း။ (၂၈) စင်ကြယ်သောဉာဏ်အမြင်ရင်း ဉာဏ်အမြင်အားလျော်သော ဝီရိယရင်းတည်း။ (၂၉) ထိတ်လန့်သင့်သောအရာတို့၌ ထိတ်လန့်ခြင်းရင်း ထိတ်လန့်သော ပုဂ္ဂိုလ်၏ ဉာဏ်နှင့်ယှဉ်သော ဝီရိယရင်းတည်း။ (၃၀) ကုသိုလ်တရားတို့၌ မရောင့်ရဲခြင်းရင်း ကမ္မဋ္ဌာန်း၌မဆုတ်မနစ်ခြင်းရင်းတည်း။ (၃၁) ဝိဇ္ဇာတရားရင်း ကိလေသာမှ လွတ်ခြင်းရင်းတည်း။ (၃၂) ကိလေသာကုန်ရာ အရဟတ္တမဂ်ဉာဏ်ရင်း အရဟတ္တဖိုလ်ဉာဏ်ရင်းတည်း။ (၃၃)

ငါ့သျှင်တို့(အလုံးစုံသော တရားတို့ကို)သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤနှစ်ပါးသော တရားတို့ကို ကောင်းစွာ ဟောတော်မူအပ်ကုန်၏။ ထိုတရားနှစ်ပါးတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုန်အပ်၊ ယင်းသို့ ရွတ်ဆိုအပ်သော် ဤသာသနာတော်သည် အရှည်ခံ့သည် ကြာမြင့်စွာတည်သည် ဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် လူအများ၏ စီးပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန်အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်ရာ၏။

## တိက——တရားသုံးပါးစု

၃၀၅။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော သုံးပါးသော တရားတို့သည် ရှိကုန်၏။ ထိုသုံးပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏၊

အဘယ်တရား သုံးပါးတို့နည်းဟူမူ——

အကုသိုလ် မူလတို့သည် လောဘအကုသိုလ်မူလ ဒေါသအကုသိုလ်မူလ မောဟအကုသိုလ်မူလ အားဖြင့် သုံးပါးတို့တည်း။ (၁)

http://www.dhammadownload.com



ကုသိုလ်မူလတို့သည် အလောဘကုသိုလ်မူလ အဒေါသကုသိုလ်မူလ အမောဟကုသိုလ်မူလ အားဖြင့် သုံးပါးတို့တည်း။ (၂)

မကောင်းသောအကျင့် 'ဒုစ္စရိုက်'တို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစ္စရိုက်' နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစ္စရိုက်' စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစ္စရိုက်'အားဖြင့် သုံးပါးတို့တည်း။ (၃)

ကောင်းသောအကျင့် 'သုစရိုက်'တို့သည် ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'အားဖြင့် သုံးပါးတို့တည်း။ (၄)

မကောင်းသော ကြံစည်ခြင်းတို့သည် ကာမနှင့်စပ်၍ ကြံစည်ခြင်း 'ကာမဝိတက်' ဒေါသနှင့်စပ်၍ ကြံစည်ခြင်း 'ဗျာပါဒဝိတက်' ညှဉ်းဆဲခြင်းနှင့်စပ်၍ ကြံစည်ခြင်း 'ဝိဟိံသာဝိတက်'အားဖြင့် သုံးပါးတို့တည်း။ (၅)

ကောင်းသော ကြံစည်ခြင်းတို့သည် ကာမမှ လွတ်ရန်ကြံစည်ခြင်း 'နေက္ခမ္မဝိတက်' မေတ္တာနှင့်စပ်၍ ကြံစည်ခြင်း 'အဗျာပါဒဝိတက်' ကရုဏာနှင့်စပ်၍ ကြံစည်ခြင်း 'အဝိဟိံသာဝိတက်'အားဖြင့် သုံးပါးတို့တည်း။ (၆)

မကောင်းသော ကြံခြင်းတို့သည် ကာမနှင့်စပ်သော ကြံခြင်း 'ကာမသင်္ကပ္ပ' ဒေါသနှင့်စပ်သော ကြံခြင်း 'ဗျာပါဒသင်္ကပ္ပ' ညှဉ်းဆဲခြင်းနှင့်စပ်သော ကြံခြင်း 'ဝိဟိံသာသင်္ကပ္ပ'အားဖြင့် သုံးပါးတို့တည်း။ (၇)

ကောင်းသော ကြံခြင်းတို့သည် ကာမမှလွတ်ရန်ကြံခြင်း 'နေက္ခမ္မသင်္ကပ္ပ' မေတ္တာနှင့်စပ်၍ ကြံခြင်း 'အဗျာပါဒသင်္ကပ္ပ' ကရုဏာနှင့်စပ်၍ ကြံခြင်း 'အဝိဟိံသာသင်္ကပ္ပ'အားဖြင့် သုံးပါးတို့တည်း။ (၈)

မကောင်းသော အမှတ်တို့သည် ကာမနှင့်စပ်သော မှတ်ခြင်း 'ကာမသညာ' ဒေါသနှင့်စပ်သော မှတ်ခြင်း 'ဗျာပါဒသညာ' ညှဉ်းဆဲခြင်းနှင့်စပ်သော မှတ်ခြင်း 'ဝိဟိံသာသညာ'အားဖြင့် သုံးပါးတို့တည်း။ (၉)

ကောင်းသော အမှတ်တို့သည် ကာမမှလွတ်ရန် မှတ်ခြင်း 'နေက္ခမ္မသညာ' မေတ္တာနှင့်စပ်၍ မှတ်ခြင်း 'အဗျာပါဒသညာ' ကရုဏာနှင့်စပ်၍ မှတ်ခြင်း 'အဝိဟိံသာသညာ'အားဖြင့် သုံးပါးတို့တည်း။ (၁၀)

အကုသိုလ်ဓာတ်တို့သည် ကာမနှင့်စပ်သော သဘော 'ကာမဓာတ်' ဒေါသနှင့်စပ်သော သဘော 'ဗျာပါဒဓာတ်' ညှဉ်းဆဲခြင်းနှင့်စပ်သော သဘော 'ဝိဟိံသာဓာတ်'အားဖြင့် သုံးပါးတို့တည်း။ (၁၁)

ကုသိုလ်ဓာတ်တို့သည် ကာမမှလွတ်ရန် သဘော 'နေက္ခမ္မဓာတ်' မေတ္တာနှင့်စပ်သော သဘော 'အဗျာပါဒဓာတ်' ကရုဏာနှင့်စပ်သော သဘော 'အဝိဟိံသာဓာတ်'အားဖြင့် သုံးပါးတို့တည်း။ (၁၂)

http://www.dhammadownload.com



ထိုမှတပါးလည်း ခေတ်တို့သည် ကာမခေတ် ရူပခေတ် အရူပခေတ်အားဖြင့် သုံးပါးတို့တည်း။ (၁၃)

ထိုမှတပါးလည်း ခေတ်တို့သည် ရူပခေတ် အရူပခေတ် နိရောဓခေတ်အားဖြင့် သုံးပါးတို့တည်း။ (၁၄)

ထိုမှတပါးလည်း ခေတ်တို့သည် ဟီနခေတ် မဇ္ဈိမခေတ် ပဏီတ ခေတ်အားဖြင့် သုံးပါးတို့တည်း။ (၁၅)

တဏှာတို့သည် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာအားဖြင့် သုံးပါးတို့တည်း။ (၁၆)

ထိုမှတပါးလည်း တဏှာတို့သည် ကာမတဏှာ ရူပတဏှာ အရူပတဏှာအားဖြင့် သုံးပါးတို့တည်း။ (၁၇)

ထိုမှတပါးလည်း တဏှာတို့သည် ရူပတဏှာ အရူပတဏှာ နိရောဓတဏှာအားဖြင့် သုံးပါးတို့တည်း။ (၁၈)

သံယောဇဉ်တို့သည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမသအားဖြင့် သုံးပါးတို့တည်း။ (၁၉)

အာသဝတို့သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝအားဖြင့် သုံးပါးတို့တည်း။ (၂၀)

ဘဝတို့သည် ကာမဘဝ ရူပဘဝ အရူပဘဝအားဖြင့် သုံးပါးတို့တည်း။ (၂၁)

ရှာမှီးခြင်းတို့သည် ကာမဂုဏ်ကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း (တိတ္ထိတို့သည်) မြတ်သောအကျင့် ဟု သမုတ်အပ်သော မိစ္ဆာအယူကို ရှာမှီးခြင်းအားဖြင့် သုံးပါးတို့တည်း။ (၂၂)

မာန်တို့သည် ငါသည် မြတ်၏ ဟူသော မာန် ငါသည် တူ၏ ဟူသော မာန် ငါသည် ယုတ်၏ ဟူသော မာန်အားဖြင့် သုံးပါးတို့တည်း။ (၂၃)

ကာလတို့သည် အတိတ်ကာလ အနာဂတ်ကာလ ပစ္စုပ္ပန်ကာလအားဖြင့် သုံးပါးတို့တည်း။ (၂၄)

အစုတို့သည် ဥပါဒါနက္ခန္ဓာငါးပါးဟူသော အစု ဥပါဒါနက္ခန္ဓာ ငါးပါး၏ အကြောင်းဟူသော အစု ဥပါဒါနက္ခန္ဓာငါးပါး ချုပ်ခြင်းဟူသော အစုအားဖြင့် သုံးပါးတို့တည်း။ (၂၅)

ခံစားခြင်း 'ဝေဒနာ'တို့သည် ချမ်းသာခံစားခြင်း 'သုခဝေဒနာ' ဆင်းရဲခံစားခြင်း 'ဒုက္ခဝေဒနာ' လျစ်လျူရှု၍ ခံစားခြင်း 'ဥပေက္ခာဝေဒနာ'အားဖြင့် သုံးပါးတို့တည်း။ (၂၆)

ဆင်းရဲ 'ဒုက္ခ' တို့သည် ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခအားဖြင့် သုံးပါးတို့တည်း။ (၂၇)

အစုတို့သည် မကောင်းကျိုးပေးခြင်း၌ မြဲသောအစု ကောင်းကျိုးပေးခြင်း၌ မြဲသော အစု (နှစ်မျိုးစလုံး၌)မမြဲသော အစုအားဖြင့် သုံးပါးတို့တည်း။ (၂၈)

http://www.dhammadownload.com



ယုံမှားခြင်းတို့သည် အတိတ်ကာလကို အာရုံပြု၍ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ အနာဂတ်ကာလကို အာရုံပြု၍ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ ယခုပစ္စုပ္ပန်ကာလကို အာရုံပြု၍ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်ခြင်းအားဖြင့် သုံးပါးတို့တည်း ။ (၂၉)

မြတ်စွာဘုရားသည် အထူးမစောင့်စည်းရသော တရားတို့သည်-ငါ့သျှင်တို့ မြတ်စွာဘုရားသည် စင်ကြယ်ပြီးသောကိုယ်အကျင့် 'ကာယသုစရိုက်' ရှိတော်မူ၏၊ "ငါ၏ ဤကာယဒုစရိုက်အကျင့်ကို သူတပါးမသိပါစေသတည်း" ဟု မြတ်စွာဘုရားသည် အကြင် ကာယဒုစရိုက်ကို စောင့်ရှောက်ရာ၏၊ (ထိုသို့သော)ကာယဒုစရိုက်သည် မြတ်စွာဘုရားအား ရှိတော်မမူ။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် စင်ကြယ်ပြီးသော နှုတ်အကျင့်'ဝစီသုစရိုက်' ရှိတော်မူ၏၊ "ငါ၏ ဤဝစီဒုစရိုက်ကို သူတပါးမသိပါစေသတည်း" ဟု မြတ်စွာဘုရားသည် အကြင် ဝစီဒုစရိုက်ကို စောင့်ရှောက်ရာ၏၊ (ထိုသို့သော)ဝစီဒုစရိုက်သည် မြတ်စွာဘုရားအား ရှိတော်မမူ။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် စင်ကြယ်သော စိတ်အကျင့် 'မနောသုစရိုက်' ရှိတော်မူ၏၊ "ငါ၏ ဤမနောဒုစရိုက် အကျင့်ကို သူတပါး မသိပါစေသတည်း" ဟု မြတ်စွာဘုရားသည် အကြင် မနောဒုစရိုက်ကို စောင့်ရှောက်ရာ၏၊ (ထိုသို့သော) မနောဒုစရိုက်သည် မြတ်စွာဘုရားအား ရှိတော်မမူခြင်းအားဖြင့် သုံးပါးတို့တည်း။ (၃၀)

ကြောင့်ကြခြင်းတို့သည် ရာဂကြောင့်ကြခြင်း ဒေါသကြောင့်ကြခြင်း မောဟကြောင့်ကြခြင်းအားဖြင့် သုံးပါးတို့တည်း။ (၃၁)

မီးတို့သည် ရာဂမီး ဒေါသမီး မောဟမီးအားဖြင့် သုံးပါးတို့တည်း။ (၃၂)

တပါးလည်းဖြစ်ကုန်သော မီးတို့သည် အမိအဖမီး အိမ်ရှင်မီး အလှူခံမီးအားဖြင့် သုံးပါးတို့တည်း။ (၃၃)

ရုပ်ကို အပြားအားဖြင့် ရေတွက်ခြင်းတို့သည် မြင်ခြင်းနှင့်လည်းတကွ ထိပါးခြင်းနှင့်လည်းတကွဖြစ်သောရုပ် မြင်ခြင်းကားမရှိ ထိပါးခြင်းနှင့်သာတကွဖြစ်သောရုပ် မြင်ခြင်းလည်းမရှိ ထိပါးခြင်းလည်းမရှိသော ရုပ်အားဖြင့် သုံးပါးတို့တည်း။ (၃၄)

သင်္ခါရတို့သည် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရအားဖြင့် သုံးပါးတို့တည်း။ (၃၅)

ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် ကျင့်ပြီး 'အသေက္ခ'ပုဂ္ဂိုလ် ကျင့်ဆဲ 'သေက္ခ'လည်း မဟုတ် ကျင့်ပြီး 'အသေက္ခ'လည်း မဟုတ်သော 'နေဝသေက္ခ နာသေက္ခ'ပုဂ္ဂိုလ်အားဖြင့် သုံးပါးတို့တည်း။ (၃၆)

ထေရ်တိသည် အသက်အရွယ်အားဖြင့်ကြီးသော 'ဇာတိ'ထေရ် တရားဂုဏ်အားဖြင့်ကြီးသော 'ဓမ္မ'ထေရ် သမုတ်အပ်သောအားဖြင့် ကြီးသော 'သမ္မုတိ'ထေရ်အားဖြင့် သုံးပါးတို့တည်း။ (၃၇)

ပုညကိရိယာ ဝတ္ထုတို့သည် ဒါနဖြင့်ပြီးသော ပုညကိရိယာဝတ္ထု သီလဖြင့်ပြီးသော ပုညကိရိယာဝတ္ထု ဘာဝနာဖြင့်ပြီးသော ပုညကိရိယာ ဝတ္ထုအားဖြင့် သုံးပါးတို့တည်း။ (၃၈)

http://www.dhammadownload.com



စေ၀ဒနာခြင်း အကြောင်းတို့သည် မြင်၍ စေ၀ဒနာခြင်း ကြား၍ စေ၀ဒနာခြင်း ယုံမှားရှိ၍ စေ၀ဒနာခြင်းအားဖြင့် သုံးပါးတို့တည်း။ (၃၉)

ကာမဂုဏ်ခံစားခြင်းတို့သည် သုံးပါးတို့တည်း။ ငါ့သျှင်တို့ ထင်ရှားရှိသော ကာမဂုဏ်ကို ခံစားကုန်သော သတ္တ၀ါဘို့သည် ရှိကုန်၏။ ထိုသတ္တ၀ါတို့သည် ထင်ရှားသော ကာမဂုဏ်တို့၌ (မိမိ)အလိုသို့ လိုက်စေဘတ်ကုန်၏၊ အဘယ်သူဘို့နည်းဟူမူ-လူ အချို့သောနတ် အချို့သော၀ိနိပါတိကသတ္တ၀ါတို့တည်း။ ဤကား ရှေးဦးစွာသော ကာမဂုဏ် ခံစားခြင်းတည်း။

ငါ့သျှင်တို့ ဖန်ဆင်းအပ်သော ကာမဂုဏ်ရှိကုန်သော သတ္တ၀ါတို့သည် ရှိကုန်၏။ ထိုသတ္တ၀ါတို့သည် ဖန်ဆင်း၍ ဖန်ဆင်း၍ ကာမဂုဏ်တို့၌ (မိမိ)အလိုသို့ လိုက်စေတတ်ကုန်၏၊ အဘယ်သူတို့နည်းဟူမူ-နိမ္မာနရတိနတ်တို့တည်း။ ဤကား ဒုတိယမြောက် ကာမဂုဏ်ခံစားခြင်းတည်း။

ငါ့သျှင်တို့ သူဘပါးဖန်ဆင်းအပ်သော ကာမဂုဏ်ရှိသော သတ္တ၀ါတို့သည် ရှိကုန်၏။ ထိုသတ္တ၀ါတို့သည် သူတပါး ဖန်ဆင်းအပ်သော ကာမဂုဏ်တို့၌ (မိမိ) အလိုသို့ လိုက်စေတတ်ကုန်၏၊ အဘယ်သူတို့န ်ဉ်းဟူမူ-ပရနိမ္မိတ၀သ၀တ္တိနတ်ဘို့တည်း။ ဤကား တတိယမြောက် ကာမဂုဏ် ခံစားခြင်းတည်း။ (၄၀)

ချမ်းသာခံစားခြင်းတို့သည် သုံးပါးတို့တည်း။ ငါ့သျှင်တို့ အောက်အောက်ချမ်းသာကို ဖြစ်စေ၍ ဖြစ်စေ၍ အထက်အထက် ချမ်းသာကို ခံစားကုန်သော သတ္တ၀ါတို့သည် ရှိကုန်၏။ အဘယ်သူတို့နည်းဟူမူ-ပဌမစျာန်ဘုံ၌ဖြစ်သော ဗြဟ္မာတို့တည်း။ ဤကား ရှေးဦးစွာသော ချမ်းသာခံစားခြင်းတည်း။

ငါ့သျှင်တို့ စျာန်ချမ်းသာခံစားခြင်းဖြင့် စွတ်ကုန်သော ထက်၀န်းကျင် စွတ်ကုန်သော ထက်၀န်•ကျင် ပြည့်ကုန်သော ထက်၀န်းကျင်နှံ့ ကုန်သော သတ္တ၀ါတို့သည် ရှိကုန်၏။ ထိုသတ္တ၀ါတို့သည် တရံတခါ "ချေသြာ်ချမ်းသာစွ ချေသြာ်ချမ်းသာစွ" ဟု ဥဒါန်းကျူးကုန်၏၊ အဘယ်သူတို့နည်းဟူမူ-အာဘဿရဘုံ၌ဖြစ်သော ဗြဟ္မာတို့တည်း။ ဤကား ဒုတိယမြောက်ချမ်းသာခံစားခြင်းတည်း။

ငါ့သျှင်တို့ စျာန်ချမ်းသာခံစားခြင်းဖြင့် စွတ်ကုန်သော ထက်၀န်းကျင် စွတ်ကုန်သော ထက်၀န်းကျင် ပြည့်ကုန်သော ထက်၀န်းကျင်နှံ့ ကုန်သော သတ္တ၀ါတို့သည် ရှိကုန်၏။ ထိုသတ္တ၀ါတို့သည် နှစ်လိုဝမ်းမြောက်ကုန်သည်ဖြစ်၍ ကောင်းမြတ်သည်သာဖြစ်သော စိတ်၏ ချမ်းသာကို ခံစားကုန်၏။ အဘယ်သူဘို့နည်းဟူမူ-သုဘကိဏှာဘုံ၌ဖြစ်သော ဗြဟ္မာတို့တည်း။ ဤကား တတိယမြောက် ချမ်းသာခံစားခြင်းတည်း။ (၄၁)

ပညာတို့သည် ကျင့်ဆဲ 'သေက္ခ'ပညာ ကျင့်ပြီး 'အသေက္ခ'ပညာ ကျင့်ဆဲလည်း မဟုတ် ကျင့်ပြီးလည်း မဟုတ် 'နေ၀သေက္ခာနာသေက္ခ' ပညာအားဖြင့် သုံးပါးတို့တည်း။ (၄၂)

ထိုမှတပါးလည်း ပညာတို့သည် အကြံဖြင့်ပြီးသောပညာ ကြားမြင်ခြင်းဖြင့် ပြီးသောပညာ ပွါးများခြင်းဖြင့် ပြီးသော ပညာအားဖြင့် သုံးပါးတို့တည်း။ (၄၃)

လက်နက်တို့သည် အကြားအမြင်လက်နက် ဆိတ်ငြိမ်ခြင်း '၀ိဝေက'လက်နက် ပညာလက်နက် အားဖြင့် သုံးပါးတို့တည်း။ (၄၄)

http://www.dhammadownload.com



ဣန္ဒြေတို့သည် အနညာတညဿာမိတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေအားဖြင့် သုံးပါးတို့တည်း။ (၄၅)

မျက်စိ 'စက္ခု'တို့သည် မံသစက္ခု ဒိဗ္ဗစက္ခု ပညာစက္ခုအားဖြင့် သုံးပါးတို့တည်း။ (၄၆)

သိက္ခာတို့သည် အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာအားဖြင့် သုံးပါးတို့တည်း။ (၄၇)

ဘာဝနာတို့သည် ကာယဘာဝနာ စိတ္တဘာဝနာ ပညာဘာဝနာအားဖြင့် သုံးပါးတို့တည်း။ (၄၈)

အလွန်မြတ်သောတရားတို့သည် ဝိပဿနာဉာဏ်ဟူသော မြတ်သော သဘောတရား မဂ်ဉာဏ်ဟူသော မြတ်သော သဘောတရား ဖိုလ်ဉာဏ်ဟူသော မြတ်သော သဘောတရားအားဖြင့် သုံးပါးတို့တည်း။ (၄၉)

သမာဓိတို့သည် သဝိတက္ကသဝိစာရသမာဓိ အဝိတက္ကဝိစာရမတ္တသမာဓိ အဝိတက္ကအဝိစာရသမာဓိအားဖြင့် သုံးပါးတို့တည်း။ (၅၀)

ထို့မှတပါးလည်း သမာဓိတို့သည် သုညတသမာဓိ အနိမိတ္တသမာဓိ အပ္ပဏိဟိတသမာဓိအားဖြင့် သုံးပါးတို့တည်း။ (၅၁)

စင်ကြယ်ခြင်းတို့သည် ကိုယ်၏ စင်ကြယ်ခြင်း နှုတ်၏စင်ကြယ်ခြင်း စိတ်၏ စင်ကြယ်ခြင်းအားဖြင့် သုံးပါးတို့တည်း။ (၅၂)

ရဟန်းအကျင့်တို့သည် ကိုယ်ဖြင့် ရဟန်းအကျင့်ကို ကျင့်ခြင်း နှုတ်ဖြင့် ရဟန်းအကျင့်ကို ကျင့်ခြင်း စိတ်ဖြင့် ရဟန်းအကျင့်ကို ကျင့်ခြင်းအားဖြင့် သုံးပါးတို့တည်း။ (၅၃)

လိမ္မာခြင်းတို့သည် အစီးအပွါး၌ လိမ္မာခြင်း အစီးအပွါးမရှိသည်၌ လိမ္မာခြင်း အကြောင်း၌ လိမ္မာခြင်းအားဖြင့် သုံးပါးတို့တည်း။ (၅၄)

မာန်ယစ်ခြင်းတို့သည် အနာကင်းခြင်းဖြင့် မာန်ယစ်ခြင်း အရွယ်နှင့်ပြည့်စုံခြင်းဖြင့် မာန်ယစ်ခြင်း ဇာတ်နှင့်ပြည့်စုံခြင်းဖြင့် မာန်ယစ်ခြင်းအားဖြင့် သုံးပါးတို့တည်း။ (၅၅)

အလေးပြုခြင်းတို့သည် မိမိကိုယ်ကို အလေးပြုခြင်း လောကကိုအလေးပြုခြင်း တရားကို အလေးပြုခြင်းအားဖြင့် သုံးပါးတို့တည်း။ (၅၆)

စကားဖြစ်ကြောင်းတို့သည် သုံးပါးတို့တည်း။ "အတိတ်ခန္ဓာ၌ ဤသို့ဖြစ်ပြီ" ဟု အတိတ်ခန္ဓာကို အကြောင်းပြု၍ စကားကို ပြောဆိုရာ၏၊ "အနာဂတ်ခန္ဓာ၌ ဤသို့ဖြစ်လတ္တံ့" ဟု အနာဂတ်ခန္ဓာကို အကြောင်းပြု၍ စကားကို ပြောဆိုရာ၏၊ "ယခုပစ္စုပ္ပန်ခန္ဓာ၌ ဤသို့ဖြစ်ဆဲ" ဟု ပစ္စုပ္ပန်ခန္ဓာကို အကြောင်းပြု၍ စကားကို ပြောဆိုရာ၏။ (ဤသုံးပါးတို့တည်း)။ (၅၇)

ဝိဇ္ဇာတို့သည် ရှေး၌ဖြစ်ဘူးသော ဘဝကိုအောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်' ဝိဇ္ဇာ သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတဉာဏ်'ဝိဇ္ဇာ အာသဝေါတရားတို့ကို ကုန်စေရာဖြစ်သော အရဟတ္တမဂ်၌ ဖြစ်သော 'အာသဝက္ခယဉာဏ်' ဝိဇ္ဇာအားဖြင့် သုံးပါးတို့တည်း။ (၅၈)

http://www.dhammadownload.com



နေခြင်းတို့သည် နတ်ချမ်းသာနှင့်တူသော သမာပတ်ရှစ်ပါး ချမ်းသာကို ခံစား၍ နေခြင်း ဖြဟ္မဝိဟာရတရားဖြင့် နေခြင်း မြတ်သော ဖလသမာပတ်ချမ်းသာကို ခံစား၍ နေခြင်းအားဖြင့် သုံးပါးတို့တည်း။ (၅၉)

တန်ခိုးပြာဋိဟာဘို့သည် အထူးထူးတန်ခိုး ဖန်ဆင်းခြင်း တန်းခိုးပြာဋိဟာ သူတပါးစိတ်ကို သိ၍ ညွှန်းခြင်းဟူသော တန်းခိုးပြာဋိဟာ သူတပါးစိတ်ကို သိ၍ တရားဟောခြင်းဟူသော တန်ခိုးပြာဋိဟာ အားဖြင့် သုံးပါးတို့တည်း။ (၆၀)

ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာ ဘုရားသည် သုံးပါးသော တရားတို့ကို ကောင်းစွာ ဟောတော်မူအပ်ကုန်၏။ ထိုသုံးပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုး စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏။

## စတုက္က——တရားလေးပါးစု

၃၀၆။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်ဘိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား သည် ကောင်းစွာ ဟောတော်မူအပ်ကုန်သော လေးပါးသော တရားတို့သည် ရှိကုန်၏။ ထိုလေးပါး သော တရားဘို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံအပ်။ပ။ နတ်လူ တို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏။

အဘယ်တရား လေးပါးတို့နည်းဟူမူ——

သတိပဋ္ဌာန်တို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ် တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏၊ ခံစားမှု 'ဝေဒနာ'တို့၌ ဝေဒနာဟုရှုလျက်။ပ။ စိတ်၌ စိတ်ဟုရှုလျက်။ပ။ ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိ ရှိလျက် သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင် တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ (ဤလေးပါးတို့တည်း)။ (၁)

သမ္မပ္ပဓာန်တို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် မဖြစ် သေးသော မကောင်းမှု အကုသိုလ် တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

ဖြစ်ပြီးမကောင်းမှု အကုသိုလ် တရားတို့ကို ပယ်ဖျောက်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အား ထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

ဖြစ်ပြီး ကုသိုလ်တရားတို့ တည်ခြင်းငှါ မတွေဝေခြင်းငှါ လွန်စွာ ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ပွါးခြင်းငှါ ပြည့်စုံခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက် ၏၊ ဆောက်တည်၏။ (ဤလေးပါးတို့တည်း)။ (၂)

http://www.dhammadownload.com



ဣဒ္ဓိပါဒ်တို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဆန္ဒရွေ့သွားပြုသော သမာဓိနှင့်ငြင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ'နှင့်ငြင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်' တရားကို ပွါးများ၏၊ ဝီရိယရွေ့သွားပြုသော သမာဓိနှင့်ငြင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ'နှင့်ငြင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားကို ပွါးများ၏၊ စိတ်ရွေ့သွားပြုသော သမာဓိနှင့်ငြင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ'နှင့်ငြင်း ပြည့်စုံသော ပြီးစီးခြင်း၏ အခြေခံ 'ဣဒ္ဓိပါဒ်'တရားကို ပွါးများ၏၊ ပညာရွေ့သွားပြုသော သမာဓိနှင့်ငြင်း အားထုတ်ပြုပြင်မှု 'ပဓာနသင်္ခါရ' နှင့်ငြင်း ပြည့်စုံသော ပြီးစီးခြင်း၏အခြေခံ 'ဣဒ္ဓိပါဒ်'တရားကို ပွါးများ၏။ (ဤလေးပါးတို့တည်း)။ (၃)

ဈာန်တို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွ ဖြစ်သော နီဝရဏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကိုပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။

နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုသျက် နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာ ပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ထို တတိယဈာန်သို့ရောက်၍ နေ၏။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ငြင်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်ငြင်း ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ (ဤလေးပါးတို့တည်း)။ (၄)

၃၀၇။ သမာဓိ ဘာဝနာတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာ နေခြင်းငှါဖြစ်သော သမာဓိဘာဝနာသည် ရှိ၏။

ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရခြင်းငှါ ဖြစ်သော သမာဓိဘာဝနာသည် ရှိ၏။

ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန်အလေ့အလာပြုအပ်သော သတိသမ္ပဇဉ်နှင့်ပြည့်စုံစေခြင်းငှါ ဖြစ်သော သမာဓိဘာဝနာသည် ရှိ၏။

ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန်အလေ့အလာပြုအပ်သော အာသဝေါတရားတို့၏ ကုန်ခြင်းငှါဖြစ်သော သမာဓိဘာဝနာသည် ရှိ၏။ (ဤလေးပါးတို့တည်း)။

ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာ နေခြင်းငှါ ဖြစ်သော သမာဓိဘာဝနာသည် အဘယ်နည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)

http://www.dhammadownload.com



၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ရောက်၍ နေ၏။ပ။ ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော ဤသမာဓိဘာဝနာသည် ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာနေခြင်းငှါ ဖြစ်၏။ (ဤသည်ပင်တည်း)။ (၅-၁)

ငါ့သျှင်ဘို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရခြင်းငှါဖြစ်သော သမာဓိဘာဝနာသည် အဘယ်နည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် အသင်းရောင်အမှတ်ကို နှလုံးသွင်း၏၊ နေ့ဟူသော အမှတ်ကိုအဓိဋ္ဌာန်ပြု၏၊ နေ့ကဲ့သို့ ညဉ့်ကို ညဉ့်ကဲ့သို့ နေ့ကို နှလုံးသွင်း၏၊ ဤသို့အပိတ်အပင်မရှိသော ထက်ဝန်းကျင် မြေးယှက်ခြင်းမရှိသော စိတ်ဖြင့် အရောင်အလင်းရှိသော စိတ်ကို ပွါးများ၏။ ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန်အလေ့ အလာပြုအပ်သော ဤသမာဓိဘာဝနာသည် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရခြင်းငှါ ဖြစ်၏။ (ဤသည် ပင်တည်း)။ (၅-၂)

ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်းငှါဖြစ်သော သမာဓိဘာဝနာသည် အဘယ်နည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းအား ဝေဒနာဘို့သည် ထင်ရှားကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ ထင်ရှားကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ထင်ရှား ကုန်သည်ဖြစ်၍ ချုပ်ခြင်းသို့ ရောက်ကုန်၏။ သညာတို့သည် ထင်ရှားကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ ထင်ရှားကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ထင်ရှားကုန်သည်ဖြစ်၍ ချုပ်ခြင်းသို့ ရောက်ကုန်၏။ ဝိတက် တို့သည် ထင်ရှားကုန်သည်ဖြစ်၍ ဖြစ်ကုန်၏၊ ထင်ရှားကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ထင်ရှားကုန်သည် ဖြစ်၍ ချုပ်ခြင်းသို့ရောက်ကုန်၏။ ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာ ပြုအပ်သော ဤသမာဓိဘာဝနာသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်းငှါ ဖြစ်၏။ (ဤသည်ပင်တည်း)။ (၅-၃)

ငါ့သျှင်တို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာ ပြုအပ်သော အာသဝေါတရားတို့၏ ကုန်ခြင်းငှါဖြစ်သော သမာဓိဘာဝနာသည် အဘယ်နည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကိုရှု၍ နေ၏၊ ရုပ်သည် ဤသို့ သဘောရှိ၏၊ ရုပ်၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ရုပ်၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ဝေဒနာသည် ဤသို့ သဘောရှိ၏၊ သညာသည် ဤသို့ သဘောရှိ၏၊ သင်္ခါရတို့သည် ဤသို့ သဘောရှိကုန်၏၊ ဝိညာဉ် သည် ဤသို့ သဘောရှိ၏၊ ဝိညာဉ်၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ဝိညာဉ်၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏(ဟု ရှု၍နေ၏)။ ငါ့သျှင်ဘို့ ပွါးစေအပ်သော အဖန်ဖန် အလေ့အလာပြုအပ်သော ဤသမာဓိဘာဝနာသည် အာသဝေါတရားတို့၏ ကုန်ခြင်းငှါ ဖြစ်၏။(ဤသည်ပင်တည်း)။ (၅-၄)

၃၀၈။ အပ္ပမညာတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို သုံးခုမြောက် အရပ်မျက်နှာကို လေးခုမြောက် အရပ် မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါ အားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

http://www.dhammadownload.com



သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို သုံးခုမြောက် အရပ်မျက်နှာကို လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာ အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏။အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ (ဤလေးပါးတို့တည်း)။ (၆)

အာရုပ္ပတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေ၏။

အာကာသာနဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍ နေ၏။

ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနဈာန်သို့ရောက်၍ နေ၏။ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ "ဤဝိညာဉ်သည် ငြိမ်သက်၏၊ ဤဝိညာဉ်သည် မွန်မြတ်၏"[၁] ဟု (နှလုံးသွင်းလျက်) နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေ၏။ (ဤလေးပါးတို့တည်း)။ (၇)

မှီရာတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဉာဏ်ဖြင့်ဆင်ခြင်၍ မှီဝဲသင့်သော အရာကို မှီဝဲ၏၊ ဉာဏ်ဖြင့်ဆင်ခြင်၍ သည်းခံသင့်သောအရာကို သည်းခံ၏၊ ဉာဏ်ဖြင့်ဆင်ခြင်၍ ရှောင်ကြဉ်သင့်သော အရာကို ရှောင်ကြဉ်၏။ ဉာဏ်ဖြင့် ဆင်ခြင်၍ ပယ်ဖျောက်သင့်သော အရာကို ပယ်ဖျောက်၏။ (ဤလေးပါးတို့တည်း)။ (၈)

၃၀၉။ အရိယဝံသတရားတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကို ချီးမွမ်းလေ့ရှိ၏၊ သင်္ကန်းဟူသော အကြောင်းကြောင့် မလျောက်ပတ်သော မသင့်လျော်သော ရှာမှီးခြင်းသို့လည်း မရောက်၊ သင်္ကန်း မရခြင်းကြောင့်လည်း မတုန်လှုပ်၊ သင်္ကန်း ရခြင်းကြောင့်လည်း တပ်ငြိသော စိတ်မရှိ၊ တွေဝေသော စိတ်မရှိ၊ တွယ်တာသော စိတ်မရှိ၊ အပြစ်ကို ရှုလေ့ရှိ၏၊ (တဏှာမှ) ထွက်မြောက်သော ပညာနှင့် ပြည့်စုံသည် ဖြစ်၍ သုံးဆောင်၏၊ ထိုရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းကြောင့် မိမိကိုယ်ကိုလည်း မချီးမြှောက်၊ သူတပါးကိုလည်း မရှုတ်ချ၊ ထိုရရသမျှ သင်္ကန်းဖြင့် ရောင့်ရဲခြင်း၌ အကြင်ရဟန်းသည် လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ပညာအဆင်အခြင်နှင့်ပြည့်စုံ၏။ သတိနှင့် ပြည့်စုံ၏။

ငါ့သျှင်တို့ ဤသို့သော ရဟန်းကို ရှေး၌ဖြစ်သော အမြတ်ဟူ၍ သိအပ်သော အရိယဝံသ တရား၌ တည်သောရဟန်းဟု ဆိုအပ်၏။ (၉-၁)

---

၁။ ဤအာထာရေါကျသည် ပါဠိတော်မူရင်း၌ မရှိချေ။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကို ချီးမွမ်းလေ့ရှိ၏၊ ဆွမ်းဟူသော အကြောင်းကြောင့် မလျောက်ပတ်သော မသင့်လျော်သော ရှာမှီးခြင်းသို့လည်း မရောက်၊ ဆွမ်းမရခြင်းကြောင့်လည်း မတုန်လှုပ်၊ ဆွမ်းရခြင်းကြောင့်လည်း ကပ်ငြိသော စိတ်မရှိ၊ တွေဝေသော စိတ်မရှိ၊ တွယ်တာသော စိတ်မရှိ၊ အပြစ်ကိုရှုလေ့ရှိ၏၊ (တဏှာမှ) ထွက်မြောက်သောပညာနှင့် ပြည့်စုံသည်ဖြစ်၍ သုံးဆောင်၏၊ ထို ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်းကြောင့် မိမိကိုယ်ကိုလည်း မချီးမြှောက်၊ သူတပါးကိုလည်း မရှုတ်ချ၊ ထိုရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၌ အကြင်ရဟန်းသည် လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ပညာအဆင်အခြင်နှင့် ပြည့်စုံ၏၊ သတိနှင့် ပြည့်စုံ၏။

ငါ့သျှင်တို့ ဤသို့သောရဟန်းကို ရှေး၌ ဖြစ်သော အမြတ်ဟူ၍ သိအပ်သော အရိယဝံသ တရား၌ တည်သောရဟန်းဟု ဆိုအပ်၏။ (၉-၂)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရရသမျှသော ကျောင်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကို ချီးမွမ်းလေ့ရှိ၏၊ ကျောင်း ဟူသော အကြောင်းကြောင့် မလျောက်ပတ်သော မသင့်လျော်သော ရှာမှီးခြင်းသို့လည်း မရောက်၊ ကျောင်းမရခြင်းကြောင့်လည်း မတုန်လှုပ်၊ ကျောင်းရခြင်းကြောင့်လည်း ကပ်ငြိသော စိတ်မရှိ၊ တွေဝေသော စိတ်မရှိ၊ တွယ်တာသော စိတ်မရှိ၊ အပြစ်ကို ရှုလေ့ရှိ၏၊ (တဏှာမှ)ထွက်မြောက်သော ပညာနှင့်ပြည့်စုံသည် ဖြစ်၍သုံးဆောင်၏၊ ထိုရရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်းကြောင့် မိမိကိုယ်ကိုလည်း မချီးမြှောက်၊ သူတပါးကိုလည်း မရှုတ်ချ၊ ထိုရရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်း၌ အကြင် ရဟန်းသည် လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ပညာအဆင်အခြင်နှင့် ပြည့်စုံ၏၊ သတိနှင့် ပြည့်စုံ၏။

ငါ့သျှင်တို့ ဤသို့သောရဟန်းကို ရှေး၌ဖြစ်သော အမြတ်ဟူ၍ သိအပ်သော အရိယဝံသ တရား၌ တည်သောရဟန်းဟု ဆိုအပ်၏။ (၉-၃)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ပယ်ခြင်း၌ မွေ့လျော်၏၊ ပယ်ခြင်း၌ ပျော်ပိုက်၏၊ ဘာဝနာ၌ မွေ့လျော်၏၊ ဘာဝနာ၌ပျော်ပိုက်၏၊ ထိုပယ်ခြင်း၌ မွေ့လျော်ခြင်းကြောင့်၎င်း ပယ်ခြင်း၌ ပျော်ပိုက်ခြင်းကြောင့်၎င်း ဘာဝနာ၌မွေ့လျော်ခြင်းကြောင့်၎င်း ဘာဝနာ၌ပျော်ပိုက်ခြင်းကြောင့်၎င်း မိမိကိုယ်ကိုလည်း မချီးမြှောက်၊ သူတပါးကိုလည်း မရှုတ်ချ၊ ထိုဘာဝနာပွါးများခြင်း၌ အကြင်ရဟန်းသည် လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ပညာအဆင်အခြင်နှင့်ပြည့်စုံ၏၊ သတိနှင့်ပြည့်စုံ၏။

ငါ့သျှင်တို့ ဤသို့သောရဟန်းကို ရှေး၌ဖြစ်သော အမြတ်ဟူ၍ သိအပ်သော အရိယဝံသ တရား၌ တည်သောရဟန်း ဟု ဆိုအပ်၏။ (၉-၄)

၃၁၀။ ဝီရိယကို အားထုတ်ခြင်း ပဓာနတရားတို့သည် စက္ခုန္ဒြေစသည်ကို စောင့်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'သံဝရပဓာန' ကာမဝိတက်စသည်ကိုပယ်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'ပဟာနပဓာန' ဗောဇ္ဈင် စသည်ကို ပွါးစေသော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'ဘာဝနာ ပဓာန' သမာဓိနိမိတ်ကို စောင့်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'အနုရက္ခဏာပဓာန'အားဖြင့် လေးပါးတို့တည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ စက္ခုန္ဒြေစသည်ကို စောင့်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'သံဝရပဓာန' သည် အဘယ်နည်းဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကိုမြင်သော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း (စက္ခုန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာယာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ် တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်—

နှာဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်—

လျှာဖြင့်အရသာ 'ရသာရုံ'ကို လျက်သော်—

ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်—

စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း(မနိန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာယာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ် တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထို့ကြောင့် ရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

ငါ့သျှင်တို့ ဤသဘောတရားကို စက္ခုန္ဒြေစသည်ကိုစောင့်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'သံဝရပဓာန' ဟူ၍ဆိုအပ်၏။ (၁၀-၁)

ငါ့သျှင်တို့ ကာမဝိတက် စသည်ကိုပယ်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'ပဟာနပဓာန' သည် အဘယ်နည်းဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသော ကာမဝိတက်ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏၊ ဖြစ်ပြီးသော ဗျာပါဒဝိတက်ကို။ပ။ ဖြစ်ပြီးသော ဝိဟိံသာဝိတက်ကို။ပ။ ဖြစ်ကုန်ဖြစ်ကုန်ပြီးသော မကောင်းမှု အကုသိုလ် တရားတို့ကို လက်မခံ၊ စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။

ငါ့သျှင်တို့ ဤသဘောတရားကို ကာမဝိတက်စသည်ကို ပယ်သော ပုဂ္ဂိုလ်အား ဖြစ်သော ဝီရိယ 'ပဟာနပဓာန' ဟူ၍ ဆိုအပ်၏။ (၁၀-၂)

ငါ့သျှင်တို့ ဗောဇ္ဈင်စသည်ကို ပွါးစေသော ပုဂ္ဂိုလ်အား ဖြစ်သောဝီရိယ 'ဘာဝနာပဓာန' သည် အဘယ်နည်းဟူမူ—

http://www.dhammadownload.com



ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ရာကိုမှီ၍ဖြစ်သော ရာဂကင်းရာကိုမှီ၍ ဖြစ်သော ရာဂချုပ်ရာကိုမှီ၍ဖြစ်သော နိဗ္ဗာန်သို့ညွတ်သော မဂ်၏အကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ မဂ်၏အကြောင်းဖြစ်သော ပညာ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ မဂ်၏အကြောင်းဖြစ်သော လုံ့လ 'ဝီရိယသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ မဂ်၏အကြောင်းဖြစ်သော နှစ်သိမ့်မှု 'ပီတိသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ မဂ်၏အကြောင်းဖြစ်သော ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ မဂ်၏အကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ ဆိတ်ငြိမ်ရာကိုမှီ၍ဖြစ်သော ရာဂကင်းရာကိုမှီ၍ဖြစ်သော ရာဂချုပ်ရာကိုမှီ၍ဖြစ်သော နိဗ္ဗာန်သို့ ညွတ်သော မဂ်၏အကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'ကို ပွါးများ၏။

ငါ့သျှင်တို့ ဤသဘောတရားကို ဗောဇ္ဈင်စသည်ကို ပွါးစေသော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'ဘာဝနာပဓာန' ဟူ၍ ဆိုအပ်၏။ (၁၀-၃)

ငါ့သျှင်တို့ သမာဓိနိမိတ်ကို စောင့်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'အနုရက္ခဏာပဓာန' သည် အဘယ်နည်းဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အရိုးစုအကောင်ဟု အမှတ်ရှိသော ပိုးလောက် ပြည့်သော အကောင်ဟု အမှတ်ရှိသော ညိုညိုမဲမဲအကောင်ဟု အမှတ်ရှိသော အပေါက် အပေါက် ရှိသော အကောင်ဟု အမှတ်ရှိသော ဖူးဖူးယောင်သော အကောင်ဟု အမှတ်ရှိသော ရအပ်ပြီး ဖြစ်သော သမာဓိနိမိတ်ကို စောင့်၏။

ငါ့သျှင်တို့ ဤသဘောတရားကို သမာဓိနိမိတ်ကို စောင့်သော ပုဂ္ဂိုလ်အားဖြစ်သော ဝီရိယ 'အနုရက္ခဏာပဓာန' ဟူ၍ဆိုအပ်၏။ (၁၀-၄)

ဉာဏ်တို့သည် သစ္စာလေးပါး၌ သိသော ဓမ္မဉာဏ် ဓမ္မဉာဏ်သို့ အစဉ်လိုက်သော အန္ဝယဉာဏ် သူတပါးတို့ စိတ်ကို ပိုင်းခြားသိသော ပရိစ္ဆေဒဉာဏ် သမုတိပညတ်၌ သိသောဉာဏ်အားဖြင့် လေးပါးတို့တည်း။ (၁၁)

ထို့မှတပါးလည်း ဉာဏ်တို့သည် ဆင်းရဲကိုသိသောဉာဏ် ဆင်းရဲဖြစ်ကြောင်းကို သိသောဉာဏ် ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကို သိသောဉာဏ် ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို သိသော ဉာဏ်အားဖြင့် လေးပါးတို့တည်း။ (၁၂)

၃၁၁။ သောတာပတ္တိမဂ်ရခြင်း အကြောင်း 'အင်္ဂါ' တို့သည် သူတော်ကောင်းကိုမှီဝဲခြင်း သူတော်ကောင်းတရားကို နာခြင်း အသင့် အတင့် နှလုံးသွင်းခြင်း လောကုတ္တရာနှင့် လျော်သော အကျင့်ကို ကျင့်ခြင်းအားဖြင့် လေးပါးတို့တည်း။ (၁၃)

သောတာပန်၏အင်္ဂါတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ အရိယာ သာဝကသည် မြတ်စွာဘုရား၌ ဉာဏ်ဖြင့်တွေ့မြင်၍ (တုန်လှုပ်ခြင်းမရှိသော) ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါပေ၏ လောကကို

http://www.dhammadownload.com



သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါးတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏" ဟု (ဉာဏ်ဖြင့်တွေ့မြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။

တရားတော်၌ ဉာဏ်ဖြင့်တွေ့မြင်၍ (တုန်လှုပ်ခြင်းမရှိသော) ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ "မြတ်စွာဘုရား ဟောသောတရားတော်သည် ကောင်းစွာဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့်ရှုလှည့်ဟု ပြဆိုက်သော တရားတော်ပါပေတည်း၊ (မိမိကိုယ်ထည်း စိတ်ထည်း၌) ဆောင်ယူထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း" ဟု (ဉာဏ်ဖြင့်တွေ့မြင်၍တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏)။

သံဃာတော်၌ ဉာဏ်ဖြင့်တွေ့မြင်၍ (တုန်လှုပ်ခြင်း မရှိသော) ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ "မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် မှန်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် လျောက်ပတ်သောအကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးအရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော် မူပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်တော်မူပါပေ၏" ဟု (ဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ တဏှာ၏ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော (မှားယွင်းစွာ) မသုံးသပ်အပ်ကုန်သော သမာဓိကိုဖြစ်စေတတ်ကုန်သော မကျိုးမပေါက် မပြောက် မကျားကုန်သော အရိယာတို့ မြတ်နိုးအပ်သော သီလနှင့် ပြည့်စုံ၏။ (၁၄)

ရဟန်း၏ အကျိုးတို့သည် သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ် အားဖြင့် လေးပါးတို့တည်း။ (၁၅)

ဓာတ်တို့သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်အားဖြင့် လေးပါး တို့တည်း။ (၁၆)

အာဟာရတို့သည် ကြမ်းတမ်းသည်လည်းဖြစ်သော နူးညံ့သည်လည်းဖြစ်သော အလုံးအခဲ ပြုအပ်သော အာဟာရ နှစ်ခုမြောက်သော ဖဿာဟာရ သုံးခုမြောက်သော မနောသဉ္စေတနာဟာရ လေးခုမြောက်သော ဝိညာဏာဟာရအားဖြင့် လေးပါးတို့တည်း။ (၁၇)

http://www.dhammadownload.com



ဝိညာဏဋ္ဌိတိတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ရုပ်လျှင် မှီရာရှိသည်လည်း ဖြစ်သော ရုပ်လျှင်အထောက်အပံ့ရှိသည်လည်း ဖြစ်သော ရုပ်လျှင်တည်ရာရှိသည်လည်းဖြစ်သော (အဘိသင်္ခါရ) ဝိညာဉ်သည် တည်ဆဲဖြစ်၍တည်၏၊ တဏှာတည်းဟူသော ရေသွန်းအပ်သည်ဖြစ်၍ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်၏။ ငါ့သျှင်တို့ ဝေဒနာလျှင် မှီရာရှိသည်လည်းဖြစ်သော။ ငါ့သျှင်တို့ သညာလျှင် မှီရာရှိသည်လည်းဖြစ်သော။ ငါ့သျှင်တို့ သင်္ခါရလျှင် မှီရာရှိသည်လည်းဖြစ်သော သင်္ခါရလျှင် အထောက်အပံ့ရှိသည်လည်းဖြစ်သော သင်္ခါရလျှင် တည်ရာရှိသည်လည်းဖြစ်သော ဝိညာဉ်သည် တည်ဆဲဖြစ်၍ တည်၏၊ တဏှာတည်းဟူသော ရေသွန်းအပ်သည်ဖြစ်၍ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်၏။ (၁၇)

မလားအပ်သည်သို့ လားခြင်းတို့သည် လေးပါးတို့တည်း။ ချစ်သောအားဖြင့် မလားအပ်သည် သို့ လား၏၊ မုန်းသောအားဖြင့် မလားအပ်သည်သို့လား၏၊ မသိသောအားဖြင့် မလားအပ်သည်သို့ လား၏၊ ကြောက်သောအားဖြင့် မလားအပ်သည်သို့ လား၏၊ (ဤလေးပါးတို့တည်း)။ (၁၉)

တဏှာ၏ ဖြစ်ခြင်းတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ သင်္ကန်းဟူသော အကြောင်း ကြောင့်လည်း ရဟန်းအား တဏှာသည် ဖြစ်ဆဲဖြစ်၍ ဖြစ်၏၊ ငါ့သျှင်တို့ ဆွမ်းဟူသော အကြောင်း ကြောင့်လည်း ရဟန်းအား တဏှာသည် ဖြစ်ဆဲဖြစ်၍ ဖြစ်၏၊ ငါ့သျှင်တို့ ကျောင်းဟူသော အ ကြောင်းကြောင့်လည်း ရဟန်းအား တဏှာသည် ဖြစ်ဆဲဖြစ်၍ ဖြစ်၏၊ ငါ့သျှင်တို့ မြတ်ကုန် အထူး သဖြင့် မြတ်ကုန်သော ဆီ ပျား တင်လဲစသော အကြောင်းကြောင့်လည်း ရဟန်းအား တဏှာသည် ဖြစ်ဆဲဖြစ်၍ ဖြစ်၏၊ (ဤလေးပါးတို့တည်း)။ (၂၀)

အကျင့်တို့သည် နှေးသော အသိဉာဏ်ရှိသော ဆင်းရဲသောအကျင့်၊ လျင်သောအသိဉာဏ် ရှိသော ဆင်းရဲသောအကျင့်၊ နှေးသောအသိဉာဏ်ရှိသော ချမ်းသာသောအကျင့်၊ လျင်သော အသိဉာဏ်ရှိသော ချမ်းသာသော အကျင့်အားဖြင့် လေးပါးတို့တည်း။ (၂၁)

ထိုမှတပါးလည်း အကျင့်တို့သည် (အချမ်း အပူစသည်ကို) သည်းမခံနိုင်သော အကျင့်၊ (အချမ်း အပူစသည်ကို) သည်းခံနိုင်သော အကျင့်၊ ဣန္ဒြေကိုဆုံးမသော အကျင့်၊ ကာမဝိတက် စသည်ကို ငြိမ်းစေသော အကျင့်အားဖြင့် လေးပါးတို့တည်း။ (၂၂)

တရား အစုတို့သည် အလောဘ ဟူသော တရားအစု၊ အဒေါသဟူသော တရားအစု၊ သမ္မာသတိ ဟူသော တရားအစု၊ သမ္မာသမာဓိဟူသော တရားအစုအားဖြင့် လေးပါးတို့တည်း။ (၂၃)

တရားကို ဆောက်တည်ခြင်းတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ယခု ပစ္စုပ္ပန်၌လည်း ဆင်းရဲသော နောင်အခါ၌လည်း ဆင်းရဲသော အကျိုးကိုပေးတတ်သော တရားကို ဆောက်တည် ခြင်းသည်ရှိ၏၊ ငါ့သျှင်တို့ ယခုပစ္စုပ္ပန်၌ ဆင်းရဲသော နောင်အခါ၌ ချမ်းသာကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်းသည်ရှိ၏၊ ငါ့သျှင်တို့ ယခုပစ္စုပ္ပန်၌ ချမ်းသာသော နောင်အခါ၌ ဆင်းရဲ ကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်းသည်ရှိ၏၊ ငါ့သျှင်တို့ ယခုပစ္စုပ္ပန်၌လည်း ချမ်းသာသော နောင်အခါ၌လည်း ချမ်းသာကျိုးကိုပေးတတ်သော တရားကိုဆောက်တည်ခြင်း သည်ရှိ၏၊ (ဤလေးပါးတို့တည်း)။ (၂၄) ၈

တရားဂုဏ် 'ဓမ္မက္ခန္ဓာ' တို့သည် သီလဂုဏ် 'သီလက္ခန္ဓ'၊ သမာဓိဂုဏ် 'သမာဓိက္ခန္ဓ'၊ ပညာဂုဏ် 'ပညာက္ခန္ဓ'၊ ဝိမုတ္တိဂုဏ် 'ဝိမုတ္တိက္ခန္ဓ' အားဖြင့် လေးပါးတို့တည်း။ (၂၅)

http://www.dhammadownload.com



ဗိုလ်တို့သည် အားထုတ်ခြင်း 'ဝီရိယ'ဗိုလ်၊ အောက်မေ့ခြင်း 'သတိ' ဗိုလ်၊ တည်ကြည်ခြင်း 'သမာဓိ'ဗိုလ်၊ အပြားအားဖြင့် သိခြင်း 'ပညာ'ဗိုလ်အားဖြင့် လေးပါးတို့တည်း။ (၂၆)

အဓိဋ္ဌာန် 'တည်ရာ' တို့သည် ပညာသာလျှင် အဓိဋ္ဌာန် 'တည်ရာ'၊ သစ္စာသာလျှင် အဓိဋ္ဌာန် 'တည်ရာ'၊စွန့်ကြဲခြင်းသာလျှင် အဓိဋ္ဌာန် 'တည်ရာ'၊ ကိလေသာငြိမ်းခြင်းသာလျှင် အဓိဋ္ဌာန် 'တည်ရာ' အားဖြင့် လေးပါးတို့တည်း။ (၂၇)

၃၁၂။ ပြဿနာဖြေခြင်းတို့သည် စင်စစ်ဖြေအပ်သော ပြဿနာ၊ တဖန်မေး၍ ဖြေအပ်သော ပြဿနာ၊ အကျယ်ဝေဘန်၍ ဖြေအပ်သောပြဿနာ၊ မေးသည်ကိုထား၍ ဖြေအပ်သော ပြဿနာ အားဖြင့် လေးပါးတို့တည်း။ (၂၈)

ကံတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ မည်း၍ မည်းသော အကျိုးကိုပေးတတ်သော ကံသည်ရှိ၏၊ ငါ့သျှင်တို့ ဖြူ၍ ဖြူသော အကျိုးကိုပေးတတ်သော ကံသည်ရှိ၏၊ ငါ့သျှင်တို့ အမည်း အဖြူ နှစ်မျိုးရော၍ အမည်း အဖြူနှစ်မျိုးရောသော အကျိုးကို ပေးတတ်သော ကံသည်ရှိ၏၊ ငါ့သျှင်တို့ အမည်းလည်းမဟုတ် အဖြူလည်းမဟုတ်၍ အမည်းလည်းမဟုတ် အဖြူလည်းမဟုတ်သော အကျိုးကိုပေးတတ်သော ကံသည် ရှိ၏၊ ထိုကံသည် ကံကုန်ခြင်းငှါဖြစ်၏၊ (ဤလေးပါးတို့တည်း)။ (၂၉)

မျက်မှောက်ပြုအပ်သော တရားတို့သည် လေးပါးတို့တည်း။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်း 'သတိ' ဖြင့် မျက်မှောက်ပြုအပ်၏၊ သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မျက်မှောက်ပြုအပ်၏၊ ဝိမောက္ခ ရှစ်ပါးတို့ကို နာမကာယဖြင့် မျက်မှောက်ပြုအပ်၏၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို အရဟတ္တဖိုလ်ပညာဖြင့် မျက်မှောက်ပြုအပ်၏၊ ဤလေးပါးတို့တည်း။ (၃၀)

နစ်မွန်းတတ်သော ဩဃတို့သည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃအားဖြင့် လေးပါးတို့တည်း။ (၃၁)

(ဝဋ်၌) ယှဉ်ခြင်း 'ယောဂ'တို့သည် ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ အားဖြင့် လေးပါးတို့တည်း။ (၃၂)

မယှဉ်ခြင်းတို့သည် ကာမယောဂနှင့် မယှဉ်ခြင်း၊ ဘဝယောဂနှင့် မယှဉ်ခြင်း၊ ဒိဋ္ဌိယောဂနှင့် မယှဉ်ခြင်း၊ အဝိဇ္ဇာယောဂနှင့် မယှဉ်ခြင်းအားဖြင့် လေးပါးတို့တည်း။ (၃၃)

(ဝဋ်၌) ထုံးဖွဲ့တတ်သော ဂန္ထတို့သည် အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထအားဖြင့် လေးပါးတို့တည်း။ (၃၄)

ဥပါဒါန်တို့သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်အားဖြင့် လေးပါးတို့တည်း။ (၃၅)

ပဋိသန္ဓေတို့သည် အဥ၌ဖြစ်သော ပဋိသန္ဓေ၊ အမိဝမ်း၌ဖြစ်သော ပဋိသန္ဓေ၊ အညှိ၌ဖြစ်သော ပဋိသန္ဓေ၊ ထင်ရှားစွာ အလိုလို ကျရောက်သကဲ့သို့ဖြစ်သော ပဋိသန္ဓေအားဖြင့် လေးပါးတို့တည်း။ (၃၆)

အမိဝမ်း၌ ပဋိသန္ဓေ ကိန်းအောင်းခြင်းတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် ပညာအသိမရှိမူ၍ အမိဝမ်းသို့သက်၏၊ ပညာအသိမရှိမူ၍ အမိဝမ်း၌တည်၏၊ ပညာအသိမရှိမူ၍ အမိဝမ်းမှ ထွက်၏။ ဤကား ရှေးဦးစွာသော အမိဝမ်းသို့ သက်ခြင်းတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထိုပြင်လည်း ဤလောက၌ အချို့သောသူသည် ပညာအသိရှိလျက် အမိဝမ်းသို့ သက်၏၊ ပညာအသိမရှိပဲ အမိဝမ်း၌တည်၏၊ ပညာအသိမရှိပဲ အမိဝမ်းမှထွက်၏။ ဤကား နှစ်ခုမြောက် အမိဝမ်းသို့ သက်ခြင်းတည်း။

ငါ့သျှင်တို့ တဖန်ထိုပြင်လည်း ဤလောက၌ အချို့သောသူသည် ပညာအသိရှိလျက် အမိဝမ်းသို့ သက်၏၊ ပညာအသိရှိလျက် အမိဝမ်း၌တည်၏၊ ပညာအသိမရှိပဲ အမိဝမ်းမှထွက်၏။ ဤကား သုံးခုမြောက် အမိဝမ်းသို့ သက်ခြင်းတည်း။

ငါ့သျှင်တို့ တဖန်ထိုပြင်လည်း ဤလောက၌ အချို့သောသူသည် ပညာအသိရှိလျက် အမိဝမ်းသို့ သက်၏၊ ပညာအသိရှိလျက် အမိဝမ်း၌တည်၏၊ ပညာအသိရှိလျက် အမိဝမ်းမှထွက်၏။ ဤကား လေးကြိမ်မြောက်အမိဝမ်းသို့သက်ခြင်းတည်း။ (၃၇)

ဘဝသစ်ကို ရခြင်းတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ အကြင်အတ္တဘောကို ရခြင်း၌ မိမိစေတနာသည်သာလျှင် ဖြစ်၏၊ သူတပါးစေတနာသည်မဖြစ်၊ ထိုအတ္တဘောကို ရခြင်းသည်ရှိ၏။

ငါ့သျှင်တို့ အကြင်အတ္တဘောကို ရခြင်း၌ သူတပါးစေတနာသာလျှင်ဖြစ်၏၊ မိမိ၏ စေတနာသည်မဖြစ်၊ ထိုအတ္တဘောကို ရခြင်းသည်ရှိ၏။

ငါ့သျှင်တို့ အကြင်အတ္တဘောကိုရခြင်း၌ မိမိစေတနာသည်လည်းဖြစ်၏၊ သူတပါးစေတနာသည်လည်းဖြစ်၏၊ ထိုအတ္တဘောကိုရခြင်းသည်ရှိ၏။

ငါ့သျှင်တို့ အကြင်အတ္တဘောကို ရခြင်း၌ မိမိစေတနာသည်လည်းမဖြစ်၊ သူတပါးစေတနာသည်လည်း မဖြစ်၊ ထိုအတ္တဘောကိုရခြင်းသည်ရှိ၏၊ (ဤလေးပါးတို့တည်း)။ (၃၈)

၃၁၃။ အလှူ၏ စင်ကြယ်ခြင်းတို့သည် လေးပါးတို့တည်း။ ငါ့သျှင်တို့ အကြင်အလှူသည် ဒါယကာကြောင့်စင်ကြယ်၏၊ အလှူခံပုဂ္ဂိုလ်ကြောင့်မစင်ကြယ်၊ ထိုအလှူသည်ရှိ၏။

ငါ့သျှင်တို့ အကြင်အလှူသည် အလှူခံပုဂ္ဂိုလ်ကြောင့်စင်ကြယ်၏၊ ဒါယကာကြောင့် မစင်ကြယ်၊ ထိုအလှူသည်ရှိ၏။

ငါ့သျှင်တို့ အကြင်အလှူသည် ဒါယကာကြောင့်လည်းမစင်ကြယ်၊ အလှူခံပုဂ္ဂိုလ်ကြောင့်လည်း မစင်ကြယ်၊ ထိုအလှူသည်ရှိ၏။

ငါ့သျှင်တို့ အကြင်အလှူသည် ဒါယကာကြောင့်လည်းစင်ကြယ်၏၊ အလှူခံပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ်၏၊ ထိုအလှူသည်ရှိ၏၊ (ဤလေးပါးတို့တည်း)။ (၃၉)

အဆွေခင်ပွန်းရခြင်း၏ အကြောင်းတို့သည် ပေးကမ်းခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ အကျိုးကိုကျင့်ခြင်း၊ မိမိနှင့် ကိုယ်တူပြုခြင်းအားဖြင့် လေးပါးတို့တည်း။ (၄၀)

အရိယာမဟုတ်သူတို့၏ စကားတို့သည် မဟုတ်မမှန်ပြောခြင်း၊ ကုန်းတိုက်စကားကိုပြောခြင်း၊ အကျိုးမဲ့စကားကိုပြောခြင်း၊ကြမ်းတမ်းသောစကားကို ပြောခြင်းအားဖြင့် လေးပါးတို့တည်း။ (၄၁)

အရိယာတို့၏ စကားတို့သည် မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းသော စကားကိုပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ အကျိုးမဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်းအားဖြင့် လေးပါးတို့တည်း။ (၄၂)

http://www.dhammadownload.com



ထို့ပြင်လည်း အရိယာမဟုတ်သူတို့၏ စကားတို့သည် မမြင်ပဲ မြင်၏ ဟု ပြောခြင်း၊ မကြားပဲ ကြား၏ ဟု ပြောခြင်း၊ မတွေ့ပဲ တွေ့၏ ဟု ပြောခြင်း၊ မသိပဲသိ၏ ဟု ပြောခြင်းအာ ဖြင့် လေးပါး တို့တည်း။ (၄၃)

ထို့ပြင်လည်း အရိယာတို့၏ စကားတို့သည် မမြင်သောအရာ၌ မမြင်ဟု ပြောခြင်း၊ မကြား သောအရာ၌ မကြား ဟု ပြောခြင်း၊ မတွေ့သောအရာ၌ မတွေ့ ဟု ပြောခြင်း၊ မသိသောအရာ၌ မသိ ဟု ပြောခြင်းအားဖြင့် လေးပါးတို့တည်း။ (၄၄)

ထို့ပြင်လည်း အရိယာမဟုတ်သူတို့၏ စကားတို့သည် မြင်သောအရာ၌ မမြင် ဟု ပြောခြင်း၊ ကြားသောအရာ၌ မကြား ဟု ပြောခြင်း၊ တွေ့သောအရာ၌ မတွေ့ ဟု ပြောခြင်း၊ သိသောအရာ၌ မသိ ဟု ပြောခြင်းအားဖြင် လေးပါးတို့တည်း။ (၄၅)

ထို့ပြင်လည်း အရိယာတို့၏စကားတို့သည် မြင်သောအရာ၌ မြင်သည်ဟု ပြောခြင်း၊ ကြားသော အရာ၌ ကြားသည်ဟုပြောခြင်း၊ တွေ့သောအရာ၌ တွေ့သည် ဟု ပြောခြင်း၊ သိသောအရာ၌ သိသည်ဟုပြောခြင်းအားဖြင့် လေးပါးတို့တည်း။ (၄၆)

၃၁၄။ ပုဂ္ဂိုလ်တို့သည် လေးယောက်တို့တည်း။ ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ် သည် မိမိကိုယ်ကို ပူပန် စေတတ်၏၊ မိမိကိုယ်ကိုပူပန်ခြင်းအလုပ်ကိုလည်း အားထုတ်၏။

ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သူတပါးကို ပူပန် စေတတ်၏၊ သူတပါးကို ပူပန်စေခြင်း အလုပ်ကိုလည်း အားထုတ်၏။

ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း ပူပန်စေတတ်၏၊ မိမိကိုယ်ကို ပူပန်စေခြင်း အလုပ်ကိုလည်း အားထုတ်၏၊ သူတပါးကိုလည်း ပူပန်စေတတ်၏၊ သူတပါးကို ပူပန်စေ ခြင်းအလုပ်ကိုလည်း အားထုတ်၏။

ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း မပူပန်စေတတ်၊ မိမိကိုယ်ကို ပူပန်စေခြင်း အလုပ်ကိုလည်း အားမထုတ်၊ သူတပါးကိုလည်း မပူပန်စေတတ်၊ သူတပါးကို ပူပန်စေ ခြင်း အလုပ်ကိုလည်း အားမထုတ်။

မိမိကိုယ်ကိုလည်း မပူပန် စေတတ် သူတပါးကိုလည်း မပူပန်စေတတ်သော ထိုပုဂ္ဂိုလ်သည် ပစ္စုပ္ပန်အတ္တဘော၌ တဏှာမရှိသည်ဖြစ်၍ ငြိမ်းချမ်း၏၊ ချမ်းသာခြင်းသို့ ရောက်၏၊ ချမ်းသာကို ခံစားသည်ဖြစ်၍ မြတ်သောဖြစ်သော အတ္တဘောဖြင့်နေ၏၊ (ဤလေးယောက်တို့တည်း)။ (၄၇)

ထို့ပြင်လည်း ပုဂ္ဂိုလ်တို့သည် လေးယောက်တို့တည်း။ ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိအကျိုးငှါ ကျင့်၏၊ သူတပါးအကျိုးငှါ မကျင့်။

ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါးအကျိုးငှါကျင့်၏၊ မိမိအကျိုးငှါ မကျင့်။

ငါ့သျှင်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိအကျိုးငှါလည်းမကျင့်၊ သူတပါးအကျိုး ငှါလည်းမကျင့်။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိအကျိုးငှါလည်း ကျင့်၏၊ သူတပါး အကျိုးငှါလည်း ကျင့်၏၊ (ဤလေးယောက်တို့တည်း)။ (၄၇)

ထို့ပြင်လည်း ပုဂ္ဂိုလ်တို့သည် (ပစ္စုပ္ပန်ဘဝ၌) ယုတ်၍ ယုတ်သော လားရာရှိသော ပုဂ္ဂိုလ်၊ (ပစ္စုပ္ပန်ဘဝ၌) ယုတ်၍ မြတ်သောလားရာရှိသောပုဂ္ဂိုလ်၊ (ပစ္စုပ္ပန်ဘဝ၌) မြတ်၍ ယုတ်သော လားရာရှိသောပုဂ္ဂိုလ်၊ (ပစ္စုပ္ပန်ဘဝ၌) မြတ်၍ မြတ်သောလားရာရှိသောပုဂ္ဂိုလ်အားဖြင့် လေးယောက်တို့တည်း။ (၄၉)

ထို့ပြင်လည်း ပုဂ္ဂိုလ်တို့သည် မတုန်မလှုပ်သော သဒ္ဓါနှင့်ပြည့်စုံသောရဟန်း၊ ကြာပဒုမာနှင့် တူသောရဟန်း၊ ကြာပဏ္ဍရိက်နှင့်တူသောရဟန်း၊ ရဟန်းတို့တွင် နူးညံ့သိမ်မွေ့သောရဟန်းအားဖြင့် လေးယောက်တို့တည်း။ (၅၀)

ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤလေးပါးသောတရားတို့ကို ကောင်းစွာ ဟောတော်မူအပ်ကုန်၏။ ထိုလေးပါးသောတရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာ အလို့ငှါ ဖြစ်၏။

ပဉ္စမအခန်း ပြီး၏။

---

## ပဉ္စက-တရားငါးပါးစု

၃၁၅။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော ငါးပါးသော တရားတို့သည် ရှိကုန်၏။ ထိုငါးပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့ အကျိုးစီးပွါး ချမ်းသာအလို့ငှါဖြစ်၏။

အဘယ်ငါးပါးသော တရားတို့နည်းဟူမူ—

ခန္ဓာတို့သည် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာအားဖြင့် ငါးပါးတို့တည်း။ (၁)

တဏှာဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့သည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဉ်ဥပါဒါနက္ခန္ဓာအားဖြင့် ငါးပါးတို့တည်း။ (၂)

ကာမဂုဏ် တရားတို့သည် စက္ခုဝိညာဉ်ဖြင့် သိအပ်သော အလိုရှိအပ်သော နှစ်လိုအပ်သော မြတ်နိုးအပ်သော ကာမနှင့်စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော ရူပါရုံ။

သောတဝိညာဉ်ဖြင့် သိအပ်သော သဒ္ဒါရုံ။

ဃာနဝိညာဉ်ဖြင့် သိအပ်သော ဂန္ဓာရုံ။

ဇိဝှါဝိညာဉ်ဖြင့် သိအပ်သော ရသာရုံ။

http://www.dhammadownload.com



ကာယဝိညာဉ်ဖြင့် သိအပ်သော အလိုရှိအပ်သော နှစ်လိုအပ်သော မြတ်နိုးအပ်သော ကာမနှင့်စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော ဖောဋ္ဌဗ္ဗာရုံအားဖြင့် ငါးပါးတို့တည်း။ (၃)

လားရာ 'ဂတိ'တို့သည် နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ ဒေဝဂတိအားဖြင့် ငါးပါးတို့တည်း။ (၄)

ဝန်တိုခြင်း 'မစ္ဆရိယ' တို့သည် နေရာ၌ဝန်တိုခြင်း၊ အမျိုး၌ဝန်တိုခြင်း၊ လာဘ်၌ဝန်တိုခြင်း၊ အဆင်း၌ဝန်တိုခြင်း၊ တရား၌ဝန်တိုခြင်းအားဖြင့် ငါးပါးတို့တည်း။ (၅)

အပိတ်အပင် 'နီဝရဏ'တရားတို့သည် ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏအားဖြင့် ငါးပါးတို့တည်း။ (၆)

အောက် (ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသော သံယောဇဉ်တို့သည် သက္ကာယဒိဋ္ဌိ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ကာမစ္ဆန္ဒသံယောဇဉ်၊ ဗျာပါဒ သံယောဇဉ်အားဖြင့် ငါးပါးတို့တည်း။ (၇)

အထက် (ဗြဟ္မာ့ဘုံ)၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိကုန်သော သံယောဇဉ်တို့သည် ရူပရာဂ သံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်အားဖြင့် ငါးပါးတို့တည်း။ (၈)

သိက္ခာပုဒ်တို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ် ခြင်း၊ ကာမတို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းအားဖြင့် ငါးပါးတို့ တည်း။ (၉)

၃၁၆။ ပြုခြင်းငှါ မထိုက်သော အရာတို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ရဟန္တာရဟန်း သည် သတ်လိုသော စေတနာရှိသည်ဖြစ်၍ သတ္တဝါကို အသက်မှ ချခြင်းငှါမထိုက်၊ ရဟန္တာရဟန်း သည် မပေးသည်ကို ခိုးလိုသောစိတ်ထားဖြင့် ယူခြင်းငှါမထိုက်၊ ရဟန္တာရဟန်းသည် မေထုန်မှီဝဲ ခြင်းငှါမထိုက်၊ ရဟန္တာရဟန်းသည် သိလျက် မဟုတ်မမှန်သော စကားကို ပြောခြင်းငှါမထိုက်၊ ရဟန္တာရဟန်းသည် ရှေးလူဖြစ်သော အခါကကဲ့သို့ ကာမဂုဏ်တို့ကို သိုမှီး၍ ခံစားခြင်းငှါ မထိုက်၊ (ဤငါးပါးတို့တည်း)။ (၁၀)

ပျက်စီးခြင်းတရားတို့သည် ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါဟူသော ပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်းအားဖြင့် ငါးပါးတို့တည်း။ ငါ့သျှင်တို့ သတ္တဝါ တို့သည် ဆွေမျိုးပျက်စီးခြင်းကြောင့်သော်၎င်း စည်းစိမ်ပျက်စီးခြင်းကြောင့်သော်၎င်း အနာရောဂါ ဟူသော ပျက်စီးခြင်းကြောင့်သော်၎င်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်း သော မကောင်းသောလားရာ ပျက်စီးလျက်ကျရောက်ရာဖြစ်သော ငရဲ၌ မဖြစ်ကုန်။

ငါ့သျှင်တို့ သတ္တဝါတို့သည် သီလပျက်စီးခြင်းကြောင့်သော်၎င်း အယူပျက်စီးခြင်းကြောင့် သော်၎င်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးလျက်ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ကုန်၏။ (၁၁)

ပြည့်စုံခြင်းတရားတို့သည် ဆွေမျိုးနှင့်ပြည့်စုံခြင်း၊ စည်းစိမ်နှင့်ပြည့်စုံခြင်း၊ အနာရောဂါကင်းခြင်း နှင့်ပြည့်စုံခြင်း၊ သီလနှင့်ပြည့်စုံခြင်း၊ အယူနှင့်ပြည့်စုံခြင်းအားဖြင့် ငါးပါးတို့တည်း။ ငါ့သျှင်တို့

http://www.dhammadownload.com



ဆွေမျိုးနှင့်ပြည့်စုံခြင်းကြောင့်သော်၎င်း စည်းစိမ်နှင့်ပြည့်စုံခြင်းကြောင့်သော်၎င်း အနာရောဂါကင်းခြင်းနှင့် ပြည့်စုံခြင်းကြောင့်သော်၎င်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ မဖြစ်ကုန်။

ငါ့သျှင်တို့ သီလနှင့် ပြည့်စုံခြင်းကြောင့်သော်၎င်း အယူနှင့် ပြည့်စုံခြင်းကြောင့်သော်၎င်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ဖြစ်ကုန်၏။ (၁၂)

ဒုဿီလ ပုဂ္ဂိုလ်၏ သီလပျက်စီးခြင်းကြောင့် အပြစ်တို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဆုံးရှုံးခြင်းသို့ရောက်ရ၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ ရှေးဦးစွာသော အပြစ်ပေတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူ၏ မကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ထွက်၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ နှစ်ခုမြောက် အပြစ်ပေတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ် ရဟန်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက် ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ သုံးခုမြောက် အပြစ်ပေတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေဖြစ်လျက်သေရ၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ လေးခုမြောက် အပြစ်ပေတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲ၌ဖြစ်၏။ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ ငါးခုမြောက်အပြစ်ပေတည်း။ (၁၃)

ငါ့သျှင်တို့ သီလရှိသူ၏ သီလပြည့်စုံခြင်းကြောင့် အကျိုး 'အာနိသင်' တို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကိုရ၏။ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ရှေးဦးစွာသော အကျိုး 'အာနိသင်' ပေတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့် ပြည့်စုံသောသူ၏ ကောင်းသောကျော်စော သတင်းသည် ပြန့်နှံ့၍ထွက်၏။ ဤကား သီလရှိသောသူ၏ သီလနှင့်ပြည့်စုံခြင်း၌ နှစ်ခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် မင်းပရိသတ် ရဟန်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်ရ၏။ ဤကား သီလရှိသောသူ၏ သီလနှင့်ပြည့်စုံခြင်း၌ သုံးခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် တွေဝေခြင်းမရှိပဲ သေရ၏။ ဤကား သီလရှိသောသူ၏ သီလနှင့်ပြည့်စုံခြင်း၌ လေးခုမြောက် အကျိုး 'အာနိသင်' ပေတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသော သူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သောနတ်ပြည်၌ဖြစ်ရ၏။ ဤကား သီလရှိသော သူ၏သီလနှင့်ပြည့်စုံခြင်း၌ ငါးခုမြောက် အကျိုး 'အာနိသင်' ပေတည်း။ (၁၄)

ငါ့သျှင်တို့ သူတပါးကို စောဒနာလိုသော စောဒကရဟန်းသည် တရားငါးပါးတို့ကို မိမိသန္တာန်၌တည်စေ၍ သူတပါးကို စောဒနာအပ်၏။ လျောက်ပတ်သောအခါ၌ ဆိုအံ့၊ မလျောက်ပတ်သော အခါ၌ မဆိုအံ့၊ ဟုတ်မှန်သော ဝတ္ထုဖြင့်ဆိုအံ့၊ မဟုတ်မမှန်သော ဝတ္ထုဖြင့် မဆိုအံ့၊ သိမ်မွေ့သော စကားဖြင့်ဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့် မဆိုအံ့၊ အကျိုးနှင့်စပ်သော စကားဖြင့် ဆိုအံ့၊ အကျိုးနှင့်မစပ်သော စကားဖြင့် မဆိုအံ့၊ မေတ္တာစိတ်ဖြင့်ဆိုအံ့၊ ဒေါသစိတ်ဖြင့်မဆိုအံ့၊ (ဤတရား ငါးပါးတို့တည်း)။

ငါ့သျှင်တို့ သူတပါးကို စောဒနာလိုသော စောဒက ရဟန်းသည် ဤတရားငါးပါးတို့ကို မိမိ သန္တာန်၌ တည်စေ၍ သူတပါးကို စောဒနာအပ်၏။ (၁၅)

၃၁၇။ ကမ္မဋ္ဌာန်း အားထုတ်သော ရဟန်း၏ အင်္ဂါတို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏၊ အသိ ဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါပေ၏၊ လောကကိုသိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော် မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အဘုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်း ကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါးတရားတို့ကို)သိစေတော် မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူပါပေ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်း ကြောင့်လည်း ဘဂဝါမည်တော်မူပါပေ၏၊ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်၌ ယုံကြည်၏၊ အနာ ကင်း၏၊ ရောဂါကင်း၏၊ အစာကို အညီအမျှကျေစေတတ်သည့် မအေးလွန်း မပူလွန်းသော ကမ္မဋ္ဌာန်း အားထုတ်ခြင်းငှါခံ့သော ကမ္မဇ တေဇောဓာတ်နှင့် ပြည့်စုံ၏၊ မာန်မရှိ၊ လှည့်ပတ်ခြင်းမရှိ၊ ဆရာထံ၌ ၎င်း ပညာရှိတို့ထံ၌၎င်း သီတင်းသုံးဖော်တို့ထံ၌၎င်း ဟုတ်မှန်သောအတိုင်း မိမိကိုယ်ကို ထင်စွာ ပြုတတ်၏၊ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့၏ ပြည့်စုံစေခြင်းငှါ အားထုတ်အပ် သော ဝီရိယရှိသည်ဖြစ်၍ နေ၏၊ ကုသိုလ်တရားတို့၌ အားကြီးသော လုံ့လရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ ဝန်မချသော လုံ့လရှိ၏၊ ပညာရှိ၏၊ဖြစ်ခြင်းပျက်ခြင်းကို သိစွမ်းနိုင်သော ကိလေသာကို ဖောက်ခွဲခြင်း ငှါ စွမ်းနိုင်သော အကြွင်းမဲ့ ဝဋ်ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော စင်ကြယ်သော ပညာနှင့်ပြည့်စုံ၏။ (၁၆)

၃၁၈။ သုဒ္ဓါဝါသဘုံတို့သည် အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံ အားဖြင့် ငါးပါးတို့တည်း။ (၁၇)

http://www.dhammadownload.com



အနာဂါမ်ပုဂ္ဂိုလ်တို့သည် အသက်တန်း အလယ်ကို မလွန်မူ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ အသက်တန်း အလယ်ကို လွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ အားမထုတ်ရမူ၍ ချမ်းသာစွာပရိနိဗ္ဗာန် ပြုသော အနာဂါမ်၊ အားထုတ်လျက် ချမ်းသာစွာပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ အထက်သံသရာ အယဉ်ရှိသော အကနိဋ္ဌဘုံသို့ရောက်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်အားဖြင့် ငါးယောက်တို့ တည်း။ (၁၈)

၃၁၉။ စိတ်၏ ခြောင့်တံသင်းတို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ယုံမှား၏၊ စူးစမ်းလျက်ပင်ပန်းခြင်းသို့ရောက်၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။

ငါ့သျှင်တို့ အကြင်ရဟန်းသည် ဘုရား၌ ယုံမှား၏၊ စူးစမ်းလျက်ပင်ပန်းခြင်းသို့ ရောက်၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်၊ ထိုရဟန်း၏ စိတ်သည် လုံ့လ ပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ အကြင်ရဟန်း၏ စိတ်သည် လုံ့လ ပြုခြင်းငှါ အဖန်ဖန်အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ (ထိုရဟန်း၏) ဤသို့စိတ်မညွတ်ခြင်းသည် ရှေးဦးစွာသော စိတ်၏ ခြောင့်တံသင်း ဖြစ်၏။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် တရားတော်၌ ယုံမှား၏၊ စူးစမ်းလျက် ပင်ပန်းခြင်း သို့ရောက်၏။ပ။ သံဃာတော်၌ ယုံမှား၏၊ စူးစမ်းလျက် ပင်ပန်းခြင်းသို့ ရောက်၏။ပ။အကျင့် သိက္ခာပုဒ်၌ ယုံမှား၏၊ စူးစမ်းလျက်ပင်ပန်းခြင်းသို့ ရောက်၏။ပ။ မြတ်သော သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်သောစိတ်ရှိ၏၊ ထိပါးသော စိတ်ရှိ၏၊ ခြောင့်တံသင်းကဲ့သို့သော စိတ်ရှိ၏။

ငါ့သျှင်တို့ အကြင်ရဟန်းသည် မြတ်သော သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက် သောစိတ်ရှိ၏၊ ထိပါးသော စိတ်ရှိ၏၊ ခြောင့်တံသင်းကဲ့သို့သောစိတ်ရှိ၏၊ ထိုရဟန်း၏ စိတ်သည် လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ အကြင်ရဟန်း၏ စိတ်သည် လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ (ထိုရဟန်း၏) ဤသို့ စိတ်မညွတ်ခြင်းသည် ငါးကြိမ်မြောက်သော စိတ်၏ခြောင့်တံသင်းဖြစ်၏။

၃၂၀။ စိတ်ကိုဖွဲ့တတ်သော တရားတို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသော စွဲမက်ခြင်းရှိ၏၊ မကင်းသော အလိုဆန္ဒရှိ၏၊ မကင်းသော ချစ်ခြင်းရှိ၏၊ မကင်းသောမွတ်သိပ်ခြင်းရှိ၏၊ မကင်းသော ပူလောင်ခြင်းရှိ၏၊ မကင်းသောတပ်ခြင်း ရှိ၏၊ ငါ့သျှင်တို့ အကြင်ရဟန်းသည် ကာမဂုဏ်တို့၌ မကင်းသောစွဲမက်ခြင်းရှိ၏၊ မကင်းသော အလို ဆန္ဒရှိ၏၊ မကင်းသောချစ်ခြင်းရှိ၏၊မကင်းသော မွတ်သိပ်ခြင်းရှိ၏၊ မကင်းသော ပူလောင်ခြင်းရှိ၏၊ မကင်းသောတပ်ခြင်းရှိ၏၊ ထိုရဟန်း၏စိတ်သည် လုံ့လပြုခြင်းငှါ အဖန်ဖန်အားထုတ်ခြင်းငှါ မပြတ် အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ အကြင်ရဟန်း၏စိတ်သည် လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည် ခြင်းငှါ မညွတ်၊ (ထိုရဟန်း၏) ဤသို့ စိတ်မညွတ်ခြင်းသည် ရှေးဦးစွာသော စိတ်ကို ဖွဲ့တတ်သော တရားတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကိုယ်၌မကင်းသော စွဲမက်ခြင်းရှိ၏။ပ။ ရုပ်၌ မကင်းသော စွဲမက်ခြင်းရှိ၏။ပ။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ ပက်လက်အိပ် ခြင်းချမ်းသာ တစောင်းအိပ်ခြင်းချမ်းသာ အိပ်ငိုက်ခြင်းချမ်းသာကို အားထုတ်၍ နေပေ၏။ပ။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် တပါးပါးသော နတ်အဖြစ်ကို တောင့်တ၍ မြတ်သော အကျင့်ကိုကျင့်၏ "ဤသီလဖြင့်ရင်း၊ ဤကျင့်ဝတ်ဖြင့်ရင်း၊ ဤအားထုတ်ခြင်းဖြင့်ရင်း၊ ဤမြတ်သော အကျင့်ဖြင့်ရင်း၊ တန်ခိုးကြီးသော နတ်သော်လည်းဖြစ်အံ့၊ တန်ခိုးငယ်သော နတ်သော်လည်း ဖြစ်အံ့" ဟု (ကျင့်၏)၊ ငါ့သျှင်တို့ အကြင်ရဟန်းသည် တပါးသော နတ်၏ အဖြစ်ကို တောင့်တ၍ မြတ်သော အကျင့်ကိုကျင့်၏၊ "ဤသီလဖြင့်ရင်း၊ ဤကျင့်ဝတ်ဖြင့်ရင်း၊ ဤအားထုတ်ခြင်းဖြင့်ရင်း၊ ဤမြတ်သော အကျင့်ဖြင့်ရင်း၊ တန်ခိုးကြီးသောနတ်သော်လည်းဖြစ်အံ့၊ တန်ခိုးငယ်သောနတ်သော် လည်းဖြစ်အံ့" ဟု (ကျင့်၏)၊ ထိုရဟန်း၏ စိတ်သည် လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ အကြင်ရဟန်း၏ စိတ်သည် လုံ့လပြုခြင်းငှါ အဖန်ဖန်အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ (ထိုရဟန်း၏) ဤသို့စိတ်မညွတ်ခြင်းသည် ငါးခုမြောက်သော စိတ်ကို နှောင်ဖွဲ့တတ်သော တရားတည်း။ (၂၀)

ဣန္ဒြေတို့သည် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေအားဖြင့် ငါးပါးတို့ တည်း။ (၂၁)

ထို့ပြင်လည်း ဣန္ဒြေတို့သည် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ အားဖြင့် ငါးပါးတို့တည်း။ (၂၂)

ထို့ပြင်လည်း ဣန္ဒြေတို့သည် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေအားဖြင့် ငါးပါးတို့တည်း။ (၂၃)

၃၂၁။ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ဓာတ်တို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ကာမဂုဏ်ကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ကာမဂုဏ်တို့၌ မသက် ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊ ထွက်မြောက်ခြင်း (ပဌမစျာန်) ကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် ထွက်မြောက်ခြင်း (ပဌမစျာန်)၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ်သည် (မိမိစျာန် အာရုံ၌)ကောင်းစွာဖြစ်၏၊ ကောင်းစွာ ပွါးအပ် ၏၊ ကာမဂုဏ်မှ ကောင်းစွာထ၏၊ ကာမဂုဏ်တို့မှ ကောင်းစွာလွတ်၏၊ ကာမဂုဏ်တို့မှ ကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင်အာသဝေါတရားတို့သည် ကာမဂုဏ်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ထိုရဟန်းသည် ထိုကာမဂုဏ်တို့မှလွတ်၏၊ထိုရဟန်းသည် ထို(ဝေဒနာ မျိုး)ကို မခံစား၊ ဤတရားကို ကာမဂုဏ်တို့၏ ထွက်မြောက်ခြင်းဟု ဟောတော်မူ၏။ (၂၄-၁)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ဗျာပါဒကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ဗျာပါဒ၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊ အဗျာပါဒကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ် သည် အဗျာပါဒတရား၌ သက်ဝင်၏၊ ကြည်လင်၏။ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ် သည် (မိမိစျာန်အာရုံ၌) ကောင်းစွာ ဖြစ်၏၊ ကောင်းစွာပွါးအပ်၏၊ ကာမဂုဏ်တို့မှ ကောင်းစွာ ထ၏၊ ဗျာပါဒမှ ကောင်းစွာလွတ်၏၊ ဗျာပါဒမှ ကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင် အာသဝေါတရားတို့သည် ဗျာပါဒဟူသော အကြောင်းကြောင့်ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထိုဗျာပါဒတို့မှ လွတ်၏၊ ထိုရဟန်းသည် ထို (ဝေဒနာမျိုး) ကို မခံစား၊ ဤတရားကို ဗျာပါဒ၏ ထွက်မြောက်ခြင်းဟု ဟောတော်မူ၏။ (၂၄-၂)

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ညှဉ်းဆဲခြင်း 'ဝိဟေသ'ကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ညှဉ်းဆဲခြင်း 'ဝိဟေသ' ၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊ မညှဉ်းဆဲခြင်း 'အဝိဟေသ' ကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် မညှဉ်းဆဲခြင်း 'အဝိဟေသ' ၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ်သည် (မိမိစျာန်အာရုံ၌) ကောင်းစွာ ဖြစ်၏။ ကောင်းစွာ ပွါးစေအပ်၏၊ ဝိဟေသမှ ကောင်းစွာထ၏၊ ဝိဟေသမှ ကောင်းစွာလွတ်၏၊ ညှဉ်းဆဲခြင်း 'ဝိဟေသ'မှ ကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင်အာသဝေါ တရားတို့သည် ညှဉ်းဆဲခြင်း 'ဝိဟေသ' ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုရဟန်းသည် ညှဉ်းဆဲခြင်း 'ဝိဟေသ'တို့မှ လွတ်၏၊ ထိုရဟန်းသည် ထို(ဝေဒနာမျိုး)ကို မခံစား၊ ဤတရားကို ညှဉ်းဆဲခြင်း 'ဝိဟေသ'၏ ထွက်မြောက်ခြင်း ဟု ဟောတော်မူ၏။ (၂၄-၃)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရုပ်ကိုနှလုံးသွင်းသော ရဟန်း၏ စိတ်သည် ရုပ်တို့၌မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊ နာမ်တရားကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် နာမ်တရား၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ်သည် (မိမိစျာန်အာရုံ၌) ကောင်းစွာဖြစ်၏၊ ကောင်းစွာပွါးစေအပ်၏၊ ရုပ်တရားမှ ကောင်းစွာ ထ၏၊ ရုပ်တရားတို့မှ ကောင်းစွာလွတ်၏၊ ရုပ်တရားတို့မှကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင်အာသဝေါတရားတို့သည် ရုပ်တရားဟူသော အကြောင်းကြောင့်ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထိုရုပ်တရားတို့မှလွတ်၏၊ ထိုရဟန်းသည် ထို(ဝေဒနာမျိုး)ကို မခံစား၊ ဤတရားကို ရုပ်တရားတို့၏ ထွက်မြောက်ခြင်းဟု ဟောတော်မူ၏။ (၂၄-၄)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ'ကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ'၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊ ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'၏ ချုပ်ခြင်းကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ' ချုပ်ခြင်း၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ်သည် (မိမိစျာန်အာရုံ၌) ကောင်းစွာဖြစ်၏၊ ကောင်းစွာပွါးစေအပ်၏၊ ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ' မှကောင်းစွာ ထ၏၊ ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ' မှ ကောင်းစွာလွတ်၏၊ ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ'မှ ကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင် အာသဝေါတရားတို့သည် ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ' ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထိုဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ' တို့မှ လွတ်၏၊ ထိုရဟန်းသည် ထို(ဝေဒနာမျိုး) ကို မခံစား၊ ဤတရားကို ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'၏ ထွက်မြောက်ခြင်းဟု ဟောတော်မူ၏။ (၂၄-၅)

၃၂၂။ ကိလေသာမှ လွတ်ခြင်း အကြောင်းတို့သည် ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းအား မြတ်စွာဘုရားသည်ငှင်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်ငှင်း တရားကို ဟော၏။

ငါ့သျှင်တို့ အကြင်အကြင် အပြားအားဖြင့် ရဟန်းအား မြတ်စွာဘုရားသည်ငှင်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်ငှင်း တရားကိုဟော၏၊ ထိုထိုသောအပြားအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ အနက်ကိုလည်း သိသော ပါဠိကိုလည်း သိသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်ခြင် ရှိသော

http://www.dhammadownload.com



ရဟန်းအား နှစ်သိမ့်မှု 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်မှုရှိသောရဟန်း၏ နာမ်ရုပ် အပေါင်းသည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်းခြင်းရှိသော ရဟန်းသည် ချမ်းသာကိုခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤကား ရှေးဦးစွာသော ကိလေသာမှ လွတ်ခြင်းအကြောင်း တည်း။

ငါ့သျှင်တို့ ဘဖန်ထိုပြင်လည်း ရဟန်းအား မြတ်စွာဘုရားသည်၎င်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်၎င်း တရားကိုမဟော၊ စင်စစ်သော်ကား ကြားဘူးသော အတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟော၏။ပ။

စင်စစ်သော်ကား ကြားဘူးသောအတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၏။ပ။ စင်စစ်သော်ကား ကြားဘူးသောအတိုင်း သင်ဘူးသောအတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန်ကြံ၏၊ အဖန်ဖန်သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန်ရှု၏။ပ။

စင်စစ်သော်ကား ထိုရဟန်းသည် တပါးပါးသော သမာဓိနိမိတ်ကို ကောင်းစွာသင်ယူအပ်၏၊ ကောင်းစွာနှလုံးသွင်းအပ်၏၊ ကောင်းစွာမှတ်အပ်၏၊ ပညာဖြင့် ကောင်းစွာသိအပ်၏။

ငါ့သျှင်တို့ အကြင်အကြင်အပြားအားဖြင့် ရဟန်းသည် တပါးပါးသော သမာဓိနိမိတ်ကို ကောင်းစွာသင်ယူအပ်၏၊ ကောင်းစွာနှလုံးသွင်းအပ်၏၊ ကောင်းစွာမှတ်အပ်၏၊ ပညာဖြင့် ကောင်းစွာသိအပ်၏၊ ထိုထိုသော အပြားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်းသိ၏၊ ပါဠိကို လည်းသိ၏၊ အနက်ကိုသိသော ပါဠိကိုသိသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ' သည်ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ နာမ်ရုပ်အပေါင်းသည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်းခြင်းရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤကား ငါးကြိမ်မြောက်သော ကိလေသာမှ လွတ်ခြင်း အကြောင်းတည်း။ (၂၅)

အရဟတ္တဖိုလ်ကို ရင့်စေတတ်သော သညာတို့သည် မမြဲ 'အနိစ္စ' ဟု မှတ်သောသညာ၊ အနိစ္စ၌ ဆင်းရဲ 'ဒုက္ခ' ဟုမှတ်သော သညာ၊ ဒုက္ခ၌ အတ္တမဟုတ် 'အနတ္တ' ဟုမှတ်သောသညာ၊ ပယ်ခြင်း၌ ဖြစ်သော သညာ၊ ရာဂကင်းခြင်း၌ဖြစ်သော သညာအားဖြင့် ငါးပါးတို့တည်း။ (၂၆)

ငါ့သျှင်တို့(အလုံးစုံသော တရားတို့ကို)သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဤငါးပါးသော တရားတို့ကို ကောင်းစွာဟောတော် မူအပ်ကုန်၏၊ ထိုငါးပါးသောတရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ်ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်၏။

## ဆက္က-တရားခြောက်ပါးစု

၃၂၃။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောတော်မူအပ်ကုန်သော ခြောက်ပါးသော တရားတို့သည်

http://www.dhammadownload.com



ရှိကုန်၏၊ ထိုခြောက်ပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်၏။

အဘယ်ခြောက်ပါးသော တရားတို့နည်းဟူမူ—

အတွင်းသန္တာန်၌ ဖြစ်သော အာယတန 'အဇ္ဈတ္တိကာယတန'တို့သည် စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတနအားဖြင့် ခြောက်ပါးတို့တည်း။ (၁)

အပသန္တာန်၌ ဖြစ်သော အာယတန 'ဗာဟိရာယတန' တို့သည် ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတနအားဖြင့် ခြောက်ပါးတို့တည်း။ (၂)

ဝိညာဉ်အပေါင်းတို့သည် စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ်အားဖြင့် ခြောက်ပါးတို့တည်း။ (၃)

ဖဿအပေါင်းတို့သည် စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ။ပ။ မနောသမ္ဖဿအားဖြင့် ခြောက်ပါးတို့တည်း။ (၄)

ဝေဒနာအပေါင်းတို့သည် စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ။ပ။ မနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာအားဖြင့် ခြောက်ပါးတို့တည်း။ (၅)

သညာအပေါင်းတို့သည် ရူပသညာ။ပ။ ဓမ္မသညာအားဖြင့် ခြောက်ပါးတို့တည်း။ (၆)

သဉ္စေတနာအပေါင်းတို့သည် ရူပသဉ္စေတနာ။ပ။ ဓမ္မသဉ္စေတနာအားဖြင့် ခြောက်ပါးတို့တည်း။ (၇)

တဏှာအပေါင်းတို့သည် ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာအားဖြင့် ခြောက်ပါးတို့တည်း။ (၈)

၃၂၃။ မရိုသေခြင်းတို့သည် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေခြင်း တုပ်ဝပ်ခြင်း မရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌ ရိုသေခြင်း တုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ သံဃာတော်၌ ရိုသေခြင်း တုပ်ဝပ်ခြင်း မရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာ၌ ရိုသေခြင်း တုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ အပ္ပမာဒတရား၌ ရိုသေခြင်း တုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ အာမိသဖြင့်စေစပ်ခြင်း ဓမ္မဖြင့် စေစပ်ခြင်း 'ပဋိသန္ထာရ' တရား၌ရိုသေခြင်း တုပ်ဝပ်ခြင်း မရှိသည်ဖြစ်၍ နေ၏၊ (ဤခြောက်ပါးတို့တည်း)။ (၉)

ရိုသေခြင်းတို့သည် ခြောက်ပါးတို့တည်း။ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေခြင်း တုပ်ဝပ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌ရိုသေခြင်း တုပ်ဝပ်ခြင်းရှိသည် ဖြစ်၍ နေ၏၊ သံဃာတော်၌ရိုသေခြင်း တုပ်ဝပ်ခြင်း ရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာ၌ ရိုသေခြင်း တုပ်ဝပ်ခြင်းရှိသည် ဖြစ်၍ နေ၏၊ အပ္ပမာဒတရား၌ ရိုသေခြင်း တုပ်ဝပ်ခြင်း ရှိသည်ဖြစ်၍ နေ၏၊ ပဋိသန္ထာရတရား၌ရိုသေခြင်း တုပ်ဝပ်ခြင်း ရှိသည်ဖြစ်၍ နေ၏၊ (ဤခြောက်ပါးတို့တည်း)။ (၁၀)

သောမနဿဝေဒနာနှင့်ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်းတို့သည် ခြောက်ပါးတို့တည်း။မျက်စိဖြင့် ရူပါရုံကို မြင်၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏၊ နားဖြင့် သဒ္ဒါရုံကိုကြား၍။နှာခေါင်းဖြင့်ဂန္ဓာရုံကိုနမ်း၍။ လျှာဖြင့် ရသာရုံကိုလျက်၍။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကိုထိ၍။ စိတ်ဖြင့်ဓမ္မာရုံကိုသိ၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်း ဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏၊ (ဤခြောက်ပါးတို့တည်း)။ (၁၁)

http://www.dhammadownload.com



ဒေါမနဿဝေဒနာနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်းတို့သည် ခြောက်ပါးတို့တည်း။ မျက်စိဖြင့် ရူပါရုံကိုမြင်၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော ရူပါရုံကိုဆင်ခြင်၏။ပ။ စိတ်ဖြင့်ဓမ္မာရုံကို သိ၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော ဓမ္မာရုံကိုဆင်ခြင်၏၊ (ဤခြောက်ပါးတို့တည်း)။ (၁၂)

ဥပေက္ခာဝေဒနာနှင့်ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်းတို့သည် ခြောက်ပါးတို့တည်း။ မျက်စိဖြင့် ရူပါရုံကိုမြင်၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ပ။ စိတ်ဖြင့် ဓမ္မာရုံကိုသိ၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏၊ (ဤခြောက်ပါးတို့တည်း)။ (၁၃)

အောက်မေ့အပ်သော တရားတို့သည် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ကာယကံ မေတ္တာကို သီတင်းသုံးဖော်တို့၌ **ဖြစ်စေအပ်၏**၊ အောက်မေ့အပ်သော ချစ်ခြင်းကိုပြုတတ်သော လေးမြတ်ခြင်းကို ပြုတတ်သော **ဤ** တရားသည် စည်းလုံးခြင်းငှါ ခိုက်ရန်မဖြစ်ခြင်းငှါ အညီအညွတ်ဖြစ်ခြင်းငှါ တပေါင်းတည်းဖြစ်ခြင်းငှါ ဖြစ်**၏**။ (၁၄-၁)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း **ဝစီကံမေတ္တာကို** သီတင်းသုံးဖော်တို့၌ ဖြစ်စေအပ်၏။ပ။ (၁၄-၂)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း **မနောကံ** မေတ္တာကို သီတင်းသုံးဖော်တို့၌ ဖြစ်စေအပ်၏၊ **အောက်မေ့အပ်သော**။ပ။ ဤတရား**သည်** **တ**ပေါင်းတည်းဖြစ်ခြင်းငှါ ဖြစ်၏။ (၁၄-၃)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် တရားနှင့်လျော်သော တရားသဖြင့် ရအပ်**သော** အကြင်လာဘ်တို့ကိုရအပ်ကုန်၏၊ အယုတ်သဖြင့် သပိတ်၌ စားသောက်ရုံမျှ**ကိုလည်း** ရကုန်၏၊ ထိုသို့သဘောရှိသောလာဘ်ဖြင့် ခွဲခြားသီးသန့်၍ **စား**လေ့မရှိ၊ သီလဝန္တဖြစ်သော သီတင်းသုံးဖော်တို့နှင့်ဆက်ဆံ၍ **စား**လေ့ရှိ၏၊ အောက်မေ့အပ်သော။ပ။ ဤတရားသည် တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်**၏**။ (၁၄-၄)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် မကျိုးမပေါက် မပြောက်မကျား ပြည့်စင်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော အကြင်သီလတို့သည် ရှိကုန်၏၊ ထိုသို့သဘောရှိသော သီလတို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း တူညီသောသီလရှိသည်ဖြစ်၍ နေ၏၊ အောက်မေ့အပ်သော။ပ။ ဤတရားသည်လည်း တပေါင်းတည်းဖြစ်ခြင်းငှါဖြစ်၏။ (၁၄-၅)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ဖြူစင်သော ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သော အကြင် (မဂ်နှင့်ယှဉ်သော) သမ္မာဒိဋ္ဌိဉာဏ်သည် အကြင်းမဲ့ဝဋ်ဆင်းရဲကုန်ခြင်းငှါ ကျင့်သောပုဂ္ဂိုလ်ကို ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၏။ ရဟန်းသည် ထိုသို့သဘောရှိသော (သမ္မာဒိဋ္ဌိ)ဉာဏ်ဖြင့် **သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း** ဉာဏ်အမြင် တူခြင်းသို့ ရောက်၍နေ၏၊

http://www.dhammadownload.com



အောက်မေ့အပ်သော ချစ်ခြင်းကိုပြုတတ်သော လေးမြတ်ခြင်းကို ပြုတတ်သော တရားသည်လည်း စည်းလုံးခြင်းငှါ ခိုက်ရန်မဖြစ်ခြင်းငှါ အညီအညွတ် ဖြစ်ခြင်းငှါ တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏၊ (ဤခြောက်ပါးတို့တည်း)။　(၁၄-၆)

၃၂၅။ ခိုက်ရန်ဖြစ်ခြင်း အကြောင်းတို့သည် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာဘော်၌ ရဟန်းသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့တတ်၏။

ငါ့သျှင်တို့ အကြင်ရဟန်းသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးဖွဲ့တတ်၏၊ ထိုရဟန်းသည်မြတ်စွာဘုရား၌လည်း ရိုသေတုပ်ဝပ်ခြင်း မရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌ လည်း ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ သံဃာတော်၌လည်း ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာပုဒ်၌လည်း ဖြည့်ကျင့်ခြင်းကို ပြုလေ့မရှိ 'မဖြည့်ကျင့်'။

ငါ့သျှင်တို့ အကြင်ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေတုပ်ဝပ်ခြင်းမရှိသည် ဖြစ်၍ နေ၏၊ တရားတော်၌ ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ သံဃာတော်၌ ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာပုဒ်၌ မဖြည့်ကျင့်၊ ထိုရဟန်းသည်သံဃာ၌ ခိုက်ရန်ကိုဖြစ်စေ၏၊ အကြင်ခိုက်ရန်ဖြစ်ခြင်းသည် လူအများ အစီးအပွါးမဲ့ခြင်းငှါ လူအများချမ်းသာမဲ့ခြင်းငှါဖြစ်၏၊ နတ်လူတို့ အကျိုးစီးပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါဖြစ်၏။

ငါ့သျှင်တို့ ဤသို့သဘောရှိသော ခိုက်ရန်ဖြစ်ကြောင်းကို သင်တို့သည် မိမိသန္တာန်၌ရင်း သူတပါးသန္တာန်၌ရင်း အကယ်၍ မြင်ကုန်ငြားအံ့၊ ထိုသို့တွေ့မြင်ကုန်သော် ငါ့သျှင်တို့ သင်တို့သည် မကောင်းသော ထိုခိုက်ရန်ဖြစ်ကြောင်းကို ပယ်ကြရန် လုံ့လပြုကြကုန်လော့။ ငါ့သျှင်တို့ သင်တို့သည် ဤသို့သဘောရှိသော ခိုက်ရန်ဖြစ်ကြောင်းကို မိမိသန္တာန်ရင်း သူတပါးသန္တာန်၌ရင်း အကယ်၍မတွေ့မြင်ကုန်ငြားအံ့၊ ထိုသို့မတွေ့မြင်ကုန်သော် ငါ့သျှင်တို့ သင်တို့သည် မကောင်းသော ထိုခိုက်ရန်ဖြစ်ကြောင်းကို နောင်အခါ၌ မဖြစ်ပွါးစေရန် ကျင့်ကုန်လော့။ ဤသို့ ကျင့်သည်ရှိသော် မကောင်းသော ထိုခိုက်ရန် ဖြစ်ကြောင်းကို ပယ်သည်မည်၏။ ဤသို့ ပယ်သည်ရှိသော် မကောင်းသော ထိုခိုက်ရန်ဖြစ်ကြောင်းကို နောင်အခါ၌ မဖြစ်ပွါးစေသည်မည်၏။

ငါ့သျှင်တို့ တဖန်ထိုပြင်လည်း ရဟန်းသည် ဂုဏ်ကိုခြေဖျက်တတ်၏၊ တုပြိုင်တတ်၏။ပ။ ငြူစူတတ်၏၊ ဝန်တိုတတ်၏၊ စဉ်းလဲတတ်၏၊ လှည့်ပတ်တတ်၏၊ မကောင်းသော အလိုရှိ၏၊ မိစ္ဆာဒိဋ္ဌိအယူရှိ၏။ မိမိအယူကို မှားသောအားဖြင့် စွဲလမ်းတတ်၏၊ မိမိအယူကို မြဲစွာယူတတ်၏၊ စွန့်လွှတ်နိုင်ခဲ၏။

ငါ့သျှင်တို့ အကြင်ရဟန်းသည် မိမိအယူကို မှားသောအားဖြင့် စွဲလမ်းတတ်၏၊ မိမိအယူကို မြဲစွာယူတတ်၏၊ စွန့်လွှတ်နိုင်ခဲ၏၊ ထိုရဟန်းသည် မြတ်စွာဘုရား၌လည်း ရိုသေတုပ်ဝပ်ခြင်းမရှိသည် ဖြစ်၍နေ၏၊ တရားတော်၌လည်း ရိုသေတုပ်ဝပ်ခြင်း မရှိသည်ဖြစ်၍ နေ၏၊ သံဃာတော်၌လည်း ရိုသေတုပ်ဝပ်ခြင်း မရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာ၌လည်း မဖြည့်ကျင့်။

ငါ့သျှင်တို့ အကြင်ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌ ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ သံဃာတော်၌ ရိုသေတုပ်ဝပ်ခြင်းမရှိသည်ဖြစ်၍ နေ၏၊ အကျင့်သိက္ခာပုဒ်၌ မဖြည့်ကျင့်၊ ထိုရဟန်းသည် သံဃာ၌ ခိုက်ရန်ကို ဖြစ်စေ၏၊ အကြင်

http://www.dhammadownload.com



ခိုက်ရန်ဖြစ်ခြင်းသည် လူအများ အစီးအပွါးမဲ့ခြင်းငှါ လူအများချမ်းသာမဲ့ခြင်းငှါ ဖြစ်၏၊ နတ်လူတို့ အကျိုးစီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။

ငါ့သျှင်တို့ သင်တို့သည် ဤသို့သဘောရှိသော ခိုက်ရန်ဖြစ်ခြင်း အကြောင်းကို မိမိသန္တာန်၌ရင်း သူတပါးသန္တာန်၌ရင်း အကယ်၍တွေ့မြင်ကုန်ငြားအံ့၊ ထိုသို့တွေ့မြင်ကုန်သော် ငါ့သျှင်တို့ သင်တို့သည် မကောင်းသော ထိုခိုက်ရန်ဖြစ်ကြောင်းကို ပယ်ရန် လုံ့လပြုကြကုန်လော့။

ငါ့သျှင်တို့ သင်တို့သည် ဤသို့သဘောရှိကုန်သော ခိုက်ရန်ဖြစ်ကြောင်းကို မိမိသန္တာန်၌ရင်း သူ့ဘပါးသန္တာန်၌ရင်း အကယ်၍ မတွေ့မမြင် ကုန်ငြားအံ့၊ ထိုသို့ မတွေ့မမြင်ကုန်သော် ငါ့သျှင်တို့ သင်တို့သည် မကောင်းသော ထိုခိုက်ရန်ဖြစ်ကြောင်းကို နောင်အခါ၌ မဖြစ်ပွါးစေခြင်းငှါ ကျင့်ကုန်လော့။ ဤသို့ ကျင့်ကုန်သည်ရှိသော် မကောင်းသော ထိုခိုက်ရန်ဖြစ်ကြောင်းကို ပယ်သည် မည်၏၊ ဤသို့ ပယ်သည်ရှိသော် မကောင်းသော ခိုက်ရန်ဖြစ်ကြောင်းကို နောင်အခါ၌ မဖြစ်ပွါးစေသည် မည်၏၊ (ဤခြောက်ပါးတို့တည်း)။ (၁၅)

ဓာတ်ဘို့သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသ ဓာတ်၊ ဝိညာဏဓာတ်အားဖြင့် ခြောက်ပါးတို့တည်း။ (၁၆)

၃၂၆။ ကိလေသာမှ လွတ်သော ဓာတ်တို့သည် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာ တော်၌ ရဟန်းသည် ဤသို့ဆိုငြားအံ့၊ "ငါသည် ကိလေသာတို့မှလွတ်သော မေတ္တာနှင့်ယှဉ်သော စိတ်ကို ပွါးစေအပ်၏၊ အဖန်ဖန်လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ပြုအပ်၏၊ တည်ရာကဲ့သို့ပြုအပ်၏၊ အဖန်ဖန် ဖြစ်စေအပ်၏၊ အဖန်ဖန် ဆည်းပူးအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ဖြစ်လျက် ဒေါသသည် ငါ၏မေတ္တာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏" ဟု (ဆိုငြားအံ့)။ "ဤသို့မဆိုလင့် အသျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာ ဘုရားသည် ဤသို့ ဟောတော်မမူရာ" ဟု ထိုရဟန်းကို ဆိုအပ်၏။ "ငါ့သျှင် ကိလေသာတို့မှ လွတ်သော ယင်းမေတ္တာနှင့် ယှဉ်သောစိတ်ကို ပွါးစေအပ်ပါလျက် အဖန်ဖန် လေ့လာအပ်ပါလျက် ယာဉ်ကဲ့သို့ ပြုအပ်ပါလျက် တည်ရာကဲ့သို့ ပြုအပ်ပါလျက် အဖန်ဖန် ဖြစ်စေအပ်ပါလျက် အဖန်ဖန် ဆည်းပူးအပ်ပါလျက် ကောင်းစွာ အားထုတ်အပ်ပါလျက် ဒေါသသည် ထိုရဟန်း၏ မေတ္တာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏ဟူသော ဤစကားသည် အရာမဟုတ် အခွင့်မဟုတ်၊ ဤသို့သော အကြောင်းသည်မရှိ၊ ငါ့သျှင် ကိလေသာမှလွတ်သော ယင်းမေတ္တာနှင့် ယှဉ်သော စိတ်သည် ဒေါသမှ ထွက်မြောက်ကြောင်းတည်း" ဟု (ဆိုအပ်၏)။ (၁၇-၁)

ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့၊ "ငါသည် ကိလေသာ တို့မှ လွတ်သော ကရုဏာနှင့်ယှဉ်သော စိတ်ကိုပွါးစေအပ်၏၊ အဖန်ဖန်လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာကဲ့သို့ပြုအပ်၏၊ အဖန်ဖန်ဖြစ်စေအပ်၏၊ အဖန်ဖန် ဆည်းပူးအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ဖြစ်လျက် ညှင်းဆဲခြင်း 'ဝိဟေသ'သည် ငါ၏ ကရုဏာစိတ်ကို ဆုတ်ယုတ် စေ၍ တည်၏" ဟု (ဆိုငြားအံ့)။ "ဤသို့မဆိုလင့် အသျှင် ဤသို့မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ် စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ" ဟု ထိုရဟန်းကို ဆိုအပ်၏။ "ငါ့သျှင် ကိလေသာတို့မှ လွတ်သော ယင်းကရုဏာနှင့်ယှဉ်သော စိတ်ကို

http://www.dhammadownload.com



ပွါးစေအပ်ပါလျက် အဖန်ဖန်လေ့လာအပ်ပါလျက် ယာဉ်ကဲ့သို့ပြုအပ်ပါလျက် တည်ရာကဲ့သို့ပြုအပ်ပါလျက် အဖန်ဖန်ဖြစ်စေအပ်ပါလျက် အဖန်ဖန်ဆည်းပူးအပ်ပါလျက် ကောင်းစွာအားထုတ်အပ်ပါလျက် ညှဉ်းဆဲခြင်း 'ဝိဟေသ' သည် ထိုရဟန်း၏ ကရုဏာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏ ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်၊ ဤသို့သော အကြောင်းသည်မရှိ။ ငါ့သျှင် ကိလေသာမှ လွတ်သော ယင်းကရုဏာနှင့်ယှဉ်သော စိတ်သည် ဝိဟေသတရားမှ ထွက်မြောက်ကြောင်းတည်း" ဟု (ဆိုအပ်၏)။ (၁၇-၂)

ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဤသို့ဆိုငြားအံ့၊ "ငါသည်ကိလေသာတို့မှလွတ်သော မုဒိတာနှင့်ယှဉ်သော စိတ်ကို ပွါးစေအပ်၏၊ အဖန်ဖန်လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ပြုအပ်၏၊ တည်ရာကဲ့သို့ပြုအပ်၏၊ အဖန်ဖန် ဖြစ်စေအပ်၏၊ အဖန်ဖန်ဆည်းပူးအပ်၏၊ ကောင်းစွာအားထုတ်အပ်၏၊ ထိုသို့ဖြစ်လျက် မမွေ့လျော်သော 'အရတိ' တရားသည် ငါ၏ ကရုဏာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏" ဟု (ဆိုငြားအံ့)။ "ဤသို့မဆိုလင့် အသျှင် ဤသို့မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ" ဟု ထိုရဟန်းကို ဆိုအပ်၏၊ "ငါ့သျှင် ကိလေသာတို့မှလွတ်သော ယင်းမုဒိတာနှင့် ယှဉ်သောစိတ်ကို ပွါးစေအပ်ပါလျက် အဖန်ဖန်လေ့လာအပ်ပါလျက် ယာဉ်ကဲ့သို့ပြုအပ်ပါလျက် တည်ရာကဲ့သို့ပြုအပ်ပါလျက် အဖန်ဖန်ဖြစ်စေအပ်ပါလျက် အဖန်ဖန်ဆည်းပူးအပ်ပါလျက် ကောင်းစွာအားထုတ်အပ်ပါလျက် မမွေ့လျော်ခြင်း 'အရတိ' တရားသည် ထိုရဟန်း၏ မုဒိတာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏ ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်၊ ဤသို့သော အကြောင်းသည်မရှိ။ ငါ့သျှင် ကိလေသာတို့မှ လွတ်သော မုဒိတာနှင့်ယှဉ်သော စိတ်သည် မမွေ့လျော်ခြင်း 'အရတိ' တရားမှ ထွက်မြောက်ကြောင်းတည်း" ဟု (ဆိုအပ်၏)။ (၁၇-၃)

ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဤသို့ဆိုငြားအံ့၊ "ငါသည်ကိလေသာတို့မှ လွတ်သော လျစ်လျူရှုခြင်း ဥပေက္ခာနှင့်ယှဉ်သော စိတ်ကို ပွါးစေအပ်၏၊ အဖန်ဖန်လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ပြုအပ်၏၊ တည်ရာကဲ့သို့ပြုအပ်၏၊ အဖန်ဖန်ဖြစ်စေအပ်၏၊ အဖန်ဖန် ဆည်းပူးအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ဖြစ်လျက် စွဲမက်ခြင်း 'ရာဂ' သည် ငါ၏ ဥပေက္ခာစိတ်ကို ဆုတ်ယုတ်စေ၍တည်၏" ဟု (ဆိုငြားအံ့)။ "ဤသို့မဆိုလင့် အသျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားအားစွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ဟောတော်မမူရာ" ဟု ထိုရဟန်းကို ဆိုအပ်၏။ "ငါ့သျှင် ကိလေသာတို့မှ လွတ်သော ယင်းလျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ကို ပွါးစေအပ်ပါလျက် အဖန်ဖန်လေ့လာအပ်ပါလျက် ယာဉ်ကဲ့သို့ပြုအပ်ပါလျက် တည်ရာကဲ့သို့ ပြုအပ်ပါလျက် အဖန်ဖန်ဖြစ်စေအပ်ပါလျက် အဖန်ဖန် ဆည်းပူးအပ်ပါလျက် ကောင်းစွာ အားထုတ်အပ်ပါလျက် စွဲမက်ခြင်း 'ရာဂ' သည် ထိုရဟန်း၏ ဥပေက္ခာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏ ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်၊ ဤသို့သော အကြောင်းသည် မရှိ။ ငါ့သျှင် ကိလေသာမှ လွတ်သော ယင်းလျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်သည် စွဲမက်ခြင်း 'ရာဂ' မှ ထွက်မြောက်ကြောင်းတည်း" ဟု (ဆိုအပ်၏)။ (၁၇-၄)

ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဤသို့ဆိုငြားအံ့၊ "ငါသည်ကိလေသာတို့မှ လွတ်သော (ရာဂစသော) အစွဲအမှတ် နိမိတ်မရှိသော အရဟတ္တဖိုလ်စိတ်ကို ပွါးစေအပ်၏၊ အဖန်ဖန်

http://www.dhammadownload.com



လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ပြုအပ်၏၊ တည်ရာကဲ့သို့ ပြုအပ်၏၊ အဖန်ဖန် ဖြစ်စေအပ်၏၊ အဖန်ဖန် ဆည်းပူးအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ဖြစ်လျက် ငါ၏ ထိုအရဟတ္တဖိုလ် ဝိညာဉ်စိတ်သည် ရာဂ စသော နိမိတ်သို့ အစဉ်လိုက်၏” ဟု (ဆိုငြားအံ့)၊ “ဤသို့မဆိုလင့် အသျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည်မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ” ဟု ထိုရဟန်းကို ဆိုအပ်၏။ “ငါ့သျှင် ကိလေသာတို့မှ လွတ်သော ရာဂ စသော အစွဲအမှတ် နိမိတ်မရှိသော ယင်း အရဟတ္တဖိုလ်စိတ်ကို ပွါးစေအပ်ပါလျက် အဖန်ဖန် လေ့လာအပ်ပါလျက် ယာဉ်ကဲ့သို့ပြုအပ်ပါလျက် တည်ရာကဲ့သို့ ပြုအပ်ပါလျက် အဖန်ဖန်ဖြစ်စေအပ်ပါလျက် အဖန်ဖန် ဆည်းပူးအပ်ပါလျက် ကောင်းစွာ အားထုတ်အပ်ပါလျက် ထိုရဟန်း၏ အရဟတ္တဖိုလ် ဝိညာဉ်စိတ်သည် ရာဂစသောနိမိတ်သို့ အစဉ်လိုက်၏ ဟူသော ဤစကားသည် အကြောင်းမဟုတ် အရာမဟုတ်၊ ဤသို့သော အကြောင်းသည် မရှိ။ ငါ့သျှင် ကိလေသာတို့မှ လွတ်သော ရာဂစသော အစွဲအမှတ် နိမိတ်မရှိသော အရဟတ္တဖိုလ်စိတ်သည် အလုံးစုံသော ရာဂစသော နိမိတ်တို့မှ ထွက်မြောက်ကြောင်းတည်း” ဟု (ဆိုအပ်၏)။ (၁၇-၅)

ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ဤသို့ဆိုငြားအံ့၊ “ငါဟူသော မာနစိတ်သည် ငါ့မှာ ကင်း၏၊ ဤတရားသည် ငါဖြစ်၏ ဟူ၍လည်းမရှိ၊ ထိုသို့ဖြစ်လျက် ငါ၏စိတ်ကို ယုံမှားခြင်း ဝိစိကိစ္ဆာငြောင့်သည် ဆုတ်ယုတ်စေ၍ တည်၏” ဟု (ဆိုငြားအံ့)။ “ဤသို့ မဆိုလင့် အသျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ဟောတော်မမူရာ” ဟု ထိုရဟန်းကို ဆိုအပ်၏၊ “ငါ့သျှင် ငါဟူသော မာနစိတ်ကင်းပါလျက် ဤတရားသည် ငါဖြစ်၏ ဟူ၍လည်း မရှိပါပဲလျက် ထိုရဟန်း၏ စိတ်ကို ယုံမှားခြင်း ဝိစိကိစ္ဆာ ငြောင့်သည် ဆုတ်ယုတ်စေ၍ တည်၏ ဟူသော စကားသည် အကြောင်းမဟုတ် အရာမဟုတ်၊ ဤသို့သော အကြောင်းသည်မရှိ။ ငါ့သျှင် ယင်းငါဟူသောမာနကို အကြွင်းမဲ့ဖြတ်ခြင်းသည် ယုံမှား ခြင်း ဝိစိကိစ္ဆာ ငြောင့်မှ ထွက်မြောက်ကြောင်းတည်း” ဟု (ဆိုအပ်၏)၊ (ဤခြောက်ပါး တို့တည်း)။ (၁၇-၆)

၃၂၇။ လွန်ကဲသော တရားတို့သည် လွန်ကဲသော မြင်ခြင်း၊ လွန်ကဲသော ကြားခြင်း၊ လွန်ကဲ သော ရခြင်း၊ လွန်ကဲသော အတတ်၊ လွန်ကဲသော လုပ်ကျွေးခြင်း၊ လွန်ကဲသော အောက်မေ့ခြင်း အားဖြင့် ခြောက်ပါးတို့တည်း။ (၁၈)

အဖန်ဖန်အောက်မေ့ခြင်းတို့သည် ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ တရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ သံဃာဂုဏ်တော်ကို အောက်မေ့ခြင်း၊ သီလဂုဏ်ကို အောက်မေ့ခြင်း၊ စွန့်ကြဲခြင်း ဂုဏ်ကို အောက်မေ့ခြင်း၊ နတ်တို့ကို သက်သေထား၍ မိမိသဒ္ဓါဂုဏ်ကို အောက်မေ့ခြင်းအားဖြင့် ခြောက်ပါးတို့တည်း။ (၁၉)

၃၂၈။ (ရဟန္တာပုဂ္ဂိုလ်၏) မြဲသော နေခြင်းတို့သည် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤ (သာသနာတော်)၌ ရဟန်းသည် မျက်စိဖြင့် ရုပ်အဆင်းကို မြင်သော် ဝမ်းသာခြင်းလည်းမဖြစ်၊ ဝမ်းနည်းခြင်းလည်းမဖြစ်၊ သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှု၍သာလျှင် နေ၏။ နားဖြင့် အသံကိုကြားသော်။ပ။ စိတ်ဖြင့်မွေ့ရာကိုသိသော် ဝမ်းသာခြင်းလည်းမဖြစ်၊ ဝမ်းနည်း ခြင်းလည်းမဖြစ်၊ သတိဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှု၍သာလျှင် နေ၏။ (၂၀)

http://www.dhammadownload.com



၃၂၉။ အမျိုးဇာတ်တို့သည် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် မည်းသော အမျိုးဇာတ်ရှိသည်ဖြစ်၍ မည်းသောတရားကိုဖြစ်စေ၏၊ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် မည်းသောအမျိုးဇာတ်ရှိသည်ဖြစ်၍ ဖြူသောတရားကိုဖြစ်စေ၏၊ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် မည်းသောအမျိုးဇာတ်ရှိသည်ဖြစ်၍ မမည်းမဖြူသော နိဗ္ဗာန်ကို ဖြစ်စေ၏၊ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် ဖြူသောအမျိုးဇာတ်ရှိသည်ဖြစ်၍ ဖြူသော တရားကို ဖြစ်စေ၏၊ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် ဖြူသောအမျိုးဇာတ်ရှိသည်ဖြစ်၍ မည်းသောတရားကိုဖြစ်စေ၏၊ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် ဖြူသောအမျိုးဇာတ် ရှိသည်ဖြစ်၍ မမည်းမဖြူသော နိဗ္ဗာန်ကို ဖြစ်စေ၏၊ (ဤခြောက်ပါးတို့တည်း)။ (၂၁)

နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော သညာတို့သည် အနိစ္စာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ အနိစ္စတရား၌ ဒုက္ခာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ ဒုက္ခတရား၌ အနတ္တာနုပဿနာဉာဏ်၌ ဖြစ်သောသညာ၊ ပဟာနာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ ဝိရာဂါနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ နိရောဓာနုပဿနာဉာဏ်၌ဖြစ်သော သညာအားဖြင့် ခြောက်ပါးတို့တည်း။ (၂၂)

ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို)သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤခြောက်ပါးသော တရားတို့ကို ကောင်းစွာဟောတော်မူအပ်၏၊ ထိုခြောက်ပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာ အလို့ငှါ ဖြစ်၏။

## သတ္တက–တရားခုနစ်ပါးစု

၃၃၀။ ငါ့သျှင်တို့(အလုံးစုံသော တရားတို့ကို)သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာ ဟောတော်မူအပ်သော ခုနစ်ပါးသော တရားတို့သည် ရှိကုန်၏။ ထိုခုနစ်ပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်၏။

အဘယ်ခုနစ်ပါးသောတရားတို့နည်းဟူမူ—

အရိယာဥစ္စာတို့သည် သဒ္ဓါဥစ္စာ၊ သီလဥစ္စာ၊ ဟိရိဥစ္စာ၊ ဩတ္တပ္ပဥစ္စာ၊ သုတဥစ္စာ၊ စာဂဥစ္စာ၊ ပညာဥစ္စာအားဖြင့် ခုနစ်ပါးတို့တည်း။ (၁)

ဗောဇ္ဈင်တို့သည် သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်အားဖြင့် ခုနစ်ပါးတို့တည်း။ (၂)

သမာဓိ၏အခြံအရံ 'အဆောက်အဦ'တို့သည် မှန်သောသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မှန်သောကြံခြင်း 'သမ္မာသင်္ကပ္ပ'၊ မှန်သောပြောဆိုခြင်း 'သမ္မာဝါစာ'၊ မှန်သောပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'၊ မှန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ'၊ မှန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မှန်သောအောက်မေ့ခြင်း 'သမ္မာသတိ'အားဖြင့် ခုနစ်ပါးတို့တည်း။ (၃)

http://www.dhammadownload.com



မသူတော်တရားတို့သည် ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားမရှိ၊ ရှက်ခြင်းမရှိ၊ ကြောက်လန့်ခြင်းမရှိ၊ အကြားအမြင်မရှိ၊ ပျင်းရိ၏၊ သတိလွတ်၏၊ ပညာမရှိ၊ ဤသို့အားဖြင့် ခုနစ်ပါးတို့တည်း။ (၄)

သူတော်ကောင်း တရားတို့သည် ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ ရှက်ခြင်းရှိ၏၊ ကြောက်လန့်ခြင်းရှိ၏၊ အကြားအမြင်များ၏၊ အားထုတ်အပ်သော ဝီရိယရှိ၏၊ ထင်သောသတိရှိ၏၊ ပညာရှိ၏၊ ဤသို့အားဖြင့် ခုနစ်ပါးတို့တည်း။ (၅)

သူတော်ကောင်းတရားတို့သည် ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ပါဠိကိုသိ၏၊ အနက်ကိုသိ၏၊ မိမိကိုယ်ကိုသိ၏၊ အတိုင်းအရှည်သိ၏၊ အခါကိုသိ၏၊ ပရိသတ်ကိုသိ၏၊ ပုဂ္ဂိုလ်ကိုသိ၏၊ ဤသို့အားဖြင့် ခုနစ်ပါးတို့တည်း။ (၆)

၃၃၁။ ရဟန္တာဖြစ်ခြင်းအကြောင်းတို့သည် ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သိက္ခာကိုစောင့်ထိမ်းခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း သိက္ခာကိုစောင့်ထိန်းခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏၊ တရားကိုဆင်ခြင်ခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း တရားကိုဆင်ခြင်ခြင်း၌ မကင်းသောတောင့်တခြင်းရှိ၏၊ တဏှာကိုဖျက်ဆီးခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း တဏှာကိုဖျက်ဆီးခြင်း၌ မကင်းသောတောင့်တခြင်းရှိ၏၊ ဆိတ်ငြိမ်ရာတယောက်ထီးတည်း နေခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း ဆိတ်ငြိမ်ရာတယောက်ထီးတည်း နေခြင်း၌ မကင်းသောတောင့်တခြင်းရှိ၏၊ လုံ့လကိုပြည့်စုံစေခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း လုံ့လကို ပြည့်စုံစေခြင်း၌ မကင်းသော တောင့်တခြင်းဆန္ဒရှိ၏၊ သတိပညာ၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌ သတိပညာ၌ မကင်းသော တောင့်တခြင်းရှိ၏၊ အရိယာမဂ်ကိုသိမြင်ခြင်း၌ ထက်သောဆန္ဒရှိ၏၊နောင်သောအခါ၌လည်း အရိယာမဂ်ကို သိမြင်ခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏၊ ဤသို့အားဖြင့် ခုနစ်ပါးတို့တည်း။ (၇)

သညာတို့သည် အနိစ္စာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ အနတ္တာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ အသုဘာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ အာဒီနဝါနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ ပဟာနာနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ ဝိရာဂါနုပဿနာဉာဏ်၌ဖြစ်သော သညာ၊ နိရောဓာနုပဿနာဉာဏ်၌ဖြစ်သောသညာအားဖြင့် ခုနစ်ပါးတို့တည်း။ (၈)

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ် အားဖြင့် ခုနစ်ပါးတို့တည်း။ (၉)

၃၃၂။ ဝိညာဉ်၏တည်ရာတို့သည် ခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ အဘယ်သတ္တဝါတို့နည်း ဟူမူ—အချို့သော နတ်[၁] အချို့သော ဝိနိပါတိက[၂] နှင့် လူတို့ပင်တည်း၊ ဤကား ရှေးဦးစွာသော ဝိညာဉ်၏ တည်ရာပေတည်း။

---

၁။ နတ်ပြည်ခြောက်ထပ်ရှိ ကာမာဝစရနတ်တို့ကို အချို့သောနတ် ဟု ဆိုသည်။
၂။ ဖုတ် တစ္ဆေ သူရဲ စသော နာနာဘာဝသတ္တဝါတို့ကို အချို့သော ဝိနိပါတိက ဟု ဆိုသည်။

http://www.dhammadownload.com



ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်းတူကုန်သော သတ္တာဝါတို့သည် ရှိကုန်၏။ အဘယ်သတ္တဝါတို့နည်းဟူမူ—ပဌမစျာန်ဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကားနှစ်ခုမြောက်သော ဝိညာဉ်၏တည်ရာပေတည်း။

ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာခြင်းကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ အဘယ်သတ္တဝါတို့နည်းဟူမူ—အာဘဿရာဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား သုံးခုမြောက်သော ဝိညာဉ်၏တည်ရာပေတည်း။

ငါ့သျှင်တို ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်းတူကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ အဘယ်သတ္တဝါတို့နည်းဟူမူ—သုဘကိဏှာဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား လေးခုမြောက်သော ဝိညာဉ်၏တည်ရာပေတည်း။

ငါ့သျှင်တို့ ရူပသညာတို့ကိုလုံးဝလွန်မြောက်၍ ပဋိဃသညာတို့လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ “ကောင်းကင်သည် အဆုံးမရှိ” ဟု ပွါးများခြင်းကြောင့် အာကာသာနဉ္စာယတနဘုံသို့ ရောက်သောဗြဟ္မာတို့သည် ရှိကုန်၏။ ဤကား ငါးခုမြောက်သော ဝိညာဉ်၏တည်ရာပေတည်း။

ငါ့သျှင်တို့ အာကာသာနဉ္စာယတနစျာန်ကိုလုံးဝလွန်မြောက်၍ “ဝိညာဉ်သည် အဆုံးမရှိ” ဟု ပွါးများခြင်းကြောင့် ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏။ ဤကား ခြောက်ခုမြောက်သော ဝိညာဉ်၏တည်ရာပေတည်း။

ငါ့သျှင်တို့ ဝိညာဏဉ္စာယတနစျာန်ကိုလုံးဝလွန်မြောက်၍ “တစုံတခုမျှမရှိ” ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတနဘုံသို့ရောက်သော ဗြဟ္မာတို့သည်ရှိကုန်၏။ ဤကား ခုနစ်ခုမြောက်သော ဝိညာဉ်၏တည်ရာ ပေတည်း။ (၁၀)

အလှူခံပုဂ္ဂိုလ်တို့သည် နှစ်ဖက်အဘို့မှလွတ်သော ‘ဥဘတောဘာဂဝိမုတ္တ’ ပုဂ္ဂိုလ်၊ ပညာဖြင့်လွတ်သော ‘ပညာဝိမုတ္တ’ ပုဂ္ဂိုလ်၊ ကာယသက္ခိပုဂ္ဂိုလ်၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ ဓမ္မာနုသာရီပုဂ္ဂိုလ်၊ သဒ္ဓါနုသာရီပုဂ္ဂိုလ်အားဖြင့် ခုနစ်ယောက်တို့တည်း။ (၁၁)

အဖန်တလဲလဲကိန်းတတ်သော ‘အနုသယ’ တို့သည် ကာမရာဂါနုသယ၊ ပဋိဃာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယအားဖြင့် ခုနစ်ပါးတို့တည်း။ (၁၂)

သံယောဇဉ်တို့သည် အနုနယသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ မာနသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်အားဖြင့် ခုနစ်ပါးတို့တည်း။ (၁၃)

အဓိကရုဏ်းကိုငြိမ်းစေတတ်သောတရားတို့သည် ခုနစ်ပါးတို့တည်း။ ဖြစ်ကုန်ပြီး ဖြစ်ကုန်ပြီးသော အဓိကရုဏ်းတို့ကို ငြိမ်းစေခြင်းငှါ ငြိမ်သက်စေခြင်းငှါ သမ္မုခါဝိနည်းကိုပေ အပ်၏၊ သတိဝိနည်းကို ပေးအပ်၏၊ အမူဠ္ဍဝိနည်းကိုပေးအပ်၏၊ ဝန်ခံခြင်းဖြင့် ပြုအပ်၏၊ ယေဘုယျသိကာကံကိုပြုအပ်၏၊ တဿပါပိယျသိကာကံကို ပြုအပ်၏၊ တိဏဝတ္ထာရကကံကိုပြုအပ်၏၊ (ဤခုနစ်ပါးတို့တည်း)။ (၁၄)

http://www.dhammadownload.com



ငါ့ချင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤခုနစ်ပါးသော တရားတို့ကို ကောင်းစွာဟောတော်မူအပ်၏။ ထိုခုနစ်ပါးသော တရားတို့၌ အလုံးစုံသော သင့်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်၏။

ဒုတိယအခဏ်း ပြီး၏။

---

## အဋ္ဌက-တရားရှစ်ပါးစု

၃၃၃။ ငါ့ချင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောတော်မူသော ရှစ်ပါးသော တရားတို့သည် ရှိကုန်၏။ ထိုရှစ်ပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ ဖြစ်၏။

အဘယ်ရှစ်ပါးသော တရားတို့နည်းဟူမူ—

မှားသောသဘော တရားတို့သည် မှားသောအယူ၊ မှားသောအကြံ၊ မှားသောစကား၊ မှားသောအမှု၊ မှားသောအသက်မွေးမှု၊ မှားသောအားထုတ်မှု၊ မှားသောအောက်မေ့မှု၊ မှားသော တည်ကြည်မှုအားဖြင့် ရှစ်ပါးတို့တည်း။ (၁)

မှန်သောသဘောတရားတို့သည် မှန်သောသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မှန်သော ကြံခြင်း 'သမ္မာသင်္ကပ္ပ'၊ မှန်သောပြောဆိုခြင်း 'သမ္မာဝါစာ'၊ မှန်သောပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'၊ မှန်သောအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်သောအောက်မေ့ခြင်း 'သမ္မာသတိ' မှန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ' အားဖြင့် ရှစ်ပါးတို့တည်း။ (၂)

အလှူခံထိုက်သောပုဂ္ဂိုလ်တို့သည် သောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ကိုရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ကိုရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ကို ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ကိုရရန် ကျင့်ဆဲပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်တို့တည်း။ (၃)

၃၃၄။ ပျင်းရိခြင်းအကြောင်းတို့သည် ရှစ်ပါးတို့တည်း။ ငါ့ချင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စကို ပြုအပ်၏၊ ထိုရဟန်းအား ဤသို့စိတ် ဖြစ်၏၊ "ငါသည် အမှုကိစ္စကိုပြုရအံ့၊ အမှုကိစ္စပြုသော ငါ၏ကိုယ်သည် ပင်ပန်းလတ္တံ့၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ မရောက်ရသေးသောတရားသို့ရောက်ခြင်းငှါ မရသေးသည့်တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသည့်တရားကို မျက်မှောက်ပြုခြင်းငှါ ဝီရိယကိုမဖြစ်စေ။ ဤကားရှေးဦးစွာသော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့ချင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အမှုကိစ္စကို ပြုပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်ဖြစ်၏၊ "ငါသည် အမှုကိစ္စကိုပြုပြီးပြီ၊ အမှုကိစ္စကိုပြုပြီးသော ငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကိုမဖြစ်စေ။ပ။ ဤကား နှစ်ခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ခရီးသွားအပ်၏၊ ထိုရဟန်းအား ဤသို့သောစိတ် ဖြစ်၏၊ "ငါသည်ခရီးသွားရအံ့၊ ခရီးသွားသော ငါ၏ ကိုယ်သည် ပင်ပန်းလတ္တံ့။ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကိုမဖြစ်စေ။ပ။ ဤကား သုံးခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ခရီးသွားပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့စိတ်ဖြစ်၏၊ "ငါသည်ခရီးသွားပြီးပြီ၊ ခရီးသွားသော ငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား လေးခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်မရ၊ ထိုရဟန်းအား ဤသို့စိတ်ဖြစ်၏၊ "ငါသည် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်မရခဲ့၊ ဆွမ်းခံသွားသော ထိုငါ၏ကိုယ်သည် ပင်ပန်း၏၊ အမှုကိစ္စကိုပြုရန်မခံ့၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကိုလည်း မဖြစ်စေ။ပ။ ဤကား ငါးခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုရဟန်းအား ဤသို့စိတ်ဖြစ်၏၊ "ငါသည် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းကိုအလိုရှိတိုင်း ပြည့်စုံအောင်ရခဲ့၏၊ ထိုငါ၏ ကိုယ်သည်လေး၏၊ အမှုကိစ္စကိုပြုရန်မခံ့၊ စိုစွတ်သောပဲကဲ့သို့လေး၏၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည်အိပ်၏၊ ဝီရိယကိုမဖြစ်စေ။ပ။ ဤကား ခြောက်ခုမြောက်သော ပျင်းရိခြင်း၏အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းအား အနည်းငယ်မျှသော အနာသည်ဖြစ်၏၊ ထိုရဟန်း အား ဤသို့စိတ်ဖြစ်၏၊ "ငါ့အား အနည်းငယ်မျှသော ဤအနာသည်ဖြစ်၏၊ အိပ်ခြင်းငှါ လျောက်ပတ်၏၊ ယခု ငါသည် အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား ခုနစ်ခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အနာမှထ၍ မကြာသေး၊ ထိုရဟန်းအား ဤသို့ စိတ်ဖြစ်၏၊ "ငါသည် အနာမှထ၏၊ အနာမှထ၍ မကြာသေး၊ ထိုငါ၏ ကိုယ်သည် အားမရှိ၊ အမှု ပြုရန်မခံ့၊ ယခုငါသည်အိပ်ဦးအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည်အိပ်၏၊ မရောက်သေးသည့်တရား သို့ ရောက်ခြင်းငှါ မရသေးသည့်တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသည့်တရားကို မျက်မှောက် ပြုခြင်းငှါ ဝီရိယကို မဖြစ်စေ။ ဤကား ရှစ်ခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။ (၄)

၃၃၅။ အားထုတ်ခြင်း အကြောင်းဟူသည် ရှစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စကိုပြုအပ်၏၊ ထိုရဟန်းအား ဤသို့ စိတ်ဖြစ်၏၊ "ငါသည် အမှုကိစ္စကိုပြုရအံ့၊ အမှုကိစ္စကိုပြုသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန်မလွယ်၊ ယခုငါသည်

http://www.dhammadownload.com



မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကိုရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက် ပြုခြင်းငှါ ဝီရိယကို ဖြစ်စေ၏။ ဤကား ရှေးဦးစွာသော အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အမှုကိစ္စကို ပြုပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့စိတ်ဖြစ်၏၊ "ငါသည် အမှုကိစ္စကို ပြုပြီးပြီ၊ အမှုကိစ္စကို ပြုပြီးသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခုငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား နှစ်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ထိုရဟန်းသည် ခရီးသွားအပ်၏၊ ထိုရဟန်းအား ဤသို့စိတ်သည် ဖြစ်၏၊ "ငါသည် ခရီးသွားရအံ့၊ ခရီးသွားသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန်မလွယ်၊ ယခုငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား သုံးခုမြောက်သော အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရီးသွားပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့စိတ်ဖြစ်၏၊ "ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားပြီးသော ငါသည် ဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခုငါသည် ဝီရိယကိုဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား လေးခုမြောက်သော အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရခဲ့၊ ထိုရဟန်းအား ဤသို့ စိတ်ဖြစ်၏၊ "ငါသည်ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်းပြည့်စုံအောင်မရခဲ့၊ ထိုငါ၏ ကိုယ်သည်ပေါ့၏၊ အမှုကိစ္စပြုရန်ခံ့၏၊ ယခုငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကိုဖြစ်စေ၏။ပ။ ဤကား ငါးခုမြောက်သော အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရွာသို့ရင်း၊ နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်းပြည့်စုံအောင်ရခဲ့၏၊ ထိုရဟန်းအား ဤသို့ စိတ်ဖြစ်၏၊ "ငါသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံ သွားသည် ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုငါ၏ ကိုယ်သည်အားရှိ၏၊ အမှုကိစ္စကိုပြုရန်ခံ့၏၊ ယခုငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား ခြောက်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းအား အနည်းငယ်မျှသော အနာသည် ဖြစ်၏၊ ထိုရဟန်းအား ဤသို့စိတ်ဖြစ်၏၊ "ငါ့အား အနည်းငယ်မျှသောအနာသည် ဖြစ်၏၊ ငါ၏အနာသည် တိုးပွါးရာသောအကြောင်းရှိ၏၊ ယခုငါသည် ဝီရိယကိုဖြစ်စေအံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား ခုနစ်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်းတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အနာမှထ၏၊ အနာမှထ၍ မကြာသေး၊ ထိုရဟန်းအား ဤသို့ စိတ်ဖြစ်၏၊ "ငါသည် အနာမှထ၏၊ အနာမှထ၍ မကြာသေး၊ ငါ့အား အနာသည် ပြန်ဖြစ်ရာသောအကြောင်းရှိ၏၊ ယခုငါသည် မရောက်သေးသောတရားသို့ရောက်ခြင်းငှါ မရသေးသောတရားကိုရခြင်းငှါ မျက်မှောက်မပြုရသေးသောတရားကို မျက်မှောက်ပြုခြင်းငှါ အားထုတ်အံ့" ဟု (စိတ်ဖြစ်၏)။ ထိုရဟန်းသည် မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကိုရခြင်းငှါ မျက်မှောက်မပြုရသေးသောတရားကို မျက်မှောက်ပြုခြင်းငှါ ဝီရိယကိုဖြစ်စေ၏။ ဤကား ရှစ်ခုမြောက်သော အားထုတ်ခြင်း၏အကြောင်းတည်း။　(၅)

၃၃၆။ ဒါနဖြစ်ခြင်းအကြောင်းတို့သည် ရှစ်ပါးတို့တည်း။ ရောက်လာသောကြောင့် အလှူကို ပေး၏၊ ကဲ့ရဲ့ခြင်းစသည်မှ ကြောက်သောကြောင့် အလှူကိုပေး၏၊ (သူသည်) "ငါ့အား ပေးဘူးသည်" ဟု အလှူကိုပေး၏၊ (သူသည်) "ငါ့အားပေးလတ္တံ့" ဟု အလှူကိုပေး၏၊ "အလှူသည် သူတော်ကောင်းတို့ ချီးမွမ်းအပ်၏" ဟု အလှူကိုပေး၏၊ "ငါသည် ချက်၏၊ ဤသူတို့မချက်ကုန်၊ ချက်သော ငါသည် မချက်သောသူတို့အား မပေးပဲထားခြင်းငှါမသင့်" ဟု အလှူကိုပေး၏၊ "ဤအလှူပေးသော ငါ့အား ကောင်းသော ကျော်စောခြင်း သတင်းသည် ပျံ့နှံ့၍ ထွက်၏" ဟု အလှူကို ပေး၏၊ (သမထဝိပဿနာ) စိတ်၏တန်ဆာအခြံအရံအလို့ငှါ အလှူကိုပေး၏။　(၆)

၃၃၇။ အလှူပေးခြင်းကြောင့်ဖြစ်သော အကျိုးတို့သည် ရှစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်းအဖျော်အဝတ်ပုဆိုးယာဉ် သံလျင်း ပန်းနံ့သာ နံ့သာပျောင်း ကျောင်း အိပ်ရာနေရာ ဆီမီးဟူသော အလှူကိုပေး၏။ ထိုသူသည် အကြင်ဝတ္ထုကို ပေးလှူ၏၊ ထိုဝတ္ထုကို တောင့်တ၏၊ ထိုသူသည် မင်းမျိုး သူဌေးကိုရင်း ဗြာဟ္မဏမျိုး သူဌေးကိုရင်း သူကြွယ်မျိုး သူဌေးကိုရင်း ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားသည်ကို မြင်၏။ ထိုသူအား ဤသို့စိတ်ဖြစ်၏၊ "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မင်းမျိုး သူဌေးတို့၏ရင်း ဗြာဟ္မဏမျိုး သူဌေးတို့၏ရင်း သူကြွယ်မျိုး သူဌေးတို့၏ရင်း အပေါင်းအဖော်အဖြစ်သို့ရောက်ရမူ ကောင်းလေစွ" ဟု (စိတ်ဖြစ်၏)။ ထိုသူသည် ထိုစိတ်ကိုထား၏၊ ထိုစိတ်ကို အခိုင်ဓာန်၏၊ ထိုစိတ်ကိုပွါးများ၏၊ ထိုသူ၏ ထိုစိတ်သည် ယုတ်သောကာမဂုဏ်တရား၌ ညွတ်၏၊ လွန်မြတ်သော မဂ်ဖိုလ်အလို့ငှါ မပွါးစေအပ်၊ ထိုအမျိုးတို့၌ ရောက်ရခြင်းငှါ ဖြစ်၏၊ ထိုစကားကိုလည်း သီလရှိသောပုဂ္ဂိုလ်အားဆို၏၊ သီလမရှိသောပုဂ္ဂိုလ်အားမဆို။ ငါ့သျှင်တို့ သီလရှိသော ပုဂ္ဂိုလ်၏ စိတ်တောင့်တခြင်းသည် ပြီးစင်သောကြောင့် ပြည့်စုံ၏။　(၇-၁)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်းအဖျော်။ပ။ ကျောင်းအိပ်ရာနေရာဆီမီးစသော အလှူကိုပေးလှူ၏၊ ထိုသူသည် အကြင်ဝတ္ထုကို ပေးလှူ၏၊ ထိုဝတ္ထုကို တောင့်တ၏။ ထိုသူသည် "စာတုမဟာရာဇ်နတ်တို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာ များကုန်၏" ဟု ကြားဘူး၏။ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု စိတ်ဖြစ်၏။ ထိုသူသည် ထိုစိတ်ကိုထား၏၊ ထိုစိတ်ကို အခိုင်ဓာန်၏၊ ထိုစိတ်ကိုပွါးများ၏၊ ထိုသူ၏စိတ်သည် ယုတ်သောကာမဂုဏ်တရား၌ညွတ်၏၊ လွန်မြတ်သောမဂ်ဖိုလ်အလို့ငှါ မပွါးစေအပ်၊ ထိုစာတုမဟာရာဇ် နတ်ပြည်၌ ရောက်ရခြင်းငှါ ဖြစ်၏၊ ထိုစကားကိုလည်း

http://www.dhammadownload.com



သီလရှိသော ပုဂ္ဂိုလ်အားဆို၏၊ သီလမရှိသော ပုဂ္ဂိုလ်အားမဆို။ ငါ့သျှင်တို့ သီလရှိသောပုဂ္ဂိုလ်၏ စိတ်တောင့်တခြင်းသည် ပြီးစင်သောကြောင့်ပြည့်စုံ၏။ (၇-၂)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ဤလောက၌ အချို့သောသူသည် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်းအဖျော်။ပ။ ကျောင်းအိပ်ရာနေရာ ဆီမီးစသော အလှူကိုပေးလှူ၏၊ ထိုသူသည် အကြင်ဝတ္ထုကို ပေးလှူ၏၊ ထိုဝတ္ထုကို တောင့်တ၏။ ထိုသူသည် "တာဝတိံသာ နတ်တို့သည်။ပ။ ယာမာနတ်တို့သည်။ပ။ တုသိတာနတ်တို့သည်။ပ။ နိမ္မာနရတိနတ်တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တီ နတ်တို့သည် အသက်ရှည်ကုန်၏ အဆင်းလှကုန်၏ ချမ်းသာများကုန်၏" ဟု ကြားဘူး၏။ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်ရမူ ကောင်းလေစွ" ဟု စိတ်ဖြစ်၏။ ထိုသူသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကို အဓိဋ္ဌာန်၏၊ ထိုစိတ်ကို ပွါးများ၏၊ ထိုသူ၏ ထိုစိတ်သည် ယုတ်သော ကာမဂုဏ်တရား၌ ညွတ်၏၊ လွန်မြတ်သောမဂ်ဖိုလ်အလို့ငှါ မပွါးစေအပ်၊ ထိုနိမ္မာနရတိနတ်ပြည်၌ ရောက်ခြင်းငှါ ဖြစ်၏၊ ထိုစကားကိုလည်း သီလရှိသောပုဂ္ဂိုလ်အားဆို၏၊ သီလမရှိသော ပုဂ္ဂိုလ်အား မဆို။ ငါ့သျှင်တို့ သီလရှိသော ပုဂ္ဂိုလ်၏ စိတ်တောင့်တခြင်းသည် ပြီးစင်သောကြောင့်ပြည့်စုံ၏။ (၇-၇)

တဖန်ထို့ပြင်လည်း ငါ့သျှင်တို့ ဤလောက၌ အချို့သောသူသည် သမဏအားရင်း ဗြာဟ္မဏအားရင်း ထမင်းအဖျော် အဝတ်ပုဆိုးယာဉ်သံလျင်း ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ကျောင်း ဆီမီး ဟူသော အလှူကိုပေး၏၊ ထိုသူသည် အကြင်ဝတ္ထုကိုပေးလှူ၏၊ ထိုဝတ္ထုကိုတောင့်တ၏၊ ထိုသူသည် "ဗြဟ္မာ့ပြည်၌ဖြစ်သော ဗြဟ္မာတို့သည် အသက်ရှည်ကုန်၏၊ အဆင်းလှကုန်၏၊ ချမ်းသာ များကုန်၏ ဟု ကြားဘူး၏။ ထိုသူအား "ငါသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဗြဟ္မာ့ပြည်၌ဖြစ်သော ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု စိတ်ဖြစ်၏။ ထိုသူသည် ထိုစိတ်ကို ထား၏၊ ထိုစိတ်ကိုအဓိဋ္ဌာန်၏၊ ထိုစိတ်ကိုပွါးများ၏၊ ထိုသူ၏ ထိုစိတ်သည် ယုတ်သော ကာမဂုဏ်တရား၌ ညွတ်၏၊ လွန်မြတ်သော မဂ်ဖိုလ်အလို့ငှါ မပွါးစေအပ်၊ ထိုဗြဟ္မာ့ဘုံ၌ ရောက်ရခြင်းငှါ ဖြစ်၏၊ ထိုစကားကိုလည်း သီလရှိသော ပုဂ္ဂိုလ်အားဆို၏၊ သီလ မရှိသော ပုဂ္ဂိုလ်အားမဆို၊ (ကာမ၌) တပ်ခြင်းကင်းသော ပုဂ္ဂိုလ်အားဆို၏။ (ကာမ၌) တပ်ခြင်း ရှိသော ပုဂ္ဂိုလ်အားမဆို။ ငါ့သျှင်တို့ သီလရှိသော ပုဂ္ဂိုလ်၏ စိတ်တောင့်တခြင်းသည် တပ်ခြင်းကင်း ခြင်းကြောင့် ပြည့်စုံ၏။ (၇-၈)

ပရိသတ်ရှစ်ပါးသည် မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်၊ စာတုမဟာရာဇ်ပရိသတ်၊ တာဝတိံသာပရိသတ်၊ မာရ်ပရိသတ်၊ ဗြဟ္မာပရိသတ်အားဖြင့် ရှစ်ပါး တို့တည်း။ (၈)

လောကဓံတရားတို့သည် လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အကျော်အစော်များခြင်း၊ အကျော် အစော နည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းအားဖြင့် ရှစ်ပါးတို့ တည်း။ (၉)

၃၃၈။ (ဆန့်ကျင်ဖက်တရားနှင့် အာရုံတို့ကို) လွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန' ရှစ်ခုတို့ သည် ရှိပါ၏၊ ထိုတည်း။ တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကိုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသောအဆင်းရှိသော ငယ်သော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို

http://www.dhammadownload.com



(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ'ရှိ၏။ ဤကား ပဌမ အဘိဘာယတန ဈာန်ပေတည်း။

တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌အဆင်းရုပ်ကိုရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသောအဆင်းရှိသော ကြီးသော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကိုလွှမ်းမိုး၍ (ငါ) သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ'ရှိ၏။ ဤကား ဒုတိယအဘိဘာယတနယ ဈာန်ပေတည်း။

တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသောအဆင်း ရှိသော ငယ်သော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကိုလွှမ်း မိုး၍ (ငါ) သိသည်(ငါ) မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ'ရှိ၏။ ဤကား တတိယ အဘိဘာယတနဈာန်ပေတည်း။

တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကိုလွှမ်း မိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ'ရှိ၏။ ဤကား စတုတ္ထ အဘိ ဘာယတန ဈာန်ပေတည်း။

တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ ညိုသောအဆင်း ညိုသော အသွေး ညိုသောအရောင်ရှိသော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ ဥပမာအားဖြင့် ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော အောက်မဲညို[၁] ပန်းကဲ့သို့ရင်း ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ညိုသော နှစ်ဖက်ချော အဝတ်ကဲ့သို့ ရင်း ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ညိုသော အဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ' ရှိ၏။ ဤကား ပဉ္စမ အဘိ ဘာယတနဈာန်ပေတည်း။

တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဝါရွှေသော အဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ဥပမာ အားဖြင့် ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော မဟာလှေကား ပန်း ကဲ့သို့ရင်း ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဝါရွှေသော နှစ်ဖက်ချော အဝတ်ကဲ့သို့ရင်း ဤအတူ တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌အဆင်း ရုပ်တို့ကိုမရှုမှတ်မူ၍ အပသန္တာန်၌ ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင် ရှိ သော ဝါရွှေသော(ကသိုဏ်း)ရုပ်တို့ကိုရှု၏ ထို(ရုပ်)တို့ကိုလွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ'ရှိ၏။ ဤကား ဆဋ္ဌအဘိဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန် အဆင်းရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော(ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ ဥပမာအားဖြင့် နီသော

---

၁။ ဤအရာ၌ ဥမ္မာပုပ္ဖ ဟူသောပုဒ်အနက်ကို အောက်မဲညို ပန်းဟူ၍ ညိုသောနှမ်းကြပ်ပန်းဟု အဘိဓာန် ဋီကာ၌ဆို၏။

http://www.dhammadownload.com



အဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသောမိုးဆွေပန်းကဲ့သို့ရင်း နီသောအဆင်း နီသော အသွေး နီသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် နီသော နှစ်ဖက်ချောအဝတ်ကဲ့သို့ရင်း ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ'ရှိ၏။ ဤကား သတ္တမအဘိဘာယတန ဈာန်ပေတည်း။

တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌အဆင်းရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော (ကသိုဏ်း) ရုပ်တို့ကိုရှု၏၊ ဥပမာအားဖြင့် ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသောသောက်ရှုးကြယ်ကဲ့သို့ရင်း ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဖြူသောနှစ်ဖက်ချောအဝတ်ကဲ့သို့ရင်း ဤအတူတဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်း ရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော(ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ' ရှိ၏။ ဤကား အဋ္ဌမအဘိဘာယတန ဈာန်ပေတည်း။ (၁၀)

၃၃၉။ လွတ်သပ်ခြင်း 'ဝိမောက္ခ'တို့သည် ရှစ်ပါးတို့တည်း။ (မိမိသန္တာန်၌) ကသိုဏ်းရုပ် ဈာန် ရှိသည်ဖြစ်၍ (ပြင်ပသန္တာန်၌လည်း)(ကသိုဏ်း)ရုပ်တို့ကိုရှု၏။ ဤကား ပဌမဝိမောက္ခပေတည်း။

မိမိသန္တာန်၌ အဆင်းရုပ်ကိုမရှုမှတ်မူ၍ ပြင်ပသန္တာန်၌ (ကသိုဏ်း)ရုပ်တို့ကိုရှု၏။ ဤကား ဒုတိယဝိမောက္ခပေတည်း။

တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်း၏။ ဤကားတတိယဝိမောက္ခပေတည်း။

ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍"ကောင်းကင်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် အာကာသာနဉ္စာယတန (ဈာန်)သို့ ရောက်၍ နေ၏။ ဤကား စတုတ္ထဝိမောက္ခပေတည်း။

အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍"ဝိညာဉ်သည် အဆုံးမရှိ"ဟု ပွါးများခြင်း ကြောင့် ဝိညာဏဉ္စာယတန (ဈာန်)သို့ ရောက်၍ နေ၏၊ ဤကား ပဉ္စမဝိမောက္ခပေတည်း။

ဝိညာဏဉ္စာယတန(ဈာန်)ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတန(ဈာန်)သို့ရောက်၍ နေ၏။ ဤကား ဆဋ္ဌဝိမောက္ခပေတည်း။

အာကိဉ္စညာယတန (ဈာန်)ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန (ဈာန်)သို့ ရောက်၍ နေ၏။ ဤကား သတ္တမဝိမောက္ခပေတည်း။

နေဝသညာနာသညာယတန(ဈာန်)ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ (နိရောဓသမာပတ်)သို့ ရောက်၍ နေ၏။ ဤကား အဋ္ဌမဝိမောက္ခပေတည်း။ (၁၁)

ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရား

http://www.dhammadownload.com



သည် ဤတရားရှစ်ပါးတို့ကို ကောင်းစွာဟောတော်မူအပ်၏၊ ထိုရှစ်ပါးသောတရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ်ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်၏။

## နဝက-တရားကိုးပါးစု

၃၄၀။ ငါ့သျှင်တို့ (အလုံးစုံသောတရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်ဘိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာ ဟောဘော်မူသော ကိုးပါးသော တရားတို့သည် ရှိကုန်၏၊ ထိုကိုးပါးသောတရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ်ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာ အလို့ငှါဖြစ်၏။

အဘယ်တရား ကိုးပါးတို့နည်းဟူမူ—

ခိုက်ရန်ဖြစ်ခြင်းအကြောင်းတို့သည် ကိုးပါးတို့တည်း။ "ငါ၏အကျိုးမဲ့ကို ပြုကျင့်ဘူးသည်" ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏ အကျိုးမဲ့ကိုပြုနေဆဲ" ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏အကျိုးမဲ့ကိုပြုလတ္တံ့" ဟု ရန်ငြိုးဖွဲ့၏။

"ငါချစ်ခင်နှစ်သက်သောပုဂ္ဂိုလ်၏ အကျိုးမဲ့ကိုပြုဘူးသည်" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးမဲ့ကို ပြုနေဆဲ" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးမဲ့ကိုပြုလတ္တံ့" ဟု ရန်ငြိုးဖွဲ့၏။

"ငါမချစ်ခင်မနှစ်သက်သော ပုဂ္ဂိုလ်၏အကျိုးကိုပြုဘူးသည်" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးကို ပြုနေဆဲ" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးကိုပြုလတ္တံ့" ဟု ရန်ငြိုးဖွဲ့၏။ (ဤကိုးပါးတို့တည်း)။ (၁)

ရန်ငြိုးပြေကြောင်းတို့သည် ကိုးပါးတို့တည်း။ "ငါ၏အကျိုးမဲ့ကိုပြုဘူးသည် ဟု ထိုအကျိုးမဲ့ ပြုခြင်းကို ဤပုဂ္ဂိုလ်၌အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကိုဖြေ၏၊ "ငါ၏အကျိုးမဲ့ကိုပြုနေဆဲ ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကိုဖြေ၏၊ "ငါ၏အကျိုးမဲ့ကို ပြုလတ္တံ့ ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာရနိုင်အံ့နည်း" ဟု ရန်ငြိုးကိုဖြေ၏။

"ငါချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏အကျိုးမဲ့ကို ပြုဘူးပြီ။ပ။ အကျိုးမဲ့ကို ပြုနေဆဲ။ပ။ အကျိုးမဲ့ကို ပြုလတ္တံ့ ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာရနိုင်အံ့နည်း" ဟု ရန်ငြိုးကိုဖြေ၏။

"ငါမချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏အကျိုးကိုပြုဘူးသည်။ပ။အကျိုးကိုပြုနေဆဲ။ပ။အကျိုးကိုပြုလတ္တံ့ ဟု ထိုအကျိုးမဲ့ ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကို ဖြေ၏။ (ဤကိုးပါးတို့တည်း)။ (၂)

၃၄၁။ သတ္တဝါတို့၏နေရာတို့သည် ကိုးပါးတို့တည်း။ ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ- အချို့သောနတ် အချို့သောဝိနိပါတိကနှင့် လူတို့ပေတည်း၊ ဤကား ရှေးဦးစွာသော သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်းကွဲပြား၍ ပဋိသန္ဓေသညာချင်းတူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ—ပဌမဈာန်ဘုံ၌ဖြစ်သော ဗြဟ္မာတို့ပေတည်း၊ ဤကား နှစ်ခုမြောက်သော သတ္တဝါတို့ နေရာတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ—အာဘဿရာဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း၊ ဤကား သုံးခုမြောက်သော သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ—သုဘကိဏှာဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း၊ ဤကား လေးခုမြောက်သော သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ သညာမရှိသော အာရုံကိုခံစားခြင်းမရှိသော သတ္တ  သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ—အသညသတ်ဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း ဤကားငါးခုမြောက်သော သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် အာကာသာနဉ္စာယတနဘုံသို့ရောက်သော သတ္တဝါတို့သည်ရှိကုန်၏၊ ဤကား ခြောက်ခုမြောက်သော သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဉ်သည် အဆုံး မရှိ" ဟု ပွါးများခြင်းကြောင့် ဝိညာဏဉ္စာယတနဘုံသို့ရောက်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤကားခုနစ်ခုမြောက်သော သတ္တဝါတို့နေရာတည်း၊

ငါ့သျှင်တို့ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤကား ရှစ်ခုမြောက်သော သတ္တဝါတို့၏ နေရာတည်း၊

ငါ့သျှင်တို့ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဘုံသို့ ရောက်သောသတ္တဝါတို့သည် ရှိကုန်၏၊ ဤကား ကိုးခုမြောက်သောသတ္တဝါတို့၏နေရာတည်း၊ (၃)

၃၄၂။ မြတ်သောအကျင့်ကိုကျင့်ခြင်းငှါ အခွင့်မဟုတ်သော အက္ခဏတို့သည် ကိုးပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူ၏၊ ကိလေသာကို ငြိမ်း ာတတ်သော နိဗ္ဗာန်သို့ ဆောင်တတ်သော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သည်သာဟောအပ်သော သစ္စာလေးပါး တရားတို့ကိုလ ်း ဟောတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်လ ်း ငရဲဘုံသို့ ရောက်နေ၏။ဤကားမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ရှေးဦးစွာသော အက္ခဏတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူ၏၊ ကိလေသာကို ငြိမ်းစေတတ်သော နိဗ္ဗာန်သို့ဆေ ်တတ်သော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သည်သာ ဟောအပ်သော သစ္စာလေးပါး တရားကိုလ ်း ဟောတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်လည်း တိရစ္ဆာန်ဘုံသို့ရောက်နေ၏။ ဤကား မြတ်သေ ကျင့်ကို ကျင့်ခြင်းငှါ အခွင့် မဟုတ်သောနှစ်ခုမြောက် အက္ခဏတည်း။

http://www.dhammadownload.com



တဖန်ထိုပြင်လည်း။ပ။ ပြိတ္တာဘုံသို့ရောက်နေ၏။ ဤကား မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော သုံးခုမြောက် အက္ခဏတည်း။

တဖန် ထိုပြင်လည်း။ပ။ အသုရကာယ်ဘုံသို့ ရောက်နေ၏။ ဤကား မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော လေးခုမြောက် အက္ခဏတည်း။

ဘဖန် ထိုပြင်လည်း။ပ။ အသက်ရှည်သော အရူပဘုံ အသညသတ်ဘုံသို့ရောက်နေ၏။ဤကား မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ငါးခုမြောက် အက္ခဏတည်း။

တဖန် ထိုပြင်လည်း။ပ။ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာ မိန်းမတို့ဖြစ်ရာ မဟုဘ်သော သစ္စာလေးပါးကို မသိနိုင်ကုန်သော ပစ္စန္တဇ　နပုဒ် လူရိုင်းတို့အတွင်း၌ ဖြစ်၍နေ၏။ ဤကား မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတသော ခြောက်ခုမြောက် အက္ခဏတည်း။

တဖန်ထိုပြင်လည်း။ပ။ မဇ္ဈိမဒေသ ဇနပုဒ်တို့၌ဖြစ်သော်လည်း မှားသောအယူရှိ၏၊ ဖောက်ပြန်သော အယူရှိ၏၊ "ပေးလှူခြင်းသည်မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုန်းပူဇော်ခြင်းသည် မရှိ၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ၊ ဤလောကသည်မရှိ၊ တမလွန်လောကသည် မရှိ၊ အမိသည်မရှိ၊ အဖသည်မရှိ၊ သေ၍တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုငင်း တမလွန်လောကကိုငင်း ကိုယ်ဘိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောကြားတတ်ကုန်သော အညီအညွတ် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌မရှိကုန်" ဟု မှားယွင်းဖောက်ပြန်သော အယူရှိနေ၏၊ ဤကား မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ခုနစ်ခုမြောက် အက္ခဏတည်း။

တဖန်ထိုပြင်လည်း။ပ။ ဤပုဂ္ဂိုလ်သည်လည်း မဇ္ဈိမဒေသဇနပုဒ်တို့၌ မွေးဖွား၏၊ မဇ္ဈိမဒေသ ဇနပုဒ်ဘို့၌ ဖြစ်သော်လည်း ပညာမရှိ၊ စိတ်ဖောက်ပြန်နေသူ ဖြစ်၏၊ဆွံ့အနေသူဖြစ်၏၊ ကောင်းသော တရား မကောင်းသောတရား အနက်သဘောကို သိခြင်းငှါ မစွမ်းနိုင်။ဤကား မြတ်သော အကျင်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ရှစ်ခုမြောက် အက္ခဏတည်း။

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မမူ၊ ကိလေသာကို ငြိမ်းစေဘတ်သော နိဗ္ဗာန်သို့ ဆောင်တတ်သော မဂ်ဉာဏ်သို့ရောက်စေတတ်သော မြတ်စွာဘုရားတို့သည်သာ ဟောအပ်သော သစ္စာလေးပါး တရားကိုလည်း ဟောတော်မမူ၊ ဤပုဂ္ဂိုလ်သည် မဇ္ဈိမဒေသ ဇနပုဒ်တို့၌ဖြစ်၏၊ ပညာရှိသူဖြစ်၏၊ စိတ်မဖောက်ပြန်သူ ဖြစ်၏၊ မဆွံ့အသူ ဖြစ်၏၊ ကောင်းသောတရား မကောင်းသောတရားတို့၏ အနက်သဘောကို သိခြင်းငှါစွမ်းနိုင်၏။ ဤကား မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ကိုးခုမြောက် အက္ခဏတည်း။　(၄)

၃၄၃။ အစဉ်အဘိုင်း ဝင်စားအပ်သော သမာပတ်တို့သည် ကိုးပါးတို့တည်း။ ငါ့သျှင်တို့ ဤ သာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွ ဖြစ်သော သုံးသပ် ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွ ဖြစ်သော (နီဝရဏ) ဆိဘ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။

http://www.dhammadownload.com



ဝိတက်ဝိစာရ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ရောက်၍နေ၏။ နှစ်သိမ့်ခြင်း ပီတိကိုလည်း မတပ်မက်ခြင်းကြောင့်။ပ။ တတိယစျာန်သို့ရောက်၍နေ၏။ ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့် ငှင်း။ပ။ စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ရူပသညာတို့ကို လုံးဝ လွန်မြောက်ခြင်းကြောင့်။ပ။ အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။

အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ" ဟု ပွါးများသောကြောင့် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ" ဟု ပွါးများသောကြောင့် အာကိဉ္စညာယတန စျာန်သို့ရောက်၍နေ၏။ အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ရောက်၍ နေ၏။ နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်၍နေ၏။ (ဤကိုးပါးတို့တည်း)။ (၅)

၃၄၄။ အစဉ်အတိုင်း ချုပ်ခြင်းတို့သည် ကိုးပါးတို့တည်း။ ပဌမစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ကာမသညာသည် ချုပ်၏။ ဒုတိယစျာန်ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက်ဝိစာရတို့သည် ချုပ်ကုန်၏။ တတိယစျာန် ဝင်စားသော ပုဂ္ဂိုလ်အား နှစ်သိမ့်မှု 'ပီတိ'သည် ချုပ်၏။ စတုတ္ထစျာန် ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက် ဝင်သက်တို့သည် ချုပ်ကုန်၏။ အာကာသာနဉ္စာယတနစျာန်ဝင်စားသော ပုဂ္ဂိုလ်အား ရူပသညာသည် ချုပ်၏။ ဝိညာဏဉ္စာယတနစျာန်ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနသညာသည် ချုပ်၏။ အာကိဉ္စညာယတနစျာန်ဝင်စားသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနသညာသည် ချုပ်၏။ နေဝသညာနာသညာယတနစျာန်ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတန သညာသည် ချုပ်၏။ သညာဝေဒနာတို့ချုပ်သော နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား သညာသည်၎င်း ဝေဒနာသည်၎င်း ချုပ်၏။ (ဤကိုးပါးတို့တည်း)။ (၆)

ငါ့သျှင်တို့ (အလုံးစုံသောတရားတို့ကို) သိတော်မူ၍ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားကိုတို့) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤကိုးပါးသော တရားတို့ကို ကောင်းစွာ ဟောတော်မူအပ်၏၊ ထိုကိုးပါးသောတရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်၏။

## ဒသက-တရားဆယ်ပါးစု

၃၄၅။ ငါ့သျှင်တို့ (အလုံးစုံသော တရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောတော်မူသော ဆယ်ပါးသောတရားတို့သည် ရှိကုန်၏၊ ထိုဆယ်ပါးသော တရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏။ပ။ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်၏။

အဘယ်တရား ဆယ်ပါးတို့နည်းဟူမူ—

မှီခိုရာပြုတတ်သော တရားတို့သည် ဆယ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းလျက်နေ၏၊ အကျင့် 'အာစာရ'ကျက်စားရာ

http://www.dhammadownload.com



'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေး ဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ သီလရှိ၏၊ ပါတိမောက္ခသံဝရ သီလနှင့် ပြည့်စုံ၏၊ အာစာရသီလ ဂေါစရသီလနှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေး ဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၁-၁)

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် များသော အကြားအမြင်ရှိ၏၊ သင်ကြားပြီးသည်ကို ဆောင်နိုင်၏၊ သင်ကြားပြီးသည်ကို သိုမှီးနိုင်၏၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတတ်ကုန်သော တရားတို့သည် ရှိကုန်၏၊ ထိုသို့သဘောရှိသော တရားတို့ကို ထိုရဟန်းသည် များစွာ သင်ကြားအပ်ကုန်၏၊ ဆောင်အပ်ကုန်၏၊ နှုတ်ဖြင့် အဖန်ဖန် ဆည်းပူးအပ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်အပ်ကုန်၏၊ ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ များစွာသင်ကြားအပ်၏။ပ။ ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၁-၂)

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် အဆွေခင်ပွန်းကောင်းရှိ၏၊ အပေါင်းအဖော်ကောင်းရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်သောစိတ်ရှိ၏၊ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ အဆွေခင်ပွန်းကောင်း ရှိ၏၊ အပေါင်းအဖော်ကောင်းရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်သော စိတ်ရှိ၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၁-၃)

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် ဆိုဆုံးမလွယ်၏၊ ဆိုဆုံးမလွယ်ခြင်းကို ပြုတတ်သော တရားတို့နှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ ဆိုဆုံးမလွယ်၏။ပ။ အဆုံးအမကို အရိုအသေခံယူတတ်၏။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၁-၄)

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်း ဟု ဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော ကိစ္စတို့၌ လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ထိုထိုအကြောင်း၌ လိမ္မာသော ပညာနှင့်ပြည့်စုံ၏၊ ပြုခြင်းငှါ စွမ်းနိုင်၏၊ စီရင်ခြင်းငှါ စွမ်းနိုင်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ သီတင်းသုံးဖော်တို့၏။ပ။ စီရင်ခြင်းငှါ စွမ်းနိုင်၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၁-၅)

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရား၌ များစွာ မြတ်နိုးခြင်းရှိ၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ တရားကို အလိုရှိ၏။ပ။ များစွာမြတ်နိုးခြင်းရှိ၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၁-၆)

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် ရရသမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ အထောက်အပံ့ ဆေး ဟူသော အဆောက်အဦတို့ဖြင့် ရောင့်ရဲ၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ အဆောက်အဦတို့ဖြင့် ရောင့်ရဲ၏။ပ။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရား တည်း။ (၁-၇)

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ နေ၏၊ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့နှင့် ပြည့်စုံစေခြင်းငှါ ဝီရိယကိုအားထုတ်၏၊ အားကြီးသော လုံ့လ ရှိ၏၊ မြဲမြံသောဝီရိယရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကိုချထားခြင်းမရှိ။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ဝီရိယကိုအားထုတ်နေ၏။ပ။ ကုသိုလ်တရားတို့၌ တာဝန်ကို ချထားခြင်းမရှိ။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၁-၈)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သတိရှိ၏၊ လွန်မြတ်သောသတိပညာနှင့်ပြည့်စုံ၏၊ ကြာမြင့်စွာ ပြုပြီးသော အလုပ်ကိုလည်း ကြာမြင့်စွာ ပြောပြီးသော စကားကိုလည်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲအောက်မေ့နိုင်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့သတိရှိ၏။ပ။ အောက်မေ့နိုင်၏၊ အဖန်တလဲလဲအောက်မေ့နိုင်၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သောတရားတည်း။ (၁-၉)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ပညာရှိ၏၊ အဖြစ်အပျက်ကိုသိသော ဖြူစင်သော ကိလေသာကို ဖျက်ဆီးနိုင်သော အကြွင်းမဲ့ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာနှင့် ပြည့်စုံ၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ ပညာရှိ၏။ပ။ အကြွင်းမဲ့ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာနှင့် ပြည့်စုံ၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (ဤဆယ်ပါးတို့တည်း)။ (၁-၁၀)

၃၄၆။ ကသိုဏ်းအာရုံတို့သည် ဆယ်ပါးတို့တည်း။ အချို့သောရဟန်းသည် အထက်အောက် ဖီလာဖြစ်သော နှစ်ခု မဟုတ်သော အပိုင်းအခြား မရှိသော ပထဝီကသိုဏ်းကိုသိ၏။ အချို့ရဟန်းသည် အာပေါကသိုဏ်းကိုသိ၏။ပ။ အချို့သောရဟန်းသည် တေဇောကသိုဏ်းကိုသိ၏။ အချို့သော ရဟန်းသည် ဝါယောကသိုဏ်းကိုသိ၏။ အချို့သောရဟန်းသည် နီလကသိုဏ်းကိုသိ၏။ အချို့သော ရဟန်းသည် ပီတကသိုဏ်းကိုသိ၏။ အချို့သောရဟန်းသည် လောဟိတကသိုဏ်းကိုသိ၏။ အချို့ သော ရဟန်းသည် ဩဒါတကသိုဏ်းကိုသိ၏။ အချို့သောရဟန်းသည် အာကာသကသိုဏ်းကိုသိ၏။ အချို့သောရဟန်းသည် အထက်အောက် ဖီလာဖြစ်သော နှစ်ခုမဟုတ်သော အပိုင်းအခြားမရှိသော ဝိညာဏကသိုဏ်းကို သိ၏။ (ဤဆယ်ပါးတို့တည်း)။ (၂)

၃၄၇။ အကုသိုလ် ကမ္မပထတရားတို့သည် သူ့အသက်ကိုသတ်ခြင်း၊ မပေးသည်ကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မဟုတ်မမှန်ပြောခြင်း၊ ကုံးတိုက်ခြင်း၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသောစကားကိုပြောခြင်း၊ လွန်စွာ မက်မောခြင်း၊ ပျက်စီးစေလိုခြင်း၊ မှားသောအယူရှိခြင်းအားဖြင့် ဆယ်ပါးတို့တည်း။ (၃)

ကုသိုလ်ကမ္မပထတရားတို့သည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန် ပြောခြင်းမှရှောင်ကြဉ်ခြင်း၊ ကုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ လွန်စွာ မမက်မောခြင်း၊ မပျက်စီးစေလိုခြင်း၊ မှန်သောအယူကိုယူခြင်းအားဖြင့် ဆယ်ပါးတို့တည်း။ (၄)

၃၄၈။ မြတ်သောအကျင့်တို့သည် ဆယ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ငါးပါးသော အင်္ဂါကို ပယ်ပြီးဖြစ်၏၊ ခြောက်ပါးသော အင်္ဂါရှိသော ဥပေက္ခာနှင့် ပြည့်စုံ၏ တခုသော စောင့်ရှောက်ခြင်းရှိ၏၊ လေးပါးသောမှီရာရှိ၏၊ အသီးအသီးများစွာသော သစ္စာတို့ကို

http://www.dhammadownload.com



ပယ်အပ်ကုန်၏၊ အလုံးစုံသော ရှာမှီးခြင်းကို ပယ်ပြီးဖြစ်၏၊ ကြည်လင်သောအကြံရှိ၏၊ ငြိမ်းသော ကာယသင်္ခါရရှိ၏၊ ကိလေသာတို့မှ လွတ်သောစိတ်ရှိ၏၊ ကိလေသာတို့မှ လွတ်သော ပညာရှိ၏။

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ငါးပါးသောအင်္ဂါကို ပယ်ပြီးဖြစ်သနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမစ္ဆန္ဒကိုပယ်ပြီးဖြစ်၏၊ ဒေါသကိုပယ်ပြီးဖြစ်၏၊ ထိုင်းမှိုင်းခြင်းကိုပယ်ပြီးဖြစ်၏၊ ပျံ့လွင့်ခြင်း နောင်တပူပန်ခြင်း ကို ပယ်ပြီးဖြစ်၏၊ ယုံမှားခြင်းကိုပယ်ပြီးဖြစ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ငါးပါးသောအင်္ဂါကို ပယ်ပြီးဖြစ်၏။ (၅-၁)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ခြောက်ပါးသော အင်္ဂါရှိသော ဥပေက္ခာနှင့် ပြည့်စုံသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် ဝမ်းလည်း မသာ ဝမ်းလည်းမနည်း၊ သတိပညာဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှု၍သာနေ၏။ နားဖြင့် အသံကို ကြားသော်။ပ။ စိတ်ဖြင့်တရားကိုသိသော် ဝမ်းလည်းမသာဝမ်းလည်းမနည်း၊ သတိပညာဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှု၍သာနေ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါခြောက်ပါး ရှိသော ဥပေက္ခာနှင့်ပြည့်စုံ၏။ (၅-၂)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် တခုသောစောင့်ရှောက်ခြင်း ရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သတိဟူသော အစောင့်အရှောက်စိတ်နှင့်ပြည့်စုံ၏၊ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် တခုသောစောင့်ရှောက်ခြင်းရှိ၏။ (၅-၃)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် လေးပါးသော မှီရာရှိသနည်း။ငါ့သျှင်တို့ ဤသာသနာ တော်၌ ရဟန်းသည် ဆင်ခြင်၍ အချို့ကိုမှီဝဲ၏၊ ဆင်ခြင်၍အချို့ကိုသည်းခံ၏၊ ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏၊ ဆင်ခြင်၍ အချို့ကိုရှောင်ကြဉ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် လေးပါးသော မှီရာရှိ၏။ (၅-၄)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် အသီးအသီး များစွာသော သစ္စာတို့ကို ပယ်အပ်ကုန် သနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သမဏဗြာဟ္မဏတို့၏ များစွာ သော အသီးအသီးသော အလုံးစုံသော သစ္စာတို့ကို နုတ်အပ်ကုန်၏၊ ကောင်းစွာနုတ်အပ်ကုန်၏၊ စွန့်အပ်ကုန်၏၊ အန်အပ်ကုန်၏၊ လွှတ်အပ်ကုန်၏၊ ပယ်အပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏။ ငါ့သျှင်တို့ ဤ သို့လျှင် ရဟန်းသည် အသီးအသီး များစွာသော သစ္စာတို့ကို ပယ်အပ်ကုန်၏။ (၅-၅)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် အလုံးစုံသော ရှာမှီးခြင်းကို စွန့်အပ်သနည်း။ ငါ့သျှင် တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ် ရှာမှီးခြင်းကို ပယ်အပ်၏၊ ဘဝ၌ ရှာမှီးခြင်းကို ပယ်အပ်၏၊ မြတ်သောအကျင့် ရှာမှီးခြင်းကို ငြိမ်းစေအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် အလုံးစုံသောရှာမှီးခြင်းကို စွန့်အပ်၏။ (၅-၆)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ကြည်လင်သော အကြံရှိသနည်း။ ငါ့သျှင်တို့ ဤ သာသနာတော်၌ ရဟန်းသည် ကာမဂုဏ်၌ ကြံခြင်းကို ပယ်အပ်၏၊ ပျက်စီးစေလိုခြင်း၌ ကြံခြင်းကို ပယ်အပ်၏၊ ညှဉ်းဆဲခြင်း၌ ကြံခြင်းကိုပယ်အပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကြည်လင်သော အကြံရှိ၏။ (၅-၇)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ငြိမ်းသော ကာယသင်္ခါရရှိသနည်း။ ငါ့သျှင်တို့ ဤ သာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်း တို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'

http://www.dhammadownload.com



ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ငြိမ်းသော ကာယသင်္ခါရရှိ၏။ (၅-၈)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ကိလေသာမှ လွတ်သော စိတ်ရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်ခြင်း 'ရာဂ'မှ စိတ်သည် လွတ်၏၊ အမျက်ထွက်ခြင်း 'ဒေါသ'မှ စိတ်သည်လွတ်၏၊ တွေဝေခြင်း 'မောဟ'မှ စိတ်သည် လွတ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကိလေသာမှ လွတ်သော စိတ်ရှိ၏။ (၅-၉)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ကိလေသာမှ လွတ်သော ပညာရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် "ငါသည် စွဲမက်ခြင်း 'ရာဂ'ကို ပယ်အပ်ပြီ၊ အမြစ်ကို ဖြတ်အပ်ပြီ၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ မဖြစ်ခြင်း သဘောရှိ၏" ဟု သိ၏။ "ငါသည် အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်အပ်ပြီ။ပ။ ငါသည် တွေဝေခြင်း 'မောဟ'ကို ပယ်အပ်ပြီ၊ အမြစ်ကို ဖြတ်အပ်ပြီ၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ မဖြစ်ခြင်း သဘောရှိ၏" ဟု သိ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကိလေသာမှ လွတ်သော ပညာရှိ ဖြစ်၏။ (ဤဆယ်ပါးတို့တည်း)။ (၅-၁၀)

ရဟန္တာတို့၏ ဥစ္စာဖြစ်သော တရားတို့သည် ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောကြံခြင်း 'သမ္မာသင်္ကပ္ပ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောပြောဆိုခြင်း 'သမ္မာဝါစာ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောအသက်မွေးခြင်း 'သမ္မာအာဇီဝ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောအောက်မေ့ခြင်း 'သမ္မာသတိ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောတည်ကြည်ခြင်း 'သမ္မာသမာဓိ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော မှန်သောသိခြင်း 'သမ္မာဉာဏ'၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကိလေသာတို့မှ လွတ်သော ဖလသမာပတ် 'သမ္မာဝိမုတ္တိ' အားဖြင့် ဆယ်ပါးတို့တည်း။ (၆)

(အလုံးစုံသောတရားတို့ကို) သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤဆယ်ပါးသောတရားတို့ကို ကောင်းစွာ ဟောတော်မူ၏၊ ထိုဆယ်ပါးသောတရားတို့၌ အလုံးစုံသော သင်တို့သည် အညီအညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံအပ်။ ယင်းသို့ ဖြစ်သည်ရှိသော် ဤသာသနာတော်သည် အရှည်ခန့်သည် ဖြစ်ရာ၏၊ ကြာမြင့်စွာ တည်သည် ဖြစ်ရာ၏၊ ထိုသို့ ဖြစ်သည်ရှိသော် လူအများ အစီးအပွါး ဖြစ်ခြင်းငှါ လူအများချမ်းသာခြင်းငှါ လောကကို စောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာအလို့ငှါ ဖြစ်၏ ဟု (မိန့်ဆို၏)။

၃၄၉။ ထိုအခါ မြတ်စွာဘုရားသည် ထတော်မူ၍ အသျှင်သာရိပုတြာကို မိန့်တော်မူ၏။

"သာရိပုတြာ ကောင်းလေစွ ကောင်းလေစွ၊ သာရိပုတြာ သင်သည် ရဟန်းတို့အား သင်္ဂီတိသုတ်ကို ကောင်းစွာဟောပေ၏" ဟု (မိန့်တော်မူ၏)။

အသျှင်သာရိပုတြာသည် ဤသင်္ဂီတိသုတ်ကို ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူ၏၊ ထိုရဟန်းတို့သည်လည်း အသျှင်သာရိပုတြာ ဟောတော်မူသော တရားကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

**ဒသမ်ခုမြောက် သင်္ဂီတိသုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၁—ဒသုတ္တရသုတ်

၃၅၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာမြို့ဂဂ္ဂရာမည်သော ရေကန်နား၌ ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ သီတင်းသုံး နေတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟူ၍ မိန့်ဆို၏။ ထိုရဟန်းတို့ကလည်း "ငါ့သျှင်" ဟု အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—

ငါ့သျှင်တို့ အလုံးစုံသော အထုံးအဖွဲ့ 'ဂန္ထ'တရားတို့မှ လွတ်စေတတ်သော ဒသုတ္တရသုတ္တန်တရားကို နိဗ္ဗာန်သို့ရောက်ခြင်းငှါ ဆင်းရဲအဆုံးကို ပြုခြင်းငှါ ဟောပေအံ့ဟု (မိန့်ဆို၏)။

### တရား တပါးစု

၃၅၁။ ငါ့သျှင်တို့ တပါးသော တရားသည် များသောကျေးဇူးရှိ၏၊ တပါးသော တရားကို ပွါးများအပ်၏၊ တပါးသော တရားကို ပိုင်းခြား၍ သိအပ်၏၊ တပါးသောတရားကို ပယ်အပ်၏၊ တပါးသော တရားသည် (အပါယ်ရောက်ကြောင်း)ယုတ်သော အဖို့ရှိ၏၊ တပါးသော တရားသည် (မဂ်ရကြောင်း) ထူးသော အဖို့ရှိ၏၊ တပါးသော တရားကို ထိုးထွင်း၍ သိနိုင်ခဲ၏၊ တပါးသော တရားကို ဖြစ်စေအပ်၏၊ တပါးသော တရားကို ထူးသောဉာဏ်ဖြင့် သိအပ်၏၊ တပါးသော တရားကို မျက်မှောက်ပြုအပ်၏။

(က) များသော ကျေးဇူးရှိသော တပါးသော တရားသည် အဘယ်နည်း။ ကုသိုလ်တရားတို့၌မမေ့မလျော့ခြင်းတည်း။ ဤကား များသော ကျေးဇူးရှိသော တပါးသော တရားတည်း။

(ခ) ပွါးများအပ်သော တပါးသော တရားသည် အဘယ်နည်း။ ချမ်းသာခြင်းနှင့် ယှဉ်သော ကိုယ်နှင့်စပ်သော အောက်မေ့ခြင်း 'ကာယဂတာသတိ' တည်း။ ဤကား ပွါးများအပ်သော တပါးသော တရားတည်း။

(ဂ) ပိုင်းခြား၍ သိအပ်သော တပါးသော တရားသည် အဘယ်နည်း။ အာသဝေါတရားတို့၏ အကြောင်းဖြစ်သော ဥပါဒါန်တို့၏ အကြောင်းဖြစ်သော ဖဿတည်း။ ဤကား ပိုင်းခြား၍ သိအပ်သော တပါးသော တရားတည်း။

(ဃ) ပယ်အပ်သော တပါးသော တရားသည် အဘယ်နည်း၊ ရုပ်စသည်၌ ငါဟု အထင်မှားခြင်းတည်း။ ဤကား ပယ်အပ်သော တပါးသော တရားတည်း။

(င) ယုတ်သော အဖို့ရှိသော တပါးသော တရားသည် အဘယ်နည်း၊ (အနိစ္စ စသည်၌ နိစ္စ စသည်ဖြင့်) မှားသော နှလုံးသွင်းခြင်းတည်း။ ဤကား ယုတ်သော အဖို့ရှိသော တပါးသော တရားတည်း။

http://www.dhammadownload.com



(စ) ထူးသော အဖို့ရှိသော တပါးသော တရားသည် အဘယ်နည်း။ (အနိစ္စ စသည်၌ အနိစ္စ စသည်ဖြင့်) မှန်သော နှလုံးသွင်းခြင်းတည်း။ ဤကား ထူးသော အဖို့ရှိသော တပါးသော တရားတည်း။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော တပါးသော တရားသည် အဘယ်နည်း။ (ဝိပဿနာ၏) အခြားမဲ့၌ ဖြစ်သော စိတ်၏တည်ကြည်ခြင်းတည်း။ ဤကားထိုးထွင်း၍ သိနိုင်ခဲသော တပါးသော တရားတည်း။

(ဇ) ဖြစ်စေအပ်သော တပါးသော တရားသည် အဘယ်နည်း။ မဖျက်ဆီးနိုင်သော (ပစ္စဝေက္ခဏာ) ဉာဏ်တည်း။ ဤကား ဖြစ်စေအပ်သော တပါးသော တရားတည်း။

(ဈ) ထူးသောဉာဏ်ဖြင့် သိအပ်သော တပါးသော တရားသည် အဘယ်နည်း။ အလုံးစုံသောသတ္တဝါတို့သည် အစာဟူသော အကြောင်းတရားလျှင် တည်ရာရှိကုန်၏။ ဤကား ထူးသော ဉာဏ်ဖြင့်သိအပ်သော တပါးသော တရားတည်း။

(ဉ) မျက်မှောက်ပြုအပ်သော တပါးသော တရားသည် အဘယ်နည်း။ မဖျက်ဆီးနိုင်သော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်တည်း။ ဤကား မျက်မှောက်ပြုအပ်သော တပါးသော တရားတည်း။

ဤသို့ ဤဆယ်ပါးသောတရားတို့သည် (သဘောအားဖြင့်) ထင်ရှားရှိကုန်၏၊ ဟုတ်မှန်ကုန်၏၊ (ဟောအပ်သော) ထိုသဘောအတိုင်း ဖြစ်ကုန်၏၊ ဟောအပ်သည်မှတပါး အခြားအခြင်းအရာဖြင့် မဖြစ်ကုန်၊ ဤဆယ်ပါးသော တရားတို့ကို မြတ်စွာဘုရားသည် အကြောင်းယုတ္တိနှင့်တကွ မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏။

## တရား နှစ်ပါးစု

၃၅၂။ နှစ်ပါးသော တရားတို့သည် များသော ကျေးဇူးရှိကုန်၏၊ နှစ်ပါးသော တရားတို့ကို ပွါးများအပ်ကုန်၏၊ နှစ်ပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ နှစ်ပါးသော တရားတို့ကို ပယ်အပ်ကုန်၏၊ နှစ်ပါးသောတရားတို့သည် ယုတ်သော အဖို့ရှိကုန်၏၊ နှစ်ပါးသောတရားတို့သည် ထူးသောအဖို့ရှိကုန်၏၊ နှစ်ပါးသောတရားတို့သည် ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ နှစ်ပါးသောတရားတို့ကို ဖြစ်စေအပ်ကုန်၏၊ နှစ်ပါးသောတရားတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏၊ နှစ်ပါးသော တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသော ကျေးဇူးရှိသော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'တို့တည်း။ ဤနှစ်ပါးသော တရားတို့သည် များသော ကျေးဇူးရှိကုန်၏။

(ခ) ပွါးများအပ်သော နှစ်ပါးသော တရားတို့သည် အဘယ်တို့နည်း။ သမထဝိပဿနာတို့တည်း။ ဤနှစ်ပါးသောတရားတို့ကို ပွါးများအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ နာမ်ရုပ်တို့တည်း။ ဤနှစ်ပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အဝိဇ္ဇာ ဘဝတဏှာတို့တည်း။ ဤနှစ်ပါးသောတရားတို့ကို ပယ်အပ်ကုန်၏။

http://www.dhammadownload.com



(င) ယုတ်သော အဖို့ရှိသော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ဆုံးမခဲ့ခြင်း မကောင်းသော အဆွေခင်ပွန်း ရှိခြင်းတို့တည်း။ ဤနှစ်ပါးသောတရားတို့သည် ယုတ်သော အဖို့ရှိကုန်၏။

(စ) ထူးသော အဖို့ရှိသော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ဆုံးမလွယ်ခြင်း ကောင်းသော အဆွေခင်ပွန်းရှိခြင်းတို့တည်း။ ဤနှစ်ပါးသောတရားတို့သည် ထူးသောအဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ သတ္တဝါတို့၏ ညစ်ညူးခြင်း အကြောင်းအထောက်အပံ့ သတ္တဝါတို့၏ စင်ကြယ်ခြင်း အကြောင်းအထောက်အပံ့ တို့တည်း။ ဤနှစ်ပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။

(ဇ) ဖြစ်စေအပ်သော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ဉာဏ် နှစ်ပါးတို့တည်း၊ ၎င်းတို့ကား ကိလေသာ ကုန်ခြင်းကို ပြုတတ်သော 'အရိယမဂ်၌ ဖြစ်သော' ဉာဏ်၊ (မဂ်သည် ပယ်အပ်သော ကိလေသာ၏) တဖန် မဖြစ်ရာ 'အရိယာဖိုလ်၌ ဖြစ်သော' ဉာဏ်တို့တည်း။ ဤနှစ်ပါးသော တရားတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသော ဉာဏ်ဖြင့် သိအပ်သော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ဓာတ် နှစ်ပါးတို့တည်း၊ ၎င်းတို့ကား ပြုပြင်အပ်သော 'သင်္ခတ'ဓာတ် မပြုပြင်အပ်သော 'အသင်္ခတ'ဓာတ်တို့ တည်း။ ဤနှစ်ပါးသောတရားတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။

(ည) မျက်မှောက်ပြုအပ်သော နှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အသိဉာဏ် 'အဝိဇ္ဇာ' ကိလေသာမှ လွတ်ခြင်း 'ဝိမုတ္တိ'တို့တည်း။ ဤနှစ်ပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ဤနှစ်ဆယ်သော တရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ်ယွင်းကုန်၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏။

## တရား သုံးပါးစု

၃၅၃။ သုံးပါးသောတရားတို့သည် များသော ကျေးဇူးရှိကုန်၏၊ သုံးပါးသော တရားတို့ကို ပွါးများအပ်ကုန်၏။ပ။ သုံးပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသောကျေးဇူးရှိသော သုံးပါးသော တရားတို့သည် အဘယ်တို့နည်း။ သူတော် ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို နာခြင်း၊ လောကုတ္တရာတရားအား လျော်သော တရားကို ကျင့်ခြင်းတို့တည်း။ ဤသုံးပါးသောတရားတို့သည် များသောကျေးဇူးရှိကုန်၏။

(ခ) ပွါးများအပ်သော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ သမာဓိသုံးပါးတို့တည်း၊ ဝိတက် ဝိစာရနှင့် တကွဖြစ်သောသမာဓိ ဝိတက်ကား မရှိ ဝိစာရမျှရှိသောသမာဓိ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော သမာဓိတို့တည်း။ ဤသုံးပါးသောတရားတို့ကို ပွါးများအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဝေဒနာသုံးပါးတို့ တည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ သုခလည်းမဟုတ် ဒုက္ခလည်း မဟုတ်သော 'ဥပေက္ခာ'ဝေဒနာတို့ တည်း။ ဤသုံးပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

http://www.dhammadownload.com



(ဃ) ပယ်အပ်သော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ တဏှာသုံးပါးတို့တည်း၊ ၎င်းတို့ကား ကာမဂုဏ်၌ တပ်ခြင်း 'ကာမတဏှာ' ဘဝ၌ တပ်ခြင်း 'ဘဝတဏှာ' ဘဝပြတ်သည်၌ တပ်ခြင်း 'ဝိဘဝတဏှာ'တို့တည်း။ ဤသုံးပါးသောတရားတို့ကို ပယ်အပ်ကုန်၏။

(င) ယုတ်သောအဖို့ရှိသော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ အကုသိုလ်မူလ သုံးပါးတို့တည်း၊ ၎င်းတို့ကား လောဘ ဟူသော အကုသိုလ်မူလ၊ ဒေါသ ဟူသော အကုသိုလ်မူလ၊ မောဟဟူသော အကုသိုလ်မူလတို့တည်း။ ဤသုံးပါးသောတရားတို့သည် ယုတ်သော အဖို့ရှိကုန်၏။

(စ) ထူးသော အဖို့ရှိသော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ ကုသိုလ်မူလသုံးပါး တို့တည်း၊ ၎င်းတို့ကား အလောဘ ဟူသော ကုသိုလ်မူလ၊ အဒေါသ ဟူသော ကုသိုလ်မူလ၊ အမောဟဟူသော ကုသိုလ်မူလတို့တည်း။ ဤသုံးပါးသောတရားတို့သည် ထူးသော အဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဓာတ်သဘောသုံးပါးတို့တည်း၊ ၎င်းတို့ကား ကာမတရားတို့မှ အလုံးစုံ ထွက်မြောက်ကြောင်း ဖြစ်သော(အနာဂါမိမဂ်)နေက္ခမ္မဓာတ်၊ ရုပ်တရားတို့မှ အလုံးစုံ ထွက်မြောက် ကြောင်း ဖြစ်သော (အရဟတ္တမဂ်၏ အခြေခံ) အရူပဓာတ်၊ အကြောင်းတရားကို စွဲ၍ ဖြစ်သော ထင်ရှားရှိသော သင်္ခတ တရားတို့၏ ချုပ်ငြိမ်းကြောင်း ဖြစ်သော (အရဟတ္တဖိုလ်) နိရောဓဓာတ် တို့တည်း။ ဤသုံးပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။

(ဇ) ဖြစ်စေအပ်သော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဉာဏ်သုံးပါးတို့တည်း၊ ၎င်းတို့ကား အတိတ်အဖို့လျှင် အာရုံရှိသောဉာဏ် အနာဂတ်အဖို့လျှင် အာရုံရှိသောဉာဏ် ပစ္စုပ္ပန် အဖို့လျှင် အာရုံရှိသော ဉာဏ်တို့တည်း။ ဤသုံးပါးသောတရားတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသော ဉာဏ်ဖြင့် သိအပ်သော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဓာတ် သုံးပါးတို့တည်း၊ ၎င်းတို့ကား ကာမဓာတ် ရူပဓာတ် အရူပဓာတ်တည်း၊ ဤသုံးပါးသောတရားတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။

(ဉ) မျက်မှောက်ပြုအပ်သော သုံးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဝိဇ္ဇာသုံးပါးတို့ တည်း၊ ၎င်းတို့ကား ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိသော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်ဝိဇ္ဇာ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသော 'စုတူပပါတ'ဉာဏ် ဝိဇ္ဇာ အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တမဂ်၌ ဖြစ်သော 'အာသဝက္ခယ' ဉာဏ် ဝိဇ္ဇာတို့တည်း။ ဤသုံးပါးသော တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ဤသုံးဆယ်သောတရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ်ယွင်း ကုန်၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာထိုးထွင်း၍ သိအပ်ကုန်၏။

## တရား လေးပါးစု

၃၅၄။ လေးပါးသောတရားတို့သည် များသော ကျေးဇူးရှိကုန်၏၊ လေးပါးသောတရားတို့ကို ပွါးများအပ်ကုန်၏။ပ။ လေးပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသောကျေးဇူးရှိသော လေးပါးသောတရားတို့သည် အဘယ်တို့နည်း။ စက်လေး ပါးတို့တည်း၊ ၎င်းတို့ကား သင့်တင့်လျောက်ပတ်သော အရပ်၌နေခြင်း သူတော်ကောင်းတို့ကို မှီဝဲ

http://www.dhammadownload.com



ဆည်းကပ်ခြင်း မိမိကိုယ်ကို ကောင်းစွာ ထားခြင်း ရှေး၌ပြုဘူးသော ကောင်းမှုရှိခြင်းတို့တည်း။ ဤလေးပါးသောတရားတို့သည် များသောကျေးဇူးရှိကုန်၏။

(ခ) ပွါးများအပ်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း၊ သတိပဋ္ဌာန် လေးပါးတို့တည်း၊ ငါ့သျှင်တို့ ဤ(သာသနာတော်)၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ် ဟု အဖန်ဖန် ရှုလျက် လောက၌ လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ခံစားမှု 'ဝေဒနာ' တို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် သဘောတရားတို့၌ သဘောတရား ဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ဤလေးပါးသော တရားတို့ကို ပွါးများအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း၊ အာဟာရ လေးပါးတို့တည်း၊ ကြမ်းတမ်းသည်လည်း ဖြစ်သော နူးညံ့သည်လည်း ဖြစ်သော အလုံးအခဲပြုအပ်သော အာဟာရ၊ နှစ်ခုမြောက်သော ဖဿာဟာရ၊ သုံးခုမြောက်သော မနောသဉ္စေတနာဟာရ၊ လေးခုမြောက်သော ဝိညာဏာဟာရတို့တည်း။ ဤလေးပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း၊ ဩဃလေးပါးတို့တည်း၊ ၎င်းတို့ကား ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃတို့တည်း။ ဤလေးပါးသော တရားတို့ကို ပယ်အပ်ကုန်၏။

(င) ယုတ်သော အဖို့ရှိကုန်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း။ ယောဂ လေးပါးတို့တည်း၊ ၎င်းတို့ကား ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂတို့တည်း။ ဤလေးပါးသောတရားတို့သည် ယုတ်သော အဖို့ရှိကုန်၏။

(စ) ထူးသော အဖို့ရှိကုန်သော လေးပါးသော တရားတို့သည် အဘယ်တို့နည်း။ ဝိသံယောဂ လေးပါးတို့တည်း။ ၎င်းတို့ကား ကာမယောဂဝိသံယောဂ ဘဝယောဂဝိသံယောဂ ဒိဋ္ဌိယောဂဝိသံယောဂ အဝိဇ္ဇာယောဂဝိသံယောဂတို့တည်း။ ဤလေးပါးသောတရားတို့သည် ထူးသော အဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော လေးပါးသော တရားတို့သည် အဘယ်တို့နည်း။ သမာဓိ လေးပါးတို့တည်း၊ ၎င်းတို့ကား ယုတ်သော အဖို့ရှိသော သမာဓိ မတိုးမဆုတ် တန့်ရပ်သော အဖို့ရှိသောသမာဓိ ထူးသော အဖို့ရှိသော သမာဓိ သံသရာ၌ ငြီးငွေ့သော အဖို့ရှိသော (နိဗ္ဗာန်နှင့် စပ်သော)သမာဓိတို့တည်း။ ဤလေးပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။

(ဇ) ဖြစ်စေအပ်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဉာဏ်လေးပါးတို့တည်း၊ ၎င်းတို့ကား သစ္စာလေးပါး၌ သိသောဓမ္မဉာဏ် ဓမ္မဉာဏ်သို့ အစဉ်လိုက်သောအန္ဝယဉာဏ် သူတပါးတို့ စိတ်ကို ပိုင်းခြားသိသောပရိယဉာဏ် သမ္မုတိပညတ်၌ သိသော သမ္မုတိဉာဏ်တို့တည်း။ ဤလေးပါးသောတရားတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသောဉာဏ်ဖြင့် သိအပ်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း။ အရိယသစ္စာလေးပါးတို့တည်း၊ ၎င်းတို့ကား ဆင်းရဲခြင်းဟူသော အရိယာတို့ သိအပ်သော အမှန်တရားဖြစ်သော ဒုက္ခအရိယသစ္စာ၊ ဆင်းရဲ ဖြစ်ကြောင်း ဟူသော အရိယာတို့ သိအပ်သော အမှန်တရားဖြစ်သော ဒုက္ခသမုဒယအရိယသစ္စာ၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန် ဟူသော အရိယာတို့ သိအပ်သော အမှန်

http://www.dhammadownload.com



တရားဖြစ်သော ဒုက္ခနိရောဓ အရိယာသစ္စာ၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟူသော အရိယာတို့ သိအပ်သော အမှန်တရားဖြစ်သော ဒုက္ခနိရောဓဂါမိနီမဂ္ဂအရိယသစ္စာတို့တည်း။ ဤလေးပါးသောတရားတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။

(ဃ) မျက်မှောက်ပြုအပ်သော လေးပါးသောတရားတို့သည် အဘယ်တို့နည်း။ သာမညဖလ လေးပါးတို့တည်း၊ ၎င်းတို့ကား သောတာပတ္တိဖိုလ်စိတ် သကဒါဂါမိဖိုလ်စိတ် အနာဂါမိဖိုလ်စိတ် အရဟတ္တဖိုလ်စိတ်တို့တည်း။ ဤတရားလေးပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ဤလေးဆယ်သော တရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏ ဟုတ်မှန်ကုန်၏၊ မချွတ်ယွင်းကုန်၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာထိုးထွင်း၍ သိအပ်ကုန်၏။

## တရား ငါးပါးစု

၃၅၅။ ငါးပါးသော တရားတို့သည် များသောကျေးဇူးရှိကုန်၏။ ပ။ ငါးပါးသော တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသော ကျေးဇူးရှိသော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ ကမ္မဋ္ဌာန်း အားထုတ်သော ရဟန်း၏ အင်္ဂါငါးပါးတို့တည်း၊ ၎င်းတို့ကား ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူပါပေ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏" ဟု မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်၌ ယုံကြည်၏၊ အနာကင်း၏၊ ရောဂါကင်း၏၊ အစာကို အညီအမျှ ကြေစေတတ်သည့် မအေးလွန်း မပူလွန်းသော ကမ္မဋ္ဌာန်း အားထုတ်ခြင်းငှါ ခံ့ညားသော ကမ္မဇတေဇောဓာတ်နှင့် ပြည့်စုံ၏။ မာန်မရှိ၊ လှည့်ပတ်ခြင်းမရှိ၊ ဆရာ့ထံ၌၎င်း ပညာရှိတို့ထံ၌၎င်း သီတင်းသုံးဖော်တို့ အထံ၌၎င်း ဟုတ်မှန်သောအတိုင်း မိမိကိုယ်ကို ထင်စွာပြုတတ်၏။

အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့၏ ပြည့်စုံစေခြင်းငှါ အားထုတ်အပ်သော ဝီရိယ ရှိသည်ဖြစ်၍ နေ၏၊ ကုသိုလ်တရားတို့၌ အားကြီးသော လုံ့လရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ ဝန်မချသော လုံ့လရှိ၏၊ ပညာရှိ၏၊ ဖြစ်ခြင်း ပျက်ခြင်းကို သိစွမ်းနိုင်သော ကိလေသာကို ဖောက်ခွဲခြင်းငှါ စွမ်းနိုင်သော အကြွင်းမဲ့ ဝဋ်ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော စင်ကြယ်သော ပညာနှင့် ပြည့်စုံ၏။ ဤငါးပါးသော တရားတို့သည် များသောကျေးဇူးရှိကုန်၏။

(ခ) ပွါးများအပ်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ အင်္ဂါငါးပါးရှိသော သမ္မာသမာဓိတည်း၊ ၎င်းတို့ကား ပီတိ ပြန့်နှံ့သော (ပ-ဒု-တ) ဈာန် သုခပြန့်နှံ့သော (ပ-ဒု-တ)

http://www.dhammadownload.com



ချွန် အခြားပုဂ္ဂိုလ်တို့၏ စိတ်ကို အပြန့်အနှံ့ သိသော (စေတောပရိယ) အဘိညာဉ် အလင်းပြန့်နှံ့သော (ဒိဗ္ဗစက္ခု)အဘိညာဉ် သမာပတ်မှ ထသော ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဉာဏ်တို့တည်း၊ ဤငါးပါးသော တရားတို့ကိုပွါးများအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ တဏှာဉပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့တည်း။ ၎င်းတို့ကား ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဉပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဉပါဒါနက္ခန္ဓာ၊ ဝိညာဉ်ဉပါဒါနက္ခန္ဓာ တို့တည်း။ ဤဉပါဒါနက္ခန္ဓာ ငါးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။အပိတ်အပင်'နီဝရဏ'တရား ငါးပါးတို့တည်း၊ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ **ထိနမိဒ္ဓနီဝရဏ**၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာ **နီဝရ**ဏတို့တည်း။ ဤငါးပါးသောတရားတို့ကို **ပယ်အပ်ကုန်၏**။

(င) ဆုတ်ယုတ်သော အဖို့ရှိသော ငါးပါးသော တရားတို့သည် အဘယ်တို့နည်း။ စိတ်၏ ငြောင့် တံသင်း ငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ငါ့သျှင်တို့ အကြင် ရဟန်းသည် ဘုရား၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ ထိုရဟန်း၏ စိတ်သည် ဘုရား၌ လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ အကြင် ရဟန်း၏ စိတ်သည် ဘုရား၌ လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်[illegible]းထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ (ထိုရဟန်း၏) ဤသို့ စိတ်မညွတ်ခြင်းသည် ရှေးဦးစွာသော စိတ်၏ ငြောင့်တံသင်း ဖြစ်၏။

ငါ့သျှင်တို့ တဖန် ထိုပြင်လည်း ရဟန်းသည် တရားတော်၌ ယုံမှား၏၊ ။ပ။ သံဃာတော်၌ ယုံမှား၏၊ ။ပ။ အကျင့်သိက္ခာပုဒ်၌ ယုံမှား၏၊ ပ။ မြတ်သော သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်သော စိတ်ရှိ၏၊ ထိပါးသော စိတ်ရှိ၏၊ ငြောင့်တံသင်းကဲ့သို့ ဖြစ်သော စိတ်ရှိ၏။

ငါ့သျှင်တို့ အကြင် ရဟန်းသည် မြတ်သော သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်သော စိတ်ရှိ၏၊ ထိပါးသော စိတ်ရှိ၏၊ ငြောင့်တံသင်းကဲ့သို့ဖြစ်သော စိတ်ရှိ၏၊ ထိုရဟန်း၏ စိတ်သည် သီတင်းသုံးဖော်တို့၌ လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ အကြင် ရဟန်း၏ စိတ်သည် သီတင်းသုံးဖော်တို့၌ လုံ့လပြုခြင်းငှါ အဖန်ဖန် အားထုတ်ခြင်းငှါ မပြတ်အားထုတ်ခြင်းငှါ ဆောက်တည်ခြင်းငှါ မညွတ်၊ (ထိုရဟန်း၏) ဤသို့ စိတ်မညွတ်ခြင်းသည် ငါးကြိမ်မြောက်သော စိတ်၏ ငြောင့် တံသင်း ဖြစ်၏။ ဤငါး[illegible]သောတရားတို့သည် ဆုတ်ယုတ်သော အဖို့ရှိကုန်၏၊

(စ) ထူးသော အဖို့ရှိကုန်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဣန္ဒြေငါးပါးတို့တည်း။ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း၊ ဤငါးပါးသော တရားတို့သည် ထူးသော အဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော ငါးပါးသော တရားတို့သည် အဘယ်တို့နည်း။ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဓာတ်ငါးပါးတို့တည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ကာမဂုဏ်ကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ကာမဂုဏ်တို့၌ မဆောက်လည်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊

http://www.dhammadownload.com



ထွက်မြောက်ခြင်းကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် ထွက်မြောက်ခြင်း၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ်သည် (မိမိ၏ချဉ်းအာရုံ၌) ကောင်းစွာ ဖြစ်၏၊ ကောင်းစွာ ပွါးအပ်၏၊ ကာမဂုဏ်မှ ကောင်းစွာထ၏၊ ကာမဂုဏ်တို့မှ ကောင်းစွာ လွတ်၏။ ကာမဂုဏ်တို့မှ ကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင် အာသဝေါတရားတို့သည် ကာမဂုဏ်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ထိုရဟန်းသည် ထိုကာမဂုဏ်တို့မှ လွတ်၏၊ ထိုရဟန်းသည် ထိုဝေဒနာမျိုးကို မခံစား။ ဤတရားကို ကာမဂုဏ်တို့၏ ထွက်မြောက်ခြင်း ဟု ဟောတော်မူ၏။ (၁)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ဗျာပါဒကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ဗျာပါဒ၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း၊ အဗျာပါဒကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် အဗျာပါဒတရား၌ သက်ဝင်၏၊ ကြည်လင်၏ တည်တံ့၏၊ ညွတ်ရှိုင်း၏၊ ထိုရဟန်း၏ ထိုစိတ်သည် (မိမိ၏ ချဉ်းအာရုံ၌) ကောင်းစွာ ဖြစ်၏၊ ကောင်းစွာ ပွါးအပ်၏၊ ကာမဂုဏ်တို့မှ ကောင်းစွာ ထ၏၊ ဗျာပါဒမှ ကောင်းစွာ လွတ်၏၊ ဗျာပါဒမှ ကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင် အာသဝေါတရားတို့သည် ဗျာပါဒ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထို ဗျာပါဒတို့မှ လွတ်၏၊ ထိုရဟန်းသည် ထိုဝေဒနာမျိုးကို မခံစား။ ဤတရားကို ဗျာပါဒ၏ ထွက် ထွက်မြောက်ခြင်း ဟု ဟောတော်မူ၏။ (၂)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ညှဉ်းဆဲခြင်း 'ဝိဟေသ'ကို နှလုံးသွင်းသော ရဟန်း၏ စိတ်သည် ညှဉ်းဆဲခြင်း 'ဝိဟေသ'၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း။ မညှဉ်းဆဲခြင်း'အဝိဟေသ' ကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် မညှဉ်းဆဲခြင်း **'အဝိဟေသ'**၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏။ထိုရဟန်း၏ ထိုစိတ်သည် (မိမိ၏ချဉ်းအာရုံ၌) ကောင်းစွာ ဖြစ်၏၊ကောင်းစွာ ပွါးစေအပ်၏၊ ဝိဟေသမှ ကောင်းစွာ ထ၏၊ ဝိဟေသမှ ကောင်းစွာ လွတ်၏၊ ညှဉ်းဆဲခြင်း ဝိဟေသတို့မှ ကင်း၏။ ဆင်းရဲခြင်း ပူပန်ခြင်းကို ဖြစ်စေတတ်သော အကြင် အာသဝေါတရားတို့သည် ညှဉ်းဆဲခြင်း 'ဝိဟေသ' ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထိုညှဉ်းဆဲခြင်း 'ဝိဟေသ' တို့မှ လွတ်၏။ ထိုရဟန်းသည် ထိုဝေဒနာမျိုးကို မခံစား။ ဤတရားကို ညှဉ်းဆဲခြင်း **'ဝိဟေသ'၏** ထွက်မြောက်ခြင်း ဟု ဟောတော်မူ၏။ (၃)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရုပ်ကိုနှလုံးသွင်းသော ရဟန်း၏ စိတ်သည် ရုပ်တို့၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ်ရှိုင်း။ နာမ်တရားကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် နာမ် တရား၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏။ ထိုရဟန်း၏ ထိုစိတ်သည် (မိမိ၏ ချဉ်းအာရုံ၌) ကောင်းစွာဖြစ်၏၊ ကောင်းစွာပွါးစေအပ်၏၊ ရုပ်တရားမှကောင်းစွာထ၏၊ ရုပ်တရား တို့မှ ကောင်းစွာလွတ်၏၊ ရုပ်တရားတို့မှကင်း၏၊ ဆင်းရဲခြင်း ပူပန်ခြင်းကိုဖြစ်စေတတ်သော အကြင် အာသဝေါတရားတို့သည် ရုပ်တရား ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထိုရုပ် တရားတို့မှလွတ်၏။ ထိုရဟန်းသည် ထိုဝေဒနာမျိုးကို မခံစား။ ဤတရားကို ရုပ်တရားတို့၏ ထွက် မြောက်ခြင်း ဟု ဟောတော်မူအပ်၏။ (၄)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'ကို နှလုံးသွင်းသော ရဟန်း ၏စိတ်သည် ဥပါဒါနက္ခန္ဓာ အပေါင်း 'သက္ကာယ' ၌ မသက်ဝင်၊ မကြည်လင်၊ မတည်တံ့၊ မညွတ် ရှိုင်း။ ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ' ၏ ချုပ်ခြင်းကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည်

http://www.dhammadownload.com



ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'၌ ချုပ်ခြင်းကို နှလုံးသွင်းသော ထိုရဟန်း၏ စိတ်သည် ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'ချုပ်ခြင်း၌ သက်ဝင်၏၊ ကြည်လင်၏၊ တည်တံ့၏၊ ညွတ်ရှိုင်း၏။ ထိုရဟန်း၏ ထိုစိတ်သည် (မိမိ၏ စျာန်အာရုံ၌) ကောင်းစွာ ဖြစ်၏၊ ကောင်းစွာ ပွါးစေအပ်၏၊ ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'မှ ကောင်းစွာ ထ၏၊ သက္ကာယမှ ကောင်းစွာ လွတ်၏၊ ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'မှ ကင်း၏၊ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အကြင် အာသဝေါ တရားတို့သည် ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ' ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုရဟန်းသည် ထိုဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'တို့မှ လွတ်၏။ ထိုရဟန်းသည် ထို(ဝေဒနာမျိုး)ကို မခံစား။ ဤတရားကို ဥပါဒါနက္ခန္ဓာအပေါင်း 'သက္ကာယ'၏ ထွက်မြောက်ခြင်း ဟု ဟောတော်မူ၏။ ဤငါးပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။ (၅)

(၈) ဖြစ်စေအပ်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဉာဏ်နှင့်ယှဉ်သော သမ္မာသမာဓိ ငါးပါးတည်း။

"ဤသမာဓိသည် သမာပတ် ဝင်စားဆဲခဏ၌ ချမ်းသာလည်း ဖြစ်၏၊ နောင်အခါ၌ ချမ်းသာသော အကျိုးလည်း ရှိ၏" ဟု ကိုယ်တိုင်သိသော ဉာဏ်သည် ဖြစ်၏။

"ဤသမာဓိသည် ကိလေသာတို့မှ ကင်းဝေး၏၊ လောကနှင့် ရောစပ်ခြင်း မရှိ" ဟု ကိုယ်တိုင်သိသော ဉာဏ်သည် ဖြစ်၏။

"ဤသမာဓိကို ဘုရားစသော ယောကျ်ားမြတ်တို့ မှီဝဲအပ်၏" ဟု ကိုယ်တိုင်သိသော ဉာဏ်သည် ဖြစ်၏။

"ဤသမာဓိသည် ငြိမ်သက်၏၊ ကိလေသာ ငြိမ်းခြင်းကြောင့် ရအပ်၏၊ တည်ကြည်ခြင်း 'ဧကောဒိဘာဝ' အဖြစ်ဖြင့် ရအပ်၏၊ အားထုတ်လျက် နီဝရဏကိလေသာတို့ကို နှိပ်စက်ဖွယ် တားမြစ်ဖွယ်မရှိ" ဟု ကိုယ်တိုင်သိသော ဉာဏ်သည် ဖြစ်၏။

"ထို ငါသည် ဤသမာဓိကို သတိနှင့် ပြည့်စုံသည်ဖြစ်၍ သာလျှင် ဝင်စား၏၊ သတိနှင့်ပြည့်စုံသည် ဖြစ်၍ သာလျှင် ထ၏" ဟု ကိုယ်တိုင်သိသော ဉာဏ်သည် ဖြစ်၏၊ ဤငါးပါးသောတရားတို့ကို ဖြစ်စေအပ်ကုန်၏။

(၉) ထူးသော ဉာဏ်ဖြင့် သိအပ်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ ကိလေသာမှ လွတ်ခြင်း အကြောင်းငါးပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းအား မြတ်စွာဘုရားသည်ငှင်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်ငှင်း တရားကိုဟော၏။

ငါ့သျှင်တို့ အကြင် အကြင် အပြားအားဖြင့် ရဟန်းအား မြတ်စွာဘုရားသည်ငှင်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်ငှင်း တရားကို ဟော၏၊ ထိုထိုသော အပြားအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်းသိ၏၊ ပါဠိကိုလည်း သိ၏။ အနက်ကိုလည်း သိသော ပါဠိကိုလည်း သိသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသော ရဟန်းအား နှစ်သိမ့်ခြင်း'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ နာမ်ရုပ်အပေါင်းသည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်းခြင်းရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤကား ရှေးဦးစွာသော ကိလေသာမှ လွတ်ခြင်း အကြောင်းတည်း။ (၁)

**ဒီ–မြန် ၃–၁၇**

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား မြတ်စွာဘုရားသည်၎င်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်၎င်း တရားကို မဟော၊ စင်စစ်သော်ကား ကြားဘူးသော အတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟော၏။

ငါ့သျှင်တို့ အကြင် အကြင် အပြားအားဖြင့် ရဟန်းသည် ကြားဘူးသော အတိုင်း သင်ဘူးသော အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟော၏။ ထိုထိုအပြားအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ အနက်ကို သိသော ပါဠိကိုသိသော ထိုရဟန်း အား ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဝမ်းမြောက်ခြင်းရှိသော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ နာမ်ရုပ်အပေါင်းသည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်းခြင်းရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည် ကြည်၏။ ဤကား နှစ်ခုမြောက်သော ကိလေသာမှ လွတ်ခြင်း အကြောင်းတည်း။ (၂)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား မြတ်စွာဘုရားသည်၎င်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်၎င်း တရားကို မဟော၊ ကြားဘူးသော အတိုင်း သင်ဘူး သော အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အားလည်း မဟော။ စင်စစ်သော်ကား ကြား ဘူးသော အတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၏။ ငါ့သျှင် တို့ အကြင် အကြင် အပြားအားဖြင့် ရဟန်းသည် ကြားဘူးသောအတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကို ပြု၏။ ထိုထိုအပြားအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ အနက်ကိုလည်း သိသော ပါဠိကိုလည်း သိသော ထိုရဟန်း အား ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသော ရဟန်းအား နှစ်သိမ့်ခြင်း'ပီတိ'သည်ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ နာမ်ရုပ်အပေါင်းသည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်း ခြင်းရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤကား သုံးကြိမ်မြောက် ကိလေသာမှ လွတ်ခြင်း အကြောင်းတည်း။ (၃)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား မြတ်စွာဘုရားသည်၎င်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်၎င်း တရားကို မဟော၊ ကြားဘူးသောအတိုင်း သင်ဘူး သောအတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အားလည်း မဟော၊ ကြားဘူးသောအတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကိုလည်းမပြု၊ ကြားဘူးသောအတိုင်း သင်ဘူးသောအတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန်ကြံ၏၊ အဖန်ဖန် သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန် ရှု၏။

ငါ့သျှင်တို့ အကြင် အကြင် အပြားအားဖြင့် ရဟန်းသည် ကြားဘူးသော အတိုင်း သင်ဘူးသော အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံ၏၊ အဖန်ဖန် သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန်ရှု၏၊ ထိုထိုအပြား အားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်းသိ၏။ အနက်ကိုလည်း သိသော ပါဠိကိုလည်း သိသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ နာမ်ရုပ်အပေါင်း သည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်းခြင်းရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤကား လေးကြိမ်မြောက်သော ကိလေသာမှ လွတ်ခြင်း အကြောင်းတည်း။ (၄)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား မြတ်စွာဘုရားသည်၎င်း တယောက်ယောက်သော အလေးပြုထိုက်သော သီတင်းသုံးဖော်သည်၎င်း တရားကို မဟော၊ ကြားဘူးသောအတိုင်း သင်ဘူး

http://www.dhammadownload.com



သောအတိုင်း အကျယ်အားဖြင့် တရားကို သူတပါးတို့အားလည်း မဟော၊ ကြားဘူးသောအတိုင်း သင်ဘူးသောအတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်ခြင်းကိုလည်း မပြု၊ ကြားဘူးသော အတိုင်း သင်ဘူးသောအတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန်ကြံခြင်း အဖန်ဖန် သုံးသပ်ခြင်း အဖန်ဖန် ရှုခြင်းကိုလည်း မပြု။ စင်စစ်သော်ကား ထိုရဟန်းသည် တပါးပါးသော သမာဓိနိမိတ်ကို ကောင်းစွာ သင်ယူအပ်၏၊ ကောင်းစွာ နှလုံးသွင်းအပ်၏၊ ကောင်းစွာ မှတ်အပ်၏၊ ပညာဖြင့် ကောင်းစွာ သိအပ်၏။

ငါ့သျှင်တို့ အကြင် အကြင် အပြားအားဖြင့် ရဟန်းသည် တပါးသော သမာဓိနိမိတ်ကို ကောင်းစွာ သင်ယူအပ်၏၊ ကောင်းစွာ နှလုံးသွင်းအပ်၏၊ ကောင်းစွာ မှတ်အပ်၏၊ ပညာဖြင့် ကောင်းစွာ သိအပ်၏။ ထိုထိုအပြားအားဖြင့် ထိုရဟန်းသည် ထိုတရား၌ အနက်ကိုလည်း သိ၏၊ ပါဠိကိုလည်း သိ၏။ အနက်ကိုလည်း သိသော ပါဠိကိုလည်းသိသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည်ဖြစ်၏။ ဝမ်းမြောက်ခြင်းရှိသော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသော ရဟန်း၏ နာမ်ရုပ် အပေါင်းသည် ငြိမ်းချမ်း၏၊ နာမ်ရုပ်အပေါင်း ငြိမ်းချမ်းခြင်း ရှိသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏၊ ဤကား ငါးကြိမ်မြောက်သော ကိလေသာမှ လွတ်ခြင်းအကြောင်းတည်း။ ဤတရားငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်၏။ (၅)

(ဥ) မျက်မှောက်ပြုအပ်သော ငါးပါးသောတရားတို့သည် အဘယ်တို့နည်း။ ဓမ္မက္ခန္ဓာ ငါးပါးတို့တည်း၊ သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဝိမုတ္တိက္ခန္ဓ ဝိမုတ္တိဉာဏဒဿနက္ခန္ဓတို့တည်း။ ဤတရား ငါးပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ဤငါးဆယ်သော တရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ် မယွင်းကုန်၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိတော်မူအပ် ကုန်၏။

## တရားခြောက်ပါးစု

၃၅၆။ ခြောက်ပါးသော တရားတို့သည် များသောကျေးဇူးရှိကုန်၏။ပ။ ခြောက်ပါးသော တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသော ကျေးဇူးရှိသော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အောက်မေ့အပ်သော တရားခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်မှောက်၌ ၎င်း မျက်ကွယ်၌၎င်း ကာယကံမေတ္တာကို သီတင်းသုံးဖော်တို့၌ ဖြစ်စေအပ်၏၊ ဤအောက်မေ့အပ် သော ချစ်ခြင်းကို ပြုတတ်သော လေးမြတ်ခြင်းကို ပြုတတ်သော (ဤတရားသည်) စည်းလုံးခြင်းငှါ ခိုက်ရန် မဖြစ်ခြင်းငှါ အညီအညွတ် ဖြစ်ခြင်းငှါ တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏။ (၁)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် ဝစီကံမေတ္တာကို ဖြစ်စေအပ်၏။ပ။ တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏။ (၂)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းအား မနောကံ မေတ္တာကို။ပ။ တပေါင်းတည်း ဖြစ်ခြင်း ငှါဖြစ်၏။ (၃)

http://www.dhammadownload.com



တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ တရားနှင့်လျော်သော တရားသဖြင့် ရအပ်သော အကြင် လာဘ်တို့ကို ရအပ်ကုန်၏၊ အယုတ်သဖြင့် သပိတ်၌ စားလောက်ရုံမျှကိုလည်း ရအပ်၏၊ ရဟန်းသည် ထိုသို့သဘောရှိသော လာဘ်တို့ဖြင့် ခွဲခြားသီးသန့်၍ စားလေ့မရှိ၊ သီလဝန္တဖြစ်သော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံ၍ စားလေ့ရှိ၏၊ အောက်မေ့အပ်သော ဤတရားသည်။ပ။ တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏။ (၄)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ မကျိုး မပေါက် မပြောက်မကျား ဖြူစင်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော အကြင်သီလတို့သည် ရှိကုန်၏၊ ရဟန်းသည် ထိုသို့ သဘောရှိသော သီလတို့၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း တူသော သီလရှိသည်ဖြစ်၍ နေ၏၊ အောက်မေ့အပ်သော ဤတရားသည်လည်း။ပ။ တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏။ (၅)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ဖြူစင်သော ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သော အကြင် (မဂ်နှင့် ယှဉ်သော)သမ္မာဒိဋ္ဌိဉာဏ်သည် အကြင်းမဲ့ ဝဋ်ဆင်းရဲ ကုန်ခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်ကို ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၏၊ ရဟန်းသည် ထိုသို့သဘောရှိသော သမ္မာဒိဋ္ဌိ(ဉာဏ်)ဖြင့် သီတင်း သုံးဖော်တို့နှင့် မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ဉာဏ်အမြင်တူခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏၊ ဤတရားကိုလည်း အောက်မေ့အပ်၏၊ ချစ်ခြင်းကို ပြုတတ်သော လေးမြတ်ခြင်းကို ပြုတတ်သော ဤတရားသည်လည်း စည်းလုံးခြင်းငှါ ခိုက်ရန်မဖြစ်ခြင်းငှါ အညီအညွတ်ဖြစ်ခြင်းငှါ တပေါင်းတည်း ဖြစ်ခြင်းငှါ ဖြစ်၏၊ ဤတရားခြောက်ပါးတို့သည် များသော ကျေးဇူးရှိကုန်၏။ (၆)

(ခ) ပွါးများအပ်သော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အဖန်ဖန် အောက်မေ့ရာဌာန ခြောက်ပါးတို့တည်း။ ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ တရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သံဃာဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်းတို့တည်း၊ ဤတရားခြောက်ပါးတို့ကို ပွါးများအပ် ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အဇ္ဈတ္တိကာ ယတန ခြောက်ပါးတို့တည်း။ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာ ယတန မနာယတနတို့တည်း၊ ဤခြောက်ပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ တဏှာအပေါင်း ခြောက်ပါးတို့တည်း။ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ တို့တည်း၊ ဤခြောက်ပါးသောတရားတို့ကို ပယ်အပ်ကုန်၏။

(င) ဆုတ်ယုတ်သော အဖို့ရှိသော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မရိုသေ ခြင်းတရား ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ရိုသေ လေးစားခြင်းမရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌။ပ။ သံဃာတော်၌။ သိက္ခာသုံးပါး၌။ မမေ့ မလျော့ခြင်း (ကောင်းသောအကျင့်)၌။ ပဋိသန္ထာရ 'ပျူငှါစွာ ဆက်ဆံခြင်း'၌ ရိုသေခြင်း လေးစားခြင်း မရှိသည်ဖြစ်၍ နေ၏၊ ဤခြောက်ပါးသောတရားတို့သည် ယုတ်သော အဖို့ရှိကုန်၏။

http://www.dhammadownload.com



(စ) ထူးသော အဖို့ရှိသော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ရှိသေခြင်းတရား ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ရိုသေခြင်း လေးစားခြင်း ရှိသည်ဖြစ်၍ နေ၏၊ တရားတော်၌။ပ။ သံဃာတော်၌။ သိက္ခာသုံးပါး၌။ မမေ့မလျော့ခြင်း (ကောင်းသော အကျင့်)၌။ ပဋိသန္ထာရ 'ပျူငှာစွာ ဆက်ဆံခြင်း'၌ ရိုသေခြင်း လေးစားခြင်း ရှိသည်ဖြစ်၍ နေ၏၊ ဤတရားခြောက်ပါးတို့သည် ထူးသော အဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ကိလေသာမှ လွတ်သော ဓာတ်ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုငြားအံ့၊ "ငါသည် ကိသေသာတို့မှ လွတ်သော မေတ္တာနှင့် ယှဉ်သော စိတ်ကို ပွါးအပ်၏၊ အဖန်ဖန် လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာကဲ့သို့ ပြုအပ်၏၊ အဖန်ဖန် ဖြစ်စေအပ်၏၊ အဖန်ဖန် ဆည်းပူးအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ဖြစ်လျက် ဒေါသသည် ငါ၏ မေတ္တာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏" ဟု (ဆိုငြားအံ့)။

"ဤသို့ မဆိုလင့် ငါ့သျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်း၊မြတ်စွာဘုရားသည် ဤသို့ဟောတော်မမူရာ"ဟု ထိုရဟန်းကို ဆိုအပ်၏၊"ငါ့သျှင် ကိလေသာတို့မှ လွတ်သော ယင်းမေတ္တာနှင့် ယှဉ်သော စိတ်ကို ပွါးအပ်ပါလျက် အဖန်ဖန် လေ့လာအပ်ပါလျက် ယာဉ်ကဲ့သို့ ပြုအပ်ပါလျက် တည်ရာကဲ့သို့ ပြုအပ်ပါလျက် အဖန်ဖန် ဖြစ်စေအပ်ပါလျက် အဖန်ဖန် ဆည်းပူးအပ်ပါလျက် ကောင်းစွာ အားထုတ်အပ်ပါလျက် ဒေါသသည် ထိုရဟန်း၏ မေတ္တာစိတ်ကို ဆုတ်ယုတ်စေ၍ တည်၏ ဟူသော ဤစကားသည် အရာမဟုတ် အခွင့်မဟုတ်၊ ဤသို့သော အကြောင်းသည် မရှိ။ငါ့သျှင် ကိလေသာမှ လွတ်သော ယင်းမေတ္တာနှင့်ယှဉ်သော စိတ်သည် ဒေါသမှ ထွက်မြောက်ကြောင်းတည်း" ဟု ဆိုအပ်၏။ (၁)

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့၊ "ငါသည် ကိလေသာတို့မှ လွတ်သော ကရုဏာနှင့် ယှဉ်သော စိတ်ကို ပွါးအပ်၏၊ အဖန်ဖန် လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာကဲ့သို့ ပြုအပ်၏၊ အဖန်ဖန် ဖြစ်စေအပ်၏၊ အဖန်ဖန် ဆည်းပူးအပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ ဖြစ်လျက် ညှဉ်းဆဲခြင်း 'ဝိဟေသ'သည် ငါ၏ ကရုဏာ စိတ်ကို ဆုတ်ယုတ်စေ၍ တည်၏" ဟု (ဆိုငြားအံ့)။ "ဤသို့ မဆိုလင့် ငါ့သျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်။ပ။ ငါ့သျှင် ကိလေသာမှ လွတ်သော ယင်းကရုဏာနှင့် ယှဉ်သော စိတ်သည် ဝိဟေသတရား၏ ထွက်မြောက်ကြောင်းတည်း" ဟု ဆိုအပ်၏။ (၂)

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုငြားအံ့၊ "ငါသည် ကိလေသာတို့မှ လွတ်သော မုဒိတာနှင့် ယှဉ်သော စိတ်ကို ပွါးစေအပ်၏။ပ။ ထိုသို့ ဖြစ်လျက် မမွေ့လျော်သော 'အရတိ' တရားသည် ငါ၏ စိတ်ကို သိမ်းကျုံး၍ တည်၏" ဟု ဆိုငြားအံ့။ "ဤသို့ မဆိုလင့် ငါ့သျှင် ဤသို့ မဆိုလင့်။ပ။ ငါ့သျှင် ကိလေသာမှ လွတ်သော မုဒိတာနှင့် ယှဉ်သော စိတ်သည် မမွေ့လျော်ခြင်း 'အရတိ'တရားမှ ထွက်မြောက်ကြောင်းတည်း" ဟု ဆိုအပ်၏။ (၃)

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုငြားအံ့၊ "ငါသည် ကိလေသာတို့မှ လွတ်သော လျစ်လျူရှုခြင်း ဥပေက္ခာနှင့် ယှဉ်သော စိတ်ကို ပွါးများစေအပ်၏။ပ။ ထိုသို့ဖြစ်လျက် စွဲမက်ခြင်း 'ရာဂ'သည် စိတ်ကို သိမ်းကျုံး၍ တည်၏" ဟု (ဆိုငြားအံ့)။ ငါ့သျှင် ကိလေသာမှ

http://www.dhammadownload.com



လွတ်သော ယင်း လျစ်လျူရှုခြင်း ဥပေက္ခာနှင့် ယှဉ်သော စိတ်သည် စွဲမက်ခြင်း'ရာဂ'မှ ထွက်မြောက်ကြောင်းတည်း" ဟု ဆိုအပ်၏။ (၄)

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုငြားအံ့၊ "ငါသည် ကိလေသာတို့မှ လွတ်သော ရာဂ စသော အစွဲအမှတ် နိမိတ်မရှိသော အရဟတ္တဖိုလ်စိတ်ကို ပွါးစေအပ်၏။ပ။ ထိုသို့ ဖြစ်လျက် ငါ၏ ထိုအရဟတ္တဖိုလ်ဝိညာဉ်သည် ရာဂ စသော နိမိတ်သို့ အစဉ်လိုက်၏" ဟု ဆိုငြားအံ့။ "ငါ့သျှင် ကိလေသာတို့မှ လွတ်သော ရာဂ စသည် နိမိတ် မရှိသော အရဟတ္တဖိုလ်စိတ်သည် အလုံးစုံသော ရာဂစသော နိမိတ်တို့မှ ထွက်မြောက်ကြောင်းတည်း" ဟု ဆိုအပ်၏။ (၅)

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆိုငြားအံ့ "ငါ ဟူသော မာနစိတ်သည် ငါမှ ကင်း၏၊ ဤတရားသည် ငါဖြစ်၏ ဟူ၍ မရှု၊ ထိုသို့ ဖြစ်လျက် ငါ၏ စိတ်ကို ယုံမှားခြင်း ဝိစိကိစ္ဆာ ငြောင့်သည် ဆုတ်ယုတ်စေ၍ တည်၏" ဟု (ဆိုငြားအံ့)။

"ဤသို့ မဆိုလင့် ငါ့သျှင် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ" ဟု ထိုရဟန်းကို ဆိုအပ်၏၊ ငါ့သျှင် ငါ ဟူသော မာနစိတ် ကင်းပါလျက် ဤတရားသည် ငါဖြစ်၏ ဟူ၍လည်း မရှုပါပဲလျက် ထို ရဟန်း၏ စိတ်ကို ယုံမှားခြင်း ဝိစိကိစ္ဆာငြောင့်သည် ဆုတ်ယုတ်စေ၍ တည်၏ ဟူသော စကားသည် အရာမဟုတ် အခွင့်မဟုတ်၊ ဤသို့သော အကြောင်းသည် မရှိ၊ ငါ့သျှင် ယင်း ငါ ဟူသော မာနကို အကြွင်းမဲ့ ဖြတ်ခြင်းသည် ယုံမှားခြင်း ဝိစိကိစ္ဆာငြောင့်မှ ထွက်မြောက်ကြောင်းတည်း" ဟု ထိုရဟန်းကို ဆိုအပ်၏။ ဤခြောက်ပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။ (၆)

(ဇ) ဖြစ်စေအပ်သော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ (ရဟန္တာပုဂ္ဂိုလ်၏) မြဲသော နေခြင်း ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရုပ်အဆင်းကို မြင်သော် ဝမ်းသာခြင်းလည်း မဖြစ် ဝမ်းနည်းခြင်းလည်းမဖြစ်၊သတိရှိလျက် ဆင်ခြင်လျက် လျစ်လျူရှု၍သာလျှင် နေ၏။

နားဖြင့် အသံကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ကို နံသော်။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်။ပ။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် ဝမ်းသာခြင်းလည်း မဖြစ် ဝမ်းနည်းခြင်းလည်း မဖြစ်၊ သတိရှိလျက် ဆင်ခြင်လျက် လျစ်လျူရှု၍သာလျှင် နေ၏။ ဤတရားခြောက်ပါးတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသော ဉာဏ်ဖြင့် သိအပ်သော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အမြတ်ဆုံး တရား ခြောက်ပါးတို့တည်း။ အမြတ်ဆုံးသော မြင်ရခြင်း အမြတ်ဆုံးသော ကြားနာရခြင်း အမြတ်ဆုံးသော လာဘ်ရခြင်း အမြတ်ဆုံးသော အကျင့်ကို ကျင့်ခြင်း အမြတ်ဆုံးသော လုပ်ကျွေးခြင်း အမြတ်ဆုံးသော အောက်မေ့ခြင်းတို့တည်း။ ဤခြောက်ပါးသောတရားတို့ကို ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်၏။

(ည) မျက်မှောက်ပြုအပ်သော ခြောက်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အဘိညာဉ် ခြောက်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည်များပြားသော တန်ခိုးဖန်ဆင်း

http://www.dhammadownload.com



ခြင်းကို ပြီးစေ၏၊ တယောက်ထည်း ဖြစ်လျက်လည်း အများ ဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ထင်ရှား ဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌သည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့နေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော် ကြီးကုန်သော ဤလ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလို အတိုင်း ဖြစ်စေ၏။ (၁)

အသူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ'အဘိညာဉ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။ (၂)

တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိနိုင်၏၊ တပ်ခြင်း 'ရာဂ'နှင့် တကွဖြစ်သော စိတ်ကိုလည်း။ပ။ ကိလေသာတို့မှ မလွတ်သော စိတ် ဟူ၍ သိနိုင်၏။ (၃)

ထိုရဟန်းသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤသည် ကားအဘယ်နည်း။ တဘဝကိုငင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့် တကွများပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ (၄)

တန်ခိုးကြီးသော စင်ကြယ်သော လူတို့၏မျက်စိအမြင်ထက် သာလွန်သော'ဒိဗ္ဗစက္ခု'အဘိညာဉ် ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာ ရှိသော သတ္တဝါတို့ကို မြင်နိုင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိမြင်နိုင်၏။ပ။ (၅)

အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ဤခြောက်ပါးသော တရားတို့ကို မျက်မှောက်ပြုအပ် ကုန်၏။ (၆)

ဤသို့ ဤခြောက်ဆယ်သော တရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ် မယွင်းသော သဘောရှိကုန်၏၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏။

## တရားခုနစ်ပါးစု

၃၅၇။ ခုနစ်ပါးသောတရားတို့သည် များသော ကျေးဇူးရှိကုန်၏။ပ။ ခုနစ်ပါးသောတရားတို့ကို မျက်မှောက် ပြုအပ်ကုန်၏။

(က) များသောကျေးဇူးရှိသော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အရိယာ၏ ဥစ္စာ ခုနစ်ပါးတို့တည်း။ သဒ္ဓါဥစ္စာ၊ သီလဥစ္စာ၊ ဟိရိဥစ္စာ၊ ဩတ္တပ္ပဥစ္စာ၊ သုတဥစ္စာ၊ စာဂဥစ္စာ၊ ပညာဥစ္စာတို့တည်း။ ဤတရားခုနစ်ပါးတို့သည် များသော ကျေးဇူးရှိကုန်၏။

http://www.dhammadownload.com



(ခ) ပွါးများအပ်သော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မဂ်ဖိုလ်ရကြောင်း အင်္ဂါသမ္ဗောဇ္ဈင် ခုနစ်ပါးတို့တည်း။ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ဤတရားခုနစ်ပါးတို့ကို ပွါးများအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ဝိညာဉ်၏တည်ရာ ခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ အချို့သောနတ် [၁] အချို့သော ဝိနိပါတိက [၂] နှင့် လူတို့ပင်တည်း။ ဤကား ရှေးဦးစွာသော ဝိညာဉ်၏ တည်ရာပေတည်း။ (၁)

ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်း ကွဲပြား၍ ပဋိသန္ဓေ သညာချင်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ ပဌမစျာန်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား နှစ်ခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။ (၂)

ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်း တူ၍ ပဋိသန္ဓေ သညာချင်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းဟူမူ အာဘဿရဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား သုံးခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။ (၃)

ငါ့သျှင်တို့ ကိုယ်သဏ္ဍာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့နည်းမူဟူ သုဘကိဏှာဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား လေးခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။ (၄)

ငါ့သျှင်တို့ ရူပသညာတို့ကို လုံးဝ လွန်မြောက်၍။ပ။ "ကောင်းကင်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏။ ဤကား ငါးခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။ (၅)

ငါ့သျှင်တို့ အာကာသာနဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏။ ဤကား ခြောက်ခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။ (၆)

ငါ့သျှင်တို့ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ဤကား ခုနစ်ခုမြောက်သော ဝိညာဉ်၏ တည်ရာပေတည်း။ ဤတရား ခုနစ်ပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။ (၇)

(ဃ) ပယ်အပ်သော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အနုသယ ခုနစ်ပါးတို့တည်း။ ကာမရာဂါနုသယ ပဋိဃာနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယတို့တည်း။ ဤတရားခုနစ်ပါးတို့ကို ပယ်အပ်ကုန်၏။

(င) ဆုတ်ယုတ်သော အဖို့ရှိသော ခုနစ်ပါးသော တရားတို့သည် အဘယ်တို့နည်း။ မသူတော်တရား ခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရား မရှိ၊

---

၁။ နတ်ပြည်ခြောက်ထပ်ရှိ ကာမာဝစရ နတ်တို့ကို အချို့သောနတ်ဟု ဆိုသည်။
၂။ ဖုတ် တစ္ဆေသူရဲစသော နာနာဘာဝသတ္တဝါတို့ကို အချို့သော ဝိနိပါတိကဟု ဆိုသည်။

http://www.dhammadownload.com



ရှက်ခြင်းမရှိ၊ ကြောက်လန့်ခြင်းမရှိ၊ အကြားအမြင်မရှိ၊ ပျင်းရိ၏၊ သတိလွတ်၏၊ ပညာမဲ့၏။ ဤခုနစ်ပါးသောတရားတို့သည် ဆုတ်ယုတ်သော အဖို့ရှိသော တရားတို့တည်း။

( စ ) ထူးသော အဖို့ရှိသော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ သူတော်ကောင်းတရား ခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ ရှက်ခြင်းရှိ၏၊ ကြောက်လန့်ခြင်းရှိ၏၊ အကြားအမြင်များ၏၊ အားထုတ်အပ်သော ဝီရိယရှိ၏၊ ထင်သောသတိရှိ၏၊ ပညာရှိ၏၊ ဤခုနစ်ပါးသောတရားတို့သည် ထူးသော အဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။သူတော်ကောင်းတရား ခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ပါဠိကိုသိ၏၊ အနက်ကိုသိ၏၊ မိမိကိုယ်ကို သိ၏၊ အတိုင်းအရှည်ကို သိ၏၊ အခါကို သိ၏၊ ပရိသတ်ကို သိ၏၊ ပုဂ္ဂိုလ်ကို သိ၏။ ဤတရား ခုနစ်ပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။

(ဇ) ဖြစ်စေအပ်သော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။သညာခုနစ်ပါးတို့တည်း။ အနိစ္စာနုပဿနာဉာဏ်၌ ဖြစ်သောသညာ၊ အနတ္တာနုပဿနာဉာဏ်၌ ဖြစ်သောသညာ၊ အသုဘာနုပဿနာ ဉာဏ်၌ ဖြစ်သော သညာ၊ အာဒီနဝ နုပဿနာဉာဏ်၌ ဖြစ်သောသညာ၊ ပဟာနာနုပဿနာ ဉာဏ်၌ ဖြစ်သောသညာ၊ ဝိရာဂါနုပဿနာဉာဏ်၌ ဖြစ်သောသညာ၊ နိရောဓာနုပဿနာဉာဏ်၌ ဖြစ်သော သညာတို့တည်း။ ဤတရား ခုနစ်ပါးတို့ကို ဖြစ်စေအပ်ကုန်၏။

( ဈ ) ထူးသော ဉာဏ်ဖြင့် သိအပ်သော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ရဟန္တာဖြစ်ခြင်းအကြောင်း ခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သိက္ခာသုံးပါးကို စောင့်ထိန်းခြင်း၌ ထက်သော ဆန္ဒရှိ၏၊ နောင်အခါ၌လည်း သိက္ခာသုံးပါးကို စောင့်ထိန်းခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏။ တရားကို ဆင်ခြင်ခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း တရားကို ဆင်ခြင်ခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏။ တဏှာကို ဖျက်ဆီးခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း တဏှာကို ဖျက်ဆီးခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏။ တယောက်ထီးတည်း (ကိလေသာ အပေါင်းအသင်းကင်း၍) နေခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း တယောက်ထီးတည်း (ကိလေသာ အပေါင်းအသင်းကင်း၍) နေခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏။ သမ္မပ္ပဓာန်လုံ့လကို ချီးမြှောက်ခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း သမ္မပ္ပဓာန်လုံ့လကို ချီးမြှောက်ခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏။ သတိပညာ၌ ထက်သော ဆန္ဒရှိ၏။ နောင်အခါ၌လည်း သတိပညာ၌ မကင်းသော တောင့်တခြင်းရှိ၏။ အရိယမဂ်ကို သိမြင်ခြင်း၌ ထက်သောဆန္ဒရှိ၏၊ နောင်အခါ၌လည်း အရိယမဂ်ကို သိမြင်ခြင်း၌ မကင်းသော တောင့်တခြင်းရှိ၏။ ဤခုနစ်ပါးသောတရားတို့ကို ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်၏။

(ည) မျက်မှောက်ပြုအပ်သော ခုနစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ရဟန္တာပုဂ္ဂိုလ်၏အား ခုနစ်ပါးတို့တည်း။ငါ့သျှင်တို့ ဤသာသနာတော်၌ အာသဝေါကုန်ပြီးသော ရဟန်းသည် ခပ်သိမ်းသော သင်္ခါရတို့ကို အနိစ္စအားဖြင့် ဟုတ်မှန်သောအတိုင်း ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာ မြင်အပ်ကုန်၏၊ ငါ့သျှင်တို့ အာသဝေါကုန်ပြီးသော ရဟန်းသည် ခပ်သိမ်းသော သင်္ခါရတို့ကို အနိစ္စအားဖြင့် ဟုတ်မှန်သော အတိုင်း ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာ မြင်အပ်သော ဤသဘောသည်လည်း အာသဝေါကုန်ပြီးသော ရဟန်း၏ အားဖြစ်၏၊ အကြင် အားကို အကြောင်းပြု၍ အာသဝေါကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရားကုန်ပြီ" ဟု အာသဝေါတရား၏ ကုန်ခြင်းကို သိ၏။ (၁)

http://www.dhammadownload.com



တဖန် ထိုပြင်လည်း ငါ့သျှင်တို့ အာသဝေါကုန်ပြီးသော ရဟန်းသည် ကာမဂုဏ်တို့သည် မီးကျီးအပြည့်ရှိသော တွင်းနှင့် တူကုန်၏ ဟု ဟုတ်မှန်သော အတိုင်း ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာ မြင်အပ်ကုန်၏။ ငါ့သျှင်တို့။ပ။ "ငါ့အား အာသဝေါတရား ကုန်ပြီ" ဟု သိ၏။ (၂)

တဖန် ထိုပြင်လည်း ငါ့သျှင်တို့ အာသဝေါကုန်ပြီးသော ရဟန်း၏ စိတ်သည် နိဗ္ဗာန်သို့ ညွတ်၏၊ နိဗ္ဗာန်သို့ ကိုင်း၏၊ နိဗ္ဗာန်သို့ ရှိုင်း၏၊ နိဗ္ဗာန်၌ တည်၏၊ နိဗ္ဗာန်၌ မွေ့လျော်၏၊ အာသဝေါတရားတို့၏ အကြောင်းဖြစ်သော အလုံးစုံသော တရားတို့မှ တပ်ခြင်းကင်း၏။ ငါ့သျှင်တို့။ပ။ "ငါ့အား အာသဝေါတရား ကုန်ပြီ" ဟု သိ၏။ (၃)

တဖန် ထိုပြင်လည်း ငါ့သျှင်တို့ အာသဝေါကုန်ပြီးသော ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးအပ်ကုန်၏၊ ကောင်းစွာ ပွါးအပ်ကုန်၏၊ ငါ့သျှင်တို့။ပ။ "ငါ့အား အာသဝေါတရား ကုန်ပြီ" ဟု သိ၏။ (၄)

တဖန် ထိုပြင်လည်း ငါ့သျှင်တို့ အာသဝေါ ကုန်ပြီးသော ရဟန်းသည် ဣန္ဒြေငါးပါး တို့ကို ပွါးအပ်ကုန်၏၊ ကောင်းစွာ ပွါးအပ်ကုန်၏။ ငါ့သျှင်တို့။ပ။ ငါ့အား "အာသဝေါတရား ကုန်ပြီ" ဟု သိ၏။ (၅)

တဖန် ထိုပြင်လည်း ငါ့သျှင်တို့ အာသဝေါ ကုန်ပြီးသော ရဟန်းသည် မဂ်ဖိုလ်ရကြောင်း အင်္ဂါ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးအပ်ကုန်၏၊ ကောင်းစွာ ပွါးအပ်ကုန်၏၊ ငါ့သျှင်တို့။ပ။ "ငါ့အား အာသဝေါတရားကုန်ပြီ" ဟု သိ၏။ (၆)

တဖန် ထိုပြင်လည်း ငါ့သျှင်တို့ အာသဝေါကုန်ပြီးသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော မြတ်သော အရိယမဂ်ကို ပွါးအပ်၏၊ ကောင်းစွာ ပွါးအပ်၏၊ ငါ့သျှင်တို့ အာသဝေါကုန်ပြီးသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော မြတ်သော အရိယမဂ်ကို ပွါးအပ်သော ကောင်းစွာ ပွါးအပ်သော ဤသဘောသည်လည်း အာသဝေါကုန်ပြီးသော ရဟန်း၏ အားဖြစ်၏၊ အကြင်အားကို အကြောင်းပြု၍ အာသဝေါကုန်ပြီးသော ရဟန်းသည် "ငါ့အား အာသဝေါတရား ကုန်ပြီ" ဟု အာသဝေါကုန်ခြင်းကို သိ၏။ ဤတရားခုနစ်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။ (၇)

ဤသို့ ဤခုနစ်ဆယ်သောတရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောရှိကုန်၏၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိတော်မူအပ်ကုန်၏။

ပဌမအခဏ်း ပြီး၏။

---

## တရားရှစ်ပါးစု

၃၅၈။ ရှစ်ပါးသောတရားတို့သည် များသော ကျေးဇူးရှိကုန်၏။ပ။ တရားရှစ်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသော ကျေးဇူးရှိသော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ရှစ်ပါးသော အကြောင်း အထောက်အပံ့တို့သည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိ

http://www.dhammadownload.com



ပညာကို ရခြင်းငှါ ရပြီး သမ္မာဒိဋ္ဌိပညာကို တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါ ဖြစ်ကုန်၏။

ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ရှက်ကြောက်အပ်သော မြတ်နိုးရိုသေအပ်သော ဆရာကိုဖြစ်စေ အလေးပြုအပ်သော တယောက်ယောက်သော သီတင်းသုံးဖော်ကိုဖြစ်စေ မှီ၍ နေ၏။ ရိုသေခြင်းကိုလည်း ဖြစ်စေ၏၊ ဤကား မြတ်သော မဂ်အကျင့်၏ အစ ဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာကို တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါ ဖြစ်သော ရှေးဦးစွာသော အကြောင်း အထောက်အပံ့တည်း။ (၁)

ရှက်ကြောက်အပ်သော မြတ်နိုးရိုသေအပ်သော ဆရာကိုဖြစ်စေ အလေးပြုအပ်သော တယောက်ယောက်သော သီတင်းသုံးဖော်ကိုဖြစ်စေ မှီ၍နေသော ထိုအကြောင်းကြောင့် ထိုပုဂ္ဂိုလ်တို့သို့ ရံဖန်ရံခါ ချဉ်းကပ်၍ "အသျှင်ဘုရား ဤအရာသည် အဘယ်သို့နည်း၊ ဤပါဠိ၏ အနက်သည် အဘယ်နည်း" ဟု အဖန်ဖန် မေး၏၊ အဖန်ဖန် စီစစ်၏။ ထိုရဟန်းအား ထိုအသျှင်တို့သည် ဖုံးကွယ်သော အရာကိုလည်း ဖွင့်ပြကုန်၏၊ တိမ်မြုပ်သော အရာကိုလည်း ပေါ်လွင်အောင် ပြုကုန်၏၊ များစွာသော ယုံမှားဖွယ် တရားတို့၌လည်း ယုံမှားကို ဖျောက်ကုန်၏။ ဤကား မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာ တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါ ဖြစ်သော နှစ်ခုမြောက် အကြောင်း အထောက်အပံ့တည်း။ (၂)

ထိုတရားကို ကြားနာရ၍ ကိုယ်၏ ငြိမ်းခြင်း စိတ်၏ ငြိမ်းခြင်း ဟူသော ငြိမ်းခြင်းနှင့် ပြည့်စုံ၏။ ဤကား မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာ တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါ ဖြစ်သော သုံးခုမြောက် အကြောင်းအထောက်အပံ့တည်း။ (၃)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခ သံဝရသီလကို စောင့်စည်း၍ နေ၏၊ ကောင်းသော အကျင့် ကောင်းသော ကျက်စားရာနှင့် ပြည့်စုံ၏၊ အနည်းငယ်သော အပြစ်တို့၌ ဘေး ဟု ရှုလျက် နေ၏၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။ ဤကား မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာကို တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါဖြစ်သော လေးခုမြောက် အကြောင်း အထောက်အပံ့တည်း။ (၄)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် အကြားအမြင်များ၏၊ သင်ပြီးသည်ကို ဆောင်နိုင်၏၊ သင်ပြီးသည်ကို သိမ်းဆည်းနိုင်၏၊ ထိုသို့သဘောရှိသော ရဟန်းသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိကုန်သော အနက်နှင့်တကွကုန်သော သဒ္ဒါနှင့်တကွကုန်သော အလုံးစုံ ပြည့်စုံခြင်းရှိသော ဖြူစင်သော အကျင့်မြတ် (သာသနာတော်)ကို ကျေညာကုန်သော တရားတို့ကို များစွာ ကြားနာသင်ယူအပ်ကုန်၏၊ ဆောင်အပ်ကုန်၏၊ နှုတ်ဖြင့် အဖန်ဖန်လေ့လာ သရဇ္ဈာယ်အပ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်အပ်ကုန်၏၊ ပညာဖြင့် ထိုးထွင်းသိအပ်ကုန်၏။ ဤကား မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရစေခြင်းငှါ

http://www.dhammadownload.com



ရပြီးသော သမ္မာဒိဋ္ဌိပညာကို ထိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါ ဖြစ်သော ငါးခုမြောက် အကြောင်း အထောက်အပံ့တည်း။ (၅)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အားထုတ်သော ဝီရိယရှိသည်ဖြစ်၍ နေ၏၊ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ ကြံ့ခိုင်သော လုံ့လရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ မချသော ဝန်ရှိ၏။ ဤကား မြတ်သော အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာကို တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါဖြစ်သော ခြောက်ခုမြောက် အကြောင်း အထောက်အပံ့တည်း။ (၆)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် သတိနှင့် ပြည့်စုံ၏၊ မြတ်သော သတိပညာနှင့် ပြည့်စုံသည် ဖြစ်၍ ကြာမြင့်စွာက ပြုပြီးသော အမှုကိုရင်း ကြာမြင့်စွာကပြောသော စကားကိုရင်း အောက်မေ့နိုင်၏၊ အဖန်ဖန်အောက်မေ့နိုင်၏။ ဤကား မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာကို တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါ ဖြစ်သော ခုနစ်ခုမြောက် အကြောင်းအထောက်အပံ့တည်း။ (၇)

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့ ရဟန်းသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန် ရှု၍ နေ၏၊ "ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ရာတည်း၊ ဤကား ဝေဒနာတည်း၊ ဤကား ဝေဒနာ၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ ချုပ်ရာတည်း၊ ဤကား သညာတည်း၊ ဤကား သညာ၏ ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ ချုပ်ရာတည်း၊ ဤကား သင်္ခါရတည်း၊ ဤကား သင်္ခါရတို့၏ ဖြစ်ကြောင်းတည်း၊ ဤကား သင်္ခါရတို့၏ ချုပ်ရာတည်း၊ ဤကား ဝိညာဏ်တည်း၊ ဤကား ဝိညာဏ်၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ရာတည်း" ဟု (ရှု၍ နေ၏)။ ဤကား မြတ်သောအကျင့် ၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ရခြင်းငှါ ရပြီးသော သမ္မာဒိဋ္ဌိပညာ တိုးတက်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ပြည့်စုံစေခြင်းငှါဖြစ်သော ရှစ်ခုမြောက် အကြောင်း အထောက်အပံ့တည်း။ ဤရှစ်ပါးသောတရားတို့သည် များသော ကျေးဇူးရှိကုန်၏။ (ဂ)

(ခ) ပွါးများအပ်ကုန်သော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မြတ်သော မဂ္ဂင်ရှစ်ပါးတို့တည်း။ ဤမဂ္ဂင်ရှစ်ပါးတို့သည် အဘယ်တို့နည်း။ မှန်သော သိခြင်း 'သမ္မာဒိဋ္ဌိ' မှန်သော ကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်သောပြောဆိုခြင်း 'သမ္မာဝါစာ' မှန်သော ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်သော အသက်မွေးမြင်း 'သမ္မာအာဇီဝ' မှန်သော အားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်သော အောက်မေ့ခြင်း 'သမ္မာသတိ' မှန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့တည်း။ ဤတရား ရှစ်ပါးတို့ကို ပွါးများစေအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ လောကဓံတရား ရှစ်ပါးတို့တည်း။ လာဘ်ရခြင်း လာဘ်မရခြင်း အကျော်အစောများခြင်း အကျော်အစောနည်းခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း ချမ်းသာခြင်း ဆင်းရဲခြင်းတို့တည်း။ ဤရှစ်ပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မှားသော သဘောတရား ရှစ်ပါးတို့တည်း၊ မှားသော သိမြင်ခြင်း၊ မှားသော ကြံခြင်း၊ မှားသော ပြောဆိုခြင်း၊ မှားသော

http://www.dhammadownload.com



ပြုလုပ်ခြင်း၊ မှားသော အသက်မွေးခြင်း၊ မှားသော အားထုတ်ခြင်း၊ မှားသော အောက်မေ့ခြင်း၊ မှားသော တည်ကြည်ခြင်းတို့တည်း။ ဤရှစ်ပါးသောတရားတို့ကို ပယ်အပ်ကုန်၏။

(င) ဆုတ်ယုတ်သော အဖို့ရှိသော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ပျင်းရိခြင်း အကြောင်း ရှစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စကို ပြုအပ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် အမှုကိစ္စကို ပြုရအံ့၊ အမှုကိစ္စ ပြုသော ငါ၏ ကိုယ်သည် ပင်ပန်းလတ္တံ့၊ ယခုငါသည် အိပ်ဦးအံ့"ဟု (စိတ်အကြံ ဖြစ်၏)။ထိုရဟန်းသည် အိပ်၏၊ မရောက် ရသေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသည့် တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုခြင်းငှါ ဝီရိယကို မဖြစ်စေ။ ဤကား ရှေးဦးစွာသော ပျင်းရိခြင်း အကြောင်း တည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမှုကိစ္စကို ပြုပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် အမှုကိစ္စကို ပြုပြီးပြီ၊ အမှုကိစ္စ ပြုပြီးသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား နှစ်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရီးသွားအပ်၏၊ ထိုရဟန်းအား ဤသို့သော စိတ် အကြံ ဖြစ်၏၊ "ငါသည် ခရီးသွားရအံ့၊ ခရီးသွားသော ငါ၏ ကိုယ်သည် ပင်ပန်းလတ္တံ့၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား သုံးခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရီးသွားပြီး ဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား လေးခုမြောက် သော ပျင်းရိခြင်း အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်မရ၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရခဲ့၊ ဆွမ်းခံသွားသော ထိုငါ၏ ကိုယ်သည် ပင်ပန်း၏၊ အမှုကိစ္စကို ပြုရန်မခံ့၊ ယခု ငါသည် အိပ်ဦးအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား ငါးခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည် ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုငါ၏ ကိုယ်သည် လေး၏၊ အမှုကိစ္စကို ပြုရန်မခံ့၊ စိုစွတ်သော ပဲကဲ့သို့ လေး၏၊ ယခု ငါသည်

http://www.dhammadownload.com



**အိပ်ဦးအံ့**" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ **ဤကား** ခြောက်ခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား အနည်းငယ်မျှသော အနာရောဂါသည် ဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါ့အား အနည်းငယ်မျှသော ဤအနာသည် ဖြစ်၏၊ အိပ်ခြင်းငှါ လျောက်ပတ်၏၊ ယခုငါသည် အိပ်ဦးအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏၊ ဝီရိယကို မဖြစ်စေ။ပ။ ဤကား ခုနစ်ခုမြောက်သော ပျင်းရိခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အနာမှ ထ၏။ အနာ ထ၍ မကြာသေး၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် အနာမှ ထ၏၊ အနာမှ ထ၍ မကြာသေး၊ ထိုငါ၏ကိုယ်သည် အားမရှိ၊ အမှုကိစ္စကို ပြုရန်မခံ့၊ ယခု ငါ အိပ်ဦးအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် အိပ်၏။ပ။ ဤကား ရှစ်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။ ဤရှစ်ပါးသောတရားတို့သည် ဆုတ်ယုတ်သော အဖို့ရှိကုန်၏။

(စ) ထူးသော အဖို့ရှိသော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အားထုတ်ခြင်း အကြောင်း ရှစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စကို ပြုအပ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် အမှုကိစ္စကို ပြုရအံ့၊ အမှုကိစ္စကို ပြုသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မလွယ်၊ ယခု ငါသည် မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ ဝီရိယကိုဖြစ်စေအံ့"ဟု (စိတ်အကြံ ဖြစ်၏)။ထိုရဟန်းသည် မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှါ ဝီရိယကို ဖြစ်စေ၏။ ဤကား ရှေးဦးစွာသော အားထုတ်ခြင်း၏ အကြောင်း တည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမှုကိစ္စကို ပြုပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် အမှုကိစ္စကို ပြုပြီးပြီ၊ အမှုကိစ္စကို ပြုပြီးသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား နှစ်ခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရီးသွားအပ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ခရီးသွားရအံ့၊ ခရီးသွားရသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မလွယ်၊ ယခု ငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား သုံးခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရီးသွားပြီး ဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားပြီးသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား လေးခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရွာသို့ရှင်း နိဂုံးသို့ရှင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နူးသည့်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်မရ၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ရွာသို့ရှင်း နိဂုံးသို့ရှင်း ဆွမ်းခံသွားသည်ရှိသော်

http://www.dhammadownload.com



ကြမ်းသည်လည်းဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရခဲ့၊ ထိုငါ၏ ကိုယ်သည် ပေါ့၏၊ အမှုကိစ္စကို ပြုရန်ခံ့၏၊ ယခု ငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်အကြံ ဖြစ်၏)၊ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား ငါးခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် ရွာသို့ရင်း နိဂုံးသို့ရင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုငါ၏ ကိုယ်သည် အားရှိ၏၊ အမှုကိစ္စကို ပြုရန်ခံ့၏၊ ယခုငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား ခြောက်ခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား အနည်းငယ်မျှသော အနာသည် ဖြစ်၏၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါ့အား အနည်းငယ်မျှသော အနာသည် ဖြစ်၏၊ ငါ၏အနာသည် တိုးပွါးရာသော အကြောင်းရှိ၏၊ ယခု ငါသည် ဝီရိယကို ဖြစ်စေအံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် ဝီရိယကို ဖြစ်စေ၏။ပ။ ဤကား ခုနစ်ခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အနာမှ ထ၏၊ အနာမှထ၍ မကြာသေး၊ ထိုရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်၏၊ "ငါသည် အနာမှ ထ၏၊ အနာမှထ၍ မကြာသေး၊ ငါ့အား အနာရောဂါသည် ပြန်ဖြစ်ရာသော အကြောင်းရှိ၏၊ ယခု ငါသည် မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက် ပြုခြင်းငှါ အားထုတ်အံ့" ဟု (စိတ်အကြံ ဖြစ်၏)။ ထိုရဟန်းသည် မရောက်သေးသော တရားသို့ ရောက်ခြင်းငှါ မရသေးသော တရားကို ရခြင်းငှါ မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက် ပြုခြင်းငှါ ဝီရိယကို ဖြစ်စေ၏။ ဤကား ရှစ်ခုမြောက် အားထုတ်ခြင်း၏ အကြောင်းတည်း။ ဤတရား ရှစ်ပါးတို့သည် ထူးသောအဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော 'အက္ခဏ'ရှစ်ပါးတို့တည်း။ ငါ့သျှင်တို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူ၏၊ ကိလေသာကို ငြိမ်းစေတတ်သော နိဗ္ဗာန်သို့ ဆောင်တတ်သော မဂ်ဉာဏ်သို့ ရောက်စေတတ်သော ဘုရားကိုသည်သာ ဟောအပ်သော သစ္စာလေးပါး တရားကိုလည်း ဟောတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်လည်း ငရဲဘုံသို့ရောက်နေ၏။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ရှေးဦးစွာသော အက္ခဏတည်း။

ငါ့သျှင်တို့တဖန် ထို့ပြင်လည်း ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူ၏၊ ကိလေသာကို ငြိမ်းစေတတ်သော နိဗ္ဗာန်သို့ဆောင်တတ်သော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သည်သာ ဟောအပ်သော သစ္စာလေးပါးတရားကိုလည်း ဟောတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်လည်း

http://www.dhammadownload.com



တိရစ္ဆာန်ဘုံသို့ ရောက်နေ၏။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော နှစ်ခုမြောက် အက္ခဏတည်း။

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့။ပ။ ပြိတ္တာဘုံသို့ရောက်နေ၏။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော သုံးခုမြောက် အက္ခဏတည်း။

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့။ပ။ အသက်ရှည်သော အရူပဘုံ အသညသတ်ဘုံသို့ ရောက်နေ၏။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော လေးခုမြောက် အက္ခဏတည်း။

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့။ပ။ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ယောကျ်ား ဥပါသိကာမိန်းမတို့ ဖြစ်ရာမဟုတ်သော သစ္စာလေးပါးကို မသိနိုင်ကုန်သော ပစ္စန္တရာဇ် ဇနပုဒ်အရပ် လူရိုင်းတို့ အဘွင်း၌ မွေးဖွား၏။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ငါးခုမြောက် အက္ခဏတည်း။

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့။ပ။ မဇ္ဈိမဒေသ ဇနပုဒ်တို့၌ မွေးဖွားသော်လည်း မှားသော အယူရှိ၏၊ ဖောက်ပြန်သော အယူရှိ၏၊ "ပေးလှူခြင်းသည် မရှိ။ ဟုန်း ဟု ခေါ်သော ပူဇော်မှုငယ်မျိုး၏ အကျိုးသည် မရှိ၊ ကောင်းစွာ ပြုအပ် မကောင်းသဖြင့် ပြုအပ်သော ကံတို့၏ အကျိုးရင်း အကျိုးဆက်မည်သည်မရှိ၊ ဤလောကသည်မရှိ၊ တမလွန်လောကသည် မရှိ၊ အမိကို လုပ်ကျွေးခြင်း၏အကျိုးသည် မရှိ၊ အဖကို လုပ်ကျွေးခြင်း၏ အကျိုးသည် မရှိ၊ အကြင်ပုဂ္ဂိုလ်သည် ဤလောကကိုရင်း တမလွန်လောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောကြားကုန်၏၊ အညီအညွတ်ကောင်းစွာ ကျင့်ကုန်သော ထိုရဟန်းသူမြတ်တို့သည် လောက၌ မရှိကုန်" ဟု မှားသော အယူရှိ၏၊ ဖောက်ပြန်သောအယူရှိ၏။ ဤကားမြတ်သော အကျင့်ကိုကျင့်ခြင်းငှါ အခွင့်မဟုတ်သော ခြောက်ခုမြောက် အက္ခဏတည်း။

တဖန် ထို့ပြင်လည်း ငါ့သျှင်တို့။ပ။ ဤပုဂ္ဂိုလ်သည်လည်း မဇ္ဈိမဒေသတို့၌ မွေးဖွား၏၊ ပညာမရှိ၊ စိတ်ဖောက်ပြန်နေသူ ဖြစ်၏၊ ဆွံ့အနေသူ ဖြစ်၏၊ ကောင်းသောတရား မကောင်းသောတရားတို့၏ အနက်သဘောကို သိခြင်းငှါ မစွမ်းနိုင်။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ခုနစ်ခုမြောက် အက္ခဏတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မမူ၊ ကိလေသာကို ငြိမ်းစေတတ်သော နိဗ္ဗာန်သို့ ဆောင်တတ်သော မဂ်ဉာဏ်သို့ ရောက်စေတတ်သော မြတ်စွာဘုရားတို့သည်သာ ဟောအပ်သော သစ္စာလေးပါးတရားကိုလည်း ဟောတော်မမူ[၁]။ ဤပုဂ္ဂိုလ်သည်လည်း မဇ္ဈိမဒေသ ဇနပုဒ်တို့၌ မွေးဖွား၏၊ ပညာရှိ၏၊ စိတ်မဖောက်ပြန်သူ ဖြစ်၏၊ မဆွံ့အသူ ဖြစ်၏၊ ကောင်းသောတရား မကောင်းသောတရားတို့၏ အနက်သဘောကို သိခြင်းငှါ စွမ်းနိုင်၏။ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှါ အခွင့်မဟုတ်သော ရှစ်ခုမြောက် အက္ခဏတည်း။ ဤရှစ်ပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။

(ဇ) ဖြစ်စေအပ်သော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ယောကျ်ားမြတ်တို့အကျင့်ရှစ်ပါးတို့တည်း၊ ဤအကျင့်သည် အလိုနည်းသောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် အလိုကြီး

---

၁။ ဤနေရာ၌ ပါဠိတွင် ပေယျာလရှိသည်။ သင်္ဂီတိသုတ် ၂၂၀-နဝမအက္ခဏ ပါဠိတော်နှင့်အညီ ပြန်ဆိုသည်။

http://www.dhammadownload.com



သော သူ၏အကျင့်မဟုတ်၊ ဤအကျင့်သည် အလိုနည်းသောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် အလိုကြီးသောသူ၏ အကျင့်မဟုတ်။ ဤအကျင့်သည် ရောင့်ရဲလွယ်သောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် မရောင့်ရဲလွယ်သောသူ၏အကျင့်မဟုတ်။ ဤအကျင့်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်သောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် အပေါင်းအဖော်၌ မွေ့လျော်သောသူ၏ အကျင့်မဟုတ်။ ဤအကျင့်သည် အားထုတ်ခြင်း ဝီရိယရှိသောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် ပျင်းရိသော သူ၏ အကျင့်မဟုတ်။ ဤအကျင့်သည်ထင်သော သတိရှိသောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် သတိလွတ်သောသူ၏ အကျင့်မဟုတ်။ ဤအကျင့်သည် တည်ကြည်သောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် မတည်ကြည်သောသူ၏ အကျင့်မဟုတ်။ ဤအကျင့်သည် ပညာရှိသောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် ပညာမဲ့သောသူ၏ အကျင့်မဟုတ်။ ဤအကျင့်သည် သံသရာကို မချဲ့သောသူ၏ အကျင့်တည်း၊ ဤအကျင့်သည် သံသရာချဲ့သောသူ၏ အကျင့်မဟုတ်။ ဤရှစ်ပါး သောတရားတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသော ဉာဏ်ဖြင့် သိအပ်သော ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ဆန့်ကျင်ဘက် တရားနှင့် အာရုံတို့ကို လွှမ်းမိုးနိုင်ကြောင်း 'အဘိဘာယတန' ဈာန်ရှစ်ပါးတို့တည်း။ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား ပဌမ အဘိဘာ ယတန ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်း မိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ'ရှိ၏၊ ဤကား ဒုတိယ အဘိ ဘာယတန ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကိုမရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသောအဆင်း ရှိသော ငယ်သော (ကသိုဏ်း)ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်း မိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ'ရှိ၏၊ ဤကား တတိယ အဘိ ဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ'ရှိ၏၊ ဤကား စတုတ္ထအဘိ ဘာယတန ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ညိုသော အဆင်း ညိုသောအသွေး ညိုသော အရောင်ရှိသော (ကသိုဏ်း) ရုပ်တို့ကို ရှု၏၊ ဥပမာအားဖြင့် ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသောအောက်မဲညိုပန်း [၁] ကဲ့သို့ရင်း

၁။ ဤအရာ၌ ဥမ္မာပုပ္ဖပုဒ်၏ အနက်ကို အောက်မဲညိုပန်းထက် သာ၍ညိုသော နှမ်းကြွတ်ပန်း ဟု အဘိဓာန် ဋီကာသစ်၌ဆို၏။

http://www.dhammadownload.com



ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ညိုသောနှစ်ဖက်ချောအဝတ်ကဲ့သို့ရှိငြား ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ညိုသော (ကသိုဏ်း) ရုပ်တို့ကိုရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား ပဉ္စမအဘိဘာယတန ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဝါရွှေသော အဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏။ ဥပမာ အားဖြင့် ဝါရွှေသော အဆင်း ဝါရွှေသောအသွေး ဝါရွှေသော အရောင်ရှိသော မဟာလှေကားပန်းကဲ့သို့ရှိငြား ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဝါရွှေသော နှစ်ဖက်ချော အဝတ်ကဲ့သို့ရှိငြား ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသော ဝါရွှေသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ'ရှိ၏၊ ဤကား ဆဋ္ဌအဘိဘာယတန ဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏။ ဥပမာအားဖြင့် နီသော အဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသောမိုးဆွေပန်းကဲ့သို့ရှိငြား နီသောအဆင်း နီသော အသွေး နီသော အရောင်ရှိသော ဗာရာဏသီပြည်ဖြစ် နီသော နှစ်ဖက်ချော အဝတ်ကဲ့သို့ရှိငြား၊ ဤအတူ တဦးသောပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ အပသန္တာန်၌ နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသော နီသော(ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည်၊ (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ် 'သညာ' ရှိ၏၊ ဤကား သတ္တမ အဘိဘာယတနဈာန်ပေတည်း။

တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသော အဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏။ ဥပမာအားဖြင့် ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော သောက်ရှူးကြယ်ကဲ့သို့ရှိငြား ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် ဖြူသောနှစ်ဖက်ချော အဝတ်ကဲ့သို့ရှိငြား ဤအတူ တဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသော ဖြူသော (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ "ထို(ရုပ်)တို့ကို လွှမ်းမိုး၍ (ငါ)သိသည် (ငါ)မြင်သည်" ဟု ဤသို့လည်း အမှတ်'သညာ'ရှိ၏၊ ဤကား အဋ္ဌမ အဘိဘာယတနဈာန်ပေတည်း။ ဤရှစ်ပါးသောတရားတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏။

(ည) မျက်မှောက်ပြုအပ်သော၊ ရှစ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ လွတ်လပ်ခြင်း 'ဝိမောက္ခ'ရှစ်ပါးတို့တည်း။ (မိမိသန္တာန်၌) ကသိုဏ်းရုပ် ဈာန်ရှိသည်ဖြစ်၍ (ပြင်ပသန္တာန်၌လည်း) (ကသိုဏ်း)ရုပ်ကိုကို ရှု၏၊ ဤကား ပဌမဝိမောက္ခပေတည်း။

http://www.dhammadownload.com



မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်မူ၍ ပြင်ပသန္တာန်၌ (ကသိုဏ်း)ရုပ်တို့ကို ရှု၏၊ ဤကား ဒုတိယဝိမောက္ခပေတည်း။

တင့်တယ်၏ဟူ၍သာလျှင် နှလုံးသွင်း၏၊ ဤကား တတိယဝိမောက္ခပေတည်း။

ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် အာကာသာနဉ္စာယတန (စျာန်)သို့ ရောက်၍ နေ၏၊ ဤကား စတုတ္ထဝိမောက္ခပေတည်း။

အာကာသာနဉ္စာယတန စျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဉ်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် ဝိညာဏဉ္စာတတန(စျာန်)သို့ ရောက်၍ နေ၏၊ ဤကား ပဉ္စမဝိမောက္ခပေတည်း။

ဝိညာဏဉ္စာယတန (စျာန်)ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ" ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတန (စျာန်)သို့ ရောက်၍ နေ၏၊ ဤကား ဆဋ္ဌဝိမောက္ခပေတည်း။

အာကိဉ္စညာယတန(စျာန်)ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန(စျာန်)သို့ ရောက်၍နေ၏၊ ဤကား သတ္တမဝိမောက္ခပေတည်း။

နေဝသညာနာသညာယတန (စျာန်)ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်' သို့ရောက်၍ နေ၏၊ ဤကား အဋ္ဌမဝိမောက္ခပေတည်း။ ဤရှစ်ပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ရှစ်ဆယ်သောတရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောရှိကုန်၏၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏။

## တရားကိုးပါးစု

၃၅၉။ ကိုးပါးသော တရားတို့သည် များသော ကျေးဇူးရှိကုန်၏။ပ။ ကိုးပါးသော တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသော ကျေးဇူးရှိကုန်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ အသင့်အားဖြင့်နှလုံးသွင်းခြင်း အကြောင်းရင်းရှိသော တရားကိုးပါးတို့တည်း။ အသင့်အားဖြင့် နှလုံးသွင်းသော သူအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသောသူအား နှစ်သိမ့်ခြင်းသည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ နာမ်ရုပ်အပေါင်းသည် ငြိမ်း၏။ နာမ်ရုပ်အပေါင်း ငြိမ်းခြင်းရှိသောသူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသုခရှိသော သူ၏စိတ်သည် တည်ကြည်၏၊ စိတ်တည်ကြည်သည်ရှိသော် ဟုတ်မှန်သောအတိုင်း သိ၏၊ မြင်၏၊ ဟုတ်မှန်သော အတိုင်း သိသည် မြင်သည်ရှိသော်ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် စွဲမက်ခြင်း ကင်း၏။ စွဲမက်ခြင်း ကင်းခြင်းကြောင့် ကိလေသာတို့မှလွတ်၏။ ဤကိုးပါးသော တရားတို့သည် များသော ကျေးဇူးရှိကုန်၏။

(ခ) ပွါးများအပ်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာနဖြစ်သော အကြောင်းအင်္ဂါ ကိုးပါးတို့တည်း။ သီလစင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာနဖြစ်သော အကြောင်းအင်္ဂါ၊ စိတ်စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ပဓာန

http://www.dhammadownload.com



ဖြစ်သော အကြောင်းအင်္ဂါ၊ ပညာ၏ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာန ဖြစ်သော အကြောင်းအင်္ဂါ၊ ယုံမှားခြင်းကို ဖျောက်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာန ဖြစ်သော အကြောင်းအင်္ဂါ၊ မဂ် ဟုတ် မဟုတ်ကိုသိသော ဉာဏ် အမြင်၏ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာန ဖြစ်သော အကြောင်းအင်္ဂါ၊ မဂ်ရကြောင်း အကျင့်ကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာနဖြစ်သော အကြောင်းအင်္ဂါ၊ ဝိပဿနာဉာဏ်အမြင်၏ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာနဖြစ်သော အကြောင်းအင်္ဂါ၊ အရဟတ္တဖိုလ် ဉာဏ်ပညာ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာနဖြစ်သော အကြောင်းအင်္ဂါ၊ အရဟတ္တဖိုလ်၏ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွါးစေခြင်း၏ ပဓာနဖြစ်သော အကြောင်း အင်္ဂါတို့တည်း။ ဤကိုးပါးသောတရားတို့ကို ပွါးစေအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ သတ္တဝါတို့၏ နေရာ ကိုးပါးတို့တည်း။ ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေ သညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့ နည်းဟူမူ—အချို့သောနတ် အချို့ သောဝိနိပါတိကနှင့် လူတို့ပင်တည်း။ ဤကား ရှေးဦးစွာသော သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေ သညာချင်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့ နည်းဟူမူ—ပဌမဈာန်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား နှစ်ခုမြောက် သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့ နည်းဟူမူ—အာဘဿရာဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား သုံးခုမြောက် သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ကိုယ်သဏ္ဌာန်ချင်းတူ၍ ပဋိသန္ဓေသညာချင်းလည်း တူကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ်သတ္တဝါတို့ နည်းဟူမူ—သုဘကိဏှာဘုံ၌ ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား လေးခုမြောက် သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ သညာမရှိသော အာရုံကို ခံစားခြင်း မရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ အဘယ် သတ္တဝါတို့နည်းဟူမူ—အသညသတ်ဘုံ၌ဖြစ်သော ဗြဟ္မာတို့ပင်တည်း။ ဤကား ငါးခုမြောက် သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တ သညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် အာကာ သာနဉ္စာယတနဘုံသို့ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ခြောက်ခုမြောက် သတ္တဝါ တို့၏ နေရာတည်း။

ငါ့သျှင်တို့ အာကာသာနဉ္စာယတန ဈာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့်ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ခုနစ်ခုမြောက် သတ္တဝါတို့၏ နေရာတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ" ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား ရှစ်ခုမြောက် သတ္တဝါတို့၏ နေရာတည်း။

ငါ့သျှင်တို့ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤကား ကိုးခုမြောက် သတ္တဝါတို့၏ နေရာတည်း။ ဤကိုးပါးသောတရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ တဏှာအကြောင်းရင်းရှိသော ကိုးပါးသောတရားတို့တည်း။ တပ်မက်ခြင်း တဏှာကိုစွဲ၍ ရှာမှီးခြင်းဖြစ်၏၊ ရှာမှီးခြင်းကို စွဲ၍ ရခြင်းဖြစ်၏၊ ရခြင်းကို စွဲ၍ ဆုံးဖြတ်ခြင်း ဖြစ်၏၊ ဆုံးဖြတ်ခြင်းကို စွဲ၍ လိုချင်စုံမက်ခြင်း 'ဆန္ဒရာဂ' ဖြစ်၏၊ လိုချင်စွဲမက်ခြင်း 'ဆန္ဒရာဂ'ကို စွဲ၍ အလွန်အားကြီးသော စွဲမက်ခြင်း ရာဂဖြစ်၏၊ အလွန်အားကြီးသော စွဲမက်ခြင်း ရာဂကို စွဲ၍ သိမ်းဆည်းခြင်း ဖြစ်၏၊ သိမ်းဆည်းခြင်းကို စွဲ၍ ဝန်တိုခြင်း ဖြစ်၏၊ ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ခြင်း ဖြစ်၏၊ စောင့်ရှောက်ခြင်း အကြောင်းကို စွဲ၍ ဥစ္စာဒဏ်ယူခြင်း ဓားလက်နက်ကိုင်ခြင်း ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ဖြင်း ဆန့်ကျင်ဖက်ပြောခြင်း နင် နင် ဟု ဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ်မမှန် ပြောခြင်း ဟူသော များစွာသော ယုတ်မာသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ဤကိုးပါးသောတရားတို့ကို ပယ်အပ်ကုန်၏။

(င) ယုတ်သော အဖို့ရှိသော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ ခိုက်ရန်ဖြစ်ခြင်းအကြောင်း ကိုးပါးတို့တည်း၊ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်ဘူးသည်" ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏ အကျိုးမဲ့ကိုပြုနေဆဲ" ဟု ရန်ငြိုးဖွဲ့၏၊ "ငါ၏အကျိုးမဲ့ကို ပြုလတ္တံ့" ဟု ရန်ငြိုးဖွဲ့၏။

"ငါ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဘူးသည်" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးမဲ့ကို ပြုနေဆဲ" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးမဲ့ကို ပြုလတ္တံ့" ဟု ရန်ငြိုးဖွဲ့၏။

"ငါ မချစ်ခင် မနှစ်သက်အပ်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဘူးသည်" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးကို ပြုနေဆဲ" ဟု ရန်ငြိုးဖွဲ့၏။ပ။ "အကျိုးကို ပြုလတ္တံ့" ဟု ရန်ငြိုးဖွဲ့၏။ ဤတရားကိုးပါးတို့သည် ယုတ်သော အဖို့ရှိကုန်၏။

(စ) ထူးသော အဖို့ရှိသော ကိုးပါးသောတရားတို့သည် အဘယ်နည်း။ ရန်ငြိုးပြေကြောင်းကိုးပါးတို့တည်း။ "ငါ၏ အကျိုးမဲ့ကို ပြုဘူးသည် ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကို ဖြေ၏၊ "ငါ၏ အကျိုးမဲ့ကို ပြုနေဆဲ ဟု ထိုအကျိုးမဲ့ ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကို ဖြေ၏၊ "ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့ ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကို ဖြေ၏။

"ငါ ချစ်ခင် နှစ်သက်အပ်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဘူးပြီ။ပ။ အကျိုးမဲ့ကို ပြုနေဆဲ။ပ။ အကျိုးမဲ့ကို ပြုလတ္တံ့ ဟု ထိုအကျိုးမဲ့ ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကို ဖြေ၏။

"ငါမချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဘူးသည်။ပ။ အကျိုးကို ပြုနေဆဲ။ပ။ အကျိုးကို ပြုလတ္တံ့ ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်မှာ ရနိုင်အံ့နည်း" ဟု ရန်ငြိုးကို ဖြေ၏။ ဤကိုးပါးသောတရားတို့သည် ထူးသော အဖို့ရှိကုန်၏။

http://www.dhammadownload.com



(ဆ) ထိုးထွင်း၍ သိနိုင်ခဲသော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ ထူးသည့် အဖြစ်ကိုပြုတတ်သော တရားကိုးပါးတို့တည်း။ ခေတ်ထူ ခြင်းကို စွဲ၍ ဖဿထူးခြင်းဖြစ်၏၊ ဖဿထူးခြင်းကို စွဲ၍ ဝေဒနာထူးခြင်း ဖြစ်၏၊ ဝေဒနာထူးခြင်းကို စွဲ၍ ကာမသညာ စသည် ထူးခြင်း ဖြစ်၏၊ ကာမသညာစသည် ထူးခြင်းကို စွဲ၍ အကြံထူးခြင်း ဖြစ်၏၊ အကြံထူးခြင်းကို စွဲ၍ လိုချင်ခြင်း ဆန္ဒ ထူးခြင်း ဖြစ်၏၊ လိုချင်ခြင်း ဆန္ဒ ထူးခြင်းကိုစွဲ၍ ပူလောင်ခြင်း ထူးခြင်း ဖြစ်၏၊ ပူလောင်ခြင်း ထူးခြင်းကိုစွဲ၍ ရှာမှီးခြင်း ထူးခြင်း ဖြစ်၏၊ ရှာမှီ ခြင်း ထူးခြင်းကို စွဲ၍ ရခြင်း ထူးခြင်းဖြစ်၏၊ ရခြင်း ထူးခြင်းကို စွဲ၍ မှတ်ထင်မှု ထူးခြင်း ဖြစ်၏။ ဤကိုးပါးသောတရားတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏။

(ဇ) ဖြစ်စေအပ်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ ကိုးပါးသော သညာတို့တည်း။ မတင့်တယ် ဟူသော အမှတ်သညာ သေခြင်း ဟူသော အမှတ်သညာ အစာအာဟာရ၌ စက်ဆုပ်ဖွယ် ဟူသော အမှတ်သညာ အလုံးစုံသော လောက၌ မွေ့လျော်ဖွယ်မရှိ ဟူသော အမှတ်သညာ မမြဲဟူသော အမှတ်သညာ မမြဲသော 'အနိစ္စ'တရား၌ ဆင်းရဲ၏ ဟူသော အမှတ်သညာ ဆင်းရဲ 'ဒုက္ခ'တရား၌ အနတ္တဟူသော အမှတ်သညာ ပယ်ခြင်းဟူသော အမှတ်သညာ တပ်ခြင်းကင်းသော အမှတ်သညာတို့တည်း။ ဤကိုးပါးသောတရားတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသော ဉာဏ်ဖြင့် သိအပ်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ကိုးပါးတို့တည်း။

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ် ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ ရောက်၍နေ၏။ နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့်။ပ။ တတိယစျာန်သို့ရောက်၍ နေ၏။ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်ဖြင့်း။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ရုပ်သညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့်။ပ။ အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ" ဟု ပွါးများခြင်းကြောင့် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ" ဟု ပွါးများခြင်းကြောင့် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ အာကိဉ္စညာယတန စျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန စျာန်သို့ ရောက်၍ နေ၏။ နေဝသညာနာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်၍ နေ၏။ ဤကိုးပါးသောတရားတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။

(ည) မျက်မှောက်ပြုအပ်သော ကိုးပါးသောတရားတို့သည် အဘယ်တို့နည်း။ အစဉ်အတိုင်း ချုပ်ခြင်း ကိုးပါးတို့တည်း။ ပဌမစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ကာမသညာသည် ချုပ်၏၊ ဒုတိယ စျာန် ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက် ဝိစာရတို့သည် ချုပ်ကုန်၏၊ တတိယစျာန် ဝင်စားသော ပုဂ္ဂိုလ်အား နှစ်သိမ့်မှု 'ပီတိ'သည် ချုပ်၏၊ စတုတ္ထစျာန် ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက် ဝင်သက်တို့သည် ချုပ်ကုန်၏၊ အာကာသာနဉ္စာယတန စျာန်ဝင်စားသော ပုဂ္ဂိုလ်အား ရုပ်သညာသည်ချုပ်၏၊ ဝိညာဏဉ္စာယတန စျာန်ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတန သညာသည် ချုပ်၏၊

http://www.dhammadownload.com



အာကိဉ္စညာယတနစျာန်ဝင်စားသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနသညာသည် ချုပ်၏၊ နေဝသညာနာသညာယတနစျာန်ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနသညာသည် ချုပ်၏၊ သညာဝေဒနာတို့ ချုပ်သော နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား သညာသည်၎င်း ဝေဒနာသည်၎င်း ချုပ်၏။ ဤကိုးပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ဤကိုးဆယ်သောတရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ်မယွင်းသော သဘောရှိကုန်၏၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏။

## တရားဆယ်ပါးစု

၃၆၀။ ဆယ်ပါးသော တရားတို့သည် များသော ကျေးဇူးရှိကုန်၏။ပ။ ဆယ်ပါးသော တရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

(က) များသော ကျေးဇူးရှိကုန်သော ဆယ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မှီခိုရာပြုတတ်သော တရားဆယ်ပါးတို့တည်း။ ငါ့သျှင်တို့ သာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းလျက်နေ၏၊ အကျင့် 'အာစာရ 'ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေး ဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့ သီလရှိ၏။ပ။ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၁)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် များသော အကြားအမြင်ရှိ၏။ပ။ ပညာဖြင့် ထိုးထွင်း၍ သိအပ်ကုန်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့များစွာ သင်ကြားအပ်၏။ပ။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၂)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အဆွေခင်ပွန်းကောင်း ရှိ၏၊ အပေါင်းအဖော်ကောင်း ရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်သော စိတ်ရှိ၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့။ပ။ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်သောစိတ်ရှိ၏။ ဤတရားသည် မှီခိုရာပြုတတ်သော တရားတည်း။ (၃)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဆိုဆုံးမလွယ်၏၊ ထိုဆုံးမလွယ်ခြင်းကို ပြုတတ်သော တရားတို့နှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့။ပ။ အဆုံးအမကို အရိုအသေခံယူတတ်၏။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၄)

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သီတင်းသုံးဖော်တို့၏ အသို့ပြုရမည်နည်း ဟု ဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော ကိစ္စတို့၌ လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ထိုထိုအကြောင်း၌ လိမ္မာသော ပညာနှင့် ပြည့်စုံ၏၊ ပြုခြင်းငှါ စွမ်းနိုင်၏၊ စီရင်ခြင်းငှါ စွမ်းနိုင်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့။ပ။ စီရင်ခြင်းငှါ စွမ်းနိုင်၏။ ဤတရားသည်လည်း မှီခိုရာပြုတတ်သော တရားတည်း။ (၅)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ် အဘိဓမ္မာ ဝိနည်းတရား၌ များစွာ မြတ်နိုးခြင်း ရှိ၏။ ငါ့သျှင်တို့ ရဟန်းသည်

http://www.dhammadownload.com



ယင်းသို့။ပ။ များစွာ မြတ်နိုးခြင်းရှိ၏။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၆)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရရသမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး ဟူသော အဆောက်အဦတို့ဖြင့် ရောင့်ရဲ၏။ ငါ့သျှင်တို့ ရဟန်းသည်။ပ။ အဆောက်အဦတို့ဖြင့် ရောင့်ရဲ၏။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၇)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ နေ၏။ပ။ ကုသိုလ်တရားတို့၌။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့။ပ။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၈)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သတိရှိ၏၊ လွန်မြတ်သော သတိ ပညာနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာ ပြုပြီးသော အလုပ်ကိုငင်း ကြာမြင့်စွာ ပြောပြီးသော စကားကိုငင်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့။ပ။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ (၉)

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိသော ဖြူစင်သော ကိလေသာကို ဖျက်ဆီးနိုင်သော အကြွင်းမဲ့ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာနှင့် ပြည့်စုံ၏။ ငါ့သျှင်တို့ ရဟန်းသည် ယင်းသို့။ပ။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။ ဤတရားဆယ်ပါးတို့သည် များသော ကျေးဇူးရှိကုန်၏။ (၁၀)

(ခ) ပွါးစေအပ်ကုန်သော ဆယ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ကသိုဏ်းအာရုံ ဆယ်ပါးတို့တည်း။ အချို့သော ရဟန်းသည် အထက် အောက် ဖီလာ ဖြစ်သော နှစ်ခု မဟုတ်သော အပိုင်းအခြား မရှိသော ပထဝီကသိုဏ်းကို သိ၏၊ အချို့သော ရဟန်းသည် အာပေါကသိုဏ်းကို သိ၏။ပ။ အချို့သောရဟန်းသည် တေဇောကသိုဏ်းကို သိ၏။ အချို့သောရဟန်းသည် ဝါယောကသိုဏ်းကို သိ၏။ အချို့သောရဟန်းသည် နီလကသိုဏ်းကိုသိ၏။ အချို့သောရဟန်းသည် ပီတကသိုဏ်းကို သိ၏။ အချို့သောရဟန်းသည် လောဟိတကသိုဏ်းကို သိ၏။ အချို့သောရဟန်းသည် ဩဒါတကသိုဏ်းကို သိ၏။ အချို့သောရဟန်းသည် အာကာသကသိုဏ်းကို သိ၏။ အချို့သော ရဟန်းသည် အထက် အောက် ဖီလာ ဖြစ်သော နှစ်ခု မဟုတ်သော အပိုင်းအခြားမရှိသော ဝိညာဏကသိုဏ်းကို သိ၏။ ဤဆယ်ပါးသောတရားတို့ကို ပွါးစေအပ်ကုန်၏။

(ဂ) ပိုင်းခြား၍ သိအပ်သော ဆယ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ အာယတန ဆယ်ပါးတို့တည်း။ စက္ခုအာယတန၊ ရူပါရုံ အာယတန၊ သောတအာယတန၊ သဒ္ဒါရုံ အာယတန၊ ဃာနအာယတန၊ ဂန္ဓာရုံ အာယတန၊ ဇိဝှါအာယတန၊ ဖောဋ္ဌဗ္ဗာရုံ အာယတန။ ဤဆယ်ပါးသော တရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏။

(ဃ) ပယ်အပ်သော ဆယ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မှားသော အကျင့် ဆယ်ပါးတို့တည်း၊ မှားသောအယူ၊ မှားသောအကြံ၊ မှားသောပြောဆိုမှု၊ မှားသောပြုလုပ်ခြင်း၊ မှားသောအသက်မွေးမှု၊ မှားသောအားထုတ်မှု၊ မှားသောအောက်မေ့မှု၊ မှားသောတည်ကြည်မှု၊ မှားသောအသိဉာဏ်၊ မှားသောလွတ်မြောက်မှုတို့တည်း။ ဤဆယ်ပါးသော တရားတို့ကို ပယ်အပ်ကုန်၏။

http://www.dhammadownload.com



(င) ယုတ်သော အဖို့ရှိသော ဆယ်ပါးသော တရားတို့သည် အဘယ်တို့နည်း။ အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့တည်း၊ သူ့အသက်ကို သတ်ခြင်း၊ မပေးသည်ကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မဟုတ်မမှန်ပြောခြင်း ဂုံးတိုက်ခြင်း၊ ကြမ်းတမ်းသော စကားကို ပြောခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောခြင်း၊ လွန်စွာမက်မောခြင်း၊ ပျက်စီးစေလိုခြင်း၊ မှားသော အယူရှိခြင်းတို့တည်း။ ဤဆယ်ပါးသော တရားတို့သည် ယုတ်သော အဖို့ရှိကုန်၏။

(စ) ထူးသော အဖို့ရှိသော ဆယ်ပါးသော တရားတို့သည် အဘယ်နည်း။ ကုသိုလ်ကမ္မပထတရားဆယ်ပါးတို့တည်း၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ လွန်စွာမမက်မောခြင်း၊ မပျက်စီးစေလိုခြင်း၊ မှန်သော အယူကိုယူခြင်းတို့တည်း။ ဤဆယ်ပါးသောတရားတို့သည် ထူးသော အဖို့ရှိကုန်၏။

(ဆ) ထိုးထွင်း၍ သိနိုင်ခဲကုန်သော ဆယ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ မြတ်သော အကျင့် ဆယ်ပါးတို့တည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ငါးပါးသောအင်္ဂါကို ပယ်ပြီးဖြစ်၏၊ ခြောက်ပါးသော အင်္ဂါရှိသော ဥပေက္ခာနှင့် ပြည့်စုံ၏၊ တခုသော စောင့်ရှောက်ခြင်းရှိ၏၊ လေးပါးသော မှီရာရှိ၏၊ အသီး အသီး များစွာသော သစ္စာတို့ကို ပယ်အပ်ကုန်၏၊ အလုံးစုံသော ရှာမှီးခြင်းကို ပယ်ပြီး ဖြစ်၏၊ ကြည်လင်သော အကြံရှိ၏၊ ငြိမ်းသော ကာယသင်္ခါရ ရှိ၏၊ ကိလေသာတို့မှ လွတ်သော စိတ်ရှိ၏၊ ကိလေသာတို့မှ လွတ်သော ပညာရှိ၏။

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ငါးပါးသောအင်္ဂါကို ပယ်ပြီး ဖြစ်သနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည်ကာမစ္ဆန္ဒကို ပယ်ပြီးဖြစ်၏၊ ဒေါသကို ပယ်ပြီးဖြစ်၏၊ ထိုင်းမှိုင်းခြင်းကိုပယ်ပြီး ဖြစ်၏၊ ပျံ့လွင့်ခြင်း နောင်တပူပန်ခြင်းကို ပယ်ပြီးဖြစ်၏၊ ယုံမှားခြင်းကို ပယ်ပြီးဖြစ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ငါးပါးသောအင်္ဂါကို ပယ်ပြီးဖြစ်၏။　(၁)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ခြောက်ပါးသော အင်္ဂါရှိသော ဥပေက္ခာနှင့် ပြည့်စုံသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် ဝမ်းလည်းမသာ ဝမ်းလည်းမနည်း၊ သတိပညာဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှု၍သာ နေ၏။ နားဖြင့် အသံကို ကြားသော်။ပ။ စိတ်ဖြင့် ဓမ္မာရုံကို သိသော်ဝမ်းလည်းမသာ ဝမ်းလည်းမနည်း သတိပညာဖြင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူ ရှု၍သာ နေ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ခြောက်ပါးသောအင်္ဂါရှိသော ဥပေက္ခာနှင့် ပြည့်စုံ၏။　(၂)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် တခုသော စောင့်ရှောက်ခြင်း ရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သတိ တည်းဟူသော အစောင့်အရှောက် စိတ်နှင့် ပြည့်စုံ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် တခုသော စောင့်ရှောက်ခြင်း ရှိ၏။　(၃)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် လေးပါးသော မှီရာရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ဆင်ခြင်၍ အချို့ကို မှီဝဲ၏၊ ဆင်ခြင်၍ အချို့ကို သည်းခံ၏၊ ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏၊ ဆင်ခြင်၍ အချို့ကို ရှောင်ကြဉ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် လေးပါးသော မှီရာရှိ၏။　(၄)

http://www.dhammadownload.com



ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် အသီးအသီး များစွာသော သစ္စာတို့ကို ပယ်အပ်ကုန်သနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် များစွာသော သမဏဗြာဟ္မဏတို့၏ များစွာသော အသီးအသီးသော အလုံးစုံသော သစ္စာတို့ကို နုတ်အပ်ကုန်၏၊ ကောင်းစွာ နုတ်အပ်ကုန်၏၊ စွန့်အပ်ကုန်၏၊ အန်အပ်ကုန်၏၊ လွှတ်လပ်ကုန်၏၊ ပယ်အပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် အသီးအသီး များစွာသော သစ္စာတို့ကို ပယ်အပ်ကုန်၏။ (၅)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် အလုံးစုံသော ရှာမှီးခြင်းကို စွန့်အပ်သနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ် ရှာမှီးခြင်းကို ပယ်အပ်၏၊ ဘဝ၌ ရှာမှီးခြင်းကို ပယ်အပ်၏၊ မြတ်သောအကျင့် ရှာမှီးခြင်းကို ငြိမ်းစေအပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် အလုံးစုံသော ရှာမှီးခြင်းကို စွန့်အပ်၏။ (၆)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ကြည်လင်သော အကြံရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်၌ ကြံခြင်းကို ပယ်အပ်၏၊ ပျက်စီးစေလိုခြင်း၌ ကြံခြင်းကို ပယ်အပ်၏၊ ညှဉ်းဆဲခြင်း၌ ကြံခြင်းကို ပယ်အပ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကြည်လင်သော အကြံရှိ၏။ (၇)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ငြိမ်းသော ကာယသင်္ခါရရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာယာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ငြိမ်းသော ကာယသင်္ခါရရှိ၏။ (၈)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ကိလေသာမှ လွတ်သော စိတ်ရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်ခြင်း 'ရာဂ'မှ စိတ်သည်လွတ်၏၊ အမျက်ထွက်ခြင်း 'ဒေါသ'မှ စိတ်သည် လွတ်၏၊ တွေဝေခြင်း 'မောဟ'မှ စိတ်သည် လွတ်၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကိလေသာမှ လွတ်သောစိတ်ရှိ၏။ (၉)

ငါ့သျှင်တို့ ရဟန်းသည် အဘယ်သို့လျှင် ကိလေသာမှ လွတ်သော ပညာရှိသနည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် "ငါသည် စွဲမက်ခြင်း 'ရာဂ'ကို ပယ်အပ်ပြီ၊ အမြစ်ကို ဖြတ်အပ်ပြီ၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ မဖြစ်ခြင်း သဘောရှိ၏" ဟု သိ၏၊ "ငါသည် အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်အပ်ပြီ နောင်အခါ၌ မဖြစ်ခြင်းသဘောရှိ၏" ဟု သိ၏။ပ။ "ငါသည် တွေဝေခြင်း 'မောဟ'ကို ပယ်အပ်ပြီ။ပ။ နောင်အခါ၌ မဖြစ်ခြင်း သဘောရှိ၏" ဟု သိ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် ကိလေသာမှ လွတ်သော ပညာရှိ၏။ ဤဆယ်ပါးသော တရားတို့သည် ထိုးထွင်း၍ သိနိုင်ခဲကုန်၏။ (၁၀)

(၉) ဖြစ်စေအပ်သော ဆယ်ပါးသော တရားတို့သည် အဘယ်တို့နည်း။ အမှတ်သညာ ဆယ်ပါးတို့တည်း၊ မတင့်တယ်ဟူသော အမှတ်သညာ၊ သေခြင်းဟူသော အမှတ်သညာ၊ အစာ၌ စက်ဆုပ်ဖွယ်ဟူသော အမှတ်သညာ၊ အလုံးစုံသော လောက၌ မမွေ့လျော်သော အမှတ်သညာ၊ မမြဲဟူသော အမှတ်သညာ၊ မမြဲခြင်း 'အနိစ္စ'တရား၌ ဆင်းရဲခြင်း ဟူသော အမှတ်သညာ၊ ဆင်းရဲခြင်း'ဒုက္ခ'တရား၌ အတ္တမဟုတ်ဟူသော အမှတ်သညာ၊ ပယ်ခြင်းဟူသော အမှတ်သညာ၊ ရာဂကင်း

http://www.dhammadownload.com



ခြင်းဟူသော အမှတ်သညာ၊ ရာဂချုပ်ခြင်းဟူသော အမှတ်သညာတို့တည်း။ ဤဆယ်ပါးသောတရားတို့ကို ဖြစ်စေအပ်ကုန်၏။

(ဈ) ထူးသော ဉာဏ်ဖြင့် သိအပ်သော ဆယ်ပါးသောတရားတို့သည် အဘယ်တို့နည်း။ ပျက်စီးခြင်းအကြောင်းဆယ်ပါးတို့တည်း။မှန်သောအယူရှိသူအာ မှားသောမိစ္ဆာအယူသည်ပျက်စီး၏။ မှားသောမိစ္ဆာအယူဟူသော အကြောင်းကြောင့် အကြင် များစွာသော မကောင်းမှု အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုတရားတို့သည် ထိုမှန်သော အယူရှိသူအား ပျက်စီးကုန်၏။ မှန်သော အကြံရှိသူအား မှားသော အကြံသည်။ပ။ မှန်စွာပြောဆိုသူအား မှားသော စကားသည်။ပ။ မှန်သောအမှုကို ပြုသောသူအား မှားသောအမှုကို ပြုခြင်းသည်။ပ။ မှန်သော အသက်မွေးခြင်းရှိသူအား မှားသော အသက်မွေးခြင်းသည်။ပ။ မှန်သော အားထုတ်ခြင်း ရှိသူအား မှားသော အားထုတ်ခြင်းသည်။ပ။ မှန်သော အောက်မေ့ခြင်း 'သတိ'ရှိသူအား မှားသောအောက်မေ့ခြင်း 'သတိ' သည်။ပ။ မှန်သော တည်ကြည်ခြင်း 'သမာဓိ' ရှိသူအား မှားသော တည်ကြည်ခြင်း 'သမာဓိ'။ပ။ မှန်သော အသိဉာဏ်ရှိသူအား မှားသော အသိဉာဏ်သည် ပျက်စီး၏။ မှန်သော လွတ်မြောက်ခြင်း ရှိသူအား မှားသော လွတ်မြောက်ခြင်းသည် ပျက်စီး၏။ မှားသော လွတ်မြောက်ခြင်းအကြောင်းကြောင့် အကြင် များစွာသော မကောင်းသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုတရားတို့သည် မှန်သော လွတ်မြောက်ခြင်းရှိသူအား ပျက်စီးကုန်၏။ ဤဆယ်ပါးသောတရားတို့ကို ထူးသော ဉာဏ်ဖြင့်သိအပ်ကုန်၏။

(ည) မျက်မှောက်ပြုအပ်သော ဆယ်ပါးသော တရားတို့သည် အဘယ်တို့နည်း။ ရဟန္တာပုဂ္ဂိုလ်တို့၏ တရားဆယ်ပါးတို့တည်း၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သောအယူ၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သောအကြံအစည်၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော အမှန်ပြောဆိုသောစကား၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော အမှန်ပြုသောအမှု၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အသက်မွေးမှု၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အားထုတ်မှု၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အောက်မေ့ခြင်း 'သတိ'၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော တည်ကြည်ခြင်း 'သမာဓိ'၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သောအသိဉာဏ်၊ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော ဝိမုတ္တိ။ ဤဆယ်ပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဤသို့ ဤတရာသော တရားတို့သည် ဟုတ်ကုန်၏၊ မှန်ကုန်၏၊ ဟုတ်မှန်ကုန်၏၊ မချွတ်မယွင်းသော ယဘောရှိကုန်၏၊ ဖောက်ပြန်သော သဘောမရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏ ဟု (သျှင်သာရိပုတြာသည် မိန့်ဆို၏)။

အသျှင်သာရိပုတြာသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် အသျှင်သာရိပုတြာ ဟောတော်မူအပ်သော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေသတည်း။

**တဆယ့်တခုမြောက် ဒသုတ္တရသုတ် ပြီး၏။**

ပါထိကဝဂ် ပြီး၏။

http://www.dhammadownload.com



### ထိုဝဂ်၏ အကျဉ်းချုပ်


၁။ ပါထိကသုတ်

၂။ ဥဒုမ္ဗရိကသုတ်

၃။ စက္ကဝတ္တိသုတ်

၄။ အဂ္ဂညသုတ်

၅။ သမ္ပသာဒနီယသုတ်

၆။ ပါသာဒိကသုတ်။

၇။ မဟာပုရိသလက္ခဏသုတ်။

၈။ သိင်္ဂါလောဝါဒသုတ်။

၉။ အာဋာနာဋိယသုတ်။

၁၀။ သင်္ဂီတိသုတ်။

၁၁။ ဒသုတ္တရသုတ်။


ဤတဆယ့်တသုတ်တို့ဖြင့် ဟောတော်မူအပ်သောကြောင့် ပါထိကဝဂ် ဟု ဆိုအပ်၏။

## ပါထိကဝဂ်ပါဠိတော် မြန်မာပြန် ပြီး၏။

**ဝဂ်သုံးခုတို့ဖြင့် တန်ဆာဆင်အပ်သော ဒီဃနိကာယ် အလုံးစုံ ပြီးပြီ။**

http://www.dhammadownload.com

## ပါဠိကဝင်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အကျွရာစဉ်


| အကျွရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အံ့ဩချီးမွမ်းဖွယ် ကောင်းကုန်သော | ၁၃ |
| အံ့ဩဖွယ်ရာ မဖြစ်ဘူးမြဲ ဖြစ်ပုံ | ၁၀၅ |
| အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော | ၁၃၆ |
| အကျင့်ပဋိပဒါ | ၉၄ |
| အကျိုးနှင့် မစပ်သည် ဖြစ်အံ့ | ၁၂၅ |
| အကြား စကားသည်ကား | ၃၁ |
| အကြင်မိစ္ဆာအယူတို့သည် | ၁၂၉ |
| အကွပ် ပုံတောင်းနှင့် တကွ | ၁၄၀ |
| အခါမဲ့ ခရီးသွားလာလေ့ရှိခြင်း | ၁၆၅ |
| အဂ္ဂညတရားကို | ၃ |
| အစ ဟု သိအပ်သော အဂ္ဂညတရား | ၂၂ |
| အစိုးရသူ ဖန်ဆင်းခြင်း ဟူသော | ၂၂ |
| အိမ်ဆောက်ရန် အားထုတ်ကြကုန်၏ | ၇၉ |
| အတ္တသည် ရုပ်ရှိ၏ | ၁၃၁ |
| အတ္တသည်ရင်း လောကသည်ရင်း | ၉၉ |
| အတိတ်ကာလကိုလည်း ငါသိ၏ | ၉၈ |
| အထီးကျန်သူ အဖြစ်ကို | ၁၆၇ |
| အထက်သို့ ကော့တက်သော မွေးညှင်း | ၁၃၆ |
| အထွတ်အထိပ်သို့လည်း ရောက်ပြီ | ၁၁၅ |
| အနုပိယ မည်သော နိဂုံး၌ | ၁ |
| အနှစ်သာရသို့လည်း ရောက်ပါ၏ | ၄၁ |
| အပါယ်ငရဲ လားထိုက်သူသည် | ၅ |
| အဘိဇ္ဈာယျ တရားကို | ၁၃၀ |
| အဘိသိက်သွန်းပြီးသော မင်းအား | ၅၇ |
| အမှုဆောင် အမတ်များ | ၅၅ |
| အမွေ့ပစ္စည်း မဟုတ် | ၅၁ |
| အမည်း အဖြူ ဖြစ်ကုန်သော | ၇၃ |
| အယူတမျိုး အလိုတမျိုး | ၂၈ |
| အရိယာတို့၏ သာသနာ၌ | ၁၆၃ |
| အရိယာတို့ သိအပ်သော | ၂၅၃ |
| အရပ် ခုနစ်ပါး၌ အသားဖြိုးမောက်ခြင်း | ၁၃၆ |
| အလွန်အကဲမရှိ မြင့်မြတ်ပါ၏ | ၉၀ |
| အလွန်အကျူး တပ်မက်ခြင်း | ၆၀ |
| အလွန်မာန်မူကြကုန်၏ | ၇၇ |
| အလွန်ချိုသော နွယ်ကို | ၇၇ |
| အသညသတ်မည်သော ဗြဟ္မာ | ၂၇ |
| အသေသတ်စေခြင်းဖြင့်သော်ရင်း | ၁၅၃ |
| အသက်မွေးမှု မလုံလောက်သောကြောင့် | ၅၇ |
| **[ အာ ]** | |
| အာဘဿရာဘုံမှ သေခဲ့၍ | ၂၃ |
| အာယတနကို သိစေခြင်းတို့၌ | ၉၁ |
| အာယုကပ်ပတ်လုံးရင်း | ၆၇ |
| အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် | ၁၂၃ |
| **[ ဣ ]** | |
| ဣန္ဒြေတို့၌ ပိတ်ထားသော တံခါး | ၉၆ |
| ဣရိယာပုထ် မျှတခြင်း | ၁၂၀ |
| **[ ဤ ]** | |
| ဤအယူသည်သာလျှင် မှန်၏ | ၁၂၉ |
| ဤဥပါဒါနက္ခန္ဓာ ငါးပါး | ၂၅၅ |
| ဤမြို့သို့ ဝင်သည် ဖြစ်စေ | ၇၉ |
| ဤလေးပါးသော ချမ်းသာ | ၁၂၃ |
| **[ ဥ ]** | |
| ဥစ္စာ စပါးဖြင့် တိုးပွါးစေကုန်ရအံ့နည်း | ၁၅၁ |
| ဥတ္တရကာ မည်သော နိဂုံး၌ | ၅ |
| ဥဒုမ္ဗရိကာ မိဖုရား၏ | ၂၉ |
| ဥဒေါင်းတို့ကို အစာကျွေးရာ | ၃၁ |

http://www.dhammadownload.com




| အကၡရာစဥ် | စာမျက်နှာ |
|---|---|
| [ ဥ ] | |
| ဥပဝါဏသည် | ၁၃၂ |
| ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာ | ၅၂ |
| [ ဦ ] | |
| ဦးခေါင်း ဒိုက်စိုက် | ၄၇ |
| ဦးခေါင်းသော်လည်း ပြတ်၍ကျရာ၏ | ၁၅ |
| [ ဧ ] | |
| ဧကန္တ သန္နိဋ္ဌာန် စကားကို | ၈၇ |
| ဧဏီသားကဲ့သို့ ပြေပြစ်သော | ၁၄၆ |
| ဧဏီသားကောင်၏ သလုံးမြင်းခေါင်း | ၁၃၆ |
| [ က ] | |
| ကမ္မဋ္ဌာန်း အာရုံ၌ | ၁၂၁ |
| ကမ္မဋ္ဌာန်း အားထုတ်ရန် ခံ့သော | ၁၅၃ |
| ကမ္မဋ္ဌာန်းကို ရှေးရှု | ၄၀ |
| ကဋ္ဌာရမဋ္ဌကတက္ကတွန်း | ၈ |
| ကာလကဥ္စိကာမည်သော အသုရာ | ၆ |
| ကုသိုလ်ကမ္မပထတရား | ၂ |
| ကုသိုလ်တရားတို့၌ ဝန်ချခြင်း မရှိ | ၂၄၅ |
| ကောရခတ္တိယ တက္ကတွန်းသည် | ၆ |
| ကောဘက်သော မွေးညှင်း | ၁၄၅ |
| ကန်းသော နွားမသည် | ၄၃ |
| ကွဲပြားခြင်းကို စေ့စပ်အောင် | ၁၅၈ |
| ကန်ရက်ပမာ ညီညာသော | ၁၃၆ |
| ကျူတော မြတ်တောကဲ့သို့ | ၆၅ |
| ကျော်ကြားမှုကို တပ်နှစ်သက်ခြင်း | ၃၅ |
| ကြီးပွါးကြောင်းသာလျှင် ဖြစ်၏ | ၄၅ |
| ကြေး၌ နှစ်မြုပ်လတ္တံ့ | ၁၆၇ |
| ကြိမ်းမောင်း ချောက်လှန့်ခြင်း | ၁၅၃ |
| ကောင်းကင်၌ကဲ့သို့ သွား၏ | ၁၀၁ |
| ကောင်းစွာ ထိသော ခြေဖဝါး | ၁၃၅ |
| ကောင်းမြတ်သော ဇာတ်ရှိ၏ | ၇၄ |
| ကိုယ်တိုင်မှန်စွာ သိသူမဟုတ် | ၁၀ |
| [ ခ ] | |
| ခန္ဓာဝန်ကို ချပြီးဖြစ်၏ | ၁၂၄ |
| [ ခ ] | |
| ခိဍ္ဍာပဒေါသိကနတ်လျှင် | ၂၄ |
| ခင်ပွန်းယုတ်အပြစ် | ၁၆၆ |
| ခွေးကျင့် ကျင့်လျက် | ၅ |
| ချောမွေ့သော အသားအရေရှိ၏ | ၁၃၆ |
| ချစ်ဖွယ်သောစကားကို ဆိုခြင်း | ၁၄၄ |
| ချမ်းသာအတူ ဆင်းရဲအတူ | ၁၇၀ |
| ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့် | ၂၄၃ |
| ခြတောင်ပို့ ကြီးပွါးသကဲ့သို့ | ၁၇၁ |
| ခြေဖဝါးအပြင်မှ အထက်၌ | ၉၂ |
| ခြသေ့ ကိုယ် ရှေ့ပိုင်းနှင့် | ၁၃၆ |
| ခံချည်ချောဖြင့် ရက်လုပ်အပ်သော | ၁၄၈ |
| [ ဂ ] | |
| ဂုဏ်သတင်းကို ဆောင်ကုန်၏ | ၁၇၄ |
| [ င ] | |
| ငရဲသို့ ရောက်နေ၏ | ၂၂၄ |
| ငါးပါးသော ကာမဂုဏ်တို့ဖြင့် | ၁၂၂ |
| ငြိမ်းချမ်းသော ကာယသင်္ခါရ | ၂၄၆ |
| ငုပ်ခြင်း ပေါ်ခြင်းကို | ၁၀၁ |
| [ စ ] | |
| စုန္ဒသမဏုဒ္ဒေသသည် | ၁၀၇ |
| စကားမဆိုနိုင်ဘဲ | ၄၇ |
| စကြာရတနာ ကွယ်ပျောက်သည်ရှိသော် | ၅၁ |
| စတုတ္ထစျာန်သို့ရောက်၍ | ၁၂၂ |
| စင်ကြယ်သော ရဟန္တာတို့သည် | ၁၆၂ |
| စည်ပင်လည်း မစည်ပင်သေး | ၁၁၅ |
| စောင့်စည်းခြင်း လေးမျိုးဖြင့် | ၄၁ |
| စိတ်၏ နာကြည်းခြင်းကို | ၁၅၉ |
| [ ဆ ] | |
| ဆရာ့ဝါဒ ဖြစ်သော | ၂၇ |
| ဆရာ့ မယား ဟူ၍ရင်း | ၆၂ |
| ဆရာ ကွယ်လွန်သည်ရှိသော် | ၁၁၃ |
| ဆရာကိုလည်း ချီးမွမ်းအပ်၏ | ၁၁၀ |
| ဆူးအခင်းပေါ်၌လည်း | ၃၃ |
| ဆံဖျားမှ အောက်၌ | ၉၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆင်းရဲမှု ပွါးများလာ၏ | ၅၉ |
| ဆင်းရဲဝေဒနာတို့ကို | ၁၂၁ |
| ဆင်းရဲကုန်ခြင်း အကျိုးငှါ | ၃ |
| ဆန့်ကျင်ဖက် ရှိသည်ကို | ၈၉ |
| ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ | ၃၉ |
| **[ ဈ ]** | |
| ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏ | ၂၂ |
| **[ ည ]** | |
| ညီညာစွာ လုံးသော ယည်ပင်း | ၁၃၇ |
| ညစ်ညူးခြင်း ဖြစ်၏ | ၃၄ |
| ညစ်ညူးစေတတ်ကုန်သော | ၈၉ |
| ညစ်ညူးသောကံ မည်၏ | ၁၆၄ |
| ဉာဏ်အမြင်သို့ရောက်ခြင်း | ၉၂ |
| **[ တ ]** | |
| တပါးသူတို့၏ လွတ်မြောက်သောဉာဏ် | ၉၇ |
| တပေါဇိဂုစ္ဆာဝါဒသည် | ၃၂ |
| တပင်ချင်းပေါက်သော မွေးညှင်း | ၁၃၆ |
| တရားသာလျှင် ကိုးကွယ်ရာ | ၆၇ |
| တရားကိုလည်း ချီးမွမ်းအပ်၏ | ၁၁၀ |
| တပည့်တို့အား ပူပန်ခြင်း | ၁၂ |
| တိန္ဒုကခါဏုပရိဗိုဇ်အရံ | ၁၄ |
| တောအရပ် သစ်ရွက်မိုးကျောင်း | ၈၃ |
| တံခါးကို ဖွင့်၍ ထားခြင်းဖြင့် | ၁၇၄ |
| တံစိုးယူခြင်း လှည့်ဖျားခြင်း | ၁၆၀ |
| တန်ခိုးပြာဋိဟာကို | ၃ |
| တုံ့ပြန် ချီးမြှောက်ကုန်၏ | ၁၇၃ |
| **[ ထ ]** | |
| ထိပါးသောစိတ် ရှိ၏ | ၂၅၅ |
| ထူလ ဇနပုဒ် | ၅ |
| ထောင်ချခြင်းဖြင့်သော်၎င်း | ၁၅၃ |
| ထိုအဆင့်၌ စင်ကြယ်၏ | ၃၇ |
| ထိုစကားကို မရုပ်သိမ်းမူ၍ | ၁၁ |
| **[ ထ ]** | |
| ထိုတောင်အရပ်သည် လုံခြုံ၏ | ၁၇၂ |
| ထိုမဂ်အမြင်ဖြင့် တည်၏ | ၇၅ |
| **[ ဒ ]** | |
| ဒါရုပတ္တိက၏တပည့် ဇာလိယ | ၁၇ |
| ဒုက္ခ၏ ချုပ်ရာတည်း | ၁၂၈ |
| **[ န ]** | |
| နက္ခတ် တာရာ သဏ္ဌာန်တို့သည် | ၇၅ |
| နာဋ္ဌနွှမြို့ ပါဝါရိကသူဌေး | ၈၇ |
| နိဂြောဓပရိဗိုဇ်သည် | ၂၉ |
| နိဗ္ဗာန်ရောက်ရန် မဖြစ်ကုန် | ၁၂၁ |
| နိမိတ်ဖြင့်လည်း မဟော | ၉၂ |
| နူးညံ့ နုနယ်သော လက်ဖဝါး | ၁၃၆ |
| နားစိုက်ကုန်၏ | ၄၃ |
| နွားအရှဉ်း များစွာတို့ဖြင့် | ၂၁ |
| နွားငယ်၏ မျက်တောင်နှင့် တူသော | ၁၅၄ |
| နတ်ပြည် ခရီးကို ပြောကြားကုန်၏ | ၁၇၅ |
| နှစ်မျိုးစုံကို ကျင့်လေ့ရှိ၏ | ၈၅ |
| နှမ်းတလုံးမျှသော အစာကို | ၁၅၃ |
| နှုတ်အကျင့် ပဋိပဒါ | ၉၅ |
| နှုတ်မျှဖြင့်သာလျှင် ပေးတတ်၏ | ၁၆၉ |
| နှိမ့်ချ ခြိမ်းခြောက်ခြင်း မပြု | ၁၁၉ |
| **[ ပ ]** | |
| ပဋိသန္ဓေနှင့် စုတိအကြား၌ | ၁၄၁ |
| ပဋိသန္ဓေယူပုံ ဒေသနာ | ၉၁ |
| ပဋိသန္ဓေ သညာချင်း တူကုန်သော | ၂၄၁ |
| ပရိသတ်ထည်း ဝင်ဝံ့သူ မဟုတ် | ၃၀ |
| ပါတိမောက္ခသံဝရသီလကို | ၆၇ |
| ပါထိကပုတ္တတက္ကတွန်း | ၁၀ |
| ပုဂ္ဂိုလ်ကို သိစေခြင်းတို့၌ | ၉၄ |
| ပုဆစ် ဒူးတို့ကို သုံးသပ်နိုင်၏ | ၁၃၆ |
| ပုဏ္ဏားမျိုးသာလျှင် မြတ်၏ | ၇၂ |
| ပုထုဇဉ်တို့ မှီဝဲသော | ၁၀၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပူပန်ခြင်းကြောင့် မေထုန်အကျင့် | ၇၈ |
| ပွဲလမ်းသဘင် ကြည့်ရှုခြင်း | ၁၆၆ |
| ပယ်နှုတ်ဖွယ် အချက်ကို | ၁၁၇ |
| ပြဌာန်းပြောဆိုကြကုန်၏ | ၁၅၄ |
| ပြဿနာ တချက်ဘည်းဖြင့် | ၃၀ |
| ပြည့်စုံ စေ့စပ်သော ဆဲရေးရေရွတ်ခြင်း | ၇၁ |
| ပြည့်ဖြိုးသော ကျောပြင်ရှိ၏ | ၁၃၆ |
| ပြည့်သော ကျိုကျရှိ၏ | ၁၅၁ |
| ပြောင်းလွဲသော ရုပ်ဖြင့် | ၁၁ |
| ပေါင်းစုသော ပုဒ်တို့ဖြင့် | ၁၁၃ |
| ပေါင်းဆုံ ညီညွတ်စေခဲ့၏ | ၁၄၉ |
| ပိုးချည်ချောဖြင့် ရက်လုပ်အပ်သော | ၁၄၈ |
| **[ ဖ ]** | |
| ဖမျက်မြင့်သော ခြေရှိ၏ | ၁၄၅ |
| ဖီလာ စကားကို ပြောဆိုလျက် | ၃၀ |
| ဖီလာ နှစ်မျက်နှာ | ၁၆၀ |
| ဖားများ လယ်ကြွက်များကိုရင်း | ၂၀ |
| ဖြူစင်သော ဝေါဒါနတရား | ၈၉ |
| ဖဘ်နားတောင်းသဏ္ဌာန် | ၁၃၆ |
| ဖုံးလွှမ်းထားသည်ကို | ၁၇၆ |
| **[ ဗ ]** | |
| ဗောဇ္ဈင်ခုနစ်ပါးတို့ကို | ၈၉ |
| ဗောဓိပင်ရင်း၌ | ၁၂၅ |
| ဗြဟ္မာ့အသံနှင့် တူသော အသံ | ၁၅၈ |
| ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော | ၁၃၆ |
| **[ ဘ ]** | |
| ဘဂ္ဂဝပရိဗိုဇ်၏ | ၁ |
| ဘဏ္ဍာရေး အမတ်များ | ၅၅ |
| ဘဝ၌ ရှားမှီးခြင်းကို ပယ်၏ | ၂၄၇ |
| ဘဝသံယောဇဉ် ကုန်ပြီးဖြစ်၏ | ၈၆ |
| ဘုရား၏ စားကြွင်းများကို | ၁၉ |
| ဘုရား မဟုတ်သူ ဟောအပ်သော | ၁၀၇ |
| ဘေးရန်ဖြစ်လတ်သော် မစွန့် | ၁၆၉ |
| **[ မ ]** | |
| မစင်ကိုလည်း စား၏ | ၃၃ |
| မဇ္ဈိမဒေသဇနပုဒ်တို့၌ | ၂၄၃ |
| မတရားသော တပ်မက်ခြင်း | ၆၀ |
| မနောပဒေါသိကနတ်လျှင် | ၂၅ |
| မပေးသည်ကို ယူခြင်း | ၈၁ |
| မပိတ်ပင် မတားမြစ်နိုင် | ၁၃၈ |
| မလ္လမင်းတို့၏ | ၁ |
| မာတုလမြို့၌ | ၄၉ |
| မိမိကိုယ်ကို ချမ်းသာစေ၏ | ၁၂၁ |
| မိမိနှင့် အတူပြု၍ | ၄၀ |
| မိမိနှင့်တူသော သူကို မမြင် | ၁၃၀ |
| မိမိပညာဖြင့် နိုင်ငံကို | ၅၅ |
| မူးယစ်မေ့လျော့ကြောင်း | ၁၆၅ |
| မှားသော အကျင့်တရား | ၆၀ |
| များစွာသော အရပ်တို့ကို | ၁၆၁ |
| မျက်စဉ်းညို အဆင်းရှိကုန်၏ | ၁၃၆ |
| မျက်လုံးပြူး၍ မကြည့်တတ် | ၁၅၄ |
| မြူအညစ်အကြေး မငြိကပ် | ၁၄၇ |
| မြေဆီလျှင် အစာရှိကုန်လျက် | ၇၆ |
| မြေပြင်အနှံ့ သည်းထန်စွာ | ၁၄၈ |
| မြဲမြံခိုင်ခံ့သော ကြိုးဖြင့် | ၅၈ |
| မြဲသော တန်တိုင်းခြေရှိသော | ၈၈ |
| မှန်လည်း မှန်မြတ်၏ | ၄၃ |
| မှိုင်တွေကုန်လျက် | ၄၇ |
| မိုးကြိုးစက်နှင့် တူသောသွား | ၃၅ |
| **[ ယ ]** | |
| ယောကျ်ားမြတ်လက္ခဏာ | ၁၃၅ |
| ယောဂ၏ကုန်ရာ | ၁၁၃ |
| ယောဂကုန်ခြင်းကို | ၁၅၁ |
| ယိုးမယ်ဖွဲ့၍နေသော | ၁၆၇ |
| **[ ရ ]** | |
| ရဟန်းဝါရင့်သော | ၁၁၃ |
| ရာမ၏သား ဥဒကသည် | ၁၁၇ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ရ ] | |
| ရေမရှိသော အိုးကဲ့သို့ | ၃၀ |
| ရဲရင့်သော အသံဖြင့် ကျူးရင့် | ၄၇ |
| ရဲရင့်သော ဟောက်ခြင်းကို | ၁၈ |
| ရန်ငြိုးပြေကြောင်းတို့သည် | ၂၄၁ |
| ရှေး၌နေဘူးသော ဘဝကို | ၉၇ |
| ရှေးကျသော ဦးစွာ သိအပ်သော | ၈၃ |
| ရှည်သော အသက် ရှိ၏ | ၁၄၂ |
| ရှည်သွယ်သော လက်ချောင်း ခြေချောင်း | ၁၃၆ |
| ရွှေအဆင်းရှိ၏ | ၁၃၆ |
| ရှိသေစွာ ကျင့်၍နေ၏ | ၁၀၉ |
| ရှိသေတုပ်ဝပ်မှု မပြုခြင်း | ၆၁ |
| ရိုးဖြောင့်သောစိတ် ရှိသည် | ၁၅၄ |
| [ လ ] | |
| လဆန်းပက္ခ၌ လမင်းကဲ့သို့ | ၁၆၅ |
| လာဘ်ရမှု အရိုအသေပြုမှု | ၃၇ |
| လိစ္ဆဝီမင်းသား သုနက္ခတ်သည် | ၂ |
| လိမ္မာသော ပညာနှင့် ပြည့်စုံ၏ | ၂၄၅ |
| လူအများတို့သည် သမုတ်အပ်သော | ၈၂ |
| လူတို့၏ အကျင့်သီလ | ၉၅ |
| လူတို့ဖြင့် အကြားမလပ် | ၆၅ |
| လူမိုက်သည် မပေးသည်ကို ယူ၍ | ၁၂၁ |
| လူးလွန့်၍ နေ၏ | ၁၅ |
| လေးရက်စာအလို့ငှါ ဆောင်ယူ၏ | ၇၉ |
| လဲဝါဂုမ်းနှင့် တူသော | ၁၅၇ |
| လက်ပြင်နှစ်ဖက် အကြား၌ | ၁၃၆ |
| လင်ကို စောင့်ရှောက်၏ | ၁၇၃ |
| လွတ်လပ်စွာကျင့်၏ | ၃၂ |
| လွန်လည်း လွန်ကဲ၏ | ၄၃ |
| လွှမ်းမိုးနိုင်သူဖြစ်၏ | ၂၃ |
| လောင်းကစားခြင်း | ၁၆၆ |
| လျှိုဝှက်၍ မကြည့်တတ် | ၁၅၄ |
| [ ဝ ] | |
| ဝဇ္ဇီမင်းတို့၏ ရွာ၌ | ၄ |
| ဝတ္ထုကာမ ကိလေသာကာမ | ၁၂၄ |
| [ ဝ ] | |
| ဝါချည်ချောဖြင့် ရက်လုပ်အပ်သော | ၁၄၈ |
| ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် | ၇၁ |
| ဝိမုတ္တိမွေအားလျော်သော | ၁၀၉ |
| ဝိမောက္ခချာန်ကို ဝင်စား၍ | ၂၈ |
| ဝိဇ္ဇာသာမှ ကောင်းစွာ ထ၏ | ၂၅၆ |
| ဝီရိယကို အားထုတ်၏ | ၂၄၅ |
| ဝန်တိုမှု မရှိ | ၁၇၅ |
| ဝန်းသော ကိုယ်ရှိ၏ | ၁၃၆ |
| ဝမ်းမီးနှင့် ပြည့်စုံ၏ | ၁၅၃ |
| ဝမ်းမြောက်ခြင်း မုဒိတာနှင့် | ၆၈ |
| [ သ ] | |
| သခ်စကြဝတေးမင်းသည် | ၆၆ |
| သင်္ဂဟတရားလေးပါးတို့ဖြင့် | ၁၄၃ |
| သတိမေ့သောကြောင့် | ၂၅ |
| သတ္တဝါအများလည်း သိပြီ | ၁၁၅ |
| သဒ္ဒါဖြင့် သဒ္ဒါကို | ၁၁၈ |
| သနားခြင်း ကရုဏာနှင့် | ၆၈ |
| သန္တာနသူကြွယ်သည် | ၂၉ |
| သဗ္ဗညုတဉာဏ်ကို ဝန်ခံ၏ | ၁၀ |
| သမုဒြာ အဆုံးရှိသော | ၅၀ |
| သလေးပင်သည် ထင်ရှားဖြစ်၏ | ၇၈ |
| သာလွန်သောသူကိုကား | ၁၃၁ |
| သာသနာပ ရသေ့တို့သည်လည်း | ၁၃၇ |
| သိလိုစိတ်ကို ဖြစ်စေကုန်၏ | ၄၃ |
| သုဘကိဏှာ ဘုံ၌ဖြစ်သော | ၂၄၂ |
| သေခါနီးလတ်သော် | ၁၆၃ |
| သေခြင်းဖြစ်ပေါ်ခြင်းကို | ၁၀၀ |
| သေသည့်နောက်၌ ဖြစ်လည်းဖြစ်သလော | ၁၂၇ |
| သားသမင်ကို တွေ့မြင်သော် | ၆၃ |
| သင်းကျစ်ဆင်ထားဘိသကဲ့သို့သော | ၁၅၅ |
| [ ဟ ] | |
| ဟောသည့်အတိုင်းသာလျှင်ဖြစ်၏ | ၉၁ |
| ဟင်းရွက်စိမ်းကိုသော်လည်း | ၃၃ |
| ဟုတ်မှန်စွာတင်ပြ၏ | ၁၁၉ |

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်
# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (တသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com